www.burmeseclassic.com

# မဇ္ဈိမဒေသ သာသနာပြု အတွေ့အကြုံများ

## (ဒုတိယတွဲ)

ဟရိဗလ၊ ကုသိနာရုံ



www.burmeseclassic.com

www.burmeseclassic.com


# စာအုပ်မှတ်တမ်း

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**

ဘိုအောင်

**ထုတ်ဝေသူ**

ဘဒ္ဒန္တ နန္ဒက –ကုသိနာရုံ ဘိက္ခုသံဃ

ကုသိနာရုံ၊ ယူပီ၊ အိန္ဒိယနိုင်ငံ

**ကွန်ပျူတာစာစီ**

ဘိုအောင်

**ပုံနှိပ်ကာလ**

၂၀၀၇၊ ဇွန်လ

**စာအုပ်တန်ဖိုး**

၃၀၀ ရူပီး

**အကြိမ်**

ပထမအကြိမ်

**ဖြန့်ချိရေး**

ကုသိနာရုံ ဘိက္ခုသံဃအဖွဲ့


# စကားဦး

စာဖတ်သူ ပရိသတ်အပေါင်းတို့အား ကျွန်ုပ်ဟရိဗလ–ကုသိနာရုံမှ မေတ္တာရပ်ခံအပ်ပါသည်။ "မိဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ" စာအုပ်သည် ကျွန်ုပ်၏ဘွဲ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရသည့် ၁၉၉၃ –ခုနှစ် စတင်ထုတ်ဝေခဲ့ပါသည်။ ထိုအချိန်က နောလိုသူပုဂ္ဂိုလ်များ၏စကားကို ကြားခဲ့ရ၍ စာရေးသူနှင့် ခင်မင်ရင်းနှီးသူတစ်စုတို့က စာအုပ်ဖြစ်မြောက်ရန် ကြိုးစားပြီးထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ အခက်ဆုံးကတော့ ကျွန်ုပ်၏စာအုပ်ကို လေးလေးစားစား ဖတ်သူမှရှိကြမလားဟု တွေးတောခဲ့သော်လည်း စာအုပ်ထုတ်ပြီးနောက် သုံးလေးလအတွင်း ပထမထုတ်စာအုပ်များ ကုန်ဆုံးသွားခဲ့ပါသည်။ တဖန် ဒုတိယအကြိမ် ထုတ်ဝေမည်ဟု ကြော်ငြာခဲ့သော်လည်း ဒုတိယစာအုပ်ကို ချက်ချင်းမထုတ်ဝေနိုင်ခဲ့ပါ။

ပထမစာအုပ်ကိုပင် စာဖတ်သူပရိသတ်တို့၏ လိုလားတောင်းတချက်အရ ဒေလီမှ ဖိုတိုကော်ပီထုတ်၍ ၂ ကြိမ်တိတိ ထုတ်ဝေဖြန့်ချိခဲ့ရပါသည်။ စာအုပ်ကို ကုသိနာရုံနှင့် ဗုဒ္ဓဂယာ မဟာဗောဓိကော်မီတီ စာအုပ်အရောင်းဌာနမှ ဖြန့်ချိခဲ့ရာ နှစ်ကြိမ်လုံးလုံး ကမ္ဘာစာဖတ်ပရိသတ်အပေါင်း လက်ဝေသို့ ရောက်ရှိခဲ့ကြပါသည်။ စာဖတ်ပရိသတ်များထံမှ ခဏခဏ ဒုတိယတွဲကို မျှော်လင့်ချက်စာများ ရောက်ရှိခဲ့ကြပါသည်။ ကျွန်ုပ်၏စာမူများကို မြန်မာပြည်သို့ ပို့ပေးခဲ့ရာ စာမူရှည်လွန်းသည်ဟူ၍၄င်း၊ စာမျက်နှာများသည်သူ၍၄င်း စာမူပြန်လည်ရောက်ရှိလာတတ်ပါသည်။ စာမူပို့လိုက်စဉ်က စာမူများ ချောချောမောမော ရောက်သွားခဲ့သော်လည်း မြန်မာပြည်မှ စာမူများ ပြန်လည်ရောက်ရှိလာသောအချိန်တွင် စာမူများ၌ ဆီးစွမ်း၍ စာအုပ်တစ်အုပ်စာခန့် စာမူများ ပျက်စီးသွားခဲ့ရပါသည်။ တချို့စာမူကောင်းများမှာလည်း ဟိုရောက်ဒီရောက်

www.burmeseclassic.com

www.burmeseclassic.com

ပျောက်သွားခဲ့ပါသည်။ စာရေးသူမှာ စိတ်ပျက်ပျက်နှင့် မြန်မာလိုမရေးတော့ဘဲ တခြားဘာသာဖြင့်သာ ရေးသားခဲ့ရပါသည်။

ယခု မြန်မာပြည်မှ နောက်ထပ်စာအုပ် မထွက်သေးဘူးလားဟု ခဏခဏစာများ ရောက်ရှိလာ၍ နောက်ထပ်စာမူတချို့ကို ပြန်လည်ရေးသားခဲ့ရပါသည်။ ဒီလထဲ စာရေးသူအား မမျှော်လင့်ဘဲ နှလုံးရောဂါဖြစ်သည်ဟု သိရပါ၍ ဆေးကုရန်နောက်ထပ်တဖန် မြန်မာပြည်သို့ရောက်သွားခဲ့ရာ စာဖတ်ပရိသတ်များမှ ကိုယ်တွေ့တောင်းဆိုလာခဲ့ကြရာ စာမူများကို စီးစစ်၍ ထုတ်ဝေရန် ကွန်ပျူတာသို့တင်ပေးခဲ့ရပါသည်။ ထိုအတွင်း ကိုးရီးယားသို့ ခရီးထွက်ခဲ့ရပါသည်၊ ကိုးရီးယားတွင် သုံးလကျော် နေထိုင်ပြီးမှ တော်တော်နေကောင်းလာပြီဖြစ်၍ ဤ "မဇ္ဈိမဒေသ သာသနာပြု အတွေ့အကြုံများ" စာအုပ်ကို စာဖတ်သူပရိသတ်များ လက်ဝေသို့ ပေးသွင်းခဲ့ရပါသည်။ ဒုတိယစာအုပ် အထွက်နောက်ကျသွားခဲ့ရသည့်အတွက် စာရေးသူအား မေတ္တာတရား ရှေ့ထား၍ ခွင့်လွှတ်ကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

ဟရိဗလ–ကုသိနာရုံ

# မဇ္ဈိမဒေသ သာသနာပြု အတွေ့အကြုံများ
## (ဒုတိယတွဲ)

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ➲ စေတနာရှင် (အဖွင့်ကဗျာ) | ၃၀ |
| ➲ အပ္ပမာဒ တွေ့ဆုံမေးမြန်း ဓမ္မလမ်း ကုသိနာရုံဆရာတော်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း | ၃၁ |
| ➲ အိန္ဒိယနိုင်ငံရှိ ကုသိနာရုံဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တ ဉာဏိဿရ၏ အောင်မြင်ရေးကျင့်စဉ် | ၄၈ |
| ➲ ကုလားဆာဒူးတစ်ဦး ဗုဒ္ဓဘာသာ သာမဏေဖြစ်ခဲ့သည် | ၅၆ |
| ➲ သစ္စမေဝဇာယတေ | ၆၇ |
| ➲ အာဂရာ ဗုဒ္ဓဘာသာ လူ(၅)သိန်း ဝင်ပွဲ | ၉၃ |
| ➲ ဒုတိယအကြိမ် ဘာသာရေးပြောင်းပွဲ | ၁၀၄ |
| ➲ ကုသိနာရုံ မြန်မာကျောင်း မီးလောင်သည်တဲ့ | ၁၁၃ |
| ➲ ဘဝသံသရာမှ ပါလာခဲ့သော ဘဝဝဋ်ကြွေးများ | ၁၂၂ |
| ➲ အရဏ္ဏာကျယ်ပြည်နယ်သို့ | ၁၃၄ |
| ➲ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံနှင့် ဗုဒ္ဓသာသနာ | ၁၄၃ |


www.burmeseclassic.com

- ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခိုလှုံလိုပါသည် ၁၄၈
- ဗုဒ္ဓဒိဗ္ဗာဆမာရောဟ်ခေါ် ဗုဒ္ဓဘာသာဝင်ပွဲ ၁၅၆
- နဂါးပြည်သို့ ၁၆၉
- မြန်မာနိုင်ငံတော်အလံကို ကမ္ဘာ့အလယ်တွင် လွှင့်ထူခဲ့သည် ၁၈၀
- ဆရာဝန် ၁၉၃
- မိန့်မကြီးတစ်ယောက် ၂၀၀
- သာသနာပြုပွဲတော် နာဂပူရ်မြို့ ၂၁၁
- စိတ်ဝင်စားစရာ ဗာရာဏသီမှ တရားတစ်ခု ၂၂၃
- အင်္ဂုလိမာလ ရှာခမ်း "အင်္ဂုလိမာလ် ကီတလာ့ဆ်မေ" ၂၄၈
- မှသားမပါ လက်ာမချော ၂၆၅
- ဆရာတော်ဦးစန္ဒိမာဏ် နှင့် ဒေါက်တာအမ္ဗေဒကာရ် ၂၇၀
- မိဂဒါဝုန် ဦးကိတ္တိမာ ၂၇၈
- ကုသိနာရုံ ဗုဒ္ဓဇယန္တီပွဲတော် ၂၈၇
- အင်္ဂုလိမာလသုတ် အကျိုးကျေးဇူး ၂၉၆
- ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး မြန်မာနိုင်ငံ
  -ဗုဒ္ဓဘာသာ ပညာပေးရေး ၃၀၂
- ကုသိနာရုံနယ်ပိုင်ထံမှ နို့တစ် တစ်စောင် ၃၀၉





ဗုဒ္ဓမြတ်စွာ မွေးဖွားရာဌာန (လုမ္ဗိဏီ၊ နီပေါနိုင်ငံ)

www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓမြတ်စွာ (ဖ) နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ရာ
ဒုန္ဒေဆရီခေါ် ဥရုဝေလ တောရပ်တွင်ရှိသော လိုဏ်ဂူ



မဟာဗောဓိစေတီတော် (ဗုဒ္ဓဂယာ)

www.burmeseclassic.com

www.burmeseclassic.com




မဟာဗောဓိစေတီတော်အတွင်းရှိ ရုပ်ပွားတော်



အနာထပိဏ်သူဌေး ဆောက်လှူခဲ့သော ဇေတဝန်ကျောင်းတော်ရာ (သာဝတ္ထိပြည်)

www.burmeseclassic.com

www.burmeseclassic.com



ဟရိဗလ လှူဒါန်းသော ဗိဿနိုးဝိဟာရကျောင်းတော် (ကုသိနာရုံ)



ရေကြည်တော် သောက်သုံးရာ ကျောင်းတော်အတွင်းရှိ
ဆုတောင်းပြည့်ဆင်းတုတော်

www.burmeseclassic.com




ရေကြည်တော်သောက်သုံးရာဌာန (ကုသိနာရုံ)
၁၉၂၆ –ခု မြန်မာပြည် ကြံခင်းမြို့မှ ဦးဖိုးလှိုင်နှင့် ဒေါ်အိမ်စိုး မိသားစုမှလှူဒါန်းသောကျောင်းတော်



မြတ်စွာဘုရား ပရိနိဗ္ဗာန်စံမြန်းတော်မူရာနေရာ (ကုသိနာရုံ) ၁၉၂၆ –ခု မြန်မာပြည် ဟင်းသာတမြို့မှ ဦးဖိုးကျူနှင့် ဒေါ်ခင်စုစု မိသားစုမှလှူဒါန်းသော စေတီတော်နှင့် ဦးနု + နေဟရူးတို့ဆောက်လုပ်သောကျောင်းတော်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ပရိနိဗ္ဗာန်စံမြန်းတော်မူပုံ (ကုသိနာရုံ)
(ဟာရိဗလဆွာမိမှ ပြုပြင်လှူဒါန်းခဲ့သည်)




တေဇောဓာတ် လောင်ကျွမ်းတော်မူခဲ့ရာ အင်္ဂါရစေတီတော်
(ကုသိနာရုံ၊ ဟီရညဝတီ မြစ်ကမ်းပါးတွင်တည်ရှိသည်)

www.burmeseclassic.com




မရှိဟူသောစကားကို တစ်ကြိမ်တစ်ခါမှမကြားဘူးခဲ့သော အနုရုဒ္ဓါမထေရ်၏
ဆုတောင်းပြည့်စေတီတော် (ကုသိနာရုံ)



နာလန္ဒာကျောင်းတော်ရာ

www.burmeseclassic.com




မြကန်သာဂိတ်မုဒ်ဝနှင့် မဟာသုခံဒဒချမ်းသာကြီးစေတီတော် (ကုသိနာရုံ)



ကုသိနာရုံကို ဂျူးဖေါ်အပြီး ကာလကတ္တားမှ ကုသိနာရုံသို့ ခြေကျင်ခရီးဖြင့်
ပထမဆုံး ခရီးစတင်ကာ၊ ကုသိနာရုံ၌ ကျောင်းဆောက်ရန် စီစဉ်ခဲ့သူ
ပွဲစားကြီး ဦးရွှီစားရွှီ (ပင်းဝါရှာ)၊

www.burmeseclassic.com



အိန္ဒိယနိုင်ငံသား စစ်သူကြီး မဟာဝီရ
မဟာဝီရဆရာတော်ဖြစ်လာခဲ့သော ဆရာတော်မဟာဝီရမှ




ပွဲစားကြီး ဦးရှိုစားရှို၏အိပ်မက်ကို အကောင်အထည်ဖော်ခဲ့သော
ပထမဆုံး ကုသိနာရုံ ဆရာတော် ဦးစန္ဒြမဏိ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာ ဗုဒ္ဓပုပ္ပတ္တိကထာ ရေးသားခဲ့သည့်
ဆရာတော် ဦးကိတ္တိမာ (မိဂဒါဝုန်)



အိန္ဒိယနိုင်ငံသို့ ၁၊ ၈၊ ၆၃ ရက်နေ့ ရောက်ရှိလာပြီး အမျိုးဘာသာ
သာသနာအတွက် နိုင်ငံခြားသားအဖြစ် ခံယူလိုက်ရသော
ဒုတိယကုသိနာရုံ ဆရာတော် ဘဒ္ဒန္တ ဥာဏိသသရ

www.burmeseclassic.com

www.burmeseclassic.com





၁၀.၁၁-၂၀၀၄ နေ့ ကုသိနာရုံ ဆရာတော်မွေးနေ့ပွဲတော်သို့
ကြွရောက်ခဲ့ကြသော သံအမတ်ကြီးနှင့်အဖွဲ့အား ကြိုဆိုရကြစဉ်



# စေတနာရှင်

မြတ်ဘုရား၏
ဓာတ်ချုပ်ရာ၊ ကုသိနာရုံ
'စံရာ'ဒေသ၊ ဖူးရောက်ရခဲ့။

ရွှေရည်အတိ
ပျောင်းအိခွေလျှ၊ ချုပ်ညရီမှောင်
သလွန်ညောင်စောင်း၊ ဗုဒ္ဓလျောင်းစက်
ငြိမ်သက်အေးချမ်း၊ မျက်နှာနွမ်းယော်
ရှုပ်ပွားတော်၏၊ ခြေတော်အစုံ
ကြာငုံလက်ထိ၊ ဖူးသည့်ခိုက်မှာ ---။

သံဝေဂပွား
ခံစားရင်ထဲ၊ ကြေကွဲလှဘိ
ဗုဒ္ဓ၏'ခြေတော်'မှာ ---
အနုစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းများ
အများကောင်းကျိုး၊ သယ်ရွက်ပိုးမှု
ကန်ဖိုးအနန္တ၊ ဆိုဆုံးမမှု
လှမ်းကြွတိုင်းမှာ ---။



ခြေတော်လှမ်းရာ
သာသနာအရှည်၊ တည်တံ့စေဟု
ဘာသာအမွေ၊ ခံထိုက်စေဟု
ဓမ္မကန္ဒာ၊ ပြန့်ပွားရာဟု
မဟာကရုဏာရှင်၏ စေတနာ။

နွယ်(စစ်တွေ)
၂၀၀၁-ဒီဇင်ဘာ

(ကုသိနာရုံ သာသနာပြုဆရာတော်
ဘဒ္ဒန္တဉာဏိဿရအား
ကြည်ညိုစွာ ဦးခိုက်လျက်)

8th May, 2004



www.burmeseclassic.com

www.burmeseclassic.com



# အပ္ပမာဒ တွေ့ဆုံမေးမြန်း ဓမ္မလမ်း

## ကုသိနာရုံ ဆရာတော်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံသည့်နေ့ – ၂၊ ၈၊ ၂၀၀၁
တွေ့ဆုံသည့်အချိန် – ညနေ ၄ နာရီ
တွေ့ဆုံသည့်နေရာ – နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆောင်။

ကျွန်တော်သည် အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်းတွင် စာဖတ်ပရိသတ် ကြီးအတွက် ရဟန်းတော်များ၊ လူပုဂ္ဂိုလ် ဓမ္မစာပေ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း ခန်းကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ရဟန်းတော်များအနေဖြင့် ရွှေရတုတိပိဋကဓရ ဆရာတော်နှစ်ပါးနှင့် ဒွိပိဋကဓရ ဆရာတော်တပါး ရှိခဲ့ပြီဖြစ်ပါသည်။ ယခု အိန္ဒိယပြည် ကုသိနာရုံမှ မြန်မာနိုင်ငံသို့ ခေတ္တကြွရောက်တော်မူလာသည့် ကုသိနာရုံ ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ) နှင့် တွေ့ဆုံမေးမြန်း လျှောက်ထားခြင်းကို ဖော်ပြအပ်ပါသည်။ ဤသို့ တွေ့ဆုံနိုင်ရန်အတွက် ဆရာတော်ကြီး ရန်ကုန်ပရိယတ္တိတက္ကသိုလ်သို့ ရောက်နေသည်။ အပ္ပမာဒမှာ တွေ့ဆုံမေးမြန်းပြီး ဖော်ပြဖို့ကောင်းသည်ဟု အကြံဉာဏ်ပေး သတင်းပေးသည့် ဆရာကြီး ဓမ္မာစရိယ ဦးမောင်မောင်လေးကို အထူးကျေးဇူး တင်ရှိပါသည်။ အေး





ဆေးစွာ တွေ့ဆုံလျှောက်ထားခွင့်ပြုသည့် ကုသိနာရုံဆရာတော်ကြီးကိုလည်း ရိုသေစွာဦးခိုက်ပါသည်။

**ကျော်။** ။ တပည့်တော်အနေနဲ့ ဦးစွာပထမ ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိအကျဉ်းကို သိလိုပါတယ်ဘုရား။

**ဆရာတော်၊** ။ ဆရာတော်ကို ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဇင်ရိုင်းကျွန်း၊ ဇီးပင်ကြီးရွာမှာ အဘ ဦးမောင်ကျော်သူ၊ အမိ ဒေါ်ဝင်းမြဦးတို့က ၁၂၉၈–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁၃၊ ၁၁၊ ၁၉၃၆) အင်္ဂါနေ့မှာ မွေးဖွားခဲ့ပါတယ်။ ငယ်နာမည်က မောင်အောင်ဇံဝေ ဖြစ်ပါတယ်။ ၁၄ နှစ်သားအရွယ်မှာ ဇီးပင်ကြီးဆရာတော် ဦးစန္ဒောဘာသကို ဦးပဇ္ဈာယ်ပြုပြီး ရှင်သာမဏေပြုခဲ့ပါတယ်။ ဘွဲ့ကတော့ ရှင်ဉာဏိဿရ ဖြစ်ပါတယ်။ အဲဒီနောက် ဇီးပင်ကြီးရွာက စစ်တွေရောက်၊ စစ်တွေကတဆင့် ရန်ကုန်ကို ရောက်ခဲ့ပါတယ်။
၁၃၁၈–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့နံနက် ၈း၃၅ နာရီမှာ ဇီးပင်ကြီးဆရာတော် ဦးစန္ဒောဘာသကို ဦးပဇ္ဈာယ်ပြုပြီး ဦးချိန်တင် (ခ) ဦးဘဆိုင်– ဒေါ်ငွေကျင်တို့ရဲ့ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်တဲ့ ရဟန်းဘဝကို ရောက်ခဲ့တယ်။ ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ မင်္ဂလာရမပါဠိတက္ကသိုလ် ခဏ္ဍသိမ်တော်မှာ ရဟန်းဘဝရောက်ခဲ့တာပါ။ အဲဒီ မင်္ဂလာရမပါဠိတက္ကသိုလ်မှာပဲ စာသင်စာချဘဝနဲ့ ၁၃ နှစ်လုံးလုံး နေထိုင်ခဲ့ပါတယ်။

**ကျော်။** ။ ဆရာတော် စာပေပရိယတ္တိ သင်ကြားခဲ့ပုံကိုလည်း သိချင်ပါသေးတယ်ဘုရား။

**ဆရာတော်။** ။ ဇီးပင်ကြီးကျောင်း ဆရာတော်ကြီးထံမှာ ပရိယတ်အခြေခံများနှင့် ဗေဒင်ပညာ၊ ဆေးပညာများကိုလည်း သင်ကြားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်သာမဏေဘဝ၊ ရဟန်းဘဝနဲ့ ဇီးပင်ကြီးဆရာတော် ဦးစန္ဒောဘာသ၊ ဦးသုဇာတ၊ စစ်တွေမြို့ စစ်ကဲတော်မင်းကျောင်း ဆရာတော် ဦးနာဂ ဝံသ၊ ရန်ကုန်မြို့ သိမ်ဖြူလမ်း မင်္ဂလာရာမ ဆရာတော်ကြီး ဦးကေသရာ ဘိဝံသ၊ ဇီးကုန်းမြို့ အရှေ့သစ်နဖား ဆရာတော် ဦးဣန္ဒာစာရ၊ မင်္ဂလာ ရာမတိုက်အုပ် ဆရာတော် ဦးရေဝတသာရ၊ ဦးကဝိဓဇ စသည့် ဆရာတော် များထံမှာ ပထမပြန်စာပေများ သင်ကြားခဲ့ပါတယ်။ မန္တလေးမြို့မှာ တော့ မစိုးရိမ်ဆရာတော်ကြီးနဲ့ အခြားသော ဆရာတော်ကြီးတွေထံမှာ လည်း ပညာသင်ကြားခဲ့ပါတယ်။

**ကျော်**။ ။ ပရိယတ္တိစာပေများအပြင် လောကီစာပေများ သင်ကြား ခဲ့ပုံကိုလည်း မိန့်ပါဦးဘုရား။

**ဆရာတော်**။ ။ လောကီပညာရပ်အနေနဲ့က ပေတာကုန်း ဆရာတော် ဦးနန္ဒရဲ့ အလွတ်ပညာသင်ကျောင်းမှာ သင်ကြားခဲ့ပါတယ်။ ၁၊ ၈၊ ၆၃ ခုနှစ်မှာတော့ အိန္ဒိယနိုင်ငံကို ရောက်ခဲ့ပါတယ်။ အဲဒီမှာ အိန္ဒိယဘာ သာ အခြေခံကစပြီး သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိဗက်ဘာ သာများကို ဘွဲ့လွန်အထိ သင်ကြားခဲ့ပါတယ်။ တိဗက်ဘာသာရပ်မှာ တော့ တက္ကသိုလ်တစ်ခုလုံးမှာ ပထမရခဲ့ပါတယ်။ တိဗက်ဘာသာ ဆ ရာအဖြစ် စာမေးပွဲကိုလည်း အောင်မြင်ခဲ့သေးတယ်။ ဂေါ ရခပူရ် တက္က သိုလ်တွင် တိဗက်ဘာသာ ဆရာအဖြစ် ဝင်ရောက်စာမေး ပွဲဖြေခဲ့ရာ အောင်မြင်ခဲ့ပါတယ်။ အင်တာဗျူးဘိုင်ဘာမှာလည်း အောင်မြင်ခဲ့ပါ တယ်။ သို့သော် ဆရာတော်ကို ဆရာအဖြစ် တက်ရောက်သင် ပြရန် အမေက ခွင့်မပြုခဲ့။

**ကျော်**။ ။ လောကီပညာရော၊ လောကုတ္တရာပညာရော ဆရာတော် အောင်မြင်ခဲ့တဲ့ စာမေးပွဲများကိုလည်း ပြောပြပါဦးဘုရား။





**ဆရာတော်**။ ။ မင်္ဂလာရာမကျောင်းတိုက်မှာပဲ သာမဏေဘဝ၊ သာမဏေ မူ၊ ငယ်၊ လတ်၊ ကြီး စာမေးပွဲများ၊ ရဟန်းဘဝနဲ့ ဝိနယာနုဂ္ဂဟစာမေးပွဲ၊ မူလတန်းနဲ့ ငယ်၊ လတ်၊ ကြီးတန်းတို့ကို အောင်မြင်ခဲ့တယ်။ နောက် အစိုးရ ပထမပြန်စာမေးပွဲမှာလည်း ငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင်ခဲ့ပါတယ်။ အိန္ဒိယပြည်ရောက်ပြီး ပြည်နယ်ဘုတ်အဖွဲ့မှ ကျင်းပသော ၁၀ တန်းစာမေးပွဲ၊ ၁၉၆၈–ခု ၊ ဘုတ်အဖွဲ့မှ ကျင်းပသော ၁၂ တန်းစာမေးပွဲ၊ ၁၉၇၀–ခုနှစ်၊ ၁၉၇၃ ခုနှစ်မှာ ဂေါရခ်ပူရ် တက္က သိုလ်က ဘီအေဘွဲ့၊ နောက် အဲဒီတက္ကသိုလ်မှာပဲ ၁၉၇၅ ခုနှစ်ရောက် တော့ M.A (သမိုင်း)ဘွဲ့ရတယ်။ ၇၈ ခုမှာတော့ ရာဇဝင်သမိုင်း M.A. ပါဠိဘွဲ့တွေပါ ထပ်ပြီးအောင်မြင်ခဲ့ပါသေးတယ်။ ပြာယာဂ် တက္ကသိုလ်မှာ ပါဠိ ဆာဟိတျရတနာဘွဲ့နဲ့ တိဗက်ဘာသာ ဒီပလိုမာ လက်မှတ်လည်း ရခဲ့သေးတယ်။ ဂေါရခ်ပူရ် တက္ကသိုလ်က ဥပဒေပညာ L.L.B ဘွဲ့ကိုလည်း ရခဲ့ပါသေးတယ်။ ဘုန်းကြီးက အာယုဗ္ဗေဒ ခေါ်တဲ့ အိန္ဒိယတိုင်းရင်း ဆေးပညာကိုလည်းပဲ ပေါက်ရောက်အောင် သင်ယူပြီး တော့ ယူပီပြည်နယ်အစိုးရက ကျင်းပတဲ့ တိုင်းရင်းဆေးပညာ စာမေး ပွဲကို ဖြေဆိုခဲ့ရာမှာ B.A.M.S တိုင်းရင်းဆရာဝန်ဘွဲ့ကို ရပါသေးတယ်။

**ကျော်**။ ။ ဒါဆို ဆရာတော်ကြီးက အိန္ဒိယကိုရောက်မှ ပညာတွေ အတော်စုံအောင် သင်လိုက်သေးတာကိုး ဘုရား။ စောစောက ဆရာ တော်မိန့်တဲ့ ၆၃ ခုနှစ် အိန္ဒိယပြည်ရောက်ကဲ့အခါ ဆရာတော် သာသ နာရေးနဲ့ ပတ်သက်လို့ လှုပ်ရှားခဲ့ရပုံကိုလည်း ပြောပြပါဦးဘုရား။

**ဆရာတော်**။ ။ ၆၃ ခုနှစ်မှာ ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြာမဏိနဲ့ မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမတို့ ဖိတ်ခေါ်လို့ ဩဂုတ်လမှာ အိန္ဒိယ ပြည် ကုသိနာရုံကို ဘုန်းကြီး ရောက်ခဲ့ပါတယ်။ ဟိုရောက်တော့ ကျောင်းတိုက်အုပ်ချုပ်ရေး၊ ဝတ္ထုကမြေ ထိမ်းသိမ်းရေး၊ ဆရာတော်ကြီး ကို စောင့်ရှောက်ရမှု၊ တစ်ဖက်ကလည်း ပညာရေးဖက် လိုက်စားမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ရတဲ့အပြင် ကျောင်းရဲ့ ပညာရေးတာဝန် အသီးသီးကိုလည်း မနားတမ်း အပြည့်အဝ တာဝန်ယူခဲ့ပါတယ်။ နောက်ပြီး နိုင်ငံခြားသား လက်ထဲ ရောက်နေတဲ့ ဝတ္တကမြေများကို ပြန်လည်ရရှိအောင် ကြိုးစားခဲ့ပါတယ်။ ဒါအပြင် ကုသိနာရုံ မဟာပရိနိဗ္ဗာန တစ်ခုလုံးကို အုပ်ချုပ်နေတဲ့ ကုသိနာရုံ ဘိက္ခုသံဃအဖွဲ့မှာ အတွင်းရေးမှူး၊ ဗုဒ္ဓဂယာ ဘုရားကြီး ထိန်းသိမ်းရေးကော်မီတီမှာ ဗုဒ္ဓဘာသာဝင် လေးဦး အနက် တစ်ပါးအပါအဝင် ဖြစ်တဲ့အခါကျတော့ ဘုန်းကြီးက ဝင်ကြေးပေးပြီးမှ ဝင်ရတဲ့စနစ်ကို ပယ်ဖျက်ပေးနိုင်ခဲ့ပါတယ်။

**ကျော်။** ။ ဆရာတော် မနားမနေ အလုပ်လုပ်ခဲ့တာတွေ ကြားရတော့ တပည့်တော်ဖြင့် သာသနာတော်အတွက် အားရလှပါတယ်ဘုရား။ အဲဒီမှာ ဆရာတော်တို့ ကြိုးပမ်းခဲ့တဲ့ ပညာရေးစနစ်ကိုလည်း အကျဉ်း လောက်မိန့်ပါဦးဘုရား။

**ဆရာတော်။** ။ ၁၉၇၂ -ခုနှစ်မှာ ဆရာတော်ကြီး ဦးစန္ဒြာမဏိ ပျံလွန်တော်မူခဲ့ပါတယ်။ ဘုန်းကြီးနဲ့ မိဂဒါဝုန် ဆရာတော် ဦးကိတ္တိမတို့ ဒွိသဿကလို့ခေါ်တဲ့ နှစ်ပါးပိုင်ကျောင်းအဖြစ် ကျန်ရစ်တယ်။ ဆရာတော် ဦးကိတ္တိမက ဘုန်းကြီးကို ၁၉၈၇-ခုနှစ် ဧပြီလ ၂၀ ရက်နေ့ ကုသိနာရုံကျောင်းမှ ထက်ဝက်သူပိုင်၊ မိဂဒါဝုန်တစ်ခုလုံး၊ ဆိဂရာ ဘာဦးသွင် တစ်ခုလုံးကိုကျတော့ စာချုပ်စာတမ်းနဲ့ အပြီးလွှဲခဲ့တယ်။ ဒီတော့ ဆရာတော်ကြီးရှိစဉ် တည်ထောင်ခဲ့တဲ့ စာသင်ကျောင်း မူလတန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အထက်တန်း အင်တာကောလိပ် ငါးကျောင်း၊ ဘွဲ့လွန်ဒီဂရီ ကောလိပ် ကျောင်း တစ်ကျောင်းကို အုပ်ချုပ်ခဲ့ရပါတယ်။

**ကျော်။** ။ ကုသိနာရုံမှာ ဆရာတော် ဆောင်ရွက်ခဲ့ရတဲ့ တာဝန်ပိုင်များကိုလည်း သိလိုပါတယ်ဘုရား။





**ဆရာတော်။** ။ ရှေးဟောင်းသုတေသနနဲ့ ပတ်သက်တဲ့နေရာတွေ ရှိပါတယ်။ အဲဒါတွေကတော့ ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်၊ နာလန္ဒာ၊ မိဂဒါဝုန်၊ သာဝတ္ထိနဲ့ သင်္ကဿဌာနများကိုတော့ ရှေးဟောင်းသုတေသန ဌာနများက အုပ်ချုပ်ပါတယ်။ ဆရာတော်အနေနဲ့တော့ ဆရာတော် ဦးစန္ဒြာမဏိ ရှိစဉ်ကကဲ့သို့ပဲ ကုသိနာရုံမှာရှိတဲ့ ရှေးဟောင်းဌာနကို တရားအမျိုးမျိုး ရင်ဆိုင်ပြီး အောင်မြင်မှု ရရှိခဲ့ပါတယ်။ ကုသိနာရုံ မဟာပရိနိဗ္ဗာနဌာန တစ်ခုလုံးကို သတ္တိရှိရှိနဲ့ ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ တိုင်းတပါးမှာ သူများတကာ မလုပ်နိုင်တဲ့အလုပ်ကို ဘုန်းကြီးက လုပ်ဆောင်ပြီး သာသနာပြုနေတာပါ။ သာသနာတော်အတွက်ဆို အသက်ပေးဆောင်ရွက်ဖို့ ဝန်မလေးပါဘူး။ ဒါကြောင့်လည်း အိန္ဒိယသားများနဲ့ အိန္ဒိယအစိုးရကပါ သဘောတူပြီး အားပေးခဲ့ပါတယ်။ ဆက်လက်ပြီးတော့ သာသနာ့အဆောက်အအုံများ တည်ဆောက်ခြင်း၊ သာသနာပြုပွဲများ ကျင်းပခြင်း၊ ပညာရေးကိစ္စများကိုလည်း ဆောင်ရွက်သွားပါမယ်။

**ကျော်။** ။ အခုလို ကြားနာခွင့်ရတာ သာသနာအတွက် ဝမ်းသာလှပါတယ်ဘုရား။ ဆရာတော်ရဲ့ဆောင်ရွက်ချက်များကိုလည်း ကြည်ညိုမိပါတယ်။ ပညာရေးအတွက် ဆရာတော်ရဲ့ ဆောင်ရွက်ချက်များကိုလည်း မိန့်ပါဦးဘုရား။

**ဆရာတော်။** ။ မဟာရဋ္ဌပြည်နယ်၊ ယူပီပြည်နယ်၊ ဘီဟာပြည် နယ်၊ ရာဂျဆထန်ပြည်နယ်ရဲ့ ပညာရေးအဖွဲ့အစည်းတွေမှာလည်း ဘုန်းကြီး ပါဝင်ပါတယ်။ ကုသိနာရုံ ဘိက္ခုသံဃအဖွဲ့၊ ယူပီပြည်နယ် ဘိက္ခုသံဃအဖွဲ့၊ အိန္ဒိယပြည်လုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့၊ ပရဒေသီ သံဃာ့နာယကအဖွဲ့ စတဲ့သံဃာ့အဖွဲ့အစည်းများစွာတို့မှာ ဘုန်းကြီး ပါဝင်ခဲ့ပါတယ်။ မြန်မာကျောင်းထိုင်ဆရာတော်များ အဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံဃာ့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းမှာ ပြည်နယ်ဥက္ကဋ္ဌ၊ တစ်ပြည်လုံး ဥက္ကဋ္ဌနဲ့ ယခုလည်း သံဃာ့နာယကတစ်ပါး ဖြစ်ပါတယ်။ မြန်မာသံဃာ့နာယကအဖွဲ့မှာတော့ အထွေထွေအတွင်းရေးမှူးနဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၂–ခုနှစ်က စပြီးတော့ ဆရာတော် ဦးစန္ဒြာမဏိရဲ့ အဖွတ်ပညာသင်ကျောင်း၊ မဟာဝီရ အလယ်တန်းကျောင်း၊ ရာခကြိဆနာ အလယ်တန်းကျောင်း၊ ရာဟုလာ ကလေးများကျောင်း၊ ယသော်ဓရာ မိန်းကလေးကျောင်း၊ မာလတီးပန်းဒေး မိန်းကလေး အထက်တန်းကျောင်း၊ ဗုဒ္ဓဥပစာကောလိပ်၊ ဗုဒ္ဓဒီဂရီကောလိပ်တို့မှာလည်း ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ နောက် မဟာရဋ္ဌပြည်နယ်က ဘဂဝန်ဗုဒ္ဓသိက္ခာပရိဆဒ်အဖွဲ့၊ မဓျပြဒေသပြည်နယ်က ဒေါက်တာအမ္ဗေဒကာရ် သိက္ခာပရိဆဒ်အဖွဲ့၊ ဘီဟာပြည်နယ်က ဘဂဝန်ဗုဒ္ဓသိက္ခာပရိဆဒ်အဖွဲ့တို့မှာလည်း ဗုဒ္ဓဘာသာ ပညာရေးရာ ကိစ္စများကို ကူညီအားပေးခဲ့ပါတယ်။

**ကျော်။** ။ ကိုယ့်မြန်မာနိုင်ငံ မဟုတ်ပဲ နိုင်ငံရပ်ခြားမှာ ဆရာ့တော့်အ နေနဲ့ အခုလို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တာဟာ သာသနာတော်ရဲ့ တန်ခိုးနဲ့ ဆရာတော်ရဲ့ ဇွဲသတ္တိလို့ ကြည်ညိုရမှာပါဘုရား။ နောက် တပည့်တော် သိချင်တာက ဆရာတော်ဟာ နိုင်ငံတကာ အစည်းအဝေးများကိုလည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်ဘုရား။ အဲဒါလည်း သိလိုပါသေးတယ်ဘုရား။

**ဆရာတော်။** ။ နိုင်ငံတကာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အစည်းအဝေးများကတော့ ၁၉၈၀–ခုနှစ်မှာ ဒေလီ၊ ၁၉၈၁– ခုနှစ်မှာဒေလီမြို့မှာ ကျင်းပတဲ့ အာရှတိုက် ဗုဒ္ဓဘာသာ ကွန်ဖရင့်၊ ၁၉၈၆–ခုနှစ်မှာ နီပေါနိုင်ငံ ကတ္တမန္ဒူမြို့မှာ ကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်၊ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ ကျင်းပတဲ့ အာရှတိုက် ဗုဒ္ဓဘာသာ ကွန်ဖရင့်၊ နောက် ယိုးဒယား၊ ကမ္ဘောဒီးယား၊ မွန်ဂိုရီးယား၊ ရုရှား၊ တရုတ်ပြည်





များကို တက်ရောက်ပြီး တရားဟောခဲ့ရပါသေးတယ်။ ၁၉၈၇–ခုနှစ်မှာ တောင်ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်၊ ယိုးဒယား၊ ဟောင်ကောင်၊ ထိုင်ဝမ်တို့ကို ရောက်ခဲ့ပါတယ်။ ၁၉၈၈–ခုနှစ်မှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်၊ ထိုင်ဝမ်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကို ထက်ရောက်ခဲ့ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ နိုင်ငံများသို့လည်း တက်ရောက်ခဲ့ပါတယ်။ အဲ့ဒါတွေကတော့ ဗုဒ္ဓဘာသာနဲ့ ပက်သတ်လို့ ဘုန်းကြီး တက်ခဲ့၊ ရောက်ခဲ့ရတဲ့ အစည်းအဝေးနဲ့ မြို့တွေပါပဲ။

**ကျော်။** ။ ဆရာတော်အနေနဲ့ တစ်ဖက်က ပညာရေး၊ အုပ်ချုပ်ရေး၊ အစည်းအဝေးများကြားထဲက သာသနာပြုလုပ်ငန်းတွေကိုလည်း တစ်ဖက်တစ်လမ်းက ဘယ်လိုများ ဆောင်ရွက်နေတယ်ဆိုတာလည်း မိန့်ပါဦးဘုရား။

**ဆရာတော်။** ။ ဘုန်းကြီးရဲ့ရည်ရွယ်ချက်ကိုက သာသနာပြုလုပ်ငန်းအတွက် အိန္ဒိယကို ကြွခဲ့တာပါ။ ဒကာကြီး ပြောသလို မအားလပ်တဲ့ကြားထဲကပဲ အိန္ဒိယနိုင်ငံ ပြည်နယ်ပေါင်း ကိုးပြည်နယ်ကသိန်းပေါင်း ၂၈၀ ကျော် လူပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးခဲ့ပါတယ်။ ဟိန္ဒူဆာဒူး မြောက်များစွာတို့ကို ဗုဒ္ဓဘာသာ သာမဏေနှင့် ရဟန်းဘဝသို့ ရောက်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ရှင်ရဟန်း ၃၀၀၀ ခန့် သာသနာအတွင်း သွတ်သွင်းနိုင်ခဲ့ပါတယ်။ ၁၉၇၂–ခုနှစ်မှာ နာဂပူရ်မြို့က လူပေါင်း ၂၅ သိန်းကို တစ်ပြိုင်နက်တည်း ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းနိုင်ခဲ့ပါတယ်။ ၁၉၈၉–ခုနှစ်မှာတော့ အာဂရာမြို့က လူပေါင်း ၅ သိန်းကျော်ကို ဗုဒ္ဓဘာသာသို့ သွတ်သွင်းခဲ့ပြီး၊ ၁၉၉၃–ခုနှစ်မှာတော့ ပတ္တနားက လူပေါင်း ၃ သိန်းကျော်ကို ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းခဲ့ပါတယ်။ ၁၉၉၃–ခုမှာတော့ ကုသိနာရုံက လူပေါင်းတစ်သိန်းကျော်၊ သာမဏေ ၂၆၀၊ ရဟန်း ၂၀ ပါးကို ဗုဒ္ဓဘာသာအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုပေးနိုင်ခဲ့ပါတယ်။ အဲဒီပွဲကိုတော့ မြန်မာနိုင်ငံ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အတွင်းရေးမှူးဖြစ်တဲ့ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏသီရိ ကိုယ်တိုင်ကြွရောက် အားပေးခဲ့ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားလည်း မဇ္ဈိမဒေသ တစ်ကျော့ပြန်အစီအစဉ်ကို ပြသခဲ့ပါတယ်။ ဘုန်းကြီးအနေနဲ့ နှစ်စဉ် အောက်တိုဘာလ ၁၄ ရက်နေ့ကို ၁၉၇၂ –ခုနှစ်မှစ၍ ယနေ့တိုင် နေရာတကာ ဗုဒ္ဓဘာသာ သွတ်သွင်းပွဲအဖြစ် ပြုလုပ်ခဲ့ပါတယ်။ ၁၉၉၃–ခုနှစ်မှ ယနေ့ထိ ဖေဖဝါရီလတွင် ဒုလ္လဘ ရှင်သာမဏေပြုပွဲ၊ ဒုလ္လဘ ရဟန်းခံပွဲများ ယနေ့ထိ နှစ်စဉ် ပြုလုပ်ခဲ့ကြတယ်။

**ကျော်။** ။ မှန်လှပါဘုရား။ ဆရာတော်ကြီးရဲ့သာသနာပြုပုံကတော့ အံ့မခန်းစရာပါဘုရား။ ဆရာတော်ရဲ့ စာပေရေးသားမှုများကိုလည်း တပည့်တော်ဖတ်ရပါတယ်။ မြန်မာနိုင်ငံမှာ ဆရာကြီး ဦးမောင်မောင်လေး တည်းဖြတ်တဲ့ မြတ်ပန်းဝေမဂ္ဂဇင်းမှာ ဟရိဗလ (ကုသိနာရုံ)ဆိုပြီး သာသနာပြု အတွေ့အကြုံများ ဆောင်းပါးတွေကို ဖတ်ရှုရပါတယ်။ အခြားစာပေရေးသားမှုများကိုလည်း မိန့်ကြားပါဦးဘုရား။

**ဆရာတော်။** ။ ဘုန်းကြီးအနေနဲ့ စာပေရေးသားမှုကတော့ အိန္ဒိယနိုင်ငံက ထုတ်ဝေတဲ့ ဗုဒ္ဓဒေဆ်နှင့် အမ္ဗေဒကာ မဂ္ဂဇင်း တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ မဂ္ဂဇင်းပေါင်းများစွာတို့မှာလည်း ကလေးစာပေ၊ မာမာဟရိဗလ အမည်နဲ့ ရေးခဲ့ပါတယ်။ နေပါလီဘာသာပြန် ကထိန်အကြောင်း၊ ဆရာတော်ကြီး ဦးစန္ဒြာမဏိ၏ ထေရုပ္ပတ္တိ၊ ဟိန္ဒီ၊ အင်္ဂလိပ်ဘာသာများနဲ့ ထုတ်ဝေခဲ့ပါတယ်။ ဟိန္ဒီဘာသာနဲ့ထုတ် ဓမ္မပဒကို ကျောင်းသုံးဘာသာအဖြစ် ၉ တန်း၊ ၁၀ တန်း၊ ၁၁–၁၂–B.A, M.A တန်းများမှာ လေ့လာနိုင်ရန် ထုတ်ဝေခဲ့ပါတယ်။ မြန်မာပြည်က မဂ္ဂဇင်းများမှာတော့ ဟရိဗလ (ကုသိနာရုံ) အမည်၊ အိန္ဒိယ မောင်ဉာဏ်စိုး အမည်၊ တေဇဝန္တ အမည်နဲ့ ဆောင်းပါးစာများ ရေးသားခဲ့ပါတယ်။





ဘိက္ခုဂယာနေဆွရ် အရှင်ဉာဏိဿရ အမည်နဲ့လည်း စာပေများ ရေးသားခဲ့ပါတယ်။ (ဆရာတော်ကြီးသည် စာရေးသူကို မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများစာအုပ်ကို ပေးလိုက်ပါသေးသည်။)

**ကျော်။** ။ ဒီလောက် အလုပ်များတဲ့ ကြားထဲကနေ ဆရာတော် စာတွေ ရေးနိုင်သေးတာ အံ့ဩစရာပဲဘုရား။ အခု ဆရာတော် မြန် မာပြည်ကို ကြွလာတာ ဆရာတော်ဦးစီးပြီး တည်ထားကိုးကွယ်တဲ့ စေတီတော်ကြီးထဲမှာ ပြသထားဖို့ ဗုဒ္ဓဝင်ပန်းချီကားများ လာပြီး ဆွဲထားတာလို့ သိရပါတယ်ဘုရား။ ဆက်စပ်ပြီး တစ်ဆက်တည်း ဆရာတော် ကုသိနာရုံမှာ ဆောက်လုပ်ထားတဲ့ သာသနိက အဆောက်အအုံများ အကြောင်းလည်း သိပါရစေဘုရား။

**ဆရာတော်။** ။ သာသနိက အဆောက်အအုံတွေ အနေနဲ့ကတော့ ကုသိနာရုံနဲ့ အနီးအနားမှာ ကျောင်းများ၊ စာသင်ကျောင်းများ ဆောက်လုပ်ပေးခဲ့ပါတယ်။ အင်ကြင်းဉယျာဉ် စည်ပင်သာယာရေးနဲ့ မြန်မာကျောင်းမှာ ရေကန်၊ သာသနာပြု ဇီဝတဒါန ဆေးရုံနဲ့ ဇရပ်များ ဆောက်လုပ်ခဲ့ပါတယ်။ အခု ကမ္ဘာမှာ မြန်မာနိုင်ငံမှတပါး အကြီးဆုံးဖြစ်တဲ့ မဟာသုခံဒဒ ချမ်းသာကြီးစေတီတော်ကြီးကို ပတ်လည် လိုဏ်ခေါင်း အရံစေတီ ဂြိုဟ်တိုင်များနဲ့ ကြီးကျယ်ခန်းနားစွာ တည်ဆောက်ခဲ့ပါတယ်။ စေတီကြီးရဲ့ ဉာဏ်တော်ဟာ (၁၀၈) ပေရှိပြီး ၂၁၊ ၂၊ ၂၀၀၁– နေ့မှာ ထီးတော်ကြီး တင်နိုင်ခဲ့ပါတယ်။ စေတီတော်ကြီး စတင်တည်သောနေ့မှာပဲ ဆရာတော်၏တောင်းဆိုချက်အရ ကုသိနာရုံကို ကုသိနာရုံခရိုင်ဆိုပြီး အသိအမှတ်ပြုခဲ့ရပါတယ်။ ၁၉၇၄–ခုနှစ်က ကုသိနာရုံတောင်းရိုပ် အမည်ရအောင်လဲ ဗုဒ္ဓဇယန္တိနေ့ကို တောင်းဆိုခဲ့ပြီး တောင်းရိုပ်ရခဲ့တယ်။ မြို့နယ်သတ်မှတ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။ ဆရာတော်ရဲ့ သာသနာပြု အောင်မြင်မှုများဟာ အံ့သြဝမ်း မြောက် သာဓု ခေါ်ဆိုစရာပါဘုရား။ ဆရာတော်ကို မြန်မာနိုင်ငံတော် အစိုးရကရော၊ နိုင်ငံရပ်ခြားကရော ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်း ခဲ့တယ်လို့သိရပါတယ်။ ဘွဲ့တံဆိပ်တော်များကိုလည်း မိန့်ပါဦးဘုရား။

ဆရာတော်။ ။ မြန်မာနိုင်ငံတော်အစိုးရက ဘုန်းကြီးကို နိုင်ငံခြားတိုင်း တပါးမှာ နှစ်ပေါင်းများစွာ ဒုက္ခခံပြီး သသာသနာပြုခဲ့လို့ ၇၊ ၃၊ ၉၃–ခုနှစ်မှာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ခဲ့ပါတယ်။ ယူပီပြည်နယ်အစိုးရ အတွင်းဝန်ချုပ် ကြီးမှူးပြီး ၂၈၊ ၅၊ ၁၉၉၈–ခုနှစ်မှာ Monk in Chief ဘွဲ့ထူးကို ဆက်ကပ်ခဲ့ပါတယ်။ ဗီဟာပြည်နယ် အစိုးရကလည်း ၂၆၊ ၅၊ ၉၉–ခုနှစ်မှာ ဝိဆွဗုဒ္ဓရတနာ – ဝိဆွ ဗုဒ္ဓသား ကောင်းရတနာ ဘွဲ့ထူးကို ဗီဟာပြည်နယ် ဂဝန်နာက ဆက်ကပ်ခဲ့ ပါသေးတယ်။ ဒါ့အပြင် ၂၆၊ ၅၊ ၂၀၀၁–ခုနှစ်မှာ ဗုဒ္ဓဝိသာရဒ ဘွဲ့ထူးကိုလည်း ထပ်မံပြီး ဗီဟာပြည်နယ် ပညာရေးဝန်ကြီးက လှူဒါန်း ဆက်ကပ်ခဲ့ကြပါတယ်။ ၁၉၈၅–ခုနှစ် ပြည်နယ် ဝန်ကြီးချုပ် မာယာဝတီက ဒုတ်ကြိဆ်တ်ဓမ္မ ဆေးဝါထူးဆန်းအံ့သြဘွယ် ဘာသာ ရေး အားပေးကူညီဆောင်ရွက်မှုအတွက် သာသနာပြု အကောင်းဆုံး ဘွဲ့နှင့် ၁၉၉၆–ခုနှစ်မှာ ကန်နပူရ် ဗုဒ္ဓဘာသာများက အသင့်တော် ဆုံး သာသနာပြုဆုများ ချီးမြှင့်ခဲ့ပါတယ်။

ကျော်။ ။ စာဖတ်ပရိသတ်များ ဆရာတော်ရဲ့ ဘွဲ့ထူးနဲ့ ဘွဲ့အပြည့် အစုံကို သိရှိ ကြည်ညိုကြစေရန်အတွက် အပြည့်အစုံ မိန့်ကြားပါ ဘုရား။

ဆရာတော်။ ။ ဘုန်းကြီးဘွဲ့ကို အပြည့်အစုံ ရေးမယ်ဆိုရင်တော့ ဒီလိုရေး ရင်ဖြစ်ပါတယ်။ ကုသိနာရုံဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိဿရ၊ M.A (သမိုင်း)၊ M.A (ပါဠိ)၊ L.L.B၊ ပါဠိသာဟိတျ ရတနာဘွဲ့၊ တိဗက်ဒီပလိုမာ၊ B.A.M. ခေါ်တိုင်းရင်းဆေး ဆရာ ဝန်ဘွဲ့၊





ဝိဆွဗုဒ္ဓရတနာ၊ ဗုဒ္ဓဝိသာရဒ၊ Monk in Chief ဘွဲ့တံဆိပ်တော် ရ ဆရာတော်ဆိုရင် ပြည့်စုံပါတယ်။ ဒါပေမယ့် အများသိထားတဲ့ ကုသိ နာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ ဆိုရင် ပြည့်စုံ ပါပြီ။ ဒကာကြီးလျှောက်ထားလို့သာ ဘုန်းကြီးက အပြည့်အစုံပြော ပြတာပါ။

ကျော်။ ။ ကုသိနာရုံမှာ ဆရာတော်ကြီး သာသနာပြုဖို့ လျာထား ချက်များ ဘယ်လိုစီမံကိန်း ချထားပါသလဲ ဆိုတာလည်း သိပါရစေ ဘုရား။

ဆရာတော်။ ။ ဘုန်းကြီးအနေနဲ့ ကုသိနာရုံမှာ တစ်ခုပြီးတခု လုပ်ခဲ့တဲ့အ ထဲမှာ ကုသိနာရုံအနေနဲ့ ပြောရမယ်ဆိုရင် ကုသိနာရုံတွင် ဆရာတော် တို့ အပိုင်တစ်နေရာထဲမှာ မြေ ဧက ၄၀ လောက် ကျယ်ဝန်းပါတယ်။ အဲဒီမှာ ဗုဒ္ဓဘာသာနဲ့ ပက်သတ်တဲ့ တက္ကသိုလ်တစ်ခု တည်ဆောက်ဖို့ စီစဥ်ထားပါတယ်။ အဲဒီတက္ကသိုလ်မှာ ထေရဝါဒနဲ့ပက်သတ်တာရော၊ မဟာယာနနဲ့ ပက်သတ်တာရော အဲဒါတွေပါမယ်။ မဟာယနက ဘယ်လို၊ ထေရဝါဒက ဘယ်လိုဆိုတာတွေ မဖြစ်ရအောင် နောင်ကျ ရင် ထေရဝါဒသန့်သန့်ဖြစ်သွားဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီမှာ ကိုးရီး ယားတို့၊ ဂျပန်တို့လည်း ပါမှာပါ။ သူတို့က လုပ်နိုင်တဲ့၊ တတ်နိုင်တဲ့ စွမ်းရည်ရှိတယ်။ သူတို့နဲ့ တဖြည်းဖြည်း လုပ်ယူရပါမယ်။ အဲ့ဒါက တစ်ခု ပေါ့။ နောက် အိန္ဒိယမှာ မြန်မာမင်းအဆက်ဆက် သာသနာပြုကိစ္စ တွေဘာတွေ လုပ်ခဲ့တယ်ဆိုတဲ့ ကျောက်စာတွေ အသီးသီးရှိပါတယ်။ အဲဒီကျောက်စာတွေ ဖော်ထုတ်ရေးကော်မတီမှာ ဘုန်းကြီးလည်း ပါ ပါတယ်။ ဘုန်းကြီးရဲ့ အယူအဆကတော့ အပြင်ကနေ သာသနာပြုတာ နဲ့ အထဲကနေပြီး သာသနာပြုတာ ပိုပြီးထိရောက်တယ်လို့ ခံယူထားပါတယ်။ အထဲကိုရောက်တော့ ပြောခွင့်ဆိုခွင့်ရှိတယ်။ ထေရဝါဒ သာသနာကို ပြောခွင့်ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီး ရောက်ရောက်ချင်းပဲ ဘုရားဟာ ပြတိုက်မဟုတ်တဲ့အကြောင်း ရှင်းပြခဲ့ရပါတယ်။ စောစောပိုင်းတုန်းက ဗုဒ္ဓဂယာနဲ့ ကုသိနာရုံမှာ ဝင်ကြေးပေးပြီးမှ ဝင်ရတယ်။ ခုတော့ ဘုန်းကြီးဆောင်ရွက်လို့ ဝင်ကြေးမပေးရတော့ပါဘူး။ ဘုရားပရိဝုဏ်ဟာ ပြတိုက်မဟုတ်တဲ့အတွက် အခကြေးငွေပေးပြီး ဝင်စရာမလိုပါဘူး။ အထဲရောက်လို့ရှိရင် သူတို့ ကြည်ညိုသဒ္ဓါ ရှိတာနဲ့အမျှ ၂ ကျပ် မကဘူး၊ ၂၀၀ –၂၀၀၀ စသည် လှူမှာချည်းပဲလို့ ရှင်းပြရတယ်။ အောင်မြင်ခဲ့ပါတယ်။ ပထမတော့ သူတို့က ရှေးဟောင်းသုတေသနဌာနအနေနဲ့ စကားပြောသေးတယ်။ ဘုန်းကြီးက ကျုပ်တို့ ဗုဒ္ဓဘာသာရဲ့ ဘုရားနေရာဒေသဖြစ်တယ်။ ဌာနဆိုင်ရာအနေနဲ့ ဒီလိုလုပ်ဖို့ မလိုဘူးလို့ ရုံးမှာ အတော်စကားပြောခဲ့ရပါတယ်။ သတ္တိရှိဖို့တော့ လိုအပ်ပါတယ်။

စောစောကပြောခဲ့တဲ့ တက္ကသိုလ်ဆိုတာကလည်း အိန္ဒိယက ကလေးတွေကို ဦးစားပေးပြီး သင်ဖို့ပါ။ ယိုးဒယား၊ ကိုရီးယား၊ ဂျပန် စသည်တို့ကိုလည်း လက်ခံပါမယ်။ သူတို့တွေကို ပညာတတ်အောင် သင်ပေးပြီး ဒီအနီးအနားဝန်းကျင်မှာရှိတဲ့ ကျောင်းတွေမှာ ပြန်ပြီးနေရာချထားပေးရမယ်။ ဒါမှ ခိုင်မြဲမှာပါ။ ကိုရီးယားတို့၊ ဂျပန်တို့မှာ ဒီလိုဗုဒ္ဓဘာသာ သင်ပေးတဲ့ကျောင်းတွေ မရှိပါဘူး။ ဒါကြောင့် ဒီမှာလက်ခံပြီး သင်ဖို့ပါ။ အထူးအားဖြင့်တော့ အိန္ဒိယက ကလေးတွေ ပညာတတ်ဖို့ အရေးကြီးပါတယ်။ သူတို့ကို လေ့ကျင့်သင်ကြားပေးပြီး လိုအပ်တဲ့နေရာတွေမှာ ငါးကြင်းသားကို ငါးကြင်းဆီနဲ့ကြော် ဆိုသလို အစားထိုး နေရာချထားဖို့ လိုအပ်ပါတယ်။ ဒါမှ အိန္ဒိယမှာ ဗုဒ္ဓဘာသာကျောင်းနဲ့ သာသနာဟာ ပိုပြီးခိုင်မြဲမှာဖြစ်ပါတယ်။

**ကျော်။** ။ ဆရာတော်ရဲ့ ရည်ရွယ်ချက် ကြီးမားတာကို ဂုဏ်ယူပြီးသာဓု ခေါ်ပါတယ်ဘုရား။ အခြေအမြစ်ကျတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ ဆက်ပြီးမိန့်ပါဦးဘုရား။





**ဆရာတော်။** ။ ဘုန်းကြီးဂျပန်သွားပြီး တရားဟောတော့ သူတို့က ဘာလိုပါသလဲလို့ မေးတယ်။ ဘုန်းကြီးက စောစောက ရည်ရွယ်ချက်ကိုပြောပြတယ်။ အိန္ဒိယမှာက မိန်းကလေး အတော်များများဟာ စာမတတ်ကြဘူး။ သူတို့ကိုလည်း သင်ကြားပေးရမယ်။ အခု ယိုးဒယားဘုန်းကြီးတစ်ပါးနဲ့ ကိုရီးယားဘုန်းကြီးတစ်ပါး ရထားပါတယ်။ မဟာဝိဇ္ဇာအောင်မြင်ပြီးသားရော B.Com, B.Sc, B.Ed တို့ အောင်မြင်ပြီးသားတွေ ခြောက်ယောက်လောက် ရနေပါပြီ။ တော်တဲ့ကလေးတွေကို ထူးချွန်အောင် လုပ်ပေးရမှာပါ။ ဒါမှလည်း သူတို့ရဲ့ မိဘတွေပါပါလာမှာဖြစ်တယ်။

အခုလက်ရှိ ကုသိနာရုံမှာ ဘုန်းကြီးရဲ့ ကျောင်းတစ်ကျောင်း ပဲရှိပါတယ်။ ရှစ်ဧကလောက် ကျယ်တယ်။ အဲဒီမှာ မူလကျောင်းကြီးရယ်၊ နောက်ထပ် ကိုရီးယားကျောင်း၊ ဂျပန်ကျောင်း၊ ယိုးဒယားကျောင်း၊ သီဟိုဠ်ကျောင်း ဆိုပြီးတော့ရှိတယ်။ ပညာတတ်လူငယ်တွေများတယ်။ အိန္ဒိယမှာ ပထမဦးဆုံးဆောက်တဲ့ မဟာပရိနိဗ္ဗာန ဓမ္မသာလာယဆိုတဲ့ ကျောင်းလဲရှိပါတယ်။ ဘုရားဖူးတွေ တည်းခိုဖို့ အဆောင်လည်း ရှိတယ်။ တစ်ကြိမ်ကို ဘုရားဖူး ၆၀ လောက် တည်းခိုနိုင်တယ်။ သံဃာကတော့ မြန်မာကျောင်းတွေထဲမှာဆိုရင် ဘုန်းကြီးရဲ့ ကုသိနာရုံကျောင်းက သံဃာအများဆုံးပါ။ ၁၂၅ ပါးခန့်ရှိပါတယ်။ ကိုရင်က ၁၆ ပါးရှိ ပါတယ်။ မြန်မာနိုင်ငံက တစ်ပါးပဲ ရှိပြီးတော့ နီပေါနဲ့ အိန္ဒိယက များပါတယ်။ ဘုန်းကြီး စည်းရုံးထားတာပါ။

**ကျော်။** ။ ခုလို ပြည့်ပြည့်စုံစုံ ရှင်းပြတာကို ကျေးဇူးတင် ဝမ်းမြောက်လှပါတယ်ဘုရား။ မြန်မာနိုင်ငံမှာ ယခုလို သာသနာရေးရာများ ထွန်းကားနေမှုအပေါ် ဆရာတော်ရဲ့ အကြံပြုချက်များကိုလည်း သိချင်ပါသေးတယ်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



**ဆရာတော်။** ။ ခုလို မြန်မာနိုင်ငံမှာ သာသနာတိုးတက် ထွန်းကားနေတာ ဘုန်းကြီး ဝမ်းမြောက်ပါတယ်။ သို့သော် အကြံပြုချင်တာကတော့ ဘာသာရေး စာရေးဆရာများရော၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နေသူများကိုရော အကြံပေးချင်ပါတယ်။ ဘုရားရှင်ရဲ့ သာသနာတော်ကို ပြန့်ပွားအောင် ဖြန့်တဲ့နေရာမှာ ရှေးရိုးကြီးကိုပဲ အားကိုးမနေပဲနဲ့ ခေတ်အမြင်နဲ့လည်း နှိုင်းယှဉ်ပြီး ခေတ်အမြင်ရှိကြဖို့ လိုပါတယ်။ ဥပမာအားဖြင့် တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ ဆိုရင် ဘုရားဟောများကိုလည်း ဖော်ပြတယ်။ ဗုဒ္ဓဘာသာကို ခေတ်အမြင်နဲ့လည်း များစွာတင်ပြထားပါတယ်။ ဆိုလိုချင်တာကတော့ ရှေးဟောင်း ရှေးဟောင်းကိုလည်း လက်ကိုင်ထားရပါတယ်။ သို့သော် ခေတ်အမြင် သိပ္ပံအမြင်နဲ့ ယှဉ်တွဲပြီးတော့ လက်တွေ့ကျကျ ယုတ္တိယုတ္တာကျကျ ခေတ်လူငယ်တွေ လက်ခံကျင့်သုံးနိုင်အောင်လို့ တင်ပြဖို့ လိုအပ်ပါတယ်။ အရင်တုန်းကတော့ ဘုန်းကြီးကျောင်းပညာရေးစနစ်ထွန်းကားလို့ ဖဲမေသုတ်ဆိုရင် နားလည်တယ်။ ခုခေတ် ဘုန်းတော်ကြီး ပညာရေးစနစ်ကလည်း မရှိသလောက်မြစ်နေတော့ ဖဲမေသုတ် ဆိုရင် မသိတဲ့လူက များတယ်။ အဲဒါကို ဘုရားဟောလည်း လူတွေသိအောင် ခေတ်အမြင်နဲ့လည်း လက်ခံနိုင်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုက ပေးကမ်းခြင်းဖြင့် အောင်မြင်ရာသည် ဆိုတာလည်း ရှိပါတယ်။ သစ္စာလည်း ခိုင်မြဲရပါမယ်။ ယုံကြည်မှုလည်း ရှိရပါမယ်။ ဇွဲလဲရှိရမယ်။ ဒါမှ သာသနာပြုလို့ ရမှာပါ။ ဘုန်းကြီးကတော့ ကုသိနာရုံမှာ သစ္စာပြုပြီး သာသနာပြုနေတာပါ။ တကယ် သစ္စာမှန်ကန်ရင် တကယ်အောင်မြင်ပါတယ်။ ဆိုလိုချင်တာကတော့ ဗုဒ္ဓဒေသနာနဲ့ ခေတ်အမြင်နဲ့ သစ္စာတရားနဲ့ ယုံကြည်မှုများစွာ လိုပါတယ်လို့ ပြောချင်ပါတယ်။





**ကျော်။** ။ မှန်လှပါဘုရား။ ဆရာတော်ကြီးအနေနဲ့ မြန်မာပြည်ကို ခေတ္တရောက်ခိုက်မှာ မအားမလပ်တဲ့ကြားက တပည့်တော်ကို ခုလို အချိန်ပေးပြီး စိတ်ရှည်စွာ ဖြေကြားပေးတော်မူတဲ့အတွက် တပည့်တော် ဦးခိုက်ပါတယ်။ နောက်ဆုံးမေးခွန်းအနေနဲ့ တပည့်တော်များ အပ္ပမာဒ မဂ္ဂဇင်းနဲ့ အပ္ပမာဒ မဂ္ဂဇင်း စာဖတ်ပရိသတ်များကို ဩဝါဒအကျဉ်း ပေးတော်မူပါဦး ဘုရား။

**ဆရာတော်။** ။ အပ္ပမာဒ ဆိုတာ မမေ့မလျော့ခြင်း မဟုတ်လား။ ဒီစကား ကို မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်တိုင်း ရင်းနှီးပြီး ဖြစ်ခဲ့တဲ့စကား မဟုတ်လား။ သူ့အဓိပ္ပါယ် အပြည့်အစုံက မမေ့မလျော့ခြင်းသည် မသေခြင်းရဲ့အကြောင်း၊ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်း မဟုတ်လား။ ဒကာကြီးတို့ရော စာဖတ်သူများပါ ဘုရားရှင် အဆုံးအမဖြစ်တဲ့ ဝိပဿနာအလုပ်ကို မမေ့ဖို့လိုပါတယ်။ အမြဲသတိရနေဖို့၊ စွမ်းနိုင်သမျှ လုပ်ဖို့လိုအပ်ပါတယ်။ ဒါမှလည်း မိမိတို့လိုချင်တဲ့ ပန်းတိုင်ကို ရောက်မှာပါ။ ဒါက ဒကာကြီးတို့ရော စာဖတ်သူများကိုရော ဘုန်းကြီးပြောလိုတာပါ။

အပ္ပမာဒ မဂ္ဂဇင်းအနေနဲ့ အခုလို ထုတ်ဝေနေတာ ဘုန်းကြီး သဘောကျပါတယ်။ ဒါပေမယ့် အထက်မှာပြောခဲ့သလို ဗုဒ္ဓဒေသနာတော်နဲ့ ခေတ်အမြင်ကို ပေါင်းစည်းပေးဖို့ လိုပါတယ်။ ရှေးရိုးစာပေတွေ ထည့်တာလည်းထည့်ပေါ့။ ခေတ်အမြင်အနေနဲ့လည်း အများနားလည် လက်ခံနိုင်အောင် ရေးသားကြမယ်၊ တင်ပြကြမယ်၊ ဆန်းသစ်ကြမယ် ဆိုရင်တော့ ထေရဝါဒ သာသနာတော်အတွက် မဂ္ဂဇင်းထုတ်ရကျိုး ရေးရကျိုးဟာ ပိုပြီးထိရောက်မှာဖြစ်မယ်လို့ ဘုန်းကြီး မေတ္တာစကား ပြောကြားပါတယ်။

**ကျော်။** ။သာဓု- သာဓု- သာဓုပါ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ကုသိနာရုံတွင် တည်ထားကိုးကွယ်သည့် မဟာသုခံဒ ချမ်းသာကြီး စေတီတော်ကြီး၏ ဂန္ဓာဂုဋိတိုက် စကြႍလိုဏ်ပတ်လည်အတွင်း ပူဇော်မည့် ဗုဒ္ဓဝင်ပန်းချီကားများအတွက် မြန်မာပြည်သို့ ခေတ္တ ကြွရောက်တော်မူလာသည့် ကုသိနာရုံ ဆရာတော်ကြီးကို စာရေးသူသည် ဤတွေ့ဆုံမေမြန်း ဓမ္မလမ်းအတွက် နှစ်ချိန်ခွဲ၍ တွေ့ဆုံခဲ့ပါသည်။ ဆရာတော်ကြီး၏ ဒကာ၊ ဒကာမများနှင့် အလှူအတန်းကိစ္စ၊ အခြားတွေ့ဆုံစရာကိစ္စ၊ ဟောရေးပြောရေးကိစ္စများ မအားလပ်သည့်ကြားမှ စာရေးသူကို အချိန်လု၍ တွေ့ဆုံခွင့်ပေးခဲ့သည့် ကုသိနာရုံ ဆရာတော်ကြီးကို ကျေးဇူးတင် ဝမ်းမြောက်စကား လျှောက်ထားကာ ခြေတော်ဦးခိုက် ရှိခိုးပူဇော်ပြီး ည (၈) နာရီတွင် ပြန်ခဲ့ပါသည်။ ဤနေရာတွင် မဂ္ဂဇင်း၏ စာမျက်နှာများကို ငဲ့ကွက်၍ ဆရာတော်ကြီး အိန္ဒိယပြည်တွင် သသနာပြုရာ၌ တွေ့ကြုံရသည့် အခက်အခဲ အသေးစိတ်များကို ချန်လှပ်ခဲ့ရပါသည်။ နောင် အလျဉ်းသင့်ပါလျှင် ဖော်ပြခွင့်ရပါက ဖော်ပြမည်ဖြစ်ပါကြောင်း စာရှုသူများကို အသိပေးအပ်ပါသည်။

အလိုရှိစာ စာမှာရှိသည်
စာပေလေ့လာပါ၊ ပညာဆည်းပူးပါ
ပေါ်ဝင်းမြင့်ဦး
စာကြည့်တိုက်

ဖီးပင်ကြီးရွာ
မင်းပြားမြို့နယ်
ရခိုင်ပြည်နယ်၊ မြန်မာပြည်





# အိန္ဒိယနိုင်ငံရှိ ကုသိနာရုံ ဆရာတော်ကြီး

## အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိသရ၏

## အောင်မြင်ရေးကျင့်စဉ်

၂၀၀၂ ခုနှစ် အောက်တိုဘာလထုတ် "နက္ခတ္တရောင်ခြည်မဂ္ဂဇင်း"မှ

တင်တင် – (အဝေးသင်)

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် သံဝေဇနိယ လေးဌာနတို့သည် ဖူးမြော်ကြည်ညိုထိုက်သည်။ သံဝေဂတရား ပွားများထိုက်သည့် ဌာနများဖြစ်ကြပေသည်။ သို့ဖြစ်၍ ယခုအခါ မြတ်စွာဘုရားရှင်၏ သံဝေဇနိယ လေးဌာနဖြစ်တော်မူသော ဘုရားရှင်ဖွားမြင်တော်မူရာ လုမ္ဗိနီဒေသ(နီပေါပြည်)၊ ဘုရားဖြစ်တော်မူရာ မဟာဗောဓိ အောင်မြေဌာန (ဗုဒ္ဓဂယာ–ဂယာခရိုင်–ဘီဟာပြည်နယ်)၊ ဓမ္မစကြာ တရားဦးဟောတော်မူရာ မိဂဒါဝုန်ဒေသ (စာရနာတ်–ဗာရဏသီ– ယူပီပြည်နယ်)နှင့် ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူရာ ကုသိနာရုံဒေသ (ကုသိနာရုံခရိုင်– ယူပီပြည်နယ်)များသို့ သဒ္ဓါတရားနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တို့သည် သွားရောက်ကြည်ညို သံဝေဂပိုလျက် ရှိကြ၏။

ထိုအရေးကြီးလှသော ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဂယူကြရန် ဌာနလေးခုအနက် ကုသိနာရုံဌာန (ကုသိနာရုံခရိုင်–ယူပီပြည်နယ်)မဇ္ဈိမဒေသ၌ သာသနာပြု၍ ဗုဒ္ဓအမွေဖြန့်ဝေနေသော ဆရာတော်ကြီးမှာ အဂ္ဂမဟာ



www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍိတာဘဒ္ဒန္တဉာဏိဿရ ပင်ဖြစ်၏။ ဆရာတော်ကြီးမှာ အိန္ဒိယနိုင်ငံရှိ ကုသိနာရုံခရိုင် ကုသိနာရုံကျောင်းတိုက်ဝယ် ပုံမှန်သီးတင်းသုံးတော်မူခါ အမိမြန်မာနိုင်ငံသို့ ခေတ္တပြန်ကြွလာသည်မှာ သုံးခေါက်သာ ရှိသေးပါသည်။

သို့ဖြစ်၍ ဆရာတော်ကြီးအား ခေတ္တပြန်ကြွလာစဉ် အလှုအယက်ဆည်းကပ်ကြည်ညိုကြရ၏။ မေးကြ၊ မြန်းကြ၊ စုံစမ်းကြ၏။ ထိုအထဲတွင် စာရေးသူလည်း ပါဝင်နေပေရာ ဆရာတော်ကြီးထံမှ ဓမ္မအသိ ပီတိများစွာကို ရရှိခဲ့ရုံသာမက **"အောင်မြင်ရေးကျင့်စဉ်"** ကိုပါ နာယူမှတ်သားနိုင်ခဲ့ပါသည်။

✡ "ကုသိနာရုံဆရာတော်ကြီး ဘယ်နိုင်ငံတွေအထိ သာသနာပြုခရီး ကြွရောက်နိုင်ခဲ့ပါပြီလဲ အရှင်ဘုရား"

➤ "အာရှတိုက်တစ်ခုလုံးကို ဘုန်းကြီးရောက်ပြီးပါပြီ။"

✡ "ကုသိနာရုံမှာ ဘယ်လိုစတင်ပြီး သာသနာပြု ဖြစ်သွားတာပါလဲ ဘုရား"

➤ အိန္ဒိယနိုင်ငံ (ကုသိနာရုံခရိုင်) ကုသိနာရုံမြန်မာကျောင်းတိုက်မှာ စတင်ကြွရောက် သာသနာပြု ဖြစ်ခဲ့တာကတော့ ကမ္ဘာ့သာသနာပြု ပထမ ကုသိနာရုံ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ (ဂုရုဂုရုမဟာ ဂုရုဘွဲ့တံဆိပ်တော်ရ) နှင့် ဘဒ္ဒန္တကိတ္တိမ (ရာမာယနကျမ်းကြီးကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သော မိဂဒါဝုန်ဆရာတော်) သူတို့၏တပည့်ကျော် အိန္ဒိယနိုင်ငံသား ဒေါက်တာ ဓမ္မရက္ခိတတို့၏ ဖိတ်ကြားချက်ကြောင့် ၁၉၆၃ ခုနှစ် ဩဂုတ်လကပါ။ ဘုန်းကြီးကိုယ်တိုင်ကလဲ မဇ္ဈိမဒေသမှာ သာသနာပြုချင်နေတဲ့အချိန် ဆရာတော်ကြီးများကပါ လှမ်းပင့်ဆောင်တဲ့အချိန်နဲ့ တိုက်ဆိုင်ခဲ့တယ်လို့ ဆိုရမှာပါ"

✡ "ဗုဒ္ဓသာသနာအမွေကို ဘယ်လိုဖြန့်ဝေ သာသနာပြုနေတာပါလဲ ဘုရား"

➤ "အရှတိုက်နိုင်ငံအနှံ့အပြား တရားဟော၊ တရားပြပေးတယ်။ ဗုဒ္ဓဘာသာဝင် ဖြစ်လာအောင်၊ သရဏဂုံတည်သူတွေပါ ဖြစ်လာအောင်လို့ တရားဟောပြောပြီး ဘာသာမဲ့နဲ့ ဘာသာခြားတွေကို ဗုဒ္ဓဘာသာခံယူပွဲတွေ ကျင်းပပေးပါတယ်။ နောက်ပြီး ရဟန်းခံရှင်ပြုပွဲတွေကို တဦးချင်းစီကစပြီး ထောင်ပေါင်းများစွာအထိ ပြုလုပ်စီစဉ်ပေးခဲ့ပါတယ်။





အကြီးမားဆုံး ဗုဒ္ဓဘာသာခံယူပွဲတွေကိုလည်း ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက် (၁၃၃၄ ခု သီတင်းကျွတ်လဆန်း ၇ ရက် စနေနေ့) လူပေါင်း ၂၅ သိန်း၊ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၉ ရက် ၁၃၅၁ ခု တော်သလင်းလကွယ် သောကြာနေ့ လူပေါင်း ၅ သိန်းကျော်၊ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် ၁၃၅၄ ခု တပို့တွဲလွှုပ် ၉ ရက် တနင်္လာနေ့ လူပေါင်း ၁ သိန်းကျော် ရှင်သာမဏေ ၂၆၀ နှင့် ရဟန်းအပါး ၃၃ ပါး ပြုလုပ်ခဲ့သည်။ ၁၉၉၃ ခု ဒီဇင်ဘာလ ၆ ရက် ၁၃၅၅ ခု တံဆောင်မုန်းလွှုပ် ၈ ရက် တနင်္လာနေ့ လူပေါင်း ၃ သိန်း ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြသည်။ ဒီနေ့အထိ လူပေါင်း သိန်းပေါင်း ရာကျော်တို့ကို ဗုဒ္ဓဘာသာဝင် ပြုလုပ်ပေးနိုင်ခဲ့ပါပြီ။

နောက်တော့ ဘုရား၊ တန်ဆောင်၊ ကျောင်းကန်တွေကို တည်ထားဆောက်လုပ်ခဲ့တဲ့အပြင် ဂျပန်ပြည်အစိုးရ အကူအညီဖြင့် စာသင်ကျောင်းပေါင်းများစွာကိုပါ ဆောက်လုပ်လှူဒါန်းထားပါတယ်။ ဘုန်းကြီး ဦးဆောင်ပြီး အများကောင်းမှု ပေါင်းစုပြီး အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံခရိုင် ကုသိနာရုံတွင် ရွှေတိဂုံစေတီနဲ့ပုံစံတူ ဉာဏ်တော် ၁၀၈ ပေ အမြင့် ဆောင်တဲ့ မဟာသုခဒဒ ချမ်းသာကြီး စေတီတော်တစ်ဆူကိုလဲ တည်ထားခဲ့တဲ့အပြင် မဟာပရိနိဗ္ဗာန ရှေးဟောင်းဌာနကိုလည်း ထိမ်းသိမ်းစောင့်ရှောက်လျက် ရှိပါတယ်။ ထို့ပြင် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်ရှိ ဘုရားဖြစ်တော်မူရာ မဟာဗောဓိ အောင်မြေဌာနကို ထိမ်းသိမ်းစောင့်ရှောက်ကြသော ဘုရားဂေါပက ဗုဒ္ဓဂယာဘုရား ထိမ်းသိမ်းစောင့်ရှောက်ရေးကော်မီတီ ဘီဟာပြည်နယ် အစိုးရဌာနတွင်လည်း ပါဝင်နေခဲ့ရပါတယ်။ ထိမ်းသိမ်းရပါတယ်။

✡ "ပရိယတ္တိစာပေများကို ဆရာတော် ဘယ်လိုလေ့လာခဲ့ရတယ် ဆိုတာလဲ သိပါရစေဘုရား"

➤ ဘုန်းကြီးကို မြန်မာနိုင်ငံရခိုင်ပြည်နယ် စစ်တွေခရိုင် မင်းပြားမြို့နယ် ဇီးပင်ကြီးရွာတွင် ၁၂၉၈ ခုနှစ် တံဆောင်မုန်းလွှုပ် ၁၃ ရက် (၁၀၊ ၁၁၊ ၁၉၃၆) ခု အင်္ဂါနေ့ ဖွားမြင်ပြီး အသက် ၁၄ နှစ်သားမှာ ရှင်ပြု ရှင်သာမဏေဝတ်ပြီး ရန်ကုန်မြို့ စတောကိတ်ကုန်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်မှာ ရဟန်းဘောင်တက်ပြီး ရှင်သာမဏေ မူ၊ ငယ်၊ လတ်၊ ကြီး ဘုရားဖြူ မူ၊ ငယ်၊ လတ်၊



www.burmeseclassic.com

www.burmeseclassic.com



အစိုးရ ငယ်၊ လတ်၊ ကြီးတို့ကို အောင်မြင်ခဲ့ကာ ကျမ်းကြီးပေါက် သင်ယူတတ်မြောက်ခဲ့ပါတယ်။

အိန္ဒိယရောက်တော့ ကျေးဇူးတော်ရှင် ဆရာတော်ကြီးတွေရဲ့ လမ်းညွှန်ချက်နှင့်အညီ ဟိန္ဒီ၊ သက္ကတနဲ့ အင်္ဂလိပ်ဘာသာများကို အစမှစပြီး အထက်တန်းပညာတွေကို လေ့လာဆည်းပူးလို့ ဂေါ်ရခပူရ်တက္ကသိုလ်ကနေပြီး B.A ဘွဲ့၊ M.A ဘွဲ့သမိုင်းနှင့် ပါဠိဘာသာ ပြယာဂ်တက္ကသိုလ်နေပြီး ပါဠိဆာဟိတျရတနာဘွဲ့၊ တိဘက်ဘာသာ ဒီပလိုမာဘွဲ့၊ L.L.B ဘွဲ့၊ အိန္ဒိယတိုင်းရင်းဆေးပညာဘွဲ့ B.A.M.S ဘွဲ့တွေကိုလည်း ရရှိခဲ့ပါတယ်။

✡ "အထူးသဖြင့် အိန္ဒိယနိုင်ငံရဲ့ ဘယ်ဒေသတွေမှာ သာသနာရေးကို ဆောင်ရွက်နေတာပါလဲဘုရား"

➤ ဘုန်းကြီးကတော့ အထူးသဖြင့် ယူပီပြည်နယ်၊ ဘီဟာပြည်နယ်၊ ဂုဂျာရတ်ပြည်နယ်၊ မဟာရဋ္ဌပြယ်နယ်၊ ရာဇဆတန်ပြည်နယ်၊ ဟရိယာနာ၊ ပံဂျာမ်၊ ဒေလီ၊ အာသံ၊ အရုဏာကျလ်ပြည်နယ်တွေအနှံ့အပြား သာသနာပြုနေဆဲပါ။ နောက်ပြီးတော့ အရှေ့တောင်အာရှနိုင်ငံများနဲ့ တခြားနိုင်ငံများကိုလည်း ကြွရောက်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ၊ ကွန်ဖရင့်တွေကို တက်ရောက်ပြုလုပ် ဆွေးနွေးနေပါတယ်။ ဒီပွဲတွေမှာ အင်္ဂလိပ်ဘာသာစကားနဲ့ဘဲ ဟောပြောပေးရတာပါ။ ရှင်းလင်းပေးရတာပါ တကာကြီး။

✡ "ဘာသာစကားကို ပြောကြားတဲ့အခါ အခက်အခဲ ရှိပါသေးသလားဘုရား"

➤ ရှိခဲ့ပါတယ်။ ပထမပိုင်းမှာတော့ တရားဟောစာတွေကို အင်္ဂလိပ်လိုရေးရပါတယ်။ အင်္ဂလိပ်လိုမို့ တည့်ပုံး ကျက်ရပါတယ်။ မနက်ပိုင်း ၄ နာရီထ၊ ရေမိုးချိုးပြီး လေယူလေသိမ်းနဲ့ အသံနေ အသံထားကို ညှိရပါတယ်။ ပြုပြင်ရပါတယ်။ စုံစုံစမ်းစမ်း အမြဲရှိရပါတယ်။ သွားမည့်နေရာအခြေအနေ ဟောပြောရမည့် အစီအစဉ်ကိုလဲ သိထားရပါတယ်။ ဟောပြောမည့်နေရာ ရောက်ပြီးမှ ဟောပါဟုပြောခဲ့လျှင် ဟောပြောဖို့အဆင်သင့် ရှိရပါတယ်။ တပွဲနှစ်ပွဲလောက် ဆွေးနွေးပွဲတွေမှာ မရဲရင့်ခဲ့ပေမဲ့ နောက်ပိုင်းကျတော့ မိမိရဲ့ဖွံ့လုံ့လ အတွေ့အခေါ် ပညာဉာဏ်တို့ကြောင့် အဆင်ပြေသွားခဲ့ပါတယ်။





✡ "နှစ်ပေါင်း ၄၀ ကျော် အတွင်းမှာ ရရှိလာတဲ့ ပြည်ပသာသနာပြု အတွေ့အကြုံတွေကိုလဲ မိန့်ပေး ပါအုံးဘုရား"

➤ ပြည်ပသာသနာပြုရတယ်ဆိုတာဟာ သာမည ဖွဲ့၊ လုံ့လ၊ ဝီရိယလောက်နဲ့ မတွန်းပေါက်နိုင်ပါဘူး။ (ဟိုနိုင်ငံမှာရှိတဲ့ ဟိုနိုင်ငံသား မြန်မာများကို ဟောရသည် မဟုတ်ပါ။) ထက်မြက်တဲ့အမြင်၊ သွက်လက်တဲ့ခြေလှမ်း၊ မမောပန်းတဲ့ခန္ဓာကိုယ်၊ မပြိုလဲတဲ့စိတ်ထား၊ ပြင်းပြတဲ့သမာဓိအား၊ တဖက်သားအပေါ်ထားရှိတဲ့ မေတ္တာစေတနာတွေကို စိုက်ထုတ်နိုင်ဖို့ လိုပါတယ်။

ဒုက္ခတွေကိုလည်း နည်းမျိုးစုံ ကြုံရဆုံရတတ်ပါတယ်။ အစားဆင်းရဲခြင်းဒုက္ခ၊ အနေဆင်းရဲခြင်းဒုက္ခ၊ အဝတ်မပြည့်စုံခြင်းဒုက္ခတွေကို ပထမဆင့်တွေ့နိုင်ပါတယ်။ နောက်ပြီး မိမိကိုယ်တိုင် သူတပါးကြည်ညိုနိုင်ဖို့ အတွင်းအားအပြင်အားတွေနဲ့ ပြည့်စုံဖို့လိုပါတယ်။

အတွင်းအားက သီလ၊ သမာဓိ၊ ပညာရှိဖို့ပါ။ အပြင်အားကတော့ ဘွဲ့တွေ၊ ဂုဏ်ထူးဝိသေသတွေပေါ့။ ဒါမှ သာသနာပြုရတာ နည်းနည်း လွယ်သွားနိုင်ပါတယ်။

✡ "ထူးခြားတာတွေရှိရင်လဲ သိပါရစေဘုရား။"

➤ ဘုန်းကြီးက ဟရိဗလ–ကုသိနာရုံ၊ အိန္ဒိယ၊ မောင်ဉာဏ်စိုး၊ တောဇဝံသ စတဲ့ကလောင်နာမည်နဲ့ မြန်မာပြည် ဘာသာရေးမဂ္ဂဇင်းတွေမှာ ဆောင်းပါးရေးခဲ့ပါတယ်။ ဟရိဗလ–ကုသိနာရုံ၊ ဘိက္ခုဂယာနေဆွရ် ကလောင်နာမည်နဲ့ ဟိန္ဒီဘာသာ၊ နေပါလီဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာတွေသုံးပြီး ဗုဒ္ဓဒေသ်မဂ္ဂဇင်း၊ ဗုဒ္ဓဘူမိမဂ္ဂဇင်း၊ ဒေါက်တာအမ္ဗေဒကာရ် မဂ္ဂဇင်းတွေမှာ ဆောင်းပါး၊ ခလေးပညာပေးပုံပြင်များ၊ ဘာသာရေး အခြေအနေဆောင်းပါးတွေ ရေးနေပါတယ်။

ထူးခြားတာတစ်ခုက ဘုန်းကြီးရေးသော ဓမ္မပဒ စာအုပ်ကို ယူပီပြည်နယ်နဲ့ တခြားပြည်နယ်တွေမှာ ၉ တန်း ၁၀ တန်း သက္ကသိုလ်အထိ ပါဠိဘာသာအတွက် ပြဋ္ဌာန်းကျမ်းစာအဖြစ် သတ်မှတ်သင်ကြားနေကြခြင်းပါဘဲ။

✡ "ဆရာတော်ကြီးရဲ့ သာသနာရေးတာဝန်တွေကိုလဲ အမိန့်ရှိပါအုံးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



➤ ဘုန်းကြီးက ကမ္ဘာ့ဗုဒ္ဓဘာသာ သံဃာကောင်စီမှာ အမြဲတန်း အဖွဲ့ဝင်ပါ။ ကမ္ဘာဗုဒ္ဓဘာသာ တထာဂတ အသင်းကြီးမှာလဲ အမြဲတန်းအဖွဲ့ဝင် တစ်ဦးပါ။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဘိက္ခုမဟာသံဃအဖွဲ့မှာ သံဃနာယကပါ။ အိန္ဒိယ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌပါ။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ မြန်မာသံဃနာယက ပရဒေသီသံဃနာယကအဖွဲ့တွင် ဒုတိယ ဥက္ကဋ္ဌပါ။ ကုသိနာရုံ ဘိက္ခုသံဃအဖွဲ့တွင် အထွေထွေအတွင်းရေးမှူး၊ မဟာပရိနိဗ္ဗာနဘုရားကျောင်း အုပ်ချုပ်ရေးမှူးနှင့် ဗုဒ္ဓဂယာဘုရားကြီး ထိမ်းသိမ်းရေးကော်မီတီတွင် ဗုဒ္ဓဘာသာဘက်မှ အဖွဲ့ဝင်တစ်ဦး စသည့်တာဝန်များပါဘဲ။ တပြည်လုံးဗုဒ္ဓဘာသာတွေကို အားနဲသည့်ဘက်မှ ကူညီတာလဲ ပါပါတယ်။

✡ "ကုသိနာရုံမှာကျတော့ ဘာတာဝန်တွေပါလဲဘုရား။"

➤ ဆရာတော်ဦးစန္ဒိမဏိ အလွတ်ပညာသင်ကျောင်း ရာဟုလာ ခလေးများကျောင်း၊ ယသော်ဓရာ မိန်းခလေးများကျောင်း၊ မဟာဝီရနှင့် ရာခကြိဆနာခလေးများ အလယ်တန်းကျောင်း၊ မာလတီပန္ဒေး မိန်းခလေး အထက်တန်းကျောင်း၊ ဗုဒ္ဓဥပစာကောလိပ် ဗုဒ္ဓပို့ဆ်တ်ဒီဂရီ ကောလိပ်ကျောင်းတွေ အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးဖြစ်ပါတယ်။ ကုသိနာရုံ မဟာပရိနိဗ္ဗာနဌာနနှင့် ကုသိနာရုံ စည်ပင်သာယာရေးဌာနတို့ကိုလည်း ပါဝင်ထိမ်းသိမ်းအုပ်ချုပ်ပါတယ်။ ဒီလိုဘဲ သာသနာပြုနေပါတယ်။

✡ "အောင်မြင်ရေးကျင့်စဉ်ကိုလဲ မိန်းကြားတော်မူပါဦးဘုရား။"

➤ ဘုန်းကြီးလိုဘဲ လောကီလောကုတ္တရာနှစ်ဖြာမှာ အောင်မြင်လိုကြလျှင်– — –

–မိမိအလုပ်ကို ရိုသေလေးစားပါ။ စိတ်ဝင်စားစွာနဲ့ ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝိရိယထားပြီး သင့်တော်အောင် လုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။

–စိတ်ကြီးဝင်ခါ ထောင်လွှားကြွတက်တတ်တဲ့ မာနကို ထိမ်းပြီး မိတ်ဆွေညာတိတို့ကို ချိုးမြှောက်ပေးကြပါ။

–ပေါင်းသင်းဆက်ဆံရေးမှာ ပြေလည်စေဘို့ ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကိုသနား တတ်တဲ့ ဂါရဝစိတ်မွေးပြီး ကျေးဇူးပြုပါ။





ကျေးဇူးဆပ်ပါ။ ကျေးဇူးသိတတ်ပါ။ ရန်သူမိတ်ဆွေအားလုံးကို မေတ္တာပို့ပေးပါ။

–မိမိတစ်ယောက်အတွက် မိဘဆွေမျိုး၊ ဆရာသမား၊ မွေးရပ်မြေ၊ မွေးရပ်ပြည်ကို နာမည်ရှိအောင် ဂုဏ်ရှိအောင် အထူးသတိထား၍ ပြုပြင်ပါ။ စောင့်ထိမ်းပါ။

–ကျေးဇူးသိတတ် ပြန်ဆပ်ခြင်းဖြင့် အစားအစာပေါများခြင်း၊ လာဒ်လာဘပေါများခြင်း၊ ရောက်ရာဒေသ၌ အပူဇော်ခံရခြင်း၊ ရန်သူမျိုးငါးပါး ဘေးကင်းဝေးရခြင်း၊ ပရိသတ်အလယ် တင့်တယ်ခြင်း၊ ဂုဏ်သတင်း ကျော်ဇောခြင်း၊ အခြံအရံပေါများခြင်း၊ နတ်အလား တင့်တယ်ခြင်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သီးနှံများ ပေါကြွယ်ခြင်း၊ အမြင့်ထက်မှ ကျသော်လည်း ဆောက်တည်ရာရခြင်း၊ သားသမီးရတနာတပည့်တပန်းတိုးပွားခြင်း၊ ဟူသော ကောင်းကျိုး ၁၀ မျိုးတို့ကို ရရှိနိုင်ပါတယ်။

–သည်းခံသင့်သည်ကို သည်းခံ၊ ခြိုးခြံသင့်သည်ကို ခြိုးခြံနိုင်အောင် ဗဟုသုတအကြားအမြင် သိုမှီးပါ၊ ရှာဖွေပါ။

–ရဲရင့်ပြတ်သား စွန့်စားရမယ့်ကိစ္စကိုလဲ ချင့်ချိန်နှိုင်းဆကာ သတိကပ် လုပ်ဆောင်ဖို့လိုပါတယ်။ အမှန်တရားကို လုပ်ဆောင်ရာတွင် ကြောက်လန့်စရာ လုံးဝမလိုပါ။

–ဆန္ဒစောလွန်းခြင်းတွေကို ကင်းဝေးစေပြီး အရာရာမှာ ကောင်းဖို့ဖြစ်လာတယ်ဆိုတဲ့ ယောနိသော မနသိကာရကို နှလုံးသွင်းကာ ဖြစ်ပေါ်နေတဲ့ ပစ္စုပ္ပန်အခြေအနေတွေကို အနာဂါတ်အတွက် အကောင်းဆုံး ဖြစ်လာအောင် သုံးသပ်ဆုံးဖြတ်လုပ်ဆောင်ပေးပါ။

–လောကဓမ္မကို ရင်ဆိုင်ရဲအောင် ကြိုးစားပါ။ သူများကို မကဲ့ရဲ့မချုပ်ချယ်ပါနှင့်၊ မကောင်းမှုခံရတိုင်း စိတ်အားမငယ်ပါနှင့်၊ ပြုံးရွှင်မှုဖြင့် အားလုံးအောင်မြင်မှု ရတတ်ပါသည်။

တကယ်လို့ ပျက်စီးဆုံးရှုံးမှားယွင်းမှာကို ကြောက်နေရင် ဘဝမှာ ကိုယ်တိုင်အတွေ့အကြုံသစ်တွေကို မရနိုင်ပါဘူး။ အကောင်းဆုံးဆရာလို့ ခေါ်ထိုက်ကြတဲ့ အတွေ့အကြုံတွေကို အရင်းတည်ပြီး ထူးချွန်ပေါက်မြောက်အောင် ကြိုးစားသွားကြပါ။



www.burmeseclassic.com

www.burmeseclassic.com



–ဒါဆိုရင် တနေ့မှာ ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူးနိုင်ကြမှာပါ။ စာဖတ်သူတွေ မိမိတို့ မျှော်မှန်းထားကြတဲ့ ပန်းတိုင်အသီးသီးကို အားထုတ်ခြင်းဖြင့် ရရှိနိုင်ကြပါစေ။

တင်တင် (အဝေးသင်)

*၂၀၀၂ ခုနှစ် အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဦးမောင်မောင်လေး လုမ္ဗိဏီအင်ဂျင်နီယာမှ ကျေးဇူးပြုပေါ်ပြသည်။*

ဘုရားဖူးများတည်းခိုနိုင်ရန် တကာ တကာမများ တောင်းဆိုချက်အရ
မြန်မာပြည်မှ ပညာတတ် **Ph-D** ရဟန်းတော်ခြောက်ပါး
ဦးစီးတည်ဆောက်ထားသော
**မဟာအောင်မြေကျောင်းတိုက်**
**ဗုဒ္ဓဂယာတွင် တည်းခိုခန်းအတွက် စေတနာရှင်များ လိုအပ်သည်**
စုံစမ်းပါ
**မဟာအောင်မြေကျောင်း၊ ဗုဒ္ဓဂယာ**
☎ ၀၆၃၁, ၂၂၀၀၆၇၁





# ကုလားဆာဒူးတစ်ဦး
## ဗုဒ္ဓဘာသာ သာမဏေဖြစ်ခဲ့သည်။

ဟရိဗလ၊ ကုသိနာရုံ

သမီးကလေး ဒီကျောင်းမှာ ဘယ်သူနေသလဲ?၊ ကျမရဲ့ဦးလေး နေပါတယ်။ အခုရှိသလား?၊ အခု ဗာရာဏသီဘက်ကို ခရီးထွက်နေပါတယ်။ ဘယ်တော့ပြန်လာမလဲ?၊ တိတိကျကျ မသိပါ။ စာရေးသူသည် ယိုးဒယားမှ မြန်မာ ဒကာမတစ်စုကို လိုက်ပို့ရင်း ကုသိနာရုံမှ သာဝတ္ထိ၊ ထိုမှ လုမ္ဗိဏီသို့ လိုက်ပို့ရင်း နယ်စပ်မဟင်မီ ဆယ်နာရီကျော်ကျော် ခန့်တွင် ကုန်ဆေရဝါ အမည်ရှိ ရွာအနီး ဥယျာဉ်တစ်ခုတွင် ရပ်နားခါ သာဝတ္ထိမှ အသင့်စီစဉ်ခဲ့သောဆွမ်းကို စားသောက်ရန် စီစဉ်ခဲ့ကြပါသည်။ ကားလမ်းမပေါ်မှနီနီ့သော သရက်တောကလေးတွင် အမှေ့စတာကားကို မောင်းချလိုက်ပြီး သန့်ပြန့်သောနေရာတစ်ခုတွင် ထိုင်ချလိုက်ကြပါသည်။ အချိန်ကား ဖေဖေါ်ဝါရီလကုန် မတ်လ ဆန်းစကလေးဖြစ်ပါသည်။ ညဘက်အေးပြီး နေ့ဘက်တွင် ပူသောအချိန်ကလေးဖြစ်ပြီး အနေခက်လေ ပြင်းပြင်း တိုက်တတ်သောနေ့ဖြစ်ပါသည်။

ဒကာမကြီးတို့မှာ ဆွမ်း၊ ဆွမ်းဟင်းများကို ပန်းကန်တစ်ချပ်တွင် စုပုံထည့်လိုက်ကြပါသည်။ သူတို့သုံး– လေးဦးကတစ်စု စာရေးသူက တစ်ဦးထဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် ထိုင်၍စားနေကြသောအချိန်တွင် လူးခေါ်အနောက်လေပူက လမ်းမကို ဖြတ်ကျော်ပြီး ပြင်းပြင်းကလေး တိုက်ခတ်လိုက်ပါတော့သည်။ သဲမှုန့်၊ ပြာမှုန့်၊ဖုံမှုန့်တို့မှာလည်း ပန်းကန်ပြားချပ် အတွင်းသို့ အတင်းဝင်လာကြပါတော့သည်။ အပေါ်မှဆားဖြူးလိုက်သလို တစ်ပန်းကန်လုံး ပြည့်သွားခဲ့ပါသည်။ စားလို့မရတော့ပါ။ ပန်းကန်ကိုချပြီး ပတ်ဝန်းကျင်ကို လှေ့လာရင်း သရက်ဥယျာဉ်ကလေးကို လှည့်ပတ်ကြည့်နေမိသည်။ သရက်ဥယျာဉ်ကလေး၏ မြောက်ဘက်နားတွင် အဆောက်ဦးလေးတစ်ခုရှိပါသည်။ အဆောက်အဦးကိုကြည့်နေရင်း အသက်ခုနစ်နှစ်ခန့်ရှိ မိန်းကလေးတစ်ဦးနှင့် တွေ့ခဲ့သည်။ အထက်ပါစကားမှ ၄င်းမိန်းကလေးကို မေးခဲ့သောစကားဖြစ်သည်။ အဆောက်ဦးအနောက်ဘက်တွင် ဟိန္ဒီဘာသာဖြင့် ကပီးရ်ပန္ထီမတ္ထ် ကပီးရ်ဆာဒူးကျောင်းဟု ရေးသားထားပါသည်။

စာရေးသူစဉ်းစားမိသည်။ နယ်စပ်နှင့်နီးသော ဤနေရာတွင် ဗုဒ္ဓဘာသာဝင်ကျောင်းတစ်ကျောင်း ဖြစ်လာခဲ့ရင် သိပ်ကောင်းမှာပဲဟု စိတ်ကူးဖြစ်လာခဲ့သည်။ လှည့်ပတ်ကြည့်ရှုပြီး ဒကာမကြီးတို့ ထမင်းစားသောက်ပြီး နယ်စပ်ပက်(စ်)ပို့များ အိန္ဒိယနိပေါ နှစ်ဘက်လုံးစစ်ဆေးပြီး လုမ္ဗနီသို့ ခရီးထွက်ခဲ့ကြပါသည်။ ဘုရားဖူးများ ခဏခဏ ရောက်လာတတ်ကြရာ ပထမတစ်ခေါက်၊ ဒုတိယတစ်ခေါက်၊ တတိယတစ်ခေါက်ရောက်ရှိပြီး စတုတ္ထမြောက်တွင် ထိုကျောင်းသို့ရောက်ခဲ့သည်။ ကုလားဆာဒူးတစ်ဦးနှင့် တွေ့ခဲ့သည်။

ဆာဒူးမှာ အသက်(၉၀) ကျော် (၁၀၀) နီးပါးခန့်ရှိမည်ဟု ထင်ရသည်။ သူကသူ့အသက် (၁၂၅) နှစ်ရှိပြီဟု ပြောပြခဲ့သည်။ မဟတ္တမဂန္ဒီနှင့် လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်ဟုလည်း ပြောပြခဲ့သေးသည်။ ပွဲထဲမှဝန်ကြီးဝတ်စားသလို အင်္ကျီရှည်ကြီး လက်ပွပွညစ်ထေးသော အဝတ်တထည်ဝတ်ထားပါသည်။ စာရေးသူက စကားစလိုက်ပါသည်။

ဆာဒူးဘာဘာ ဒီကျောင်းကို ခင်ဗျားပိုင်သလား?၊ ဟုတ်ပါတယ်။ ကျနော်ပိုင်ပါတယ်။ ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ?၊ အသက်(၁၂၅) နှစ်ရှိပါပြီ။ ဘယ်သူနှင့်နေထိုင်သလဲ?၊ တပည့်တစ်ဦးရှိပါတယ်။ ဆာဒူးဘာဘာ ခင်ဗျားလဲ ဆာဒူး ကျုပ်လဲ ဆာဒူးတဦးပါ။ ကျုပ်က ဗုဒ္ဓတရားတော်ကို ယုံကြည်တဲ့ဆာဒူးပါ။ ခင်ဗျားက ကဗီးရ်တရားကို ယုံကြည်တဲ့ဆာဒူးတစ်ဦးပါ။





ဆာဒူးဆိုတာ ကောင်းတဲ့အလုပ်ကို လုပ်တတ်ကြတဲ့ပုဂ္ဂိုလ်ချည်းပါဘဲ။ လူများစုအကျိုးရှိအောင် လူများစု ချမ်းသာသုခရရှိအောင် ဆောင်ရွက်ကြတာ အတူတူပါဘဲ။ သို့သော် – ခင်ဗျား ဝတ်ထားတဲ့အဝတ်နှင့် ကျုပ်ဝတ်ထားတဲ့အဝတ်ဟာ သိတ်ကွာခြားပါတယ်။ ခင်ဗျားကိုတွေ့ခဲ့ရင် ခင်ဗျားနှင့်သိတဲ့လူမှ လက်အုပ်ချီ၍ နမာစတေးလုပ်ကြမယ်။ လူတိုင်းလူတိုင်းမလုပ်တတ်ကြဘူး။ ကျုပ်ကိုတွေ့ရင်တော့ အိန္ဒိယ တိုင်းရင်းသားတွေသာမက ကမ္ဘာ့အရပ်ရပ်က ပုဂ္ဂိုလ်များ နမာစတေးလုပ်ကြမယ်။ လုပ်ကြတယ်။ လူမြင်တိုင်းလဲ ကြည်ညိုမှု သဒ္ဓါတရားနှင့်ပြည့်စုံပြီး နမာစတေးလုပ်တတ်ကြတယ်။ လှူဒါန်းပေးကမ်းတတ်ကြတယ်။

ဆာဒူးဘာဘာ ခင်ဗျားဒီအဝတ်ကို မဝတ်ချင်ဘူးလားလို့မေးရင်း ကိုယ့်သင်္ကန်းစကိုကိုင်ပြီး လှုပ်ပြခဲ့သည်။ ဟာ...ဝတ်ချင်တာပေါ့။ ဘယ်ကရမလဲ?၊ ပြန်မေးလိုက်သည်။ စာရေးသူကပြန်ဖြေလိုက်သည်။ ဆာဒူးဘာဘာ ဒီအဝတ်နေရာတကာမှာရတတ်တယ်။ သို့သော် ဒီအဝတ်မဝတ်ခင် ဥပဒေစောင့်ရမယ်။ အနည်းဆုံး ဥပဒေ ဆယ်မျိုးကို စောင့်ရမယ်။ စောင့်နိုင်မလား?၊ ဥပဒေဆယ်ခုဆိုတော့ စောင့်နိုင်ပါတယ်။ ဥပဒေဆယ်မျိုးက ဘာတွေဘာတွေလဲ။ ပထမဥပဒေက သူ့အသက်မသတ်ရဘူး။ ဒုတိယက သူများပစ္စည်းပိုင်ရှင်မပေးဘဲမယူရဘူး။ တတိယက သူ့သားမယား မပြစ်မှားရဘူး။ ဗြဟ္မစရိယကိုကျင့်ရမယ်။ စတုတ္ထက လိမ်မပြောရဘူး။ ပဉ္စမ သေရေသေရက် မူးယစ်တဲ့ ပစ္စည်းများ မသုံးဆောင်ရဘူး။ ဆဌမ နေ့ ဆယ့်နှစ်နာရီကျော်လွန်ရင် အစာမစားရဘူး။ သတ္တမ ကခြင်းသီးဆိုခြင်း စသည် မလုပ်ရဘူး။ အဋ္ဌမ အမွှေးနံ့သာ စသည် မသုံးဆောင်ရဘူး။ နဝမ မြင့်တဲ့နေရာ မြတ်တဲ့နေရာကိုလဲ အလိုလို မသုံးဆောင်မနေထိုင်ရဘူး။ ဒသမ ရွှေငွေဒင်္ဂါးတို့ကို သာယာမှုမရှိရဘူး လက်မခံရဘူး။ ဒါဟာ ဥပဒေဆယ်ခုပါဘဲ။ ဟာ...ဒါတော့အလွယ်ကလေးပါဘဲ။ စောင်နိုင်မလား?၊ စောင့်နိုင်ပါတယ်။ တပည့်တကာများရှိသလား?၊ ရှိပါတယ်။ သူတို့နှင့် တိုင်ပင်ပါအုံးခင်ဗျား။ သဘောတူရင် ကျုပ်လာခဲ့မယ်။ ပြောဆိုပြီး ကုသိနာရုံသို့ ထွက်လာခဲ့ပါသည်။ စာရေးသူသည် ယူပီပြည်နယ် အနောက်ပိုင်းနှင့် **မဒျပြဒေဆ်၊ ရာဇဆထန်း**ပြည်နယ်များတွင် ဤကဗီးရ်ပန္ထီးဆာဒူး တစ်ထောင်ကျော်ကို ပထမကတည်းက ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့ပြီးဖြစ်ပါသည်။ ကျောင်းနှင့်နီးစပ်



www.burmeseclassic.com

www.burmeseclassic.com



သော နေရာများတွင် မလုပ်ပေးနိုင်ခဲ့ပါ။ ကဗီးရ်ပ္ပန်းကို ဇတ်နိမ့်များသာ ယူတတ်ကြပါသည်။ ကုသိနာရုံအနီးအပါးတွင် မလုပ်ပေးနိုင်ခဲ့ပါ။ မလုပ်ဝန့်ခဲ့သေးပါ။ ဒီဆာဒူးကို ဆွယ်လိုက်လျှင် ပါလာမည်ဟုတော့ သေသေချာချာသိပါသည်။ ဤကဲ့သို့ပင် ကျောင်းနှင့်ကပ်နေသော ရပ်ရွာများမှ ဇတ်နိမ့်များကို ဗုဒ္ဓဘာသာ မလုပ်ဝန့်ခဲ့သေးပါ။ ပထမ ကုသိနာရုံ ဆရာတော်ကြီးလဲ ကျောင်းအနီးအနားတွင် ဗုဒ္ဓဘာသာ မသွင်းပေးခဲ့ပါ။ ၁၄၊ ၂၊ ၁၉၉၃ ခုနှစ် လူပေါင်းတစ်သိန်းကျော် ဗုဒ္ဓဘာသာ ကုသိနာရုံတွင် ဖြစ်လာခဲ့သည်။ ရှင်ပေါင်း ၂၆၀ ပါး ဖြစ်ခဲ့သည်။ ရဟန်း ၃၁ ပါးဖြစ်လာခဲ့သည်။ ထိုအချိန်က မြန်မာမှ သံဃာနာယက အကျိုးတော်ချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဦးဝဏ္ဏသိရိ သံလျှင်မင်းကျောင်းဆရာတော်၊ သာထွန်းပြန့်မှ တကာတော်ဦးစောလျှံထူး၊ သာသနာတော် ဦးစီးဌာနမှ တကာတော် ဦးသိန်းအောင်နှင့် ရဟန်းမယ်တော် ရွှေရတု ဒေါ်သန်းတင်တို့ တက်ခဲ့ကြသည်။ ငွေသိန်းကျော် ကုန်ကျခဲ့သည်။ မြန်မာပြည်မှ စေတနာရှင်တကာ၊ တကာမများမှ သင်္ကန်း(၂၀၀)စုံ ကျော်ရရှိခဲ့ပါသည်။ ဆရာတော်ကြီးနှင့် အထက်ပါ တကာကြီးများနှင့် တကာမကြီးများကို လုံးဝအသိမပေးခဲ့ပါ။ ပွဲတော်သို့ တောင်ကလေး ဆရာတော်ဖားအံနှင့် ရဲကျောင်းဆရာတော်တို့လည်း ပါဝင်ခဲ့ပါသည်။

တစ်စုံတစ်ဦးကိုမျှ အသိမပေးခဲ့ပါ။ ဘာလဲဘာလဲ ဘာဖြစ်သလဲလို့ မေးနိုင်ပါသည်။ ရင်တဒိတ်ဒိတ်နှင့် ပွဲတော်ကျင်းပခဲ့ရပါသည်။ ပထမနေ့ ဒလိုင်းလားမား လာရောက်မည်။ ဒုတိယနေ့ အိန္ဒိယဒုတိယသမတကြီး တက်ရောက်မည်။ တတိယနေ့ (၁၃၊ ၂၊ ၁၉၉၃) ခုနေ့ပြည်ထဲရေးဒုတိယဝန်ကြီး တက်ရောက်မည်။ စတုတ္ထနေ့ ဗုဒ္ဓဘာသာသွင်းမည်၊ ရှင်ပြုမည်၊ ရဟန်းခံမည် စသည်ဖြစ်ခဲ့သည်။ ကုသိနာရုံအနီးအနားရှိ ပုဏ္ဏားများသည် မရအရဖျက်စီးရန် ကြံခဲ့ကြသည်။ ပထမနေ့တားခဲ့သည်။ ပျက်သွားသည်။ မလာဖြစ်ခဲ့။ ဒုတိယနေ့ပျက်သွားခဲ့သည်။ မလာဖြစ်ခဲ့။ တတိယနေ့တွင် ကာကွယ်ရေးဒုဝန်ကြီးမှာ စာရေးသူနှင့်ခင်မင်ကြသူ ဇတ်နိမ့်ဝန်ကြီး ယူပီပြည်နယ် ဆီတာပူရ်ခရိုင်မှဖြစ်သည်။ သူ၏ P.A မှာ စာရေးသူ၏တပည့် I.A.S အရာရှိ လက္ခနောင်းမြို့သား အဂျယ်မလ ဟုတ္တရာ ဆိုသူဖြစ်သည်။ ပထမကတည်းက အခြေအနေအားလုံးကို တိတိကျကျပြောဆိုပြီး





ဟိန္ဒီလိုတဝက် အင်္ဂလိပ်လိုတဝက် ဝန်ကြီးမိန်းခွန်းကို ရိုက်ယူလာခဲ့ရန် ပြောထားခဲ့ရသည်။ အားလုံးအဆင်သင့်ဖြစ်သည်။ သို့သော် –သို့သော် – ဘာသို့သော် လဲ?၊ မေးစရာရှိသည်။

ဟာ...လုပ်လိုက်တာ စာဖတ်သူပရိသတ်ရယ်၊ အဘက်ဘက်မှတားရန် ကြံခဲ့သော်လည်း မရတော့၊ ၁၃၊၂၊ ၉၃ ရက်နေ့ စနေနေ့ ပွဲတော်မကျင်းပရန် ရုံးတော်မှ စတေးအော်ဒါ ယူလိုက်ပါသည်။ စာဖတ်ပရိသတ်တော့ ထင်ကြမည်။ ကုသိနာရုံဆရာတော်ရှုံးပြီ။ မရတော့ဘူးဟုထင်ကြမည်။ ထင်လည်း ထင်ကောင်းစရာပင်ဖြစ်သည်။ ၁၃၊ ၂၊ ၉၃ ရက်နေ့ စနေနေ့ ရုံးမှာတက်၍ တရားဆိုပါတော့သည်။ ကုသိနာရုံမြန်မာကျောင်းတွင် ကျင်းပမည့်ပွဲတော်ကို ၁၃၊ ၂၊ ၉၃ ရက်နေ့ စနေနေ့ရုံးမှာတက်၍ တရားဆိုပါတော့သည်။ **ကုသိနာရုံ ဆရာတော်တော့ ရှုံးပြီ။ မရတော့ဘူးဟုထင်ကြမည်။ ထင်လည်းထင်ကောင်းစရာပင်ဖြစ်သည်။** ၁၃၊ ၂၊ ၉၃ ရက်နေ့ စနေနေ့ဖြစ်သည်။ နေ့ထက်ဝက်ရုံးပိတ်သည်။ စတေးအော်ဒါ ညနေသုံးနာရီခွဲ လေးနာရီနီးပါးခန့်တွင် လာပေးခဲ့သည်။ ရုံးချိန်မရှိတော့ပါ။ စာရေးသူသည် ထိုအချိန်က စက်ရှင်တရားသူကြီး ဂါဂျီးပူရ်မှလာသော ရဟန်းခံရှင်ပြုရန်လာသူဖြစ်သည်။ တိတ်တိတ်တိုင်ပင်ခဲ့ကြသည်။ ကားတစ်စီးဖြင့် အေလာဟာဘာဒ်မှ ဟိုက်ကုတ်ရှေ့နေလည်းပါသည်။ တရားသူကြီးနှင့် ရှေ့နေနှစ်ဦးလုံးမှာ ဗုဒ္ဓဘာသာ ဖြစ်ပြီးသားဖြစ်သည်။ ရှင်ပြုမည်။ ရဟန်းခံမည်ဟု ရည်ရွယ်ချက်နှင့်လာသူများဖြစ်သည်။ သူတို့နှစ်ဦးနှင့် ကျောင်းဆရာတဦး ကားတစ်စီးနှင့် ကဆီယာတရားရုံးမှ စတေးအော်ဒါကို ပယ်ဖျက်ရန် ညနေလေးနာရီခန့် ဒေဝရိယာ ခရိုင်မြို့သို့ (နှစ်ဆယ့်တစ်မိုင်)၊ သုံးဆယ့်လေးကီလိုမီတာဝေးသောရုံးသို့ လိုက်သွားခဲ့ရသည်။ ရုံးတော့ ပိတ်သွားခဲ့ပါပြီ။

ဟာ...သွားပြီးသွားပြီ။ ဘယ်သွားရမလဲ?၊ ရပါသည်။ တကယ့်ကို ရပါသည်။ ကြိုးစားက လကမ္ဘာ တက်ရောက်နိုင်ကြသည်။ လူ့ပြည်မှာလုပ်လို့ မရတာ ဘယ်ရှိမလဲ။ ကြိုးစားရင် တကယ့်ကိုရပါသည်။ ဟုတ်ပါသည်။ စာရေးသူတို့ဒေဝရိယာမှ စက်ရှင်တရားသူကြီး ကာလီကျရဏ်း အိမ်သို့သွားကြသည်။ ၎င်းအိမ်တွင် တရားရုံးထိုင်ရန် လျှောက်ကြပါသည်။ နက်ဖြန် ၁၄၊ ၂၊ ၉၃ တနင်္ဂနွေနေ့ ဒေလီမှဝန်ကြီးလာ၍ ဖွင့်လှစ်မည့်ပွဲတော်ဖြစ်၍ တကယ့် မနာလို



www.burmeseclassic.com

www.burmeseclassic.com



ဣသာမဇ္ဈေရနှင့်လုပ်ကြသော စတေးအော်ဒါကို ဖျက်သိမ်းပေးပါရန် လျှောက်လဲခဲ့ကြပါသည်။ စင်စစ်မှာ တရားသူကြီးနှစ်ဦးလုံးမှာ ကျောင်းနေဘက် သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။ ဒါလဲ စာရေးသူဘက်မှ အထူးနိုင်ကွက် တစ်ခု ဖြစ်ခဲ့သည်။

၁၄၊ ၂၊ ၉၃ တနင်္ဂနွေနေ့အတွက် ခွင့်ပြုချက်ရခဲ့သည်။ စာရေးသူမှာ နာမည်မကြီးချင်ဘဲ နာမည်ကြီးခဲ့ရပါသည်။ ပြည်ထဲရေးဝန်ကြီးဖြစ်၍ စုံထောက်များ၊ စသုံးလုံးများအားလုံး ကူညီခဲ့ကြသည်။ လျှို့ဝှက်သတင်းများ ပုဏ္ဏားများ၏ မလိုလားမှုများကို ပြောပြခဲ့ကြသည်။ မလိုလားခဲ့သောပုလိပ်များ ပုဏ္ဏားများကို ထိုနေရာမှ ဖယ်ပေးခဲ့ကြသည်။ ပုလိပ်ဦးရေတစ်သိန်း...တစ်သိန်း...တစ်သိန်း၊ ယုံချင်မှယုံကြမည်။ တကယ့်ကို တစ်သိန်းတက်ရောက်၍ ကူညီခဲ့ကြပါသည်။ ဗုဒ္ဓဘာသာဝင်ကြမည့်သူက တစ်သိန်း၊ ပုလိပ်က တစ်သိန်း တက်ရောက်ခဲ့ကြသည်။ ပွဲတော် အထူးစည်ကားခဲ့ကြပါသည်။ ဤအကြောင်းကို မြန်မာပြည်မှ "မဇ္ဈိမဒေသတကျော့ပြန်" နာမည်ဖြင့် ရုပ်မြင်သံကြားမှ မြင်ခဲ့ကြပြီးဖြစ်သည်။

တခါတရံ ဤကဲ့သို့အဖျက်သမားများရှိခဲ့တတ်သည်။ ယခုလည်း ဤဆာဒူးကို ဗုဒ္ဓဘာသာဆာဒူးလုပ်ရန် လွယ်သလောက်နှင့်ခက်ပါသည်။ ကြောက်လဲ ကြောက်ရသည်။ သတိရှိရန်တော့ အထူးလိုအပ်ပါသည်။ ဆာဒူးသင်ဖြစ်ပါသည်။ ပေးကမ်းတတ်သူ၊ လှူဒါန်းသူကို အားလုံးကချစ်ခင်တတ်ကြပါသည်။ မျက်ချစ်မန္တန်နှင့် မန်းမှုတ်စရာ မလိုပါ။ ချစ်ခင်သောစကားကို ပြောတတ်ရပါမည်။ လိုတာဖြည့်ဆည်းပေးတတ်ရမည်။ ကိုရင်မလုပ်ပေးမီ သူသည် စာရေးသူအားပေးရင်း ပေးရင်းနှင့် ကြည်ညိုလာခဲ့သည်။ ချစ်ခင်မှုရှိလာခဲ့သည်။ ဟိုရောက်တိုင်း ရောက်တိုင်း ညကျရင်ထ၊ ထပြီး နှိပ်ပေးတတ်သည်။ ဂုရုဂျီးဟု ခေါ်လာခဲ့သည်။ စာရေးသူကလည်း အားနာသည်။ သူ့အသက်သူပြောပြချက်အရ ၁၂၅ နှစ်၊ သို့သော်အသက်တစ်ရာထက်တော့ နည်းမည်မဟုတ်တော့ပါ။ စာရေးသူမှာ ထိုအချိန်က ၅၀ ပင်မပြည့်သေးပါ။ သူ့ကို နားလည်မှုရှိအောင် ပြောပြရပါသည်။ ငါတော့အသက်ငယ်သည်။ ငါ့တပည့်တော့အသက်ကြီးသည်။ အသက်ကြီးသူက အသက်ငယ်သူကို ဆည်းကပ်ရမည်ဟု ဗုဒ္ဓတရားတော်မှာ မရှိခဲ့ဘူး။ ကျုပ်ခွင့်လွှတ်ပါတယ်ဟု ခဏခဏ ပြောပြရသည်။





နောက်ဆုံးတွင် ၄င်းဟိန္ဒူဆာဒူးဘေကျူးဒါဆ်သည် စာရေးသူထံတွင် ဗုဒ္ဓဘာသာ သမဏေဘဝသို့ ရောက်လာခဲ့ပါသည်။ သူ့ကျောင်းတွင်ရေးထားသော **ကစီးရ်မန္တီမတ်** ဆိုသော စာလုံးကိုဖျက်၍ ဗုဒ္ဓဝိဟာရစကားသို့ ရောက်ရှိလာခဲ့ပါသည်။ ကျောင်းကလေးမှာ အထက်ခန်းတွင် ဘုရားကျိန်းစက်တော်မူရာ ဗုဒ္ဓဘာသာဘုရား ကျောင်းသို့ ပြောင်းလဲလာခဲ့ပါသည်။ ဂေါရခပူရ်မှ နီပေါသွားလမ်းမကြီးပေါ်တွင် နောင်တန်န်ဝမှ (၃) ကီလိုမီတာ ကျော်ကျော်ဝေး၍ ဆုနောင်လီမှလည်း (၃) ကီလိုမီတာ ကျော်ကျော်ဝေးပါသည်။ လမ်းဘေးနားတွင် ဟိန္ဒီလိုနှင့် အင်္ဂလိပ်လို "ဘိက္ခုစန္ဒရာမဏိဝိဟာရ" ဟုဆိုင်းဘုတ်ကြီးရေးထားတာ တွေ့ရပါလိမ့်မည်။ လမ်းဘေးနားတွင် ကပ်လျက်သားဖြစ်ပါသည်။ ကျောင်းမဖြစ်မီ ထိုနေရာမှ နောင်တန်န်ဝသို့ (၃) ကီလိုမီတာဆိုသော်လည်း ယခုဆက်စပ်နေသလိုတွေ့ရပါသည်။ ထို့အတူဆိုနောင်လီသို့လည်း မဝေးတော့ပါ။ တော်တော့်ကို တန်းဘိုးကြီးမားလာသော နေရာထူးတစ်ခု ဖြစ်ပါသည်။ ဆာဒူးကို ရှင်ပြုပေးသောနေ့တွင် မြန်မာပြည်မှ ဘုရားဖူးအဖွဲ့တစ်ဖွဲ့မှ ကူညီပေးခဲ့ကြသည်။ အထူးကျေးဇူးတင်မဆုံးခဲ့ပါ။ တိုးရိဆ်ဘားမား မြန်မာခရီးသွားများမှ ဦးဆောင်သောအချိန်ဖြစ်သည်။ ရှင်ဖြစ်သွားခဲ့ပါပြီ။

၁၉၈၃ ခုနှစ်သို့ရောက်ခဲ့သည်။ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။ နေ့ထူးနေ့မြတ်ကို ရွေးချယ်ပြီးစိတ်ကူးခဲ့ပုံ ရသည်။ မနက်စောစောရေချိုးခဲ့သည်။ သာမဏေဘေကျူဒါဆ် ခေါ်ဥာဏသာဂရသည် ဆရာဆီသွားမည်။ ဆရာဆီသွားမည်ဟု ခဏခဏပြောခဲ့သည်။ သူ့လက်ထွင် ကျိတ်ကျိတ်ကလေး ဆုတ်ကိုင်ထားသော စာရွက်လိပ်ကလေးတစ်ခုလည်း ပါခဲ့သည်။ စာရေးသူဆီမှ ပို့ထားသော ကုလားရဟန်း ဓမ္မသာဂရလည်း ထိုကျောင်းတွင် နေထိုင်ခဲ့သည်။ ပထမဆာဒူးဘဝနှင့်နေခဲ့စဉ်က တပည့်လုပ်ထားသော ရာမဆုဘာဂ အမည်ရှိ ကုလားဆာဒူးတပည့်လည်းပါခဲ့သည်။ ကတ်စေးနည်းသောလူမျိုးဖြစ်သည်။ တရုတ်လိုရှာ၊ ကုလားလိုစု၊ မြန်မာလို မသုံးနှင့်မဖြုန်းနှင့်စကားကို အထူး နားလည်ကြရမည်။ ကပ်စေးနည်းသင့်သော နေရာတွင် နည်းသင့်ရပါလိမ့်မည်။ ကားခဆို နောက်လီမှ၊ ဂေါရခပူရ်ကို ထိုအချိန်က ၁၂ ရူပီး ပေးရပါသည်။ နောင်တန်န်ဝမှ ဂေါရခပူရ် မီးရထားခ ၆ ရူပီးသာပေးရပါသည်။ ရထားနှင့်လာရန်စီစဉ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရထားဘူတာသို့ရောက်ခဲ့ကြသည်။ ရထားလက်မှတ်ယူရန် ဓမ္မသာဂရ ဆိုသူ စာရေးသူ၏တပည့်ကုလားရဟန်းက လက်မှတ် ၃ စောင်ဖြတ်ရန် သွားနေခဲ့သည်။ ရာမ်ဆုဘာဂဆာဒူးမှာ သူ့ဆရာကို ကြောဘက်မှကပ်၍ ထိုင်နေခဲ့ကြသည်။ လက်မှတ်ရလာခဲ့သည်။ ပြန်လာတော့ ...ဟာ့... အသက်မရှိတော့ဘူး။ ကုလားကိုယ်ရင်ကြီး ဘေကျူးဒါဆ်ခေါ် ဉာဏသာဂရ ထိုင်လျက်သားနှင့် **ဘဝနတ်ထံ** အသွား မြန်ခဲ့ပါပြီ။ ဘယ်လိုလုပ်မလဲ ကုဆေရဝါရွာသို့ပြန်ခဲ့ကြရသည်။ ကျောင်းတွင်ထား၍ ဦးဓမ္မသာဂရ ကုသိနာရုံကျောင်း သို့ပြန်ခဲ့သည်။ စာရေးသူအား အကြောင်းကြားခဲ့သည်။ စာရေးသူတွင် ဟိုအချိန်က ဂျစ်ကားမျှသာ ရှိပါသေးသည်။ ဂျစ်ကားနှင့် ခပ်သုတ်သုတ်ကလေး ရဟန်းရှင် (၁၂) ဦးခန့်နှင့် နီပေါမှ တကာ၊ တကာမ (၂) ဦးပေါင်း၍ နယ်စပ်သို့ လာခဲ့သည်။ အချိန်ကား (၁၀) နာရီခန့် ရှိနေပါပြီ။

လူအုပ်ကြီး၊ လူအုပ်ကြီး၊ တကယ့်ကိုလူအုပ်ကြီး၊ လူပေါင်း(၅၀၀၀) ကျော်မည်။ စာရေးသူရောက်သွားတော့ ဝုန်းခနဲ မတ်တပ်ရပ်လိုက်ကြသည်။ သူတို့မှာဆန့်ကျင်ဘက်လုပ်ရန် ကြံဆနေပုံရပါသည်။ ဒီကျောင်းသည် ကုလားဆာဒူးကျောင်း ကုလားတပည့်ကို ပေးရမည်စသည်ဖြင့် ပြောဆိုနေခဲ့ကြသည်။ သူ့တပည့်က သူ့ဆရာကို မီးသင်္ဂြိုလ်မည် စသည် အော်ကျယ်အော်ကျယ် ပြောဆိုနေခဲ့ကြသည်။ ဂျစ်ကားပေါ်မှဆင်းလျှင်ဆင်းချင်း လူအုပ်ကြီးဆီသို့ စာရေးသူလျှောက်သွားခဲ့သည်။ ကြောက်သင့်သောနေရာတွင် ကြောက်ရမည်၊ မကြောက်သင့်သောနေရာတွင် လုံးဝမကြောက်သင့်ပါ။ မှန်သောစကား မှန်သောအလုပ်လုပ်ရာတွင် လုံးဝကြောက်စရာမလို။ ပြောရဲဆိုရဲရှိရမည်။ စာရေးသူ ရှေ့တက်ပြီးတကဲ့ သတ္တိရှိရမည်။ မြန်မာ့သတ္တိကို ကမ္ဘာကသိရမည်။ အမှားကိုလုပ်ဘို့ကြောက်ရမည်။ အမှန်ကိုလုပ်ရန် မကြောက်သင့်ပါ။ ပြောရဲဆိုရဲရှိရမည်။ စာရေးသူ ရှေ့တက်ပြီး"ကဲကဲ ထိုင်ကြပါ၊ ထိုင်ကြပါ"ဆိုတာနှင့် ထိုင်ချလိုက်ကြပါသည်။ စာရေးသူကတော့ စကားတစ်ခုမေးရန် ပလ္လင်ခံလိုက်သည်။

ကျနော် တစ်ခုမေးချင်သည်။ ဖြေကြပါ။ တရားသည်တရားဖြစ်သည်။ ဘာသာရေးတွင် မတရားသဖြင့် မလုပ်သင့်ပါ။ ကျနုပ်စကားကိုဖြေကြပါ။ ခင်ဗျားတို့ဟိန္ဒူဘာသာတွင် လူတစ်ယောက်သေလို့ရှိခဲ့ရင် နောက်ဆုံးကိရိယာ





လုပ်သင့်လုပ်ထိုက်တာကို ဘယ်သူကလုပ်ရသလဲ?၊ အဖေအမေ သေခဲ့ရင် ဘယ်သူက လုပ်သလဲ? သားကလုပ်ရသည်၊ သားသမီးသေရင် အဖေက လုပ်ရသည်ဟု ဖြေခဲ့ကြသည်။ ဟုတ်ပြီဟုတ်ပြီ။ ဒါတော့ လူ့လောကလူ့ထုံးတမ်းစဉ်လာပါဘဲ။ တကယ်လို့ သားကသေသွားရင် ဘယ်သူကလုပ်ရမလဲ?၊ အဖေကလုပ်ရမည်ဟု ဖြေကြသည်။ တကယ်လို့ ဆာဒူးလောကမှာ ဆရာဆုံးခဲ့ရင် ဘယ်သူကလုပ်ရမလဲ?၊ တပည့်ကလုပ်ရသည်ဟု အဖြေရပါသည်။ တကယ်လို့တပည့်ဆုံးခဲ့ရင် ဘယ်သူကလုပ်ရသလဲ?၊ ဆရာကလုပ်ရသည်ဟု ဖြေကြသည်။

အဲအဲဟုတ်ပြီ။ ကျနုပ်တို့ ဗုဒ္ဓဘာသာမှာလဲ ဒီအတိုင်းပါဘဲ။ အမေ အဖေဆုံးရင် သားသမီးကနောက်ဆုံး အလုပ်ကိုလုပ်ရသည်။ သားသမီးဆုံးရင် အမေအဖေကလုပ်ရသည်။ ဘာသာရေး ရသေ့၊ ရဟန်းတို့မှာလဲ ဆရာ ဆုံးရင် တပည့်၊ တကာ၊ တကာမက လုပ်ရသည်။ တပည့်ရဟန်းကိုရင်ဆုံးလျှင်လဲ ဆရာကလုပ်ရမည်။ ဒါယာလောက နိယာတရားပါဘဲ။ ဒီတော့ အခု ဉာဏသာဂရ ဆုံးသွားပြီ။ ဉာဏသာဂရ ကျုပ်(စာရေးသူ)၏ တပည့်ဖြစ်သည်။ တကယ်လို့ ကျနုပ်သေသွားခဲ့ရင် ကျုပ်တပည့်က သင်္ဂြိုလ်ရမည် ဒါဟာ လောကနိယာမ။ ဟိန္ဒူဘာသာအရ လည်းကောင်း၊ ဗုဒ္ဓဘာသာအရလည်းကောင်းဖြစ်သည်။ ဘယ်သူတစ်ဦးတယောက်မျှ ကန့်ကွက်စရာလဲ မလိုဘူး။ အဝတ်အစားကိုသာကြည့်ပါ။ နာမည်မသိသူကရှိချင်ရှိမည်။ သူ့နာမည်ဟာ ပထမက ဘေကျူးဒါဆ်လို့ခေါ်သည်။ ယခုဉာဏသာဂရ လို့ခေါ်သည်။ နီးစပ်သူများတော့ အားလုံးသိကြမည်။

နိုင်ခဲ့ရသည်။ နိုင်ခဲ့ပါပြီ။ ကျောင်းကိုလှူရန်အမည်ပေးခဲ့သည်။ **ဆရာတော် ဦးစန္ဒြာမဏိ ဗုဒ္ဓဝိဟာရ** ဟုပေးခဲ့ပါသည်။ စာရွက်ကလေးကိုပြခဲ့သည်။ စာရေးသူအားပေးရန် လာခဲ့ရင်း လမ်းတွင်ဆုံးခဲ့ရပါသည်။ တပည့်များကို ပြောခဲ့သည်။ ငါ့နာမည်နှင့်ရှိရင်တော့ မင်းတို့ နေချင်ကြမှာမဟုတ်ဘူး။ ကုသိနာရုံ အသင်းနာမည်နှင့်သာ လုပ်ထားခဲ့ကြပါဟုပြော၍ ပြန်လာခဲ့သည်။ ဓမ္မသာဂရ နေထိုင်ခဲ့သည်။ သို့သော်လုံးဝတိုးတက်မှုမရှိခဲ့ပါ။ ကျောင်းနောက်ဘက်တွင် မြေအနည်းငယ်ဝယ်ခဲ့သည်။ စာရေးသူလည်း မြေအတွက်လှူဒါန်းခဲ့သည်။ ဘေကျူးဒါဆ်ခေါ် ဉာဏသာဂရ ပျံလွန်တော်မူခဲ့သည်မှ ဘာမျှမတိုးတက်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဓမ္မသာဂရမှာ ယခုမှအသက် (၅၈-၅၉) နှစ်ခန့်ရှိပါသေးသည်။ စာရေးသူနှင့် နှိုင်းယှဉ်ရမည်ဆိုလျှင် သူပင် ကြီးသည်ဟု ထင်မှတ်ရပါသည်။ သွားရင်းသွားရင်း ထိုးလဲတတ်ပါသည်။ စိတ်မနှံ့သလိုပြောချင်ရာ ပြောတတ်ပါသည်။ စာရေးသူအားလာ၍ ပထမ **ဉာဏသာဂရသာမဏေလို့** ကျောင်းနှင့်မြေကြီးကို ထိန်းသိမ်းပါဟု လှူဒါန်းပါသည်။ သူ၏ ကုလားတပည့်များ သူနှင့်နီးစပ်သော ကုလားရဟန်းတော်များက နိုင်ငံခြားသားဆရာကိုမပေးနှင့်ဟု ခဏခဏ ပြောတတ်သည်။ သူတို့နာမည်နှင့် ရေးသားရန် ပြောကြသည်။ ဒီလိုပြောလေသူခဗျာ ဦးနှောက်ခြောက်အောင် ဖြစ်ရသည်။ ဖေဖော်ဝါရီလ ရောက်လာခဲ့သည်။ ပထမ တပည့်လာခဲ့သလို သူလည်းရောက်လာခဲ့သည်။ စာရေးသူအဖို့ စဉ်းစားရသည်။ ပထမ ဗေကျုံးဒါဆ်ခေါ် ဉာဏသာဂရသည် ဝါကျွတ်လပြည့်နေ့ ၁၉၈၃ ခုနှစ်ဆုံးသွားခဲ့သည်။ တစ်ခုမျှ မလုပ်ဖြစ်ခဲ့။ ယခု စာရေးသူသည် ၆၊ ၄၊ ၂၀၀၁ ရက်နေ့ သူနှင့်လိုက်သွားခဲ့သည်။ မြေဂရမ်စသည့် မြေတိုင်းစာရေးနှင့် တိုင်းကြည့်ကြသည်။ သူ့အားခဏခဏမေးခဲ့သည်။ ဘယ်လိုပေးမှာလဲဟုမေးကြသည်။ ငါသေတော့မည်။ ရေးချင်သလိုဘဲရေးပါဟု မေးသမျှပြန်ဖြေခဲ့သည်။ ကျောင်းမှထွက်ပြီး နေရူရာဟိုတယ် ဆိုနောင်လီ နီပေါနယ်စပ်တွင် တစ်ည အိပ်ကြသည်။ မြေတိုင်းစာရေးရှေ့နေ ဆမာဂျကလျာဏ အိန္ဒိယအစိုးရအရာရှိတဦးနှင့် ဝဲလ်ဖဲယာ ကျောင်းဆရာတစ်ယောက်လည်း ပါခဲ့သည်။ သူတို့နှင့် ကျဆမန်းဘာဘာခေါ် ဆရာတော်၏စိတ်ချရသော ဆီးလ်ပြကာဆ် (သီလပကာသ) ရဟန်းကို အတူထည့်ပေးလိုက်သည်။ တံဆိပ်ခေါင်း စာရွက်စာတမ်းများအားလုံး အဆင်သင့်ဖြစ်အောင် လုပ်ကြရသည်။ စာရွက်စာတမ်းအားလုံး ရေးသားပြီးမှ နောက်တစ်နေ့ ၇၊ ၄၊ ၂၀၀၂ နေ့ စနေနေ့ ညနေ (၄) နာရီခန့်တွင် လက်မှတ်ထိုး၍ ဗေကျုံးဒါဆ် နာမည်နှင့်ရှိသောမြေကို ဆရာတော်ဦးစန္ဒြာမဏိဝိဟာရနှင့် တခြားကျန်မြေအားလုံးကို ကုသိနာရုံ ဆရာတော် **ဦးဉာဏိဿရ** နာမည်နှင့် လှူဒါန်းရေးသားခဲ့ရသည်။ စာရေးသူမှာ နီပေါနယ်စပ်မှဖြတ်၍ နီပေါနှင့်လည်း အဆက်အသွယ် ဖြစ်နိုင်ပါသည်။ ဆရာတော်ကြီးဦးစန္ဒြာမဏိမွေးနေ့နှင့် ဆရာတော်ဦးစန္ဒြာမဏိ လူ(၆)သိန်းကျော် ဗုဒ္ဓဘာသာဝင်ပွဲအထိမ်း အမှတ်နေ့တွင် ရှင်ပြုနှစ်စဉ်ကျင်းပခဲ့ရာ တခါတရံ ငွေမရှိဘဲ





လုပ်ရတတ်သည်။ သို့သော် ငွေမရှိ၍ မလုပ်နိုင်ဟုမပြောဘဲ ရဟန်းခံရှင်ပြုပွဲလုပ်ပြီးနောက် နီပေါပြည်ထဲသို့ ဆွမ်း၊ ဆန်စိမ်း လောင်းပွဲသို့ တက်ရောက်ပြီး ဆွမ်း၊ ဆန်အလှူခံ ထွက်တတ်ပါသည်။ နီပေါ အိန္ဒိယ နှစ်နိုင်ငံနယ်စပ် တွင် တည်ရှိ၍ နှစ်နိုင်ငံလုံး ဗုဒ္ဓဘာသာ ဆတက်တပိုး တိုးတက်နိုင်စေရန် ရည်သံလျက် ဤမြေကြီးကိုအလှူခံ လိုက်ရပါသည်။ စိတ်စေတနာ ကောင်းကောင်းနှင့် လုပ်ရသောအလုပ်သည် နေရာတကာတွင် အောင်မြင်ဖြစ်မြောက်တတ်ပါသည်။ နီပေါနယ်စပ်ဆို နောင်လီမှ (၂) ကီလိုမီတာဝေးသော ဤနေရာသည် နောင်တန်နဝမြို့ ဆက်စပ်နေပြီးဖြစ်ရာ အလွန်အရေးပါအရာရောက်သော နေရာကောင်းတစ်ခု ဖြစ်နေပါပြီ။ နီပေါပြည်လုမ္ဗိနီသို့အချိန်အခါမဟုတ်၍ မဝင်ရ၍ အခက်အခဲတွေ့ကြုံရတတ်သော ပုဂ္ဂိုလ်များ၏ တည်းခိုမှီခိုနိုင်ရာ နေရာကောင်းတစ်ခုဖြစ်နိုင်ပါသည်။ ဤမြေအလှူပွဲသို့ တက်ရောက်ကြသော အရာရှိများမှာ နယ်စပ်ပုလိပ်၊ ကပ္ပတိန်ယာဒဝ်ဝ်ကြီးနှင့် ဝဲလ်ဖဲယားအရာရှိ P.C ယာဒဝ်ဝ်တို့လည်း ပါဝင်ခဲ့ကြပါသည်။ ဒီနေရာကို နေရာကောင်းတစ်ခု ဖြစ်မြောက်ရန်အတွက် မြန်မာပြည်မှ သာသနာပြုစိတ်ဓါတ် ပါဝင်ကြသောပုဂ္ဂိုလ် လူပုဂ္ဂိုလ်ရဟန်းပုဂ္ဂိုလ်များ လိုအပ်ပါသည်။ ယခုမလေးရှားမှ တကာငါးဦးက ငါးခမ်းလှူမည်ဟု သိရပါသည်။ သုံးထပ်ကျောင်းဆောင်ရန် ရည်ရွယ်ထားပါသည်။ ဗုဒ္ဓသာသနာတော်ကြီးနေပိုလလို ထွန်းလင်းပါစေ။

ဟရိဗလ-ကုသိနာရုံ



www.burmeseclassic.com

www.burmeseclassic.com



# သစ္စမေဝဇာယတေ

ဟရိဗလ–ကုသိနာရုံ

"ဆတျမေဝဇာယတေ" "အမှန်သည် အောင်မြင်ခြင်းကို ဖြစ်စေသည်။"

ဗုဒ္ဓဇယန္တီပွဲတော်သည် ကုသိနာရုံမှစခဲ့သည်။ ဗုဒ္ဓဇယန္တီစကားသည် ကုသိနာရုံမှစခဲ့သည်။ ကုသိနာရုံတွင် လွန်ခဲ့သော ၁၉၁၉ ခုနှစ်မှစ၍ ကုသိနာရုံ ဆရာတော်ကြီးနှင့် နာမည်ကျော် ကမ္ဘာ့ဗုဒ္ဓစာပေပြုစုခဲ့သူ ရာဟုလာ သံကိစ္စည်းတို့ ဆရာတပည့် နှစ်ယောက်ကြောင့် ဗုဒ္ဓဇယန္တီစကားစတင်ခဲ့ကြသည်။

**ဆာနာတန်းဓရ်မ်** (ဆာနာတန်းဓမ္မ)ခေါ်သော ဟိန္ဒူဘာသာဝင်များမှာ အယူသည်းကြပြီး ဇာတ်ကြီးဇာတ်ငယ် မြောက်မြားစွာ တည်ထွင်ခဲ့ကြသည့် ဘေဒ၊ သာမ၊ ဒါန၊ ဒါဏ္ဍ စသော ဥပါယလေးမျိုးနှင့် ဘာသာတစ်ခုလုံးကို ကိုယ့်တစ်ကိုယ်ကောင်း၊ ကိုယ်တစ်မျိုးကောင်း၊ ကိုယ့်တစ်ဇာတ်ကောင်းအောင် တည်ထွင်ခဲ့ကြသည်။ ကိုယ်ကသူများ အပေါ် နိုင်အောင်ပြုထားခဲ့သော နည်းပေါင်းစုံထဲမှ မိမိသာလျှင် လူပေါ်ကလူလုပ်လို၍ ဇာတ်ကိုဖြစ်နိုင်သည်ထက် ဖြစ်အောင် များနိုင်သည်ထက်များနိုင်အောင် သင်းခွဲစနစ် တည်ထွင်ထားခဲ့ခြင်းဖြစ်ကြသည်။ ကိုယ့်ထက်သာသူကို ကိုယ့်အောက်ရောက်အောင် လုပ်တတ်သောအလေ့ ရှိကြ





သည်။ နေနှင့်လ သာသနာပြုသွားခဲ့ကြသော ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒြာမဏိမှာ လကဲ့သို့ အေးမြသော အလင်းရောင်ကလေးကို လက်ဝယ်ပိုက်ပြီး ပထမဆုံးဗုဒ္ဓဂယာ ရောက်ခဲ့သည်။ သို့သော် မရပ်တည်နိုင်ခဲ့ပေ။ ထိုမှသည် ကာလကတ္တား၊ ထိုမှ ကုသိနာရုံ ရောက်ခဲ့ရသည်။

ဘာသာသာသနာများနှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကို ဦးစားပေး၍ ဒုက္ခိတသတ္တဝါအားလုံးကို ကူညီပါသည်။ အကြမ်းမဖက်ခဲ့ဘဲ လကဲ့သို့ အေးမြသော လရောင်တည်းဟူသောစိတ်ဖြင့် ဗုဒ္ဓရောင်ဝါကို ထွန်းလင်းစေခဲ့သည်။ ဤသို့ထွန်းလင်းစေခဲ့၍လည်း လုံးဝပျောက်ကွယ်နေခဲ့သော ဗုဒ္ဓသာသနာရောင်ဝါသည် ဇမ္ဗူဒီပါတောင်ကျွန်းသို့ပြန်၍ ထွန်းလင်းခဲ့သည်။ ဆရာတော်ကြီးမှာ သူတို့၏ဓလေ့သဘာဝကို လိုက်နာရာတွင် အသေးအမွှားမှစ၍ ရှောင်ဖယ်ခဲ့သည်။ ကွမ်းစားဆေးသောက် ဘိနပ်စီး၊ ထီးဆောင်းစသော အမှုမဲ့၊ အမှတ်မဲ့ ရှောင်ကြဉ်ရမည့်ဝတ္တရားမှစ၍ ရှောင်ပါယ်ခဲ့သည်။ လူတို့ကို ကိုယ့်ဘက်ပါလာအောင် ကိုလည်း သူတို့မကြိုက်တာများကို စွန့်ပယ်ပြီး ကိုယ့်ဘက်မှ သွင်းပေးစရာများ ကိုလည်း တစတစသွင်းပေးခဲ့သည်။ ဗုဒ္ဓအကြောင်းသိကောင်းစရာများကိုလည်း သိစေလိုခဲ့သည်။ ထိုနေရာထိုဒေသတွင် သူတို့၏ဘုရားပွဲ ရာမဘုရားပွဲကို စတင်ခဲ့သည်။ တစတစနှင့် ရာမမှသည် ရှင်တော်မြတ်ဗုဒ္ဓအကြောင်းကိုပါ သွင်းပေးခဲ့ပြီးနောက် ၁၉၁၉ ခုနှစ် ဗုဒ္ဓဇယန္တီပွဲတော် စတင်ကျင်းပပေးခဲ့သည်။

ပွဲတော်စသောနေ့တွင် ရထားများလုပ်ပြီး ဘုရားအကြောင်းကို ပေါ်စေခဲ့သည်။ "ကဆုန်လပြည့်နေ့တဲ့... ဗိုက်ဆာခ်ပူရ်ဏိမာ လို့ခေါ်တယ်နော်" ... ဒီနေ့ဟာ နေ့ထူးနေ့မြတ်လို့ခေါ်ရတယ်။ ဂေါတမဗုဒ္ဓ သောကြာနေ့မှာ မွေးဖွားခဲ့သည်။ ၃၅ နှစ်မြောက် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ ဗုဒ္ဓဂယာ၌ ဘုရားဖြစ်ခဲ့သည်။ ကဆုန်လပြည့် အင်္ဂါနေ့မှာ မလ္လာမင်းတို့၏ တခဲနက်သော အင်ကြင်းတောကြီးထဲ အင်ကြင်းပင်ပျို နှစ်ပင်ကြားမှာ မဟာပရိနိဗ္ဗာန် စံမြန်းတော်မူခဲ့သည်။ ဒါကြောင့် ဒီကဆုန်လပြည့်နေ့ကြီးဟာ ထူးမြတ်တဲ့ နေ့ထူးနေ့မြတ် ဗုဒ္ဓဇယန္တီနေ့ ဖြစ်ခဲ့ရတယ်နော်ဟု ဟောပြောခဲ့ရာ စိတ်ဝင်စားအောင်လုပ်ခဲ့သည်။ တိဝိဓပါဝဏီ ဗိုက်ဆာခ်ပူရ်ဏိမာလို့ခေါ်သည်။



www.burmeseclassic.com

နာဆတိ၊ နာဆတိ၊ နာဆတိ တဲ့ ပျက်စီးတဲ့သဘောတရားရှိသတဲ့။ ဘုရားကိုးကွယ်လျှင် ပျက်စီးတတ်သတဲ့။ သူတို့ယုံကြည်မှုကတော့ တကယ့်ကို ထူးဆန်းပါတယ်။ ဗုဒ္ဓရုပ်ပွါးတော်များ၊ ဗုဒ္ဓကျောင်းတော်များ၊ ဗုဒ္ဓနဲ့ ပတ်သက်သော သာသနိကပစ္စည်းများ အဆောက်အဦးများကို ဖျက်ဆီးခဲ့လေတော့ နာစရာဖြစ်ခဲ့ရတာပေါ့။ ဒါကို တကယ် ပျောက်ပျက်အောင် လုပ်ဆောင်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးကတော့ ကုသိနာရုံဆရာတော် ဦးစန္ဒြာမဏိ မဟာထေရ်မြတ် ဖြစ်ခဲ့သည်။ ဆရာတော်ကြီးမှာ အမှားတရားတွေကို ပျောက်ပျက်အောင် ဖျက်စီးစေခဲ့ပြီး ဗုဒ္ဓ၏ အမှန်တရားတော်ကို အိန္ဒိယနိုင်ငံတော်တစ်ခုလုံးကို ပျံ့နှံ့စေခဲ့ပါသည်။ ဗုဒ္ဓဘာသာစာပေများကို ဘာသာပြန်စေခဲ့သည်။ မိမိကိုယ်တိုင်လည်း ဘာသာပြန်ခဲ့သည်။ ဗုဒ္ဓဇယန္တီနေ့တွင် ဗုဒ္ဓတရားတော်များကို တစေတစသိနားလည်စေရန် ဗုဒ္ဓဇယန္တီပွဲတော်ကို ရာမပွဲတော်မှတလှမ်းထောက်ခုန်ပြီးစခဲ့သော နေ့ထူးနေ့မြတ်ဖြစ်ခဲ့သည်။

ကုသိနာရုံတွင်ကျင်းပခဲ့သော ရာမပွဲတော်မှ တစ်ခေါက်တစ်လှမ်း ခုန်လိုက်သော နေ့ထူးနေ့မြတ်ဖြစ်ခဲ့သည်။ နေ့ထူးနေ့မြတ်ဖြစ်၍လည်း ယနေ့ထိထိုနေ့ကို စာရေးသူတို့ ဆက်လက်ကျင်းပမြဲဖြစ်သည်။ စာရေးသူသည် ၁၉၆၃ ခုနှစ် အိန္ဒိယသို့ ရောက်ခဲ့ရသည်။ ဆရာတော်ကြီးအား လုပ်ကျွေးပြုစုရန်သွားခဲ့သည်။ ဆရာတော်ကြီးကို လုပ်ကျွေးရင်းနှင့်နေခဲ့ရာ တစ်ဖက်မှာ ပညာသင်ခဲ့သည်။ တစ်ဖက်မှ ဆရာတော်ကြီး၏ အလုပ်အကိုင်များကိုလုပ်ခဲ့သည်။ တစ်ဖက်မှ ကျောင်းတိုက် ကြီးပွါးရေး၊ သာသနိကကျောင်းမြေထိန်းသိမ်းရေးများကို ပြုလုပ်ပေးခဲ့သည်။ ဤသို့လုပ်ရင်း ကိုင်ရင်း တစ်ပိုင်းတစ်စသာ ရှိသေးခဲ့သည်။ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်ခဲ့သည်။

၁၉၇၂ ခုနှစ်မေလ ခုနှစ်ရက်နေ့ ညရှစ်နာရီဖြစ်သည်။ ပထမ ရောမကြီးမားလှသော ညောင်ဗောဓိပင်တစ်ပင် လဲခဲ့သည်။ မလဲမီလေမတိုက်၊ မိုးမရွာဘဲ ကျိုးကျမည့်အသံကြီးတစ်ခု ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့် တကျွတ်ကျွတ်နှင့် အသံကြီးမြည်နေခဲ့သည်။ မမြင်ရသောနေရာမှ ကြားနေရသောအသံဖြစ်၍ ကြက်သီးမွေးညှင်းထနေခဲ့မိသည်။ ကုသိနာရုံတွင် တစ်ခုထဲသော သိမ်တော်ကြီး၏ အောက်ထပ်တွင် ကုသိနာရုံဆရာတော်ကြီးမှာ လွန်ခဲ့သောငါးရက်ခန့်မှ အိပ်ရာထဲ





တွင် ကျိန်းစက်အိပ်ပျော်နေခဲ့သည်။ ဆရာတော်ကြီး၏ဟောက်သံမှာ တကယ့်အိပ်မောကျနေသော လူကောင်းတစ်ယောက်၏ ဟောက်သံအတိုင်းပင်ဖြစ်သည်။ နေ့ရောညပါ တစ်ဦးထဲမနေမနား ကြိုးစားပြုစုပေးရခြင်းကြောင့် လူကလည်းပန်း စိတ်ကလည်းနွမ်းခဲ့ရပါပြီ။ ဘဝကပေးလိုက်ခဲ့သော လူ့ဘဝ၏ ဇာတိ ဇရာ မရဏသို့ နီးကပ်နေသော ဆရာတော်ကြီး၏ အခြေအနေကို သိရ၍လည်း စာရေးသူမှာ စိတ်ထိခိုက်ခံစားနေရသည်။ ကုသိနာရုံ သိမ်တော်ကြီးတွင် အောက်ထပ်၌ ပြင်ဆင်ထားသော နေရာတခုတွင် ဆရာတော်ကြီးအပြင် စာရေးသူမှာ သာမိုမီတာ တစ်ခု၊ ဗလာကော်ပီ စာအုပ်တစ်အုပ်၊ ခဲတံတစ်ချောင်းနှင့် ဆရာဝန်ထံမှပေးထားခဲ့သော ဆေးများကိုတစ်ခုပြီးတခု ဆက်ကပ်ခဲ့သည်။ သာမိုမီတာဖြင့် တစ်နာရီခြားတစ်ခါ တိုင်းခဲ့သည်။ မှတ်သားခဲ့ရသည်။ နာရီ၊ မိနစ်၊ စက္ကန့် မလစ်ဟင်းရအောင် ပြုစုခဲ့ရသည်။ သို့သော် အနိစ္စသဘောတရားကိုကား ဘယ်သူမှ မလွန်ဆန်နိုင်ခဲ့သည့်အတွက် ဆရာတော်ကြီးမှာ ၁၉၇၂ ခုနှစ် မေလ ၈ ရက်နေ့ မနက် ကိုးနာရီ လေးဆယ့်ငါးမိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ရသည်။

ဆရာတော်ကြီး၏ အရိပ်အာဝါသကို ခံယူရသည်မှာ ယခုမှရှစ်နှစ်ကိုးလသုံးရက်မျှသာ အချိန်ကာလ ရှိပါသည်။ ကုလားစကား၊ ကုလားစာနှင့် ကုလားစာပေတို့ကို ကျကျနန မသိခဲ့သေးပါ။ စာရေးသူသည် ဆရာတော်ကြီး၏တပည့်ရင်းနှီးသူများနှင့်တော့ သိခဲ့ရသည်။ ဆက်ဆံခဲ့ရသည်။ လိပ်စာနေရပ်ကိုသိခဲ့ရသည်။ ဆရာတော်ကြီး၏ စာသင်ကျောင်းအုပ်ချုပ်ပုံ၊ အလယ်တန်းအုပ်ချုပ်ပုံ၊ အထက်တန်းအုပ်ချုပ်ပုံ၊ ကောလိပ်ကျောင်းအုပ်ချုပ်ပုံ၊ ဒီဂရီ ကောလိပ်အုပ်ချုပ်ပုံ အခြေအနေတို့ကိုတော့ သိခဲ့ရသည်။ ရှစ်ရက်နေ့မနက်ဘက် ဆရာတော်ကြီး ပျံလွန်တော်မူသည်နှင့်တပြိုင်နက် စာရေးသူ၏ရင်ခွင်ထဲတွင် ခံစားရသော လေမုန်တိုင်းကြီးနှင့်အတူ တစ်ကြိမ်တစ်ခါမျှ မဖြစ်စဖူးသော အပြင်မှလာသော လေမုန်တိုင်းကြီးသည်လည်း ညှော်ခံရန်ထားရှိသော ရွက်ထည်တဲကြီးကို ယူသွားသယ်သွား ခဲ့ပါတော့သည်။ စာရေးသူမှာကား ဘာလုပ်ရမှန်းမသိခဲ့တော့။ စာရေးသူ၏အသဲနှလုံးကိုလည်း လေရူးကယူသွား ခဲ့သလို ယူသွားပါတော့သည်။ တပည့်ပေါင်းစုံကို ဖိတ်ခဲ့ရသည်။ သို့သော် နာမည်ကျော် ဆရာတော်၏တပည့်သုံးဦးထဲမှ တပါးဖြစ်သော ဓမ္မရက္ခိတဆရာတော်မှာ မတက်ရောက်နိုင်ခဲ့ပါ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၁၀၊ ၅၊ ၁၉၇၂ ခုနှစ် အန္တိမဈာပနလုပ်ခဲ့ကြရသည်။ အိန္ဒိယဝလေ့၊ အိန္ဒိယ ထုံးစံအတိုင်း လုပ်ရန်ကြံစည်ခဲ့ရသည်။ ပူအိုက်သောအချိန်ဖြစ်၍လည်း ဆေး ဘက်ဆိုင်ရာဌာန ခွင့်ပြုချက်ကို ရယူရပါသည်။ ဒေဝရိယာမှ ခရိုင်ဆေးတာဝန်ခံ ဗုဒ္ဓဘာသာဝင် **သီရိရဗိန္ဒြတာလုကေဒါရ်**ဆိုသူ ဆရာဝန်ကြီး **CMO** ကလည်း ကိုယ့်ဗုဒ္ဓဘာသာတိုင်းပြည်မဟုတ်၍လည်း ပို၍သတိထားရန် သတိပေးသဖြင့် ဆယ်ရက်နေ့ ညနေသုံးနာရီမှ အသုဘလှည့်ပွဲလုပ်ခဲ့ရသည်။

လူပေါင်း ထောင်ပေါင်းများစွာ၏ မျက်ရည်မိုးကြားထဲမှ ဆရာတော်၏ အလောင်းတော်ကို သင်္ဂြိုလ်ရန် လှည့်လယ်ခဲ့ပါတော့သည်။ တဘက်မှာလည်း ပုဏ္ဏားများက ပုဏ္ဏားခြေထိုးမှုများ စခဲ့ပါတော့သည်။ ၂၀၊ ၅၊ ၇၂ နေ့ အလှူကြီးပေးရန် စီစဉ်ခဲ့ကြသည်။ သည်အတောအတွင်း အရှင်ဓမ္မရက္ခိတ ၁၆ ရက်နေ့တွင် ရောက်လာခဲ့သည်။ သူရောက်သည်ဆိုလျှင်ပင် တို့မီး၊ ရှို့မီးများသည် တစတစလောင်ကျွမ်းလာခဲ့သည်။ ၂၀ ရက်နေ့တွင် လူပေါင်း ခြောက်ထောင် ကျော်တို့အား သူတို့ဓလေ့ထုံးစံအရ ကျွေးမွေးခဲ့ရပါတော့သည်။ ဆရာတော် ကြီးမှာ တကယ့်တကယ် ရဟန်းကျင့်ဝတ်နှင့်အညီ နေထိုင်သီးတင်းသုံးတော် မူခဲ့ပါသဖြင့် ဘာတစ်ခုမျှ မသိမ်းမဆည်းမထားရှိခဲ့ပါ။ ဘဏ်စာအုပ်ထဲတွင်(၄၈) ရူပီးမျှသာရှိခဲ့ပါသည်။ စာရေးသူကား အိန္ဒိယရောက်ကတည်းက ခံစားခဲ့ရ သောကြောင့် ကြိုးစားခဲ့သည်။ စာ–ကက်ကရော အလုပ်ဘက်ကပါ ကြိုးစားပမ်း စား လုပ်ကိုင်ခဲ့ရာ ကျောင်းတွင် လုံခြုံမှုဘက်ကရော စားသောက်ကုန်ပစ္စည်းပစ္စယ ဘက်မှရော စုဆောင်းခဲ့မိသည်။ ကျောင်းတွင် လယ်ထွန်စက်ဝယ်၍ ဝတ္ထုကမြေ များကို လုပ်ခဲ့ရာ စပါး၊ ဆန်၊ ဂျုံ၊ အာလူး၊ ဆီ၊ ပဲ စသော စားသောက်စရာ မျိုးစုံကိုလည်း စုဆောင်းမိထားသည်။ ဟင်းအတွက် အာလူးစိုက်၍ အာလူး(၅၀) ကွိန်တယ်လ်ကိုလည်း စုဆောင်းထားမိခဲ့သည်။ လူပေါင်းခြောက်ထောင်ကျော်ကို ကျွေးမွေးရမည်ဖြစ်ရာ အဆင်သင့်စေရန် စီစဉ်ရပါတော့သည်။ အရှင်ဓမ္မရက္ခိတ ရောက်သောနေ့ကပင် ပုဏ္ဏားများချပေးခဲ့သော ရန်မျိုးစေ့ဟာ အညှောင့်ထွက် လာခဲ့ပါတော့သည်။ တော်တော့ကို ကြောက်စရာကောင်းပါသည်။ စာရေးသူ အား အိန္ဒိယလာရောက်ရန် စပွန်ဆာပေး၍ ဖိတ်သူမှာလည်း ဓမ္မရက္ခိတ ပင် ဖြစ်သည်။ ဆရာတော်ကြီးဦးစန္ဒြာမဏိ၊ ဆရာတော်ဦးကိတ္တိမာနှင့် အရှင်ဓမ္မ





ရက္ခိတတို့၏ စီစဉ်မှုကြောင့် စာရေးသူ အိန္ဒိယသို့ ရောက်ခဲ့ရသည်။ ဆရာတော် ကြီးထံပါးတွင် ဦးအစ္စုတာနန္ဒဆိုသူ ပုဏ္ဏားရဟန်းတစ်ပါးလည်း ရှိပါသေးသည်။ ထိုပုဏ္ဏားရဟန်းမှာ ဆရာတော်ကြီးနှင့်လည်း အဆင်မပြေပါ။ ဓမ္မရက္ခိဆရာတော် မှာ ဆရာတော်ကြီးနှင့် ဆရာတော် ဦးကိတ္တိမာတို့နှင့်လည်း အဆင်ပြေပါသည်။ အကယ်၍ ဆရာတော်ကြီးပျံလွန်တော်မူခဲ့လျှင် ကုလားပုဏ္ဏားလူမျိုး ဦးအစ္စုတာနန္ဒလက်ထဲ ရောက်သွားခဲ့ပါလျှင် ဓမ္မရက္ခိတလည်း ကုသိနာရုံ ပြန် နိုင်မည်မဟုတ်ပါ။ ဆရာတော်များ စုဝေးပြီးတိုင်ပင်ကာ စာရေးသူအား ဖိတ်မံခဲ့ရ ခြင်းဖြစ်သည်။ ဓမ္မရက္ခိတ စရိတ်ဖြင့် စာရေးသူတို့အား ကာလကတ္တား သွားစ ရိတ်၊ ကလကတ္တားမှ လာစရိတ်စသည်မှာလည်း ဓမ္မရက္ခိတကပင် ထောက်ပံ့ခဲ့ ပါသည်။

စာရေးသူမှာ ဆရာတော်ကြီး မရှိသည့်နောက် ခိုကိုးရာမဲ့ဘဝ ဖြစ်နေ ချိန်တွင် ဓမ္မရက္ခိတနှင့် တဖန်ရင်ဆိုင် ရမည့်ရန်ကို တွေ့မြင်နေရပြန်ရာ စိတ်မ ကြည်မအေး ဖြစ်ခဲ့ရပါသည်။ ကျောင်းတိုက်ကြီးတွင်လည်း ကျောင်းအုပ်ချုပ်ရေး ကျောင်းဆရာများမှအစ အားလုံးဆန့်ကျင်ဘက်ဖြစ်လာခဲ့ရသည်။ အလုပ်သ မားများလည်း လက်ကိုင်မရတော့ပါပြီ။ ကျောင်းတွင် ကိုယ့်ညီအစ်ကိုမောင်နှမ လို ခင်မင်ကြသောကိုယ်၏တပည့်တပန်းအားလုံးမှာ စာရေးသူနှင့်ဆန့်ကျင်ဘက် ဖြစ်အောင် ပုဏ္ဏားများက ဝေဖန်ကြပါတော့သည်။ အရှင်ဓမ္မရက္ခိတ ရောက် သောနေ့မှစ၍ တိတ်တိတ်ပုန်း စည်းဝေးမှုများ ကျင်းပကြသည်။ သို့သော် ... သို့သော် ... စာဖတ်သူများ သတိထားကြလိုပါသည်။ အိန္ဒိယသားများ ပုဏ္ဏားဇာတ်ဝင်လူတို့ဟာ ဘယ်လိုမယုံသင့်သလဲဆိုတာကို စဉ်းစားကြပါကုန်။ သူတို့သည် စည်းဝေးကြပါ၏။ သူတို့ထဲမှ တစ်ဦးဦးက စာရေးသူအားလာ၍ တိတ်တိတ်လာပြောပါသည်။ စာရေးသူ တိတ်တိတ် စီစဉ်ရပါတော့သည်။ ဤ သို့ဖြင့် ၂၀၊ ၅၊ ၇၂ ရက်နေ့လူပေါင်း ၆၀၀၀ ကျော် ရွာပေါင်း ၂၅ ရွာခန့်မှ လာသမျှလူများကို ကျွေးမွေးရပါသည်။ အားလုံး အဆင်ပြေခဲ့ပါပြီ။ ၂၉ ရက်နေ့ တွင် ရုံးပေါင်း ၈ ခုတွင် တရားစွဲဆိုခဲ့ကြသည်။ စာရေးသူအနေနှင့် ကျေးဇူးရှိခဲ့ ဘူးသူ ဓမ္မရက္ခိတအား မပြစ်မှားမိဘို့ အထူးသတိထားရပါတော့သည်။ ၂၉၊ ၅၊ ၇၂ ရက်နေ့မှစတင် တရား ဆိုင်ခဲ့ရရာ တစ်နှစ်အတွင်း တရားပေါင်း ၅ ခု ပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



၁၀၊ ၅၊ ၁၉၇၂ ခုနှစ် အန္တိမဈာပနလုပ်ခဲ့ကြရသည်။ အိန္ဒိယခလေ့၊ အိန္ဒိယထုံးစံအတိုင်း လုပ်ရန်ကြံစည်ခဲ့ရသည်။ မှုအိုက်သောအချိန်ဖြစ်၍လည်း ဆေးဘက်ဆိုင်ရာဌာန ခွင့်ပြုချက်ကို ရယူရပါသည်။ ဒေဝရိယာမှ ခရိုင်ဆေးတာဝန်ခံ ဗုဒ္ဓဘာသာဝင် **သီရိရဗိန္ဒြတာလုကေဒါရ်**ဆိုသူ ဆရာဝန်ကြီး **CMO** ကလည်း ကိုယ့်ဗုဒ္ဓဘာသာတိုင်းပြည်မဟုတ်၍လည်း ပို၍သတိထားရန် သတိပေးသဖြင့် ဆယ်ရက်နေ့ ညနေသုံးနာရီမှ အသုဘလှည့်ပွဲလုပ်ခဲ့ရသည်။

လူပေါင်း ထောင်ပေါင်းများစွာ၏ မျက်ရည်မိုးကြားထဲမှ ဆရာတော်၏ အလောင်းတော်ကို သင်္ဂြိုဟ်ရန် လှည့်လယ်ခဲ့ပါတော့သည်။ တဘက်မှာလည်း ပုဏ္ဏားများက ပုဏ္ဏားခြေထိုးမှုများ စခဲ့ပါတော့သည်။ ၂၀၊ ၅၊ ၇၂ နေ့ အလှူကြီးပေးရန် စီစဉ်ခဲ့ကြသည်။ သည်အတောအတွင်း အရှင်ဓမ္မရက္ခိတ ၁၆ ရက်နေ့တွင် ရောက်လာခဲ့သည်။ သူရောက်သည်ဆိုလျှင်ပင် တို့မီး၊ ရှို့မီးများသည် တစတစလောင်ကျွမ်းလာခဲ့သည်။ ၂၀ ရက်နေ့တွင် လူပေါင်း ခြောက်ထောင်ကျော်တို့အား သူတို့ဓလေ့ထုံးစံအရ ကျွေးမွေးခဲ့ရပါတော့သည်။ ဆရာတော်ကြီးမှာ တကယ့်တကယ် ရဟန်းကျင့်ဝတ်နှင့်အညီ နေထိုင်သီးတင်းသုံးတော်မူခဲ့ပါသဖြင့် ဘာတစ်ခုမျှ မသိမ်းမဆည်းမထားရှိခဲ့ပါ။ ဘဏ်စာအုပ်ထဲတွင်(၄၈) ရူပီးမျှသာရှိခဲ့ပါသည်။ စာရေးသူကား အိန္ဒိယရောက်ကတည်းက ခံစားခဲ့ရသောကြောင့် ကြိုးစားခဲ့သည်။ စာ–ကက်ကရော အလုပ်ဘက်ကပါ ကြိုးစားပမ်းစား လုပ်ကိုင်ခဲ့ရာ ကျောင်းတွင် လုံခြုံမှုဘက်ကရော စားသောက်ကုန်ပစ္စည်းပစ္စယဘက်မှရော စုဆောင်းခဲ့မိသည်။ ကျောင်းတွင် လယ်ထွန်စက်ဝယ်၍ ဝတ္ထုကမြေများကို လုပ်ခဲ့ရာ စပါး၊ ဆန်၊ ဂျုံ၊ အာလူး၊ ဆီ၊ ပဲ စသော စားသောက်စရာမျိုးစုံကိုလည်း စုဆောင်းမိထားသည်။ ဟင်းအတွက် အာလူးစိုက်၍ အာလူး(၅၀) ကွိန်တယ်လ်ကိုလည်း စုဆောင်းထားမိခဲ့သည်။ လူပေါင်းခြောက်ထောင်ကျော်ကို ကျွေးမွေးရမည်ဖြစ်ရာ အဆင်သင့်စေရန် စီစဉ်ရပါတော့သည်။ အရှင်ဓမ္မရက္ခိတ ရောက်သောနေ့ကပင် ပုဏ္ဏားများချပေးခဲ့သော ရန်မျိုးစေ့ဟာ အညှောင့်ထွက်လာခဲ့ပါတော့သည်။ တော်တော့ကို ကြောက်စရာကောင်းပါသည်။ စာရေးသူအား အိန္ဒိယလာရောက်ရန် စပွန်ဆာပေး၍ ဖိတ်သူမှာလည်း ဓမ္မရက္ခိတ ပင်ဖြစ်သည်။ ဆရာတော်ကြီးဦးစန္ဒြာမဏိ၊ ဆရာတော်ဦးကိတ္တိမာနှင့် အရှင်ဓမ္မ





ရက္ခိတတို့၏ စီစဉ်မှုကြောင့် စာရေးသူ အိန္ဒိယသို့ ရောက်ခဲ့ရသည်။ ဆရာတော်ကြီးထံပါးတွင် ဦးအဇ္ဈတ္တာနန္ဒဆိုသူ ပုဏ္ဏားရဟန်းတစ်ပါးလည်း ရှိပါသေးသည်။ ထိုပုဏ္ဏားရဟန်းမှာ ဆရာတော်ကြီးနှင့်လည်း အဆင်မပြေပါ။ ဓမ္မရက္ခိဆရာတော်မှာ ဆရာတော်ကြီးနှင့် ဆရာတော် ဦးကိတ္တိမာတို့နှင့်လည်း အဆင်ပြေပါသည်။ အကယ်၍ ဆရာတော်ကြီးပျံလွန်တော်မူခဲ့လျှင် ကုလားပုဏ္ဏားလူမျိုး ဦးအဇ္ဈတ္တာနန္ဒလက်ထဲ ရောက်သွားခဲ့ပါလျှင် ဓမ္မရက္ခိတလည်း ကုသိနာရုံ ပြန်နိုင်မည်မဟုတ်ပါ။ ဆရာတော်များ စုဝေးပြီးတိုင်ပင်ကာ စာရေးသူအား ဖိတ်မံခဲ့ရခြင်းဖြစ်သည်။ ဓမ္မရက္ခိတ စရိတ်ဖြင့် စာရေးသူတို့အား ကာလကတ္တား သွားစရိတ်၊ ကလကတ္တားမှ လာစရိတ်စသည်မှာလည်း ဓမ္မရက္ခိတကပင် ထောက်ပံ့ခဲ့ပါသည်။

စာရေးသူမှာ ဆရာတော်ကြီး မရှိသည့်နောက် ခိုကိုးရာမဲ့ဘဝ ဖြစ်နေချိန်တွင် ဓမ္မရက္ခိတနှင့် တဖန်ရင်ဆိုင် ရမည့်ရန်ကို တွေ့မြင်နေရပြန်ရာ စိတ်မကြည်မအေး ဖြစ်ခဲ့ရပါသည်။ ကျောင်းတိုက်ကြီးတွင်လည်း ကျောင်းအုပ်ချုပ်ရေး ကျောင်းဆရာများမှအစ အားလုံးဆန့်ကျင်ဘက်ဖြစ်လာခဲ့ရသည်။ အလုပ်သမားများလည်း လက်ကိုင်မရတော့ပါပြီ။ ကျောင်းတွင် ကိုယ့်ညီအစ်ကိုမောင်နှမလို ခင်မင်ကြသောကိုယ်၏တပည့်တပန်းအားလုံးမှာ စာရေးသူနှင့်ဆန့်ကျင်ဘက်ဖြစ်အောင် ပုဏ္ဏားများက ဝေဖန်ကြပါတော့သည်။ အရှင်ဓမ္မရက္ခိတ ရောက်သောနေ့မှစ၍ တိတ်တိတ်ပုန်း စည်းဝေးမှုများ ကျင်းပကြသည်။ သို့သော် ... သို့သော် ... စာဖတ်သူများ သတိထားကြလိုပါသည်။ အိန္ဒိယသားများ ပုဏ္ဏားဇာတ်ဝင်လူတို့ဟာ ဘယ်လိုမယုံသင့်သလဲဆိုတာကို စဉ်းစားကြပါကုန်။ သူတို့သည် စည်းဝေးကြပါ၏။ သူတို့ထဲမှ တစ်ဦးဦးက စာရေးသူအားလာ၍ တိတ်တိတ်လာပြောပါသည်။ စာရေးသူ တိတ်တိတ် စီစဉ်ရပါတော့သည်။ ဤသို့ဖြင့် ၂၀၊ ၅၊ ၇၂ ရက်နေ့လူပေါင်း ၆၀၀၀ ကျော် ရွာပေါင်း ၂၅ ရွာခန့်မှ လာသမျှလူများကို ကျွေးမွေးရပါသည်။ အားလုံး အဆင်ပြေခဲ့ပါပြီ။ ၂၉ ရက်နေ့တွင် ရုံးပေါင်း ၈ ခုတွင် တရားစွဲဆိုခဲ့ကြသည်။ စာရေးသူအနေနှင့် ကျေးဇူးရှိခဲ့သူ ဓမ္မရက္ခိတအား မပြစ်မှားမိဘို့ အထူးသတိထားရပါတော့သည်။ ၂၉၊ ၅၊ ၇၂ ရက်နေ့မှစတင် တရား ဆိုင်ခဲ့ရရာ တစ်နှစ်အတွင်း တရားပေါင်း ၅ ခု ပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမှန်တရားသည် အမှန်တရားဖြစ်၍ အောင်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်နှစ်တွင် တရားနှစ်ခု ရင်ဆိုင်ခဲ့ရသည်။ နောက်ဆုံးတရားမှာ ကုသိနာရုံမှ တရားဖြစ်သည်။ လယ်တွင် စိုက်ထားသော စပါးများကို ကျွဲများနှင့် တိုက်ကျွေးခြင်း၊ ကြံများကို ခိုး၍ခုတ်ဖြတ်ခဲ့ခြင်း စသည်ကလည်း လုပ်တတ်သေးသည်။ စာရေးသူမှာ ပထမတော့သည်းခံနေခဲ့သည်။ နောက်ဆုံး တရားလွန်လာသော အခါ ပုလိပ်ကို တိုင်ခဲ့ရသည်။ ပုလိပ်များ ကိုတိုင်ရာတွင် လယ်မှထွက်သော စပါးသီးနှံများကို ဉာဏိသရတစ်ပါး စားတာမဟုတ်ဘဲ အိန္ဒိယပြည်သူပြည်သားအလုပ်သမားများအတွက်သာဖြစ်သည်။ ဉာဏိသရရဲ့ဝမ်းသည် တစ်ထွာသာရှိ၍ တစ်ထွာတွင်သာ ထည့်နိုင်ပြီး ကျန်ဆန်ရေစပါးများသီးနှံများသည် အလုပ်သမားများ၊ ကျောင်းဆရာများနှင့် ကမ္ဘာတစ်ခုလုံးမှ ဘုရားဖူးများအတွက်သာ ဖြစ်ကြောင်း အကျယ်တဝင့်ချဲ့၍ပြောခဲ့ရာ ပုလိပ်မှာ စာရေးသူဘက်ပါခဲ့သည်။ ပုလိပ်ရာဇဝတ်အုပ် ဉာနာမ်းဆိန်းဟ် ဟုခေါ်သည်။ စာရေးသူအား အတူသွားရန်ခေါ်သည်။ စာရေးသူက အတူသွားလျှင် စာရေးသူမှာ ရဟန်းတစ်ဦးဖြစ်၍ သူတို့ကတစ်မျိုးတစ်မည်ထင်နိုင်ကြောင်း၊ ဗါလောဒဏ္ဍေန ဆိုသလို လူမိုက်ကို ဒါဏ်ပေး၍သော်လည်းကောင်း၊ ဒုတ်ပေး၍သော်လည်းကောင်း ဆုံးမသင့်ကြောင်း ပြောမှ ပုလိပ်ကသွား၍ မတော်မတရားလုပ်သူများကို ဆုံးမခဲ့သည်။

စာရေးသူအား အရိုက်ခံရသူများကလာ၍ ကန်တော့ခဲ့ကြသည်။ ဤသို့ဖြင့် အမှန်တရားကိုရရှိခဲ့ရသည်။ စာရေးသူ တဖြည်းဖြည်းနှင့် အမှန်တရားကို ရလာခဲ့သည်။ ကုသိနာရုံ၌ ဖြစ်ခဲ့သောတရားရှစ်ခုအနက်မှ ခုနှစ်ခုမှာ နိုင်ခဲ့ပါပြီ။ ကျန်တစ်ခုတော့ တော်တော်နှင့်မပြီးဆုံးနိုင်ခဲ့ပါ။ ဓမ္မရက္ခိတမှာလည်း ပုဏ္ဏားများ ခြေထိုးမှုကြောင့်သာ တရားလုပ်ခဲ့ရသည်။ တရားရင်ဆိုင်ရန် တစ်နေ့မျှ မတက်ရောက်နိုင်ခဲ့ပါ။ စာရေးသူမှာတော့ ကိုယ့်ဘက်ပါလာပါကြောင်း ကုလားပုဏ္ဏားများလာ၍ အားပေးကြသည်။ "ဘာဘာဂျီး ...ဘာဘာဂျီး" ဟုခေါ်ပြီး ဘယ်လိုကူညီမည်။ ဟိုလိုဒီလို ဘာလိုညာလိုနှင့် အလိုပေါင်း ထောင်သောင်းကုဋေ ကူညီရန်ပြောခဲ့ကြသည်။ အားနည်းနေသောအချိန် ဖြစ်၍လည်းကောင်း၊ အားပေးလာသူတို့ထံ ချဉ်းကပ်လိုသော ဆန္ဒကလည်းရှိခဲ့သည်။ နေ့စဉ်လှုတ်ရည်အခွက် ၃၀-၄၀ မှ ၅၀ အထိတိုက်ရသည်။ တစ်ခွက်ကို ၁၀





ပြားခန့်သာပေးရသည်။ ဒါလည်း လက်ထဲတွင် တစ်ပြားမှမရှိသော အချိန်ဖြစ်၍ ၁၀ပြားမှာ ၁၀ ထက်တန်ဘိုးရှိပါသည်။ စာရေးသူအထက်မှရေးခဲ့သည်။ ဆရာတော်ကြီးမရှိသော အချိန်တွင် ဘဏ်၌ (၄၈) ရူပီးသာကျန်ခဲ့သည်။ ဒါကိုလည်း မထုတ်ယူနိုင်ခဲ့ပါ။ မိမိခွန်အားနှင့် လုပ်ထားသော ဝတ္ထကမြေများမှ ရရှိခဲ့သော စပါး၊ ဆန်၊ ဂျုံ ပဲစသည်မှလည်း ဆွမ်းကျွေးခဲ့ရ၍ ဘလာနတ္ထိဖြစ်နေပါပြီ။ ရှေ့ဆက်၍ ဘယ်လိုလုပ်ရပါမည်နည်း။ စဉ်းစားသည်၊ စဉ်းစားသည်။ အားကိုတော့ မလျှော့ခဲ့။ ယောက်ျားတို့သတ္တိသေခါမှ လျှော့မည်ဆိုသော သတ္တိကလေးတစ်လုံးကို လက်ဝယ်ပိုက်ပြီးတော့ စဉ်းစားရသည်။ ဒီကုလားပုဏ္ဏားတွေစကားကို လိုက်ပြီးလုပ်နေရင်တော့ အကြွေးသာတင်စရာရှိသည်။ ကဲကဲမထူးတော့ပါဘူးဟု စဉ်းစားပြီးကျောင်းတွင် ခိုင်းစေနေသော ဟရိရာမ်ဆိုသူ ကုလားကလေးအား ညနေ အိမ်မသွားခင်ကတည်းက ... နက်ဖြန် မင်း အလုပ်လာခဲ့လျှင် ဘယ်သူပဲလာလာ ဆရာတော်မရှိဘူးဟု ပြောလိုက်နော်၊ ဘယ်သွားသလဲလို့မေးခဲ့ရင် ဒေဝရီယာသွားတယ်လို ပြောလိုက်နော် ဟုပြောပြီး မှသားမပါ လက်ာမချောဆိုတဲ့စကားအရ လက်ာချောအောင်တော့ ကြံရပါတော့သည်။ အကယ်၍ နက်ဖြန် သူလာမှသာဆိုလျှင်တော့ သူလည်းသိမည်။ သူကပဲပြောတော့မည်။ သို့ဖြစ်၍ တစ်ရက်ကြိုတင်၍ လက်ာချောအောင် လုပ်ရပါတော့သည်။ ကျောင်းမှဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ မသိစေခဲ့ပါ။

ကျောင်းဟောင်းကြီး ဇရပ်ဟောင်းကြီးတွင် အခန်းတိုင်း၌ တံခါးနှစ်ပေါက်စီရှိပါသည်။ တံခါးတစ်ပေါက်ကို ဖွင့်၍ အထဲသို့ ဝင်ခဲ့သည်။ ကျန်တစ်ပေါက်ကိုဖွင့်ပြီး အပြင်မှ သော့ခလောက် ခတ်လိုက်သည်။ ဤခန်းထဲဝင်ပြီး သူတို့တရားများကို ဖြေရှင်းရမည်ဟုစဉ်းစားရင်း "လော"ဥပဒေစာအုပ်များကို ကြည့်ရသည်။ တစ်ခုပြီးတခု လိုက်ရှာတော့ ဥပဒေမျိုးစုံသိခဲ့ရသည်။ ကိုယ်တိုင်အမှုများကို ရေးသားပြီး ကိုယ့်ရှေ့နေကိုပြပြီး တိုင်ပင်ရသည်။ ကုလားများမှာ ကိုယ့်လူသူ့ဘက်သားဖြစ်၍ ဘယ်သူ့ကိုမှလည်းစိတ်မချရသော လူမျိုးဖြစ်သည်။ ပိုက်ဆံ(၁၀) ပေးလျှင် (၂၀) ပေးသည့်နောက်သို့ လိုက်တတ်သည်။ ရုံးသွားလျှင် ပိုက်ဆံရလျှင်ပြီးပြီ၊ ဘယ်လိုလုပ်ရမည် စသည်လုံးဝမလုပ်ခဲ့ပါ။ နေ့စဉ် ရုံးသွားခဲ့ရာ တရားရက်ချိန်းရက်ပေါင်းအတော်များများ ကုန်ဆုံးခဲ့သည်။ ငွေအားလုံး



www.burmeseclassic.com

ကုန်ဆုံးခဲ့ပါသည်။ ငွေမရှိ၍ ကဆီယာမှ ကုလားမကြီးတစ်ဦးထံမှ ကျောင်းဆရာတဦး အကူအညီဖြင့် တရက်ယူလျှင် ငွေတစ်ရာကို နှစ်ရူပီးအတိုး ပေးရပါသည်။ တရားရက်ချိန်းတစ်ခုမှာ (၂၀၀) ရူပီးခန့် ကုန်ပါသည်။ ဂေါရခပူရ်ဘက်တွင်ဖြစ်ခဲ့သော တရားတွင် မူဆလင်စာရေးကြီး ဟိန္ဒီမှာ ပဲ့ဆကာရ်ဟုခေါ်သည်။ တရားသူကြီးရှေ့တွင် စာရွက်စာတမ်းကိုပြ၍ စီစဉ်သူဖြစ်သည်။ သူက ပျံ့ကျပရာဆိကို ကဲပူကာရ်ကရော = ခေါ်လိုက်ဟုပြောလျှင် "ဟာဂျီးရ်ဲ ဟိုး ...ဓရ်မ်ရက္ခိတ ဘနာမ်း ဂျာနေဆွရ်ဟာဂျီးရ်ဟို" အော်လိုက်သည်။ "ဝင်ကြပါဗျို့...လာကြပါဗျို့ ဓမ္မရက္ခိတနှင့် ဂျာနေဆွရ်" စသည်တို့ ဟု အော်လိုက်သည်။ စာရေးသူသွား၍ ပထမအော်သူကို ငွေနှစ်ကျပ်ခွဲပေးရသည်။ ဒါမှ စာရေးကြီးထံဝင်ရသည်။ စာရေးကြီးက ကိုယ့်ရှေ့နေကို ခေါ်ခဲ့ဟုပြောသည်။ စာရေးသူမှာ ရှေ့နေသုံးဦးထားခဲ့သည်။ ပထမတစ်ဦးမှာ ဂေါရခပူရ်တွင်နေသည်။ ဒီဝါနီကကျဟာရီနှင့် ကလတရီးကကျဟာရီဟု တရားရုံးနှစ်ခုရှိသည်။ ဒီဝါနီကကျဟာရီမှာ အထက်ရုံးဖြစ်၍ ကလတရီးကကျဟာရီမှာ အောက်ရုံး ခရိုင်တရားရုံး ဖြစ်သည်။ တစ်ရုံးနှင့်တစ်ရုံး အကွာအဝေးမှာ တစ်ကီလိုမီတာခန့် ဝေးပါသည်။ ပိုသာပိုမည်နည်းတော့မနည်းပါ။ အထက်ရုံးမှရှေ့နေနှစ်ဦးကို (၆၀) ရူပီးပေးရသည်။ ကျန်တစ်ဦးကို (၅၀) ပေးရပါသည်။ သူတို့၏မုံဆီခေါ် စာရေးကို (၅) ရူပီးစီ ပေးရပါသည်။ သူတို့နှင့်တွေ့တာနှင့်တစ်ပြိုင်နက် သူတို့ငွေကို ချက်ချင်းပေးရပါသည်။ အလုပ်မစသေးပါ (၁၂၀) ပေးရပါသည်။ တံဆိပ်ခေါင်းခ ဘာခ၊ ညာခ ဟုလည်းတောင်ပါသေးသည်။ မသိတော့ပေးရပါသည်။ ကလတရီကကျဟာရီးမှ ရှေ့နေကို (၃၀) ပေးရပါသည်။ သူ့စာရေးကို (၃) ရူပီး ပေးရပါသည်။ စင်စစ်မှာ လုပ်သူမှာသူတို့သာဖြစ်ပြီး အားလုံးရှေ့နေခသက်သက် (၁၄၀) နှင့် မုံဆီခ (၁၃) ကျပ် ကုန်သည်။ တံဆိပ်ခေါင်းခ မပါသေးပါ။ စာရွက်စာတမ်းခလည်း မပါသေးပါ။ ကုလားမကြီးထံမှ ချေးယူလာခဲ့သောငွေမှာ ၂၀၀ ရူပီး တနေ့ ၂ ရူပီးတိုး၊ တစ်ပတ်တစ်ပတ် အားလုံးကုန်ပါသည်။ ကားခနှင့်တစ်ခါတခါ လွှက်ရည်တိုက်ပါအုံး၊ ကွမ်းကျွေး ပါအုံးဟု ရှေ့နေများက လုပ်တတ်ပါသည်။ ပုဏ္ဏားတို့အကြံမှာလည်း ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် ဒီကျောင်းကြီးအား ပျက်စီးပြိုကွဲဆုတ်ယုတ်ခဲ့လျှင် တော်ပြီဟူသောရည်ရွယ်ချက်ဖြင့် လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။





ပထမ ဆရာတော်ကြီးလက်ထက်က အကြံပေး လုပ်နေခဲ့သော ပုဏ္ဏားကလည်း မတော်မတရားဖြစ်ခဲ့လျှင် သူ့ကိုခေါ်၍ အကြံတောင်းမည်။ သူ့ကိုခေါ်လျှင် သူလုပ်ချင်သလိုလုပ်မည် စသည်ရည်ရွယ်ချက်ပေါင်းများစွာဖြင့် လုပ်ခဲ့ကြခြင်းဖြစ်သည်။ စာရေးသူ ဘယ်သူ့ကိုမှုလည်း မကပ်ခဲ့တော့ပါ။ အကြံပေးရန် လာကြသော ပုဏ္ဏားများကိုလည်း လွှက်ရည် မတိုက်တော့ပါ။ မနက်(၈)နာရီ ရုံးမဖွင့်မီ သွားတတ်သည်။ အရာရှိနှင့်တွေ့ဆုံနိုင်အောင် ကြိုးစားခဲ့ရသည်။ ကြိုးစားမှု လေ့ခါးတစ်ထစ်သို့ တင်ခဲ့ပါပြီ။ မနက် ကျောင်းမှ(၆)နာရီသွားခဲ့သည်။ တစ်နာရီခန့်တက်စီစီ စီးရသည်။ ရုံးရောက်တော့ ရုံးတံခါးပိတ်ထားပါလေသည်။ ရုံးအပြင်ဘက်တွင် သေတ္တာတစ်လုံးရှိသည်။ သစ်သားနှင့်လုပ်ထားသော သေတ္တာကြီးတလုံးဖြစ်သည်။ စာရေးသူ ထိုသေတ္တာပေါ်တွင် ထိုင်နေခဲ့သည်။ (၈) နာရီကျော်ခန့်တွင် အရပ်မြင့်မြင့်မုတ်ဆိတ်နှင့် ဆံပင်ဖြူဖြူကုလားကြီး တစ်ယောက်ဝင်လာခဲ့သည်။ စာရေးသူသေတ္တာမှ ထရပ်လိုက်သည်။ ဟာ ... ဘာလဲဟု မေးလိုက်သည်။ တရားရှိသည်ဟု ဖြေလိုက်သည်။ ၁၀ နာရီမှလာခဲ့ဟု ပြောလိုက်သည်။ စာရေးသူက ဒီနေ့ စောစော ခင်ဗျားနှင့် တွေ့ချင်လို့ စောစောလာခဲ့ရသည်။ အကူအညီ လိုချင်လို့လာခဲ့ရသည်ဟု ပြောပြလိုက်သည်။ သူကမေးသည်။ ဓရ်မ်ရက္ခိတ် ဘက်ကလား ဟုမေးလိုက်သည်။ ဗုဒ္ဓဘာသာတရားလား ဟုမေးပြီးမှ စာရေးသူကို စူးစူးစိုက်စိုက် ကြည့်ပြီးနေခဲ့သည်။ စာရေးသူက ဓရ်မ်ရက္ခိတ်ဘက်ကမဟုတ်ကြောင်း ကျုပ်ဟာမြန်မာပြည်သား တစ်ယောက်ဖြစ်သည်။ မြန်မာပြည်မှလာ၍ ဘာသာသာသနာကောင်းစေရန် ပရဟိတကျောင်း ပရဟိတဆေးခန်းများ ဖွင့်ထားသည်ကို ကြည့်ရှုရန်နှင့် ဆရာတော်ကြီးကို ပြုစုရန်လာခဲ့ကြောင်း ဆာဒူးဆန်နာဆီး ဖြစ်ကြောင်း၊ မကောင်းသောတရားကို မလုပ်တတ်ကြောင်း၊ နိုင်ငံခြားကလာ၍ ဒီမှာနေရခြင်းမှာ မတော်မတရားလဲ မလုပ်နိုင်ကြောင်း၊ ပတ်(စ်)ပို့လဲရှိကြောင်းစသည့် အကျယ်တဝင့် ပြောပြပြီး ထိုမူဆလင် ပေ့ဆကာရ်ကို ကိုယ့်ဘက်ပါအောင် ဆွယ်လုံးကလေးတစ်လုံး ထိုးလိုက်သည်။ ဉပါယ်လေးမျိုးထဲမှ တစ်နည်းဖြစ်သည်။ ပေ့ဆကာရ်ဆာဟာဗ်ဟုလည်း သူ့ကို ရိုရိုသေသေနှင့် စကားလုံးသုံးလိုက်သည်။ သူသည်အစတုံးကတော့ ဓရ်မ်ရက္ခိတ်ဘက်ကဟုထင်သည်။ တစ်ဖက်သားများက မတော်မတရား နိုင်ငံခြားကလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လယ်ယာကျောင်းကန်များကို လုယူရန် ရောင်းစားရန်နှင့်၊ ရောင်းစားပြီး တိုင်းပြည်ပြန်ရန် ကြိုးစားနေကြောင်း နိုင်ငံခြားသားဖြစ်ကြောင်း စသည့် စသည့် မတော်တရားပြောထားခဲ့ရာ စာရေးသူက ဘေဒဆိုတဲ့ ဉပါယ်နှင့်ထိုးပစ်လိုက်ပါတော့သည်။ ပေ့ဆကာရ်ဆာဟာဗ် ခင်ဗျားသိတဲ့အတိုင်းပါဘဲ။ ခင်ဗျားတို့မူဆလင်များဟာ အိန္ဒိယလူဦးရေအားဖြင့် ဒုတိယအများဆုံးဘဲ မဟုတ်လား။ ခင်ဗျားတို့ကိုတောင်မှ သူတို့ပုဏ္ဏားတွေဟာ မတော်မတရား လုပ်တတ်ကြသည်။ သည်းခံရသေးသည်ဆိုတော့ ကျုပ်တို့ဗုဒ္ဓဘာသာလူဦးရေဟာ ကြည့်လိုက်လို့ရှိရင် "၀" သုညရာခိုင်နှုန်းဘဲရှိပါတယ်။ သူတို့က မတော်တရားလုပ်ပြီး ကျုပ်တို့ကို ဒီမှာမနေနိုင်အောင် လုပ်နေကြတာပါဟု သူတို့ကအိန္ဒိယသားများ၏ ပစ္စည်းပစ္စယကို ရောင်းချပြီး မြန်မာပြည်ပြန်မည်ဟု မတော်တရား ပြောဟောထားခဲ့သော သူတို့၏ခွဲခြားမှုကို စာရေးသူက မူဆလင်ဟိန္ဒူလူနည်းစု လူများစုနှင့် တွယ်လိုက်ပါသည်။ စာရေးသူ၏တွယ်လုံးမှာ အမှန်ကိုအနိုင်ရယူလောက်သော ထိုးလုံးကြီးဖြစ်၍ ပေဆကာရ ခေါ် စာရေးကြီးမှာ လုံးလုံးကြီးလက္ခံလိုက်ပါပြီ။ စာရေးသူက ဆက်လက်၍ ကျုပ်တို့မှာတော့ တကယ်ခိုကိုးရာမဲ့ဘ၀ ဖြစ်နေရပါတယ်။ ရုံးလာလျှင်လဲ နွားသေကောင်ကို ငှက်တများဝိုင်းသလို ဟိုကဆွဲ ဒီကဆွဲနှင့် ကျုပ်ခံနေရပါတယ်ဗျာ။ မသိတော့လည်း ပေးရပါတယ်ဟု သနားစိတ်ပေါ်အောင်ပြောလိုက်တော့ သူက ပထမ ထင်မြင်ယူဆခဲ့သော ဟိန္ဒီဘာသာလည်း နားမလည် တကယ့်နိုင်ငံခြားသားဆိုတဲ့ သူ၏ထင်မြင်ယူဆချက်မှာ လုံးလုံးလျားလျားပျောက်လုမတတ်ဖြစ်နေချိန်တွင် နောက် ဉပါယ်တစ်လုံးနှင့် ထိုးလိုက်ပါသည်။

ပေ့ဆ့်ကာရ်ဆာဟာဗ် သူတိုဟာ တစ်နေ့တစ်နေ့ကို ကျုပ်ထံမှ အားလုံးပေါင်းပြီးငွေ (၂၀၀) လောက်စီ ယူကြသည်။ တရားကလည်း တစ်ခုမျှ အရာမဝင်သေးပါ။ ဒီနေ့ ခင်ဗျားဆီလာရခြင်းမှာ တကယ့် အကြံကောင်းဉာဏ်ကောင်း လိုချင်၍ လာခဲ့ရခြင်းဖြစ်ပါသည်။ သူတို့ကိုပေးနေရမည့်အတူတူ ခင်ဗျားကို ပေးတာက ပိုကောင်းပါတယ်။ ကဲ့ ခင်ဗျား နေ့စဉ်နှစ်ကျပ်ခွဲယူခဲ့တာ့ သုံးဆယ်ရူပီး ယူပါ။ ကျုပ်ကိုဘာများ လုပ်ရမလဲဆိုတာ အကြံပြုပါခင်ဗျားဟု ဒါနဉပါယ်နှင့် ပေါက်ချလိုက်ရာ သူလည်းဝမ်းသာ၀မ်းမြောက်ဖြစ်ပြီး စာရေးသူအားလိုတာ





ကူညီမည်ဖြစ်ကြောင်းနှင့် ဒီနေ့ကစပြီး ရှေနေသုံးယောက်မထားနှင့် ဒိ၀ါနီက ရှေနေကို မခေါ်နှင့် ဒီကရှေနေနှင့်ဘဲလုပ်ပါ။ နောက်တစ်ခုက နေ့စဉ်ရုံးချိန်း ရှိလားလို့ လာပြီးတော့ကျုပ်ကိုမေးပါ။ ဒီနေ့ ရုံးချိန်းရှိသလား။ တကယ်လို့ရုံးချိန်းရှိလျှင် တရားသူကြီးထိုင်မလားလို့ တကယ်လို့ တရားသူကြီးထိုင်ခဲ့လျှင် ဗဟတ်ဆ်လုပ်မလားလို့ မေးပါ။ ကျွန်ုပ်ကအရေးကြီး အရေးကြီးသလိုပြောမယ်။ အရေးမကြီးရင် ခင်ဗျားကျုပ်ဆီမှာ လက်မှတ်ထိုးပြီးတော့ပြန်ပါ ဟုအကြံပေးသည့်အတိုင်း ငွေ (၂၀၀) ရုံးချိန်းတိုင်း ကုန်သောအလုပ်သည် (၂၀၀) မကုန်တော့ဘဲ တစ်နေ့တစ်နေ့လမ်းစရိတ်အပြင် ကားစရိတ်၊ လန်ချားစရိတ်ဖြင့်သာ ကုန်ခဲ့ရသည်။

နောက်တော့တစ်ခုတစ်ခုနှင့် တရားခုနစ်ခု ကုန်ဆုံးခဲ့ပါပြီ။ ကျန်တစ်ခုမှာ ကဆိယာကတရားဖြစ်သည်။ ၄င်းတရားသည် သုံးနှစ်ကျော် လေးနှစ်အထိ ဆွဲထားခဲ့ကြသည်။ တဘက်မှ ရန်သူကြီးလိုဖြစ်နေခဲ့သော ဓမ္မရက္ခိတမှာလည်း ကြံမိကြံရာ ဆရာသမားကို ပုန်ကန်သလိုဖြစ်ခဲ့ပြီး ပထမဦးဆုံး ဆရာတော်ကြီး ဆရာတော် ဦးကိတ္တိမတို့ကို ကြံမိကြံရာဖြစ်ခဲ့ရာမှပွားမိခဲ့ရာ "ဒေါသောအတ္တံ နဇာနတိ" ဆိုသကဲ့သို့ ဒေါသဖြစ်မိခဲ့ပြီး ရလိုရငြားသွယ်ဝိုက်၍ မြန်မာဆရာတော်များကိုပါ ဆွယ်ခဲ့သည်။ မရတော့ အမျိုးမျိုးဒုက္ခပေးသည်။ မဟာဗောဓိမှ သီဟိုဆရာတော်များ၊ ယိုးဒယား၊ ဂျပန်စသည်အားလုံးကို လှမ်း၍ရမ်းပါတော့သည်။ သတင်းစာများတွင် အမျိုးမျိုးရေးခဲ့သည်။ ဆရာတော်ဦးကိတ္တိမာကို ထောင်ချအောင်ထိ မတော်မတရား လုပ်၍ဆရာတော်ကြီးမှာ မျက်ရည်ကျသည်အထိဖြစ်ခဲ့ရသည်။ အချုပ်ခန်းတွင် တစ်ညအိပ်ခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ဆရာတော်ကြီးက အချုပ်ခန်းမှ စာရေးသူအား ခေါ်ခိုင်းသည်။ ကုသိနာရုံ ဗာရာဏသီမှာ နီးလွန်းသောခရီး မဟုတ်ပါ။ ၂၆၄ ကီလိုမီတာဝေးပါသည်။ ထိုစဉ်က လူကြုံလွှတ်ခဲ့ရာ စာရေးသူ ညရထားဖြင့် ဗာရာဏသီရောက်ခဲ့သည်။ ရောက်သောနေ့ပင် ဆရာတော်ကြီးထံမှ စာရွက်စာတမ်းယူပြီး ချက်ချင်း ဒေလီသွားခဲ့ရသည်။ ဒေလီတွင် ဗုဒ္ဓဘာသာ၀န်ကြီး ဗုဒ္ဓပြိယမောရ်ယာနှင့် တွေ့ပြီး ပြဿနာဖြေရှင်းပေးခဲ့ရသည်။ ယခုတဖန် ဓမ္မရက္ခိတ် တပည့်တစ်ဦးက တရားအခြေအနေတွင် ဆန့်ကျင်ဘက်ဖြစ်အောင် တိုင်းရင်းသားနိုင်ငံခြားသား ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားနေခဲ့သည်။ ဗာရဏသီတွင် ဘာရတီယဆမာဂျ် ကလျာဏ တံဆိပ်ပါသော ရိုက်တန်းပါဒ် တစ်ခုတွင်ရေးပြီး စာရေးသူတို့၏ တရားကိုပါ ထည့်ထားပါသည်။ တရားသူကြီးထံ ရုံးချိန်းယူရန် သွားသူများမှာလည်း တစ်ဦးတည်းမဟုတ်တော့။ တစ်နေ့တစ်ဦး တစ်နေ့တစ်ဦးနှင့် သူတို့သင့်တော်သလို တာရိခ်ရက်စွဲယူကြပါသည်။ ကဆိယာတွင် ကျရောက်နေသောတရားတွင် စာရေးသူဘက်မှ ပိုက်ဆံမယူဘဲ လိုက်နေသော ပုဏ္ဏားရှေ့နေတစ်ဦး ရှိပါသည်။ သူကတရားစဖြစ်ကတည်းက ငါ ဆရာတော်ဘက်မှ လိုက်မည်ဟု ပြောပြီး ရှေ့နေလိုက်နေသူ ဖြစ်ပါသည်။ သို့သော် ထိုရှေ့နေမှာ ကုသိနာရုံတောင်ဘက် နှစ်မိုင်ခန့်ကွာသော မံဂလ်ပူရ် ရွာမှဖြစ်သည်။ ရုံးချိန်းလာတိုင်း စာရေးသူ၏ဆန့်ကျင်ဘက်ဖြစ်သူဘက်သို့ အမြဲတန်း သွားလေ့ရှိပါသည်။ သူတို့က ခေါ်ကြသည်။ စာရေးသူမှာ ပိုက်ဆံမပေးသော ရှေ့နေဖြစ်၍ ဘာမှလည်း မပြောလိုတော့။ ကဆိယာတွင်လည်း ရှေ့နေကြီး ခုနစ်ဦးခန့်ကို ဓမ္မရက္ခိတက သူ့ရှေ့နေဟု သတ်မှတ်ထားပါသည်။ အလွန်စဉ်းစားရခက်ပါသည်။ သို့သော် သူတို့လုပ်သလို ကိုယ့်ဘက်ကလည်း လုပ်ရပါသည်။ ရန်သူသည် ရန်သူသာ ဖြစ်ပါသည်။ ရန်သူမှာ ငယ်သည်ဟုမရှိပါ။ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ရန်သူသည်ရန်သူသာဖြစ်သည်။ ရန်သူကိုအထင်သေး၍ မဖြစ်နိုင်ပါ။

နည်းတမျိုးရှာရပါတော့သည်။ ကဆိယာတွင် ပုဏ္ဏားမဟုတ်သော ရှေ့နေတစ်ယောက်နှင့် တိတ်တိတ်ကလေး တိုင်ပင်ပြီး တရားရုံးချိန်းကျတိုင်း သူ၏ မုံဆီးခေါ် စာရေးကို တရားတွင် မသိမသာကြည့်ဖို့နှင့် တရားအခြေအနေ ဆိုးမည်ဆိုပါက ချက်ချင်း ဗဟာတ်ဆ်ချေပဘို့ လုပ်ဖို့ကိုလည်း လုပ်ထားရပါသည်။ ဒီကြားထဲ သူတို့မှာ ညစ်ပတ်မှု မျိုးစုံနှင့် စာရေးသူအား ခြိမ်းခြောက်မှုမျိုးစုံ ပြုလုပ်ပါသည်။ "ဆတျမေဝဇာယတေ" အမှန်သည် အောင်မြင်ခြင်းကို ဖြစ်စေသည် မဟုတ်ပါလော။ စာရေးသူအား ရုံးသွားရုံးလာတိုင်း ရန်တွေ့ခိုင်း၊ လူမိုက်များနှင့်အသတ်ခိုင်း နည်းမျိုးစုံ လုပ်ခဲ့ကြပါသည်။ ငွေ (၆၀၀) ပေး၍ လုပ်ကြံရန် ခိုင်းခဲ့ရာတွင်လည်း လူပြတ်ချိန်တွင် လူမိုက်ကလေးသုံးဦးက တောလုပ်သေနတ်နှင့် လန်ချားနှင့်သွားကြသည်။ စာရေးသူကရှေ့မှဖြစ်သည်။ သူတို့လန်ချားနောက်မှဖြစ်သည်။ ရှေ့ကျော်လိုက်ခိုင်းရာ စာရေးသူအားတွေ့၍ "ဘာဘာဂျီး





နမစတေး" ဟုပြောခဲ့သည်။ ဤလူမိုက်ကလေးမှာ စာရေးသူနှင့်ဆယ်တန်းတွင် အတူသင်ဘက်ဖြစ်သည်။ တစ်ခါစာရွက်စာတမ်းကို ခိုးရန်စီစဉ်ခဲ့သည်။ ဒါလဲ ကျောင်းနေဘက်ကလေးများကလာ၍ ကူညီပေးခဲ့ကြသည်။ စာရေးသူ၏ မေတ္တာတရားသည် တော်တော်ထူးဆန်းခဲ့သည် မဟုတ်ပါလား။ နေ့စဉ် မေတ္တာသုတ်ရွတ်သည်။ ခရီးသွားတိုင်းရွတ်သည်။ မေတ္တာသုတ်၏တန်ခိုးကြောင့် ဆိုကလည်း မမှားနိုင်ပါ။

နောက်ဆုံး တရားရင်ဆိုင်သောနေ့တစ်နေ့ဖြစ်သည်။ တရားရင်ဆိုင်၍ အကြိမ်ပေါင်းများခဲ့ပါပြီ။ ပထမတော့ တရားရုံးသွားလျှင် နောက်ကြပြောင်ကြတာလဲရှိသည်။ "ဟာဘုန်းကြီးလုပ်နေပြီတော့ ရုံးတက်နေရသလား?၊ တရားလိုက်နေရသလား?၊ ဒီလိုရုံးတက်နေမည်ဆိုလျှင် မိန်းမယူထားပါလား" ဆိုသည့်စကားလုံးများကလည်း ပါလာတတ်သေးသည်။ နောက်တာပြောင်တာလည်းပါသည်။ တစ်ခါတစ်ခါ ခေါင်းကိုင်နားကိုင် မခံချိမခံသာအောင်လည်း လုပ်တတ်ကြသည်။ တိုင်းတစ်ပါးတွင် သည်းခံရသည်။ ဘာကြောင့် သည်းခံရပါသနည်းလို့ မေးစရာရှိသည်။ ချစ်ခင်သောမိဘ၊ ချစ်ခင်သောမိတ်ဆွေ၊ ချစ်ခင်သောရဟန်းဒကာ ဒကာမ မိသားစုနှင့် ချစ်ခင်သော (၁၃) နှစ်တိုင်တိုင် ဆွမ်းခံစားလာခဲ့သော ရန်ကုန်မှ ဆွမ်းဒကာ၊ ဒကာမအပြင် ဒါ့ဒို့ပြည်၊ ဒါဒို့မြေ၊ ဒါဒို့ချစ်တဲ့တိုင်းပြည်ကြီး သာသနာတော်ကြီးကိုချစ်လို့၊ ချစ်လို့သည်းခံနေရတယ်ဗျို့ သည်းခံနေရတယ်။ ဒါတောင်မှ ယခုတခေါက် မြန်မာပြည်လာချိန်တွင် လေယာဉ်ကွင်းဆင်းတာနဲ့ စသုံးလုံးကဖမ်းသွားမယ်တဲ့။ (၁၉၉၄) ခုနှစ်က ကျေးဇူးတော်ရှင် ဆရာတော်သခင် အကျိုးဆောင်ချုပ် ဘဝနတ်ထံပျံလွန်တော်မူခဲ့စဉ်က အချိန်မရသည့်ကြားထဲက နောက်ဆုံးကန်တော့သည့်အနေနှင့် ကန်တော့လာခဲ့စဉ်ကလည်း စသုံးလုံးကိုကြောက်လို့ ထွက်ပြေးသွားခဲ့သည် စတဲ့ မတော်မတရားခြောက်လုံးများ သူများအကြည်အညိုပျက်အောင် လုပ်ခဲ့ကြသည်။ ယခုလည်း ထေရဝါဒသာသနာကို မလုပ်ရဘဲ မဟာယာန သာသနာကို လုပ်နေသည်ဟု ဝါဒဖြန့်ခဲ့ကြသည်။ စာရေးသူမှာ ရင်ကွဲမတတ် ခံစားရပါသည်။

အိန္ဒိယတွင် သာသနာထွန်းကားရေးအတွက် လုပ်နေခဲ့စဉ်က အစစအရာရာ စာရေးသူကြောင့် မြန်မာ့ဂုဏ်ရှိခဲ့သည်။ သံဃာအစည်းအဝေးတွင်



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ပြီး မြန်မာသံဃာတော်များကို ဘိန်းချသည်။ ဟီးရိုးအင်း ချသည်၊ မိန်းကလေးများကို ရောင်းစားသည် စသည့် သာသနာဘက်တွင် စွမ်းစွမ်းတမန် အဘက်ဘက်မှ ကောင်းနေကြသော မြန်မာရဟန်းတော်များကို မနာလို လုပ်ခဲ့ကြသည်။ ဟိုဘက်ဒီဘက် မကူးနိုင်ခဲ့သည်ကို စာရေးသူက အထူး တက်ရောက်ရန်နှင့် မတော်မတရားလုပ်သူ၊ ပြောသူရှေ့မှ ရှောင်နေခဲ့လျှင် တကယ့် တကယ်အထင်မှားတတ်သည် ဆိုပြီး ဆရာတော် ဦးတိဿ၊ ဆရာတော် ဦးဣန္ဒစာရ အစရှိသော ဆရာတော်ကြီးများနှင့် တိုင်ပင်၍ ဟိန္ဒီဘာသာ လူရှေ့သူရှေ့တွင် တရားဟောနိုင် ပြောနိုင်လောက်အောင် မရှိဟု ဆိုခဲ့သော်လည်း မြန်မာလိုပြော၍ စာရေးသူက ဘာသာပြန်လုပ်ခဲ့သည်။ အိန္ဒိယသံဃာတော်များကို စည်းကမ်းတကျရှိအောင် ဝါစဉ်လိုက် ကားပေါ်တက်စေခဲ့သည်။ ဝါစဉ်လိုက်ဆွမ်းစားဆောင်သို့ ပါဝင်စေခဲ့သည်။ ပရိတ်တရားတော်တတ်သည့် ပုဂ္ဂိုလ်များကိုသာ ဆွမ်းစားရာသို့ ပါစေခဲ့သည်။ ကိုယ့်ကျိုးမငဲ့ဘဲ စာရေးသူကိုယ်တိုင် ဆွမ်းစားမလိုက်ဘဲ လုပ်ပေးခဲ့သည်။ အာသံနယ်သား ကိုရင်ငယ် ရဟန်းငယ်တို့အား မြန်မာရဟန်းတော်များ၏တပည့် ဖြစ်သောကြောင့် သူများခွဲတိုင်းမကွဲဘို့ စည်းရုံးခဲ့သည်။ အာသံနယ်နှင့်တကွ အရှေ့ပိုင်း "၇" ပြည်နယ်တွင် နေထိုင်ကြသော ရဟန်းများသည် တကယ့်ဗုဒ္ဓဘာသာ အစစ် အမှန်ရဟန်းတော်များ ဖြစ်၍ အိန္ဒိယသံဃာအသင်းတွင်ပါဝင်ပြီး အလုပ်လုပ်သင့်ကြောင်း စည်းရုံးခဲ့သည်။ ဥပဒေ ရေးဆွဲရေးအဖွဲ့တွင် ကိုယ့်ဘက်မှအများဆုံးပါအောင် တိုက်တွန်းခဲ့သည်။ စည်းရုံးတိုင်းလည်း ခြောက်ပါးကော်မတီတွင် လေးပါး ပါလာခဲ့သည်။ အရုဏာချလ်ပြည်နယ်မှ ဦးပညာနန္ဒ၊ အာသံပြည်မှ ဦးဝဏ္ဏသာရ၊ တရိယူရပြည်နယ်မှ ဦးအဂ္ဂယာနန္ဒနှင့် စာရေးသူအပြင် အာဂရာမှ ဉာဏပြဘာကရ၊ နာဂပူရ်မှ ဦးမေဓင်္ကရတို့ ပါကြသည်။ စာရေးသူလိုချင်သည့်အလိုကို ရယူနိုင်ခဲ့သည်။ ဥပဒေတစ်ခုလုံး ပြန်၍စီးစစ်ပြီး ဦးဝဏ္ဏသာရက အင်္ဂလိပ်၊ စာရေးသူက ဟိန္ဒီကို ကိုင်ခဲ့သည်။ မလိုတာများကို ပယ်ဖျက်ပြီးလိုအပ်သည့် ဥပဒေများကို ရေးသွင်းပေးခဲ့သည်။ ဤကဲ့သို့ မကောင်းမြစ်တား ကောင်းရာညွှန်ခဲ့သော စာရေးသူကို ထေရဝါဒမလုပ်ဘဲ မဟာယာနကိုသာ လုပ်နေသည်ဟု စွပ်စွဲခဲ့သည့်အတွက် ရင်ကွဲလုမတတ် ခံစားခဲ့ရသည်။





တိုင်းတပါးတွင် တိုင်းတပါးသားများ၏ရန်ကို တွန်းလှန်စွမ်းရှိရုံမျှမက (၁၉၈၃) ခုနှစ် ယူပီပြည်နယ် သံဃာနာယက ရွေးကောက်ပွဲတွင် ပြည်နယ် သံဃာနာယက ဥက္ကဋ္ဌဖြစ်ခဲ့သည်။ မြန်မာများ ဂုဏ်ယူခဲ့ရကောင်းခဲ့သည်။ (၁၉၈၆) ခုနှစ် သံဃာနာယက ရွေးကောက်ပွဲတွင် ပြည်လုံးကျွတ်အစည်းအဝေး၌ စာရေးသူအား တစ်ပြည်လုံး သံဃာက သံဃာနာယကဥက္ကဋ္ဌ တင်မြှောက်ခဲ့သည်။ သံဃာနာယ ကရွေးကောက်ပွဲတွင် သံဃာကိုယ်စားလှယ် ၆၀၀ အနက် ၂ မဲကန့်ကွက်၊ တမဲကြားနေနှင့် ကျန်အားလုံး စာရေးသူအား လက်ထောင်၍ မဲပေး၏။ အိန္ဒိယတပြည်လုံး သံဃာနာယကဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ပြည်နယ်လူနည်းစုကော်မရှင်တွင် အဖွဲ့ဝင်လုပ်ပေးခဲ့သည်ကို စာရေးသူက နိုင်ငံရေးဆန်၍ မလုပ်ခဲ့ပါ။ ပါလီမန်အမတ်လို အစည်းအဝေးတက်ရပါသည်။ ဒေလီမှ လူနည်းစုကော်မရှင်အတွက် လျှောက်လွှာတင်ရန် စလာသည်။ စာရေးသူလက်မခံခဲ့ပါ။ အကြောင်းကား တကယ့်ဝန်ကြီးတပါးလို ကျောင်းစွန့်၍ ကားတစ်စီး၊ အိမ်တစ်လုံး၊ ရုံးအဖွဲ့ဝင်တခု၊ ရုံးတစ်ခုသီးခြားပေးသည်။ မလုပ်ခဲ့ပါ။ ဗုဒ္ဓဂယာ ဘုရားကော်မတီတွင် အကျိုးဆောင်နေရာကိုယူရန် အကြိမ်ကြိမ်စေ့စပ်ခဲ့သည်။ လခစားအလုပ်ဖြစ်၍ မလုပ်ခဲ့ပါ။ (၁၉၉၃) ခုနှစ်မှ ဗုဒ္ဓဂယာ ဘုရားကော်မတီတွင် ပါဝင်လုပ်ကိုင်ခဲ့သည်။ တကယ့် ဂုဏ်ယူလောက်သော နေရာဖြစ်သည်။ လုပ်ချင်၍ လုပ်ရသော အလုပ်မဟုတ်ပါ။ အစိုးရက ခန့်အပ်သောအလုပ်ဖြစ်သည်။ ဤကဲ့သို့ မြန်မာ့ဂုဏ်ကို ကမ္ဘာကသိအောင် လုပ်နေသူကိုမှ ထေရဝါဒအလုပ်မလုပ်ဘဲ မဟာယာနရဟန်းများနှင့် လုပ်နေသည်ဟု စွပ်စွဲခဲ့သော စွပ်စွဲသူ၏စာအရ စာရေးသူ ရင်ကွဲလုမတတ် ခံစားခဲ့ရသည်။ မိမိသည် သာသနာတော်အတွက် မြန်မာသာသနိကပစ္စည်းများအတွက် အသက်ကိုပဓာနမထားဘဲ လုပ်နေရသည်။ မိမိကိုယ်ကိုစတေး၍ သာသနာတော်အတွက် လုပ်နေရသည်။ ယင်းသို့ လုပ်နေသည်ကို သိပါလျက်နှင့် မိမိတကိုယ်ကောင်းအတွက် ပြောဆိုစွပ်စွဲခဲ့သည်ကို ဘုရားမျက်နှာတော်ထောက်၍ ၎င်းတို့အား သည်းခံခဲ့သည်။ အမျိုးဘာသာသာသနာတော်ကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးလုပ်နေကြသူတစ်စုကြောင့် ယခုလို မတော်မတရားလုပ်သူများ ထင်သလိုလုပ်နေကြရသည်ကိုလည်း ယူကျုံးမရဖြစ်ပါသည်။ စာရေးသူ ခံစားရခြင်းသည် တသက်မကြေနိုင်သော ခံစားရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတရားနိုင်ခဲ့ရသည့် အခြေအနေကိုတင်ပြပါဦးမည်။ တရက်လာလည်းရက်ချိန်း၊ တစ်ရက်လာ လည်းရက်ချိန်း မဟုတ်မခံတတ်သောစိတ်ဓါတ် အမြဲရှိသည့်အတွက် နောက်ဆုံး တရားကျသောနေ့တွင် စာရေးသူသည် ရုံးကို ကိုးနာရီခွဲရောက်သွားခဲ့ပါသည်။ ရုံးဝတွင် ထိုင်စောင့်နေသည်။ သို့သော် ရန်သူဘက်မှမလာခဲ့။ နောက်ဆုံး မသိသူတစ်ယောက်ကသွား၍ ရက်ချိန်းတောင်းသွားခဲ့ပါပြီ။ စာရေးသူကလိုက်ရှာသည်၊ မတွေ့ခဲ့။ ပွဲဆ်ကာရ်ရဲ တရားသူကြီး၏ စာရေးပြီးဖိုင်များကိုသိမ်း၍ တရားသူကြီးရှေ့ ဖိုင်ထိုးပေးသူ ပွဲဆ်ကာရ်ခေါ် ဖိုင်ထားသူက တရားသူကြီး၏အိမ်တွင် သိမ်းထားကြောင်း ပြောပြပါသည်။ တရားသူကြီးဖြစ်သူ နယ်ပိုင်မှာ မလာရောက်သေးပါ။ ရုံးနှင့်အိမ် တဖါလုံသာသာဝေးပါသည်။ တရားးသူကြီးမှာ ဘက်မလိုက်သော အလွန်ရိုးဖြောင့်သူ ဖြစ်ပါသည်။ စာရေးသူ ချက်ချင်း အိမ်သို့လိုက်သွားပါသည်။ အိမ်ရောက်လျှင်ရောက်ချင်း ကျပရာဆီခေါ် ရုံးလုလင် (ပျုံး)အား ဆာဟာဗ်ရှိမရှိမေးရာ ရှိကြောင်းပြောခဲ့သည်။ စာရေးသူက တွေ့လိုကြောင်းပြောရာ ချက်ချင်းပြောခဲ့သည်။ တွေ့ရန် လာခေါ်ခဲ့သည်။ ဤနေရာ၌ စကားတစ်ခုလိုနေသည်။ စာရေးသူနှင့် အရာရှိများနှင့် တွေ့ဆုံရာ၌ ဘယ်တော့မျှ နောင့်နှေးမှုမရှိခဲ့ပါ။ အကြောင်းကား စာရေးသူ ပြဆာဒ်ပေးလေ့ရှိသည်။ ရုံးလုလင်ဆိုသည်မှာ အရာရှိများ၏ ရှေတော်ပြေး– ကျပရာဆီ ပင်ဖြစ်ပါသည်။ သူတို့အား စာရေးသူက ပြဆာဒ်ပေးထားခဲ့ရာ သူတိုက အရာရှိအားပြဆာဒ် ပေးထားမှုကြောင့် "အချာဝါလာ" ဖြစ်ရန်မှာ ပြဆာဒ်ပင်ဖြစ်ပါသည်။ အရာရှိများနှင့်တွေ့တိုင်း ငါးကျပ်တစ်ဆယ် ပေးထားသည်။ ဒီငါးကျပ်တစ်ဆယ်သည်ပင်လျှင် "အချာဝါလာ" နာမည်သို့ ရောက်စေပါသည်။ အိန္ဒိယတွင် အထူးလိုအပ်ပါသည်။ အရာရှိတရားသူကြီးမှာ စာရေးသူလာသည်ဟု သိလျှင် "အချာဝါလာ ဘာဘာကြီး" ဟု ကျပရာဆီက ပြောထားနှင့်ပြီးဖြစ်၍ ချက်ချင်းလာရောက်တွေ့ဆုံသည်။ စာရေးသူက ဆာဟာဗ် ဒီနေ့ ကျုပ်တို့ တရားရှိတယ်။ ရက်ချိန်းပေးလိုက်ပြီဟုပြောပါတယ်။ တစ်ရက်လာလဲ ရက်ချိန်း၊ တစ်ရက်လာလဲ ရက်ချိန်း၊ ရက်ချိန်း တစ်ခုကျလျှင် ငွေနှစ်ရာလောက်ကုန်ပါတယ်။ ပေ့ဆ်ကာရ်ကိုမေးကြည့်တော့ ဟိုအပတ်က ဒီနေ့ဟာ ဗဟာဆ်လုပ်မယ် ပြောခဲ့တယ်။ ခုတော့ ရက်ချိန်းပေးလိုက်တာ





ကျုပ်တို့ကို ညှင်းဆဲသလိုပါဘဲ တရားရှစ်ခုမှာ ဒီတရားတစ်ခုသာ ကျန်တော့တယ်ဟု ပြောလိုက်ရာ တရားသူကြီးက စာရေးသူအား စူးစူးစိုက်စိုက် ကြည့်နေသည်။ စာရေးသူက ဆက်ပြောပါသည်။ ဆာဟာဗ့်တိုင်းပြည်တစ်ပြည်နှင့် ဆက်ဆံနေကြတဲ့အထဲမှာ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံဟာ လူဦးရေများ၍ နိုင်ငံအသီးသီးတွင် အိန္ဒိယသားနှင့် တရုတ်ပြည်သားရှိတတ်ကြပါတယ်။ ကျုပ်တို့ မြန်မာပြည်ဟာ တိုင်းပြည်ငယ်ပြီး လူဦးရေးလဲ နည်းပါတယ်။ ကျုပ်တို့ မြန်မာပြည်မှာ တခြားဒေသ တခြားနိုင်ငံသို့သွားပြီး နေစရာလဲ မရှိပါ။ မြန်မာပြည်မှာ စားဝတ်နေရေး ပြည့်ပြည့်စုံစုံရှိပါတယ်။ သွားလဲမသွားတတ်ကြပါ။ ကျုပ်တို့ တစ်စုဒီမှာ လာရောက်ပြီး နေကြရခြင်းမှာ ရှင်တော်မြတ်ဘုရား၏ တရားတော်ကို ယုံကြည်အားကြီးလွန်းလို့ ဒီဒေသ၊ ဒီဌာနမှစ၍ ကျုပ်တို့ကိုအသိဉာဏ်ပေးခဲ့မှုကြောင့် ကျုပ်တို့တစ်ထွေဟာ ကိုယ့်ကိုကိုယ် အဆင်းရဲအနှံ့တာခံပြီး တိုင်းတစ်ပါးမှာလာပြီး ကျေးဇူးဆပ်တဲ့အနေနှင့် ပျက်စီးနေခဲ့သော ဒီနေရာများကို စောင့်ရှောက်ရန် လာနေရခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှ ဘုရားဖူးများ စိတ်ကျေနပ်အောင် လာ၍ စောင့်ရှောက်ပေးနေကြခြင်း ဖြစ်ပါတယ်။ ဒါကို ဒီတိုင်းပြည်သားများက ကျေးဇူးတင်ရမည့်အစား ယခုတော့ ကျုပ်တို့ကို ဖြစ်သလို ညှင်းဆဲကြတယ်ဆိုရင်တော့ လုံးဝမတရားပါ။ တရားဆိုတာလဲ ကျုပ်တို့ဟာ မတော်မတရားလုပ်ရန် လာနေကြခြင်းမဟုတ်ပါ။ ကျုပ်တို့ဝတ်နေတဲ့ ဝတ်ထားတဲ့ အဝတ်ကိုလည်းကြည့်ပါ။ ကာဆာယဗဆကြလို့ခေါ်တဲ့ သစ်ခေါက်ဆိုးအဝတ်ကို ဝတ်ပြီးတော့ မတော်မတရားလုပ်မယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါကြောင့်လည်း တရားရှစ်ခုအနက် တရားခုနစ်ခုဟာ ပြီးဆုံးသွားပါပြီ။ ယခု ဒီတရားတစ်ခုသာ ကျန်ပါတော့တယ်။ တရားရက်ချိန်းကျတိုင်း ပထမ တိတ်တိတ်ကလေး တရားရင်ဆိုင်သူမလာ။ ဒီကလူတွေက တစ်ရက်တစ်ယောက် တစ်ရက်တစ်ယောက် လာပြီး ရက်ချိန်း တောင်းသွားကြတာဟာ တကယ်မတရားတော့ပါဘူး။ ဒီနေ့လဲ ကျုပ် ရုံးဂိတ်ဝမှာ စောင့်နေခဲ့တယ်။ သို့သော် မသိဘူး။ တစ်ယောက်ကို လွှတ်ပြီး တရားရက်ချိန်း ယူသွားပြီဟု တရားသူကြီးက ပြောခွင့်မရအောင် ဆက်တိုက်ပြောခဲ့ပါသည်။ တရားသူကြီးက "ဘာဘာကြီး ဒီတရားမှာ တိုင်းပြည်ရဲ့ ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်တွေပါနေခဲ့လို့ ငါတို့လဲကြည့်နေရတယ်။ ကြောက်နေရတယ်။ ကျုပ်ပြမယ်



www.burmeseclassic.com


www.burmeseclassic.com



ဆိုပြီး ဖိုင်ကို သူ့ရုံးခန်းမှ ထုတ်ယူစေခဲ့ပါသည်။ ပထမဆုံးစာရွက်တစ်ရွက်ကို ပြပါသည်။ ထိုစာရွက်မှာ လိပ်စာပါ စာရေးစက္ကူ တစ်ရွက်တွင် ရေးထားပါသည်။ ပထမဆိုခဲ့သည့်အတိုင်း နိုင်ငံခြားသားများဖြစ်ကြကြောင်း၊ မတော်မတရားဘဲ ဒီမှ ဟိန္ဒူလူမျိုးများပိုင်သည့် ကျောင်းကန်များကို လုယူထားကြကြောင်း စသည် ရေးထားပါသည်။ စာရေးသူက ကျုပ်တို့ ဆရာတော်ကြီးဟာ လွန်ခဲ့တဲ့ ၁၉၅၄ ခုနှစ်က နောက်ဆုံးအနေနှင့် မြန်မာပြည်ကို ရောက်ခဲ့ပါတယ်။ ထိုအချိန်က အိန္ဒိယတိုင်းရင်းသားများဖြစ်ကြတဲ့ သမ္မတကြီး ဒေါက်တာ တာရာဇန္ဒြပြဆာဒ်၊ ဆရိမတိဣန္ဒြာဂန္ဒီ၊ သီရိဂုလ်ဂျာရီ လာလ်နန္ဒာ၊ ဒေါက်တာအမ္ဗေဒကာ၏ ရှေ့မှာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဟိုတုန်းက မြန်မာပြည်က လူများကလဲ မေးခဲ့ပါတယ်။ ဆရာတော်ကြီး မရှိတဲ့အချိန်မှာ နောက်ဆက်ခံမည့်တပည့်များ ရှိပါသလားလို့ မေးခဲ့တယ်။ ဆရာတော်ကြီးက ငါ့မှာဟိန္ဒူစတန် တပည့်ရှိတယ်ဟု ပြောကြားခဲ့ပါတယ်။ သို့သော် နောက်ဘဝတပါးပြောင်းလဲသွားမည့် အချိန်ကျလာတော့ သူ့ကိုအားကိုးရာခိုကိုးရာ ဒီအဆောက်အဦးများကို ထိန်းသိမ်းစောင့်ရှောက်ပြီး နောက်ဆက်ခံမည့် တပည့်မတွေ့ခဲ့မှ စာရေးသူကို ခေါ်ခဲ့ရပါတယ်။ ခုလဲကြည့်ပါ။ သူတို့ ဒီကတပည့်တွေဟာ ဒီကျောင်း၊ ဒီကန်၊ ဒီဝတ္ထုကမြေများကို ငါပိုင်တယ်ဆိုကြတယ်။ ငါတိုးတက်အောင်လုပ်မယ်ဆိုတဲ့ စိတ်လုံးဝမရှိဘူး။ တကိုယ်ကောင်းဆန်နေခဲ့ကြပါတယ်။ ခုသာ သူတို့လက်ထဲကို ဒီဝတ္ထုကမြေ ကျောင်းကန်များ ရောက်သွားခဲ့မယ်ဆိုရင်လည်း သူတို့မှာ ထိန်းသိမ်းနိုင်တဲ့ အရည်အချင်း လုံးဝမရှိပါဟု ပြောလိုက်သည်။ ပြီးမှ ဒီလူကြီး လူကောင်းများပါသော စာရေးစက္ကူကပ်ဟာ ကျုပ်ရိုက်လဲရသည်။ ခင်ဗျားရိုက်လည်းရသည်။ ဒီအထဲမှာ သူတို့လက်မှတ် ပါတာမှမဟုတ်ဘဲ။ ကျုပ် သက်သေအဖြစ်ပြပါမည်။ ဒီလိုနာမည်ကြီး အိန္ဒိယသမ္မတ မဟာမဟိန်း ဘီဘီဂိရိ၊ မဟာနာယကအိန္ဒိယဝန်ကြီးချုပ် သိရိမတိဣန္ဒိရာဂန္ဒီ၊ နာယက ယူပီပြည်နယ်ဝန်ကြီးချုပ် သိရိကမလာ ပတိတရိပါတီနှင့် ပြည်နယ်အမတ်များ ဗဟိုပါလီမန်အမတ်များပါတဲ့ အဖွဲ့ထဲမှာ အတွင်းရေးမှူးလုပ်တဲ့လူဟာ ကောလိပ်တစ်ခုမှ ကျပရာဆီရုံးစေ(ရုံးလုလင်) ဖြစ်တယ်ဆိုရင် ခင်ဗျားယုံကြည်မှာလား။ တရားသူကြီးက မဖြစ်နိုင် ပါဘူးဟုပြန်ပြောသည်။ ကဲ – ဒီလိုဆိုလျှင် ခင်ဗျား ရှေ့မှာ







မွေးနေ့မင်္ဂလာ အခမ်းအနားသို့ ခရိုင်ဝန်ကြွရောက်ခဲ့

တယ်လီဖုန်းရှိသည်။ ဒီနံပါတ်ကို လှည့်ပါဟုပြောပြီး ဖုန်းနံပါတ်တစ်ခုကို ပေးလိုက်သည်။ တရားသူကြီးမှာလည်း ရိုးဖြောင့်သူတစ်ဦးဖြစ်၍ စာရေးသူပြောသော ဖုန်းနံပါတ်ကို လှည့်လိုက်ပါသည်။ ဟာ......ဆတ္တျမေဝဇာယတေ တကယ့်ကို မှန်ပါသည်။ တကယ့်ကို မှန်ပါသည်။ ဖုံးကိုင်ကောက်၍ နားထောင်သူမှာ သီရိနန္ဒလာလ်ဆိန်းဟ် ဆိုသူဖြစ်သည်။ နန္ဒလာလ်ဆိုသူမှာလည်း မဟာဗောဓိအသင်းနှင့် သီရိလင်္ကာဆရာတော်များကို မတော်မတရားလုပ်နေသော ဓမ္မရဉ်ဆွံတနှင့် တပည့်တစ်စုတို့အား မကျေမနပ် ဖြစ်နေသူဖြစ်သည်။ ဆရာတော်ဦးကိတ္တိမာက သူ့ကို မဟာဗောဓိအသင်းတွင် အလုပ်သွင်းပေးခဲ့သူလည်းဖြစ်သည်။ ကုသိနာရုံကဖုံးဆိုလျှင် ချက်ချင်းကောက်ကိုင်ပြီး ဓမ္မရက္ခိတနှင့် တပည့်တို့အကြောင်းကိုမေးတိုင်း အမှန်ကိုဖြေပါတော့သည်။ တကယ်လို့များ ဓမ္မရက္ခိတသာရှိပါက အမှန်ဖြေပါတော့မလား။ တကယ်လိုများ ဓမ္မရက္ခိတသာရှိပါက မဖြစ်နိုင်တာ၊ ဖြစ်နိုင်တာ ဖြစ်နိုင်သည်။ ယခုတော့ အမှန်ကို အမှန်ပင် ဖြစ်ပါတော့သည်။ တရားသူကြီးကနန္ဒလာလ်ကို မေးလိုက်ရာ ဆီတာရာမ်ဆိုတာ ဘယ်သူလဲ။ ဘယ်မှာအလုပ်လုပ်သလဲ။ ဘာအလုပ်ကို လုပ်သလဲဟု ဆက်တိုက် မေးခွန်းသုံးခု မေးလိုက်သည်။ ဆီတာရာမ်ဆိုသူမှာ အိမ်ကမယားကြီးက မောင်းထုတ်ထားသော နိုင်ငံရေးသမားလိုလို လူတစ်ယောက်ဖြစ်ကြောင်း မူဆလင်ဝမ်းဆွဲ မိန်းမတစ်ယောက်ကို အတင်းယူထားကြောင်း မဟာဗောဓိကောလိပ်တွင် ရုံးစေလုပ်ကြောင်း၊ ကျောင်းမှတရားများကို သွားရောက်ကြည့်ရကြောင်း အဖြေပေးခဲ့သည်။ တရားသူကြီးသည် ချက်ချင်း ဖုန်းကိုချထားလိုက်ပြီး ကုသိနာရုံတွင် ဖြစ်နေသောတရားကို နောက်ဆုံးအနေနှင့် ခါရိဂျ်=ပယ်ချလိုပ်ပါတော့သည်။ ဒီလိုနှင့် ကုသိနာရုံတရားများ အလိုအလျောက် တရား ၈ ခုလုံး ကုန်ဆုံးခဲ့ပါတော့သည်။

တရားကုန်ဆုံးတော့ တဖန်ဘုရားပွဲတော်ကို အနှောင့်အယှက်လုပ်ရန် လုပ်ကြပါတော့သည်။ ရန်မများအောင် အမြဲသတိထားရပါသည်။ တစ်ဖက်မှ တပြိုင်နက် ပထမဆရာတော်ကြီးထံတွင် လုပ်နေကြသောပုဏ္ဏားများသည် မထမခပ်ခွာခွာနေပြီး အနှောင့်အယှက်ပေးနေခဲ့ကြသည်။ နောက်တဖန် ပြန်၍ချဉ်းကပ်လာကြပါတော့လည်း ရန်ကိုကင်းနိုင်သမျှကင်းပါစေဟု သဘောထားပြီး မချစ်





သော်လည်း အောင့်ကာနမ်းဆိုသလို ပေါင်းသင်းနေခဲ့ပါသည်။ ဘုရားပွဲတော်တွင်လည်း ပထမကဲ့သို့ပင် ထားခဲ့ရတော့သည်။ သူတို့မှာ အခဲမကြေဖြစ်ကြပြီး ဘုရားပွဲတော်ကို တစ်ဘက်မှ ဆန့်ကျင့်ဘက်လုပ်ကြပါသည်။ ညဘက်တွင် အရက်သောက်ပြီး မတော်မတရားစော်ကားကြ၊ ပုလိပ်များကို မတော်မတရားလုပ်ခိုင်းကြသည်။ လူမိုက်ငယ်များကို တဘက်မှ မတရားလုပ်ခိုင်းကြသည်။ ဒီလိုနှင့် ညတစ်ညတွင် ဝေါရပ်ခပူရ်မှ နာမည်ကြီးဆိုင်သမားတဦးကို ပုလိပ်နှင့် ရိုက်ခိုင်းခဲ့ကြသည်။ ပုလိပ် စရိုက်တော့ ဆိုင်သမားမှာ မူဆလင်ဖြစ်သည်။ ရိုက်သူမှာ ပုဏ္ဏားပုလိပ်ဖြစ်သည်။ စာရေးသူသိလျှင်သိချင်း ဝိုင်း၍ဖမ်းခိုင်းရာ ပုလိပ်ရာဇဝတ်အုပ်မှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ သို့သော် လက်ထောက် ပုလိပ်နှစ်ဦးကို ပွဲမှဆိုင်သမားများက ဝိုင်းရိုက်ကြသည်။ ဖမ်း၍လည်းထားခဲ့သည်။ ပုလိပ်အဝတ်အစားများကို ချွတ်ပြီးမှ ရိုက်ကြခြင်းဖြစ်သည်။ သူ့လက်ရေးနှင့် ကျုပ်နာမည်ဘယ်သူဖြစ်ကြောင်း ကျုပ်အရက်သောက်မိကြောင်း အရက်မူးနေ၍ မသိ၍ဆိုင်သမားကို ရိုက်မိကြောင်း စသည်ရေး၍ ထားခဲ့ကြသည်။ နောက်တစ်နေ့ ပုလိပ်ရာဇဝတ်အုပ်ကို လိုင်းဟာဂျီးလုပ်လိုက်ရသည်။ ပုလိပ်ဘက်မှ မရတော့ တဖန်ရပ်ရွာတွင် နာမည်ကြီးသော လူမိုက်တစ်ဦးကို နှောင့်ယှက်ရန် ခိုင်းကြပါသည်။ တဏှာယ် ယုတ်မာသောလူတစ်မျိုးဖြစ်ကြသည်။ စာရေးသူ အမြဲသတိထားရသည်။ သတိထားသည်ကြားမှ အကွက်ရှာနေကြ သောသူတို့လူစုသည် မိန်းမကြီးတစ်ယောက်ထံမှ ပြောင်းဖူးလေးငါးဖူးလုစားခဲ့သည်။ ထိုမိန်းမကြီးမှာ ပြောင်းဖူး အစိမ်းဝယ်ပါက လေးဆယ့်ငါးပြားပေးရသည်။ မီးဖုတ်ရောင်းပါက ခြောက်ဆယ့်ခြောက်ပြားရသည်။ တစ်ဖူးရောင်းပါက မီးခ၊ မီးသွေးခ၊ ဖုတ်ခနုတ်လိုက်တော့ ဘာမျှမကျန်နိုင်ပါ။ သို့သော် မရှိကရှိက ဖုတ်ရောင်းခဲ့သည်။ လေးငါးဖူးစားလိုက်တော့ အမြတ်မရှိ။ အရင်းကပါ ကုန်နေခဲ့ရာ ကုလားမမှာ သွား၍ ခဏခဏ သားနှင့်လင်ကို တောင်းခိုင်းခဲ့သည်။ နောက်ဆုံးမပေးသည့်အပြင် တစ်ဘက်မှဆိုးမူကြောင့် ကုလားမလင်ကိုပါ ရိုက်လိုက်သည်။ ခေါင်းကွဲသွားခဲ့ရာ တစ်အိမ်သားလုံး ငိုငိုရယ်ရယ်နှင့် စာရေးသူရှိရာသို့လာခဲ့ကြသည်။ သူတို့နှင့်အတူ ပွဲတွင် ရောက်ရှိ နေခဲ့ကြသော ဆိုင်သမားများ တစ်ရုန်းရုန်းနှင့်လာနေကြသည်။ စာရေးသူ စားသောက်ပြီး အနားယူနေသောအချိန်ဖြစ်သည်။ ငိုသံနှင့် လူအုပ်ကြီး



www.burmeseclassic.com

သံကိုကြားမှ ထွက်ကြည့်ခဲ့ရာ လူသုံးလေးထောင်ခန့် ဝိုင်းနေခဲ့ကြသည်။ စာရေးသူ မေးမြန်းခဲ့ရာ ဒုက္ခိရယ်ဆိုသူကရိုက်ကြောင်း ပြောင်းဖူးစားပြီး ပိုက်ဆံမပေးခဲ့ကြောင်း ပိုက်ဆံလိုက်တောင်းရာမှ အရိုက်ခံရကြောင်း ပြောပြခဲ့ပါသည်။ စာရေးသူက ဒုက္ခိရာယ်ကို ခေါ်ခိုင်းရာ ထွက်ပြေးသွားကြောင်း မေးမှသိခဲ့ရသည်။

ပွဲတော်စောင့်ရှောက်သူ ပုဏ္ဏားများကပါ သူ့ဘက်ပါနေခဲ့ရာ ကိုယ့်လူ သူ့ဘက်ပါ၍ အပြောရခက်နေပါသည်။ စာရေးသူက တိတ်တိတ် ထမင်းချက်တဲ့ ကောင်လေး ဆရိတြိဆနာ ကားမောင်းတဲ့ကောင်လေး ဆောင်ကက်တ်အလီ နှစ်ယောက်ကို ရှာခိုင်းခဲ့သည်။ သူတို့နှင့်အတူ ဒုက္ခိရာယ် ပါလာခဲ့သည်။ ပထမ တော့ ချော့မော့၍ မလုပ်ရန်နှင့် ဘုရားပွဲမှာ ကုသိနာရုံတွင်ကျင်းပသည်။ မြန်မာပြည်တွင်မဟုတ်။ ငါဟာ မြန်မာပြည်သားဖြစ်သည်။ ပွဲတော်ကောင်းလျှင် ကုသိနာရုံ ကောင်းမည်၊ ကုသိနာရုံတွင်နေကြသော သူများကောင်းမည်။ မလုပ်ရန် မနှောင့်ယှက်ရန် ပြောခဲ့ရာ စကားစသည့်အချိန်မှ ဆုံးသည်အထိ ဘုပြောသည်။ အကြောင်းကား လူတစ်ချို့က မြှောက်ပေးထား၍ဖြစ်သည်။ လူလည်း သုံးထောင် ကျော် လေးထောင်ဝိုင်းထားကြပါသည်။ ကိုယ့်ဘက်မှ ကိုရင်နှစ်ပါး ရှိခဲ့သည်။ စိတ်ဆိုးလာသည်ကို သိကြ၍ သူတို့မှာလည်း အလွန်အားကိုးရကြပါသည်။ တရိပ္ပူရ်သားများဖြစ်ကြသည်။ လက်နှင့်ရိုက်လျှင်တော့ လက်ဝါးနာ တော့မည်။ သင့်တော်သောတုတ်တစ်ချောင်းကိုယူခဲ့ကြဟု ပြောခဲ့ရာ နှစ်ယောက်လုံး ပျောက်သွားခဲ့သည်။ လူတစ်ယောက် အနာရသည်ဟုသိသည်နှင့် ရပ်ရွာမှ ပုလိပ်ရှေ့ပြေး ကျောက်ကီးဒရ်ခေါ် ရွာစောင့်ဒရဝမ်တစ်ယောက် ဆယ့်နှစ်တောင်ခန့်ရှည်သော ဝါးလုံးတစ်ချောင်းကိုယူ၍ စာရေးသူရှေ့တွင် ထိုင်လိုက်သည်။ စာရေးသူနှင့်လူမိုက် ပြောဆိုနေကြသည်ကိုလည်းကြားသည်။ သူတို့ကလည်း ထိုလူမိုက်ကို ကြောက်ရသည်။ စာရေးသူက ကုလားထိုင်ပေါ်မှာထိုင်သည်။ လူမိုက်က စားရေးသူ၏ ရှေ့နားတွင် မြေကြီးပေါ်ထိုင်နေသည်။ ကျန်လူ သုံးလေးထောင်မှာ ဝိုင်း၍ကြည့် နေကြသည်။ ခုသာ လူမိုက်ကိုမနိုင်လို့ကတော့ လူမိုက်ကလုပ်သလိုခံရတော့မည်။ စာရေးသူလည်း "ဒေါသော အတ္တံနဇာနာတိ" ဆိုသလို ဘာမျှမသိတော့ဘဲ ဆယ့်နှစ်တောင်ခန့်ရှည်သော ဝါးရင်းတုတ်ကြီးကို ဒရဝမ်ထံမှဆွဲယူပြီးလျှင် အချက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရိုက်လိုက်သည်။





တုတ်ကျိုးသွားသည်။ နှစ်ပိုင်း၊ သုံးပိုင်း၊ လေးပိုင်း ကျိုးသွားခဲ့သည်။ ခေါင်းကို လုံးဝမရိုက်ခဲ့၊ လက်မောင်း နှင့်ကျော၊ တင်ပါးများကို ရိုက်ချလိုက်ခဲ့သည်။ အထူးသတိလည်း ထားရသည်။ ကုလားတို့မှာ ဘယ်လောက်ဘဲမိုက်မိုက် တွန်းတတ်သောအလေ့ရှိသည်။ ရိုက် တတ်သောအလေ့မရှိ။ စာရေးသူက လူမိုက်လုပ်လိုက်မှသာ မလုပ်တော့ပါဘူး။ မလုပ်တော့ပါဘူး ဆက်တိုက်ဘဲရိုက်နေခဲ့ရာ ထွက်လို့တော့ မပြေးဝန့်ခဲ့ပါ။ ထိုး ဆွပေးခဲ့သော လူသုံးလေးဦးသာ လာရောက်၍ သူ့ကို ဆွဲယူကြပါသည်။ စာရေးသူမှာ ထိုးဆွပေးခဲ့သောလူများကိုပါ သူတို့ကို ရိုက်သလိုမဟုတ်ဘဲ လူမိုက်ကို ရိုက်ရာတွင် ထိသလို မသိမသာ သုံးလေးချက်စီ ခပ်နာနာ ရိုက်လိုက်သည်။ ထို နေ့မှစ၍ သုံးလေးနှစ်ခန့် ကုသိနာရုံဘုရားပွဲတော်မှာ ဆိတ်ငြိမ်သွားခဲ့သည်။ မတော်မတရား လာလုပ်သူ ရှိခဲ့လျှင်လည်း ပွဲစောင့်က ဖြစ်စေ ဆိုင်သမား တစ်ဦးဦးကဖြစ်စေ "ဟဲ့ဟဲ့ ဘာဘာဂျီး အာဂယာ၊ ဘာဘာဂျီး အာဂယေ။ ဆရာတော်လာပြီ၊ ဆရာတော်လာပြီ" ဟု ပြောလိုက်ရုံနှင့် ပွဲဖျက်သမားများ ငြိမ်သွားကြသည်။

ဤကဲ့သို့ပင် အမှန်သည်အမှန်သာဖြစ်သည်။ အမှန်ကိုလုပ်သောသူသည် အောင်မြင်မှုကိုအမြဲရတတ်ပါသည်။ ရှင်တော်မြတ်ဘုရား၏ တရားတော်လာ ငုံးမင်းပရိတ်တွင်ငုံးငယ်က ခြေရှိလျက်မသွားနိုင်ခြင်း၊ အတောင်ရှိပါလျက်နှင့် မပျံတတ်ခြင်း၊ တကဲ့တကယ် ချစ်ခင်ကြင်နာကြသော မိဘနှစ်ပါးသည်လည်း သူတို့၏အသက်ဘေးမှတစ်ပါး ဘယ်သူ့ကိုမျှမကယ်နိုင်တတ်သော အခြေအနေသို့ ရောက်နေရကြောင်းကို ငုံးမင်းကလေးက သစ္စာဆိုခဲ့သည်။ တောမီးမှာ ငြိမ်းသွားခဲ့ရသည် မဟုတ်ပါလား။ အင်္ဂုလိမာလပရိတ်တွင် အင်္ဂုလိမာလသည် လူပေါင်းတောင်ကျော်ကိုသတ်၍ လက်ညှိုးဖြတ်ခဲ့သည်။ ရှင်တော်ဘုရားနှင့်တွေ့ပြီးမှ ကာသာယအဝတ်ကို ဆင်မြန်းဝတ်ရုံခဲ့ပြီးမှ သေစေလိုသော စိတ်ဖြင့် မသတ်ခဲ့သည်ကို သစ္စာဆိုခဲ့သည်။ ထိုမှန်သောစကားကြောင့် မီးဖွားခါနီး မိန်းမများတွင် ခံစားရသော ဒုက္ခ ဝေဒနာကြီးကို ဖျောက်ပစ်သကဲ့သို့ သက်သာရာရပါသည် မဟုတ်ပါလား။ ဝေသာလီပြည်ကြီး ရောဂါအန္တရာယ် နှိပ်စက်ပြီး ဝက်မွှတ်ခေါင်းပါးပြီး သေကြေပျက်စီးနေကြသည်ကို ရှင်တော်မြတ်ဘုရား သွားရောက်ပြီး ဘုရားမြတ်များ၏ ဂုဏ်တော်တရားတော်၏ ဂုဏ်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့သရဇ္ဈာယ်ပြုပြီး သစ္စာဆိုခဲ့ပါသည်။ ဒီမှန်ကန်သော တရားတော်ကြောင့် ဝေသာလီပြည်ကြီး ချမ်းသာရာရခဲ့ဘူးပါသည်။ သုဝဏ္ဏသာမ ဇာတ်တော်တွင် သား၏အမှန်တရားများကို ပြောဆိုသစ္စာဆိုခဲ့မှုကြောင့် သုဝဏ္ဏသာမသည် အဆိပ်မွှန်းနေသောမြှားဒါဏ်မှ သက်သာရာရခဲ့သည့် ထုံးတမ်းစဉ်လာ သက်သေသာဓကများလည်း ရှိခဲ့ဘူးပါသည်။ အလောင်းတော်မင်းသားနှင့် ဒေဝဒတ် အလောင်းတော်ကို ကြွေကစားခဲ့ရာတွင် သဗ္ဗနဒီဝင်္ကနဒီ စသောဂါထာမန္တန်ကို ရွက်ပြီးကြွေကစားခဲ့သောသူတို့ကို အနိုင်ရခဲ့သော သက်သေသာဓကများ ရှိခဲ့သလို စာရေးသူအားမတော်မတရားလုပ်ဆောင်ခဲ့ကြသော လူပုဂ္ဂိုလ်များ ခြေဖဝါးအောက်သို့ရောက်ခဲ့ပေါင်းလည်း များလှပါပြီ။ သို့သော် ဘဝဝဋ်ကြွေးပါလာခဲ့သော အရှင်မောဂ္ဂလန် အလောင်းတော်၏ဘဝက လုပ်ခဲ့သောမကောင်းမှုသည် နောက်ဆုံးရဟန္တာကြီးဘဝသို့ ရောက်သည့်တိုင်အောင် ခံစားရရင်း ပရိနိဗ္ဗာန်စံမြန်းခဲ့ရပါသည်။ စာရေးသူတွင်လည်း ဘဝကွာခြားခဲ့၍ လုပ်မိခဲ့သော အကုသိုလ်မကောင်းမှုများ ရှိခဲ့ပုံရပါသည်။ သို့ဖြစ်၍ ယခုတစ်ခေါက် မြန်မာနိုင်ငံသို့ရောက်ခဲ့ရာတွင် ကြီးစွာသော ဒုက္ခဝေဒနာ ခံစားခဲ့ရသည်ဖြစ်ကြောင်းနှင့် "ဆတျမေဝဇာယတေ" အမှန်တရားသည် အောင်မြင်မှုကြီးတစ်ခုဖြစ်ကြောင်း မှတ်ချက်ရေးသားခဲ့ရပါသတည်း။

ဟရိဗလ–ကုသိနာရုံ







ဦးဉာဏိဿရနှစ်ပါးနှင့် သူ့တကာနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



# အာဂရာ ဗုဒ္ဓဘာသာ လူ (၅)သိန်း ဝင်ပွဲ

ဟရိဗလ–ကုသိနာရုံ

စာရေးသူ ဗာရာဏသီ ရောက်နေခဲ့သည်။ ကုသိနာရုံအနီးအပါးတွင် ရာမဘုရားကိစ္စနှင့် ဆူဆူပူပူ ဖြစ်နေဆဲဖြစ်သည်။ ဘာရတီယဇနတာပါတီဘက် ဟိန္ဒူဘာသာမှ တခြားကျန်ဘာသာရေးဘက်ကို လုံးဝအကူအညီမပေးသည့်ပြင် ကြားသောပုဂ္ဂိုလ်များကို မတန်တဆ ပြောဟောပြီး ရန်တွေ့တတ်သော အချိန်ဖြစ်သည်။ ကုသိနာရုံအနီး ကဆီယာမြို့ကလေးမှ မူဆလင်များကို ဖမ်း၍ထောင်ချခဲ့သည်။ တစ်နေ့ ညနေဘက် တယ်လီဖုန်းသံထွက်လာခဲ့သည်။ ရီဆီးဗားကို ကောက်ကိုင်လိုက်သောအခါ ကဆီယာမှနယ်ပိုင် မဟောဆ်ဂုပဒတာ က ဖုန်းဆက်ခြင်းဖြစ်သည်။ နယ်ပိုင်က ဆရာတော်ရာမနှင့်ပတ်သက်၍ ဘယ်စကားမျှ ဆရာတော်မပြောပါနှင့်တဲ့။ နောက်တစ်နေ့ မမျှော်လင့်ဘဲ ဂေါရခပူရ်မှ မြူနီစီပါယ်ဌာနအုပ်ချုပ်သူ လူကြီး ကားတစ်စီးနှင့်ပေါ်လာခဲ့သည်။ ကဆီယာနယ်ပိုင်က သူ့ထံသို့လည်းဖုန်းဆက်ခဲ့သည်။ ဆရာတော်တပည့်ဟုသိသည်။ ကဆီယာ နယ်ပိုင်မှာ မဟော့ဆ်ဂုပဒတာဆိုသူဖြစ်သည်။ ကဆီယာဒေဝရိယာတွင် R.O.C.RO နှင့် အရာထမ်းဆောင်းခဲ့ပြီး ဂေါရခပူရ်တွင် ပထမ ၊ ဒုတိယခရိုင်ဝန် ထိုမှ ရာထူးတိုးပြီး မြူနီစီပယ်ဌာနတွင် ပထမအကြီးဆုံးအရာရှိ ဖြစ်နေသူဖြစ်သည်။





ထစ်ခါတစ်ခါ စကားစပ်မိတိုင်း စာရေးသူ ကိစ္စကြီးငယ်ရှိပါက ကူညီပေးရန်ကိုလည်း နယ်ပိုင်အား မှာထားဖူးသည်။ သိရိနန္ဒကီဆိုရ်ဟုခေါ်သည်။

ကာဆီယာနယ်ပိုင်ထံသို့ မတော်မတရားသူတချို့က ဆရာတော်ကိုလည်း ဖမ်းဆီးရန် မတော်မတရား လုပ်ကြံ၍တိုင်ခဲ့ရာ နယ်ပိုင်က သတိပေးရုံသာမက ဂေါရခပူရ်မှ စာရေးသူထံတွင် ဗုဒ္ဓဘာသာဝင်ထားကြသော အရာရှိမိသားစုထံသို့လည်း သတင်းပေးခဲ့သည်။ အရာရှိနှင့် အရာရှိကတော်က ဆရာတော်ကို ပင့်ယူရန် ကြံဆပြီးတာနှင့် လာပင့်ခဲ့သည်။ အာယုဒ္ဓယတွင် ရာမမွေးရာဌာနကို သူပိုင်ကိုယ်ပိုင် ရန်တွေ့နေကြသော အချိန်ဖြစ်သည်။ ပြည်နယ် ဝန်ကြီးချုပ်မှာ သီရိမူလာယန်းဆိန်းဟ်ယာဒဝ်ဖြစ်သည်။ စာရေးသူကို ပင့်ပြီး ကုသိနာရုံမှ ဂေါရခပူရ် သူ့အိမ်တွင် သီတင်းသုံးရန် လျှောက်ထားသည်။ စာရေးသူ ၄င်းအရာရှိနှင့် လိုက်သွားခဲ့သည်။ အိမ်တွင်သုံးရက်ခန့် နေထိုင်ပြီး ကုသိနာရုံ တစ်ညပြန်လာ တစ်ညအိပ်ပြီး ဗာရဏသီသို့ထွက်သွားခဲ့သည်။ ဗာရဏသီတွင် နေထိုင်စဉ် ဗာရဏသီသို့ လက္ခနောင်းမှ ဖုန်းလာခဲ့သည်။ ဗာဏသီမှာ ရှိနေကြောင်း အတိကျသိမှ ဗာဏသီမှ တပည့်တစ်ဦးက လာတွေ့သည်။ စက်တင်ဘာလ ငါးရက်နေ့ စည်းဝေးမည့်ပွဲသို့ တက်ရောက်ရန် ပြည်နယ် ဝန်ကြီးချုပ်နှင့် ဒေါက်တာ အမ္ဗေဒကာ၏ဇနီး ဒေါ်ဆဗိတာ အမ္ဗေဒကာက ဖိတ်သည်။ မဖြစ်မနေတက်ရောက်ရမည်ဟု လာလျှောက်ထားခဲ့သည်။ ငါးရက်နေ့မနက် ရထားဖြင့် လာခဲ့မည်ဟုကတိပေးလိုက်သည်။

ဗာဏသီမှ ကုသိနာရုံ တစ်ညအိပ်ပြီး ကုသိနာရုံမှ လက္ခနောင်းသို့ ဂေါရခါးနာထ် အမြန်ရထားဖြင့်လိုက်သွားခဲ့သည်။ ရထားဘူတာတွင် ပုလိပ်ကားတစ်စီးက စောင့်နေခဲ့သည်။ စာရေးသူ ရောက်သွားလျှင်ရောက်ချင်း ဇယန်တ်ဂေါတမ်က ပုလိပ်ကားတွင် ထိုင်ခိုင်းသည်။ ဘယ်မှာတည်းမှာလဲ ဟုမေးသည်။ စာရေးသူက လက္ခနောင်းရီဆာလ်ဒါရ်ပါရ်က် ရှိ သီဟိုကျောင်းတွင် တည်းခိုရန် ဖုန်းဆက်ထားပြီးဖြစ်ကြောင်း ပြောခဲ့သည်။ ပုလိပ်ကားမှာ ထိုကျောင်းသို့ ခေါ်ဆောင်ပြီး ဆရာတော်နှင့်တွေ့ဆုံးခါ အကျိုးအကြောင်းပြောပြပြီး ပြည်နယ်အစိုးရပိုင် ဧည့်ဂေဟာသို့ ပင့်ဆောင်သွားခဲ့သည်။ ဧည့်ဂေဟာတွင် ဒကာမကြီး ဒေါ်ဆဗိတာ အမ္ဗေဒကာနှင့် နံပါတ် ၁ အခန်းတွင်တွေ့ပြီး စာရေးသူအား တတို



www.burmeseclassic.com

www.burmeseclassic.com



ယထပ် (၁၁) နံပါတ်အခန်းသို့ ပင့်ဆောင်သွားခဲ့သည်။ အနားယူ ရေမိုးချိုးပြီး ညနေမိမိတို့ဘက်မှ တိတ်တဆိတ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နောက်တစ်နေ့တွင် လူမျိုးစုံပုဏ္ဏားများကို မကြိုက်သောလူများက ဆွေးနွေးခဲ့ကြသည်။ နောက်တနေ့ ပြည်နယ်အစိုးရမှ သက်ဆိုင်သူအရာရှိတစ်စုနှင့် ဗုဒ္ဓဘာသာအရာရှိများ စာရေးသူတည်းခိုသော အခန်းနံပါတ်ဆယ့်တစ်သို့ ရောက်လာခဲ့ကြသည်။ ပုဏ္ဏားများမပါကြသောအုပ်စုနှင့် ဗုဒ္ဓဘာသာဝင်အရာရှိများ စည်းဝေးကြသည်။ ဒေါက်တာအမ္ဗေဒကာရ်ဇနီးလည်း ပါသည်။ အစိုးရဘက်မှ အာယုဒ္ဓယာတွင် ရှိနေသောနေရာသည် မူဆလင်နေရာလည်းမဟုတ်။ ဟိန္ဒူနေရာလည်းမဟုတ်ပါ။ ဗုဒ္ဓဘာသာ နေရာသာဖြစ်သည်။ ဂဝံပတိ အမည်ရှိသော ရဟန္တာဆရာတော်ကြီးတပါးသည် ထိုနေရာ၌ နေထိုင်သီတင်း သုံးတော်မူခဲ့သည်။ ပထမ မူဆလင်ဘုရင်များက အုပ်စိုးပြီး ၄င်းနေရာကို သိမ်းယူပြီး ဘာဘာရ်ဗလီ လုပ်ထားခဲ့သည်။ ဘာဘာရ်မရှိသည့် နောက်ပိုင်းတွင် ဟိန္ဒူက သိမ်းခဲ့သည်။ တဖန်မူဆလင်များကသိမ်းခဲ့သည်။ ဤကဲ့သို့သူသိမ်းကိုယ်သိမ်းနှင့် ဗုဒ္ဓဘာသာနေရာမှန်ပါ လျှက်သားနှင့် ဗုဒ္ဓဘာသာများ ဥပေက္ခာပြုနေကြရသည်။ သို့ဖြစ်၍ ဤဟိန္ဒူနှင့် မူဆလင်ဖြစ်နေသည့်ရန်ပွဲတွင် ဟိန္ဒူနိုင်သွားခဲ့လျှင် မူဆလင်မဝင်ရပါ။ မူဆလင်နိုင်ပါက ဟိန္ဒူမဝင်ရပါ။ အကယ်၍ ဗုဒ္ဓဘာသာဖြစ်ခဲ့ပါက ဟိန္ဒူလည်းဝင်နိုင်သည်။ မူဆလင်လည်းဝင်နိုင်သည်။ စာရေးသူနှင့် ဒေါက်တာအမ္ဗေဒကာဇနီးကို ဗုဒ္ဓဘာသာဘက်မှ ဝင်ရောက်ရန် အစိုးရဘက်မှ အားပေးကြသည်။ အချိန်က ဝါတွင်းဝါလ ဖြစ်နေပြန်၍ တစ်ခါသွား၊ တစ်ခါပြန်နှင့် တော်တော်အချိန်နှောင်းခဲ့ရပါသည်။ နောက်ဆုံးစာရေးသူက ဗုဒ္ဓဘာသာဘက်က မှန်ကြောင်းကို သက်သေသာဓကပြနိုင်မလား။ ပြနိုင်သည်ဟု အစိုးရဘက်မှ ရဲဝံ့စွာတာဝန်ယူကြပါသည်။ ဤသို့ဆိုလျှင် သွားကြမည်။ အားလုံးသေချာမှသာ လုပ်ကြရမည်။ စာရေးသူမှာ မထမ ငါးကြိမ်ခန့် လေ့လာဘူးသည်။ ၁၉၈၀ ခုနှစ် ရာမမွေးရာဌာန အစစ်အမှန်သိရအောင်ထူးခေါ်ခဲ့သော အစီရင်ခံစာများကိုလည်း ဖတ်ဖူးသည်။ သုံးဆယ့်တစ်နေရာ တူးဖေါ်ရာတွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သောနေရာမှာ နှစ်ဆယ့်ငါးနေရာဖြစ်ပြီး၊ ဂျိန်းဘာသာနှင့် ပတ်







ကမ္ဘာထိပ်သီးညီလာခံ ဗုဒ္ဓဂယာတွင် ကျင်းပခဲ့စဉ်



နှစ်စဉ် ကုသိနာရုံ ရှင်ပြုရဟန်းခံပွဲတွင် ဆွမ်းမကပ်မီ
အိန္ဒိယတိုင်းရင်းသား ရှင်ရဟန်းများ



www.burmeseclassic.com

www.burmeseclassic.com



သက်သောနေရာမှာ ခြောက်နေရာဖြစ်ကြောင်း သိခဲ့ရသည်။ သို့သော် ရာမမွေးဖွားရာဌာနဟုကား မသိခဲ့ရပါ။

ဤလိုနှင့် စာရေးသူက စုံစုံလင်လင်သိရအောင် အာယုဒ္ဓယသို့ သွားကြရန် ထွက်သွားခဲ့ကြသည်။ ပထမ လမ်းပြဦးဆောင်ကား၊ ဒုတိယ စာရေးသူကား၊ တတိယ တကာမကြီးဒေါ်ဆာဗိတာကားနှင့် မြို့ဝန်လက္ခနောင်းမှ ဒါဝုဂျီးဂုပ်ပတာကားအပြင် စုံထောက်ပုလိပ်ကားကြီးတစ်စီးလည်းပါပါသည်။ လက္ခနောင်းမှ အာယုဒ္ဓယသို့ သုံးနာရီကျော် မောင်းရသည်။ ရာမမွေးရာနေရာသို့ ရောက်သွားခဲ့ရာ အရာရှိသုံးလေးဦးနှင့် ရုံးစေနှစ်ဦးကို တွေ့ရသည်။ စာရေးသူသည် ရှေ့ဆုံးဦးဆောင်ပုလိပ်ကားနောက်မှဖြစ်ခဲ့ရာ ရုံးစေများက ပုလိပ်ကို မေးကြသည်။ ဘယ်သူတွေလဲ၊ လယ်သူတွေလဲ၊ ပုလိပ်ကဘာမျှပြန်မပြောပြခဲ့။ ပြန်ပြီးသူ့အရာရှိအား အဖြေပေးနေသည်။ ဆရာ ... ဆရာ... V.I.P နှင့်တူသည်။ V.I.P ဆိုတော့ ဖွင့်ပေးလိုက်ဟု အမိန့်ရမှ စာရေးသူကားကိုလာဖွင့်ပေးခဲ့သည်။ စာရေးသူကားပေါ်က ဆင်းလာတော့ ပြန်ပြီးသူ့ဆရာကိုတိုင်သည်။ ဆရာ V.I.P ဟာ လူမဟုတ်ဘူး၊ ဘုန်းကြီးတစ်ပါးဖြစ်သည်။ ဟာ ... ဘာဘဲဖြစ်ဖြစ်ဆိုမှ။ ဒကာမကြီးရော လက္ခနောင်းမြို့ဝန်ရော ကားမှဆင်းကြသည်။ စာရေးသူတို့ကား ရှေ့ဆုံးမှ C.T မဂျီစတိတ်ခေါ် အရာရှိကဦးဆောင်၍ ရာမမွေးဖွားခဲ့သည်ဆိုသော နေရာများကို လိုက်လံပြသခဲ့သည်။ ကျောင်းနံရံတွင် ကပ်ထားသော ပုံများ၊ ဂိတ်များတွင် ပြုလုပ်ထားသော သတ္တဝါများကို ကြည့်ရသောအားဖြင့် ဤနေရာသည် ဗုဒ္ဓဘာသာနေရာစစ်စစ် ဖြစ်နိုင်သည်ဟု ထိုအရာရှိကလည်း ဝေဖန်ပြောသွားခဲ့သည်။ စာရေးသူတို့လူစု တဖြည်းဖြည်း ရှေ့ဆက်သွားခဲ့ရာ ရာမလလာ ဟု အမည်ပေးထားသောနေရာသို့မရောက်မီ လမ်းဘေးနားတွင် နေရာတစ်ခု၌ ဘိနပ် တော်တော်များချွတ်ထားပြီး အနားတွင် လူတစ်ရာကျော် ထိုင်နေသည်ကို တွေ့ရသည်။ အချိန်မှာ ဆယ်နာရီခွဲခန့်ဖြစ်သည်။ ထိုင်နေသူများကို မေးကြည့်ရာ ဘုရားအိပ်နေချိန်ဖြစ်၍မဖူးနိုင်၊ မဖူးရသေးကြောင်း နိုးလာမှ ဖူးရမည်ဖြစ်ကြောင်း သိရသည်။ အရာရှိအုပ်စုဖြစ်၍ ရှေ့ဆက်သွားကြရာ ဘိနပ်ချွတ်ထားသောနေရာတွင် စာရေးသူက ဘိနပ်ချွတ်ပါတော့သည်။ အရာရှိက ဘိနပ်ချွတ်စရာမလိုကြောင်း ရှေ့ဆက်သွားဟုပြောသည်။ ဒီဘိနပ်များ





ချွတ်ထားရာ ဒီနေရာကနေ၍ ဘိနပ်မစီးရဟု သတ်မှတ်နေရာ အထိမ်းအမှတ်ဖြစ်သည်။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာတစ်ဦးဖြစ်သည်။ ကျွန်ုပ်နေရာမှာလည်း ဘုရားကျောင်းဆိုရင် ဘိနပ်မစီးရဘူးဟု ပြော၍ဘိနပ်ချွတ်ထားခဲ့သည်။ တစ်နေရာလုံးလိုက်ကြည့်ကြသည်။ တူးဖေါ်ရရှိသောပစ္စည်းများ၊ တူးဖေါ်သောနေရာများ၊ ကျန်ရှိနေသောနေရာ အားလုံးမှာ ဗုဒ္ဓဘာသာ နေရာဖြစ်ကြောင်း ထင်ရှားနေပါသည်။ ဟနုမာန်ဂရိခေါ်သောနေရာမှာလည်း အသောကဘုရင်ကြီး၏ စေတီတော်တစ်ဆူဖြစ်ကြောင်း ထင်ရှားနေပါသည်။ နဝလ်ကီဆိုရ်ဆိန်နဟာဆိုသူတစ်ဦးက ပထမဆုံး ဟနုမာန်ပုံတစ်ပုံကို ထည့်ထားခဲ့ကြောင်း ယခု ဗုဒ္ဓဘာသာနေရာပျောက်၍ ဟိန္ဒူနေရာဖြစ်နေပြီဖြစ်ကြောင်း ၄င်းအရာရှိများက တဆင့် သိရသည်။ ဒီနေရာကို ဗုဒ္ဓဘာသာနေရာဖြစ်အောင် ပြုလုပ်ရမည်ဟုလည်း ပြောကြသည်။ အားလုံးကအမှန်လုပ်ကြရမည်ဟု ပြောကြသည်။ ဒီအမှန်တရားကို ရယူရန်အတွက် ရန်များတတ်သည်။ တရားဆိုင်ရမည်။ တရားဆိုင်လျှင်ပိုက်ဆံလိုသည်။ ပိုက်ဆံဘယ်ကရမလဲ။ အစိုးရကပေးမည်တဲ့။ သူတို့တွေကတော့ ဒုက္ခပေးကြတော့မည်။ စာရေးသူမှာ နားလည်မှုနှင့် ဒကာမကြီးရယ် ဒကာမကြီးဘဲ တရားဆိုင်ပါတော့။ ဆရာတော်တို့ဘုန်းကြီးများ တရားဆိုင်ရင် မသင့်တော်ဘူးဟုပြောပြီး နေခဲ့ရသည်။ အစည်းအဝေးပြီးတော့ ကုသိနာရုံမှတဆင့် လက္ခနောင်းရောက်သွားခဲ့သည်။ လက္ခနောင်းမှ အာဂရာသွားရမည်။

နိုင်ငံရေးသမားပေါင်းစုံ ဘာသာဇတ်နိမ့်ဖတ်လည်းပေါင်းစုံ ပုဏ္ဏားမှ တပါးလူပေါင်း(၅)သိန်းကျော် ဗုဒ္ဓဘာသာဝင်ကြမည်။ ဆရာတော်ကြီးတပည့်ဦးညာဏီသရထံတွင် ဗုဒ္ဓဘာသာဝင်ကြမည်ဆို၍ မဖြစ်မနေသွားခဲ့ရသည်။ လက္ခနောင်းမှ (၂၇) ရက်နေ့ရောက်ခဲ့သည်။ မနက်ဘက် နှစ်ဆယ့်ရှစ်ရက်နေ့ လက္ခနောင်း အာဂရာကားနှင့်သွားက ခပ်မြန်မြန်ရောက်တတ်သည်။ သို့သော် ဒါရိုက်ဘတ်(စ်)ကားတစ်စီးမှ ထိုနေ့မနက်စောစောမှစ၍ မထွက်ခဲ့။ လက္ခနောင်းမှ တစ်ရာကီလိုမီတာဝေးသော ကန်နပူရ်သို့ ဘတ်(စ်)ကားစီးခဲ့ရသည်။ ကန်နပူရ်ရောက်တော့လည်း ကန်နပူရ်မှ အာဂရာတိုက်ရိုက်ထွက်သောကား မရှိခဲ့ပါ။ ကန်နပူမှ ကာဆ်ဂံဂျ်သို့ထွက်သော ဘတ်(စ်)ကားတစ်စီးပေါ်သို့ တက်ထိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေ့လုံး ရေကလည်းမရှိ၊ အစားသောက်ကတော့ဝေးရော့။ လမ်းတွင် ရေငတ်လာခဲ့သည်။ လူတွေက ခဏခဏမေးကြသည်။ ဘယ်ကလာခဲ့သလဲ၊ ဘယ်ကိုသွားမလဲတဲ့၊ စာရေးသူမှာ စကားမပြောတတ်သော လူအတစ်ဦး ဟန်ဆောင်ကာ အုန့်အုန့်...အုန့်အုန့်ဟု လက်နှင့်လာလမ်းကိုပြပြီး အုန့်အုန့်... အန့်အုန့်ဟု သွားလမ်းကိုပြ၍ ခရီးဆက်ခဲ့ရသည်။ အစိုးရဌာနကရော ဇတ်ကြီးများကပါ ဗုဒ္ဓဘာသာသွင်းသည်ကို လုံးဝမနာလိုကြပါ။ ဗုဒ္ဓဘာသာ ခေါင်းဆောင် ယူပီပြည်နယ်ဝန်ကြီး ဂုလာဗ်ဆေဟရာကလည်း တစ်နိုင်ငံလုံးကို ကြော်ငြာထားသည်။ လာသမျှလူတိုင်းမိန်းမဆိုလျှင် ဆာရီအဖြူအင်္ကျီအဖြူနှင့် ယောကျ်ားများဖြစ်ပါက ဒိုတီဝတ်သူ ဒိုတီအဖြူ အင်္ကျီအဖြူ ဘောင်ဘီအဖြူဝတ်၍ လာကြရမည်ဟု ကြော်ငြာထားခဲ့သည်။

ဒီလိုကြော်ငြာထားရခြင်းမှာ ဗုဒ္ဓဘာသာဝင်တိုင်း ဒီလူတွေဟာ အားလုံးဗုဒ္ဓဘာသာဝင်ကြသူများ မဟုတ်ကြပါ။ ပွဲ့ကြည့်သူများလည်း ပါကြပါသည်ဟု ကြော်ငြာတတ်ကြသည်။ သတင်းထောက်ရုပ်မြင်သံကြားစသည့် အားလုံး သတင်းထောက်များမှာ ဇာတ်ကြီးသူများ ဖြစ်တတ်ကြသည်။ တခြားဇာတ်များက ရေးသားလျှင်လည်း အယ်ဒီတာများမှာ သူတို့လူများဖြစ်ကြသည်။ စာရေးသူမှာ စကားမပြောတတ်သလိုလုပ်၍ သွားခဲ့ရာ ကာဆ်ဂန်းဂျ်သို့ ညနေ ၄ နာရီခန့် ရောက်သွားခဲ့သည်။ ဗိုက်ဆာတာကတစ်မျိုး ရေငတ်တာကတစ်မျိုး ဘတ်(စ်) ကားအောက်သို့ ဆင်းခဲ့သည်။ ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ အုန့်အုန့်... အုန့်အုန်းနှင့် လက်ပြ၍ ရေပေးရန်ဖြစ်ပါသည်။ ဇလေဗီး လေး–ငါးခုနှင့် ရေလာပေးသည်။ ပိုက်ဆံလဲမယူလိုက်ပါ။ နောက် ၁၀ နာရီခွဲတိတိ ဗုဒ္ဓဝိဟာရ ဘ(စ်)ကားဆိပ် အာဂရာသို့ရောက်သွားခဲ့သည်။

ဤသို့သွားခဲ့ရခြင်းမှာ ဘတ်(စ်)ကားများပိတ်၊ အငှားကားများ ပိတ်ထားရုံမျှမက ရန်လည်းမူတတ်သည်။ သာသနာပြုပုဂ္ဂိုလ်တစ်ဦး၏ သတ္တိသည် သာမန်သတ္တိနှင့်မဖြစ်ပါ။ လောဘလည်း မကြီးရပါ။ ဖြတ်ထိုးဉာဏ်လည်း ရှိရပါလိမ့်မည်။ စာရေးသူအဖို့ ဒီအာဂရာ တစ်ခုထဲမဟုတ်ဘဲ အလာဟာဘါတ်၊ ကန်နပူရ်၊ ဂျူနဃရ်၊ ဂုဇရာတ်ပြည်နယ် ဆုရတ်၊ ဂံဂါနာဂရ်၊ ရဇဆတန်းပြည်နယ် တို့တွင်လည်း ဖြစ်ခဲ့ရဖူးပါသည်။ သတိတော့ အမြဲရှိရပါသည်။ အာဂရာတွင် ၂၉၊





၉၊ ၁၉၈၉ ခုနေ့ ညနေနှစ်နာရီတွင် ဗုဒ္ဓဘာသာဝင်ကြသည်။ ပွဲတွင် ဥက္ကဋ္ဌတစ်ဦး ရွေးကြမည်။ ဘာသာသွင်းပွဲ ဆရာတစ်ဦး ရွေးကြမည်။ ပွဲတော်ဖွင့်ပွဲတစ်ဦး ရွေးကြမည်။ ဝန်ခံချက် (၂၂) ချက်တိုင်ပေးမည့်သူ့တစ်ဦး ရွေးရမည်။ မနာလိုသူတစ်စုက စာရေးသူအား အမြဲဝေဖန်တတ်ကြသည်။ မထမပြောသူစကားကို အမှန်လုပ်တတ်သည်ဟု ဝေဖန်တတ်ကြသည်။ ကုသိနာရုံဆရာတော်ဟာ သူများပြောလျှင် ချက်ချင်းယုံလွယ်သည်။ ပထမပြောသူစကားကို အမှန်လုပ်တတ်သည်ဟု ဝေဖန်တတ်ကြသည်။ ၁၉၇၂ ခုနှစ်မှ ယနေ့တိုင် စာရေးသူသည် အထက်ပါစကားအတိုင်းဖြစ်ခဲ့လျှင် လည်ပင်းတခြားကိုယ်တခြား ဖြစ်သွားခဲ့ပြီဆိုလျှင် လွဲနိုင်မည်ဟုတ်ပါ။ ဘယ်သူ ဘာဘဲပြောပြော မယုံခဲ့ပါ။ အာဂရာရောက်လျှင်ရောက်ချင်း အားလုံးလူများနှင့် စုံစုံစမ်းစမ်းလုပ်ပြီး မနက်စောစော ကားတစ်စီးဖြင့် ဗုဒ္ဓဘာသာ သွင်းမည့် မိရာကောထိဘာဇရ်ခေါ် ကွင်းကြီးသို့ သွားခဲ့သည်။ ကွင်းကြီးမှာ မြောက်ဘက်မှကုန်းမြင့်ကလေးဖြစ်သည်။ တောင်ဘက်တွင် လမ်းမ ရှိသည်။ အရှေ့ဘက်နှင့် အနောက်ဘက်နားတွင် လမ်းကိုကြောခိုင်း၍ စင်ကြီးသုံးခုလုပ်နေသည်ကို တွေ့ခဲ့ရသည်။ စင်ကြီးနှစ်စင်မှာ ကပ်လျက်ဆောက်နေကြသည်။ အမြင့်မှာခြောက်ပေကျော်ခန့်ရှိမည်ဟု ထင်ရပါသည်။ ၄င်းစင်နှစ်စင်နှင့်မနီးမဝေးတွင် လူငါးဆယ်ခန့်ထိုင်နိုင်သည်။ စင်တစ်စင်ဆောက်နေသည်။ ရှေ့နားတွင် V.I.P ကုလားထိုင်ကြီး အလုံးလေးရာကျော်ငါးရာကျော်ရှိမည်။ နောက်ဘက်တွင် ကော်ဇောခင်းထားသည်။ ထိုမှ လှည့်လည်ကြည့်ရှုပြီးနောက် တပည့်တရားသူကြီး ဟရဆိန်းဟ်အိမ်သို့ သွားခဲ့ကြသည်။ သူတို့အိမ်မှ ဆွမ်းစားပင့်ထားခဲ့သည်။ ဟရိဆိန်းဟ်၏ ဒကာမမှာ စာရေးသူအား အဖေဟုခေါ်သည်။ မိသားစုတစ်စုလုံး စာရေးသူထံတွင် ဗုဒ္ဓဘာသာဝင်ခဲ့ကြသည်။ ကဆီယာတွင်မုံဆာဖ် မဂျိစတိတ်လုပ်နေခဲ့စဉ်က ပုဏ္ဏားများ နှိမ်ခဲ့ကြရာ အလုပ်မပြုတ်အောင် ကူညီဖူးခဲ့သည်။ တပည့်လည်းဖြစ်ခဲ့၊ မဖြစ်နိုင်ခဲ့သောအလုပ်ကို ကူညီခဲ့ဖူး၍ပို၍ ကြည်ညိုလေးစားခဲ့သည်။ စာရေးသူအား ဆွမ်းကျွေးပြီး နဝကမ္မ (၁၀၀၀) ရူပီးလည်း လှူခဲ့သည်။ ဆွမ်းစားပြီး ဗုဒ္ဓဘာသာဝင်မည့် ကွင်းကြီးနားမှ လှည့်၍ ကျောင်းသို့ပြန်လာခဲ့ကြသည်။ ကွင်းတွင် လူတော်တော်များများ ရောက်နေကြပါပြီ။ နေ့လည် ၂ နာရီမှစမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှလာ၍ တည်းခိုကြသောလူများမှာလည်း တစတစပွဲသို့ ရီးချားဆိုက်ကားနှင့်ဖစ်မျိုး၊ ဘတ်(စ်)ကားကြီးများနှင့်တစ်ချို့ မြင်းလှည်း၊ နွားလှည်း၊ လော်လီကား၊ လယ်ထွန်စက်များဖြင့် သွားကြပါသည်။ ညနေ ၂ နာရီ ထိုးပါတော့သည်။ သို့သော် ပင့်သူများကား မရောက်လာကြသေးပါ။ ၄ နာရီ မထိုးမီ မိနစ်နှစ်ဆယ်ခန့် အလိုတွင် ကားတစ်စီးရောက်လာခဲ့သည်။ ၄ နာရီ မထိုးမီ မိနစ်နှစ်ဆယ်ခန့်အလိုတွင် ကားတစ်စီး ရောက်လာခဲ့သည်။ ကားတွင် ဒကာမကြီးတစ်ဦး၊ ဒကာကြီးနှစ်ဦးနှင့် ကိုရင်ကြီးတစ်ပါး ပါလာသည်။ စာရေးသူအားလည်း ထိုကားတွင်လိုက်ပါရန် ပင့်လျှောက်ကြသည်။ စာရေးသူတို့ ၄ နာရီမထိုးမီ မီနာကော်ထိဘာဇာရ်ကွင်းကြီးသို့ ရောက်သွားခဲ့သည်။ လူထုပရိသတ်ရှိနေသော စင်ဖြင့်ရှိရာသို့ ပင့်ခဲ့သည်။ ရဟန်းတော်များမှာ လက်ယာဘက် စင်မြင့်ပေါ်တွင် ပြည့်နေသည်။ လူများနေသောစင်မြင့်ပေါ်တွင် နိုင်ငံရေးပေါင်းစုံမှ ပုဂ္ဂိုလ်ကြီးများလူကုန်တန်များ ကျောင်းဆရာ၊ ကျောင်းသူ၊ ကျောင်းသား လူတန်းစားပေါင်းစုံ ပါဝင်ကြသည်။ စာရေးသူသည် ထိုစင်မှဝဆင့် ရဟန်းတော်များ စင်မြင့်သို့ ကူးသွားခဲ့သည်။ လေးနာရီထိုးသည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓဘာသာဝင်ပွဲစရန် ကြေငြာလိုက်ပါတော့သည်။ ပထမဆုံးဆရာလုပ်ရမည့် ကုသိနာရုံ ဆရာတော်ဘုရား ဤစင်မြင့်တွင် အထူးစပယ်ရှယ်လုပ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်လာခဲ့ရသည်။ ဒုတိယပွဲတော်ဖွင့်ပွဲလုပ်မည့် ဒေါက်တာ အမေဗ္ဗဒကာ၏ချွေးမကို ဖိတ်သည်။ စာရေးသူ နောက်နားမှလာ၍ထိုင်သည်။ တတိယ ဝန်ခံချက်(၂၂)ချက်ကို တိုင်ပေးမည်။ ဒေါက်တာ အမ္ဗေဒကာ၏ မြေးပြကာဆ်အမ္ဗေဒကာကို ဖိတ်ခေါ်ခဲ့သည်။ စတုတ္ထဤပွဲတော်ကြီးတွင် ဥက္ကဋ္ဌ လုပ်ရန်အတွက် အာရာမှ ကိုရင်ကြီး ကောဏ္ဍညကို ဖိတ်သည်။ သို့နာမည် ခေါ်သည်နှင့်တပြိုင်နက် ရဟန်းတော်များဘက်မှ မကြေမနပ်ဖြစ်ခါ ရဟန်း ဓမ္မကိတ္တိနှင့် ရဟန်းကရုဏာကန်တို့က မကြေမနပ်ဖြစ်ရုံမျှမက ဒီစင်မြင့်ပေါ်သို့ ရောက်လာခဲ့ပြီး ကန့်ကွက်ခါ မိုက်ကိုကိုင်ဆွဲပါတော့သည်။ ပွဲတော်ကြီး၏ အစီအစဉ်လုပ်သူအာလည်း ထိုးမလို ကြိတ်မလို ဖြစ်နေရာ ပွဲတော်စီစဉ်သူက တောင်းပန်ပြီး ဤပွဲတော်ကြီး၏ ဆရာလုပ်သူ ကုသိနာရုံ ဆရာတော်သည်ပင် လျှင် ဥက္ကဋ္ဌနေရာကိုလည်း ရွက်ဆောင်ပါလိမ့်မည်ဟု ကြော်ကြာလိုက်မှ





တိတ်ဆိတ်သွားခဲ့ကြပါသည်။ ပထမဆုံး သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ပေးခဲ့သည်။ ထို့နောက် ဖွင့်ပွဲမိန့်ခွန်းကို ဒေါက်တာ အမ္ဗေဒကာချွေးမက ပြောကြားခဲ့သည်။ ပြီးနောက် ဝန်ခံချက် (၂၂) ချက်ကို တိုင်ပေးခဲ့သည်။ လူထုပရိသတ် ငါးသိန်း ကျော်ရှိသည်။ တောင်ဘက်မှာ ကားကြီးကားငယ်ပေါင်းများစွာ ရှိနေသည်။ မြောက်ဘက်တောင်ကုန်းပေါ်တွင် ကုလားထိုင်များ ရုပ်ရှင်ရုံများတွင် ထားသကဲ့သို့ အနိမ့်အမြင့် ထိုင်နေကြသည်။ ပွဲတစ်ခုလုံး အဖြူအဝတ်များ ဝတ်ထားကြပါ သည်။ အသံချဲ့စက်များမှာ ခြောက်ခု၊ ခြောက်ခု အစုလိုက်၊ အစုလိုက် တစ်ဒါ ဇင်ခန့် လုပ်ထားခဲ့သည်။ စာရေးသူသည် ထိုပွဲတော်ကြီးတွင် ဆယ်မိနစ်ခန့် ဖြည်းဖြည်းကလေး မိန့်ခွန်းပြောခဲ့သည်။ မြန်မာပြည်လို အသံကောင်းကောင်းနှင့် တရားစကားပြော၍မရပါ။ လူအုပ်ကြီးကိုလည်း အကဲခပ်ရပါသည်။ ပြောနေသော စကားကို သဘောကျမကျလည်း အကဲခပ်ရပါသည်။

သက္ကဋဘာသာဖြင့် ဘုရားရှိခိုးစလိုက်ပါသည်။

ဆမ္ဗုဒ္ဓံ ပဏ္ဍာရိကဂုံ၊ ဆရ်ဖံဂုံကဂုဏာဆမ္ဘဒံ၊

ဆမန္တ ဘဒြံဆာဆဂြဲဆတ်ကျဆိန်းဟံ နမာမျဟံ၊

ပွဲတော်ကြီးကို ဖြစ်မြောက်အောင်စီစဉ်ခဲ့သော ယူပီပြည်နယ်မှ ဝန်ကြီး သီရိဂုလာဗ်ဆေဟရာ တခြားနိုင်ငံရေး အသင်းအဖွဲ့ပေါင်းစုံမှ လာရောက်ကြသော ခေါင်းဆောင်ကြီးများ ကြွရောက်လာကြသော သံဃာတော်အရှင်မြတ်များဘုရား...မဆုံးသေး ... ... ... ... ... ... ... ... ... ... ... ... ...

ဤကဲ့သို့ အာဂရာ ဗုဒ္ဓဘာသာသွင်းပွဲ ၂၈၊ ၉၊ ၈၉ ရက် သောကြာနေ့ လူပေါင်း ၅ သိန်းကျော်ကို ဗုဒ္ဓဘာသာ လုပ်ပေးနိုင်ခဲ့သည်။ ဤပွဲတော် တစ်ခု တည်းတွင်သာ နဝကမ္မ ၅၀၀၀ ရူပီး အလှူငွေရရှိခဲ့ဖူးပါသည်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ဟရိဗလ–ကုသိနာရုံ



www.burmeseclassic.com

www.burmeseclassic.com





ကုသိနာရုံတွင် ရေကန်ဘုရား တကာတကာမနှင့်အတူ





# ဒုတိယအကြိမ် ဘာသာရေးပြောင်းပွဲ

ဟရိဗလ–ကုသိနာရုံ

မြန်မာပြည်တွင် တောပွဲကလေးတခုဆိုလျှင် အလွန်ဆုံး လူ (၅၀၀၀) မှ(၇၀၀၀) ခန့်ရှိသည်။ အိန္ဒိယတွင် လူအုပ်စုနစ်စုရန်ဖြစ်ကြလျှင် တောပွဲတပွဲ ထက် များတတ်ပါသည်။ နာမည်ကြီးခေါင်းဆောင်တဦး တရားဟောလာသည် ဆိုလျှင် လူသိန်းကျော်ထိများလာခဲ့သည်။ ၁၉၆၄ ခုနှစ် ကုသိနာရုံသို့ ဣန္ဒိရာဂန္ဓီ တရားဟောရောက်လာခဲ့သည်။ အရပ်ရပ်အနယ်နယ်မှ လူပေါင်းသုံးသိန်းကျော် တက်ရောက်ခဲ့သည်။ ကုသိနာရုံနှင့် ကဆိယာကြား လယ်ကွင်းကြီးတွင် တရား ဟောသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက မင်းတို့မြင်ဘူး တွေ့ဘူး ကြုံဘူးအောင် သွားနားထောင်ကြဟု ပြောခဲ့သည်။ ဟိုအချိန်က ကုသိနာရုံ ကျောင်းတွင် ဆရာတော်ကြီးနှင့်အတူ ကုလားဆရာတော်တစ်ပါး၊ စာရေးသူ တစ်ပါးနှင့် ကိုရင်တစ်ပါး၊ သီလရှင်လေးပါးရှိသည်။ တရားပွဲတော် လေ့လာ မှုကြသည်။ စီစဉ်သူများက နဲနဲ နဲနဲနှင့် ပထမတန်းကုလားထိုင် V.I.P နေရာထိ



www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်သည်။ ဝင်ချိန်မှာတော့ အလွယ်ကလေးနှင့် ဝင်သွားခဲ့ကြသည်။ သို့သော် ထွက်ချိန်မှာ ထွက်လို့မရခဲ့ပါ။

ကျောင်းမှထိုနေရာသို့ မိုင်ဝက်သာသာရှိပါသည်။ သို့သော် မိုင်ဝက်နေရာမှလာခဲ့ရာ လေးနာရီကျော် ကြာခဲ့သည်။ လူများကိုတွန်းလို့မရပါ။ တိုးမပေါက်နိုင်ပါ။ ရေသွားသလို ဖြည်းဖြည်းကလေးနှင့် လာခဲ့ရပါသည်။ သည်မျှများပြားသော လူအုပ်ကြီးကို တွေ့ရသည်မှာ စာရေးသူအဖို့ ပထမအကြိမ်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာသွင်းပွဲတွင် တောရွာတစ်ရွာ၌ လူ ၃၅၀ ခန့်ကို မထေမအကြိမ် သွင်းခဲ့သည်။ ဆရာတော်ကြီးအမိန့်အရ သွားခဲ့ရခြင်းဖြစ်ပါသည်။ တိဘက်ဘာသာဆရာတော်ကလည်း အားပေးသည်။ သို့သော် ဘာသာစကား တိတိကျကျ မတတ်သေးပါ။ ပါကစ္စတန်နှင့် အိန္ဒိယစစ်ဖြစ်နေသော အချိန်ဖြစ်သည်။ ၁၉၆၅ ခုနှစ်ကဖြစ်သည်။ စာရေးသူအား စီစဉ်သူခေါင်းဆောင် သုံးဦးက ကုသိနာရုံမှ ပင့်သွားခဲ့ကြသည်။ ဂေါရခပူရ်တွင် တစ်ညအိပ်ရသည်။ ညအိပ်ချိန်တွင် သက်ဆိုင်ရာ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က မီးငြိမ်းကြပါ၊ မီးငြိမ်းကြပါဟု ခဏခဏ အသံချဲ့စက်ဖြင့် လိုက်အော်ပါသည်။ ဂေါရခပူရ်တွင် လေတပ်ရှိပါသည်။ ယူပီတွင် ဒုတိယအကြီးဆုံး လေတပ်ရှိရှိနေ၍ ရန်သူဘက်မှ ဝင်တိုက်ကြမည်ကို သတိထားရခြင်းဖြစ်ပါသည်။ စာရေးသူ ကုလားများနှင့်တော့ လိုက်ပါလာခဲ့ပြီး ဆွမ်းကျွေးကြသည်။ ထိုမှတဆင့် တောရွာကလေးရောက်သည်။ လူအုပ်ကြီး တန်းစီပြီး ပန်းကုံးများ စွပ်ကြသည်။ တားလို့လည်းမရပါ။ မဏ္ဍပ်ထဲသို့ ရောက်သွားသည်။ ပလ္လင်ပေါ်ထိုင်ချလိုက်သည်။ ဘာပြောရမှန်းလည်း မသိတော့ပါ။ ပရိသတ်က ကန်တော့ကြပါသည်။ ပါဠိလို ဆုပေးလိုက်ရသည်။ ဗုဒ္ဓဘာသာဝင်မည်တဲ့ ... ... ဗုဒ္ဓဘာသာဝင်လျှင် ဘာလုပ်ပေးရမည်ဆိုတာကို မသိခဲ့ပါ။ စဉ်းစားကြည့်မိသည်။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်သည် သီလမြဲရမည်။ ပထမငါးပါးသီလ ပေးခဲ့သည်။ သီလလည်းပေးနေသည်။ စဉ်းစားလဲစဉ်းစားနေသည်။ ဒီကိစ္စပြီးရင် ဘာဆက်လုပ်ရမည်နည်း။ တရားဟောပါတဲ့။ သမန္တာမှစ၍ မေတ္တာသုတ်ကို ဖြည်းဖြည်းကလေး ရွတ်လိုက်သည်။ နောက် ဘာဆက်ပြောရမည်နည်း။ ဗုဒ္ဓဘာသာဖြစ်လာလျှင် သရဏဂုဏ် တည်ရမည်။ သရဏဂုဏ် တည်ပြီးနောက် ငါးပါးသီးလမြဲရမည်။ ပထမသီလဟာ ဘာဖြစ်သည်။





စသည်စသည်ဖြင့် ဖြည်းဖြည်းကလေး ပြောခဲ့သည်။ အစမှအဆုံးထိ တစ်နာရီကျော်ကျော် အချိန်ကုန်သွားခဲ့သည်။ ဤဗုဒ္ဓဘာသာသွင်းပွဲသည် ပထမဆုံး ဗုဒ္ဓဘာသာသွင်းပွဲတစ်ခုဖြစ်သည်။

၈၊ ၅၊ ၁၉၇၂ ခုနှစ်က ကျေးဇူးတော်ရှင် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်။ ၂၉၊ ၅၊ ၇၂ ခုနှစ် တရားဆိုင်ခဲ့ကြရသည်။ ဒုက္ခပင်လယ်မှာ တစ်ယောက်တီး ကူးခတ်နေရသောအချိန်လည်းဖြစ်သည်။ ကျောင်းရှိပုဂ္ဂိုလ် အသီးသီးကို တကွဲစီ တကွဲစီ ခွဲခဲ့ကြသည်။ ဝတ္တကမြေတွင် စိုက်ထားသောသီးနှံများကို ဖျက်ဆီးခဲ့ကြသည်။ ဆရာတော်ကြီး ပျံလွန်တော်မူချိန်တွင် ငွေလေးဆယ်ရှစ်ရူပီး ဘဏ်တွင်ရှိခဲ့သည်။ ကျောင်းရှိ ဝတ္တကမြေများမှ ထွက်သောစပါး၊ ဂျုံ၊ မုံညင်း၊ ပဲနှင့် အာလူးကွိန်တယ် (၅၀) ကျော်ရှိခဲ့သည်။ နောက်ဆုံး ဆွမ်းကျွေးပွဲကြီးတွင် ကုန်ခဲ့ပါပြီ။ နောက်ဆုံးဆွမ်းကျွေးပွဲကြီးတွင်ကုန်ပါပြီ။ လူပေါင်း(၆၀၀၀) ကျော်ကို ကျွေးမွေးခဲ့ရသည်။ ဒီကထုံးစံအရ အသုဘတွင် လာသမျှလူကို ကျွေးရသည်။ ပိုက်ဆံက ဗာလာနတ္တိ၊ စားကောက်စရာများလည်း ကုန်ပါပြီ။ ဒီအထဲ တရားဆိုလိုက်တော့ အပူပိုလာခဲ့ရသည်။ မနက် ၆ နာရီထပြီးတော့ စဉ်းစားရသည်။ ကြံရသည်။ ကုလားတစ်ဦးဆီမှ တစ်နေ့ကို တစ်ရာယူလျှင် နှစ်ရူပီးအတိုးနှင့် ယူရသည်။ တရားတစ်ခါသွားလျှင် နှစ်ရာခန့်ကုန်သည်။ တရားရှစ်ခု ရုံးအသီးသီးတွင် ဆိုထားကြသည်။ တစ်ပတ်ကို နှစ်ခါသုံးခါ တရားရုံးသွားရသည်။ တကယ့်ကို အပူမီးတောက်နေသောအချိန်တွင် နာဂရပူရ်မှ ဖိတ်စာတစ်စောင်ရသည်။ (၁၉၇၂) ခုနှစ်အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပမည့် ဘာသာပြောင်းပွဲကြီးနေ့ထူးတွင် တက်ရောက်ရန်ဖြစ်သည်။ လက်မှတ်လုပ်ရသည်။ ဂေါရခပူရ်မှ ဤတာရ်ဆီးထိုမှတဆင့် နာဂရပူရ်လက်မှတ်ဝယ်ရသည်။ ဟိုအချိန်က တိုက်ရိုက်မီးရထား မရှိသေးပါ။ စာရေးသူတစ်ဦးထဲဖြစ်သည်။ မီးရထားတွင် A,C အတွဲမှာပါသည်။ ဘယ့် T.T ဘာဘူတာကကြိုရမည်၊ စသည်စသည်အားလုံး စီစဉ်ထားခဲ့ကြသည်။ ဂေါရခပူရ်မှ ဤတာရ်ဆီးထိတော့ စာရေးသူမှာ တစ်ဦးထဲဖြစ်၍ စကားပြောဖော်ပင်မရှိခဲ့။ ဤတာရ်ဆီးမှ နာဂပူရ်ထိတော့ ဟိုကလာနှုတ်ဆက်ကြ၊ မိတ်ဆက်ကြ၊ ရာဇဝင်တွေ မေးကြနှင့် တစ်ချို့တစ်ချို့မှာ ကိုယ့်လက်မှတ် (Sign) တောင်းကြနှင့် အနားမနေခဲ့ရပါ။ ကျွေးမွေးသူက ကျွေးမွေးကြ၊ အသေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်သူက တိုက်ကြနှင့် ဒီဘုန်းကြီးဘဲ ကျုပ်တို့ဆရာရဲ့တပည့်၊ ဒီဘုန်းကြီးဘဲ ဘာဘာဆာဟာဗ် ဒေါက်တာအမ္ဗေဒကာရဲ့ညီ စသည်စသည် ပြောကြသည်။ စကားများများ ပြောချင်ကြသည်။ စာရေးသူမှာတော့ ဆရာတော်ကြီးနှင့် ကွဲခဲ့ရသည်မှာ ငါးလကျော်မျှသာရှိသေးသည်။ ရင်ထဲတွင် ခံစားနေရသော အပူလုံးကြီး မီးတောက်ကြီးသည် တစ်ငွေ့ငွေ့နှင့် လောင်နေဆဲဖြစ်သည်။ စားသမျှ အစားအစာမှာလည်း ဒီမီးတောက်ကြီးကြောင့် သွေးသားမဖြစ်ခဲ့။ ကျောင်းတိုက်ကြီး ဘယ်လို ဆက်လက်ထိမ်းသိမ်းသွားမည် စသည်ကိုသာ တွေးပူနေရသည်။ သူတို့ဆိုထားခဲ့သော တရားများကို နိုင်အောင် ဘယ်လိုလုပ်ရမည်။ ငွေကြေးကား ဘယ်ကဘယ်လိုရနိုင်မည်။ ဝတ္တကမြေများတွင် စိုက်ထားသော သီးနှံကိုဖျက်ဆီးတာ ဘယ်လိုကာကွယ်ရမည် စသည်ကိုသာ တွေးပူနေရသည်။ လာမည့်ဘူတာ နာဂပူရ် ရောက်တော့မည်ဟု T.T တစ်ဦးက သတိပေးသည်။ ပစ္စည်းအဆင်သင့် လုပ်ထားရသည်။ နာဂပူရ်ဘူတာတို့ရောက်ပါပြီ။ ပလက်ဖေါင်းနံပါတ်သုံးတွင် ဆိုက်ပါသည်။ လူထောင်ပေါင်းများစွာ ကြိုနေကြပါသည်။ သာသနာအလံများ ကိုင်ထားသော လူရွယ်များများ ပါကြသည်။ ပါလာခဲ့သောပစ္စည်းများကို လှမ်းကြိုယူကြသည်။ ပန်းကုံးများစွပ်ကြသည်။ ပန်းကုန်းများပေးကြသည်။ ဘာဂဝန်ဗုဒ္ဓကီဂျယ်ဟူသော အော်ဟစ်သံကြီးမှာ ကောင်းကင်ကွဲလုမတတ် ကျယ်လောင်လှဘိသည်။ စာရေးသူမှာကား ဆရာတော်ကြီးကို သတိရသဖြင့် အော်၍သာ ငိုပစ်လိုက်ချင်တော့သည်။ ရင်ထဲတွင် ဆို့နင့်နေသလို ခံစားရသည်။ လွမ်းမျက်ရည်ကျမိသည်။ မငိုမိအောင် စိတ်တင်းလိုက်ရသည်။ တဖြည်းဖြည်း နံပါတ်သုံး ပလက်ဖေါင်းမှ ကုန်းကျော်တံတားကြီးပေါ် တက်ရသည်။ ပထမ နံပါတ်တစ်ပလက်ဖေါင်းသို့ ရောက်လာခဲ့သည်။

ဘူတာရုံတခုလုံးမှာ သာသနာအလံကိုင်များ ပြည့်နှက်နေလေသည်။ ကားကြီးကားငယ်၊ မော်တော်ဆိုင်ကယ်လ်၊ စကူတာ၊ သုံးဘီးကားများတွင် သာသနာအလံ စိုက်ထူကြသည်။ စာရေးသူအား အမ္ဗေစတာကားတစီးပေါ်တွင် ထိုင်စေသည်။ အောင်သံ၊ ကြွေးကြော်သံ ဆူညံသံဖြင့် ဘူတာရုံမှ သုံးကီလိုမီတာခန့်ဝေးသော ဒီက္ခာဘူမိခေါ် ကျောင်းသို့ ပင့်ဆောင်လာကြသည်။ နေရာကကာမှာ အိန္ဒိယမြောက်ပိုင်းလို မဟုတ်ပါ။ ဒကာမများက ပိုမိုများသည်။ ဆာရီကို





ခေါင်းကျိုက်ထားသော မိန်းမများသည် ယောကျ်ားများနှင့်တန်းတူ အလုပ်လုပ်ကြသည်။ ကြိုဆိုရာတွင်လည်း တန်းတူပါကြသည်။

ဒီက္ခာဘူမိတွင် ဆောက်ထားသော ကျောင်းကလေးဘိက္ခုနိဝါဆ်သို့ ရောက်လာခဲ့သည်။ ဆရာတော်ကြီး ဒေါက်တာအာနန္ဒာကောသလ္လာနှင့် တွေ့သည်။ ကန်တော့ကြသည်။ ဆုပေးရသည်။

ဘိက္ခုနိဝါဆ်တွင် အရှေ့ဘက်မှ ဝင်ပေါက်တစ်ခုရှိသည်။ ဝင်သောလမ်းကြောင်းကလေးညာဘက်တွင် အခန်းငယ်တစ်ခုရှိသည်။ တောင်ဘက်မှ တံခါးပေါက်ရှိသည်။ ရှေ့ဆက်သွားလျှင် မြောက်ဘက်မှ တံခါးပေါက်ပါသော တောင်ဘက်အခန်းတစ်ခန်းရှိသည်။ ပထမအခန်းတွင် မေခံကရ်ခေါ် လက်ထောက်တပည့် ဆတကျဆီးလ်တို့ နေကြသည်။ ဒုတိယအခန်းတွင် ဆရာတော်ကြီး ဒေါက်တာအာနန္ဒာကောသလ္လာ နေထိုင်သည်။ တပည့် (၃၊ ၄၊ ၅) ဦး အောက်မှာအိပ်၍ ဆရာတော်မှာ ကုတင်ပေါ်တွင် သီတင်းသုံးသည်။ ရှေ့သို့ဆက်သွားခဲ့ပါက အခန်းတစ်ခုရှိသည်။ ရုံးခန်းလုပ်ထားသည်။ ရုံးခန်းနှင့် မေခံကရ်နေသော အခန်းကြားတွင် ရေချိုးခန်း၊ အိမ်သာခန်းရှိသည်။ ရုံးခန်းမှရှေ့ ဆက်သွားလျှင် ဘုရားခန်းရှိသည်။ ဘုရားရုပ်ပွားတော်ကို တောင်ဘက်မှ မြောက်ဘက်သို့ မျက်နှာမူ၍ ကိုးကွယ်ထားကြသည်။ မြောက်ဘက်မှ ဝင်ပေါက်တံခါးတစ်ခုရှိသည်။ စာရေးသူအားရုံးခန်းတွင် နေရန်နေရာလုပ် ထားခဲ့ကြသည်။ ရုံးခန်းကို အမြဲပိတ်ထားရသည်။

စာရေးသူနှင့်တခြားသူများကို မတွေ့စေလိုသောသဘောဖြစ်ပုံရသည်။ အပြင်သို့လည်းမထွက်ရပါ။ ၂၄ နာရီ စည်ကားသောပွဲဖြစ်သည်။ ဘုရားခန်းထဲတွင် နှစ်ပေပတ်လည်ကျယ် အမြင့်နှစ်ပေခန့်ရှိသော အလှူခံသေတ္တာပေါင်း အလုံးပေါင်း တစ်ရာကျော်ပြည့် နှစ်ဆယ့်လေးနာရီအတွင်း အလှူရသည်။ အလှူကို ဘုန်းကြီးကမရပါ။ ဘုန်းကြီးက စောင့်ပေးရပါသည်။ ဘုန်းကြီးရှိ၍ လှူကြခြင်းဖြစ်သည်။ သေတ္တာပြည့်တော့ ဒကာများက ယူသွားကြပါသည်။ ဒီဘိက္ခုနိဝါဆ်ဖြစ်မြောက်ရန်ကိုလည်း ဆရာတော် ဦးအာနန္ဒကောသလ္လာက တရားပွဲလုပ်၍ အလှူခံပြီး ကျောင်းဆောက်ခဲ့သည်။ ဒီပွဲတော်သည် ၁၃၊ ၁၄၊ ၁၅ ရက်



www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလတွင် ကျင်းပသော အိန္ဒိယ ဗုဒ္ဓဘာသာတို့၏ အကြီးဆုံးသော ပွဲတော်ဖြစ်ပါသည်။ လူပေါင်း သိန်းသန်း၊ ကုဋေချီ၍ တက်ရောက်ကြတတ်သည်။

စာရေးသူကိုတော့ လုံးဝတွေ့ခွင့်မပေးခဲ့ကြပါ။ ဆယ့်လေးရက်နေ့မနက် စောစော ကျောင်းမှကားသုံးလေးစီးဖြင့် မြို့ထဲသို့ ထွက်လာခဲ့ကြသည်။ နာဂပူရ် မြို့မြောက်ဘက်နား ရပ်ကွက်တစ်ခုတွင် မနက်စာစားရသည်။ **အာလူးပူဝါ** ဟုခေါ်သည့် မုံဆန်းကိုရေဆွတ်ပြီး ပွအောင်လုပ်ထားခါ ဆနွင်းထည့်ထားသည်။ အာလူးအနည်းငယ်ပါသည်။ ထိုအစားအစာ စားပြီးနောက် ခြေလျှင်တစ်ဖါလုံ သာသာ လျှောက်ခဲ့ရသည်။ အစပထမ မိန်းမ၊ ယောကျ်ား၊ သုံးရာကျော်ခန့်ပါသည်။ နောက်တရပ်ကွက်သို့ရောက်ခဲ့ရာ သုံးလေးရာ နောက် သုံးလေးရာ တိုးတိုးပြီး စုပေါင်းလာခဲ့ကြရာ နာရပူရ်လမ်းမကြီးပေါ်သို့ ရောက်လာခဲ့သည်။ ဘတ်(စ်)ကား၊ လော်လီကား၊ ဂျစ်ကားနှင့် နွားလှည်းစသည့်အားလုံး ရေကစားထွက်မည့် ယာဉ်များကဲ့သို့ ဆင်ယင်ထားခဲ့ကြသည်။ အလယ်ဗဟိုတွင်ရှိနေသော ကားကြီးတစ်စီးပေါ်တွင် ခန့်ခန့်ညားညားလုပ်ထားသော နေရာတစ်ခု၌ စာရေးသူအား ထိုင်ခိုင်းပါသည်။ အရိုးထည့်ထားသော အိုးကိုလည်း လှလှပပ ဆင်ထားခဲ့သည်။ စာရေးသူကရွက်ထားရပါသည်။

အိန္ဒိယနိုင်ငံအလယ်ဗဟိုတွင် တည်ရှိနေသော နာဂပူရ်မြို့တော်သည် ဟိန္ဒူဘာသာဝင်တို့၏ တိုးတက်ပြန့်ပွားစေရန် ဖွဲ့စည်းထားသော အသင်းအဖွဲ့များစွာရှိကြပါသည်။ ထိုမြို့ ကိုဒေါက်တာအမ္ဗေဒကာ၊ ဗုဒ္ဓဘာသာဝင်ပွဲလုပ်ရန် ရွေးချယ်ပါသည်။ လမ်းမကြီးပေါ်တွင် ကားကြီးကားငယ်၊ ယာဉ်ပေါင်းများစွာနှင့် အတူ ဒီရေသွားနေသကဲ့သို့ လူအုပ်ကြီးသည် ကြွေးကြော်သံပေါင်းများစွာ ဟစ်အော်၍ သွားနေကြပါသည်။ မနက်ခြောက်နာရီမှ ထွက်ခဲ့ပြီး ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှ ဖျော်ရည်ယာမကာ စားသောက်စရာများ ကျွေးမွေးကြသည်။ ဆွမ်းကို (၁၁) နာရီ ခန့်တွင် ဒီကားကြီးပေါ်တွင်ပင် စားသောက်ခဲ့ရသည်။ ညနေ ငါးနာရီခန့်တွင် ဒီကားကြီး ဒိက္ခာဘူမိကွင်းကြီးထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ ငွေရေးကြေးရေးကိစ္စနှင့် လူနှင့်ရဟန်းတော်များ စိတ်ဝမ်းကွဲပြားနေကြသော အချိန်ဖြစ်နေပါပြီ။ အလှူရသောငွေများကို ဒကာများက ပိတ်ထားကြသည်ကို ဘုန်းကြီးများက မကြေမနပ် ဖြစ်နေကြပါသည်။ ဘုန်းကြီးဘက်မှ စာရေးသူအား





ဒကာဘက်ကို မပြောဘဲ ဝှက်ထားခဲ့ကြပါသည်။ ညနေငါးနာရီကျော်ခန့်တွင် စာရေးသူတို့ လှည့်လည်ပွဲကြီးသည် ဆရာတော်ကြီး ဦးစန္ဒြာမဏိမဟာထေရ်၏ အရိုးတော်ကလပ်ကို အပူဇော်ခံယူပြီး ပွဲထဲသို့ဝင်ခဲ့ကြပါတော့သည်။ ပွဲတော်တွင် မထမကတည်းက လူပေါင်းဆယ့်ငါးသိန်းခန့် ပါသွားခဲ့ရာ ဝင်၍မရတော့ပါ။ စာရေးသူအား "မချီ၍" ပလ္လင်ပေါ်သို့ မ ယူပင့်ဆောင်သွားကြပါသည်။ ရှေ့နားတွင် မိန်းမပရိသတ်ဖြင့် ပြည့်နှက်နေပါတော့သည်။

ပွဲတော်စပါပြီ။ လူပေါင်း နှစ်ဆယ့်ငါးသိန်းကျော်ကို ငါးပါးသီလပေးရသည်။ နှစ်ဆယ့်ငါးသိန်း၊ နှစ်ဆယ့် ငါးသိန်း၊ နှစ်ဆယ့်ငါးသိန်း လွယ်လွယ်ကလေး မဟုတ်ပါ။ လူအုပ်ကြီးကိုကြည့်ပြီး ကြောက်စရာကောင်းလှပါသည်။ ပထမဆုံး ၃၅၀ ခန့်ကို ဗုဒ္ဓဘာသာသွင်းခဲ့စဉ်ကထက် စိတ်မရှိခဲ့တော့ပါ။ အသံနေအသံထား ဟောစရာလဲ မလိုပါ။ ရိုးရိုးကလေးဘဲ စပါတော့သည်။

(၁၆) ကြိမ်မြောက် ဘာသာပြောင်းပွဲကြီးသို့ ကြွရောက်လာကြသော ဆရာတော်သံဃာတော်များဘုရား– ကုန်သည်လယ်လုပ်၊ အစိုးရအရာရှိများ ကျောင်းဆရာ၊ ကျောင်းသား၊ ကျောင်းသူ နာဂပူရ်မြို့သူ မြို့သားများ ဤပွဲတော်သို့ သာမညသော လူငယ်တစ်ယောက်ကိုပင့်ပြီး ဂုဏ်ပြုတရားတော်မြတ် ဟောကြားစေရန် ပင့်ဖိတ်ခဲ့သည့်အတွက် ကျွန်ုပ်အနေနှင့် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ ဘွဲ့ရပုဂ္ဂိုလ်ရဟန်းတော်များ P.hd. ဆရာတော်များ ရှိပါလျက်သားနှင့် ကျွန်ုပ်ကဲ့သို့ လူငယ်တစ်ယောက်ကိုခေါ်ပြီး တရားဟောခိုင်းကြသည်ကို ဂုဏ်ယူမဆုံးပါ။ ဆရာတော်ဒေါက်တာအာနန္ဒာနှင့် ပွဲတော်ထိမ်းသိမ်းရေး ကော်မီတီဝင်များကို အထူးကျေးဇူးတင်အပ်ပါသည်။ ကျွန်ုပ်သည် ဆရာတော် ဦးစန္ဒြာမဏိမဟာထေရ်၏ မြေးငယ်တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်ရန်ကုန်မြို့ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းကြီးတွင် ပညာသင်စာချလုပ်နေခဲ့စဉ် ဆရာတော်ကြီးထံမှ စာတစ်စောင်ရခဲ့ပါသည်။ စာထဲတွင် ဆရာတော် နေမကောင်း၍ ပြုစုစောင့်ရှောက်ရန် တပည့်ကောင်းတပါး လိုအပ်သည်ဟု ပါရှိပါသည်။ ကျွန်ုပ်စဉ်းစားခဲ့သည်။ ၁၉၅၄ ခုနှစ် ကဆုန်လ ရန်ကုန်ရောက်ခဲ့စဉ်က ဒကာများက မေးလျှောက်ခဲ့ကြသည်။ ဆရာတော်ကြီးက ပြန်လည်ဖြေကြားသည်ကို ကြားခဲ့ရသည်။ ငါ့မှာ အိန္ဒိယပြည်သား တပည့်များရှိကြသည်။ ငါမရှိက သူတို့ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



ကြမည်။ ကိစ္စမရှိဟု ဖြေကြားခဲ့သည်။ ယခုတော့ ဆရာတော်ကြီးကိုယ်တိုင်က ငါ့ကို ပြုစုမည့်သူမရှိဟု ရေးသားထားပြန်ရာ စာရေးသူအနေဖြင့် အံ့ဩသင့်မိသည်။ ငါသွားမည်။ ငါ့ဆရာသခင်ကို ပြုစုရမည်။ ဆရာတော် ကောင်းမွန် လာခဲ့ပါက လုမ္ဗိနီ၊ ဗုဒ္ဓဂါယာ၊ မိဂဒါဝုန်၊ ကုသိနာရုံစသော သံဝေဇနီယဌာနများကို ဖူးမျှော်မည်ဟုလာခဲ့သည်။ နိုင်ငံကူးလက်မှတ်ရသည်။ ဗီဇာယူရသည်။ ၁၊ ၈၊ ၆၃ နေ့ အိန္ဒိယသို့ ရောက်ခဲ့ပါသည်။ ဆရာတော်အရှင်မြတ်အား မနက်ညနေ ပူဇော်ဆည်းကပ်သည်။ အချိန်ပိုတွင်ကျောင်းကိစ္စကိုလည်း လုပ်ခဲ့ရသည်။ တစ်ဘက်မှာ ပညာလည်းသင်ခိုင်းခဲ့သည်။ ပျော့ပျောင်းသော လက်ကလေးများဖြင့် ဆရာတော်ကြီးကို နှိပ်နယ်ပေးခဲ့၊ ဆည်းကပ်ပူဇော်ခဲ့ရသည်။ ဆီလိမ်းပေးခဲ့ပြီး ရေချိုးဆပ်ပြာတိုက်ပေးခဲ့ရသည်။ မနားမနေပြုစုစောင့်ရှောက်ရင်း ဆရာတော်ဘုရားကြီးကို ပြုစုခဲ့ရသည်။ အစတုန်းကတော့ တပည့်များ ရှိကြသည်မှာ မှန်ပါသည်။ တပည့်များမှာ ဆရာတော်ကြီးထံမှ ဘာရမလဲ။ ရဖို့ကိုဘဲ ကြည့်တတ်ကြသည်။ ဆရာတော်ကြီး နေထိုင်မကောင်း ဖြစ်လာသောအခါ ပြုစုမည့်တပည့် မရှိခဲ့ပါ။ ကျောင်းတိုက် သာယာလာခဲ့သည်၊ ဆရာတော်ဘုရားကြီး ကျန်းမာလာခဲ့သည်။ ကုသိနာရုံကျောင်းတွင် ပထမအားလုံး ဝယ်၍စားခဲ့၍သည်။ ကျောင်းတိုက်ဝတ္တကမြေများကို သူ့တပည့်က ဘယ်လောက်ယူထားသည်။ ငါ့တပည့်က ဘယ်လောက်ယူထားသည် စသည်ဖြင့် ကုလားတပည့်များမှာ ရယူရန်ကိုသာ ကြည့်နေတတ်ကြသည်။ ကျောင်းတိုက်စည်ပင်သာယာပြန့်ပွားရေးကို မစဉ်းစားခဲ့ကြပါ။

ကျွန်ုပ်မှာတော့ ပူဇော်ထိုက်ပူဇော်သင့်သော ဆရာသခင်ကို ပူဇော်သောအားဖြင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံမည်ဆိုတဲ့ စိတ်ဓါတ်အပြည့်အဝဖြင့် ပူဇော်ခဲ့ရာ ကျောင်းတိုက်ကြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံခဲ့ရပါသည်။ ဆရာတော်ကြီးသက်တော် (၉၈)နှစ်သို့ရောက်ရှိခဲ့ပါပြီ။ ဖြင့်သမျှသောပစ္စည်း ပြုပြင်သမျှသော ပစ္စည်းများသည် တစ်နေ့နေ့ ပျက်စီးတတ်ရမည်ဟု ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း ကျွန်ုပ်တို့ဆရာတော်ကြီးသည်လည်း သက်ကြီးရွယ်အိုဘာဝ ရောက်နေပြီဖြစ်ပါ၍ ဝယဓမ္မသင်္ခါရာ ဆိုသည့်အတိုင်း တစ်နေ့နာမကျန်း ဖြစ်ပါတော့သည်။ ၃၊ ၅၊ ၇၂ ခုနေ့ သာမည နေမကောင်း





ဖြစ်ခဲ့သည်။ ဆရာဝန်က နမိုးနီးယားဟု ပြောခဲ့သည်။ နေ့ရောညပါ မနေမနား ပြုစုစောင့်ရှောက်ခဲ့ပါသည်။ ၇၊ ၅၊ ၇၂ ခုနှစ် ညနေပိုင်းမသက်သာ တိုးသာတိုးခဲ့သည်။ နောက်နေ့ရာများသို့လည်း သတင်းပေးခဲ့ကြရပါတော့သည်။ ၈၊ ၅၊ ၂၇ တနင်္လာနေ့မနက် ၉ နာရီ ၄၅ မိနစ်အချိန် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ စသည်ဖြင့် လူပေါင်း ၂၅ သိန်းအကြားတွင် တရားဟောပြီး ဗုဒ္ဓဘာသာဝင်ပွဲ ဒုတိယအကြိမ် လုပ်ပေးခဲ့ရပါသည်။

ဟရိဗလ–ကုသိနာရုံ






www.burmeseclassic.com

www.burmeseclassic.com



# ကုသိနာရုံ မြန်မာကျောင်း မီးလောင်သည်တဲ့

**ဟရိဗလ–ကုသိနာရုံ**

တစ်ခါတစ်ခါ ထူးဆန်းသော ဖြစ်ရပ်များဖြစ်တတ်ပါသည်။ အထက်ပါခေါင်းစဉ်မှာလည်း တကယ့်ကိုထူးဆန်းသော စကားတစ်ခု ဖြစ်နေပါသည်။ မဟာသုခံဒ ချမ်းသာကြီးစေတီတော်သည် ဆောက်လုပ်ရာတွင် မြန်မာဘက်မှတမျိုး ကုလားဘက်မှတမျိုး ကသိကအောက် မခံချင်မခံရှိနိုင်လောက်သော ဖြစ်ရပ်အမျိုးမျိုး ဖြစ်ခဲ့ရပါသည်။ ငွေကြေးနဝကမ္မ ဝတ္တုများ မကုန်သင့်ဘဲ ကုန်ရပါသည်။ ဘုရားကြီး နေရာပြောင်း၍ လုပ်လာခဲ့ရာ တတိယနေရာသို့ ရောက်ခဲ့ရပါပြီ။ မဖြစ်မနေစိတ်ဓါတ်ဖြင့် စာရေးသူမှာ လုပ်ဆောင်ရပါတော့သည်။ ဂေါပကအဖွဲ့များ ရောက်လာခဲ့ကြပါသည်။ ပထမ အုတ်ခဲစီသောနေရာထိ မြေတော်တော် တူးရပါမည်။ လက်တန်းမြောင်းများ တူးရပါသည်။ အရပ်ံ စသောအုတ်ခဲတွင် ရတနာစီထားသော ရတနာအုတ်ခဲ ကိုးခဲဖြင့် နေ့သားအလိုက် ယိုးဒယား၊ မြန်မာ၊ သီဟို၊ နီပေါသော ထေရဝါဒ ရဟန်းတော်များ အုတ်စီချထားခဲ့ကြပါသည်။

တကာကြီးဦးလှအောင်တို့အဖွဲ့ ရောက်လာခဲ့ကြသည်။ မဟာသုခံဒ ချမ်းသာကြီးစေတီတော် ဥက္ကဋ္ဌဦးအေး၊ ဒုဥက္ကဋ္ဌဦးစိုးလွင်နှင့် ရွှေရတုဒေါ်သန်းတင်၊





အတွင်းရေးမှူး ဦးတင့်ဆွေ၊ ငွေထိန်းဒေါ်သိန်းသိန်း၊ စာရင်းစစ်ဒေါ်ကျင်ရီ၊ အဖွဲ့ဝင် ဒေါ်ခင်သန်းမြင့်တို့ဖြစ်ကြသည်။ သို့သော် ဒီအသင်းကြီးနှင့် ချမ်းသာကြီးစေတီတော်ဖြစ်မြောက်ရေးတွင် ရွှေတန်းမှ ပါဝင်ခဲ့သော ဒကာမကြီး ဝါးချက်ဒေါ် မြင့်မြင့်ကြည်မှာလည်း စေတီတော် ဂေါပကအဖွဲ့တစ်ဦးအနေနှင့် ရွှေတန်းမှ ရွက်ဆောင်ခဲ့ပါသည်။ ဤကဲ့သို့ မဟာသုခံဒ ချမ်းသာကြီးစေတီတော်ကြီးသည် တစတစ တိုးတက်လာခဲ့သည်။ ပထမ မြေကိုတူး၍ ရေထွက်လာသောအချိန်တွင် မမျှော်လင့်ဘဲ သတင်းစာများတွင် ပါလာခဲ့ပါသည်။ ကုသိနာရုံ မြန်မာကျောင်းဝင်းအတွင်း ဘုရားတည်ရန်တူးသော တွင်းများကိုးခုတွင် ရေနံဆီ၊ ရေနံဆီ...ရေနံဆီထွက်နေသည်တဲ့။ ထူးပါသည်။ တကယ့်ကိုထူးပါသည်။ သတင်းထောက်၊ စုံထောက်၊ အရာရှိမျိုးစုံ လာကြည့်ကြပါသည်။ သို့သော် သို့သော် သို့သော် ရေနံဆီမဟုတ်ဘဲ "နံ" နှင့် "ဆီ" မပါဘဲ "ရေ" သာ ဖြစ်ပါသည်။ စိတ်ပူရပါသည်။ တဖြည်းဖြည်း အချိန်ကကုန်လာခဲ့သည်။ အလုပ်ကလည်း ပြီးစီးလာခဲ့သည်။ အခက်အခဲပေါင်း ဒုနှင့်ဒေးပါ။ မြန်မာပြည်တွင် ဘုရားတည်ဆောက်လျှင် လူမျိုးစုံအရာရှိမျိုးစုံ လုပ်အားပေးသူ လာရောက် ကူညီတတ်ကြပါသည်။ ကုသိနာရုံ တွင်တော့ လူမျိုးစုံမရှိပါ။ ကုလားများနှင့် လုံးထွေးလုံးထွေး လုပ်ရပါသည်။ ကုလားမှာကုလားသာဖြစ်ပါသည်။ တကိုယ်ကောင်း ဆန်သူများဖြစ်ပါသည်။ ကုသလံ အကုသလံ ဇာနာတီတိမနသော ဟူသော ဝိဂ္ဂဟာနှင့် အတ္တံ အနတ္တံ ဇာနာတီတိမနသော ဟူသော ဝိဂ္ဂဟာထဲတွင်မပါကြပါ။ ကုသိုလ်မရှိ၊ အကုသိုလ်မရှိ၊ သူတို့မှာ ရလိုမှု တစ်ခုသာ သိတတ်ကြပါသည်။ ဒီလိုလုပ်လျှင် ကိုယ့်အတွက် အကျိုးရှိမည်ကိုသာ သိကြပါသည်။ အကျိုးရှိမည် ဆိုပါက အကုန်ကျခံမည်။ အကျိုးမရှိဆိုပါက လုံးဝအကုန်ကျမခံတတ်ကြပါ။ ဒါကြောင့်လည်း ရှင်တော်မြတ်ဘုရားသည် သူတို့ကို လူတော်လူကောင်းဖြစ်အောင် တရားဟောပြောရန်အလို့ငှာ ဤမဇ္ဈိမဒေသတွင် ပွင့်တော်မူလာရခြင်း ဖြစ်ပါသည်။

စေတီတော်ဖြစ်မြောက်စေရန် အုပ်ခဲများဝယ်ယူကြသည်။ သံများဝယ်ကြသည်။ သဲ၊ ဘိလပ်မြေ စသည် ဝယ်ယူကြသည်။ ကျောက်စရစ် ဝယ်ယူကြသည်။ စုပုံထားစဉ်တမျိုးပြောကြပြန်သည်။ ဒီအုပ်၊ ဒီသံတွေနှင့် ရပ်ရွာတစ်ခုတည်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သိက်ကောင်းမည်။ အုတ်ခဲ၊ သံများကို မတော်မတရား အလွဲသုံးစား လုပ်နေသည်ဟု ပြောကြပြန်ပါသည်။ တစတစ အုတ်စီ၍ အပေါ်တက်လာခဲ့ပါပြီ။ ဟာ...မြန်မာပြည်နှင့်အိန္ဒိယ စစ်ဖြစ်လျှင် ခံတပ်ကြီးလုပ်၍ ကာကွယ်ရန်ခံတပ်ကြီး ဆောက်နေခြင်းဖြစ်သည်ဟု ပြောကြပြန်ပါသည်။ စိတ်ထဲမှာတော့ မခံချိမခံချင်ဖြစ်ခဲ့ရသည်။ ဟာ... ငါဒီလိုလုပ်ပစ်လိုက်မည်ဟု စိတ်ထဲမှာ ဖြစ်ပေါ်လာခဲ့တိုင်းလာခဲ့တိုင်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဆုံးမသံက နားထဲသို့ တိုးဝင်လာခဲ့ရသည်။ ငါတို့ ဒီကိုရောက်လာခဲ့စဉ်က သစ်ပင်အောက်မှာ နေခဲ့ရသည်။ သူတို့ပိုင်သစ်ပင်အောက်သို့ ဝင်ခဲ့မိလျှင် ဒူးရ်ဒူးရ်ဟု အော်ငေါက်ပြီး မောင်းထုတ်ခံရဘူးသည်။ ငါတို့ဟာ အုပ်ခဲတစ်ချပ်ထောင်နိုင်ခဲ့ပြီ။ ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးတွေကို တည်းခိုစေနိုင်ခဲ့ပြီး ဒီအုပ်ခဲတစ်ချပ်ကို နှစ်ချပ် မဖြစ်နိုင်ခဲ့လျှင်လဲ ကိစ္စမရှိ။ တစ်ချပ်ကိုမလဲစေနှင့်ဟု ခဏခဏ ဆုံးမခဲ့ဘူးသည်။ ညကျရင် ဆရာတော်ကြီးကို ခြေဆုတ်လက်နယ် ဆည်းကပ်ကြချိန်တွင် မင်းတို့ ပညာရေးဘွဲ့၊ ဒီဂရီ လိုချင်ကြသလား။ ပညာတတ်ချင်ကြသလားဟု မေးခဲ့ဘူးသည်။ ပြန်၍ဖြေခဲ့သည်။ ဆရာတော်ဘုရား မြန်မာပြည်မှာတော့ ဆရာတော်များကို ဘယ်လောက်ဘဲ ပညာတတ်တတ် လခစားလုပ်တာတော့ မရှိကြပါဘူး။ လခစားမလုပ်လျှင် ဒီဂရီ လိုစရာလဲအကြောင်း မရှိပါဘူးဘုရား။ ပညာတတ်ရန်တော့ လိုပါသည်ဟု ဖြေခဲ့သည်။ သာဓုကွဲ့ သာဓု၊ သာဓု။ ပညာတတ်အောင်သာသင်ကြ၊ ဒီဂရီ မလိုချင်ကြနှင့်၊ ကလေးများနှင့် ပညာသင်ရန် ဦးစန္ဒြာမဏိအလွတ်ပညာသင် အခမဲ့ကျောင်းသို့ အပို့ခံခဲ့ရသည်။ "က"ကြီးရေကမှစ၍ သင်ခဲ့ရသည်။ အေ့ကေကာ၍၊ ဒိုးအေကော၍ စသည်ဖြင့် သင်ခဲ့ရသသည်။ အသက်က ၂၇ နှစ် ရှိနေပြီ။ မာန်မာဏဆိုဒါ ခြေဖျားမှာ ထားခဲ့ရသည်။ ခလေးများနှင့်အတူ သင်ပုံးကိုယူပြီး ကျောင်းသို့သွားရသည်။ ပထမတန်း ရောက်ခဲ့ရသည်။ ဒုတိယတန်း ရောက်ခဲ့သည်။ ဆံပင်ရိတ်သောနေ့ဆိုလျှင် ခေါင်းပွတ်ကြည့်ကြသည်။ စိတ်ဆိုးတော့ ပိုလုပ်တတ်သည်။ ရန်ဖြစ်၍လည်းမဖြစ်ပါ။ အဆိုးဆုံးလူများစုမှာ ဇာတ်မြင့်ပုဏ္ဏားများ ဖြစ်ကြသည်။ ညနေတိုင်း ဆရာတော်ကြီးက မေးပြန်သည်။ ဒီနေ့ ဘာသင်ခဲ့ကြသလဲ။ ဆရာတော်က ဘာသင်ပေးတယ်။ ခလေးများက ဘာဘာလုပ်ခဲ့ကြသလဲ။ မေးသည်။ ဆဲရေးသော





စကားကျလျှင် ဒီစကား မပြောရဘူး။ ဒါဆဲရေးတာ ဟုပြောပြသည်။ ကလေးများ ဒီလိုလုပ်လျှင် စိတ်ဆိုးသလား။ စိတ်မဆိုးရဘူး။ စိတ်ရှည်ရှည်ထားရမည်။ သည်းခံတတ်ရမည်။ ဆရာတော်ကြီးက သင်ပေးခဲ့သည်။ ယခု ဘုရားတည်လာတော့ ဖြစ်နိုင်သမျှသည်းခံရသည်။ ရှေးဟောင်းဌာနနှင့် အနီးဆုံးကျောင်းဖြစ်သည်။ တကယ်လို့များ တူးဖေါ်ချိန်တွင် ရှေးဟောင်းအဆောက်အဦးတစ်ခုခု ပေါ်လာပါလျှင် မြေပါအသိမ်းခံရမည်။ ရင်တဒုတ်ဒုတ်နှင့် တည်ဆောက်ခဲ့ရသော ဘုရားကြီးဖြစ်သည်။

**ဗာရာဏသီ ဆရာတော် နေမကောင်းဖြစ်ခဲ့စဉ်က ဆရာတော်ဦးတိက္ခိန္ဒြိယ မိဂဒါဝုန်ဆရာတော်က ဆိုဖူးသည်။ ဒီကောင် အ,တယ်။ လူကြီးလုပ်ပြီးတော့ ဒီလောက် အ,ရသလားတဲ့။ အခန်းအားလုံး ကုလားလက်ထဲမှာ ရောက်နေသည်။ အပူချိန်လေးဆယ်ဒီဂရီရှိသော အချိန်တွင် လောကြီးနေခဲ့သည်။ ပျက်နေသော အခန်းအားလုံးကို တခန်းစီ၊ တခန်းစီ လုပ်ပြီးမှ ရန်သူတို့ကို နေစေခဲ့သည်။ သူတို့အခန်းတွင် ပန်ကာတပ်ပေးခဲ့သည်။ သာသာယာယာရှိအောင် လုပ်ပြီးမှ ပြောင်းစေခဲ့သည်။ သူတို့ကို အနုနည်းဖြင့် တစတစ ကောင်းစေလိုခဲ့သည်။ လုပ်ပေးခဲ့သည်။ အားလုံး အောင်ခဲ့ရပါပြီ။ "သည်းခံခြင်းသည် အောင်နိုင်ခြင်း၏ လက်နက်ကြီး တခုဖြစ်ပါသည်"။ ယခုဘုရားတည်တော့လည်း အစစအရာရာ သည်းခံရပါသည်။**

မဟာသုခံဒ ချမ်းသာကြီးစေတီတော်ကြီး တဖြည်းဖြည်း အောင်မြင်လာခဲ့ပါပြီ။ မြန်မာပြည်မှ ဘုရားဖူး ဆရာတော်များ၊ ဘုရားဖူး သီလရှင်များ၊ ဘုရားဖူး ဝန်ကြီးကတော်များ၊ အရာရှိကတော်များ၊ ဒကာ၊ ဒကာမများ၊ ဆရာတော်၊ သံဃာတော်၊ သီလရှင်၊ စစ်ဗိုလ်၊ ပုလိပ်၊ ကုန်သည်၊ အရာရှိ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ အားလုံးအားစိုက်၍ လုပ်အားပေးခဲ့ကြသည်။ အားစိုက်၍ချွေးနဲ့စာများမှ လှူဒါန်းခဲ့ကြသည်။ ပထမဌာပနာပွဲလုပ်ကြပါတော့သည်။ မြေအောက်မှစ၍ ရေတွက်ခဲ့လျှင် ပေ ၂၀၊၂၅ ခန့်ရှိသည်။ ပထမဌာပနာပွဲလုပ်သည်။ နိုင်ငံခြားတွင် လုပ်ရသည့်ပွဲဖြစ်၍ အစစအရာရာ မြန်မာ လက်မှုပညာ၊ မြန်မာဂုဏ်ဆောင်များကို အထူးသတိထားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တွင်ကား ဌာပနာလုပ်သည့် နေရာတွင် ဒီအတိုင်းဘဲ ဌာပနာကြသည်ဟု သိရသည်။ သို့သော် မဟာသုခံဒ ချမ်းသာကြီးစေတီတော် ပထမ ဌာပနာတွင် စေတီတော်အထက်၊ စေတီတော်အထဲတွင် စေတီတော်နှင့် တူအောင် စေတီတော်တစ်ဆူ တည်ထားခဲ့ကြပါသည်။ ၄င်းစေတီတော်ထဲတွင် ဌာပနာပွဲ၊ ဌာပနာပစ္စည်းများထည့်၍ ဌာပနာခဲ့ကြပါသည်။

ဂေါပကအဖွဲ့ ဒကာ၊ ဒကာမများမှာ စိတ်တိုင်းကျမလုပ်ဖြစ်၍ စိတ်တိုကြပါသည်။ စာရေးသူလည်း ငယ်စဉ်က အလွန်စိတ်တိုတတ်သည်။ ယခုတော့ စိတ်ရှည်ရှည်ထားရမည်။ စိတ်ရှည်ရှည်ထားရမည်ဟု ဆရာတော်ကြီး ဩဝါဒကို လိုက်နာခဲ့သည့်အတွက် စိတ်သာမက လူကိုပါဆွဲလျှင် ဖယောင်းလို ရှည်လာမည်လားဟုပင် အောက်မေ့မိပါသည်။ စိတ်ရှည်၍လည်း အလုပ်ပြီးစီးလာခဲ့ပါသည်။ ပထမဌာပနာပွဲပြီး သိပ်မကြာမီ ပန်းရံဆရာကြီး ပြန်သွားသည်။ လက်ထောက်ပန်ရံဆရာနှစ်ယောက်ကို ကတ္တမန္တုသွား၍ဗီဇာလျှောက်ပေးခဲ့ရသည်။ သုံးလဗီဇာရခဲ့သည်။ အောင်မြင်မှုအပြည့်အဝနှင့် ဆောင်ရွက်ခဲ့ရာ တစ်နှစ်ကျော်လာခဲ့ပါပြီ။ ၁၉၉၉ ခုနှစ် မေလ ၃ ရက်တနင်္လာနေ့သို့ ရောက်လာခဲ့ပါပြီ။ ၁၉၉၉ ခု ကဆုန်လပြည့်နေ့ နှစ်စဉ်ကျင့်ပသလို ဗုဒ္ဓဇယန္တီပွဲတော် ကျင့်ပမည်။ သို့သော် ဆန့်ကျင်ဘက်လူစုက "ဗုဒ္ဓဇယန္တီပွဲတော်" ကို "ဗုဒ္ဓဆမြိတ်ပရ်ဗ်" ဟု နာမည်ပြောင်းကြသည်။ နှစ်ရက်ကျင့်ပသောပွဲတော်ကို ငါး ရက်ကျင်းပကြမည်ဟု ဆုံးဖြတ်ကြသည်။ ဘုရားကမြင့်နေပြီး ကျင်းပလျှင် လူတွေတက်ကြမည်။ တားရမည်။ ခလေးများကို တားရမည်။ ကျောင်းသားများကို တားရမည်။ မသိစဉ် မတော်မတရားတက်၍ ကျသွားလျှင် ဒုက္ခရောက်မည် စသည် စသည် မဖြစ်တာက ကိစ္စမရှိပါ။ ဖြစ်ခဲ့ရင်တော့ စဉ်းစားရပါမည်။ ပွဲတော်ငါးရက် ကျင်းပမည်ဖြစ်ရာ မြန်မာကျောင်းဘက်က ကုသိနာရုံဘိက္ခုသံဃာအဖွဲ့ကြီးမှ နှစ်ရက် တာဝန်ယူခဲ့သည်။ ပထမနေ့ ကုလားသင်္ကန်းဝတ်က တာဝန်ယူသည်။ သင်္ကန်းဝတ်ဟု ရေးထားရခြင်းမှာ သိက္ခာသီလမရှိ၍ ရေးရခြင်းဖြစ်သည်။ နောက်တစ်နေ့ ကုလားတစ်ဦးက တာဝန်ယူသည်။ တတိယနေ့ တိုင်းမင်းကြီးက တာဝန်ယူသည်။ စတုတ္ထနေ့နှင့်ပဥ္စမနေ့ ကုသိနာရုံဘိက္ခုသံဃာအသင်းကြီးမှ တာဝန်ယူခဲ့သည်။ ပြည်နယ်ဂဝန္နာကို အထူးဧည့်သည်အဖြစ် ဖိတ်ထားခဲ့သည်။ ဂဝန္နာလာမည်





ပွဲတော်ဖြစ်၍ V.I.P စကားပြော "မိုက်" ငှားထားရသည်။ (၅၀၀၀) ရူပီး ပေးရသည်။ သူတို့၊ သူတို့၊ သူတို့ သုံးဦးကျင်းပခဲ့သော ပွဲတော်သည် သာမညသာ ဖြစ်သည်။ ဟောပြောပွဲတွင် ရေပင် ဖူဖူလုံလုံ မတိုက်ခဲ့ကြပါ။ ကုသိနာရုံ ဘိက္ခုသံဃာမှ ကျင်းပသောနေ့မတိုင်မီ ၂၈၊ ၄၊ ၁၉၉၉ ခုနှစ်တွင် စာရေးသူအား လက္ခနောင်းမြို့တော်ဝန်နှင့် လက္ခနောင်းအတွင်းဝန်ချုပ်က Monk in chief ဘွဲ့ထူး တစ်ခု ပေးအပ်ခဲ့သည်။

၂၈ ရက်နေ့မနက်ရှစ်နာရီခန့်တွင် ကုသိနာရုံမှသွားရောက်ခဲ့သည်။ ညနေရှစ်နာရီတွင် ပြီးဆုံးသည်။ ပွဲပြီးလျှင် ညတွင်းချင်း ပြန်လာခဲ့သည်။ V.V.I.P တည်းခိုခန်းတွင် အခမဲ့ တည်းခိုရခဲ့သည်။ ညအိပ်ရန် အဆင်သင့်ထားကြသည်။ သို့သော် ညအိပ်ပါက နောက်တစ်ရက်နေ့ ၂၉၊ ၄၊ ၉၉ နေ့တွင် ကျင်းပမည့် ပွဲတော်တွင် တစ်ခုခု ချို့ယွင်းလျှင် ဖြေရှင်းနိုင်ရန် ညတွင်းချင်း ပြန်လာခဲ့ရသည်။ လက္ခနောင်းမှ ကုသိနာရုံ ၃၃၀ ကီလိုမီတာဝေးသည်။ နောက်နေ့ ကျင်းပမည့် ပွဲတော်သို့ ပါမောက္ခသုံးလေးဦး တက်ရောက်ကြသည်။ ဂေါရပူရ်၊ လက္ခနောင်းနှင့် ဂါဂျီပူရ်မှ ပါမောက္ခများ တက်ရောက်ကြသည်။ ပါမောက္ခချုပ်လည်း တစ်ဦးပါသည်။ လမ်းစရိတ်နှင့် စားသောက်စရိတ်၊ ခရီး စရိတ်တို့ကို ကုသိနာရုံ ဘိက္ခုသံဃာမှ ထောက်ပံ့ရမည်။ လာသမျှလူများကို ပတ်ပဆီးတိုက်သည်။ ပွဲတော်သည် သူတို့ပွဲတော်ထက် နှစ်ဆသာလွန်ခဲ့သည်။

ပွဲတော်ရက်အားလုံးတွင် ကုသိနာရုံဘိက္ခုသံဃာအသင်းမှ ကျင်းပခဲ့သောပွဲတော် အထူးစည်ကားခဲ့သည်။ နိုင်ငံတော်မှ ပိုက်ဆံကုန်ကျခဲ့သလောက် ပွဲတော်မစည်ကားလှပါ။ အဘက်ဘက်မှ တားဆီးခဲ့ရာ နောက်ဆုံးအနေနှင့် ပွဲတော် ပြီးစီးခဲ့သည်။ နောက် စာရေးသူမှာတော့ ခြေကုန်လက်ပမ်းကျခဲ့ရသည်။ အိပ်ခဲ့ရသည်။ ပုလိပ်လာပြီး စာရေးသူကို လိုက်ရှာသည်။ စာရေးသူ အိပ်မောကျနေဆဲ ဖြစ်သည်။ တပည့်များကအတွေ့မပေးခဲ့ပါ။ နောက်တစ်နေ့လည်း အိပ်နေသည်။ ပုလိပ်လာသည်။ ဘုရားကြီးတားရန်ပြောသည်။ စာရေးသူကလည်း စာရွက်စာတမ်းများကို သေသေချာချာပြပြီး ပြောခဲ့ရာ ပုလိပ် ပြန်မပြောခဲ့ရဲတော့ပါ။ နောက်တစ်နေ့ ၃၊ ၅၊ ၁၉၉၉ ခုနှစ်နေ့ ရောက်လာသည်။ အလုပ်သမားကိုသာတားသည်။ ဆူသည်။ နောက်ဆုံး ထိုနေ့ဖျော်ထားသော ဘိလပ်



www.burmeseclassic.com

www.burmeseclassic.com



မြေအိပ် (၃၅)အိပ်လောက်ကို လုပ်ငန်းဆက်ဆောင်ရွက်၍ ရပ်ထားလိုက်ရပါတော့သည်။ စာရေးသူမှာ လူထက်စိတ်ကပန်းခဲ့၍ တစ်ပတ်ကျော် အိပ်ရာကမထဘဲ အိပ်လိုက်တော့သည်။ သူတို့နိုင်ငံမှာ လုပ်ပြီးတော့ အကောင်းမကြိုက်တဲ့ကောင်တွေ မင်းကံနှင့် မင်းဘဲကျန်လိုက်တော့ဟု ကျန်စစ်သားက ငရမန်ကန်းကို လွှင့်ပစ်သလို စိတ်ထဲမှာ ဆုံးဖြတ်လိုက်ပါတော့သည်။

နောက်စဉ်းစားလာခဲ့သည်။ ကျုပ်တို့မြန်မာ ဒကာ၊ ဒကာမတွေ လှူဒါန်းထားခဲ့တဲ့ နဝကမ္မဝတ္ထုကြေးငွေတွေ တဘက်ကလဲ အလွဲသုံးစားမလုပ်ပဲနှင့် အတွင်းရေးမှူး၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ငွေထိမ်းများကို စွပ်စွဲခဲ့ကြတာ ငါ့ကြောင့် ဒီဒကာ၊ ဒကာမတွေ ပိုဒုက္ခရောက်ကြတော့မည်။ လူလုပ်လို့မရတာ ဘာမျှမရှိဘူး။ မဖြစ်ဖြစ်အောင်လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ မီးရထားလက်မှတ် ဝယ်ရန်စီစဉ်သည်။ မင်္ဂလာဆောင်များသောအချိန်ဖြစ်နေသည်။ လက်မှတ်စစ်တပည့်တစ်ဦး၏ ကူညီပေးမှုကြောင့် ချက်ချင်းရခဲ့သည်။ ဒေလီသို့ ရောက်သွားသည်။ ပထမ ကုသိနာရုံ M.P နှင့် တွေ့သည်။ ဝန်ကြီးနှင့် တွေ့သည်။ တစ်ကြိမ်မကပါ။ သွားလိုက်လာလိုက်နှင့် ခုနစ်ကြိမ်ခန့် တွေ့ခဲ့ရသည်။ ဝန်ကြီးကလည်း အသစ်ဖြစ်ပါသည်။ သာမညအလုပ် မဟုတ်ပါ။ ငွေကလည်းကုန်၊ လူကလည်းပင်ပန်း၊ စိတ်ကလည်း ပင်ပန်းရပါသည်။ ကြိုးစားက ဘုရားတောင်ဖြစ်သေးတာဘဲမဟုတ်လား။ ခုတော့ စာရေးသူမှာ ကြိုးစားပြီး ဘုရားဖြစ်အောင် တည်သောအလုပ်သာဖြစ်သည်။ ဘုရားတည်ဖြစ်ပါတော့မည်။

ဝန်ကြီးနှင့်သုံးလေးကြိမ် အရာရှိများနှင့်သုံးလေးကြိမ် တွေ့ဆုံးခဲ့ရသည်။ တွေ့တိုင်းတွေ့တိုင်း ရှေဟောင်း သုတေသနဝန်ကြီးက "ဘာဘာဂျီး ... ကျုပ်ဟာ အာရှနိုင်ငံ ဗုဒ္ဓဘာသာတိုင်းရင်းသားများနှင့် ဆန့်ကျင်ဘက် မလုပ်ရဲဘူး။ ဘုရားတည်တဲ့လူမျိုးပါ။ ဘုရားဖျက်တဲ့လူမျိုး မဟုတ်ပါ။ ဆရာတော် ဘုရားဖြစ်အောင် လုပ်ပေးပါမည်" ဟု ကတိပေးခဲ့သည်။ ဝမ်းသာရပါသည်။ ကျောင်းရောက်တော့ မရပါ။ ဒီလိုနှင့် နောက်ဆုံး P.A များနှင့် တိုင်ပင်ကြသည်။ ဝန်ကြီး P.A, M.P, P.A တို့နှင့် တိုင်ပင်မှ ၁၂၊ ၅၊ ၂၀၀၀ ရက်နေ့ အခြေအနေသို့ ရောက်လာခဲ့ရပါသည်။ ချွင်းချက်နှင့် ခွင့်ပြုလိုပ်ပါသည်။ (၁) ခြောက်လအတွင်း ပြီးအောင်လုပ်ရမည်။ (၂) ရှေးဟောင်းသုတေသန ဘုရားကြီး မြောက်ဘက် အသောကပင်များ





စိုက်ရမည်။ (၃) သာမညအရောင်များကိုသာ သုတ်ရမည်တဲ့။ ရပြီ။ ရပြီ။ မြန်မာပြည်စာရေးရသည်။ ပူသေးသည်။ နိုင်ငံကူးလက်မှတ် မကျသေးဘူး စသည်ဖြင့် အကြောင်းပြချက်များရပါသည်။

နိုင်ငံခြားတွင် ဆောင်ရွက်လုပ်ကိုင်ရသည်ဖြစ်ရာ လူပင်ပန်းတာထက်စိတ်ပင်ပန်းတာက ပိုဆိုးနေသည်။ ဒကာဦးသန်းစိုးတို့လူစု ရောက်လာခဲ့ကြသည်။ ၂၉၊ ၇၊ ၂၀၀၀ နေ့ရန်ကုန်မှထွက်လာခဲ့သည်။ ၃၀၊ ၇၊ ၂၀၀၀ ရက်နေ့ ကုသိနာရုံ ရောက်ခဲ့ကြသည်။ ၃၁ ရက်နေ့ အနားယူကြသည်။ ၁၊ ၈၊ ၂၀၀၀ ရက်နေ့ လုပ်ငန်းစပါတော့သည်။ ဘုရားကြီးစလာခဲ့ရာ ၂၇၊ ၈၊ ၂၀၀၀ ရက်နေ့တွင် အပေါ်ထိပ်ဆုံးသို့ ရောက်ခဲ့သည်။ အပေါ်ဆုံးတွင်ရွှေဆွဲကြိုးသုံးခု နိုင်ငံတော်ကပိုက်ဆံ၊ ယိုးဒယားရွှေဒင်္ဂါး တစ်ကျပ်၊ ဘင်္ဂလားဒေ့(ချ်)မှ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်များထည့်ပြီး ပထမဆုံး "ဇိတံမေအောင်ပြီ" ဟု ကြွေးကြော်သံကြီးသည် တခဲနက်ကျော်ကြားခဲ့သည်။ မိုးကရွာလာပြီး စက်တင်ဘာလမှာ မိုးများသည်။ အပြင်နံရံ အုတ်တံတိုင်းကြီး စပါတော့သည်။ အကျယ်လေးပေ၊ အောက်ါးပေ အနက်တူးရသည်။ ကွန်ကရစ်လောင်းရသည်။ ပုတ်ပြတ်နှင့်ပတ်လည် ရူပီး ၅၀၀၀ ပေးလိုက်သည်။ နေ့ဘက် တူးပေးခဲ့သည်။ မနက်ဖက်မိုးရွာသည်။ ပထမ ၅၀၀၀၊ ဒုတိယ ၅၀၀၀၊ တတိယ ၅၀၀၀၊ စတုတ္ထ ၅၀၀၀၊ ပဥ္စမ ၅၀၀၀နှင့် ဆဋ္ဌမ ၅၀၀၀ ပေးခဲ့ရသည်။ ကုန်ခဲ့ရသည်။ ခေါင်းမူးပြီးတော့ လဲလုမတတ် ခံစားရသည်။ ဒီထဲ မြန်မာပြည်ဂေါပက ဒကာကြီးများက စိတ်ပူကြသည်။ စိတ်တိုကြသည်။ အလုပ်လုပ်တော့ ညရောနေ့ရော စိတ်အားမလပ်ခဲ့ကြ။ စိတ်ရှည်ရှည်ထားရသည်။ အလုပ်ဟောင်းဖြစ်ခဲ့ပါပြီ။ တခါထဲ ၅၀၀၀ နှင့်ပုတ်ပြတ်ပေးခဲ့တာ၊ တူးလိုက်ပွဲလိုက် နောက် ဆက်တိုက်တူးမှ အောင်မြင်ခဲ့ရသည်။ အားလုံး ၃၀၀၀၀ ကုန်ခဲ့ရသည်။

ညတည တောင်ဘက်လူတွေက အော်ကြသည်။ ဟဲ့ မြန်မာကျောင်းမှာ မီးလောင်သည်။ အနောက်ဘက်က လူတွေကလည်းအော်ကြသည်။ မြန်မာကျောင်းတွင် မီးလောင်သည်။ မြောက်ဘက်ကလူတွေကလည်း အော်ကြပြန်သည်။ မြန်မာကျောင်းတွင် မီးလောင်သည်။ တကယ့်တကယ်ကျတော့ မီးလောင်တာမဟုတ်ပါ။ မြန်မာကျောင်းဝင်းအတွင်း တည်ဆောက်နေဆဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော မဟာသုခံဒဒ ချမ်းသာကြီး စေတီတော်မှ ဖြစ်ပါသည်။ အချော မကိုင်ရသေးပါ။ အပေါ်ထိ ရောက်သွားပါပြီ။ ပတ်လည်နံရံဝင်းကြီး လုပ်နေဆဲဖြစ်ပါသည်။ လှေခါးကလည်း ရှိပါသေးသည်။

ဒီအပေါ်သို့ မြွေကြီးတကောင် တက်ရောက်နေတာတွေ့ရသည်။ မြွေမှာ အဝါနုရောင်ဖြစ်သည်။ မြွေကြီးကလည်း ဘုရားပေါ်တက်ခဲ့သည်။ မျောက်ကြီး တကောင်ကလည်း ဘုရားအထက်ဆုံးထိ တစ်ကောင်ထဲ တက်ခဲ့သည်။ ထူးဆန်းသည်။ ဤကဲ့သို့ပင် ထူးဆန်းတကာ့ ထူးဆန်းတာကတော့ မြန်မာကျောင်းကို မီးမလောင်ဘဲ ဘုရားကြီးဌာပနာမှ ရောင်ခြည်တော် မီးကဲ့သို့ တက်လာခဲ့ခြင်း ဖြစ်ပါသည်။ မနက်အာရုံဦးကဲ့သို့ မီးကြီးဟာ တဖြေးဖြေးနှင့် အလွန်ပင် ကြည်နူးစရာ ကောင်းလှပါသည်။ မဟာသုခံဒဒချမ်းသာကြီး စေတီတော်ကြီး၏ ဂုဏ်သတင်းကား အနှောင့်အယှက်များခဲ့သလောက် တကယ့်ကို ထူးဆန်းအံ့သြဘွယ် ကောင်းလှပါသည်။ မီး၊ မီး၊ မီး အမှန်မှာ မီးမဟုတ်ဘဲ ဓါတ်တော်ကွန့်မြူးခြင်းပင် ဖြစ်ပါတော့သည်။

မြန်မာရဟန်းတော်များ ဦးစီး၍ တည်ဆောက်ထားသည့်
သံဝေဇနီယဌာနနှင့် အဝိဇဟိတဌာနများတွင်
“သက်ဿနုဂိုရ်ပြည်” လည်းတစ်ခုပါသည်
မြန်မာဆန်ဆန်စီစဉ်ထားသည်
အလှူရှင်များလိုအပ်သည်
ကြွရောက်ကြပါ စုံစမ်းကြပါ
၀၉၁, ၉၈၃၉၀၁၅၀၉၆ ၀၅၆၉, ၂၆၄၁၃၁





# ဘဝသံသရာမှ ပါလာခဲ့သော ဘဝဝဋ်ကြွေးများ

ဟရိဗလ–ကုသိနာရုံ

၁၊ ၈၊ ၆၃ ခု မြန်မာသက္ကရာဇ် ၁၃၂၅ ခု ဝါခေါင်လဆန်း ဆယ့်နှစ်ရက်နေ့ ကြာသပတေးနေ့ဖြစ်သည်။ ရဟန်းမယ်တော် ဒေါ်ငွေကျင်နှင့် ရဟန်းဒကာ ဦးချိန်တင် ခေါ် ဦးဘဆိုင်တို့၏ စီစဉ်ချက်အရ ရခိုင်ပြည်နယ် စစ်တွေမြို့မှ မဇ္ဈိမဒေသ သာသနာနုဂ္ဂဟအဖွဲ့ကြီးမှ ကူညီစောင့်ရှောက်မှုဖြင့် ရန်ကုန်မှ ကာလကတ္တားသို့ ရောက်ခဲ့သည်။ ကုသိနာရုံသို့ ဗာရာဏသီမှတဆင့် ရောက်လာခဲ့သည်။ ကာလကတ္တား မြန်မာကျောင်းတွင် သုံးရက်နေပြီးနောက် ကုသိနာရုံသို့ ဗာရာဏသီမှ တဆင့် ရောက်လာခဲ့သည်။ နံနက်ခုနှစ်နာရီခန့်တွင် ကုသိနာရုံ ရောက်လာခဲ့ရာ ဆရာတော်ကြီးကို ကန်တော့ပြီး ဆရာတော်ဦးစန္ဒြာမဏိ ခြေတော်ရင်းတွင် နေထိုင်ခဲ့ရသည်။ ကုသိနာရုံတွင် ဆရာတော်ကြီးနှင့်အတူ ဦးအစ္စုတာနန္ဒ ခေါ် ဂျာနကီဘာဘာ ကုလားရဟန်းတစ်ပါးနှင့် ဒေါ်ဝိပဿနာ၊ ဒေါ်သီလာစာရီ၊ ဒေါ်ဥပေက္ခာနှင့် ဒေါ်မာဏဝီအမည်ရှိ သီလရှင်ဆရာကြီးများလည်း ရှိကြသည်။ တမင်းကျွေးထမင်းချက်ကုလား ကပ္ပိယဂျမန်း၊ နွားကျောင်းသား ဟရိ၊ အလုပ်သမား ရှူးဒရာဆိုသူများလည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုသိနာရုံသို့ ရောက်ခဲ့ရခြင်းအကြောင်းမှာ ဆရာတော်ဦးကိတ္တိမနှင့် တပည့် ဒေါက်တာ ဦးဓမ္မရက္ခိတ ဆိုသူမှာ ကုသိနာရုံမှ တောင်ဘက် နှစ်မိုင်ခန့် ကွာသော ဘဂျကရိုက်ယာရွာမှ ဟင်းသီးဟင်းရွက် စိုက်ပျိုးစားသောက်သော လူမျိုး (ကောယရီးကုဆဝါဟာ) လူမျိုးထဲမှ ဖြစ်သည်။ ဦးအစ္စုတာနန္ဒ ခေါ် ဂျာနကီ ဘာဘာ ဆိုသူမှာ ကုသိနာရုံနှင့် နှစ်ဖါလုံသာသာဝေးသော ဆုခါရီချပရာရွာမှ ပုဏ္ဏားလူမျိုးဖြစ်သည်။ သူ့ကို ရှင်ပြုပေးခဲ့စဉ်က ပုဏ္ဏားများက ဆရာတော်ကြီးကို ရန်တွေ့ခဲ့ကြသည်။ သူတို့ကလေးကို စေ့စပ်ရေးလုပ်ခါ သူ့အမေကို ကျွေးမွေးသုတ်သင်ရန် တပတ်ကို ငွေရူပီး သုံးရူပီး ပေးရမည်ဟု ဆုံးဖြတ်၍ပေးခဲ့ရသည်။ အချိန်ကား ၁၉၁၅ ခုနှစ်ကဖြစ်သည်။ ကုသိနာရုံ ဆရာတော်ကြီးသည် သာသနာပြု လှုယ်ကူစေရန် သူတို့ဘက်သို့လိုက်၍ ရာမဘုရားပွဲများ ကျင်းပခဲ့စဉ်က ဖြစ်သည်။ ရာမဘုရားပွဲတွင် ရာမလုပ်သူ၊ သီတာလုပ်သူနှင့် သီတာ၏အခြွေအရံ လုပ်သူများပါ ပါခဲ့ရသည်။ ဦးအစ္စုတာနန္ဒ ငယ်စဉ်က အကကောင်းသည်။ အဆိုကောင်းသည်။ ကပွဲတွင်သူ့ကို သီတာ ခေါ် ဂျာနကီလုပ်၍ ကရသည်။ အကကောင်း အဆိုကောင်း၍ သူ့ကို နေရာတကာမှလာ၍ ငှါးကြသည်။ ပညာသင်စိတ်လည်း မရှိ၊ ကပွဲတိုင်း ကပွဲတိုင်းသို့ သွားနေခဲ့ရာ ပျက်စီးမည်ကိုစိုး၍ ဆရာတော်ကြီးက သူ့ကို ကိုရင်လုပ်နေရန်ပြောပြီး ရှင်ပြုပေးခဲ့သည်။ ရှင်ပြုပြီးနောက် သီဟိုကို ပို့ထားခဲ့ရာ တစ်လကို (၄၀) ရူပီးငွေပေး၍ သီဟိုတွင်ပညာသင်ခိုင်းခဲ့သည်။ သို့သော် ပညာမသင်ဘဲ အဆိုအကကိုသာ ဝါသနာပါ၍ သီဟိုတွင် ခြောက်နှစ်ခန့် နေပြီးနောက် မြန်မာပြည်၊ မော်လမြိုင်တွင် နေထိုင်ခဲ့သည်။ မြန်မာပြည်တွင်လည်း ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်များတွင် ရွှေမန်းတင်မောင်၊ ဖိုးစိန်ကြီးစသော နာမည်ကျော် ဇာတ်ပွဲတိုင်း သွားရောက်နေသည်။ ပညာလုံးဝမတတ်ခဲ့။ ဂျပန်များ ရောက်လာချိန်တွင်လည်း မတော်မတရား လောဘကြီးပြီး မော်တော်ဆိုင်ကယ် သိမ်းထားခြင်း၊ ရွှေချောင်းများ သိမ်းထားခြင်းစသော မတော်မတရား လောဘကြီးမှုကြောင့် မြန်မာပြည်မှ ပြန်လာခဲ့ရသည်။

ဒေါက်တာဦးဓမ္မရက္ခိတမှာ ရဟန်းပညာသင်ဘဝကစပြီး ကဗျာရေးခြင်း၊ ပြဇာတ်ရေးခြင်းစသော စာရေးဝါသနာပါသူဖြစ်သည်။ သူ့ကို ဆရာတော်ဦးကိတ္တိမ ရှင်ပြုပေးခဲ့သည်။ သူ့ကို ရှင်ပြုပေး၍ သူ့ဦးလေး ကုလားဘုန်းကြီး ဆာဒူးဘာသာ





ဟစ်ဦးက ဗမာဘုန်းကြီးကိုရလျှင် အရှင်ရရ၊ အသေရရ မီးရှို့သတ်ပစ်လိုက်၊ လှုစုလှုဝေးနှင့် လိုက်ရှာခဲ့ကြသည်။ ဆရာတော်ဦးကိတ္တိမရော ဆရာတော်၏ တပည့် ဒေါက်တာ ဓမ္မရက္ခိတကိုပါ ဖွက်ထားခဲ့ရသည်။ တစ်လကျော်ကျော်ကြာမှ သီဟိုပို့လိုက်ရသည်။ ပညာသင်သည်။ ပညာတတ်မြောက်ပြီး ပြန်ရောက်လာတော့လည်း ကပ်စဲနဲ့သူဖြစ်၍ ဆရာတော်ဦးကတ္တိမက ကျွေးမွေးထားခဲ့သည်။ နောက်တော့ မဟာဗောဓိကောလိပ်တွင် ပါဠိဆရာလုပ်ခိုင်းခဲ့သည်။ ပါဠိဆရာမှ ကောလိပ်ကျောင်းအုပ် ဖြစ်လာသည့် နောက်ပိုင်းတွင် ဓမ္မပါလဒီဂရီကောလိပ်နှင့် မဟာဗောဓိ ဆရာအတတ်သင်ကျောင်း ကျောင်းအုပ်ဖြစ်လာခဲ့သည်။ ဆရာတော်နှစ်ပါးလုံးကိုလည်း ကြည်ညိုလေးစားခဲ့သည်။ ၁၉၆၂ ခုနှစ် ဆရာတော်ကြီး နေထိုင်မကောင်းဖြစ်လာခဲ့ရာ သီလရှင်ကြီးများက ဆရာတော် ဦးကိတ္တိမကို ပင့်ခဲ့ပါသည်။ ဆရာတော်ကလည်း သူ့တပည့်ကျော် ဦးဓမ္မရက္ခိတကိုပါ ခေါ်ယူပြီးတိုင်ပင်သည်။ ကုလားတိုင်းကုလားတိုင်က မြန်မာအမျိုးသား တစ်ပါးပါး ရှိမှသာကောင်းမည်ဟု အကြံပေးခဲ့ကြသည်။ ဦးဓမ္မရက္ခိတနှင့် ဦးအစ္စုတာနန္ဒ နှစ်ပါးမှာလည်း ဇာတ်မတူသည့်ပြင် တစ်ပါးကိုတစ်ပါး ကဲ့ရဲ့ရှုတ်ချကြသည်။ နောက်ဆရာတော်နှစ်ပါးတို့၏ ကမကထထောက်ပံ့မှုဖြင့် စာရေးသူ ကုသိနာရုံသို့ ရောက်လာခဲ့ရသည်။

ကုသိနာရုံတွင် ဦးအစ္စုတာနန္ဒမှာ ဒေါက်တာဓမ္မရက္ခိတနှင့် မသင့်တင့်၍ ၄င်းကျောင်းတိုက်ကို သူပိုင်ဆိုင်ရမည်ဟု မြန်မာဆရာတော်တစ်ချို့က မြှောက်ပေးမှုကြောင့်လည်းကောင်း မနာလိုဝန်တိုစိတ်ဖြစ်ခါ စာရေးသူအား ဇူလိုင်လ ကိုးရက်နေ့ မြန်မာပြည်သံရုံးမှ ထုတ်ပေးလိုက်သော ဗီဇာသည် ၂၈၊ ၁၀၊ ၆၃ ရက် မြန်မာ သက္ကရာဇ် ၁၃၂၅ ခုနှစ် တော်သလင်းလ၊ သီဘင်းကျွတ်လကုန်၍ တန်ဆောင်မုန်းလဆန်း ဆယ့်နှစ်ရက် တနင်္လာနေ့ ကုန်ဆုံးမည်ဖြစ်ရာ ဆယ့်ငါးရက်မတိုင်မီ အောက်တိုဘာလ ဆယ်ရက် မြန်မာသီတင်းကျွတ်လဆုတ် ဆယ်ရက် ကြာသပတေးနေ့ ဒေဝရိယာသို့သွားပြီး ဗီဇာတိုးပေးရန် လျှောက်ထားခဲ့ကြသည်။ ဟိန္ဒီစကားမတတ်သေး၍ စကားပြန်အဖြစ် ဦးအစ္စုတာနန္ဒကို ဆရာတော်ကြီး ထည့်ပေးလိုက်ရာ ဗီဇာရမည့်အစား ဗီဇာမရရန်သာပြော လိုက်သည်။ ဒေဝရိယ ရုံးဗီဇာဌာနမှ ယာဒဗ်ခရစ်ယာန်တဦးက ဗီဇာမပေးရန်



www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်လိုက်သည်။ ဗီဇာရရန်အတွက် ဒေလီသို့မဟုတ် ကာလကတ္တားသွား၍ ဗီဇာယူရမည်ဟု ဦးအစ္စုတာနန္ဒကတဆင့် ပြော၍သိရသည်။ ဤဗီဇာကိစ္စမဖြစ်မီ ဦးအစ္စုတာနန္ဒအား အောက်တိုဘာလတစ်ရက်နေ့ ဗာရာဏသီမှ မြန်မာဆရာတော်တစ်ချို့က ခေါ်ယူပြီး ဗီဇာမပေးရန်နှင့် ဒီရခိုင်ဦးပဥ္ဇင်းရှိပါက မင်းရမည်မဟုတ်ကြောင်းကို နားချပြောဆိုခဲ့ရာ ဗီဇာမရအောင် လုပ်ခဲ့သည်။ မြန်မာပြည်မှ မထွက်မီကလည်း ပစ်စာအမျိုးမျိုးပေးပြီး အိန္ဒိယမထွက်ဖြစ်နိုင်ရန် ရေးသားခဲ့ကြသေးသည်။

ကုသိနာရုံတွင် ဗီဇာမရ၍ ဗာရာဏသီဆရာတော် ဦးကိတ္တိမထံသို့ ဒေဝရိယာမှတဆင့် လိုက်လာခဲ့ကြသည်။ ဗာရာဏသီရောက်တော့ ပုဏ္ဏားကျွန်းသားဇာတိ ဒေါက်တာဦးကျော်ခိုင်နှင့် တွေ့သည်။ ဦးကျော်ခိုင်နှင့် ဆရာတော်ဦးကိတ္တိမတို့တိုင်ပင်ပြီး လိုက်ပို့ပေးရန် ကုသိနာရုံသို့တဖန် ဆရာတော်ဦးကိတ္တိမမှာ ဒေဝရိယာမှ စုံထောက်လူဝင်လူထွက် အရာရှိနှင့်တိုင်ပင်ခါ စာရေးသူတို့အား ဗီဇာတနှစ်ရနိုင်ရန် ပြောခဲ့ရာ အရာရှိက အလွယ်တကူ ပေးခဲ့သည်။ အိန္ဒိယရောက် မထမဆုံး အနိုင်ပွဲတစ်ခုဖြစ်သည်။ စာရေးသူ ဆက်လက်နေလာခဲ့ရာ ဆရာတော်ကြီးက ပညာဘက်လိုက်ရန် အားပေးခဲ့သည်။ “က”ကြီးရေ“က”မှစ၍ ပထမတန်းမှစ၍ ဟိန္ဒီ တောစကား မြို့စကား သင်ကြားခဲ့ရသည်။ တဘက်မှာ ပညာသင်၊ တဘက်မှာ ဆရာတော်ကြီးကို ပြုစုလုပ်ကျွေးပြီး တဘက်မှာလည်း ကျောင်းတာဝန်များကို ကြီးကြပ်လာခဲ့သည်။ မြန်မာပြည်ကဲ့သို့ နံနက်ပိုင်းတွင် ဘုရားဝတ်တတ်ခြင်း၊ တစ်စုတစ်လုံးတည်း ဆွမ်းစားကျောင်းတွင် ဆွမ်းစားကြခြင်း၊ စာသင်ကျောင်းကို ကြီးကြပ်ခြင်း၊ ဆေးခန်းကို ကြီးကြပ်ခြင်းစသည့် ကျောင်းတာဝန်များနှင့် ဝတ္တကမြေများကို လွှဲအပ်ထားသော ကုလားများကိုပါ တစ်စတစ်စ လေ့လာကြီးကြပ်လာခဲ့ရသည်။ ကျောင်းတွင် အမြဲတန်းဝယ်၍စားရသော ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်၊ ပဲ စသည် ဖြစ်အောင် ကြိုးစားခဲ့ရသည်။ ကျောင်းတိုက်ဝင်ငွေများကိုလည်း တစ်စတစ်စ ထိန်းသိမ်းလာခဲ့ရာ ဆရာတော်ကြီးမှာ အတိုင်းထက်မသိ ဝမ်းမြောက်လာသည်။ တစ်ဘက်မှ ကုလားများမှာ ဆန့်ကျင်ဘက်လုပ်လာတော့သည်။





ကုသိနာရုံ ရဟန်းတော်များအသင်းတွင်လည်း လေ့လာခဲ့ရာ စာရင်းအင်း စာရွက်စာတမ်းများကို ပိုင်နိုင်စွာ ရေးမှတ်နိုင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် သံဃာအဖွဲ့ အတွင်းရေးမှူး ဖြစ်လာခဲ့သည်။ ၁၉၆၉ ခုနှစ် ကုသိနာရုံ ဝတ္တကမြေများကို ဆရာတော်ကြီးကိုယ်တိုင် ဒွိသန္တက ရေးပေးခဲ့သည်။ ဒွိသန္တက ရေးပေးပြီး တစ်ပတ်အကြာတွင် ကုလားပုဏ္ဏားကာဆီးနာတ်ပန္ဒေး(ဂုံဂုဝါ) လက္ခုမီးဆံကာရ်တိဝါရိဘိရလာဇရပ် မန်နေဂျာ ရမာပတိပါထက်ဆုခါရီချပရာနှင့် ကေဒါရ်နာထ်မုံဆီးဆုခါရီချပရာတို့က ပထမ ဦးအစ္စုတာနန္ဒာကို မြှောက်ပေးခဲ့ကြသည်။ ဦးအစ္စုတာနန္ဒာမှာ ကပ်စဲနဲသူဖြစ်၍ ငွေကုန်မခံရဲပါ။ သို့သော်လည်း မြှောက်သူတို့လုံ့လကြောင့် တစ်နေ့ စာရေးသူ ဂေါရခပူရ်သွားနေစဉ် ဆရာတော်ကြီးအား အမျိုးမျိုးလိမ်လည်လှည့်ပတ်၍ ဥာဏ်နီဥာဏ်နက်အမျိုးမျိုးဖြင့် ပြောဆိုခဲ့သည်။ တပည့်များ ဒါးထိုးကြမည်။ သတ်ပုတ်ကြမည်။ လွှဲထားခဲ့သော စာချုပ်ကို ပြန်၍ဖျက်ရန် ပြောကြသည်။ နောက်ဆုံး ဆရာတော်ကြီးက စာရေးသူ ပြန်လာမှ မေးပြီး လာမည့်ကြာသပတေးနေ့ သွားပြီးဖျက်မည်ဟု ကတိပေးလိုက်သည်။

ထိုနေ့မှာ အင်္ဂါနေ့ဖြစ်သည်။ ပထမ စာချုပ်ချုပ်ထားသည့်ကို ဆရာတော်ကြီးနာမည်မှ စာရေးသူနှင့် ဆရာတော်ဦးကိတ္တိမနာမည်တင်ရန် ဂေါရခပူရ်မှတဆင့် မဟာရာဂျာဂံဂျ်သို့ သွားရမည်ဖြစ်သည်။ ကဆီယား ကုသိနာရုံမှ ဂေါရခပူရ်မှသွားရန် တိုင်ကစီကားတစ်စီးသာရှိသည်။ မနက်စောစော ဆရာတော်ကြီး ဒကာမကြီးဒေါ်ဥပေက္ခာ ချက်ပေးသော ကျပါတီစားသောက်ပြီး အချိန်မှီရန် ကုသိနာရုံမှ ကဆီယာသို့ ဆိုင်ကယ်နှင့်သွားရသည်။ စောစောစီးစီး ရိက်ချားလည်း မရပါ။ ဆိုင်ကယ်ကို တပည့်ဂျိုးခန်းယာဒဝ်ဆိုသူက မောင်းသည်။ စာရေးသူမှာ နောက်မှထိုင်၍ လိုက်လာခဲ့သည်။ ကဆီယာဘက်မှ ကျောင်းတွင်ကူညီပေးတတ်သော ရမာပတိပါဘက်ဆိုသူနှင့် တွေ့သည်။ သူကဘယ်သွားမလဲဟုမေးသည်။ ဂေါရခပူရ်သွားမည်ဟု ဖြေပေးခဲ့သည်။ ကဆီယာရောက်လျှင်ရောက်ချင်း ကားမှာလည်း လူပြည့်နေပြီဖြစ်၍ ချက်ချင်းထွက်ခဲ့သည်။ ကာဆီယာမှ ကုသိနာရုံကိုဖြတ်၍ ဟာတာမြို့ကလေး ကျော်သည်နှင့်တစ်ပြိုင်နက် ကားဘီးတစ်လုံး ပေါက်သွားခဲ့သည်။ ဘီးသစ်လဲ၍ဆက်လက်ခရီးထွက်ခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



ဆုကရောက်လီကျော်ကျော် ကုသိနာရုံမှ ၂၆ ကီလိုမီတာခန့် အရောက်တွင် နောက်ဘီးတစ်လုံးပေါက်ပါတော့သည်။ ဟိုအချိန်က ကားဘီးပေါက်လျှင် ဘီးအသစ်လဲ၊ ဘီးဖာသောဆိုင်များလည်း မရှိသလောက်ဖြစ်သည်။ ကားဘီးနှစ်လုံးကိုယူ၍ ဒရိုင်ဘာသည် ၁၀ ကီလိုမီတာဝေးသော ဟာတာသို့ ပြန်လာခဲ့သည်။ ခရီးသည်များမှာ ငွေကလည်း ပေးပြီးသားဖြစ်နေ၍ ထိုင်စောင့်နေကြရသည်။ အလျှင်လို အအိုနှင့်ငြားဆိုသောစကားကဲ့သို့ ဖြစ်ရသည်။ ကားဘီးဖာ၍ ပြန်ရောက်လာခဲ့သည်။ ကားဘီးတပ်၍ဂေါရခပူရ်မှ နောက်ထပ် ၅၀ ကီလိုမီတာခန့်ဝေးသော မဟာရာဂျ်ဂံဂျ်သို့ သွားရမည်ဖြစ်ရာ အချိန်မရှိတော့ပါ။ အလုပ်လည်း ဖြစ်တော့မည်မဟုတ်၍ ရှေ့ဆက်မသွားဘဲ ကုသိနာရုံသို့သာ ပြန်လာခဲ့သည်။ ကုသိနာရုံလမ်းဆုံးရောက်ပြီး ဘတ်(စ်)ကားမှဆင်းခဲ့ရာ အချိန်မှာ နှစ်နာရီခွဲခန့်သာရှိသေး၍ လွယ်အိပ်တွင်လည်း စာအုပ်စာတမ်းများ အဆင်သင့်ပါနေ၍ ကောလိပ်ကျောင်းသို့ ဆက်တိုက်တန်းဝင်သွားထိုင်လိုက်သည်။ သုံးနာရီခန့်တွင် ပထဝီလက်တွေ့သင်တန်း အတန်းရှိနေ၍ အချိန်မှီ ကျောင်းသို့ဝင်ပြီး အခန်းတွင်း ဝင်ထိုင်လိုက်သည်။ စာရေးသူမှာ ထိုနှစ်က ဝိဇ္ဇာပထမနှစ် ဖြစ်နေ၍ အချိန်ရ ရသလို ကြိုးစားရသည်။ မနက်ခြောက်နာရီမှ စားလာခဲ့သော ကျပါတီမှာလည်း ကြေကုန်၍ ဗိုက်ထဲမှလည်း ကျွတ်ကျွတ်၊ ကျုပ်ကျုပ် ဖြစ်နေပါပြီ။ အတန်းတွင် ဝင်ရောက်ပြီး ဆရာမလာမှီ စကားပြောနေကြရာ ဆယ်တန်းတွင် အတူသင်ခဲ့သော တပည့်မာရကဏ္ဍေးအိုဂျာ ဆိုသူက အပြင်မှ လက်ယတ်ခေါ်သည်။ စာအုပ်ကိုထား၍လာမည်လုပ်ရာ စာအုပ်ကိုပါ ယူခဲ့ရန်ပြော၍ စာအုပ်များနှင့်အတူ ကျောင်းသို့ပြန်ခဲ့ရသည်။ ကျောင်းရောက်တော့ ဒကာမကြီး ဉပေက္ခာက ကြို၍ပြောသည်။ ဗာရာဏသီသွားပြီးတော့ ဆရာတော်ဦးကိတ္တိမကို ပင့်ခဲ့ပါ။ ဆရာတော်ကြီးကို မဟုတ်တာရော ဟုတ်တာရော ခြိမ်းခြောက်၍ ပြောသွားခဲ့ကြသည်။ ဆရာတော် ကြာသပတေးနေ့ ပဒရောက်နာ သွားမည်တဲ့။ ဒကာမကြီး မပူပါနှင့်၊ နေရာတိုင်းမှာ သူများကို အားကိုးနေလို့တော့မဖြစ်ဘူး။ ကိုယ်ကိုယ်ကိုလဲ ကြိုးစားကြည့်ရမယ်။ ဆရာတော်ကြီးနှင့် သွားတွေ့မယ်။ ဆရာတော် ဘယ်မှာလဲ။ ဆရာတော် ခန်းမထဲမှာ တစ်းပါးထဲရှိနေသည်။ စာရေးသူ ဆရာတော်ကြီးထံချဉ်းကပ်ပြီး ကန်တော့သည်။ ဆရာတော် ကုလားများ





လာကြသည်ဟုသိရသည်။ ဘယ်သူဘယ်ဝါ လာပါသလဲ။ ဘာများပြောခဲ့ရပါသလဲ။ ဆရာတော်ကြီးက အမိန့်ရှိသည်။ ဘိရလာဇရပ်က မန်နေဂျာလက္ခုမြိုးဆံကာရ်တိဝါရီ၊ ဂျူနီးယာဟိုက်စကူးလ်က ကျောင်းအုပ် ကာဆီးနာတ်ပဏ္ဍေး၊ ဆုခါရီချပရာကရမာပတိပါထက်၊ ကေဒါမုံဆီးတို့ လာကြသည်။ ဂျာနကီးလဲပါခဲ့သည်။ သူတို့က ငါရေးပေးတာ သဘောမတူဘူးတဲ့။ ဂျာနကီးလယ်ကိုလဲ ငါကရေးပေးတယ်လို့ ပြောတယ်ဟုတ်သလား။ စာရေးသူက ဆရာတော်နာမည်နှင့်ရှိတဲ့ ဝတ္တကမြေကို ဆရာတော်သဘောအရ ရေးပေးခဲ့တာပါ။ အဲ…ငါလဲသိတယ်။ ဒီကောင်တွေ မဟုတ်မဟာတ် ငါ့ကိုအမျိုးမျိုးပြောကြတယ်။ မြန်မာရဟန်းများနှင့် ဟိန္ဒူစတန်ရဟန်းများ ဒါးထိုးကြမယ်လို့ ပြောတယ်။ ကဲကဲ…သွား၊ ငါနက်ဖြန်မေးမယ်ဟုပြောပြီး စာရေးသူအား လွှတ်လိုက်သည်။ စာရေးသူမှာလည်း စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေပါသည်။ ဆရာတော်၏ လယ်များကို ဂျာမန်နှင့် လူတော်တော်များများကို လွှဲပေးခဲ့သည်။ ကြာသပတေးနေ့တွင် လွှဲပေးခဲ့သည်။ ယခုတဖန် စာရေးသူနှင့် ဆရာတော်ဦးကိတ္တိမနာမည် ကျန်လယ်မြေ၊ ကျောင်းဝတ္တကမြေများကို လွှဲပေးခြင်းကိုလည်း သူတို့ဖျက်မည်ဟု ပြောနေခဲ့ရာ တော်တော်မကြေမနပ် ဖြစ်နေပါသည်။ စိတ်လဲတိုနေမိသည်။ သို့သော်စိတ်ဆိုးကြောင်း လုံးဝမပြခဲ့။ နေ့စဉ် ဘုရားဝတ်တက်၊ အာရုံဆွမ်းစားမပျက်ဘဲ ကိုယ့်ဝတ်ကိုယ်ကြေအောင် လုပ်နေခဲ့သည်။ နောက်တစ်နေ့ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ မနက်စောစော ဘုရားကြီးသွား၍ နေ့တိုင်းလို တမျက်စည်းလှဲ၊ ပန်းတင်၊ ရေချမ်းကပ်၊ မနက်စာဆွမ်းကပ်၍ ဘုရားရှိခိုးပြီး ကျောင်းသို့ပြန်လာခဲ့သည်။ ကျောင်းရောက်တော့ ဦးအစ္စုတာနန္ဒထံ ကေဒါမုံဆီ လာနေတာတွေ့သည်။ သိမ်မှနေ၍…ဟော့…ကေဒါမုံဆီ၊ ကေဒါမုံဆီဟု ခေါ်လိုက်သည်။ စာရေးသူ စိတ်ဆိုး နေပုံကိုတော့ ပြနေပါပြီ။ ဘယ်သွားဘယ်လာ လုပ်နေတာလဲ။ ခင်ဗျားတို့ဟာ ဒီကျောင်းမှာ လှူန်ခဲ့တဲ့ ခင်ဗျားအဖို့ နေဂူးရ်၊ ခင်ဗျားအဖေ ဂျမန်းလက်ထက်မှ ထမင်းချက်လုပ်နေကြသော အစေခံများသာဖြစ်သည်။ အစေခံသည် အစေခံနှင့်တူအောင်နေပါ။ အစေခံက ကျောင်းမှာဝင်စွက်မည် မကြံနှင့်။ ဆရာတော်ကြီးပေး၍ တဆုတ်တလုပ် စားနေရသည်။ ဆရာတော်ကြီးသင်ပေး၍ ပညာတတ်ကြသည်။ ယခု ကျောင်းတိုက်အုပ်ချုပ်ရေးမှာ ဝင်စွက်မည်ဆိုပါက ငါတို့ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



သည်းခံနေလိမ့်မည်မဟုတ်။ သတိထားသွားပါဟု ခပ်ကြမ်းကြမ်း စကားပြောလိုက်သည်။ စာရေးသူ ဆူနေသည်ကို ဆရာတော်ကြီးလဲ ကြားပုံရသည်။ သို့သော် ဘာမျှဝင်၍မပြောခဲ့ပါ။ ဟဲ့...ဟရိရာမ် ဟဲ့ ဟရိရာမ်ဟု ဆရာတော်ကြီးက ခေါ်နေတာကြားရသည်။ ဟရိရာမ် ပြေးလာခဲ့သည်။ ဆရာတော်အား အရိုအသေပေးပြီး ဆရာတော်စကားကို နားထောင်နေသည်။ လက္ခမြီးဆံကာရ်တိဝါရီကို ခေါ်ခဲ့၊ ဟရိရာမ်ခေါ်ကလေးမှာ ကျောင်းနှင့်မျက်နှာချင်းဆိုင်ရှိသော ဘိရလာဇရာမ်မှ မန်နေဂျာလက္ခမြီးဆံကာရ်ကို သွားခေါ်လာခဲ့သည်။ ဆရာတော်ကြီး အနောက်ဘက်မျက်နှာမူ၍ ကုလားထိုင်တွင် ထိုင်နေသည်။ တောင်ဘက်တံတိုင်းနားမှ လက္ခမြီးကံကာရ် ထိုင်နေသည်။ သူ့နားမှ ကေဒါမုံဆီ ထိုင်သည်။ မြောက်ဘက်နားတွင် စာရေးသူ ထိုင်နေသည်။ သူတို့မှာ လိမ်၍မရတော့ပါ။ နောက်ဘက်နားတွင် ဒကာမကြီးဒေါ်ဥပက္ခာ ထိုင်နေသည်။

ဆရာတော်ကြီးက စ၍မေးပါတော့သည်။ တိဝါရီ နက်ဖြန် ပဒရောက်နာသို့သွားမည်ဟု ငါ့ကိုခင်ဗျားတို့ ခေါ်နေကြတာဟာ ဘာလုပ်ဖို့လဲ တိဝါရီ?၊ လက္ခမြီးဆံကာရ်းက ဘာဘာ ပဒရောက်နာမှာ ကစားပွဲကြည့်ချင်စရာတွေ ရှိတာမဟုတ်ဘူး၊ ဆရာတော်ကို ပြသရန်အတွက်၊ ဘာဘာ ပဒရောက်နာမှာ ပြတိုက် မျူစီယာမ်စတဲ့ နာမည်ကြီးနေရာ ရှိတာမဟုတ်ဘူး။ ဆရာတော်ကို ပြသရန် အတွက်၊ ဘာဘာ ပဒရောက်နာမှာ ဆရာတော် စားသောက်သုံးဆောင်ရန် ပစ္စည်းပစ္စယလိုလို့ ဝယ်စရာရှိလို့ သွားမှာမဟုတ်ဘူး။ ပဒရောနာကို သွားရမည့်ကိစ္စက ဆရာတော်လွန်ခဲ့သော နှစ်ပတ်ခန့်က ဦးကိတ္တိမ နာမည်နှင့် ဦးဉာဏိဿရ နာမည်ဖြင့် ဆရာတော်၏ ပစ္စည်းအားလုံးကို လွှဲပေးခဲ့၍ မကြေမနပ် ဖြစ်နေကြသော အိန္ဒိယသား ရဟန်းများကပြော၍ တပည့်တော်တို့ ဆရာတော်ကိုယူ၍ ငှင်းလွှဲထားသော စာချုပ်စာတမ်းများကို ဖျက်ရန်သွားကြမလို့ပါ ဆရာတော်။

တိဝါရိလက္ခမြီးဆံကာရ်... ငါဟာ ငါ့ပစ္စည်းများကို ကေဒါရ်ဂေါတမ်း၊ နာဂီနာ၊ မဟာတမ်း၊ ကျူးလာဤဆု ခဒေဝ်၊ ဆုခါစတဲ့ ကုလားတပည့်များကို ရေးပေးခဲ့စဉ်က ဒီကုလားတပည့်များဟာ မကြေမနပ် မဖြစ်ခဲ့ကြဘူး။ ခင်ဗျားတို့ဟာ မကြေမနပ်မဖြစ်ခဲ့ကြဘူး။ ယခု ငါဟာ ကိုယ့်နိုင်ငံက တပည့်များကိုခေါ်ပြီး





ဒီကျောင်းက ပစ္စည်းများကို ထိန်းသိမ်းနိုင်ကြမည်ဟု မျှော်မှန်းခဲ့သည်။ ဒါနှင့် ငါဟာ ငါပိုင်ပစ္စည်းများကို ငါ့သဘောနှင့် ငါလွှဲခဲ့သည်။ ဘယ်သူတစ်ဦး တစ်ယောက်မျှလဲ ဝင်စွက်နိုင်စရာမလိုဘူး။ မဟုတ်လား?။ ဟုတ်ပါတယ် ဟုတ်ပါတယ်။ ဆရာတော်ပစ္စည်းများကို ဆရာတော်သဘောနှင့် လွှဲပေးတာ တပည့်တော်တို့ဘာမျှ ဝင်စွက်စရာမလိုပါဘူး ဆရာတော်ဟု ဖြေဆိုပြီး တိတ်သွားကြသည်။

ဆရာတော်ကြီးကပင် ကေဒါမုံဆီဆိုသူဘက်သို့လှည့်၍ ဘယ်မှာလဲ ဂျာနကီး?၊ ရှိပါတယ်။ ဇရပ်ဟောင်းကြီး ထဲမှာခေါ်ခဲ့ဟု ဆရာတော်ကြီးက အမိန့်ပေးလိုက်သည်။ ဂျာနကီးဘာဘာခေါ် ဦးအစ္စုတာနန္ဒမှာ ကေဒါမုံဆီနှင့် အတူပါလာ၍ စာရေးသူနှင့် ကေဒါမုံဆီကြားမှ ဝင်ထိုင်လိုက်သည်။ အသံပြင်းပြင်းနှင့် ကာဟဲ၊ ဘာလဲဟု မေးလိုက်သည်။ ဦးအစ္စုတာနန္ဒမှာ ငိုသံပါပါနှင့် ဟိန္ဒီလို ဆရာတော်တပည့်ဖြစ်ပါသည်။ တပည့်တော်ဟာ ဆရာတော်သားဆိုလဲ ဖြစ်ပါသည်။ ယခု ဉာဏိဿရဟာ စုတ်စုတ် စုတ်စုတ်နှင့် ဟိုသွားဒီသွား သွားပြီး ဆရာတော်နာမည်နှင့် လယ်ယာကျောင်းကန်အားလုံးကို ရေးလွှဲယူလိုက်ပြီး တပည့်တော် ဘယ်မှာနေမလဲ။ တပည့်တော် ဘာစားနေမလဲဟု ပြောပါသည်။ ငိုသံပါပါနှင့်ဖြစ်၍ အသံကလည်းသိပ်မကျယ်လှပါ။ ဆရာတော်ကြီး သိပ်မကြားလှပါ။ နားလည်းမလည်လှပါ။ ဒါနှင့် မေးနှင့်ငေါ့ပြီး ဘာလဲ ဘာပြောသလဲဟူသော အဓိပ္ပါယ်နှင့် ကျုနုပ်ကို မေးပါတော့သည်။ သို့သော် စာရေးသူက ဆရာတော်ကြီးကို အဖြေမပေးဘဲ ဦးအစ္စုတာနန္ဒဘက်သို့လှည့်၍ အဖြေပေးပါတော့သည်။

ဆရာတော် ဦးအစ္စုတာနန္ဒ (ဟိန္ဒီဘာသာဖြင့် ပြောပါသည်)။ ဆရာတော်ကြီးဟာ အရှင်ဘုရားကို သားဟု၍လည်းမှတ်သည်။ တပည့်ဟူ၍လည်း မှတ်သည်။ သားမှတ်၍၊ တပည့်မှတ်၍ ပုဏ္ဏားများနှင့် ရန်ဖြစ်ခဲ့စဉ်က အရှင်ဘုရားအမေအတွက် သားကလုပ်ကျွေးရမည့်တာဝန် တစ်ပတ်ကို သုံးရှုပီး ပေးရမည်ဟု ဆုံးဖြတ်ကြသည်။ မတော်မတရား ဆုံးဖြတ်ချက်ကိုလည်း ပေးခဲ့ရသည်။ လက်ခံခဲ့သည်။

အရှင်ဘုရားမှာ ဆရာတော်ကြီးကို အဖေလို့လဲ မမှတ်ပါ။ ဆရာဟူ၍လည်း မမှတ်ပါ။ သက်သေပြရမှာလား။ အရှင်ဘုရား ကုသိနာရုံတွင် မြေတကွက်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်သည်။ ထိုမြေဝယ်ခဲ့စဉ်က တကယ်လို့သာ အဖေမှတ်သည်ဆိုခဲ့လျှင် ဆရာတော်မှတ်သည်ဆိုခဲ့လျှင် ဦးအစ္စုတာနန္ဒဟာ ဆရာတော်ဦးစန္ဒြမဏိရဲ့သား၊ ဦးစန္ဒြမဏိရဲ့တပည့်ရေးရမည်။ ယခုတော့ ဂျာနကီပါထက်သည်။ ဦးနယန်းပါ၏သားဖြစ်သည်ဟု နယန်းပါထက် နာမည်နှင့်သာဝယ်သည်။ နယန်းနာမည်နှင့်သာ အိမ်ဆောက်သည်။ ဆရာတော်ကြီးကိုသာ တကယ့်ဆရာ၊ တကယ့်အဖေနှင့် ဆရာမှတ်ပြီး ဆည်းကပ်လုပ်ကျွေးမည်ဆိုရင် တပည့်တော် လာစရာတောင် အကြောင်းမရှိပါ။ ဆရာတော်ကြီး ၁၉၅၄ ခုနှစ် နောက်ဆုံး မြန်မာပြည် ရောက်ခဲ့စဉ်က မြန်မာပြည်မှ ဒကာ၊ ဒကာမများ မေးခဲ့စဉ်က ငါမရှိရင်လဲ ငါ့တပည့်ကုလားများ ရှိသည်ဟု အဖြေပေးခဲ့တာ နောက်ဆုံး ကုလားတပည့်များကို အားကိုးလို့မရ၍ တပည့်တော်တို့ မြန်မာပြည်မှ လာခဲ့ရသည်။ ရသမျှသိမ်း ရသမျှအိမ်ပေးတဲ့ ကုလားတပည့်တစ်ဦးကိုမျှ အားကိုးမရခဲ့လို့သာ ယခု တပည့်တော်နှင့် ဆရာတော် ဦးကိတ္တိမနာမည်နှင့် လွှဲရသည်။ တကယ်လို့သာ အရှင်ဘုရားတို့ နာမည်နှင့်သာလွှဲခဲ့လျှင် ကုလားအိမ်ပဲဖြစ်မှာ သေချာသည်။ အရှင်ဘုရားတို့အလုပ်သည် အရှင်ဘုရားတို့အတွက်သာ ဖြစ်ခဲ့သည်။ ယခု ဆရာတော်ကြီး တပည့်တော်တို့ နာမည်နှင့်လွှဲပေးပေး၊ မပေးပေး ပေးတာဟာ ရောင်းစားဘို့ပေးတာ မဟုတ်ဘူး။ အရှင်ဘုရားတို့ ညံ့ဖျင်းလို့သာ လွှဲပေးရခြင်းဖြစ်သည်။ ဆရာတော်ကြီးနာမည်နှင့် ရှိစဉ်ကလည်း တပည့်တော်တို့ အတူနေ အတူစားကြသည်။ ယခု တပည့်တော်တို့နာမည်နှင့် ဖြစ်လာရင်လဲ ဒီအတိုင်းဘဲ အတူနေ အတူစားကြရမည်ဖြစ်သည်။ တပည့်တော်ဟာ ကုလားမဟုတ်ပါ။ ကူညီရိုင်းပင်းရန် အသင့်ရှိသည်။ နလုံးသားအပြည့်ရှိတဲ့ မြန်မာပြည်သားပါ။

ဤသို့ပြောဆိုလိုက်မှ တိဝါရီရော ကေဒါမုံဆီးရော အစ္စုတာနန္ဒကပါ သိသွားခဲ့ကြသည်။ နောက်ဆုံးသူတို့ ပြန်သွားကြသည်။ အကြောင်းစုံကို ဆရာတော်ဦးကိတ္တိမထံ စာရေးအကြောင်းကြားရပါသည်။ ကုလားတပည့်များ ထိုးထိုးပေးနေကြသော ပုဏ္ဏားများအဏ်ကြောင့် ငြိမ်နေသည်ဟုဆို၍ မရနိုင်ပါ။ ၁၉၇၀ –၁၉၇၁ နှစ်သို့ ရောက်လာ ခဲ့သည်။ ဆရာတော်ကြီးဘုရားဖူးသွားရန် လိုလားခဲ့၍ တစ်နေ့ကို ရူပီးငါးဆယ်ဖြင့် ကားငှားရသည်။ ဆရာတော်ကြီး၏တပည့် ကျူးလာအိ၊ စာရေးသူနှင့် ဒကာမကြီးဒေါ်ဥပေက္ခာကိုပါ ခေါ်ယူရသည်။ ကုသိနာရုံမှ





ဂေဒါဝုန်နှင့် ဗုဒ္ဓဂါယာတွင် သုံးညနားခဲ့ပြီး ကုသိနာရုံသို့ ပြန်လာခဲ့ကြသည်။ ဤနှစ်တွင် အာသံမှ ဆရာတော်ဦးတိဿ ရောက်ရှိလာပြီး တပည့်သုံးဦးကို အပ်ထားခဲ့သည်။ တော်သလင်းလတွင် မဆဟီးလယ်တွင် နေထိုင်ကြသော ကုလားရဟန်း နှစ်ပါးအနက် အစ်ကိုဖြစ်သူမှာ နေမကောင်းဖြစ်နေခဲ့ရာ သတင်းပေးလာ၍ ဆရာတော်ကြီးက စာရေးသူကို ကြည့်ရှုရန် လွှတ်လိုက်ပါတော့သည်။ သွားခဲ့ရသည်။ ပြုစုခဲ့ရသည်။ ပြီးမှ ရောဂါကောင်းမှ ပြန်လာခဲ့ရသည်။ ဘဝခရီးသည် အလွန်ကြမ်းတမ်းလှပါသည်။ ဘဝဟောင်းမှ အကြွေးဆပ်ရပါသည်။


ကုသိနာရုံ ဘိက္ခုသံဃအဖွဲ့ ကြီးမှ ကြီးမှူး၍
ဦးစန္ဒြမဏိ မန်းမိုးရီးယာလ်ကျဲရီးတဲဗဲလ်တရက်ဆ်တ်
ဦးကိတ္တိမ မန်းမိုးရီးယာလ်ကျဲရီးတဲဗဲလ်တရက်ဆ်တ်တို့မှ
ထိမ်းသိမ်းထားသော
ဆေးဦးခွင်ဓာတ်ချောင်း
ခုံစမ်းကြပ်ပါ ကူညီကြပ်ပါ လှူဒါန်းကြပ်ပါ
ကုသိနာရုံဆရာတော်
တရက်ဆ်တီး


၀၉၁, ၉၄၁၅၃၁၂၅၈၇
၀၉၁, ၉၉၁၈၆၅၃၈၈
၀၉၁, ၉၄၅၀၆၈၈၄၁၅




www.burmeseclassic.com

www.burmeseclassic.com





ကုသိနာရုံနယ်မှ ပုလိပ်ဝန်ကြီးနှင့် စာရေးသူ ဘဒ္ဒန္တဉာဏိဿရ





# အရှက်တကျော်ဖြည်နယ်သို့

ဟရိဗလ၊ ကုသိနာရုံ

ကုသိနာရုံတွင် ၁၉၊ ၁၊ ၁၉၈၁ နေ့မှ ၂၆၊ ၁၊ ၁၉၈၁ နေ့ထိ ဗုဒ္ဓဘာသာဝင်ပွဲ ၂၅ ကြိမ်မြောက် ငွေရတုသဘင်ပွဲတော် ကျင်းပခဲ့သည်။ ၁၉၇၂ ခုနှစ် ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် အဘက်ဘက်မှ စမ်းသပ်ကြည့်ကြသည်။ တရားများ ရုံးတွင်စွဲဆိုခဲ့ကြသည်။ လုပ်ငန်းများတွင် အနှောင့်အယှက် ပေးခဲ့ကြသည်။ အချင်းချင်း ခိုက်ရန်ဖြစ်ပွားအောင် လုပ်ခဲ့ကြသည်။ ဝတ္တကမြေများတွင် စိုက်ထားသော သီးနှံများကို မတော်မတရား ဖျက်ဆီးပစ်ကြသည်။ လူမျိုးချင်း ကွဲပြားအောင် ခွဲခဲ့ကြသည်။ သာမ၊ ဘေဒ၊ ဒါန၊ ဒဏ္ဍဆိုတဲ့ ဥပါယ်လေးမျိုးတွင် တစ်ပါးမှ မကျန်ခဲ့။ သို့သော် သူတို့ အဘက်ဘက်မှ ရှုံးခဲ့ရသည်။ ဆယ်နှစ်ခန့် အလူးအလဲခံခဲ့ရသည်။ အခြားတပါးသူဆိုပါက ကျောင်းမြေများကို ရောင်းရမည်။ ကျောင်းပစ္စည်းများကို ရောင်းရမည်။ အသတ်ခံရမည်။ နောက်ဆုံးအနေနှင့် ထွက်ပြေးရမည်မှာ သေချာသည်။

ဘယ်ကစမ်းစမ်း၊ ညာကစမ်းစမ်း၊ စမ်း၍မရသည့်နောက်ပိုင်းတွင် ပထမဆုံး တရားတပေါင်ဆိုခဲ့သော ရဟန်းမှာ ပျံလွန်တော်မူသွားရှာခဲ့ပါသည်။ သူနှင့်စင်ပြိုင် ကုသိနာရုံအသင်းဖွဲ့ခဲ့သော မြန်မာဆရာမှာလည်း ရှေ့ဆင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ပျံလွန်ခဲ့သည်။ ကုသိနာရုံဘက်မှ အားပေးသောသူများမှာလည်း တရားတွင် ပိုက်ဆံမပေး၍ တရားရှုံးခဲ့ရာ တောင်ကြီးဖဝါးအောက်၊ ဥဏ်ကြီးသူအောက် ရောက်ခဲ့ပါသည်။ ကုသိနာရုံ ဘုရားပွဲတော်တွင်လည်း လူမိုက်လွှတ်၍ အနှောင့် အယှက်ပေးခဲ့ရာ လူမိုက်ဗိုလ်ဒုက္ခိရာယဆိုသူကို ပုလိပ်ရှေ့မှာ စာရေးသူက အချက်ငါးဆယ်ကျော် ရိုက်ခဲ့သည်။ ထုတ်မှာ လေး–ငါးပိုင်းကျိုးသွားခဲ့သည်။ မြောက်ထိုးပင့်ကော်ပေးသူရော အားလုံးအောက်ခြေသို့ ရောက်လာခဲ့သည်။ အမှန်ကိုလုပ်နိုင်သော သတ္တိရှိရမည်။

ပိုက်ဆံရှိတာ မရှိတာကိစ္စမရှိပါ။ လုပ်ရဲရမည်။ အထက်ပါပွဲတော် ကျင်းပရာတွင် ပထမ မြန်မာ၊ ဒုတိယ တိဘက်၊ တတိယ နီပေါ၊ စတုတ္ထ ယိုးဒယား၊ ပဉ္စမသီဟို၊ ဆဋ္ဌမဘူတန်၊ သတ္တမနှင့် အဋ္ဌမ နှစ်ရက်ကို အိန္ဒိယရဟန်းတော်များကို ဥက္ကဋ္ဌလုပ်၍ ပွဲတော်ကြီး ကျင်းပခဲ့သည်။

နေ့စဉ် လူခြောက်ရာကျော်မှနေ၍ လူပေါင်းသုံးထောင်ကျော်ထိ ကျွေးရမွေးရသည်။ ပထမနေ့ မြန်မာသံဃာနာယကအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ပါသည်။ ဒုတိယနေ့ ဒလိုင်းလားမား တက်ရောက်၍ ဆရာတော်ကြီးရုပ်ပွားတော်ဖွင့်ပွဲ လုပ်ခဲ့သည်။ လူပေါင်း နှစ်သောင်းကျော် တက်ရောက်ခဲ့သည်။ တတိယနေ့တွင် အသံမစဲ ပရိတ်ရွတ်ပွဲ ကျင်းပသည်။ နီပေါမှ ရဟန်းတော်များ ဦးဆောင်ခဲ့ကြသည်။ အလွန်စည်ကားခဲ့သည်။ နောက်ဆုံးခုနှစ်ရက်နှင့် ရှစ်ရက်မြောက်နေ့တွင် ဂေါရခပူရ်တက္ကသိုလ်၊ နာလန္ဒာတက္ကသိုလ်၊ ဗာရာဏသီဟိန္ဒူတက္ကသိုလ်၊ ဆံဆကြိတ်တက္ကသိုလ်၊ ပံဂျာဗ် တက္ကသိုလ်၊ ဒေလီတက္ကသိုလ်မှ ပညာရှိ နှစ်ဆယ်ကျော် ဖိတ်ကြားခဲ့သည်။ နေ့စဉ် လူပေါင်းခြောက်ရာမှသောင်းကျော်ကို ပြုစုစောင့်ရှောက် လုပ်ကျွေးခဲ့ရခြင်းထက် လူပေါင်းနှစ်ဆယ်ကျော်ကို ပြုစုရသည်မှာ အလွန့်အလွန်ကို တကယ့်ကို၊ အလွန့်အလွန် ပူပန်ရ သောကဖြစ်ရ၊ ဟိုပြေးရ ဒီပြေးရ လုပ်ခဲ့ရပါသည်။ ဖိတ်တော့ဖိတ်လိုက်ပါပြီ။ မပြည့်စုံဘူးဆိုပါက ကိုယ်နာမည်ပျက်ရတော့မည်။ ကံမကောင်းချင်တာက ဟိုနှစ်ရက်တွင် မိုးကြီးသည်းတန်စွာလည်း ရွာသွန်းချလိုက်ခဲ့သည်။

အမှန်တကယ်ပဏ္ဍိတ်များဖြစ်ကြသည်။ ပုဏ္ဏားများဖြစ်ကြသည်။ ဆီမီနားလုပ်ခဲ့သည်။ ဟောပြောပွဲလုပ်ခဲ့သည်။ မဖြစ်မနေ ကြိုးစားခဲ့သည်။ လော





ကကြီးတွင် လူလုပ်၍မရသော အရာမရှိပါ။ မိုးရွာတော့ မဏ္ဍပ်များမှ ကျောင်းသို့ ပြေးခဲ့ရသည်။ ထိုအချိန်က ကျောင်းဆို၍လည်း အခန်းများများ မရှိခဲ့သေးပါ။ ဆီမီနားတွင် ဟောပြောကြမည့်ဘာသာရပ်မှာ အောက်ပါအတိုင်းဖြစ်ခဲ့သည်။

"အိန္ဒိယနိုင်ငံတွင် နောက်ထပ် ဗုဒ္ဓဘာသာ ပေါ်ထွန်းပြန့်ပွားတည်တံ့အောင် လုပ်ခဲ့ရာတွင် ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒြမဏိ ရှက်ဆောင်ချက်" ဟိန္ဒီဘာသာလို "ဘာရတမယ်ဗုဒ္ဓရဲမ် အုတ္တာငှါန်းမေဘိက္ခုစန္ဒြမဏိ ဂျီးကာ ယောဂဒါန်း" ခေါင်းစဉ်ဖြစ်ပါသည်။ ဆည်းကပ်ရန် ခိုင်းစေသူများ ချာချာလည် ရသလို လုပ်ပေးရသောဆရာမှာလည်း ညရောနေ့ပါ အနားမနေခဲ့ရပါ။ ချိုချဉ် လိုသည်၊ ရေနွေးလိုသည်၊ မုန့်ဆန်းမှစားမည်၊ ဘယ်ဟင်းပါရမည်၊ ဘယ်ဟင်းကို မကြိုက်ဘူး၊ ရေနွေးနှင့်မှ ရေချိုးမည်။ စသည်စသည် လူနှစ်သောင်းအတွက် လုပ်ပေးရတာထက်ပို၍ တာဝန်ကြီးပါသည်။ ပဏ္ဍိတ်ကြီးနှစ်ဆယ်ကျော်ကို လုပ်ကျွေးရခြင်းတာဝန်က ပို၍ကြီးလေးပါသည်။

တွေ့ရာနေရာတိုင်းမှာ တရားဖြစ်နေတာ ဒီကောင်တွေ ရှုံးမှာဘဲ ခဏခဏ ပြောပြောတတ်သောလူများ ရဟန်းများလည်း ပါခဲ့သည်။ သူတို့သည်ပင် လျှင် ဒုက္ခဖြစ်အောင် လုပ်ခဲ့ကြသည်။ ပွဲတော်ပြီးသောနေ့တွင် ကပ်စေးနဲတတ်သော ၄င်းပုဂ္ဂိုလ်တွင် တပည့်တော်တော်များများပါလာသည်။ ဂေါရခပူရ်မှ တိန်းဆုကိယာ အာသံထိ ထိုစဉ်က ၉၂ ရူပီးသာ ပေးရသည်။ ပွဲတော် တော်တော် စည်ကားခဲ့ပါသည်။ ငွေတော့ကုန်ခဲ့ပါသည်။ ပွဲတော်ပြီးတော့ ၄၅၀၀၀ ရူပီး ကြွေးတင်ခဲ့သည်။ ပိုက်ဆံကုန်တာလည်းတွေ့ရသည်။ လာသမျှပဏ္ဍိတ်များကို လမ်းစရိတ် ငါးဆယ်ဆိုလျှင် တစ်ရာပေးရသည်။ နှစ်ဆသုံးဆ ပေးခဲ့သည်။ ရှင်တော်မြတ်ဘုရားကလည်း ဟောထားခဲ့သည်။ သာမဏာနံ၊ ဗြဟ္မဏာနံဒေဟိ ရဟန်းပုဏ္ဏားများကို ပေးလှူပါတဲ့ အလှူသဘောမျိုး ပေးခဲ့သည်။ လှူဒါန်းခဲ့သည်။

ဘယ်ကစမ်းစမ်း၊ ညာကစမ်းစမ်းမရမှ ဒီလူကိုတော့ အသုံးချသင့်သည် ဆိုပြီး စာရေးသူကို ၇၊ ၂၊ ၁၉၈၁ ခုနှစ် ကျင်းပသည်။ အရုဏာကျယ် သံဃာအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားတော့သည်။ နာဂပူရ်တရားနှင့် ကုသိနာရုံ လုပ်ပုံကိုင်ပုံများကို သဘောကျ ကျေနပ်ခဲ့သည်ကတစ်ကြောင်း ကပ်စေးနဲ၍ သူ့တပည့်များကို စရိတ်ခံယူရန်ကတစ်ကြောင်း ပါခဲ့သည်။ အာသံသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားခဲ့သည်။ လောဘကြီး ဒေါသကြီး၊ မောဟကြီးသော အိန္ဒိယရဟန်း တစ်ချို့ကြောင့် စာရေးသူမှာ မနေတတ်မထိုင်တတ် ဖြစ်ရသည်။ မတော်မတရား လုပ်တာ လုံးဝမခံခဲ့ပါ။ နေရာတကာ နေရာလု၊ ဘတ်(စ်)ကားမှာနေရာလု၊ ရထားမှာ နေရာလု၊ မနက်စာစားသောက်ချိန်မှာ နေရာလု၊ နေ့လည်စားသောက်ချိန် နေရာလုစားကြတာများ မကျေနပ်ဖြစ်ခဲ့သည်။ စာရေးသူ၏ စကားကို တော့နားထောင်ကြသည်။ ကြောက်လဲကြောက်ကြသည်။ ရှေ့ဆောင်လုပ်သူသည် အမြဲအနစ်နာခံရတတ်သည်။ ဝါစဉ်အတိုင်း နေရာပေးခဲ့သည်။ စားသောက်ရာတွင်လည်း ဝါစဉ်အလိုက် နေရာပေးခဲ့သည်။ နေရာချထားရာတွင်လည်း ဝါစဉ်အလိုက်သာ နေရာချပေးထားခဲ့ရာ လူများစုက သဘောကျကြသည်။ နိုင်ငံခြားသားရဟန်း၊ တိုင်းရင်းသားရဟန်း ခွဲခြားလာကြသည်။ ကိုလိုရာဘက်ဆွယ်ရသည်။ ဆတ္တမေဝဇ္ဇာယတော အမှန်သည် အမြဲအောင်မြင်ရမည်သာ ဖြစ်သည်။

အာသံရောက်လျှင်ရောက်ချင်း ဆရာတော်ဦးဣန္ဒာစာရနှင့်တွေ့သည်။ ဆရာတော်များကို ပင့်သလားဟု မေးရာ ပင့်တော့ပင့်သည်ဟုပြောသည်။ အာသံတနယ်လုံးသပိတ်မှောက်၍ ပိတ်လိုက်သည်။ ဒကာတယောက်ထံမှ ကားတစ်စီးနှင့် မြန်မာဆရာတော်များရှိရာသို့ သွားခဲ့သည်။ ဆရာတော်ဦးတိသ၊ ဆရာတော်ဦဂုဏဝံသ၊ ဆရာတော်ဦးဣန္ဒာစာရနှင့် တိုင်ပင်ခဲ့သည်။ ပင့်တော့ပင့်သည်။ တပည့်တော်တို့ ထိုနယ်ကိုသွားခွင့်မရှိပါဟု အဖြေပေးကြသည်။ ကဲ့ဆရာတော်တို့ တက်ကြပါ။ ဒီကရဟန်းတော်များကို ဒကာ၊ ဒကာမများက ကြည်ညိုကြသည်။ လေးစားကြသည်။ ဒါကို အိန္ဒိယဘက် ရဟန်းများက သဘောမကျခဲ့ကြပါ။ မိန်းမရောင်းစားသည်။ ဘိန်းရောင်းစားသည်။ စသည် စသည် မတော်မတရား စွပ်စွဲတတ်ကြသည်။ မြန်မာဆရာတော်များမရှိရာတွင် ပြောတတ် ကြသည်။ စွပ်စွဲကြသည်။

ဆရာတော်တို့ကြွပါ မြန်မာလိုပြောပါ။ တပည့်တော် ဘာသာပြန်ပြောပြမည်စသည် ပြမည်စသည်ပြော၍ ပင့်ခဲ့သည်။ နေရာတကာ လူပေါ်လူဇော်လုပ်တတ်ကြသောသူများသည် သူ့အလေ့အတိုင်း လုပ်ကြစမြဲဖြစ်သည်။ လူကြီးများကို နေရာချပေးခဲ့သည်။ သို့သော် စာရေးသူမှာ နေရာမရရှိခဲ့ပါ။





ကလေးများနှင့် အတူနေခဲ့သည်။ ကိုယ့်ဘက်ပါအောင် ဆွယ်ခဲ့သည်။ တိုင်းရင်းသား၊ နိုင်ငံခြားသား ကွဲပြားမှုကို သူတို့လူမျိုးထဲမှ သူတို့စကားနှင့် မပြောနိုင်အောင် တားမြစ်ခဲ့သည်။

ဥပဒေရေးဆွဲရေးကော်မီတီတစ်ခု ဖွဲ့စည်းခဲ့သည်။ သူတို့မှာ ဟိန္ဒီလိုတစ်မျိုး၊ အင်္ဂလိပ်လိုတစ်မျိုး၊ ရေးဆွဲ ထားခဲ့သည်။ လိုလျှင်လိုသလိုဆွဲ၍ သုံးတတ်သည်။ ဥပဒေရေးဆွဲရေးကော်မီတီဖွဲ့ရာတွင် ဗုဒ္ဓဘာသာစစ်မှ ဖြစ်လာခဲ့သောရဟန်း၊ ဗုဒ္ဓဘာသာမဟုတ်ရာမှ ဖြစ်လာခဲ့သောရဟန်းဟု ခွဲခြားခဲ့သည်။ ကိုယ့်ဘက်မှများအောင်ဆွယ်၍ ကိုယ့်ဘက်မှရဟန်းများများ ပါဝင်စေခဲ့သည်။ ဗုဒ္ဓဘာသာစစ်စစ်ဘက်မှ ကုသိနာရုံဆရာတော်ဦးဥာဏိဿရ၊ တရိပူရ်မှ အဂ္ဂယာနန္ဒ၊ အာသံပြည်နယ်မှ ဦးဝဏ္ဏသာရ၊ အာရုနာချာလ်ပြည်နယ်မှ ဦးပညာနန္ဒ လေးပါးသည် ကိုယ့်ဘက်မှဖြစ်၍ ကျန်နှစ်ပါးမှာ အာဂရာမှ ဘိက္ခုဂျန်ပြဘာကရ်၊ နာဂပူရမှ ဘိက္ခုမေခံကရတို့ဖြစ်ကြသည်။ မတော်မတရားသော ဥပဒေများကို အားလုံးပယ်ချပစ်ခဲ့ကြသည်။ အဘက်ဘက်မှဖေးမပေးခဲ့သော ကုသိနာရုံ ဆရာတော်ကြောင့် တော်တော်အဆင်ပြေခဲ့ရသည်။ ဆွမ်းစားပင့်၊ တရားဟော သင့်တော်သူကိုသာ ထည့်ပေးခဲ့သည်။ ကိုယ်လဲလုံးဝမပါဝင်ခဲ့ပါ။

နောက်ဆုံးနေ့ ကုသိနာရုံဆရာတော်ကို ပါအောင်ပင့်ပါဟုဆိုသော နေ့တစ်နေ့ဖြစ်ခဲ့သည်။ တရားဟောခဲ့ကြသည်။ မြန်မာလိုဟောသော ဆရာတော်များစကားကို ကုလားလိုပြန်၍ ပြောဟောခဲ့ရသည်။ ၄င်းရွေးကောက်ပွဲတွင် စာရေးသူသည် အိန္ဒိယရဟန်းတော်အသင်းသို့ ပါဝင်ခဲ့ရသည်။ ၇၊ ၂၊ ၁၉၈၁ မှ စ၍ ၁၀၊ ၂၊ ၈၁ ရက်နေ့ထိ အရုဏာချာလ်ပြည်နယ် ကျောင်းခမ်းမြို့ကလေးတွင် ကျင်းပခဲ့ကြသည်။ အားလုံးအဆင်ပြေခဲ့သည်။ အတွင်းရေးမှူး ဆရာတော်ကလည်းကောင်း၊ ဥက္ကဋ္ဌဆရာတော်ကလည်းကောင်း၊ အစစအရာရာ ဦးစားပေးခဲ့သည်။ စာရေးသူ လုပ်ဆောင်ချက်များသည် သာသနာတော်ကြီး အစွန့်ရှည်တည်တံ့စေရန် တိုးတက်စေရန်နှင့် ပြန့်ပွားစေရန်အတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သူတို့အကျိုး လုံးဝလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကိုယ့်အကျိုး လုံးဝမပါဝင်စေခဲ့ပါ။ သာသနာတော်အကျိုးကိုသာ အထူးဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံခြားသားများနှင့် တိုင်းရင်းသားရဟန်းတော်များ ခွဲခြားမှုသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှ ရပ်စဲခဲ့တော့သည်။ မြန်မာရဟန်းတော်၊ အာသံ၊ မေဃာလယ၊ မဏိပူရ၊ တရိပူရ၊ မီဇိုရမ်၊ နာဂလန်း၃် အရှေ့ဏကျလ်ပြည်နယ်များနှင့် ဆက်ဆံပုံများ ကောင်းမွန်နေခဲ့၍ တိုင်းရင်းသား သီဟိုဠ်ပြန်ရဟန်းတစ်ချို့က အစိုးရထံ ဗီဇာမရ ရှိအောင် အမျိုးမျိုးမတော်မတရား တောင်းဆိုခဲ့ကြသည်။ မြန်မာရဟန်းများ မိန်းမခိုး၍ နိုင်ငံခြားပို့သည်။ မြန်မာရဟန်းများ ဘိန်းရောင်းကြသည်။ မြန်မာရ ဟန်းများ ဘိန်းဖြူရောင်းကြသည်။ စသည်မတော်မတရား တိုင်းတန်းမှုများမှာ လည်း တဖြည်းဖြည်းပပျောက်သွားခဲ့ရပါသည်။

၈၊ ၂၊ ၁၉၈၁ ခုနှစ် အိန္ဒိယရဟန်းတော်များ အသင်းကြီး၏ ဥပဒေ ဟိန္ဒူဘာသာတွင် တမျိုး၊ အင်္ဂလိပ်ဘာသာတွင်တမျိုး လုပ်ထားခြင်းကိုလည်း အာသံပြည်နယ်မှ ဦးဝဏ္ဏသာရ၊ မြန်မာဆရာတော်၏တပည့် မြန်မာစကားနှင့် စာကို ကောင်းကောင်းရေးတတ်သည်။ ပြောတတ်သည်။ အင်္ဂလိပ်စာလည်း တော်သည်။ ဥပဒေတစ်ခုလုံးကို စာရေးသူကဘာသာပြန်ခဲ့သည်။ ဦးဝဏ္ဏသာရ၊ ဦး အဂ္ဂယာနန္ဒ၊ ဦးပညာနန္ဒ သုံးပါးက ဒါဟာ ထေရဝါဒနှင့် ကိုက်ညီသည်။ ထား ကြမည်။ ဒါဟာ ထေရဝါဒဗုဒ္ဓဘာသာတို့နှင့် မကိုက်ညီ မထားသင့်ဘူးဟု ပြောဆို ဝေဖန်ပြီး ဖျက်ခဲ့ကြသည်။ ရေးခဲ့ကြသည်။ လက်ညီတက်ညီနှင့် ခြောက်နာရီ ခု နစ်နာရီအတွင်း အားလုံးပြီးစီးခဲ့ကြသည်။ ဒကာ၊ ဒကာမ များလည်း အထူးအား ပေးကူညီခဲ့ကြသည်။ သာသနာပြုအဖွဲ့မှ တကာတစ်ဦးက ကုသိနာရုံ ဆရာတော် မဟာယာနဖြစ်နေသည် ဆိုပြီးတိုင်ခဲ့သည်။ ရှက်စရာကောင်းလှသည်။

ဗုဒ္ဓဘာသာရပ်ကွက်များ၊ ဗုဒ္ဓဘာသာရပ်ကွက်များမှ ရှမ်း၊ ကချင်၊ နာဂ များ သောင်းသောင်းဖျဖျကြိုဆိုခဲ့ကြသည်။ ရပ်ရွာအဝင်ဝတွင် ဝါးနှင့်ရက်ထား သော ဂိတ်ကြီးများလုပ်၍ ရှမ်းဘာသာ၊ ကချင်ဘာသာများဖြင့် ကြွေးကြော်၍ ပန်းပေါက်ပေါက် ပိုက်ဆံများကြဲ၍ ကြိုဆိုကြသည်။ သုံးရက်စည်းဝေးပြီးနောက် ကျောင်းခန်းမှ အပြန်တွင် နာမ်းဆိုင်းမြို့ကလေးအနီးရှိ ရွာတစ်ရွာတွင် ဆွမ်းစား ပင့်၍ ရပ်နားခဲ့ကြရသည်။ အပေါ်မှ သွပ်ပြားမိုးပြီး ထိုင်ခုံများမှာ ပျဉ်နှစ်ချပ်ကို စားပွဲလိုတွဲပြီး ချည်ထားခဲ့ကြသည်။ အာသံသည် မိုးများသော ပြည်နယ်တစ်ခု ဖြစ်၍ မိုးကာအဖြစ် ပိုက်ဆံကြေးငွေအကုန်အကျခံပြီး စီစဉ်ထားခဲ့သည်။





နာမ်းဆိုင်းမြို့နယ်တဝိုက်ရှိ ရပ်ရွာများမှ ဗုဒ္ဓဘာသာများသည် ထ မင်းဆုပ်များ ယူ၍လာကြသည်။ အိန္ဒိယရဟန်းတော်များအတွက် ယူလာခဲ့ ကြသည်။ မြန်မာပြည်နှင့် တူလှသည်။ သစ်သီးဝလံစသည် ပြည့်ပြည့်စုံစုံ ပါကြ သည်။ ဆွမ်းကျွေးရာတွင်လည်း တစ်ပါးတစ်ပါးကို သီးခြားဒွမ်းအုပ်ငယ်များဖြင့် လှူဒါန်းကြသည်။ မြန်မာပြည် ရှမ်းပြည်ဓလေ့လို လှူလေ့ရှိကြသည်။ ဆွမ်းစား ပြီးနောက် ကျောင်းခန်းအလွန် နာမ်းဆိုင်ဆွင်တရားပွဲ ကျင်းပကြသည်။ အထူး သဖြင့် အသက်လေးဆယ်ကျော်ခန့်ရှိသော မိန်းမ ယောကျ်ားများသည် မြန်မာ လို ပြောတတ်ကြသည်။ တရားပွဲတွင်တရားတောင်းကြသည်။ ကုသိနာရုံ ဆရာ တော် ဟောပါ။ ကုသိနာရုံဆရာတော် မြန်မာလို သီလပေးပါဟု ဆောင်းဆို လျှောက်ထားကြသည်။

ဒကာ၊ ဒကာမများ၏ တောင်းဆိုချက်အရ ပထမမြန်မာလို ငါးပါး သီးလပေးပြီး ဟိန္ဒီဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း တရားဟောခဲ့ရပါသည်။ ကြွရောက်လာကြသော မြန်မာနွယ်ဝင်ဒကာ၊ ဒကာမ အပေါင်းတို့ ယနေ့ နမ်းဆိုင်းတွင် ရောက်လာခဲ့ရသည်မှာ မြန်မာပြည်သို့ ရောက် လာသကဲ့သို့ မှတ်ထင်ရပါသည်။ မြန်မာနိုင်ငံတော်အစိုးရ၏ ကျေးဇူးကြောင့် အာသံနယ်တစ်ခွင်တွင် တောင်တန်းသာသနာပြုဆရာတော်များ စေလွှတ်ပေးခဲ့ပါ သည်။ ဤဆရာတော်များ၏ ဂုဏ်ကျေးဇူးသည် အထူးဂုဏ်ယူ ချီးကျူးစရာ ကောင်းလှပါသည်။ မြန်မာနွယ်ဝင် ရှမ်း၊ ကချင်၊ နာဂ စသောတိုင်းရင်းသားများကို မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓတရားတော် စည်ပင်သာယာတိုးတက်အောင် စောင့် ရှောက်ပေးစေနိုင်ခဲ့ကြပါသည်။ ဒကာ၊ ဒကာမတို့ အနေဖြင့်လည်း ဆရာသမား များ၏ မကောင်းဖြစ်တား၊ ကောင်းရာညွှန်ကြားသည်ကို အထူးဂရုစိုက်၍ မိမိ တို့ဘာသာရေးကို မမေ့မပျောက် မဆုံးရှုံးစေရန် ကြိုးစားကြပါ။ သားသမီးများ ကို ဘုရားကျောင်းကန်သို့ ရောက်နိုင်စေရန် ရှင်ပြု၊ နားသမင်္ဂလာများ ပြုလုပ် ပေးခြင်းအားဖြင့် ဗုဒ္ဓဘာသာဓလေ့ထုံးစံများ တည်တံ့နိုင်ပါသည်။ မဆိုးနားနီး မဆိုးဖြစ်၍ တံငါနားနီးတံငါ ဖြစ်စေတတ်သည်ဟူသော ရှေးဆရာသမားများ ထုံးတမ်းစဉ်လာရှိခဲ့၍ ဆရာတော်သမားတော်များနှင့် နီးနီးကပ်ကပ်နေနိုင်ရန် ဖန်းတီးပေးကြပါ။ ဆရာတော်ကြီးဦးတိသ၊ ဆရာတော်ကြီး ဦးဣန္ဒာစာရ ဆ

www.burmeseclassic.com

ရာတော်ကြီး ဦးဂုဏဝံသဆရာတော်များ၏ ဆုံးမသြဝါဒကို လိုက်နာကျင့်သုံးနေကြပုံနှင့် အိန္ဒိယဘက်မှ ရဟန်းတော်များ နေထိုင်သီးတင်းသုံးနေကြပုံမှာ အလွန်ကွဲပြားခြားနားလှပါသည်။ ကွဲပြား၍လည်း တစ်ဘက်မှ မကောင်းသတင်း လွှင့်ကြသည်။ မတော်မတရား တိုင်တမ်းကြသည်ကိုလည်း စဉ်းစားယုံကြည်သင့်ကြသည်။ လူတော်လူကောင်းကို မသူတော်တို့က မနာလိုတတ်ကြပါ။ အာသံနယ်သူနယ်သားများ၏ ခလေ့ထုံးတမ်းစဉ်လာသည် မြန်မာပြည်နှင့်တူပါသည်။ မြန်မာပြည်မှ ဗုဒ္ဓဘာသာများကို အတုခိုးပြီး ဗုဒ္ဓတရားတော်များကို ပြန့်ပွားစေလိုသည်။ လွန်ခဲ့သောနှစ်ပေါင်းကိုးဆယ်ခန့်က ရှမ်းပြည်မှ ဆရာတော်ကြီးတစ်ပါး သာသနာပြု တရားဟောရင်းဟောရင်းနှင့် ဤအရုဏာချလ်ပြည်နယ်သို့ ရောက်ရှိခဲ့သည်။ ငါးပါးသီလကို တည်ကြဘို့ ဟောပြောခဲ့သည်။ ဒီအရပ်မှ လူများဟာ ပထမ လူသတ်၍ ယဇ်ပူဇော်ကြခြင်းကို ဥပဒေနှင့် ဘယ်လိုဘဲတားတား မရခဲ့ဘူး။ ထိုဆရာတော်ဘုရား၏ မေတ္တာကြောင့် ငါးပါးသီလ တည်မြဲသွားခဲ့ကြပြီး ယဇ်ပူဇော်မှုကို ကွယ်ပျောက်စေခဲ့သည်။ အင်္ဂလိပ်အစိုးရက ဆရာတော်ကြီးအား ကလကတ္တားသို့ ပင့်ဆောင်ပြီး (၁၀၀၀) တန် ကော်ဇောကြီးတစ်ချပ် ဆုချခဲ့ကြောင်း ကုသိနာရုံဆရာတော်ကြီး အမိန့်ရှိခဲ့ဘူးသည်။ ဘုရားဘက်ကိုလုပ်လိုလျှင် တရားနှင့်လုပ်ရသည်။ ကြမ်းကြမ်းတမ်းတမ်းလုပ်၍မရနိုင်ပါ။ ဓမ္မောဟဝေရက္ခတိတိဓမ္မစာရီ ဆိုသည့်အတိုင်း တရားကျင့်သူကို တရားကလည်း ပြန်လည်စောင့်ရှောက်တတ်သည်ဟု ဟောတော်မူခဲ့သည်ဟု နိဂုံးချုပ်ခဲ့ရသည်။

ထိုမှဆင်းပြီး တိန်းဆုကီယာရောက်ခဲ့ရာ တိန်းဆုကီယာတွင် ဟတ္တိဝါလာ ဘာဘာဆိုသူ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ရာ ဒြန်မာရဟန်း ပျံလွန်တော်မူရာတွင် သဂြိုလ်သလို သေချာစွာ စီစဉ်ပေးခဲ့မှုကြောင့် စလျှင်စချင်းဆောက်နှင့်တွင်းဆိုသကဲ့သို့ နေရာတကာ မြန်မာဆရာတော်တပါးအနေဖြင့် နာမည်ကြီးခဲ့ရသည်။ ကိုယ့်အကျိုး နစ်နာခဲ့သော်လည်း ကိုယ့်မြန်မာနိုင်ငံတော်အဖို့ ဂုဏ်ယူရလောက်အောင် ဆောင်ရွက်ခဲ့ရ၍ အထူးကျေနပ်ခဲ့ရပါသည်။ ၁၉၈၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့တွင် ပြည်နယ်ဥက္ကဋ္ဌဖြစ်လာခဲ့ရပါသည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ရောက်လာခဲ့ရပါသည်။ နိုင်ငံခြားသား ရဟန်းတပါးနေအဖြင့် ဤ





ကဲ့သို့ ဖြစ်လာဘို့ရန်မှာ အထူးခဲယဉ်းပါသည်။ သို့သော် သူများအကျိုးကိုဆောင်ခဲ့၍ ကိုယ့်အကျိုးလည်း အောင်ခဲ့ရသည် မဟုတ်ပါလား?။

**ကိုယ့်စကားကိုယ့်ဘာသာသည်**
**ကိုယ့်ယဉ်ကျေးမှုဖြစ်သည်**
**မပျောက်ပျက်သင့်သော**
**ဥစ္စာထုတ်ကြီးဖြစ်သည်**
**စောင့်ထိမ်းကြပါ**



တိပိဋကဆရာတော်အပါအဝင် ရခိုင်စာပေအဖွဲ့ဝင်များနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



# မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံနှင့် ဗုဒ္ဓသာသနာ

ဟရိဗလ၊ ကုသိနာရုံ

အိန္ဒိယနိုင်ငံတွင် လူဦးရေ သန်းပေါင်းတစ်ထောင်ကျော် လာခဲ့ပါပြီ။ စာရေးသူ အာရှနိုင်ငံများသို့ သာသနာပြု ခရီးထွက်ခဲ့ရသည်။ နိုင်ငံတိုင်းမှ ဗုဒ္ဓဘာသာဝင်များက မေးကြမြန်းကြသည်။ ဆရာတော်တို့ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာဦးရေ ဘယ်လောက်ရှိသလဲ။ တိတိကျကျဖြေ၍မရသော အမေးတစ်ခုဖြစ်သည်။ ပထမ ကုသိနာရုံ ဆရာတော်ကြီး အိန္ဒိယမရောက်မီကတည်းက အာသံပြည်နယ်မှာရှိကြသော ဗုဒ္ဓဘာသာဝင်များ ကသမီးရပြည်နယ် လဒနယ်တွင် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်များ၊ အနောက်ဘင်္ဂလားပြည်နယ်တွင် နေထိုင်ကြသော ဘင်္ဂါလီဘရူးဝါး ဗုဒ္ဓဘာသာဝင်များ ရှိခဲ့ကြသည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလ ဆယ့်လေးရက်နေ့မှစ၍ ဝင်ရောက်လာခဲ့သော ဗုဒ္ဓဘာသာ ခြောက်သိန်းနှင့် မဟာရဋ္ဌပြည်နယ်တွင် ဝင်ရောက်နေကြသော ဗုဒ္ဓဘာသာဝင်များသည် တစ်စတစ်စ တိုးပွားလာခဲ့သည်။ ဒေါက်တာ ဘာဘာဆာဟာဗ်အမ္ဗေဒကာရ်နှင့် လူပေါင်းခြောက်သိန်းတို့ ဝင်ရောက်လာခဲ့ပြီး ယခု ပညာတတ်များ ဇာတ်နိမ့်တစ်မျိုးထဲမဟုတ်ဘဲ လူမျိုးပေါင်းစုံ ဝင်ရောက်လာခဲ့သည်။ ဇာတ်နိမ့်များတွင်





ပေါင်းသင်းဆက်ဆံ၍ ရသောဇာတ်နိမ့်၊ ပေါင်းသင်းဆက်ဆံ၍မရသော ဇာတ်နိမ့်များပါ ပညာတတ်လာကြပြီးလျှင် ပုဏ္ဏားများ၏လှည့်ပတ်မှုကို နားလည်လာခဲ့ကြသည်။

နိုင်ငံရေးသမားတစ်ချို့ကလည်း ပွင့်ပွင့်လင်းလင်း ဗဟုဇနပါတီတစ်ခု ဖွဲ့စည်းခဲ့သည်။ ထိုပါတီကို ဒေါက်တာ ဘာဘာဆာဟာဗ်အမ္ဗေဒကာရ်၏ ညွှန်ကြားသင်ပြခဲ့သော စကားတစ်လုံး "မင်းတို့ရရှိခဲ့သော လာစာငွေထဲမှ ၉၄ ရာခိုင်နှုန်းကို မိမိတို့မိသားစုအတွက် သုံးကြရန်နှင့် ၆ ရာခိုင်နှုန်းကို မိမိတို့လူမျိုးစု ကောင်းစားရန် စုဆောင်းကြပါ" လည်းကောင်းငွေကိုစုဆောင်းပြီး သူတို့ကြိုက်နှစ်သက်သော ဦးဆောင်မှုကောင်းသူကို ထောက်ပံ့ကြပါဟု ညွှန်ကြားချက်အရ U.P ပြည်နယ်တွင် ဗဟုဇနပါတီကို ထောက်ပံ့ခဲ့ကြသည်။ မဟာရဆတြ ပြည်နယ်တွင် ရီပက်ဗလီကန် ပါတီကို ထောက်ပံ့ခဲ့ကြသည်။ ယခုအခြေအနေအရ အိန္ဒိယတောင်ပိုင်းနှင့်မြောက်ပိုင်းတွင် တစ်ခြားစီ ထောက်ပံ့ခဲ့ကြသည်။ မြောက်ပိုင်းတွင် ကုသိနာရုံဆရာတော် ဦးဉာဏိဿရကဦးဆောင်ပြီး ဗုဒ္ဓဘာသာ သွင်းပေးခဲ့သည်။ တောင်ပိုင်းတွင် ဂျပန်ဆရာတော် ဆူရာအိဆဆာဦးဆောင်ပြီး ဗုဒ္ဓဘာသာ သွင်းပေးနေဆဲဖြစ်ကြသည်။ ဆရာတော်နှစ်ပါးလုံးမှာ နားလည်မှုယူပြီး ဦးဆောင်ကြသည်။ ၁၉၉၉ ခုနှစ် ဒေလီဘာသာရေးကိစ္စတွင် နှစ်ပါးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။ အရာရှိအရာခံ ဝန်ကြီးများနှင့် စကားပြောရာတွင် ကုလားစကား ကောင်းကောင်းပြောတတ်သော ကုသိနာရုံဆရာတော်က ဦးဆောင်တတ်သည်။ တစ်ခါတစ်ခါတွင် ဂျပန်ဘုန်းတော်ကြီး ဘာသာသွင်းသော ပွဲတော်များတွင် ကုသိနာရုံဆရာတော်က တရားဟောခဲ့ရသည်။ ဘာသာပြောင်းမှုများတွင် လူဦးရေနှစ်စဉ် သိန်းသန်းချီ၍ ဝင်လာခဲ့ကြသည်။ ဟိန္ဒူဘာသာဝင်ဘက်မှ ပြောင်းလဲမှု လုံးဝမရှိခဲ့။ ဒါကြောင့် ယခုဗုဒ္ဓဘာသာဝင်များ တိုးတက်လာနေသည်ကို မနာလိုကြသော ဟိန္ဒူဘာသာဝင်များက တားရန်အဘက်ဘက်မှ ကြံဆနေခဲ့ကြသည်။ ပထမ (၉၄) ရာခိုင်နှုန်းနှင့် (၆) ရာခိုင်နှုန်းကိစ္စတွင် စိတ်ပါဝင်စားလာကြပြီး (၆) ရာခိုင်နှုန်းကို မပေးကြရန်နှင့် ဗုဒ္ဓဘာသာ နာမည်တစ်ခုယူပြီး အရာရှိတစ်ဦးကို ထိုးပေးခဲ့ကြသည်။ ဒီကိစ္စမတိုင်မီ လွန်ခဲ့သောခြောက်နှစ်ခန့်က ကာဆီးရာမ်ခေါ် ဗဟုဇနပါတီဥက္ကဋ္ဌကြီးနှင့် ကုသိနာရုံဆရာတော် ဦးဉာဏိဿရ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာသွင်းပေးထားသော တပည့်ရဟန်းများနှင့် လူများစုတို့က ဗဟုဇန်းကို ထောက်ခံခဲ့ရာ ယူပီပြည်နယ်တွင် အမတ်လေးငါးနေရာ ရရှိခဲ့သည်။ ဗုဒ္ဓဘာသာဝင်များထက် ဗုဒ္ဓဘာသာဝင်များမဟုတ်သော ဇတ်နိမ့်များက အားကြီးနေခဲ့ရာ ဗုဒ္ဓဘာသာဝင်များကို ဥပေက္ခာပြုသလိုလုပ်ခဲ့ကြ၍ ဗုဒ္ဓဘာသာရဟန်းတော်များက တိုင်ကြားခဲ့ကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကာဆီးရာမ်နှင့် ကုသိနာရုံ ဆရာတော်တို့ ဆွေးနွေးခဲ့ကြရာ အားလုံးအဆင်ပြေ၍ သူတို့ပါတီမှာ (၁၉၉၇) ခုနှစ်တွင် မာယာဝတီ ပြည်နယ်ဝန်ကြီးချုပ် ဖြစ်လာခဲ့ကြသည်။ လမ်းဘက်ဆိုင်ရာဝန်ကြီး အာရ်၊ကေ၊ ကျောင်းဒရိုနှင့် ကုသိနာရုံဆရာတော်တို့ ဘာသာရေးကိစ္စနှင့် ဗုဒ္ဓဘာသာဌာနများကို တိုးတက်စေရန် စီစဉ်ခဲ့ကြသည်။ ကျောင်းဒရိုမှာ မန်းဂျန်းပူရ် အေလာဟာဘာဒ်မှ ရွေးကောက်ပွဲဝင်၍ အနိုင်ရခဲ့သည်။ ၎င်းဌာနသည် မြတ်စွာဘုရားပွင့်တော်မူခဲ့စဉ်က ကောသမ္ဗီဌါန ကာသမ္ဘီပြည်နယ်ဟု နာမည်ကြီးခဲ့သည်။ သူစိတ်ဝင်စားသည့်အကိုင်း ကောသမ္ဘီခရိုင်၊ ကုသိနာရုံခရိုင်၊ သာဝတ္ထိခရိုင်၊ ဗုဒ္ဓနဂရ်ခရိုင်ဟု ဗုဒ္ဓဘာသာ ခရိုင်လေးခုကို အသိမှတ်ပြုခဲ့သည်။ ကုသိနာရုံတွင် တည်ဆောက်ခဲ့သော မဟာသုခံဒဒ ချမ်းသာကြီးစေတီတော် စတင်အုပ်မြစ်ချခဲ့သောနေ့ (၂၂၊ ၅၊ ၁၉၉၇) ခုနှစ်တွင် ကုသိနာရုံခရိုင် သတ်မှတ်ခဲ့သည်။ ဤသို့တက်လာခဲ့သော ဗုဒ္ဓဘာသာ အခြေအနေကို မြင်၍ ယခု လူဆယ်သိန်းကျော် ဗုဒ္ဓဘာသာဝင်မည်ဟု ကြေြာ်ငြာခဲ့သော ရာမရာဂျ် အမည်ရှိ အမြတ်တော်ကြေးအရာရှိကို ထိုးဆွမြှောက်ပေးခဲ့ကြသည်။ ဗုဒ္ဓကလဗ် အမည်ဖြင့်ဖွဲ့ခဲ့သည်။ ထိုလူမှာ ဗုဒ္ဓဘာသာ တစ်ယောက်နှင့် လုံးဝမတူခဲ့ပါ။ ဇတ်နိမ့်ထဲမှဖြစ်သည်။ ခတ်တိတ်ခေါ် ဟင်းသီးဟင်းရွက် ရောင်းစားသူထန်းရေ၊ ဖွန်ပလွန်ရေ ခုတ်တက်ချသော ဇတ်ထဲမှဖြစ်သည်။ သူ့ကို ဗဟုဇန်းပါတီဝင်များကို ထောက်ပံ့နေကြသော ဇတ်နိမ့်လူစုထဲမှရသော ထောက်ပံ့ငွေများကို ဖျက်ရန်ကြံဆနေသော အသင်းအဖွဲ့ဖြစ်သည်။ ပဌမ ဇတ်ကြီးများက သွေးထိုးပေးခဲ့ကြသည်။ နောက်တော့ အမှန်တကယ် လူဆယ်သိန်း ဗုဒ္ဓဘာသာဝင်ကြမည်ဟု အတိအကျသိလာခဲ့ကြရာ သူတို့ကိုလည်း ဖျက်ကြသည်။ လာဘ်လာဘကို အလွန်လိုလားတတ်ကြသော အိန္ဒိယတိုင်းရင်းသားများအနေနှင့် သာမ၊ ဒါန၊ ဒဏ္ဍ၊ ဘေဒ ဥပါယ်လေးမျိုး သုံးလာခဲ့ကြလျှင် ပါသွားခဲ့ကြ





သည်များပါသည်။ ပထမ ဗုဒ္ဓပြီယ မော်ရယကို ခွဲထုတ်ခဲ့သည်။ ဆီဃပြီယ ဂေါတမ်းကို ခွဲထုတ်ခဲ့သည်။ ယခုလည်း လာဘ်လာဘကို ပြမြီးထုတ်ခဲ့သည်။ တဘက်မှလည်း ခရစ်ယန်များက ပြလောဘန်းပေးခဲ့ကြရာ သူတို့ဘက်ကိုလည်း လိုက်မည့်ယောင်ယောင် ပါခဲ့သည်။ ဗုဒ္ဓဘာသာဆရာတော်များအားလည်း ဗုဒ္ဓဘာသာဝင်လျှင် ဘာပေးမလဲဟု အမေးခံခဲ့ရသော ဤလူဆယ်သိန်းဝင် ဗုဒ္ဓဘာသာခေါင်းဆောင်မှာ ရလျှင်ရသလို ယူမည့်ပုံဖြစ်နေသည်။ ခရစ်ယန်များက ကျောင်းပေါင်းနှစ်ရာကျော် လုပ်ပေးမည်ဟု ကြေြာ်ငြာခဲ့ရာ ဗုဒ္ဓဘာသာဝင်မည့် စင်မြင့်ပေါ်တွင် ခရစ်ယန်ပါဒရီများကိုပါ ခေါ်ယူထားခဲ့သည်ကို တွေ့ခဲ့ရသည်။ ဘယ်လိုဘဲဖြစ်ဖြစ် ကုသိနာရုံဆရာတော်ကိုပင် စာလေးစောင်ရပြီးနောက် ဒေလီသို့ ရောက်သွားခဲ့သည်။ ရှုပ်ထွေနေသော ခိုက်ရန်များကိုလည်း ဖြေရှင်းရန်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များကို တားထားခဲ့သည်။ နေရာသတ်မှတ်ပြီးမှ ရာမလီလာကွင်းကြီးကို မပေးခဲ့ကြ။ မီးရထား၊ ဘတ်(စ်)ကားများကို နယ်စပ်မှ တားခဲ့သည်။ လာသမျှလူများနှင့် ရောက်နေသောနေရာတွင်သာ ဗုဒ္ဓဘာသာသွင်းပါဟု ကုသိနာရုံ ဆရာတော်က နားလည်အောင် ဟောပြောပြခဲ့သည်။

ဗုဒ္ဓဘာသာဝင်များမှလည်း ဆန္ဒပြဆေနာခေါ် အသင်းအဖွဲ့များနှင့် ပြန်လှန်ပုန်ကန်မည့်အသင်းအဖွဲ့များ ဖွဲ့စည်းထားခဲ့သည်။ ရာမလီလာကွင်းကြီးတွင် သာဝင်မည်ဟု အတင်းပြောနေသူများကို ဗုဒ္ဓတရားတော်အရ ချမ်းချမ်းသာသာနှင့်ဝင်ကြရန် ပြောဟောရသည့်နောက်ဆုံး နိုဝင်ဘာလေးရက် လူနှစ်သိန်းခန့် ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြသည်။ နာဂပူရ်မြို့ နှစ်စဉ် အောက်တိုဘာလ ဆယ့်လေးရက်နေ့နှင့် ဝိဇယဒဆမိခေါ် ဝါကျွတ်လဆန်း ဆယ်ရက်နေ့ ဝင်ကြသောဗုဒ္ဓဘာသာဦးရေနှင့် မဟာရာဆတြပြယ်နယ်တွင် မြို့တိုင်းမြို့တိုင်း ပြောင်းလဲလာကြသောအခြေအနေနှင့် အိန္ဒိယမြောက်ပိုင်းတွင် ပြောင်းလဲလာကြသောလူဦးရေသည် ဗုဒ္ဓဘာသာတော်အတွက် အထူးဂုဏ်ယူနိုင်သော ပြောင်းလဲမှု ဖြစ်လာခဲ့ကြသည်။ သို့သော် အိန္ဒိယသန်းခေါင်စာရင်းမှာတော့ ကျိန်စာဆိုပြီးသား ဗုဒ္ဓဘာသာလက်မှတ်ရသူအားလုံး ဂေဇက်ဝင် မကြေြာ်ငြာနိုင်၍ ဗုဒ္ဓဘာသာဖြစ်ပါလျှက်နှင့် ဟိန္ဒူဖြစ်နေကြသည်ကိုတော့ မပြောင်းလဲနိုင်သေးပါ။ ဗုဒ္ဓဘာသာဝင် ကျိန်စာဆိုရသည့် ကျိန်စာဆိုပြီးနောက် ဂေဇက်ဝင်ဖြစ်အောင် (၄-၅-၆) ရှာ



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးမှ ဂေဇက်ဝင် ဗုဒ္ဓဘာသာဖြစ်နိုင်သည်။ သို့သော် ကျွန်ုပ်တို့သည် ဟိန္ဒူဘာသာတွင် မသေနိုင်တော့ပါဟု ကြေ်ငြာနေကြသော ပညာတတ် လူရွယ်လူငယ်များကိုတော့ ဘယ်ဟိန္ဒူဘာသာရေးခေါင်းဆောင်များ ပြောဟောခဲ့သော ဟောပြောချက်များသည် လုံးဝယုတ္တိယုတ္တာမရှိကြောင်း သိလာခဲ့ကြသည်။ ရာဇဝင်ဆရာများ၏ ရာဇ ဝင်ကိုလည်း ခေတ်ပညာတတ် လူငယ်လူရွယ်များ မယုံကြည်ကြတော့ပါ။

ဓလေ့ဝါဘာဘာခေါ်ပြီး ဘုရားကို ခဲပေါက်နေကြသော အကျင့်မှာ လည်း တဖြည်းဖြည်း ပျောက်ပြယ်သွားခဲ့ပါပြီ။ တေလုဝါဘာဘာဟုဟောပြောပြီး ဘုရားကိုရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဆီလိမ်းနေကြသော အလေ့မှာလည်း တဖြည်းဖြည်း ပျောက်ပြယ်လာခဲ့ရပါပြီ။ ဗီဆာရာဒေဝီခေါ် သင်္ကဿနဂိုလ်ပြည်၏ တာဝတိံသာနတ်ပြည်မှ ကြွမြန်းတော်မူခဲ့သော စေတီတော်ကိစ္စနှင့်လည်း နှစ်ပေါင်းများစွာမှ ရန်ဖြစ်နေဆဲဖြစ်သည်။ ဒုက္ကရစရိယာ ကျင့်တော်မူရာဌာနတွင် အတင်းဝင်ရောက်နေရာယူထားခြင်း၊ ရာမမွေးရာဌာနကို တူးဖေါ်ရာတွင် ဗုဒ္ဓဘာသာအမွေအနှစ်များသာတွေ့ရသော အဖြစ်ပျက်များသည်။ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ကြောင်း ပြနေသော နိမိတ်များသာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များတွင် ဂေဇက်မလုပ်သော ဗုဒ္ဓဘာသာများသည် ဂေဇက်လုပ်သော ဗုဒ္ဓဘာသာများက အလွန်နည်းပါသေးသည်။ ဗုဒ္ဓဘာသာဝင်သော ပုဂ္ဂိုလ်များကို ပထမ ကျွန်ုပ်တို့မှ သက်သေသာဓကအဖြစ် ဗုဒ္ဓဘာသာဝင် ပြဟာရ်ပတြ ပေးရသည်။ ထိုစာရွက်လက်မှတ်ကိုပြပြီးမှ ဂေဇက်ထုတ် ကြေ်ငြာရသည်။ ပြီးမှ ဗုဒ္ဓဘာသာ အသိအမှတ်ပြုကြသည်။ သို့ဖြစ်၍ ယူပီပြည်နယ်နှင့် မြောက်ပိုင်း ဗုဒ္ဓဘာသာများ ကျွန်ုပ်၏ညွှန်ပြမှုကြောင့် တော်တော်များများ ဗုဒ္ဓဘာသာအစစ်ဖြစ်ခဲ့သော်လည်း ဂျပန်ဆရာတော် လုပ်ပေးသော တောင်ပိုင်းဘာသာဝင်များ လက်မှတ်ရထားသော်လည်း ဂေဇက်ဝင် မဟုတ်သူများ ပါသေးသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ၂ ရာခိုင်နှုန်းမျှသာ ရှိသေးသည်ဟုပြောကြသည်။

ဟရိဗလ၊ ကုသိနာရုံ





# ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခိုလှုံလိုပါသည်

ဟရိဗလ၊ ကုသိနာရုံ

မြတ်စွာဘုရားဖြစ်ထွန်း ပေါ်ပေါက်လာတော်မူခဲ့သော မဇ္ဈိမဒေသ၏ အထွတ်အထိပ်မြို့တော် နယူးဒေလီမြို့တွင် နိုင်ငံတော်အစိုးရနှင့် မြို့တော်တာဝန်ရှိ အရာရှိများ ပြည်နယ်အသီးသီးမှလာခဲ့ကြသော ဘတ်(စ်)ကားများ၊ ကားများ၊ မီးရထားများကို အချိန်မှန် မရောက်နိုင်စေရန် တားမြစ်ခဲ့ကြသော်လည်း ခရာဇ်သက္ကရာဇ် ၂၀၀၁ ခု နိုဝင်ဘာလ လေးရက်နေ့ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ယူခဲ့ကြသည်။ ပထမကြေငြာချက်အရ လူပေါင်း ဆယ်သိန်း ဗုဒ္ဓဘာသာဝင်ကြပါမည်။ သို့သော် လူပေါင်းနှစ်သိန်းခန့် မတ်တတ်ရပ်ပြီး ဗုဒ္ဓဘာသာ ခံယူခဲ့ကြပါသည်။ ပထမ ရာမ်လီလာမိုက်ဒါန်းခေါ် ရာမဘုရားပွဲ ကျင်းပသောကွင်းကြီးတွင် စီစဉ်ခဲ့ကြသည်။ ထိုကွင်းတွင် အောက်တိုဘာလ ဆယ့်လေးရက်နေ့ သို့မဟုတ် အောက်တိုဘာလ နှစ်ဆယ့်ခြောက်ရက် တစ်ရက်ရက်ကို တောင်းဆိုခဲ့ကြသည်။ နောက်ဆုံး ထိုနှစ်ရက်လုံးကို မရခဲ့၍ နိုဝင်ဘာလ လေးရက်နေ့ကိုသာ ကျင်းပရန် ခွင့်ပြုခဲ့သည်။ သို့သော် တဖြည်းဖြည်း ရက်နီးကပ်လာခဲ့ရာ အစိုးရဌာနမှလည်းကောင်း၊ မြို့တော်တာဝန်ခံများမှလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးအကြောင်းပြ၍ တားကြသည်။ ထိုနေရာကို ဆတျပါလ်မဟာရာဂျ်ခေါ် ဟိန္ဒူဘာသာဝင် ဆာဒူးတစ်ဦးကို ခွင့်ပြုခဲ့သည်။ ဟိန္ဒူဆာဒူးကို ၈၊ ၁၁၊၂၀၀၁ ကို ခွင့်ပြုခဲ့သည်။ လေးရက်မတိုင်မီကပင် မဏ္ဍပ်များထိုး၍ ပြုလုပ်ရန် စီစဉ်နေသည်။ ဗုဒ္ဓဘာသာဘက်မှ ရွက်ထည်များထိုးရန် သွားခဲ့ရာ တားမြစ်ခဲ့ကြသည်။

ထိုနေရာတွင် ပွဲတော်ကျင်းပမည့် ကော်မတီဝင်နာမည်နှင့် ဗုဒ္ဓဘာသာဝင်ပွဲ ဖျက်သိမ်းလိုက်ပါပြီဟု ပိုစတာများကို တာဝန်ခံ မြို့တော်အာဏာပိုင်များကရေး၍ နေရာတကာ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ကမ္ဘာတခုလုံးမှ သတင်းထောက်များ ရောက်ရှိနေကြပြီလည်းဖြစ်သည်။ ဟိန္ဒူသတင်းစာများတွင် (၂၀၀၀-၃၀၀၀) ခန့်ဝင်ကြသည်ဟု ရေးသားဖော်ပြခဲ့ကြသည်။ ဘယ်သူက ဘာဘဲရေးရေး ရာနီဂျန်ဆီလမ်းမကြီးနှင့် ဒေါက်တာအမ္ဗေဒကာရ်ဘဝန်း ကွင်းကြီးမြောက်ဘက် လမ်းမကြီးများတွင်လည်း လူများပြည့်ကြပ်နေသည်ကို တွေ့ရသည်။ ဒေါက်တာအမ္ဗေဒကာရ် ဘဝန်းကွင်းကြီးတခုလုံးတွင် ထိုင်စရာနေရာမရ၍ မတ်တပ်ရပ်၍သာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ခံယူဆောက်တည်ခဲ့ကြရသည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ရောက်ရန် ကြိုးစားနေကြဆဲတွင် ဟိန္ဒူဘာသာဝင် အသင်းအဖွဲ့ မြောက်များစွာတို့သည် မခံချိမခံသာဖြစ်နေခဲ့ပြီး ဤပွဲတော်ကို မဖြစ်စေရန် တားမြစ်ကြခြင်းဖြစ်သည်။ သူတို့က အမြဲကောင်းသည်ဟု ကြော်ငြာနေကြသည်ကို ဟိန္ဒူဘာသာကိုစွန့်၍ ဗုဒ္ဓဘာသာသို့ဝင်ကြမည်။ ဟိန္ဒူဘာသာသည် ကြီးသောပင်မနှင့်တူ၍ ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာ၏အကိုင်းအခက်တစ်ခုသာဖြစ်သည်ဟု ကြော်ငြာနေကြခြင်းမှာလည်း အလုံလိုပျက်ပြေသလိုလိုဖြစ်သွားရသည်။ ဟိန္ဒူဘာသာဝင်ဆရာသမားများနှင့် ဟိန္ဒူဘာသာကို ကောင်းသည်ဟု ဆော်ဩနေကြသူများကို စဉ်းစားသင့်ကြပါပြီ။ (၁၄၊ ၁၀၊ ၁၉၅၆) ခုနှစ်က ကုသိနာရုံ ဆရာတော်ကြီးထံမှ လူပေါင်းခြောက်သိန်းခန့် ဒေါက်တာအမ္ဗေဒကာ ဦးဆောင်၍ ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြသည်။ ထိုနောက် ထိုနာဂပူရ်မြို့တွင် လူပေါင်းနှစ်ဆယ့်ငါးသိန်း၊ (၁၄၊ ၁၀၊ ၁၉၇၂) ခုနှစ် ကုသိနာရုံ ယူ ဆရာတော်ထံတွင် သရဏဂုံသုံးပါးနှင့် ငါးပါးသီလခံယူခဲ့ကြသည်။ ထိုနောက် အာဂရာတွင် (၂၉၊ ၉၊ ၁၉၈၉) ခုနှစ် မီနာကိုးထီးတာဇာရ် ကွင်းကြီးတွင် လူပေါင်းငါးသိန်းကျော် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသည်။ ထိုနောက် (၁၄၊ ၂၊ ၁၉၉၃) ခုနှစ်တွင်





ကုသိနာရုံ၌ လူပေါင်းတစ်သိန်း ဗုဒ္ဓဘာသာဝင်၍ လူပေါင်း (၂၆၀) ဒုလ္လဘာသာမဏေ ပြုလုပ်ခဲ့ကြပြီး လူပေါင်း (၂၁)ဦး ဒုလ္လဘရဟန်း ဝတ်ခဲ့ကြပါသည်။ ထို့နောက် ၆၊ ၁၂၊ ၁၉၉၃ ခုနှစ် ပတ္တနားတွင် လူပေါင်းသုံးသိန်းခန့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသည်။ ၁၉၅၆ ခုနှစ်မှစ၍ ယနေ့တိုင် အောက်တိုဘာလ တစ်လလုံးလုံးနှင့် ပတ်ဝန်းကျင်လများတွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသည်။

ဗြဟ္မဏဝါဒကြီးစိုးနေသော အိန္ဒိယနိုင်ငံတွင် ပုဏ္ဏားများ လုပ်ချင်သလိုလုပ်နိုင်သည်။ တစ်ခြားသူများလုပ်၍ မရနိုင်ပါ။ သာမ၊ ဘေဒ၊ ဒါန၊ ဒဏ္ဍ ဆိုသောဥပါယ်လေးမျိုးဖြင့် မရ ရအောင်လုပ်တတ်သည်။ ဤဘာသာပြောင်းပွဲများကို သုံးသပ်ရမည်ဆိုပါလျှင် နာဂရ်ပူရ်ရှိ ဗုဒ္ဓဘာသာဝင်ပွဲတွင် လူမျိုးပေါင်းစုံ ဝင်ခဲ့ကြသည်။ အနှောင့်အယှက်ပေါင်းမြောက်များစွာ တွေ့ရှိရသည်။ အမျိုးမျိုး ဝေဖန်ခြင်းခံရသည်။ အိန္ဒိယနိုင်ငံရှိ မြန်မာရဟန်းပျိုများကလည်း အမျိုးမျိုးဝေဖန်ခဲ့ကြသည်။ မဟာဗောဓိအသင်းဝင် သီဟိုဠ်များကလည်း သူတို့ကြိုးစား၍သာ ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြသည်။ ဟိန္ဒူဘာသာဝင်များကတော့ သူတို့ဘာသာမှ သိန်းပေါင်းများစွာသောပရိသတ်ကြီး ကွဲထွက်သွား၍ စိတ်နှလုံး မကြည်မသာ ဖြစ်သွားကြသည်။ ကုသိနာရုံဆရာတော်ကြီးမှာတော့ အချိန်မှန် မစားရ၊ မသောက်ရ၊ မအိပ်ရ၍ လူတပတ်နွမ်းဖြစ်ခါ ဘတ်(စ်)ကားမှ ထမ်းစင်ဖြင့် ကျောင်းသို့ မ,သယ်ခဲ့ရသည်အထိ နာမကျန်းဖြစ်ခဲ့ရသည်။ နာမည်ကြီးပြီး ဆွမ်းငတ်ခံခဲ့ရသည်။ ကုလားများမှာ မြန်မာရဟန်းတော်များ သားငါးမပါ၍ ဆွမ်းမစားခဲ့ကြ၊ ဆွမ်းကျွေးတာ နေ့လည် ၂ နာရီခန့်မှ ကျွေးခဲ့၍ နေလွဲညစာ မစားသည်ကို ကုလားများက ငါးမပါ၍ မစားဟု ယူဆခဲ့ကြသည်။ ဒုတိယပွဲတော် (၁၄၊ ၁၀၊ ၁၉၇၂) ခုနှစ် ဒုတိယ ကုသိနာရုံဆရာတော် နာဂရ်ပူရ်သို့ ရောက်ခဲ့သည်။ ရထားဘူတာမှ ကြိုဆိုရုံသာမက အီတာရ်ဆီးဘူတာမှ နာဂပူရ်ထိ ဘူတာတိုင်းဘူတာတိုင်းတွင် သောင်းသောင်းဖျဖျ ကြိုဆိုခြင်းခံခဲ့ရသည်။ ရထားပေါ်တွင် အင်တာဗျူးလုပ်ခဲ့ကြသည်။ သို့သော် ဗုဒ္ဓဘာသာဝင်ခဲ့သော ဒီချာဘူမိတွင် ဆောက်ထားသောဘိက္ခုနိဝါဆ်တွင် ဒုတိယ ကုသိနာရုံဆရာတော်အား အထပ်ခိုး အခန်းတခန်းတွင် ဖက်ထားခဲ့ကြရသည်။ ဘယ်သူနှင့်မျှ မတွေ့ခဲ့ရပါ။ အကြောင်းရှိသည်။ ပွဲဖျက်မည်ဆို၍ ဒေါက်တာအာနန္ဒာ ကောသလ္လက စီစဉ်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အနှောင့်အယှက်များခဲ့သည်။ တတိယအကြီးဆုံးပွဲတော် အာဂရာမိနာကို ထီးဘာဇာရ်ကွင်းတွင် နိုင်ငံရေးသမားပေါင်းစုံ တက်ရောက်ကြသည်။ စီစဉ်သူပြည်နယ်ကွန်ကရက်ဝန်ကြီး ဂုလာဃပ်ဆေဟရာက ဦးဆောင်ကျင်းပခဲ့သည်။ ဗုဒ္ဓဘာသာဝင် နာမည်ကြီးအသင်းအဖွဲ့များ ဗုဒ္ဓပြိယမောရ်ယာ, ဆံဃပြိယဂေါ်ထမ်းစသော နာမည်ကြီးပုဂ္ဂိုလ်များလည်း ပါဝင်ခဲ့ကြသည်။ ယူပီပြည်နယ်တွင် အစည်းကားဆုံးပွဲတော်ဖြစ်သည်။ ဗုဒ္ဓဘာသာ ဝင်ပုံဝင်နည်း မှန်မှန်လုပ်ပေးနိုင်ခဲ့သည်။ ဒီအထဲပွဲတော်တွင် လူကြီးလေးဦး ရွေးခဲ့ရာတွင် ကမောက်ကမဖြစ်ခဲ့ရသည်။ ပွဲတော်တစ်နာရီ စမည်ဖြစ်သော်လည်း အနှောင့်အယှက် ပေးလွန်းအားကြီး၍ ညနေလေးနာရီခန့်တွင်သာ ကျင့်ပခဲ့ရသည်။ လူကြီးလေးဦးရွေးချယ်ရာတွင် ပွဲတော်ဥက္ကဋ္ဌလုပ်သူမှာ နိုင်ငံရေးသမား ရှင်သာမဏေတစ်ပါးကို ရွေးချယ်ခဲ့၍ ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ရသေးသည်။ ပွဲတော်ဥက္ကဋ္ဌ ကုသိနာရုံဆရာတော်, ဗုဒ္ဓဘာသာသွင်းဆရာ ကုသိနာရုံဆရာတော်, ပွဲတော်စဖွင့်သူမှာ ဒေါက်တာအမ္ဗေဒကာရ်ချွေးမနှင့် ဝန်ခံချက် (၂၂) ချက် တိုင်ပေးရမည့်သူမှာ ဒေါက်တာအမ္ဗေဒကာရ်မြေးတို့ဖြစ်ကြသည်။ ပွဲတော်တွင် သံဃာတော် ငါးဆယ်ကျော် တက်ရောက်ခဲ့ကြသည်။ တတိယပွဲတော်ဖြစ်သည်။ ဆရာတော်သည် နေရာတကာတွင် ဗုဒ္ဓဘာသာသွင်းပေးခဲ့သည်။ ပထမ ကုသိနာရုံ ဆရာတော်ကြီးသည်လည်း နေရာတကာတွင် ပွဲတော်ကျင်းပခဲ့သည်။ ကုသိနာရုံတွင် မကျင်းပခဲ့ဖြစ်ပါ။ ဗုဒ္ဓဘာသာဝင်သူများမှာ ဇာတ်နိမ့်များသည်။ ဇာတ်နိမ့်နှင့် ပေါင်းသင်းဆက်ဆံက ကိုယ့်ကိုပါ ဇာတ်နိမ့်ထဲ သွတ်သွင်းမှာလည်း ကြောက်ရသောခေတ်ဖြစ်သည်။ ဟိုတုန်းက လူတိုင်းနှင့် မဆက်ဆံဝံ့သေးပါ။ ရေကန်တူးတာ ကိုတောင်မှ မင်္ဂလာဆောင်ပေးရမည်ဟုပြောခဲ့ရာ မဆောင်ပေးခဲ့၍ ရေကန်မှ ရေမသောက်ခဲ့ကြပါ။ ယခုတော့ ပညာတတ်များလာပါပြီ။ ယခု ကုသိနာရုံဆရာတော်မှာ လုပ်ရဲကိုင်ရဲသူတစ်ဦးဖြစ်သည်။ သို့ဖြစ်၍ ၁၁, ၁၂, ၁၃, ၁၄ ရက် ဇန်နဝါရီလ ၁၉၉၃ ခုနှစ်ကို သတ်မှတ်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်ရန် ပြည်နယ်တိုင်း ဆော်သြရသည်။ ယူပီပြည်နယ်တွင် ဆရာတော်တပည့် တရားသူကြီးများ အခိုးရဌာနမှ အရာရှိများ၊ ရှေ့နေများ၊ ဆရာ ဆရာမများနှင့် လုပ်သားပြည်သူ ကျောင်းသူကျောင်းသားများ ပါဝင်ခဲ့ကြသည်။ ကုသိနာရုံဆရာတော်လုပ်လေသမျှ ပုဏ္ဏားများ





တားမြစ်ကြသည်ချည်းဖြစ်သည်။ စာသင်ကျောင်းဖွင့် တားမြစ်၊ ရေကန်တူး တားမြစ်၊ ကျောင်းဆောက် တားမြစ်၊ ဆေးရုံဆောက် တားမြစ် စသည့်နေရာတကာ တားမြစ်ခဲ့ကြရာ သတ္တိရှိရှိနှင့် တားချင်တားပါစေတော့ဟု လေးရက်တိတိ ဗုဒ္ဓဘာသာဝင်ပွဲကို ကုသိနာရုံတွင် ကျင်းပခဲ့သည်။ ငွေကုန်လူပန်းပြီး မဖြစ်နိုင်က ကဲ့ရဲ့ခံရမည်။ မကြောက်တော့ပါ။ ပွဲတော်လေးရက်တွင် ပထမနေ့၊ ဒုတိယနေ့ ဖျက်၍ အထူးညွှဲ့သည်မရောက်ခဲ့ပါ။ စာရေးသူမှာလည်း မဖြစ်မနေကြိုးစားခဲ့ရာ ၁၄၊ ၂၊ ၁၉၉၃ ခုနှစ် ပွဲတော်ဖြစ်တော့မည်မှာ သေချာသည်။ ဒီတော့ ပုလိပ်သူတို့လူ၊ ဌာနာအုပ် သူတို့လူ၊ တရားသူကြီးအငယ်စားလည်း သူတို့လူ တရားသူကြီး ခရိုင်ဝန်အားလုံး သူတို့လူ ဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်သည်။ လုပ်မည်။ လုပ်ခဲ့သည်။ နောက်ဆုံး စတေးဟော်ဒါကို ဖျက်သိမ်းနိုင်ခဲ့သည်။ ဤကဲ့သို့ နှောင့်ယှက်တတ်သည်။ သို့သော် ဗုဒ္ဓဘာသာဝင်ပွဲဖြစ်ခဲ့သည်။ အကယ်၍ ဟိန္ဒူဘာသာသည် ဆနာတန်းဖြစ်သည်။ ရှေးကျသည်။ အကောင်းဆုံးဖြစ်သည်။ ဝေဒကိုလိုက်နာသည်ဟု ဆိုခဲ့ပါလျှင် ဟိန္ဒူဘာသာရေး ခေါင်းဆောင်ဆရာများ၊ ကမ္ဘာတစ်ခုလုံးတွင် ဟိန္ဒူဘာသာဝင် အများဆုံးဟု ကြွေးကြော်နေကြသော ဟိန္ဒူများကို စဉ်းစားသင့်ရန်အချိန်သို့ ရောက်လာပါပြီ။ ထိုကဲ့သို့ ရာပေါင်းများစွာ ထောင်ပေါင်းများစွာ သောင်းပေါင်းများစွာ သိန်းပေါင်းများစွာသော ဇာတ်နိမ့်များ၊ ကုန်သည်လယ်လုပ်များ ဟိန္ဒူဘာသာကိုစွန့်၍ ဗုဒ္ဓဘာသာသို့ ပြောင်းနေကြသည်။ ဘာကြောင့်နည်း၊ ဇာတ်ကြီးပုဏ္ဏားများ၏ ဘာသာရေးလုပ်ဆောင်မှုအောက်တွင် လေရှူရ ခက်နေကြသည်ဟု အဆိုရှိသည်။ မိမိမွေးဖွားလာခဲ့သော ဘာသာတရားကိုစွန့်၍ တစ်ခြားဘာသာကို ကူးပြောင်းသွားကြသည်ကို ဟိန္ဒူဘာသာ၊ ဟိန္ဒူဘာသာကို ခင်မင်ယုံကြည်သက်ဝင်ကြသူများ စဉ်းစားသင့်ကြပြီး ဘာသာရေးတရားသည် နိုင်ငံရေးသမားများ၏ လက်ကိုင်တုံးတခုဖြစ်နေသည်ကို သတိထားကြရမည်။ ရာဆတြိဆွယံဆေဝက ဆံဃနှင့် ဝိဆွဟိန္ဒူပရိဆဒ်ဗဂျာရံဂ်ဒလ်, ဆိဝဆေနာတို့ကို စဉ်းစားသင့်ရန် အချိန်သို့ ရောက်လာကြပါပြီ။ ၅၄ ခုနှစ်ပြီးမှ ဖြစ်လာခဲ့သော ဘာသာပြောင်းလဲမှုအပေါ် လုံးဝမစဉ်းစားကြ၍သာ ယခုလိုစုပြုံ၍ ဗုဒ္ဓဘာသာသို့ ပြောင်းလာခဲ့ကြသည်။ ဤကဲ့သို့ ပြောင်းလာခဲ့ရခြင်း ကိစ္စအတွက် ဟိန္ဒူဘာသာဝင် ဆရာသမားများကို ၅၄ ခုနှစ်က



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သောကိစ္စတွင် ကျွန်ုပ်တို့ဘက်မှ မှားကွက်တစ်ခုခုရှိနေသည်။ ဒီမှားကွက်ကို ပြုပြင်သင့်သည်ဟု စီစစ်ခဲ့ကြပါလျှင် ယခု ၂၀၀၁ ခုနှစ်တွင် ဖြစ်သင့်သည်ဟု စီစဉ်ခဲ့ကြပါလျှင် ယခု ၂၀၀၁ ခုနှစ်တွင် ဖြစ်နိုင်စရာ လုံးဝမရှိပါ။ ဒေလီမြို့တော်တွင် ဇာတ်နိမ့်တစ်မျိုးထဲမှမဟုတ်ဘဲ ဇာတ်နိမ့်များ ကုရိမီခေါ် ဟင်းသီးဟင်းရွက်စိုက်ပျိုးသောဇာတ် လယ်လုပ်စားသော ကုဆာဝါဟာခေါ်ဇာတ်၊ နွားကျောင်းသားဇာတ်၊ ဆံပင်ရိတ်သမားဇာတ်များစသော ဇာတ်နိမ့်မဟုတ်သောလူများလည်း ပါဝင်လာခဲ့ကြပါသည်။ ကန်နပူနယ်တွင်လည်းကောင်း၊ တောဝါ၊ တောမိုက် နပူရီစသော ယူပီပြည်နယ်အနောက်ပိုင်းတွင် ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာခဲ့ကြသော လူများစုများမှာလည်း ဤဇာတ်နိမ့်မဟုတ်သော လူများစုထဲမှ ဖြစ်ကြသည်။ စာရေးသူကိုယ်တိုင် သက်သေနရိရ်အနီးအပါးတွင် လည်းကောင်း၊ ကန်နပူဒေဟာတခရိုင်၊ ပေါက်ခရာယန်းမြို့နယ်များတွင် ဝင်ရောက်လာခဲ့ကြသော ဗုဒ္ဓဘာသာဝင်များမှာလည်း ဇာတ်နိမ့်မဟုတ်သော လူမျိုးများ ဖြစ်ကြပါသည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာသို့ ခိုလှုံလာခဲ့ကြပါသည်။

ဗုဒ္ဓဘာသာလူဦးရေသည် အလွန့်အလွန် များပြားလာခဲ့ကြပါသည်။ သို့သော် အိန္ဒိယသန်းခေါင်စာရင်းတွင် ဗုဒ္ဓဘာသာဦးရေသည် (၂) ရာခိုင်နှုန်းခန့်သာ ပြထားပါသည်။ တစ်ချို့တစ်ချို့နေရာများတွင် ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာနှင့် အတူတူဟု ပြောဆိုကြပြီး သီးခြားရဟန်းများတွင် ဗုဒ္ဓဘာသာလုပ်ရန်မလိုဟု ဟိန္ဒူပုဏ္ဏားများက ပြောဆိုထားကြသည်။ တစ်ချို့တစ်ချို့နေရာများတွင် ဗုဒ္ဓဘာသာဝင်ရောက်ခဲ့ကြ၍ လက်မှတ်မပေးနိုင်ခဲ့ကြပါ။ စာရေးသူတို့သွင်းသော ဗုဒ္ဓဘာသာဝင်ပွဲ ဗုဒ္ဓဘာသာဝင် တစ်ယောက်စ နှစ်ယောက်စဝင်ကြသူများကို လက်မှတ်ပေးခဲ့ကြသည်။ ၎င်းလက်မှတ်မှာ လက်မှတ်ရထားပြီးနောက် တရားရုံးတော်တွင် အပ်ဖီးတဲဘဲလ်ခေါ် ကျိန်စာဆိုရသည်။ တံဆိပ်ခေါင်းကပ်ရသည်။ ရုံးမှ အသိမှတ်ပြုသည်။ ၎င်းကျိန်စာဆိုခ ပထမ ဆယ့်သုံးရူပီးသာ ပေးရပါသည်။ ယခု ကျိန်စာဆိုခ တံဆိပ်ခေါင်းခ ငါးဆယ်နှင့် ရှေ့နေကို ငါးဆယ်ရူပီး ပေးနေရပါသည်။ ၎င်းစာရွက်ရပြီးနောက် သတင်းစာမှာ ကြော်ငြာရပါသည်။ အားလုံးပေါင်း ငါးရာရူပီးခန့် ကုန်ကျပါသည်။ ဒါမှ တရားဝင်ဗုဒ္ဓဘာသာတစ်ဦး ဖြစ်ရပါသည်။ ဒီလို မလုပ်နိုင်ကြသော ဗုဒ္ဓဘာသာဝင်များမှာ





ဗုဒ္ဓဘာသာဖြစ်သွားခဲ့သော်လည်း ဂဇက်ဝင် ဗုဒ္ဓဘာသာ မဟုတ်သေးကြပါ။ ဤကဲ့သို့ပင် ဝိပဿနာဖက်လိုက်စားပြီး ဗုဒ္ဓဘာသာလို လူများလည်း ရှိပါသေးသည်။ သူတို့မှာ ဝိပဿနာလုပ်ပြီး ဘုရားရှေ့တွင် မထိုင်ကြပါ။ ဘုရားကို ဖုန်းထားရန် ပြောကြသော ဝိပဿနာဆရာများလဲ ပါပါသေးသည်။ ရဟန်းများ ငါးပါးသီလ စောင့်ရဲ့လားဟုမေးသော ဝိပဿနာသမားများ ဖြစ်ကြသည်။

ကုသိနာရုံ ဝိပဿနာတရားပွဲများတွင် ၁၉၇၁ ခုနှစ်ကပင် စတင်လုပ်လာခဲ့ကြသည်။ ကျောင်းမှ စီစဉ်ရပါသည်။ ရှစ်ပါးသီလစောင့်သောပုဂ္ဂိုလ် များလက်ထောက်ဆရာလဲ ပါဝင်သည်။ ၎င်းရှစ်ပါးသီလစောင့်သော လက်ထောက်ဆရာများက ရဟန်းတော်များကို မေးကြသည်။ “ဘာဘာဂျီး ခင်ဗျားတို့ ငါးပါးသီလ စောင့်ကြသလားတဲ့၊ ဘာဘာဂျီး ဝိပဿနာအဟောင်းသမားများကို ညနေဘက်ဆီကန်ဂျီးပေးပါတဲ့၊ သူ့အတွက်တော့ ကျပါတိနှစ်ချပ် ပေးပါတဲ့” တစ်နေ့ နေ့ဘက်တွင် ကျင်းပသောဝိပဿနာပွဲဖြစ်သည်။ မာရေးသူ ဆီကန်ဂျီးသံပရာရေဖျော်ရည်အစား ဥသျှစ်ဖျော်ရည် လုပ်၍ပေးခဲ့သည်။ လက်ထောက်ဆရာက...ဟာ...ဘာလို့လုပ်ရတာလဲတဲ့၊ စာရေးသူက ဖျော်ရည်သည် ဆီကန်ဂျီးတစ်ခုထဲသာမဟုတ်ဘဲ ဥသျှစ်ဖျော်ရည်လည်း အပ်ပါသည်ဟုပြောမှ ဟုတ်လားဟုပြောပြီး ကျေနပ်သွားခဲ့သည်။ တစ်နေ့ စာရေးသူတို့ခန်းမကြီးထဲတွင် ဘုရားစင်ရှိသည်။ ဝိပဿနာပွဲ လုပ်ကြသည်။ အားလုံးခင်ကျင်းထားပြီးဖြစ်သည်။ လက်ထောက်ဆရာတစ်ဦး ရောက်လာခဲ့သည်။ ဘုရားစင်ကို ကန့်လန်ကာနှင့် ကာထားရမည်တဲ့။ စာရေးသူက ခင်ဗျားတို့ဝိပဿနာ လုပ်ချင်လုပ်ကြ။ မလုပ်ချင်လဲသွားကြ၊ ဘုရားစင်ကိုတော့ ကန့်လန့်ကာကာ၍ ဘုရားဖုက်မထားနိုင်ဘူး။ ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ဝိပဿနာလုပ်ချင်လုပ်ကြ၊ မလုပ်ချင်သွားကြဟု ခတ်မာမာကလေးပြောလိုက်မှ ဝိပဿနာလုပ်ကြသည်။ ဒီဝိပဿနာသမားများကို ဗုဒ္ဓဘာသာ ဖြစ်လာပြီဟု ပြော၍မဖြစ်နိုင်ပါ။ အထူးသဖြင့် ကမ္ဘာအရပ်ရပ်မှ ဝိပဿနာတရားကို ကျင့်ကြံကြသောပုဂ္ဂိုလ်များ ကိစ္စမရှိသော်လည်း ဇာတ်ကြီးဇာတ်ငယ်ရှိသော အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံအဖို့ ဝိပဿနာတတ်ရုံလောက်နှင့် ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်လာပြီဟု မပြောဆိုနိုင်သေးပါ။ ဇာတ်များတွင် ဇာတ်ကြီးဇာတ်ငယ်များ ဟိုဘက် ဒီဘက် ပါသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လယ်ဖြစ်သော ပိုက်ဆယလူမျိုး၊ ဗနီးယာလူမျိုး ဇာက်များကို ဟိန္ဒူဘာသာဝင် ခေါင်းဆောင်များက အရကိုင်ထားတတ်ပါသည်။ သူတို့သည် ဗုဒ္ဓဘာသာဝင်ဖြစ်လိုသော်လည်း ဗုဒ္ဓဘာသာဘက်သို့ မပါဝင်နိုင်ကြသေးပါ။ ဝိပဿနာဘက်တွင် သူတို့လူမျိုးများ ပါဝင်ကြပါသည်။ နေရာတကာ သူတို့လူမျိုးများ ပိုက်ဆံကြေးငွေ အကုန်အကျခံပြီး ဝိပဿနာပွဲများ လုပ်တတ်ကြသည်။ သို့သော် ဝိပဿနာလုပ်တိုင်း ဗုဒ္ဓဘာသာဖြစ်ပြီဟူ၍ မမှတ်နိုင်ပါ။ ကုသိနာရုံ ဝိပဿနာပွဲသို့ အသက် (၇၀) ကျော်ရှိ ပိုက်ဆံရှိ ပုဂ္ဂိုလ်တစ်ဦး ရောက်လာခဲ့သည်။ သူသည် ၆၂ ပွဲ၊ ၁၀ ရက်စခမ်း ရှေတရားပွဲတွင် ဝင်ရောက်ပြီးပြီဟုသိရသည်။ သို့သော် သူ့မှာ ဝိပဿနာဉာဏ် သော်လည်းကောင်း၊ ဗုဒ္ဓဘာသာတရားနှင့် ပတ်သက်သော အသိဉာဏ်သော်လည်းကောင်း လုံးဝမရှိသေးပါ။ ပိုက်ဆံမာနနှင့်သာ စကားပြောတတ်သည်။ ၁၀ ရက် စခမ်းပေါင်း ၆၂ ပွဲဝင်ပြီးပါပြီ။ သို့သော် ဇာတ်တူဆရာဖြစ်၍သာ သူ့နောက် မှ ပါဝင်နေခဲ့ပါသည်။

ဘယ်လိုဘဲဖြစ်ဖြစ် အိန္ဒိယနိုင်ငံတွင် လူပေါင်းများစွာတို့တွင် ၈၅ ရာခိုင်နှုန်းသည် မူဆလင်ဘာသာဝင်နှင့် ဇာတ်နိမ့်ဇာတ်ငယ်များ ဖြစ်ကြသည်။ သူတို့ပထမ ပညာမသင်ခဲ့ကြရ။ ပညာမတတ်ခဲ့ကြ၍ ထိုင်ဆိုထိုင် ထဆိုထခဲ့ရသော လူတန်းစားများထဲမှသာ ဖြစ်ခဲ့ရသည်။ ယခု ပညာတတ်လာကြတော့ စဉ်းစားဉာဏ်များ ရှိလာခဲ့ကြသည်။ ဘာသာရေးဘက်သို့လည်း စဉ်းစားဆင်ခြင်လာတတ်ကြပါပြီ။ ဗုဒ္ဓတရားတော်ကို ယုံကြည်ကိုးစားခါ ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခိုလှုံလိုပါသည်ဟု တညီတညွတ်တည်း တောင်းဆိုလာခဲ့ကြပါသတည်း။

ဟရိဗလ–ကုသိနာရုံ





# ဗုဒ္ဓဒိချာဆမာရောဟ်ခေါ် ဗုဒ္ဓဘာသာဝင်ပွဲ

ဟရိဗလ၊ ကုသိနာရုံ


စာဖတ်သူများအနေဖြင့် အထက်ပါခေါင်းစဉ်အကြောင်းကို သိလိုကြမည်ဟု ယူဆမိပါသည်။ ဗုဒ္ဓဘာသာဝင်ကြသူ တစ်ယောက်စ နှစ်ယောက်စ ဝင်ခဲ့ကြသည်။ ယခုတော့ အုပ်စုလိုက် ဝင်ကြသည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလ ဆယ့်လေးရက်နေ့ ဝါကျွတ်လဆန်း ဆယ်ရက်နေ့ လူပေါင်း ခြောက်သိန်းခန့် ကုသိနာရုံ ပထမ ဆရာတော်ကြီး ဦးစန္ဒြာမုဏိထံတွင် အိန္ဒိယနိုင်ငံ အလယ်ဗဟိုဖြစ်သော နာဂရ်ပူမြို့တွင် ဒေါက်တာအမ္ဗေဒကာရ် ဦးဆောင်၍ ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာဘက်သို့ ဝင်ရောက်ခဲ့ကြသည်။ လူပေါင်းခြောက်သိန်းမှာ သာမညမဟုတ်ပါ။ တပြိုင်နက်ထဲ ဝင်ကြခြင်းဖြစ်သည်။ တစ်နေရာထဲ ဝင်ကြသည်။ လူပေါင်းခြောက်သိန်းတွင် ပုဏ္ဏား၊ ခတ္တိယ၊ ပိုက်ဆယနှင့် ပေါင်းသင်းဆက်ဆံ အပေးအယူရှိသော သုဒ္ဒဇာတ်နိမ့်၊ မပေါင်းသင်းမဆက်ဆံရသော သုဒ္ဒဇာတ်နိမ့်အားလုံး ပါဝင်ခဲ့ကြသည်။ ထိုအလေ့ကို အတုယူပြီး ဒေါက်တာအမ္ဗေဒကာရ် သဘောတရားကို လိုက်နာကြသော ဇာတ်နိမ့်များသည် အိန္ဒိယနိုင်ငံအနှံ့အပြားတွင် ဝါကျွတ်လဆန်း ဆယ်ရက် ဝိဇယဒသမိနေ့ကိုလည်းကောင်း၊ အောက်တိုဘာလ ဆယ်လေးရက်နေ့ကိုလည်းကောင်း နေ့ထူးနေ့မြတ်အဖြစ် မှတ်ယူပြီး ဗုဒ္ဓဘာသာဝင်ပွဲများ



www.burmeseclassic.com

www.burmeseclassic.com





ကုသိနာရုံ ဆရာတော်ဘုရား တရားဟောနေစဉ်



ကုသိနာရုံတွင် နှစ်ပတ်လည်ရဟန်းခံပွဲ





ပြုလုပ်ကြပါသည်။ အိန္ဒိယနိုင်ငံတစ်ခုလုံးတွင် နေရာအနှံ့အပြား ပြုလုပ်ခဲ့ကြသည်။ စာရေးသူအနေဖြင့် ယူပီပြည်နယ်တဝှမ်းလုံးတွင် ပြည်နယ်မြို့တော် လက္ခနောင်းဟွင်လည်းကောင်း၊ လက္ခနောင်းကဲ့သို့ မဟာနဂရ်ဟု သတ်မှတ်ထားသော မြို့တော်ခြောက်မြို့ ကန်နပူရ်မြို့၊ အာဂရာမြို့၊ အေလာဟာဘာဒ်မြို့၊ ဗာရဏာသီမြို့၊ ဂေါရခပူရ်မြို့များတွင် အကြိမ်ပေါင်းခြောက်များစွာ ဗုဒ္ဓဘာသာဝင်ပွဲများ ပြုလုပ်ပေးခဲ့ရပါသည်။ ဤကဲ့သို့ပင် ကျန်မြို့ကြီး မြို့ငယ်များတွင်လည်း ပြုလုပ်ပေးခဲ့ရပူးပါသည်။

ပထမဆုံးဂေါရခပူမှစ၍ ဗုဒ္ဓဘာသာဝင်ပွဲများစတင်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ် အောက်တိုဘာလတွင် လူပေါင်း နှစ်ဆယ့်ငါးသိန်းတွင် ဆယ်သိန်းခန့် ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြပါသည်။ ဤကဲ့သို့ စာရေးသူသည် ဥတ္တရ်ပြဒေဆ်ပြည်နယ်၊ ဟိမာကျလ်ပြည်နယ်၊ မဟာရစတြပြည်နယ်၊ ရာဇဆထန်းပြည်နယ်၊ ဘိဟာပြည်နယ်၊ ဟရိယာနာပြည်နယ်၊ ပံဂျာပြည်နယ်၊ ဟိမာကျလ်ပြည်နယ်၊ ဒေလီပြည်နယ်နှင့် နီပေါပြည်ထဲတွင် လူပေါင်းအားလုံး သိန်းသုံးရာကျော် ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးခဲ့ရပါသည်။ ယခုလည်း ဤအောက်တိုဘာလတွင် ဗုဒ္ဓဘာသာဝင်ပွဲ လုပ်ပေးနေဆဲသည်။ ပထမ စက်တင်ဘာလ ရှစ်ရက်နေ့မှစ၍ ကန်နပူရ်မြို့မှစသည်။ လူပေါင်းတစ်သောင်းခန့်ဖြင့် ပထမဆုံး ပြည်နယ်တွင် စခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလ တစ်ရက်နေ့တွင် လုံမ္ဗဏီဂါမတိုက်ဆောက်ပွဲ၊ အုတ်မြစ်ချပေးခဲ့ရသည်။ နှစ်ရက်နေ့ လုံမ္ဗဏီမှအပြန်တွင် ရေကြီးပြီး အစီအစဉ်ပျက်သွားရသည်။ စက်တင်ဘာလ ခုနှစ်ရက်နေ့တွင် ယူပီပြည်နယ် လက္ခနောင်းမြို့တော်တွင် ယူပီပြည်နယ်မှ ပုဏ္ဏားမဟုတ်သော အစိုးရအရာရှိများ အစည်းအဝေး ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးတွင် စာရေးသူကိုလည်း ဖိတ်ကြားသည်။ ထိုအစည်းအဝေးတွင် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သည့် ဌာနများတွင် ဝင်ကြေးကောက်ခံခြင်းနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ ထိုမှ ကန်နပူရ်မြို့ထဲတွင် ဗုဒ္ဓဘာသာ ဝင်ပွဲတစ်ခု လုပ်ခဲ့ကြသည်။ လူပေါင်း တစ်သောင်းကျော် နှစ်သောင်းနီးပါးခန့် ပါဝင်ခဲ့ကြသည်။ အစိုးရအရာရှိ ကြီးငယ်များနှင့် နိုင်ငံရေးသမားတချို့တို့၏ ကြိုးပမ်းမှုကြောင့် ဒီဗုဒ္ဓဘာသာဝင်ပွဲများ ပြုလုပ်ခဲ့ကြသည်။ ပွဲတော်ကို ၂၀၀၁ ခုနှစ် စက်တင်ဘာလ ရှစ်ရက် စနေနေ့မွန်းတည့် ဆယ့်နှစ်နာရီတိတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပခဲ့ကြသည်။ ကန်နပူရ်မြို့ မောတိဂျီးလ်ဥယျာဉ်ကြီးထဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ စည်းဝေးပွဲကြီးတွင် ဘုံဘေမှ ဂါဝစကန် ကော်မရှင်နာက ဦးစီးဆောင်ရွက်သည်။ သံဃာတော်ဘက်မှလည်း နာမည်ကြီးဆရာတော်များ တက်ရောက်ခဲ့ကြသည်။ ဒီပွဲတော်သည် သက္ကရာဇ် ၂၀၀၁ ၏ အကြီးပွဲတော်ပင်ဖြစ်သည်။

၂၀၀၁ ခု အောက်တိုဘာလသို့ ရောက်ခဲ့သည်။ လဆန်းစကတည်းက ပွဲတော်ကျင်းပခဲ့သည်။ အထူးသဖြင့် အောက်တိုဘာလ ၁၀ဃ်လေးရက်နေ့နှင့် ဝါကျွတ်လဆန်းဆယ်ရက်ကို အလုအယက်ပွဲတော်လုပ်ကြသည်။ ထိုနေ့ နှစ်ရက်တွင် နာမည်ကြီးဆရာတော်များကို ပင့်ဖိတ်မရတတ်ကြပါ။ စာရေးသူအနေနှင့် တပည့်များကိုလွှတ်၍လည်း ပြုလုပ်စေခဲ့သည်။ ကုသိနာရုံအနီးအနားတွင် အာဂျမဂရ်၊ ဗဆကီးဒေဝရီယာ၊ ဂေါ်ရခပူရ်တွင်လူပေါင်း ၅၀၀၀ ခန့် ဗုဒ္ဓဘာသာ ဝင်ကြသည်။ ဗာရဏသီမှာ လူနည်းသည်။ ဗာရာဏသီတွင် ပုဂ္ဂိုလ်များကို ကြောက်ကြရသည်။ အထူးသဖြင့် ရာဆ်တြီယဆွယံဆေဝဆံဃနှင့် ဝိဆွဟိန္ဒူပရိဆဒ်ကို ကြောက်ကြရသည်။ နေရာတကာ သူတို့က ဝင်ရောက်ကြသည်။ အနှောင့်အယှက် ပေးတတ်ကြသည်။ ဤဗာရဏသီတွင် ပုဏ္ဏားများသည် မတော်မတရားလုပ်တတ်ကြသည်။ ဗာရဏသီပွဲပြီးတော့ ၂၂၊ ၁၀၊ ၂၀၀၁ ရက်နေ့ ကုသိနာရုံမှ ကန်နပူရ်သို့ ခရီးထွက်ခဲ့သည်။ ကန်နပူရ်တွင် ၁၉၈၃ ခုနှစ်က ဗုဒ္ဓဘာသာ ကုလားချင်းချင်း ရန်ဖြစ်နေခဲ့ကြရာ ကျောင်းတစ်ကျောင်း ဗုဒ္ဓဘာသာ လက်ထဲမှ လွတ်လုမတတ် ဖြစ်ခဲ့ရသည်။ စာရေးသူမှာ ထိုအချိန်က အိန္ဒိယရဟန်းတော်များအဖွဲ့တွင် ပြည်နယ်သံဃာ နယကဥက္ကဋ္ဌဖြစ်သည်။ နှစ်ဘက်လုံးကို ကြေနပ်အောင် ပြောပြပြီး မင်းတို့ ရန်မဖြစ်ကြနှင့် ဒီကျောင်းကို ငါ့ကို အပ်တော့ဟု ဆုံးမပြောဆိုခဲ့ရာ နှစ်ဘက်စလုံးမှ သဘောတူကြသည်။ ကျောင်းရခဲ့သည်။ ကုလားထဲမှ ပညာတော်သူ ပေါင်းသင်းဆက်ဆံရေးတော်သူ ရဟန်းတစ်ပါးကို ရွေးချယ်ပြီး ထားပေးခဲ့သည်။ ရဟန်းနာမည်မှာ ဒီပင်္ကရ်ဟု ခေါ်သည်။ ပထမနာဂဆာဒူးဘဝမှ အဆွယ်ကောင်း၍ ဗုဒ္ဓဘာသာ သာမဏေ၊ သာမဏေမှ ရဟန်းဖြစ်လာခဲ့သည်။ ယခုဆို ၁၅ (ဝါ) ၂၀ ဖြစ်နေပါပြီ။ သူ့ကိုထားခဲ့သည်။ ဆွမ်းခံစားပါဟု ပြောပြီးတော့ ချော့မော့၍ နေနိုင်အောင် ထားပေးခဲ့သည်။ ဆွမ်းခံစားတော့ မနာလိုသူတစ်ချို့က





ကျူပါတီမုံ့တွင် အဆိပ်ခပ်ပေးခဲ့သည်။ ကံကောင်း၍ ဟုဆိုရမည်။ တဖြည်းဖြည်း ဒကာ၊ ဒကာမများနှင့် ဆက်သွယ်ပြီး ကျောင်းတိုက်ကို ကြီးကြီးကျယ်ကျယ်ဖြစ်အောင် လုပ်ပေးခဲ့သည်။ ဟောကြီးဖြစ်နေပါပြီ။ ပထမတော့ ယိုးဒယားလုပ် ဘုရားတစ်ဆူ နှစ်ပေခွဲခန့် တည်ထားပေးခဲ့သည်။ သို့သော် ဟောနှင့်ဘုရားမှာ မညီမျှခဲ့ပါ။ ၁၉၉၉ ခုနှစ်က ယိုးဒယားမှ တပည့်တစ်ဦးကို မေတ္တာရပ်ခံခဲ့ရာ ဘုရားသုံးဆူ လှူခဲ့သည်။ ကတ္တမန္တူမှ တဆင့်ရခဲ့သည်။ ကတ္တမန္တူရောက်တော့ ကာဆတန်တွင် နီပေါငွေနှစ်သောင်း ပေးခဲ့ရသည်။ ကတ္တမန္တူမှ ဘုတဝလ် ခေါ် လုမ္ဗိနီတိုင်းမြို့သို့ ရောက်ခဲ့သည်။ ဆောင်သူက တစ်ဆူယူလိုက်သည်။ စာရေးသူမှာ ဘုရားတည်နေဆဲဖြစ်၍ အလုပ်ကလည်းများသည်။ ပိုက်ဆံကလည်း ပိုကုန်၍ ဖြစ်သလို သက်သာမှုအပေါ်မူတည်ပြီး လုပ်ခဲ့ရသည်။ အိန္ဒိပသားများမှာ တော်တော် ကပ်စေးနဲကြသည်။ သုံးဆူမှာ တစ်ဆူသာ အိန္ဒိယအတွက် ကျန်ရစ်သည်။ ထိုမှတဆင့် နယ်စပ်ယူပြီး ကန်နပူရ်သို့ ပို့လိုက်ရသည်။ ယခုဆို တစ်နှစ်ခန့် ရှိနေပါပြီ။ ဘုရားကို ဒီအတိုင်းဘဲ ထားရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍ ပလ္လင်တစ်ခုလုပ်၍ ထားရန် စီစဉ်ရသည်။ ထို့ကြောင့် စာရေးသူနှင့်အတူ ပန်းရံဆရာ နှစ်ဦးကိုလည်း ခေါ်ဆောင်ခဲ့ရသည်။ နှစ်ဆယ့်လေးရက်နေ့ ကန်နပူရ်တွင် ၁ာစ်ညအိပ်ပြီး ဘုရားကိစ္စကို ဆောက်ရွက်ခဲ ထိုမှဒေလီသွားရသည်။ ဒေလီတွင် သာသနာပြုခရီးအတွက် သံအမတ်ကြီးနှင့် တိုင်ပင်ရသည်။ နှစ်ဆယ့်ငါးရက်နေ့ ဒေလီမှပြန်ခဲ့သည်။

သံရုံးမှ သုံးနာရီဆယ့်ငါးမိနစ် ထွက်ခဲ့သည်။ ဒရိုင်ဘာကတော့ ကုသိ နာရုံဆရာတော်၏ ဒရိုင်ဘာဖြစ်သည်။ ဒေလီမှထွက်သောလမ်းမှာ အတော်အရှာရခက်သည်။ ဒေလီမှ ယူပီသို့ထွက်သောလမ်းရှာခဲ့ရာ အာဂရာလမ်းကို ညနေငါးနာရီကျော်မှ ရောက်ကြသည်။ ကားမှာ တာတာဆူမိုကားဖြစ်၍ မိုင်ရှစ်ဆယ် ကိုးဆယ်နှုန်း မောင်းလာခဲ့ကြရာ အာဂရာမှအထွက် ဖိရောဂျ်ဘာဒ်သို့ ညနေကိုးနာရီကျော် ရောက်လာခဲ့ကြသည်။ ထိုမြို့တွင် ကုသိနာရုံ ဆရာတော်၏ တပည့်ရဟန်းတပါးရှိခဲ့သည်။ ကျောင်းနှစ်ကျောင်းရှိသည်။ နှစ်ကျောင်းလုံးကို သူဘဲ ကြည့်ရှုစောင့်ရှောက်သည်။ ဟိုမေးဒီမေးနှင့် ဆယ်နာရီခန့် ရောက်သွားကြသည်။ နာမည်မှာ ဗုဒ္ဓဆရ်ဏ်ဟု ခေါ်သည်။ ကျောင်းရောက်တော့ ဖျော်ရည်ယာမကာ ကပ်သည်။ ညဟိုမှာဘဲ အိပ်ကြသည်။ ဆရာတော်နှင့်အတူ ကိုခိုင်



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏသာရ ကျောင်းဆရာရာမ်နဂိနာနှင့် ဒရိုင်ဘာ ဆောင်ဂတ်တို့ ပါကြသည်။ မနက်စောစောငါးနာရီထ၍ ရေမိုးချိုးပြီး အဆင်သင့် ဖိရောဂျ်ဘာဒ်မှ ထွက်ကြသည်။ ဗုဒ္ဓဆရ်ဏ်လည်းပါသည်။ ဆရာဝန်တစ်ဦးလည်း အတူလိုက်ခဲ့သည်။ နံနက်ကိုးနာရီခန့် သင်္ကာဿနဂိုရ်အနီး အေတာဝါမြို့သို့ ရောက်ကြသည်။ အေတာဝါခရိုင်ဝန်မှာ စာရေးသူ၏တပည့် ဗုဒ္ဓဘာသာဖြစ်သည်။ ကုသိနာရုံတွင် နယ်ပိုင် S.D.M လုပ်ခဲ့သည်။ ထိုမှရာထူးတက်၍ ဗဆတီးဂွင် စီ.ဒီ.အို မြို့နယ်စည်ပင်သာယာရေးအရာရှိ လုပ်ခဲ့သည်။ ထိုမှရာထူးတက်ပြီး ဤမြို့နယ် ခရိုင်ဝန်ဖြစ်ခဲ့သူ ဖြစ်သည်။ ထိုမြို့နယ်တွင် မူဆလင်၊ ဟိန္ဒူရန်ပွဲတွင် အပြောင်းခံခဲ့ရသည်။ သူ့မွေးရပ်ဇာတိမှာ ဖရုခါဘာဒ်မြို့နယ်မှ ဖြစ်သည်၊ ဖရုခါဘာဒ်မှာ သင်္ကာဿနဂိုရ်ရှိသော မြို့နယ်ဖြစ်သည်။ တပည့်နာမည်မှာ သီရိဆုရေဆ့်ကျန္ဒြာဖြစ်သည်။ သူနှင့်တော့ မတွေ့နိုင်ခဲ့ပါ။ နယ်ထွက်သွားသည်ဟုသာ သိရသည်။ ထိုမှတဆင့် မြို့လယ်တွင် ဗုဒ္ဓဘာသာကျောင်း တစ်ကျောင်းရှိသည်။ ကျောင်းသို့ဝင်ကြသည်။ ရဟန်းသုံးပါးရှိသည်။ မာယာဝတီပြည်နယ် ဝန်ကြီးချုပ်ဖြစ်ခဲ့စဉ်က ငွေတစ်သိန်းပေးခဲ့သည်။ ကျောင်းမှာ သေသေသပ်သပ်ရှိသည်။ ခဏနားပြီး ရေနွေးနှင့် ရေတစ်ကြိမ်ချိုးရပြန်သည်။ လက်ဖက်ရည်စသည်လည်း ကျွေးမွေးကြသည်။

ထိုမှတဆင့် ဗုဒ္ဓဘာသာဝင်ပွဲတော်ရှိနေသော ပေါက္ခရာယန်းမြို့နယ်သို့ ထွက်လာခဲ့ကြသည်။ ပေါက္ခရာယန်း ဆယ်နာရီခွဲခန့်ရောက်သည်၊ လူများစီစဉ်နေဆဲဖြစ်သည်။ ပူရီဟင်းများ ချက်ပြုတ်နေကြဆဲဖြစ်သည်။ ပေါက္ခရာယန်းမှာ ကန်နိပူရ်မြို့နယ်မှ မြို့နယ်တစ်မြို့ဖြစ်သည်။ ၁၉၉၄ ခုနှစ်ကလည်းတစ်ကြိမ် ၁၉၉၅ ခုနှစ်ကလည်းတကြိမ် ဤဒဆ်ဟရား ဝိဂျယဆမိနေ့တွင် လူပေါင်းသုံးသိန်းကျော်ကို ဗုဒ္ဓဘာသာလုပ်ပေးခဲ့ကြရသည်။ ခရိုင်ကျယ်ဝန်း၍ ခရိုင်ကိုနှစ်ခုခွဲရသည်။ မြို့နယ်ခရိုင်နှင့် တောနယ်ခရိုင်ဟု ခွဲခြားထားရသည်။ မြို့နယ်ခရိုင်တွင် မြို့ပေါ်ရှိလူဦးရေနှင့် ပတ်ဝန်းကျင်စက်ရုံ အလုပ်ရုံများမှ လူဦးရေအရ ခရိုင်လုပ်ထားပြီးတော့ တောနယ်ကို ကန်နပူရ်တောခရိုင်ဟု သတ်မှတ်ထားခဲ့သည်။ ပေါက္ခရာယန်း တောခရိုင်တွင်ပါသည်။ နှစ်စဉ် ဗုဒ္ဓဘာသာဝင်ပွဲ လုပ်ကြသည်။

ပထမဗုဒ္ဓဘာသာဝင်ပွဲတွင်လည်း လူမျိုးစုံပါသည်။ ယခုပွဲတော်တွင်လည်း လူမျိုးစုံပါသည်။ လူမျိုးစုံဟု အမည်တပ်ရသည်မှာ ဇာတ်ကြီးလေးမျိုးတွင်





ပုဏ္ဏား၊ ခတ္တိယ၊ ဝိုက်ဆယ်၊ သုဒ္ဒ ဟုလေးမျိုးပါသည်။ ပုဏ္ဏား ဒီခရိုင်တွင် နည်းပါးသည်၊ ခတ္တိယလည်းနည်းသည်။ ဝိုက်ဆယမှာ ကုန်သည်များ ဖြစ်ကြသည်။ သုဒ္ဒမှာ တော်တော်ဇာတ်များသည်။ အပေးအယူရှိသောသုဒ္ဒနှင့် အပေးအယူမရှိသော သုဒ္ဒဟူ၍ နှစ်မျိုးရှိသည်။ အပေးအယူမရှိဆိုသည်မှာ စားသောက်ပစ္စည်းများကို သူတို့လက်ထဲမှ ယူ၍မရသော လူမျိုးများဖြစ်ကြသည်။ ဥပမာ- တမျက်စည်းလုပ်သောဇာတ်၊ လူသေမီးရှို့သောဇာတ်၊ ဆံကြိတ်သောဇာတ်၊ အိမ်သာဆေးသောဇာတ်ဖြစ်သည်။ ဆက်ဆံရသောဇာတ်မှာ လယ်လုပ်သောသူများ၊ ကူရ်မီးဟင်းသီးဟင်းရွက်စိုက်သောဇာတ်၊ ကိုယရီနို့ရောင်းသောဇာတ်၊ ဆံပင်ရိတ်သောဇာတ် စသည်ဖြစ်သည်။ သူတို့ကို ပုဏ္ဏားများက သင့်သလိုသုံးတတ်သည်။ သင့်သလိုမသုံး တတ်ကြပါ။ တစ်ခါတစ်ခါ ဇာဘ်နိမ့်ဟုပြောသည်။ တစ်ခါတစ်ခါလဲ သုံးမရဟု ပြောကြသည်။ ဒီအထဲ နို့ရောင်းသမားများကို မြှောက်ပေးတတ်ကြသည်။ နွားကျောင်းသားများက မခံတတ်ကြပါ။ မြှောက်တာလဲ မကြိုက်ကြပါ။ နှိမ့်ချတာလဲ မကြိုက်တတ်ကြပါ။ သူတို့မှာ ဒုတ်အမြဲတန်းပါတတ်၍ မပြောရဲကြပါ။ သူတို့ကို မပြောရဲကြ၍ အသက်ခြောက်ဆယ်ရှိသော်လည်း ခလေးဟုသတ်မှတ်ကြသည်။ ဆဲ့တ်ဗရဆ်ကာနာ ဗာလိဂ ဟုပြောတတ်ကြသည်။ ပုဏ္ဏားများမှာ သူတို့မှာလည်း ဇာတ်များရှိကြသည်။ ပဏ္ဍိ၊ ဒူးဘေ့၊ တိဝါရီ၊ စတုရ်ဗေဒီ၊ မိဆရာဥပါဒယာယ၊ ဂျော့်ဆီး၊ ဆရ်မာ၊ အိုဂျာ စသည်ရှိကြသည်။ ခတ္တိယမှ ဆိန်းဟ်၊ ဆာဟီး စသည့်ရှိကြသည်။ ဝိုက်ဆယမှာလည်း တော်တော်များသည်။ ယခု ပေါက္ခရာယန်းတွင် ပုဏ္ဏားမှတစ်ပါး ကျန်လူမျိုးများ ပါကြသည်။ စာရေးသူတို့ ဆယ်နာရီခန့်တွင် ဗုဒ္ဓဘာသာသွင်းမည့်ကွင်းသို့ ရောက်သည်။ ထိုကွင်းကို မန္ဒိဆမိတိ ဟုခေါ်သည်။ ပွဲဈေးဟန်းဖြစ်သည်။ ထိုပွဲဈေးတန်းတွင် ပါသွားခဲ့သောရဟန်းများကို ချထားခဲ့ပြီးအနားယူရန် နေရာလိုက်ရှာကြသည်။ ပွဲဈေးတန်းနှင့် တစ်ကီလိုမီတာခန့်ဝေးသော နေရာလမ်းမကြီးပေါ်တွင် ကြိဆနာ တည်းခိုခန်းတစ်ခုရှိသည်။ တစ်နေ့ (၁၅၀) ရူပီး ပေးရသည်။ တပည့်များ ဟိုဟိုဒီဒီ လျှောက်လည်ကြသည်။ စာရေးသူမှာ ဇာစ်ညလုံးတစ်နေ့လုံး ခရီးပန်းလာ၍ အနားယူရသည်။ ညနေလည်း တရားဟောရမည်ဖြစ်သည်။ ဗုဒ္ဓဘာသာ သွင်းရမည်ဖြစ်သည်။ ဆွမ်းစားပြီးအနားယူခဲ့ရာ နှစ်နာရီခန့်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံသံကြီး ထွက်လာခဲ့သည်။ ရှေ့မှ ပုလိပ်များပါသည်။ ဤပွဲတော်ကို ထိန်းသိမ်းရန် ရာဇဝတ်အုပ် (ဌာနအုပ်) ၃၅ ဌာနမှ ယောကျ်ား၊ ပုလိပ်နှင့် ဌာနနှစ်ခုမှ မိန်းမဌာနအုပ် နှစ်ယောက်လည်းပါသည်၊ မီးသတ်ကားလေးစီး သီးသန့်ရဲ P.A.C ခြောက်စီးပါသည်။

ဗုဒ္ဓဘာသာဝင်မည့်လူများမှာ တစ်ခရိုင်လုံးမှ ပါဝင်ကြသည်။ လော်လီကား၊ လယ်ထွန်စက်၊ နွားဂါလီများ၊ ဂျစ်ကား၊ တာတာဆူမိုနှင့် ကားကြီးကားငယ် အားလုံးအစီး ၁၅၀ ခန့် ပါကြသည်။ သာသနာအလံနှင့် ဆိုင်းဘုတ်များ ဆွဲထားထူထားကြသည်။ မြို့ငယ်ကို တစ်ပတ်လှည့်ကြသည်။ လေးနာရီခန့်တွင် စည်းဝေးပွဲကျင်းပမည့် မန္ဒိဆမိတိ နေရာသို့ ရောက်သွားကြသည်။ စင်မြင့်မှာ လူ(၅၀) ကျော် နေထိုင်သည်။ လက်ယာဘက်တွင် သံဃာတော်များ သီးတင်းသုံးကြ၍ လက်ဝဲဘက်တွင် ခေါင်းဆောင် ဒကာ၊ ဒကာမများ ထိုင်ကြသည်။

ဗုဒ္ဓဘာသာသွင်းမည့်ဆရာတော်မှာ ကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ ဖြစ်သည်။ အထူးဧည့်သည်များ ပြည်နယ်မှာ အတွင်းဝန်ချုပ် စန္ဒြပါလ် I.R.S အရာရှိဖြစ်သည်။

ဥက္ကဋ္ဌလုပ်ရမည့်သူမှာ ဥဒယနာရယန်း I.R.S ဘုံဘေမဟာရာဆတြ ပြည်နယ်ဖြစ်သည်။ အထူးတရားဟောပုဂ္ဂိုလ်မှာ မုံဆီလာလ်ဂေါတမ်း I.A.S ဘုံဘေ မဟာရာဆတြမှဖြစ်သည်။ ထို့ပြင် အထူးဝိသိဋ္ဌ ပုဂ္ဂိုလ်များမှာ အိန္ဒိယတပြည်လုံးမှ မီးရထားအရာရှိများ၊ အုပ်ချုပ်ရေးအရာရှိများ ကာဆတန် အရာရှိများ စသည်ပါဝင်ခဲ့ကြသည်။ မြို့ပေါ်မှလူများမှာ ပထမကတည်းက ရောက်နေပြီးသား ဖြစ်ကြသည်။ လာသမျှလူများကို ပူရီနှင့် ဟင်းများနှင့် ကျွေးကြသည်။ ညနေငါးနာရီခန့်တွင် အစည်းအဝေးစကြသည်။ အိန္ဒိယတွင် ကျွေးမွေးရာ၌ ဘယ်လောက်ဘဲ အရာရှိကြီးကြီး ဖက်တွက်နှင့်ဘဲ ကျွေးကြ၍ အဆင်ပြေသည်။

အခမ်းအနားမှူးအဖြစ် သီရိရာဇန္ဒြပြဆာဒ် A.C.M မြောက်မီးရထားဌာနလူကြီးက ဆောင်ရွက်သည်။ ပထမဆုံး ငါးပါးသီလ ခံယူကြသည်။ လူအုပ်ကြီးမှာ တဖြည်းဖြည်းများလာခဲ့ကြရာ ငါးပါးသီးလ ခံယူပြီးနောက် အဆိုကျော်များက ဗုဒ္ဓဘာသာဝင်ရန် သီးချင်းများဖြင့် သီဆိုခဲ့ကြသည်။ ညရှစ်နာရီခန့်တွင် ဗုဒ္ဓဘာသာသွင်းပွဲ စတင်ခဲ့ကြသည်။ ကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ





ဘဒ္ဒန္တဉာဏိဿရက စကားတစ်လုံး တစ်လုံးစီ တိုင်ပေးရသည်။ နမော...တဿ ... ဘဂဝတော...အရဟတော...သမ္မာသမ္ဗုဒ္ဓဿ... ဟု သုံးကြိမ်တိုင်ပေးရသည်။ ထို့နောက် သရဏဂုံသုံးပါးကိုလည်း ဗုဒ္ဓံ...သရဏံ...ဂစ္ဆာမိ စသည် တိုင်ပေးရသည်။ ပြီးမှ ငါးပါးသီလကိုပေးပြီးတော့ အခမ်းနားမှူးက (၁၉၅၄)ခုနှစ် အောက်တိုဘာလ ဆယ့်လေးရက် (၁၃၁၆) ခုနှစ် ဝါကျွတ်လဆန်းဆယ်ရက် ဝိဇယအဆမိနေ့တွင် လူပေါင်း ခြောက်သိန်းခန့် ဗုဒ္ဓဘာသာဝင်ခဲ့စဉ်က ဝန်ခံချက် (၂၂) ချက်ကို ဟိန္ဒူဘာသာဖြင့် တိုင်ပေးခဲ့သည်။ ဝန်ခံချက် (၂၂) ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်သည် ဗြဟ္မာ–ဗိဿနိုး–မဟေ့ဆ်ကို ထာဝရဘုရားသခင်ဟု မမှတ်ယူပါ။ သူတို့ကို ပူဇော်ရှိခိုးခြင်း မပြုလုပ်တော့ပါ။

(၂) ကျွန်ုပ်သည် ရာမနှင့်ကြိဆနာ့ကို ထာဝရဘုရားသခင်ဟု မမှတ်ယူပါ။ သူတို့ကို စွဲလမ်းယုံကြည် ပူဇော်မှု မပြုလုပ်တော့ပါ။

(၃) ကျွန်ုပ်သည် ဂေါက်ရီ–ဂဏာပတိ စသောဟိန္ဒူဘာသာရေး နတ်အပေါင်းကို  မမှတ်ယူ မယုံကြည်တော့ပါ။ သူတို့ကို မပူဇော်တော့ပါ။

(၄) ထာဝရဘုရားသခင်ဝင်စားသည်၊ ထာဝရဘုရားသခင် ပြုပြင်ဖန်ဆင်းသည်ကို မယုံကြည်ပါ။

(၅) ရှင်တော်မြတ်ဘုရား ဗိဿနို့၏ ဝင်စားသူတဦးဖြစ်သည် ဟူသောစကားသည် လိမ်လည်ပြောဆိုသောစကား ပညာမဲ့သူတို့၏ ပြောစကားသာဖြစ်သည်။ ဤကဲ့သို့ ကျွန်ုပ်မှတ်ယူသည်။

(၆) ကျွန်ုပ်သည် ဆရာဒ္ဒ(လူသေပြီးမှ ပုဏ္ဏားများကို ကျွေးမွေးရသောအလုပ်) မလုပ်တော့ပါ။ ပိဏ္ဍဒါန (ဂယာမှာသွား၍ တစ်နှစ်တကြိမ်၊ တော်သလင်းလဆန်းပိုင်း ၁၅.ရက်တွင် လုပ်ရသောအလုပ်ကို မပြုလုပ်တော့ပါ။

(၇) ကျွန်ုပ် ဗုဒ္ဓဘာသာတရားတော်၏ ဆန့်ကျင်ဘက်၊ တစ်စုံတစ်ခုသောအကျင့်ကို မကျင့်သုံးပါ။

(၈) ကျွန်ုပ်သည် တစ်စုံတစ်ခုသော ဘာသာရေးအလုပ်များ လူမှုရေးအလုပ်များကို ပုဏ္ဏားတို့နှင့် ဆက်ဆံ၍ မလုပ်တော့ပါ။ (ပုဏ္ဏားလက်ချင့်)



www.burmeseclassic.com

www.burmeseclassic.com



(၉) လူသတ္တဝါအားလုံးသည် ညီတူညီမျှဖြစ်သည်။ ဇာတ်ကြီးဇာတ်ငယ်ရှိသည်ဟု မမှတ်ယူတော့ပါ။

(၁၀) ကျွန်ုပ်သည် ညီတူညီမျှသဘောတရားကို ကျင့်သုံးရန် ကြိုးစားပါမည်။

(၁၁) ကျွန်ုပ်သည် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော မဂ္ဂင်ရှစ်ပါး တရားတော်အပေါ်မူတည်၍ ကျင့်သုံးနေထိုင်ပါမည်။

(၁၂) ကျွန်ုပ်သည် ရှင်တော်မြတ်ဘုရားကျင့်သုံးခဲ့သော ပါရမီ (၁၀)ပါးကို ကျင့်သုံးလိုက်နာပါမည်။

(၁၃) ကျွန်ုပ်သည် သတ္တဝါအားလုံးအပေါ် သနားဂရုဏာထားရှိပါမည်။ ပါဏာတိပါတာ ကံကို မပြုလုပ်တော့ပါ။

(၁၄) ကျွန်ုပ်သည် သူတပါးမပေးဘဲမယူတော့ပါ။ မခိုးတော့ပါ။

(၁၅) ကျွန်ုပ်သည်သူတပါးသားမယားကို မပြစ်မှားတော့ပါ။

(၁၆) ကျွန်ုပ်သည် သူများအကျိုးမရှိသော မုသားစကားကို မပြောဆိုတော့ပါ။

(၁၇) ကျွန်ုပ်သည် သေရေသေရက်စသော မူးမေ့စေတတ်သော အသုံးဆောင်များ မသုံးဆောင်တော့ပါ။

(၁၈) ပညာသီလနှင့် ကရုဏာစသော ရှင်တော်မြတ်ဘုရား၏ တရားသုံးပါးကို ဘဝတစ်လျှောက်လုံးတွင် ကျင့်သုံးနေထိုင်ပါမည်။

(၁၉) ကျွန်ုပ်သည် ကျွန်ုပ်တို့ကျင့်သုံးလာခဲ့သော ဘာသာတရားဟောင်း လူဟူသမျှတို့၏ တိုးတက်မှုတွင် ဆုံးရှုံး စေတတ်သော လူလူချင်းခွဲခြားပြီး ဇာတ်ကြီးဇာတ်ငယ် ပြုလုပ်ထားသော ဟိန္ဒူဘာသာဝင်များ လိုက်နာကျင့်သုံးကြသော ဟိန္ဒူဘာသာရေး တရားကိုစွန့်လွှတ်သည်။ ဗုဒ္ဓတရားတော်ကို ယုံကြည်ကိုးကွယ်ပါမည်။

(၂၀) ဗုဒ္ဓတရားတော်သည်ပင်လျှင် သဒ္ဓမ္မတရားတော်ဟု ကျွန်ုပ် မှတ်ယူယုံကြည်ပါသည်။

(၂၁) ဒီနေ့မှစ၍ ကျွန်ုပ်ရှင်တော်မြတ်ဘုရား၏ တရားတော်အတိုင်း ကျင့်သုံးနေထိုင်ပါမည်ဟု ဆုံးဖြတ်ချက်ချ မှတ်ပါသည်။





(၂၂) ဤဝန်ခံချက်ကို တိုင်ပေးပြီးမှ ဒေလီမှ သတင်းထောက်များက ဒီစကားကို ဒီချာဆရာက တိုင်းပေးပါဟု တောင်းဆိုကြသည်။ တရားပွဲမှာ တစ်ဦးပြီးတဦး ဟောပြောနေကြပါသည်။ ဝန်ခံချက် ၂၂ ချက် ဗိုက်ဆ်ပြတိန်ဂျာသည် အရေးကြီးသည်။

သံဃာတော်များထဲမှလည်းကောင်း လူပုဂ္ဂိုလ်ထဲမှလည်းကောင်း ပြောဟောကြပါသည်။ ဥက္ကဋ္ဌနှင့် အထူးဧည့်သည် မဟောပြောမီ ဒီချာဆရာဖြစ်သော စာရေးသူအားဟောရန် တောင်းဆိုခဲ့ကြသည်။ အထူးသဖြင့် ဝန်ခံချက် ၂၂ ချက်အပေါ်မူတည်ပြီး ဟောကြားရန် တောင်းဆိုခဲ့ကြသည်။

စာရေးသူ ဒီပွဲသို့ ပင့်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းမှစ၍ ၂၂ ချက်မှာ သူတပါးကို ကဲ့ရဲ့ရှုံ့ချလိုသော အယူအဆ လုံးဝမပါဘဲ စွဲမြဲနေကြသော ပထမဘာသာတရားကို မိမိကိုယ် ခန္ဓာထဲမှ နုတ်ပါယ်ရန် ဆိုရခြင်းဖြစ်သည်။ ဗုဒ္ဓတရားတော်သည် သူတစ်ပါးကို ဒုက္ခမပေးတတ်ဘဲ ဘယ်လောက်ပင် မိုက်မိုက်ကန်းကန်း လုပ်နေသူတို့ကိုပင် ကောင်းရာကောင်းကြောင်းသို့ ရောက်စေတတ်သော တရားတော်ဖြစ်သည်။ အံဂုလိမာလစသော သူသတ်သမား၊ ဆဲဆိုနေသော ယဇ်ပူဇော်သူ၊ ပုဏ္ဏားစသော ပုဂ္ဂိုလ်များကိုပင် ကောင်းရာကောင်းကြောင်းသို့ ပို့ဆောင်တတ်သည့် ဗုဒ္ဓတရားတော်ကိုယုံကြည်မှ ကျင့်သုံးမှသာလျှင် မိမိနှင့်တကွ ကမ္ဘာတစ်ခုလုံး ဆူပူသောင်းကျန်းနေကြသော မကောင်းသူများကိုပင် ဗုဒ္ဓတရားတော်အရ ငြိမ်းချမ်းရေးတရား ရစေတတ်သည် စသည်ဖြင့် တစ်နာရီခန့် ဟောပြောနေခဲ့သည်။ စာရေးသူ ဟောပြောပြီးတော့ အထူးဧည့်သည် စန္ဒြပါလ် ဥက္ကဋ္ဌ ဥဒယနာရာယဏ်တို့ ဟောပြောပြသည်။ တစ်ညလုံး ဟောပြောနေကြသည်။ စာရေးသူမှာ ဆယ့်နှစ်နာရီခန့်တွင် စင်မြင့်ပေါ်မှ ဆင်းသက်လာခဲ့ပြီး စောင့်နေသော တာတာဆူမိုကားဖြင့် ကန်နပူရ်သို့ ညတွင်းချင်း အရောက်လာခဲ့သည်။ ရှေ့မှ ကန်နပူရ်မှ တပည့်ရဟန်းက သူ့ကားဖြင့် ရှေ့ကမောင်းခါ စာရေးသူကားကနောက်မှ လိုက်လာခဲ့သည်။ ကန်နပူရ်သို့ ညနှစ်နာရီခန့်တွင် ရောက်လာခဲ့သည်။ ခြောက်နာရီထ၍ ရေမိုးချိုးကာ တည်ဆောက်နေဆဲဖြစ်သော ဘုရားပလ္လင်ကို စီစဉ်ရသည်။ ကုသိနာရုံမှတပည့် ပန်းရံဆရာတစ်ဦးကို ထားခဲ့၍ သူတို့အလုပ်ကို ကြည့်ရှုစီမံရသည်။ ကန်နပူရ်မှတပည့်ကား၊



www.burmeseclassic.com

www.burmeseclassic.com



ဒကာမများ သတင်းကြား၍ ဆွမ်း၊ ကွမ်း၊ ကိစ္စနှင့် ပရိတ်တရားတော် နာယူရန် ရောက်လာခဲ့ကြရာ ၁၁ နာရီဆွမ်း ၂၇၊ ၁၀၊ ၂၀၀၁ နေ့အတွက် လက်ခံလိုက်ရသည်။ ဆွမ်းစားပြီးမှ ဆက်လက်ထွက်ခွာလာခဲ့ရာ လက္ခနောင်း အယုဒ္ဓယမှ တဆင့် ဇဆဘီးဟာရိက်ယာကျောင်း ခဏဝင်၍ ကျောင်းဆောက်နေသည်ကို စီမံခန့်ခွဲ၍ ခရီးဆက်ခဲ့ရသည်။ ကုသိနာရုံသို့ ညဆယ်နာရီခန့်တွင် ချောမောစွာ ရောက်ရှိခဲ့ရသည်။ ထိုမှ ၃၁ ရက်နေ့ ဗုဒ္ဓဂါယာသို့ ခရီးဆက်ရပါမည်။ ကုသိနာရုံတွင်လည်း ဘုရားဖူးအဖွဲ့ ရောက်ရှိနေခဲ့ရာ အာလုံး စီမံခန့်ခွဲပြီး ဘုရားဖူးအတွက် ၃၁၊ ၁၀၊ ၂၀၀၁ ရက်နေ့ ဗုဒ္ဓဂါယာသို့ ခရီးဆက်ခဲ့ရသည်။

"ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါ နေသို့လင်းစေသောဝ်"

"လုမ္ဗိဏီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ သာဝတ္ထိနှင့် သင်္ကဿနဂိုရ်ပြည် အနီးအနားတွင် နေထိုင်ကြသော ပုဂ္ဂိုလ်များ မိမိ တို့ကျောင်းထက် ဗုဒ္ဓဌာနများကို အထူးစောင့်ရှောက်ကြသည်။ ဤဌာနများကို အကြောင်းပြု ၍သာ ကျွန်ုပ်တို့ နေထိုင်ဖြစ်သည်။"

ဟရိဗလ၊ ကုသိနာရုံ







၂၀၀၁-ခ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ပရဒေသီ သံဃာ့နာယက အစည်းအဝေး အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com



# နဂါးပြည်သို့

ဟရိဗလ၊ ကုသိနာရုံ

ကုသိနာရုံတွင် မဟာသုခံဒဒ ချမ်းသာကြီးစေတီတော် ထီးတော်တင် အခမ်းအနားပွဲတော် နှစ်ပတ်လည်ပွဲတော်တွင် အသံမစဲမဟာပဋ္ဌာန်းရွက်ပွဲတော် ကျင်းပခဲ့ကြပြီးနောက် အိန္ဒိယမြန်မာဗုဒ္ဓဘာသာ ချစ်ကြည်ရေးအသင်း ဝင်များကိုကြိုဆိုရန် ရောက်ရှိလာခဲ့သော နာဂပူရ်မြို့မှ သီရိမူနေဆွရ်ဗဟာနေနှင့် အဖွဲ့သည် ပွဲတော်ပြီးသည်နှင့်တစ်ပြိုင်နက် စည်းဝေးပွဲ ကျင်းပခဲ့ကြသည်။ ၂၀၊ ၂၊၂၀၀၂ ရက်နေ့ နံနက်တွင် သံဃာတော်များကို ဆွမ်းကပ်ကျွေးမွေး ပူဇော်ပြီးနောက် နာဂပူရ်=နဂါးပြည်သို့ သွားရောက်ကြရန် စီးစဉ်မှုကြသည်။ နာဂပူရ် နဂါးပြည်သို့ သွားရောက်ရန်မှာ မြန်မာပြည်သို့ ဘုရားဖူးခရီးသည်များ ရောက်ခဲ့စဉ်က မြန်မာပြည်ဘက်မှ ကူညီပေးခဲ့ကြသော သာသနာရေးဌာနမှ ဦးတင်ဝင်း၊ ဒေါ်ခင်စု၊ ဦးမောင်မောင်လေး (လုမ္ဗိနီအင်ဂျင်နီယာ) ပါမပါ ပါလာခဲ့လျှင် သူတို့အား စရိတ်ငြိမ်း နာဂပူရ်သို့ ပင့်ဖိတ်ရန်နှင့် နာဂပူရ်တွင် မီးရထားပင်စင်စား အရာရှိ ခေါပရာဂရေးက မြေလှူရန်ကို လက်ခံကြရန် ဖြစ်ပါသည်။ အဖွဲ့တွင် သူတို့လိုသားသူ မာတာဂျီးဒေါ်သန်းတင် တစ်ဦးသာပါခဲ့သည်။ မာတာဂျီးမှာ တစ်ဦးထဲ မလိုက်ဖြစ်နိုင်ကြောင်းတင်ပြခဲ့ရာ မတာဂျီးနှင့် ပါဝင်ခဲ့သော ဦးကျော်မြင့်၊





ဒေါ်သိန်းလှိုင်၊ ဒေါ်မြင့်သန်းနှင့် ဒေါ်စောတင်တို့ကိုပါ ဖိတ်ကြသည်။ ကုသိနာရုံ မဟာသုခံဒဒ ချမ်းသာကြီး မဟာပဋ္ဌာန်းရွက်ပွဲတော် ပြီးဆုံးပြီးနောက် ၂၁၊၂၊ ၂၀၀၂ ရက်နေ့တွင် ယူပီပြည်နယ် ပါလီမန် ရွေးကောက်ပွဲရှိသည်။ ၂၂၊ ၂၊ ၂၀၀၂ ရက်နေ့ နံနက်ငါးနာရီ ရထား ကော့ကျိန်း အမြန်ရထားဖြင့် လက်မှတ်ဆယ်စောင် ရရှိခဲ့သည်။ ခေါပရာဂရေးနှင့် သူ၏ဇနီးမှာ မီးရထားလက်မှတ် ပထမတန်းမှ အခမဲ့လက်မှတ်ရသလို သူ၏တပည့်ဂျဂဒီဆ်မှာလည်း မီးရထားလက်မှတ် အခမဲ့ရခဲ့သည်။ ကျန်ခြောက်ဦးမှာ အောစီ သရီးတာယာရ်မှသာ ရခဲ့သည်။ လက်မှတ်မှာ အောစီ ရခဲ့သော်လည်း တန်းစီစာရင်းတွင် ၃-၄-၅-၆-၇ ခုံနေရာမှ ရထားခဲ့သည်။ သေချာစေရန် ကုသိနာရုံဆရာတော်၏ တပည့်တစ်ဦးကို ပေးထားခဲ့ရသည်။ ၂၂၊၂၊၂၀၀၂ နေ့ရက် နံနက်ငါးနာရီ ရထားစီးရမည်ဖြစ်ရာ ထိုနေ့ နံနက်သုံးနာရီခွဲမှ ကျောင်းမှစထွက်ခဲ့ရသည်။ ဂေါရခပူရ်သို့ နံနက်လေးနာရီ သုံးဆယ့်ငါးမိနစ်တွင် ရောက်ရှိခဲ့ပြီး လက်မှတ်ကို ရယူခဲ့ရသည်။ လက်မှတ်များ ရထားသည်မှာ သေချာနေပြီးသားဖြစ်သည်။ ဘူတာရှေ့သို့ လေးနာရီ ငါးဆယ် မိနစ်တွင် ရောက်သွားခဲ့သည်။ ရထားတွင်အားလုံးနေရာယူပြီးသည့်နောက် ရထား စထွက်ပါတော့သည်။ လက္ခနော်င်း ယူပီပြည်နယ်မြို့တော်သို့ ဆယ်နာရီခန့်တွင် ရောက်ခဲ့ကြပြီး ညနေလေးနာရီခန့်တွင် ဂျန်ဆီသို့ ရောက်ခဲ့ကြသည်။ ခြောက်နာရီခန့်တွင် မဒျပြဒေဆ်ပြည်နယ်သို့ ဝင်ရောက်ခဲ့ပြီး အသီးသီး ကိုယ့်အိပ်ရာကို ဝင်ခဲ့ကြသည်။ မနက်ငါးနာရီတွင် နာဂပူရ်သို့ ရောက်မည်ဖြစ်သော်လည်း လေးနာရီခန့်တွင် နာဂပူရ်ဂိတ်သို့ ရောက်ရှိခဲ့သည်။ မိနစ်သုံးဆယ်ခန့် ကြိုတင်ရောက်ရှိခြင်းဖြစ်၍ စောင့်နေခဲ့ရသေးသည်။ ၂၃၊၂၊၂၀၀၂ ရက်နေ့ နံနက် ငါးနာရီတိတိတွင် နာဂပူရ်နဂါးပြည်သို့ ရောက်ရှိပြီး ပလက်ဖောင်းနံပါတ်သုံးတွင် ရထားရပ်လိုက်သည်နှင့်တပြိုင်နက် မြန်မာနိုင်ငံသို့ ရောက်ဖူးခဲ့ကြသော ဘုရားဖူး ပရိတ်သတ်အပေါင်းမှာ ပန်းကုံးကိုယ်စီကိုင်၍ မတ်တပ်ရပ်နေကြသည်။ စာရေးသူမှာ တစ်ဦးစီ မိတ်ဆက်ပေးခဲ့ရသည်။ ဘူတာရုံတွင် ပစ္စည်းများကို တွန်းလှည်းနှင့် တင်ယူပြီးနောက် ဘူတာရုံပြင်ဘက်သို့ ယူလာခဲ့ကြသည်။

ဘူတာရုံပြင်ဘက်တွင် မာရူတီးအနက်ကားနှစ်စီး တာတာဆူမိုတစ်စီး၊ အမ္ဗောဆ်ဒါ ကားတစ်စီး စောင့်နေသည့်နေရာသို့ ရောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဆိုင်ကယ်၊ စကူတာရ်၊ ဂျစ်ကား (၃-၄) စီးဖြင့် စီးလာခဲ့ကြရာ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဘူတာရုံမှ ထွက်လာခဲ့ကြသည်။ မဟာရာဆတြပြည်နယ်တွင် မြို့တော်နှစ်မြို့ရှိသည်။ ပထမမြို့မှာ ဘုံဘေဖြစ်ပြီး ဒုတိယမြို့တော်မှာ နာဂပူရ်ပင်ဖြစ်သည်။ ထိုနာရပူရ်မြို့ ပါလီမန်အမတ်များ တည်းခိုကြရာ ရဝိဘဝန်း ရှိရာသို့ ဧည့်သည်များကို ခေါ်ဆောင်သွားခဲ့သည်။ ရဝိဘဝန်းဟု ခေါ်သော်လည်း အဆောက်အဦးများမှာ တော်တော်များသည်။ "ရဝိ" နေ၊ "ဘဝန်း" အဆောက်အဦး "ရဝိဘဝန်း" နေကဲ့သို့ တောက်ပခန့်ညားသော အဆောက်အဦးဟု အဓိပ္ပါယ်ရပါသည်။ ထိုရဝိဘဝန်းတွင် ပင်မအဆောက်အဦး နှစ်ထပ်တိုက်နှင့် သီးခြားတစ်ထပ် တိုက်များလည်းရှိသည်။ တစ်ထပ်တိုက်များတွင် ဝန်ကြီးအဆင့် အတန်းရှိသူများသာ တည်းခိုရသည်။ ဝန်ကြီးနှင့်သူ၏ P.A အပြင် အစောင့်အရှောက်များ နေနိုင်ကြသည်။ ကျန်အဆောက်အဦးများတွင် အခန်းတော်တော်များများရှိသည်။ စားသောက်ခန်း၊ ဧည့်ခန်း၊ ကြိုဆိုခန်း၊ တရားဟောခန်းများလည်းရှိသည်။ ထိုအဆောက်အဦးများအနက် စာရေးသူတို့ မြန်မာအဖွဲ့ဝင်များအား ဟောခန်းတစ်ဘက် အဆောက်အဦးနံပါတ်နှစ်တွင် အောက်ထပ် စာရေးသူနှင့် ဦးအောင်မြင့်တို့ နားကြသည်။ ဒုတိယထပ် ၂၉ ခန်းတွင် ဒေါ်သန်းတင်နှင့် ဒေါ်သိန်းလှိုင်တို့နေကြပြီး အခန်းနံပါတ် ၃၀ တွင် ဒေါ်စောတင်နှင့် ဒေါ်မြင့်သန်းတို့ နေရာယူကြရသည်။ အခန်းရယူပြီးနောက် ရေမိုးချိုးကြသည်။ မူနေဗွေရ်ဗဟာနေနှင့် ခေါပရာဂရေ ဇနီးမောင်နှံနှင့် ဂျဂဒီဆ်တို့မှာလည်း မိမိတို့ကို လာကြိုသူများနှင့် လိုက်ပါသွားကြသည်။ နံနက် ရှစ်နာရီခန့်တွင် မူနေဗွေရ်ဗဟာနေတို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး စားသောက်ခန်းမတွင် လှက်ရည်၊ ပေါင်မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ထမင်းကျော်၊ ပေါင်မုန့်၊ ထောပတ်သုတ်၊ ကြက်ဥကြော်၊ လှက်ရည်တို့ဖြင့် ဧည့်ခံကြသည်။ ထိုမှတဆင့် အိမ်ဒေါ်ရာဗုဒ္ဓဝိဟာရသို့ရောက်ရှိပြီး စာရေးသူလုပ်ဖော်ကိုင်ဘက် ဂျပန် ဘုန်းတော်ကြီးနှင့် တွေ့ဆုံခဲ့သည်။ ဂျပန်ဘုန်းကြီးအား စားစရာ သောက်စရာ ဆိမ်းတိုင်၊ အမွေးတိုင်အပြင် နဝကမ္မဝတ္တု (၁၁၀၁) ရူပီးဖြင့် ကန်တော့ခဲ့ကြသည်။

ထိုမှလာပြီးနောက် နေ့လည်ဘက် ကျွေးမွေးဧည့်ခံမည့် မြန်မာဘုရားဖူးပြန် ခေါပရာဂရေးအိမ်သို့ ရောက်သွားခဲ့ကြသည်။ အိမ်အဝင်တွင် ဧည့်သည်





အားလုံးတို့အား ပထမ ခြေဆေးပေးသည်။ ခြေကိုအဝတ်ဖြင့် သုတ်ပေးပြီးမှ အထဲသို့ဝင်ခဲ့ရသည်။ နံနက် ၁၁ နာရီခန့်တွင် စာရေးသူနှင့်အတူ စာရေးသူအား ကြိုဆိုလာခဲ့ကြသော မြန်မာပြည်ပြန် ဆရာတော် ဦးဆာဂကပေါဓိ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအသင်း၊ ဥက္ကဋ္ဌ အတွင်းအရေးမှူးတို့လည်း အတူပါလာခဲ့ရာ ရဟန်းတော်လေးပါးကို ပထမ ဆွမ်းကျွေးခဲ့ကြသည်။ ဆွမ်းပွဲတော်တွင် ဆွမ်းအပြင် ပူရီ၊ ပကောက်ရီ(ဘူးသီးငါးပေါင်းကြော်) ဒိန်ချဉ်၊ အာလူး၊ ဂေါ်ဖီဟင်း၊ ပဲဟင်း၊ ခရမ်းသီးနှပ်၊ သရက်သီး၊ သံပရာသီးသနပ်၊ နို့ချဉ်ပွဲကို လုပ်ထားသော အိန္ဒိယတောင်ပိုင်း သုံးရည်ဟာလဝါ၊ ပပရာကျော်လည်းပါသည်။ ချိုချဉ်ပွဲလည်းပါသည်။ တော်တော်စုံသည်။ သံဃာတော်များ ကျွေးမွေးပြီးနောက် ဒကာ၊ ဒကာမများကိုလည်း ကျွေးကြသည်။ ပြီးနောက် မြန်မာပြည်တွင် မြင်ခဲ့ရသော ဆွမ်းကပ်ပြီးနောက် နဝကမ္မ ဝတ္ထုပစ္စည်း လှူဒါန်းရသည်ကို တွေ့ခဲ့ဖူးကြရာ မျက်နှာသုတ်ပုဝါ၊ နဝကမ္မဝတ္ထုပစ္စည်း လှူဒါန်းကြသည်။ ဘုန်းကြီးများကို လှူဒါန်းသလို ဒကာ၊ ဒကာမများကိုလည်း ပန်းကုံးစွပ်ကြသည်။ လှူဒါန်းကြသည်။ စားသောက်ပြီးနောက် တရိလောကီနာဆ်အသင်းဌာနသို့ ခေါ်ဆောင်သွားခဲ့သည်။ (တရိလောကီနတ်အသင်းကိုဏ်းဆိုသည်မှာ အင်္ဂလန်ပြည်မှ ရဟန်းတစ်ပါး ဦးသံဃရက္ခိတသည် လူပုဂ္ဂိုလ်များကို ဆွဲထည့်ပြီး ထေရ၊ အနုထေရ မဟာထေရစသည့်ဘွဲ့ကို ပေးထားပြီး မဟာယာနကဲ့သို့ ဖွဲ့စည်းထားသော လူ့အသင်းအဖွဲ့တစ်ခုဖြစ်သည်။) ထိုမှ ဒြဂိုဏ်းဂုန်းပလေ့ဆ်သို့ ခေါ်ယူသွားခဲ့သည်။ နှစ်နေရာလုံးကို လှည့်ပတ်ကြပြီးနောက် ညနေလေးနာရီခန့်တွင် ခေါပရာဂရေ အိမ်ကလေးသို့ ရောက်သွားကြသည်။ လူနေသောတစ်အိမ်လုံးတွင် လူများနေကြသည်။ အရှေ့ဘက်ဘေးတွင် တထပ်တိုက်ကလေးတစ်လုံးရှိသည်။ ကုလားထိုင်များ ခင်းထားသည်။ ထိုနေရာသို့သွားရန် လမ်းသုံးလမ်းရှိသည်။ စစ်တပ်နှင့်အလွန်နီးကပ်သည့်မြေမှ ၁၂ ဧက ကျော်ရှိသည်။ ပထမဆော့ ဤမြေကို ကုသိနာရုံဆရာတော်အား လှူခဲ့သည်။ ဆရာတော်က အသင်းအဖွဲ့တစ်ခုကို လှူပါရန် မေတ္တာရပ်ခံခဲ့ရာ ဦးစန္ဒြမဏီ ဖေါင်ဒေးရှင်းကို လှူရန် သဘောတူခဲ့သည်။ မြေကိုရီးဂျစ္စတာလုပ်ရာတွင် ကုန်ကျမည့်စရိတ်ကိုလည်းကောင်း၊ မြေကိုလည်းကောင်း ဒကာကပင် အကုန်ကျခံမည် ဖြစ်သည်။ ထိုဒကာမှာ မြို့ထဲတွင် အိမ်(၃-၄)

www.burmeseclassic.com



လုံးရှိရာ သားများကိုလည်း ပေးထားသည်။ တစ်လုံးကို တီးဘက်လားမားတစ်ဦးကို လှူထားသည်။

ထိုမြေလှူပွဲတွင် ပထမ ငါးပါးသီလပေးပြီးနောက် ကုသိနာရုံဆရာတော်၏တပည့် ဘင်္ဂလီကိုရင်တပါးကို ကြိုဆိုစကားပြောခဲ့သည်။ ရွာသူကြီးမှ ကြိုဆိုစကားပြောသည်။ ကုသိနာရုံဆရာတော်မှလည်း ဘာသာရေးဆိုင်ရာ တရားစကားအပြင် ဒေါက်တာအမ္ဗေဒကာရ်နှင့် ကုသိနာရုံဆရာတော်ကြီး ဆပ်စက်ပုံတို့ကို ဟောပြောပြီး မြေလှူသည့်အတွက် ကျေးဇူးတင်ကြောင်း မြေတွင် သာသနာနှင့် ပတ်သက်သောအလုပ်ကို လုပ်ကြရန် မေတ္တာရပ်ခံခဲ့သည်။ မြေလှူဒကာမှလည်း ဆရာတော်ကို ယခုလိုလာရောက်ပြီး သူတို့နေရာကိုရောက်၍ ဝမ်းမြောက်ကြောင်း ပြောကြားပြီး  အဖျော်ယမကာ တိုက်ကျွေးခဲ့သည်။ ထိုမှ ရဝိဘဝန်းသို့ ပြန်လာခဲ့ကြသည်။ ငါးနာရီခန့်တွင် ပြန်ရောက်လာခဲ့ပြီး ရေမိုးချိုးခါ ညနေခုနှစ်နာရီခန့်တွင် မြန်မာပြည်သို့ ရောက်လာခဲ့ကြသော ဒကာ၊ ဒကာမများကြိုဆိုပွဲသို့ တက်ရောက်ခဲ့ကြသည်။ မင်္ဂလာဘဝန်းဟု နာမည်ပေးထားသော ဟောခန်းမသို့ ဝင်ရောက်သွားခဲ့သည်နှင့်တစ်ပြိုင်နက် မြန်မာသီချင်းကိုဖွင့်၍ ကြိုဆိုထားပါသည်။ စာရေးသူမှာ နေရာတကာ လှည့်လာခဲ့ရ၍ အချိန်က နီးကပ်နောက်ကျခဲ့သဖြင့် တစ်ချို့မြို့ပေါ်မှလူကြီး လူကောင်းများ ပြန်သွားခဲ့ကြပြီးဖြစ်ကြောင်းသိရသည်။ အောက်ထပ်တွင် လူတစ်ရာခန့်ရှိပြီး စင်မြင့်ပေါ်တွင် ကုသိနာရုံဆရာတော် အိန္ဒိယပြည်လုံးဆိုင်ရာ ရဟန်းတော်အသင်းဥက္ကဋ္ဌ အတွင်းရေးမှူးတို့လည်း တက်ရောက်ကြသည်။ မြန်မာပြည်မှ ဒကာ၊ ဒကာမများလည်း တက်ရောက်ကြသည်။

စည်းဝေးကြိုဆိုပွဲတွင် ပထမအခန်းအနားမှူးလုပ်သူက ဘုရားကန်တော့ရန် ကုသိနာရုံဆရာတော်မှ နမောတဿမှ သရဏဂုံသုံးပါး ဂုဏ်တော်များ ရွက်ဆိုပြီး ဘုရားရှိခိုးခဲ့သည်။ ပြီးလျှင် ငါးပါးသီလပေးခဲ့သည်။ ပြီးမှ ဘုရားပုံတော်နှင့် ဒေါက်တာအမ္ဗေဒကာရ်ပုံတွင် ပန်းဆီမီးထွန်းခဲ့သည်။ ပြီးမှ ဒကာ ၃-၄ဦးမှ မြန်မာပြည်တွင် ဘယ်လိုဘုရားဖူးခဲ့ရကြောင်းနှင့် မြန်မာပြည်မှ ကြိုဆိုလိုက်ကြသည်ကို ဝမ်းပန်းတသာပြောပြကြသည်။ ထိုနောက် ကုသိနာရုံဆရာတော်မှ ဩဝါဒစကား ဟောပြောသည်။ ကြွရောက်လာကြသော ၂ရိသတ်ထဲမှ လက်





ဆောင်များ ပေးကြသလို ရဟန်းမယ်တော် ရွှေရတုအဖွဲ့မှလည်း မြန်မာလက်ဆောင် လွယ်အိပ်၊ ဘန်းပရုပ်ဆီ၊ ကော်ဖီမစ်၊ လွှက်ခြောက်စသည် တုန့်ပြန်လက်ဆောင်ပေးလိုက်ပါသည်။

ထိုမင်္ဂလာဟောခန်းမှ ထွက်ခွာခဲ့ပြီးနောက်ညနေစာကို မြန်မာဘုရားဖူးပြန် အသက်အကြီးဆုံး ဆာဝတကရဒအိမ်မှ ကျွေးမွေးပါသည်။ လက်ဆောင်များပေးကြသည်။ စာရေးသူကို ခမ္ဘကိတ္တိရပ်ကွက်မှ ဖိတ်၍ လိုက်သွားခဲ့ရသည်။ ထိုတွင်လည်း မြန်မာနိုင်ငံသားများကိုယ်စား စာရေးသူက တက်ရောက်ခဲ့ရသည်။ လူ ၃၀၀ ခန့် တက်ရောက်သောပွဲတော်တွင် သံဃာတော်များလည်း အပါးနှစ်ဆယ်ခန့် တက်ရောက်သည်။ အိန္ဒိယသံဃာ အတွင်းရေးမှူးမှ ကြိုဆိုသောပွဲတော်ဖြစ်သည်။ မြန်မာနိုင်ငံသားများအတွက် ပန်းကုံးပေးကြသည်ကို စာရေးသူမှ လက်ခံခဲ့ရသည်။ ကျောင်းတိုက်ပိုင်ရှင် ရဟန်းတော်က ဆရာတော်ကြီး ဦးစန္ဒိမဏိသည် မြန်မာနိုင်ငံသားဖြစ်၍ မြန်မာနိုင်ငံသားအားလုံးကို ဆရာတစ်ဆူမှတ်ပါကြောင်း အိန္ဒိယတွင် လိုအပ်နေသော သာသနာရေးကိစ္စများကို မြန်မာရဟန်းတော်များက ဆုံးမသွန်သင်ပေးစေလိုကြောင်းနှင့် အကျယ်တဝင့် ပြောကြားသွားခဲ့သည်။ ထိုသို့ပြော ကြားပြီးနောက် စာရေးသူအား သင်္ကန်းဒွိစုံ၊ ဆပ်ပြာ၊ မျက်နှာသုတ်ပုဝါ၊ သွားတိုက်ဆေး၊ မုတ်ဆိတ်ရိတ်ဒါးများအပြင် နဝကမ္မဝတ္ထုများ၊ သလဲသီး၊ လိမ္မော်သီး၊ စပျစ်သီးများဖြင့် ကန်တော့ကြသည်။ စာရေးသူကလည်း မြတ်စွာဘုရားတရားတော်သည် အိန္ဒိယနိုင်ငံမှ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော တရားတော်ဖြစ်၍ မြန်မာနိုင်ငံနှင့်တကွ အာရှတိုက် တစ်ခုလုံးဟာ ဗုဒ္ဓတရားတော်ကို သက်ဝင်ခဲ့ကြကြောင်း သက်ဝင်သည့်အတိုင်း လိုက်နာကျင့်သုံးကြ၍ အကျင့်စာရိတ္တမဏ္ဍိုင် ထွန်းကားခဲ့သလို လူမှုရေးတွင်လည်း သန္တိသုခပြည့်ဝစွာဖြင့် မြန်မာပြည်တွင် နေရာတကာတွင် ဗုဒ္ဓသာသနာတော် ထွန်းကားနေသည်ကို မြန်မာပြည်သို့ ရောက်ခဲ့သူများမှတဆင့် သိနိုင်ကြောင်း စသည်ဖြင့် နှစ်နာရီခန့် ဟိန္ဒူဘာသာဖြင့် ဟောပြောသည်။ ထိုနောက် မြန်မာပြည်မှညွှန့်သည်များကိုယ်စား ကျောင်းရှိသံဃာတော်များအား ဆွမ်းဆန်တော်အဖြစ်သုံးစွဲနိုင်ရန် နဝကမ္မဝတ္ထု ၁၅၀၀ ရူပီးအပြင် သူတို့လှူခဲ့ကြသော သင်္ကန်းပရိက္ခရာများ၊ နဝကမ္မဝတ္ထုအားလုံးကို ပြန်လည်စွန့်ကြဲလှူဒါန်းခဲ့ပါသည်။ ကုသိနာရုံ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အဖွဲ့သည် ကားနှစ်စီးဖြင့် နေရာအသီးသီးမှ ရဝိဘဝန်းသို့ ညဆယ့်တစ်နာရီခန့်တွင် ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

နောက်တစ်နေ့နံနက် ငါးနာရီသုံးဆယ်မိနစ်ခန့်တွင် အာဂရ္ဂာ အေလောရာ ခရီးဆက်ရမည်ဖြစ်ရာ လေးနာရီကျော်ကျော်ခန့်တွင် မြန်မာပြန် ရဟန်းတော် ဆာဂတဗောဓိက မနက်စာကျွေးသည်။ ထမင်းကျော် ကြက်သားဆီပြန်၊ ပဲသီးနှင့် ဂေါ်ဘီဟင်း၊ သရက်သီး၊ သံပုရာသီးသနပ်၊ အချိုပွဲဖြင့် ဧည့်ခံခဲ့သည်။ မနက်စာစားပြီးနောက် မြန်မာဧည့်သည်များသည် တာတာဆူမိုကားကြီးဖြင့် ခရီးထွက်ခဲ့ကြသည်။ နာဂပူရ်ဘက်တွင် ဂျုံများမှည့်နေကြပါသည်။ နာဂပူရ်မှ အမရဝတီ ၁၅၀ ကီလိုမီတာခန့်ဝေးသည်။ ထိုမှ အကိုလာ ၁၀၀ ကီလိုမီတာဝေးသည်။ ထိုမှ ၅၀ ကီလိုမီတာဝေးသော ခန်းဂယာန်း ရောက်ခဲ့သည်။ လမ်းဘေးနှစ်ဘက်တွင် လိမ္မော်သီးပင်များ၊ လိမ္မော်ခင်းများ အသီးဝါဝါကလေးများ သီးနေကြသည်မှာ အလွန်ပဏာရပါသည်။ ထိုမှထွက်လာခဲ့ပြီးနောက် လော့တ်ပေါက် (lot Pot Dhalia) စားသောက်ခန်းတခုတွင်ဝင်ပြီး နေ့လည်စာ စားခဲ့ကြသည်။ စားသောက်ပွဲမှာ အာလူးဂေါ်ဘီတခွက်၊ စားတော်ပဲနှင့် ဟင်းပေါင်းတစ်ခွက်၊ ပဲကျော်တခွက်၊ ဒိန်ချဉ်တစ်ခွက်ပါသည်။ မြန်မာဧည့်သည်ဆရာတော်နှင့် အတူ ခြောက်ဦး ဆာဝတကရ်ဇနီးမောင်နှံနှစ်ဦး မိုနေဆွာရ်ဘဟာနေ ဒရိုင်ဘာအားလုံးဆယ်ဦးစားရာ ၅၀၀ ရူပီးပေးခဲ့ရသည်။ ထိုမှ ၁၂ နာရီခန့်တွင် ခရီးပြန်လည်ထွက်ခွာလာခဲ့ရာ ဆူဒနာအမည်ရှိသော တောမြို့ကလေးတစ်ခုသို့ ရောက်ခဲ့ရာ ဆာဝတကရ်၏သားနှင့် ချွေးမတို့ ကြိုဆိုနေကြသည်။ ဖျော်ရည် ယာမကာဖြင့် ဧည့်ခံခဲ့သည်။ ထိုမှ ခရီးဆက်ခဲ့ကြရာ ညနေလေးနာရီကျော်ခန့်တွင် အာဂရ္ဂာသို့ ရောက်သွားခဲ့သည်။ ခပ်သုတ်သုတ် တောင်ပေါ် တက်ခဲ့ကြရသည်။ ဂူပေါင်းတော်တော်များသည်။ ဝင်ကြေးပေးရသည်။ မြန်မာများက ဒေါ်လာပေးရ၍ တိုင်းရင်းသားကို အိန္ဒိယရူပီး ပေးခဲ့ရသည်။

အာဂရ္ဂာဂူများသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာနှင့်ပက်သက်သော ပန်းချီပညာနှင့် ရုပ်ဆင်းထုပညာဘက်တွင် တန်ဘိုးမဖြတ်နိုင်သော နေရာဂူများဖြစ်ကြသည်။ ကမ္ဘာတစ်ခုလုံးတွင် နာမည်ကြီးသော ဤအာဂရ္ဂာဂူများသည် မဟာရဆတြပြည်နယ်တွင် ဂျာလ်ဂန်ဝန်နှင့် အောင်ရံဂါဘာဒ်လမ်းမကြီးဘေးတွင်





တည်ရှိသည်။ အောင်ရံဂါဘာဒ်မှ ၁၀၆ ကီလိုမီတာဝေးသော မြောက်ဘက်တောင်တန်းပေါ်တွင် တည်ရှိသည်။ ဤဂူများ၏ အနီးဆုံးသော မီးရထားဘူတာမှာ ဂျလ်ဂန်ဝန်ဘုံဘေနှင့် ဒေလီလမ်းပေါ်တွင်ရှိသည်။ ဘုံဘေ အေလာဟာဘာဒ် မီးရထားလမ်းမသည် အာဂရ္ဂာသို့ ၆၀ ကီလိုမီတာဝေးပါသည်။ အာဂရ္ဂာသည် ရွာငယ်တစ်ခုသာဖြစ်သည်။ ဤရွာငယ်တွင် မြင်းခွာကဲ့သို့သော တောင်တခုရှိသည်။ ဤတောင်၏ပတ်လည်တွင် ကမ္ဘာကျော်ဂူများရှိသည်။ ပန်းချီကားများရှိသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာဂူ ပန်းချီကားများနှင့် ပြည့်စုံသောဤနေရာသည် ကမ္ဘာကျော်ကြားပါသည်။ ဤနေရာသည် ဆဟာယာဒြီးတောင်တန်းပေါ်တွင် ဂူပေါင်းသုံးဆယ်ထဲတွင် အလွန်အံ့သြဆန်းကျယ်လှသော ပန်းချီပန်းပုဂူများဖြစ်ကြသည်။ ပန်းချီကားများ စဆွဲခဲ့စဉ်က ဤဂူများတွင် ပန်းချီကားချပ်များသည် တကယ့်ဆန်းကြယ်ခမ်းနားခဲ့၍လည်း ကမ္ဘာကျော်ဂူများထဲတွင် ပါဝင်နေသည်။ ဂူများတွင် မြတ်စွာဘုရားဆင်းထုတော်များ ပူဇော်ခန်းမဟောကြီး စေတီတော် ရဟန်းတော်များ သီတင်းသုံးတော်မူရာ ကျောင်းဇော်များ ပါဝင်သည်။ ဝိပဿနာတရားအားထုတ်နိုင်သော တရားဟောခန်းမများလည်း ရှိကြသည်။

အာဂရ္ဂာဂူ (၃၀) ထဲတွင် ရှေးအကျဆုံးဂူမှာ စေတီနှင့် ကျောင်းတော်ဂူဖြစ်သည်။ ဤဂူသည် ဆာတဝါဟန်းခေတ် ခရစ်မပေါ်မီ တစ်ရာစုမှ နှစ်ရာစုတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ခရစ်ငါးရာစုကျော် ခြောက်ရာစုထိ နာမည်ကျော်ကြားသည်။ ခရစ် ခုနှစ်ရာစုရောက်ရောက်ချင်း အလုပ်ရပ်ဆဲခဲ့သည်။ တပိုင်းတစ ပြုလုပ်ခဲ့သောဂူများသည် တပိုင်းတစနှင့်သာ ကျန်ရစ်ခဲ့သည်။ တစ်ပိုင်းတစ်စ ကျန်ရစ်ခဲ့သော ဂူများသည်လည်း ပြီးဆုံးသွားခဲ့သော ဂူများကဲ့သို့ လှပခဲ့သည်။ ဤဂူများကို ခရစ်မပေါ်မီ တစ်ရာစုမှနှစ်ရာစုထိ ဂူများသည် ပြုပြင်ဆင်ယင်မှုပါ တကယ်လက်ရာမြောက်သည်။ လေးရာစုမှ ခုနှစ်ရာစုထိ ဒုတိယအကြိမ်မြောက် လုပ်ခဲ့သောပန်းချီကားများ၊ မထမလုပ်ခဲ့သော ပန်းချီကားများမှာ မဟာယာနဆန်ဆန် လုပ်ထားခဲ့သည်။ ဂူနံပါတ်(၉–၁၀) စေတီတော်နှင့် ကျောင်းတော်ဖြစ်သည်။ ဂူနံပါတ်(၈–၁၂–၁၃–၁၅) တို့မှာ ကျောင်းတော်များဖြစ်သည်။ ဤဂူများကို ဝါကတျမင်းများလက်ထက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဂူ (၁၉–၂၆) စေတီကျောင်းဖြစ်သည်။ (၁၆–၁၇) စသည်မှာ ကျောင်းတော်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဂူများတွင် ခေါင်မိုးပေါ်မှစ၍ အောက်ခြေထိ ပန်းချီလက်ရာများဖြင့် ပြုလုပ်ထားသည်။ ဤဂူများကို သံစူးနှင့်တူဖြင့်ထွင်း၍ ပြုလုပ်ခဲ့သည်။ ပြုလုပ်ထုထွင်းသောအချိန်တွင် တိုင်ကြီးများနေရာချန်ထားခဲ့ပြီး ဟောကြီးများပြုလုပ်ခဲ့ကြသည်။ ဂူများဆောက်လုပ် ထုထွင်းချိန်တွင် သေချာသပ်ရပ်စွာ ပြုလုပ်ပြီးနောက်မှ ပန်းချီများပြုလုပ်ကြပုံရသည်။ ပုံတွင် ပန်းချီရေးသားသူများနှင့် ကျောက်ဆစ်ကြသူများအားလုံးမှာ ရဟန်းတော်များဖြစ်ကြသည်ဟု ယူဆနိုင်သည်။ ကျောက်ဂူများ၊ ပန်းချီကားများကို ဖူးမြင်ရသည်မှာ ပြုလုပ်ထုထွင်း ရေးချယ်သူတို့၏ လက်ရာမြောက်ပုံနှင့် ကြိုးစားပမ်းစားလုပ်ကြသည်ကို တွေ့မြင်ဖူးတွေ့နိုင်ပါသည်။ ဤကြိုးစားမှုကြောင့် ကမ္ဘာ့အလယ်တွင် အာဂျန္တာဂူများသည် နာမည်ကြီးသောနေရာတစ်နေရာဖြစ်ကြောင်း အသိမှတ်ပြုထားကြသည်။ ဇာတ်တော်မှဇာတ်ကောင်များနှင့် ရှင်တော်မြတ်ဘုရား၏ ဖြစ်တော်စဉ်များကို ရေးဆွဲထားမှုကြောင့်လည်း အလွန့်အလွန် နာမည်ကြီးလှပါသည်။ အနည်းဆုံး နားနားနေနေ ရက်သတ္တပတ်ခန့် လေ့လာစရာနေရာကြီးတစ်ခု ဖြစ်ပါသည်။ စာရေးသူနှင့် မြန်မာအိန္ဒိယချစ်ကြည်ရေး ဗုဒ္ဓဘာသာ ဘုရားဖူးအဖွဲ့မှာ အချိန်တိုတောင်းလှ၍ ကုသိနာရုံမှနာဂပူရ်သို့ ရထားနှင့်လာပြီး နာဂပူရ်မှ အာဂျန္တာကို တာတာဆူမိုနှင့် လာခဲ့ကြသည်။ ညနေ လေးနာရီခန့်တွင် ရောက်ရှိလာခဲ့ရာ ခတ်သုတ်သုတ်နှင့် လက်မှတ်ယူပြီး အာဂျန္တာကုန်းပေါ်သို့ တက်ရောက်ခဲ့ရသည်။ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဒေါ်သိန်းလှိုင်တို့နှစ်ဦးမှာ ခြေထောက်နာ၍ မတက်နိုင်ခဲ့ပါ။ စာရေးသူနှင့် သီရိမိုးရေဆွရ်ဗဟာနေဆာဝတ်တ်ကရ်ဇနီးမောင်နှံ ရဟန်းမယ်တော် ဒေါ်သန်းတင်၊ ဒေါ်စောတင်၊ ဒေါ်သန်းမြင့်တို့သာ ခပ်သုတ်သုတ်နှင့် ဝင်ရောက်ဖူးကြရသည်။ ဂူပေါင်း ၃၀ ခန့်တွင် ဂူ (၁-၂-၁၆-၁၇)နှင့် (၁၉) များတွင် ရေးဆွဲထားသော ပန်းချီလက်ရာများသည် အထူးခန့်ညားပြီး ကမ္ဘာကျော်ပန်းချီများဖြစ်ကြသည်။ ထို့အတူ ဂူ (၁-၄-၁၇-၁၉-၂၄) နှင့် (၂၆) ဂူများတွင် ထုထားသောကျောက်ဆစ်ပညာလက်ရာများသည်လည်း အထူးလက်ရာမြောက်သောကျောက်ဆစ်ပညာများဖြစ်ကြသည်။ ဤပညာများသည် ဗုဒ္ဓနှင့်ဗုဒ္ဓ၏တပည့်သာဝကများကို အမှန်းတင်ထားသော ပညာဖြစ်၍ ဗုဒ္ဓဘာသာဝင်များ အထူးလေ့လာသင့်သော ဂူများဖြစ်ကြသည်။ အိန္ဒိယ မြန်မာဗုဒ္ဓဘာသာ ချစ်ကြည်ရေး





အဖွဲ့ဝင်များသည် အာဂျန္တာတွင် နှစ်နာရီခန့်လှည့်ပတ်ဖူးမျှော်လေ့လာပြီး ညနေခြောက်နာရီခန့်တွင် အာဂျန္တာမှ ထွက်ခွာလာခဲ့ပါသည်။

အာဂျန္တာမှ (၁၀၁) ကီလိုမီတာဝေးသော အောင်ရံဂါဘာဒ်မြို့သို့ ထွက်ခွာလာခဲ့ကြသည်။ တောင်စွယ်တောင်ကုန်းများကို ဖြတ်၍လာရသော စာရေးသူတို့အဖွဲ့မှာ နွမ်းရိနေကြပါတော့သည်။ တာတာဆူမိုကားမှ ယာဉ်မောင်းမှာ အမောင်းကောင်းသော်လည်း အသက်ကြီးသောလူများဖြစ်ကြ၍ ခပ်ဖြေးဖြေးကလေးသာ မောင်းနိုင်းရသည်။ နံနက်ငါးနာရီကျော်မှ ထွက်ခွာလာခဲ့ကြရာ ယခုဆို (၅၇၀) ကီလိုမီတာ မောင်းခဲ့ပြီးပါပြီ။ အာဂျန္တာ တောင်ကုန်းပေါ်သို့လည်း တက်ရောက်ဖူးမျှော်ရခဲ့ရာ အတော်ကို နွမ်းနေကြပါပြီ။ စာရေးသူတို့အဖွဲ့သည် ညနေ ကိုးနာရီခန့်တွင် အောင်ရံဂါဘာဒ်သို့ ရောက်သွားကြသည်။ အောင်ရံဂါဘာဒ်တွင် ဒေဝပြီယဟော်တယ် တည်းခိုရန် ပထမကတည်းက မြန်မာအိန္ဒိယ ဗုဒ္ဓဘာသာ ချစ်ကြည်ရေးအဖွဲ့ဝင်များက စီစဉ်ပြီးဖြစ်၍ ရောက်လျှင်ရောက်ချင်း ငါးခမ်းရရှိခဲ့သည်။ အားလုံး မောပန်းလာကြ၍ ညနေစာပင် မစားနိုင်ဘဲ အိပ်ရာဝင်ကြရသည်။

နောက်တစ်နေ့ ၂၅၊၂၊၂၀၀၂ နေ့တွင် ငါးနာရီထကြပြီး ခြောက်နာရီခန့်တွင် လက်ဘက်ရည်နှင့်ပေါင်မုန့် ထောပတ်သုတ်ကို စားသောက်ကြပြီး အဆင်သင့် ဟော်တယ်မှ ထွက်ခွာခဲ့ကြသည်။ ပထမဆုံး ဒေါက်ဟာ အာမ္ဗေဒကာရ်ယူနီဘာစီတီနှင့် ဘေဘီမကဗရာကို ကြည့်ရှုပြီး အောင်ရံဂါဘာဒ်မှ ထွက်ခွာခဲ့ကြသည်။ အလွန် သာယာလှပါသည်။ ပတ်လည်ဝိုင်းရံနေသော တောင်များတွင် အာဂျန္တာကဲ့သို့သော ဂူများရှိကြသည်။ ဆောင်းကုန်စ နွေအဝင်တွင် သဘာဝပတ်ဝန်းကျင် အလွန်လှပါသည်။ ယူပီပြည်နယ်တွင် ဂျုံများကို ရိတ်သိမ်းနေကြပြီဖြစ်သည်။ မုံညှင်းများမှာ လုံးဝမရှိတော့ဟု အိန္ဒိယမြန်မာဗုဒ္ဓဘာသာ ချစ်ကြည်ရေးအသင်းဝင်များသည် နာဂပူရ်မှ ယူလာခဲ့သော တာတာဆူမိုနှင့်ပင် အောင်ရံဂါဘာဒ်မှ အနောက်စူးစူးအရပ် ကီလိုမီတာ ၃၀ ဝေးသော အေလိုးရာသို့ ခရီးဆက်ခဲ့ကြသည်။ စာရေးသူတို့အဖွဲ့သည် အေလိုးရာသို့ မနက်ရှစ်နာရီခွဲခန့် ရောက်သွားကြသည်။ ဤနေရာသည် ကျောက်ရုပ်ကျောက်ထုပညာဘက်တွင် အဘိုးမဖြတ်နိုင်သော နေရာတစ်ခုဖြစ်သည်။ ဂူပေါင်း ၃၄ ဂူရှိသည်။ နောက်ပေါ်၍



www.burmeseclassic.com

www.burmeseclassic.com



အသစ် (၂၂) ဂူ တူးဖော်တွေ့ရှိရသည်။ ဤဂူများသည် ထုလုပ်သည့်အချိန်မှစ၍ ယနေ့တိုင် မရိုးလွန်းသော ဂူများဖြစ်ကြသည်။ ဤဂူများသည် နေ့စဉ်ရက်ဆက် ခရီးသည်ပေါင်းများစွာတို့ဖြင့် တွေ့ဆုံမိတ်ဆက်နေကြရသည်။ နေ့စဉ်ထောင်သောင်းများစွာသော ပရိသတ် လာရောက်ကြည့်ရှုနေကြသည်။ ဝင်ကြေးမပေးရပါ။ သို့သော် အင်္ဂါနေ့တိုင်းပိတ်သည်။ အာဂျန္တာဂူများကို တနင်္လာနေ့တိုင်းပိတ်သည်။ အာဂျန္တာဂူများကို တနင်္လာနေ့မှတပါး နံနက်ကိုးနာရီတွင်ဖွင့်၍ ညနေငါးနာရီတွင် ပိတ်သည်။ သို့သော် စာရေးသူတို့အဖွဲ့မှာ လေးနာရီကျော်မှ ရောက်သွား၍ ညနေခြောက်နာရီထိ ဖွင့်ထားတာတွေ့ခဲ့ရပါသည်။ အေလိုးရာဂူများကို ညနေခြောက်နာရီထိ ဖွင့်ကြောင်းသိရပါသည်။

ဟရိဗလ–ကုသိနာရုံ

ဆင်းရဲတွေ့မှ နုကွဲတွေ့မှ သုခရသည်၊
နုကွဲရောက်မှာ မကြောက်ပါနှင့်။
ဒေါ်ဝင်းမြင့်
စာကြည့်တိုက်
ဇီးပင်ကြီးရွာ၊ မင်းပြားမြို့နယ် ရခိုင်ပြည်နယ်၊ မြန်မာပြည်





# မြန်မာနိုင်ငံတော်အလံကို ကမ္ဘာ့အလယ်တွင် လွှင့်ထူခဲ့သည်

ဟရိဗလ၊ ကုသိနာရုံ

မြန်မာနိုင်ငံတော်အလံနှင့် မြန်မာရွှေထီးတော်များသည် မြန်မာကျက်သရေဆောင် အမှတ်တံဆိပ်များ ဖြစ်ကြသည်။ စာရေးသူအား နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံယူရရှိပြီးနောက် နိုင်ငံတော်ကို ကျေးဇူးဆပ်လိုသောစိတ် ပြင်းပြလာခဲ့ပါသည်။ ရွှေထီးတော်ကိုကား ကုသိနာရုံတွင် ကျေးဇူးတော်ရှင်ဘဝနတ်ထံပြန်လွန် တော်မူပြီးနောက် အရိုးတော်ဂူကျောင်းတွင် ၁၉၈၁ ခုနှစ်မှာ တင်လှူခဲ့ပါသည်။ ၁၉၉၂ ခုနှစ် မြကန်သာတွင်လည်း ရွှေထီးတော်မြတ် ဆက်ကပ်လှူဒါန်းခဲ့သည်။ ရေကန်သာကို တူးဖော်ရန် ရှေးဟောင်းသုတေသနဌာနမှ ကန့်ကွက်ခဲ့သည်။ သို့သော် ရှေးဟောင်းသုတေသနဝန်ကြီးကို ဖိတ်ခေါ်ပြီး မြကန်သာတူးဖော်ရန် အစဖွင့်ပွဲ လုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံ ပြည်နယ်အသီးသီးမှ ဟိန္ဒူ၊ ခရစ်ယာန်၊ မူဆလင်နှင့် ဗုဒ္ဓဘာသာ–ဂျိမ်း ၂၆၀ ကျော်တက်ရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပထမဆုံးစသောနေ့တွင် ဝန်ကြီးတက်ရောက်ပြီး မိန့်ခွန်းပြောခဲ့သည်။ နိုင်ငံရေးသမားများလည်း တက်ရောက်ခဲ့ကြသည်။

ပွဲတော်တွင် ဘာသာရေးပုဂ္ဂိုလ်များနှင့် နိုင်ငံရေးသမားများ မိန့်ခွန်းပြောဆိုပြီးနောက် ဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။ နောက်ဆုံးတွင် စာရေးသူအနေနှင့် ကျေးဇူးတင်စကား ပြောကြားခဲ့ရသည်။ မိန့်ခွန်းပြောကြားရာတွင် စာရေးသူက အမျိုး၊ ဘာသာ၊ သာသနာသည် နိုင်ငံတော်၏ ပိုင်ဆိုင်မှုထဲတွင် ပါဝင်၍ ပထမ နိုင်ငံတော်ကိုပင် ဦးစားပေးကြရမည်။ လှူငယ်ပွဲတော်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံမြန်းတော်မူရာ ကုသိနာရုံရှိ နိုင်ငံတကာ ကျောင်းပေါင်းစုံမှလည်းကောင်း၊ ကုသိနာရုံရှိ ပညာရေးဘက်ဆိုင်ရာ ကျောင်းပေါင်းစုံ ကျောင်းသားကျောင်းသူများ အနေဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေးဘက်ဆိုင်ရာ ကျောင်းထိမ်းသိမ်းရေးအဖွဲ့များကိုယ်စား အနေဖြင့်လည်းကောင်း၊ မိဘဆရာအုပ်ထိမ်းသူများအနေဖြင့်လည်းကောင်း လိုက်လှဲစွာ ကြိုဆိုပါကြောင်းနှင့် ကုသိနာရုံ ကမ္ဘာ့ဘာသာရေးဘက်တွင် နေရာကောင်း နေရာထူးတခုဖြစ်သော သံဝေဇနိယဌာန တစ်ခုအနေဖြင့်လည်းကောင်း ကမ္ဘာပေါ်တွင် အလွန်ကျော်ကြားခဲ့ရပါသည်။ ဤဌာန ကောင်းမွန်တိုးတက်လာခဲ့ပါက နိုင်ငံတော်အတွက် အယူးဂုဏ်ရှိမည် ဖြစ်ပါသည်။ ဤပွဲတော်သို့ ကြွရောက်လာသော အထူးဧည့်သည့်မှာ ကုသိနာရုံနယ်သားဖြစ်၍လည်း ပိုမိုဂုဏ်ယူမိကြောင်း ဤဌာနတွင် ဗုဒ္ဓဆရာဝါးရ် ခေါ်မြကန်သာတစ်ခု ဖြစ်မြောက်လာခဲ့ပါက ကုသိနာရုံ နယ်သူနယ်သားများအနေဖြင့် အထူးဂုဏ်ယူစရာကောင်းကြောင်း ဟိန္ဒီဘာသာဖြင့် မိန့်ကြားခဲ့ပါသည်။


ဤမြကန်သာခေါ် ဗုဒ္ဓဆရာဝါးရ်ကို ပထမဆုံး ဝန်ကြီးမင်းက စတင်ပြီး တူးဖေါ်ခဲ့ပါလျှင် ရာဇဝင်တွင် စာတင်နိုင်လောက်အောင် ဖြစ်နိုင်ပါလိမ့်မည်။ သို့ပါ၍ ကျေးဇူးပြု၍ ဝန်ကြီးမင်းက ပေါက်တူးဖြင့် တစ်ချက်ချ၍ တူးပေးပါရန် ဝမ်းမြောက်စွာဖြင့် တောင်းပန်မေတ္တာရပ်ခံအပ်ပါသည်ဟု မိန့်ကြားခဲ့သည်။ ဝန်ကြီးအနေဖြင့် မတူးမဖြစ်တော့ပါ။ ကလေးများက ဝန်ကြီးကို အောင်ဆုသြဘာများ ကြွေးကြော်လျက် မဏ္ဍပ်မှ တောင်ဘက် ရေးဟောင်းသုတေသနနေရာနှင့် ကပ်လျက်နေရာသို့ သွားရောက်ခဲ့သည်။ ကုသ်နာရုံဆရာတော်မှာ







သာသနာပြုခရီးတွင် မြန်မာပြည်သို့ခရီးထွက်ခဲ့သော အိန္ဒိယ လူမျိုးဗုဒ္ဓဘာသာဝင် သုံးဦးအား ဂုဏ်ပြုပွဲတော်တွင် သာသနာရေးဝန်ကြီးမှ ဂုဏ်ပြုပစ္စည်း ပေးလှူနေစဉ်



သာသနာပြုခရီးခေါင်းဆောင် ကုသိနာရုံဆရာတော်အား သာသနာရေးဝန်ကြီးမှ လှူဘွယ်များ ဆက်ကပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်လုပ်ထားသော ရွှေပေါက်တူးဖြင့် တူးဖော်ရန် ဝန်ကြီးလက်ဝယ်သို့ ပေါက်တူးကြီး အပ်နှင်းလိုက်ပါတော့သည်။

ဝန်ကြီးက စာရေးသူထံမှ ပေါက်တူးကိုယူလျှက် ဂျာနေဆွရ်ဘာဘာ ဂျာနေဆွရ်ဘာဘာ ဗဟုတ်တ်ကျ လာက်ဟိုက်မိုင်နေ အပနာခေတ်တ်မေ ကူဒ္ဒါ ရိကျလာ နေကိုမိလာ– ဟုပြောပြီး ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။ "ဆရာတော်ဉာဏိဿရ ဆရာတော်ဉာဏိဿရ အလွန်လိမ္မာပါးနပ်လိုက်တာ၊ ငါဟာ ကိုယ့်လယ်မှာတောင် တစ်ခါမျှ ပေါက်တူးမပေါက်ခဲ့ဘူး။ ခုတော့ သူ့လယ်ကျမှ ပေါက်တူးပေါက်ခိုင်းသည်။ ပေါက်ရတော့မယ်နော်" တဲ့ လူပုံကြားတွင် မပေါက်လို့မဖြစ်တော့ဘူး။ အိန္ဒိယတစ်ပြည်လုံးမှ ကျောင်းသားကျောင်းသူ ဘာသာပေါင်းစုံ ပါဝင်ကြသည်။ ပုဏ္ဏားလူမျိုးများ လယ်မထွန်ရပါ။ ပေါက်တူး မပေါက်ရပါ။

ပြည်နယ်ပေါင်းစုံမှ ပါဝင်ကြသည်။ ပုဏ္ဏားလူမျိုးများဖြစ်သည်။ မပေါက်ရင်တော့ ဒုက္ခများကြတော့မည်။ ကဲ့ရဲ့ကြတော့မည်။ လက်နှမ်ဘက်နှင့် ပေါက်တူးကြီးကို ယူပြီးတော့ ပေါက်ချလိုက်ပါတော့သည်။ တားလို့လဲ မရတော့ပါ။ ကုလားပြည်မှာနေတော့ ကုလားထက်ကျော်၍ ဉာဏ်သုံးမှသာ အတော်ဖြစ်သည်။ ရေကန်တူးဖြစ်ခဲ့သည်။ ဘုရားကျောင်းဆောက်ဖြစ်ခဲ့သည်။ ထီးတော်တင်ခဲ့ရသည်။ ဤနေရာသည် ရေးဟောင်းဌာနနှင့် ကပ်နေ၍ အဆောက်ဦးဆောက်၍လည်း မရပါ။ လယ်လုပ်လျှင်လည်း မျောက်ဖျက်သည်။ ယခု မြန်မာပြည်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့သောအချိန်တွင် စာရေးသူသည် မိမိမြန်မာနိုင်ငံတော်ကို ကျေးဇူးဆပ်မည်။ ရွှေတိဂုံစေတီကဲ့သို့ စေတီတော်တဆူ တည်ထားကိုးကွယ်မည်။ ထီးတော်တင်မည်ဟု အားခဲခဲ့သည်။ ပထမ ပန္နက်ရိုက်ခဲ့သည်။ ဒုတိယ မြေသန့်ခဲ့သည်။ တတိယ မြေသန့်ပန္နက်ရိုက်ခဲ့သည်။ နေရာသုံးခု ပြောင်းခဲ့သည်။ အမျိုးမျိုးဝေဖန် ပုတ်ခတ်ခဲ့ကြသည်။ ဒီဘက်မှတစ်မျိုး ဟိုဘက်ကတဖုံ မုန်တိုင်းကြီးတိုက်ခဲ့သည်။ မလဲမပြိုအောင် မနည်းကြိုးကြိုးစားခဲ့ရသည်။ ဘုရားကြီး တော်တော်ပြီးစီးမှ အိန္ဒိယအစိုးရ ရှေးဟောင်းသုတေသန ဌာနဘက်မှ တားမြစ်ခဲ့သည်။ စာရေးသူအား တစ်ဘက်မှ ရေချမ်းကပ်ပြီး တစ်ဘက်မှ မီးတုတ်ပေးခဲ့သည်ဟု ဆိုရမည်။ (၂၈–၄–၉၉) ရက်နေ့ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။





မြို့တော်လက်ခနောင်း အတွင်းဝန်ချုပ်နှင့် မြို့တော်ဝန်က ရှေးဟောင်းသုတေသန ဟောခန်းမကြီးတွင် ပင့်ဖိတ်၍ ပူဇော်ချီးမြှင့်ခဲ့ကြသည်။ V.V.I.P ဟော်တယ်ကြီးတွင် အခမဲ့တည်းခိုးစေခဲ့သည်။ ဝမ်းသာအားရစရာဖြစ်သည်။ သာခု ခေါ်စရာကောင်းခဲ့သည်။ ၂၉၊ ၃၀ ရက်နေ့တွင် ကျင်းပမည့် ဗုဒ္ဓပူဇနိယပွဲတော်ကို စာရေးသူအား တာဝန်ပေးခဲ့သည်။ (၂၈) ရက်နေ့ည (၈)နာရီတွင် ဆု ဆက်ကပ်ခဲ့သည်။ V.V.I.P ဟောတယ်တွင် ညဘက်သတင်းသုံးရန် ေလျှာက်ထားခဲ့သည်။ စာရေးသူက ထင်ခဲ့သည်။ မနက်ဖြန်ကျင်းပမည့်ပွဲတော်တွင် စာရေးသူ မရှိပါက မလွယ်ကူနိုင်ပါ။ စာရေးသူမရှိအောင် ဖန်တီးပြီး စာရေးသူကို မကောင်းကြံကြသည်ဟု ထင်ခဲ့သည်။ တကယ်လည်းဟုတ်ပါသည်။ စာရေးသူမနေခဲ့ပါ။ တော်ရာမှာနေပါ။ ပျော်ရာမှာမနေပါနှင့်ဟု ရှေးဆရာများဆုံးမ စကားရှိခဲ့သည်။ ညတွင်းချင်း ပွဲပြီးသည်နှင့်တပြိုင်နက် (၃၂၀) ကီလိုမီတာဝေးသော ကုသိနာရုံသို့ ပြန်ခဲ့ရသည်။ ည (၁၀) နာရီခန့်တွင် လက္ခနောင်းမြို့တော်မှ ထွက်လာခဲ့သည်။ ကုသိနာရုံသို့ (၄) နာရီခန့် ရောက်လာခဲ့သည်။ ပထမစီစဉ်ချက်အရ "ကုသိနာရုံ ရှေးခေတ်၊ ယခုခေတ်နှင့် နောင်ခေတ်" ဆိုသည့် ဟောပြောပွဲတော် မနက် (၁၀) နာရီခန့် စရပါတော့မည်။ နှစ်နာရီခန့် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသည်။ (၆) နာရီထ၍ ပွဲတော်အတွက် စီစဉ်ရသည်။ ပွဲတော်အတွက် ဟောပြောမည့်သူများကို ဖိတ်သည်။ (၃၊ ၄) ဦးလုံး ရောက်လာခဲ့ကြသည်။ ဥက္ကဋ္ဌအဖြစ် ဆရာတော်အနုရုဒ္ဓ (ကုသိနာရုံဘိက္ခုသံဃဥက္ကဋ္ဌ)က ဆောင်ရွက်သည်။ ဂေါရခပုရ်တက္ကသိုလ်ပါမောက္ခချုပ် ရာဇမောဟန် မိဆရာက ပထမ စဟောခဲ့သည်။ ဒုတိယ အာရ်အန်ဆိန်းဟ် ပုရ်ဗန်ကျလ်တက္ကသိုလ်မှ ပါမောက္ခက ပြောဟောခဲ့သည်။ လက္ခနောင်းတက္ကသိုလ်မှ ရှေးဟောင်းရာဇဝင်ပါမောက္ခ ဆိုင်းလ်နာထ်ကျတုရ်ဗေဒီးက တတိယ ဟောပြောခဲ့သည်။ လာသမျှလူများကို ကောလိပ်ကျောင်းများမှ ဘတ်စကားများဖြင့် ကြိုခဲ့သည်။ ပို့ပေးခဲ့သည်။

တက်ရောက်လာသမျှ ပရိတ်သတ်အား ပက်ပစီဖြင့် ဧည့်ခံခဲ့သည်။ ဟောခန်းမကြီးတစ်ခုလုံး ပြည့်ကြပ်ခဲ့သည်။ ညနေ (၄) နာရီ ပြီးရမည့်အစား (၆) နာရီမှသာ ပြီးစီးခဲ့သည်။ ည(၆)နာရီတွင် ကျောင်းပေါင်းစုံမှ ကျောင်းသားများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အထူးဗုဒ္ဓပူဇနိယပွဲတော်ကို ကုသိနာရုံလျောင်းတော်မူဘုရားကြီးတွင် နှစ်စဉ်ကျင်းပသကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ (၃၀၊ ၄၊ ၉၉) ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့သည်။ ကဆိယသို့တိုင် ရထားလှည့်ပွဲလုပ်ခဲ့သည်။ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ညဘက်တွင် V.I.P အစီအစဉ် မပျက်ပျက်အောင် ဖျက်ကြတော့သည်။ မီး၊ မင်း၊ ခိုးသူ၊ မိုး၊ ရေ၊ လူ ရန်သူမျိုးငါးပါးဖြစ်သည်။ အစစ အနှောင့်အယှက်ပေးနေသူများမှာ သက်ဆိုင်ရာအရာရှိများပင် ဖြစ်နေသည်။ ပြည်နယ် ဂဝန္နာ တက်ရောက်မည့် အစီအစဉ်ကို ပျက်အောင်လုပ်သည်။ V.I.P မိုက်စကားပြောအသံချဲ့စက်မှာ (၅၀၀၀) ရူပီး တနေ့တွက်ပေးရသည်။ အားလုံးပျက်လုမတတ် အရာရှိများဘက်မှ စီစဉ်ပေးလိုက်သည်။ ဂဝန္နာ မလာဖြစ်ခဲ့ပါ။ ဝန်ကြီးမလာဖြစ်ခဲ့ပါ။ "အတ္တာဟိ အတ္တနောနာထော" ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားထားခဲ့ပါသည်။ ကိုယ့်ကိုယ်ကို အားကိုးရမည်၊ တမျိုးစီစဉ်လိုက်ရသည်။ အရာရှိများဘက်မှ တကဲ့နိုင်ငံကျော် အဆိုတော်များ၊ နိုင်ငံကျော် အတီးသမားများ၊ နိုင်ငံကျော် အကများကို ဖိတ်ထားခဲ့သည်။ အားလုံးနိုင်ငံတော်မှ အကုန်အကျခံခဲ့သည်။ ဒီမှ အကုန်အကျတွင် အရာရှိများဘက်မှလာပြီး ခေါင်းပုံဖြတ်ကြပါသေးသည်။ (၁၀၀) ကုန်သင့်တာ (၅၀) ပဲကုန်ခဲ့သည်။

စာရေးသူမှာ ခိုကပ်ရန် ဖြတ်သုံးစရာမရှိတော့ပါ။ သူတို့ဘက်မှ (၅၀၀၀) ကုန်လျှင် (၅၀) သာကုန်ခဲ့သည်။ သူတို့ဘက်မှ (၁၀၀၀၀) ကုန်ခဲ့လျှင် စာရေးသူတို့ဘက်မှ (၁၀၀၀) သာ ကုန်ခဲ့သည်။ သူတို့ဘက်မှ သံချဲ့စက်(၅၀၀) တန်ငှါးခဲ့သည်။ စာရေးသူမှာ V.I.P လာမည်ဖြစ်၍ (၅၀၀၀) တန် ငှါးခဲ့ရခြင်းဖြစ်သည်။ ညဘက်ပျော်ပွဲရွှင်ပွဲတွင် ကျောင်းသားကျောင်းသူများကို ဖိတ်ခဲ့သည်။ တဘက်က နိုင်ငံကျော် ဆို၊ က၊ တီး သမားများ၊ ဆရာတော်ဘက်မှ ကျောင်းသားများ၊ ကလေးများ ဖြစ်ကြသည်။ နိုင်ငံကျော် ဆို၊ တီး သမားများမှာ အချိန်ပိုင်းမျှသာ ကဆိုတီးကြသည်။ ဒီဘက်မှာတော့ သူဝင်မည်၊ ငါဝင်မည်နှင့် ကလေးများကို မနည်းချော့ရသည်။ မနည်းတားရသည်။ နိုင်ငံတော်ဘက်မှ မိနစ်ပိုင်းမျှသာ ကကြ၊ ဆိုကြ၊ တီးကြသည်။ (၇) နာရီမှစသည်။ (၉) နာရီကျော်ခန့်တွင် အပြိုင်အဆိုင် ဖြစ်လာကြသည်။ ဟိုဘက်မှ လူမျိုးပေါင်းစုံလာကြသည်။





လူမိုက်များလည်းပါကြသည်။ စာရေးသူဘက်မှ ဂိတ်စောင့်ရှိသည်။ မတော်မတရားသူများ မလာရနိုင်ခဲ့။ ခလေးကျောင်းသားမိတ်ဆွေများ၊ လူကြီးမိတ်ဆွေများ လာရောက်ခဲ့ကြသည်။ သူတို့ပွဲတော် (၁၀) နာရီခန့် ပြီးစီးသွားခဲ့သည်။ ဒီဘက်ပွဲတော်ကား ည (၁) နာရီကျော်ထိ စည်ကားနေသည်။ V.I.P မိုက်ကြောင့် ကုသိနာရုံတခုလုံး ကြားရသည်။ သူတို့ထက် ဆရာတော်ဘက်မှ သာလွန်အနိုင်ရသည်ဟု ဆိုရမည်။ ဆုရကျောင်းသားကျောင်းသူများ ပါဝင်နေသည်။ ကျောင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု၊ ကျောင်းအလိုက် ၃၀၀၀– ၂၀၀၀– ၁၀၀၀ ဆုချလိုက်သည်။

နောက်တနေ့ မေလတရက်နေ့တွင် ဘုရားကြီးလုပ်နေသည်ကို လာ၍တားခဲ့သည်။ စာရွက်၊ စာတမ်း ပြခဲ့သည်။ ပုလိပ်ပြန်သွားခဲ့သည်။ ဒုတိယနေ့တွင်လည်း စာရေးသူစကားကို ပြန်လှန်ပြောဆိုခွင့် မရခဲ့။ တတိယနေ့ အလုပ်သမားများကို လာရောက်ခြိမ်းခြောက်ပြီး တားကာပြန်ခဲ့သည်။ (၃၊ ၅၊ ၉၉) ခုနှစ်က ဘုရားကြီး တည်ဆောက်မှုလုပ်ငန်း ရပ်ဆိုင်းသွားခဲ့သည်။ ရက်သတ္တတစ်ပတ် စိတ်ကမရွှင်ပျခဲ့။ အိပ်ယာပေါ် လှဲအိပ်နေရသည်။ ဆက်မလုပ်တော့ဘူးဟုလည်း စိတ်ကူးပေါက်သွားသည်။ ဘုရားဂေါပကအဖွဲ့ဝင် ဒကာ၊ ဒကာမများကို မျက်စိထဲက မထွက်ခဲ့ပါ။ နောက်ဆုံးလူလုပ်၍မရဟာမရှိဘူး။ ရရမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။ ဒေလီသို့ လိုက်သွားခဲ့သည်။ အမတ်ကြီးအိမ်ရောက်ခဲ့သည်။ ဗုဒ္ဓဘာသာခေါင်းဆောင်များအိမ်သို့ သွားခဲ့သည်။ ဘယ်နေရာသွားသွား စိတ်ရှည်ရှည်ထားခဲ့ ရသည်ချည်းပင်။

ရှေးဟောင်းသုတေသနဌာနချုပ်မှ အရာရှိကြီးကပြောသည်။ ကုသိနာရုံဆရာတော်သည် သတ္တိရှိသည်၊ လုပ်ရည်ကိုင်ရည်ရှိသည်၊ နယ်ပိုင်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီး၊ ပုလိပ်အရာရှိကြီးအားလုံးကို မုတ်ထိ (မုတ်ထိ ဆိုသည်မှာလက်ဆုပ်) ထဲမှာ ထည့်ထားသည်။ လက်ခုပ်ထဲမှာ ထည့်ထားသည်။ သူလုပ်တာဖြစ်ရမည်။ သူ့ဆီမှ တစ်ခုခုတောင်းရမည် (၁ သိန်း) ဟုပြောသည်။ လာဘ်ပေး လာဘ်ယူ နှစ်ဦးလုံး အပြစ်ရှိသည်။ မပေးနိုင်ဟုပြောခဲ့သည်။ ဝန်ကြီး ပြုတ်ကျခဲ့သည်။ ရွေးကောက်ပွဲပြန်ဝင်သည်။ နောက်တစ်ယောက်ဝန်ကြီး ဖြစ်လာခဲ့သည်။ အနှောင့်အယှက်ပေးခဲ့သော ရှေးဟောင်းသုတေသန အကြီးဆုံးအရာရှိကြီး



www.burmeseclassic.com

www.burmeseclassic.com



ကားတိုက်၍ ဆုံးသွားခဲ့သည်။ ကုသိနာရုံမှအရာရှိ နယ်ပြောင်းခံခဲ့ရသည်။ ဒေလီသို့ (၇) ခေါက်ထက်မနည်း သွားခဲ့ရသည်။ တစ်ခါတစ်လေ တစ်ဦးတည်းသွား၍ တစ်ခါတစ်လေ (၃၊ ၄) ဦး ပါခဲ့ရသည်။ ကီလိုမီတာ (၉၀၀) ကျော်ဝေးသော ဒေလီသို့ ကားနှင့်တလှည့် မီးရထားနှင့်တဖုံ သွားခဲ့ရသည်။ မီးရထားနှင့်သွားက A.C.II နှင့်သွားလျှင် ထောင်ကျော်တစ်ယောက်ကို ပေးခဲ့ရသည်။ ဒေလီတွင် အသွားအလာ လွယ်ကူစေရန် ကားတစီးငှားထားရသည်။ တစ်နေ့ကို ဆီအပြင် (၃၀၀) ရူပီး ပေးရသည်။ (၈) နာရီ သုံးနိုင်သည်။ ကားငှား၍သွားပါက တစ်ခါတစ်ခါချက်ချင်း ကားငှားမရတတ်ပါ။ ကားရပါကလည်း ဈေးများသည်။ တစ်နေ့တာအတွက် ငှားထားတာက ပိုကောင်းသည်။

ကိုယ့်ကားဆို တာတာဆူမိုနှင့်သွားပါက လမ်းရှည်သည်။ ဒုက္ခများတတ်သည်။ သွားလေရာရာ အသိများ၍ နေ့ခင်းနေးတတ်သည်။ သွားဖန်စောက်စောက် ခရီးတော့ရောက်ခဲ့ပြီး၊ မေးပါများတော့ စကားရခဲ့သည်။ မောင်ပေါက်ကျိုင်းရာဇဝင်မှ အတုခိုးရသည်။ မေးပါများလာတော့ ပန်ကြီးပီအေများက စာရေးသူဘက် ပါလာခဲ့ကြသည်။ ကုသိနာရုံဆရာတော်၏ အဆွယ်ကောင်းမှုကြောင့် တော်တော်အောင်မြင်ခဲ့သည်။ ဒါကြောင့်လည်း မြန်မာပြည်မှ နိုင်ငံရေးသမားတဦးက ဆရာတော် တပည့်တော်တို့ပါတီမှာ ဝင်ခဲ့ပါဟု ပြောဖူးခဲ့သည်။ ပီအေများက အရာရှိများကို ရန်ခံလာကြသည်။ ဘုရားတည်တာ ဘုရားတည်တာ ဘာကန့်ကွက်စရာ လိုသလဲ။ စသည်စသည့် စကားများသည် မေးပါများ ပြောဖန်များသောကြောင့် အရာရောက်ခဲ့ရပါသည်။ နောက်ဆုံး ဘာဘာဂျီး ပရ်ဆာဒ် ပေးပါဟု စကားရခဲ့သည်။ ထိုနေရာတွင် လူပေါင်း (၅၀) ရှိ၍ တစ်ဦးကို (၅၀၀) (၅၀၀) စီ ပရ်ဆာဒ် ပေးပါတဲ့။ ဟုတ်ပြီ ရသည်။ ပရ်ဆာဒ်ဆိုတော့ ပေးမည်။ သက်ဆိုင်သူမှတစ်ဆင့် တိတ်တိတ်ကလေး ရူပီး ၂၅၀၀၀ ပြဆာဒ် ပေးရသည်။ လာဘ်ထိုးတာမဟုတ်ပါ။ ဘုရားတည်ရန်အတွက် ပြဆာဒ် ပေးခဲ့ရသည်။ (၁၂၊ ၅၊ ၂၀၀၀) ခုနှစ် တားမြစ်ချက်ကို ပယ်ခဲ့သည်။ ချွင်းချက်နှင့် ပယ်ခဲ့ခြင်းဖြစ်သည်။ ရှေးဟောင်းသုတေသနဘက်တွင် အသောကသစ်ပင် များများစိုက်ပေးရမည်။ ခြောက်လနှင့် ပြီးအောင်လုပ်ရမည်။ အရောင်မှာသာမညသာ သုတ်ရမည်တဲ့။








သာသနာပြုခရီးသည်တချို့နှင့် ကုသိနာရုံဆရာတော်အား ဂုဏ်ပြုပွဲတွင်ကြွရောက်လာကြသော ဆရာတော်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဝမ်းမြောက်ခဲ့ရသည်။ သီတင်းပေးခဲ့ရသည်။ မြန်မာပြည်မှ ပန်းရံဆရာများ ရောက်လာကြသည်။ (၂၉၊ ၇၊ ၂၀၀၀) ရောက်ခဲ့သည်။ ၁၊ ၈၊ ၂၀၀၀ ဘုရား စတင်တည်ခဲ့ရသည်။ (၂၇၊ ၈၊ ၂၀၀၀) ရက်နေ့ ဦးတော်ထိ ရောက်ခဲ့သည်။ ၂၉၊ ၈၊ ၂၀၀၀ ရက်နေ့ တိုင် စိုက်ထူနိုင်ခဲ့သည်။ ထိုနေ့ "ဇိတံမေ အောင်ပြီ" ဟူသော ကြွေးကြော်သံကြီး တခဲနက်မြည်ဟီးခဲ့သည်။ မိုးမရွာသေးပါ။ တံတိုင်း စခဲ့သည်။ တူးလေပြိုကျလေ တူးလေပြိုကျလေ တော်တော်စိတ်ဆင်းရဲခဲ့ရသည်။ (၅၀၀၀) နှင့် ပုတ်ပြတ်ပေးခဲ့ရသည်။ မိုးရွာခဲ့သည်။ မြေပြိုကျခဲ့သည်။ ရှုပြီး (၃၀၀၀၀) ကုန်ကျခဲ့ရသည်။ အောင်မြင်ခဲ့ရပါသည်၊ ဂေါပကအဖွဲ့များ ရောက်လာခဲ့ကြသည်။ စိတ်တိုကြသည်။ နောက်ဆုံး ဒုတိယ ဥာပနာ ပိတ်နိုင်ခဲ့ပါသည်။ (၃၊ ၂၊ ၂၀၀၁) ကို ဒုတိယဥာပနာ ပိတ်ခဲ့ရသည်။ ဆင်းထုတော်ပေါင်း (၉၀၀၀) ကျော် အကြီးအငယ် ပါဝင်ခဲ့သည်။ ဥာပနာပစ္စည်းပေါင်းများစွာ ပါဝင်ခဲ့သည်။ လုပ်အားရှိလာခဲ့သည်။ နိုင်ငံတော်မှလည်း အလှူပါဝင်လာခဲ့သည်။ အထူးဝမ်းမြောက်ရပါသည်။ နိုင်ငံတော်မှ အကြီးအကဲများကို ပင့်ဖိတ်ခဲ့သည်။ ဆရာတော်ကြီးများနှင့် သထပ မှ ညွှန်ချုပ်တို့ တက်ရောက်မည်ဟု သတင်းရရှိခဲ့သည်။ ဝမ်းမြောက်လှပါဘိတော့။

၁၇၊ ၂၊ ၂၀၀၁ အင်္ဂါနေ့ ဧည့်သည်တော်များ ကြွရောက်လာကြမည်ဟု သိရသည်။ ၁၆၊၂၊၂၀၀၁ နေ့ သောကြာနေ့ ကားလေးစီးဖြင့် ပတ္တနားသို့ သွားကြသည်။ တစီးမှာ အမ္ဗေစတာကားဖြစ်သည်။ ကျောင်းတွင် အငယ်ဆုံး ထေရာဝံသ ခေါ် နီပေါသာမဏေက ဦးဆောင်သည်။ တာတာဆူမိုကားမှာ ကျောင်းကားဖြစ်သည်။ တကာတော်ဦးအေးနှင့် သီရိဆံကရ်ကျောက်ဘဲ က ဦးဆောင်ခဲ့ကြသည်။ တာတာဆူမိုနောက်တစီးမှာ စာရေးသူ၏တပည့် ဆာရ်ဒါယာဒ် ကားဖြစ်သည်။ ဦးမျိုးညွန့်က ဦးဆောင်ခဲ့သည်။ ကျန်ကားတာတာဆူမိုမှာ ကုသိနာရုံမှ ကျောင်းသားတဦးပိုင်သော ကားဖြစ်သည်။ ဂာရေးသူ ဦးဆောင်ပြီး ကုသိနာရုံမှ ထွက်ခွါခဲ့ကြသည်။ ၂၈ ကီလိုမီတာ ဝေးကွာသော တမ်မ်ကူဟီး ရာဂျ်တွင် ဆီဖြည့်ကြသည်။ နယ်စပ်ယူပီပြည်မှသည် ဘီဟာမြေသို့ ဝင်ရောက်လာခဲ့သည်။ ပီပရာကောထိတွင် လှက်ရည်သောက် အနားယူကြသည်။ ကုသိနာရုံမှ ကီလိုမီတာ ၁၅၀ ဝေးသည်။ ထိုမှခရီး ဆက်ခဲ့ရာ မုဇာဖာပူရ်သို့





ရောက်သည်။ ထိုမှတဆင့် ခရီးဆက်ခဲ့ရာ ပတ္တနာမြန်မာကျောင်းသို့ ညနေ ၄ နာရီခန့်တွင် ရောက်သည်။ ရွှေထီးတော်တင်ပွဲနှင့် ဗုဒ္ဓဘိသေက မင်္ဂလာပွဲသို့ ကြွရောက်လာကြသော မြန်မာနိုင်ငံမှ အရာရှိများနှင့် ဘုရားဂေါပကအဖွဲ့ဝင် ဒကာ၊ ဒကာမများ စိန်ဖူးတော်အလှူရှင်များ ငှက်မြတ်နားတော် အလှူရှင်များနှင့် နိုင်ငံတော် သံဃနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်မှ အကြီးအကဲများကို ကြိုဆိုရန် ပြင်ဆင်ကြရသည်။ ကုသနာရုံ ဆရာတော်သည် ၆၊ ၁၂၊ ၉၃ နှစ်တွင် ပုလိပ်မင်းကြီး မိုက်ကူးရာမ်အမှူးပြုသော လူပေါင်း သုံးသိန်းကျော်တို့ကို ဂန္ဒီမိုက်ဒမ်း ဗုဒ္ဓဘာသာသို့ လွှဲပြောင်းပေးခဲ့သည်။ ထိုပွဲတွင် မူဆလင်လည်း သုံးဦး ပါခဲ့သည်။ ကျောင်းသား၊ ကျောင်းသူ ဆရာ၊ ဆရာမများလည်းပါသည်။ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ လန့်ကျဲပိုကတ်ခေါ် နေ့လည်စာထုပ်ကို အဆင်သင့်လုပ်ထားကြသည်။ လေယဉ်ကွင်းသို့ ဝင်ရောက်နိုင်ရန် သံအမတ်ကြီး ဒကာဦးအေး ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ဆရာတော်တပါးနှင့် ဆရာဝန်တဦး ဝင်ခွင့်ရရန် အမိန့်ယူထားရသည်။ လေယဉ်နားဆီ သွားနိုင်ရန်လည်း အမိန့်ယူထားရသည်။ သို့သော် ကြိုဆိုသူများမှာ များလွန်း၍ အပြင်ဘက်တွင် ထိုင်နေရန် စီစဉ်ကြ ရတော့သည်။ ၁၆၊ ၂၊ ၂၀၀၁ နေ့ ကုန်ဆုံးခဲ့ပြီ။ ၁၇၊၂၊၂၀၀၁ အင်္ဂါနေ့ မနက်စောစော စာရေးသူမှာ တပည့်အပေါင်းနှင့် တွေ့ဆုံရန် ကောလိပ်သို့ သွားရောက်ခဲ့သည်။ ဆေးကောလိပ်တွင် ဆရာ၊ ဆရာမများ ပညာသင်ဆရာဝန်များနှင့် ရုပ်ရုပ် ရုပ်ရုပ် ဖြစ်နေကြသည်။

လန့်ကျဲပိုတက်နှင့် ရေးဗူးများကို သယ်ခိုင်းရသည်။ သူတို့မှာတစ်ချို့ တာတာဆူမိုပေါ်သို့တက်၍ တချို့မှာ ဘတ်စ်ကားပေါ်သို့ တက်ကြသည်။ ပတ္တနားမြန်မာကျောင်းသို့ ၇ နာရီခန့်တွင် ရောက်ကြသည်။ တာတာဆူမိုကားလေးစီး၊ ဘတ်စ်ကားတစီးနှင့် အမ္ဗေစတာကားတစ်စီးတွင် ပန်းများဆင်ကြသည်။ အလယ်တည့်တည့်တွင် သာသနာ့ အလံ၊ ညာဘက်တွင် အိန္ဒိယအလံ၊ ဘယ်ဘက်တွင် မြန်မာနိုင်ငံတော်အလံများကို ထောင်ထားကြသည်။

ပထမဆုံး ကုသိနာရုံဆရာတော်ကား၊ ထို့နောက် နိုင်ငံတော် သံအမတ်ကြီးကား၊ အမ္ဗေဒကာဘကား၊ တတိယဆရာတော်ကြီးများကားနှင့် နောက်ဆုံးမှ ဘတ်စ်ကားရှေ့တွင် တက္ကသိုလ်မှ ဆရာဝန်လောင်းများ လိုက်ပါကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူကားတွင် ဗီဒီယိုရုပ်ရှင်ရိုက်သမား ထေရဝံသနှင့် စာရေးသူတို့ လိုက်ပါကြသည်။ မာဂဓတက္ကသိုလ်မှ ဦးဇ၀န၊ ဦးယသတို့သည် သံအမတ်ကြီးကားတွင် တစ်ပါး၊ ဆရာတော်ကြီးကားတွင် တစ်ပါး၊ ဒကာဦးစန်းလွင်ကားတွင် တစ်ပါး၊ ဘတ်စ်ကားတွင် တစ်ပါး လိုက်ခဲ့ကြပြီး နှစ်ပါးမှာ ဂင်္ဂါတံထားကြီးကျော်တွင်ရှိနေသော အနာမိကာ ဟော်တယ်တွင် မြန်မာဆန်ဆန် ဆွမ်းဟင်းများ စီစဉ်ရန် ကြိုတင်သွားနေကြသည်။ ကျောင်းမှ မြန်မာအလံနှင့် သာသနာ့အလံတော်၊ အိန္ဒိယအလံတော်များ တဝီဝီလွှင့်ထူထားသောကားများသည် ပတ္တနားလေဆိပ်ရှိရာသို့ ၈ နာရီခန့် ထွက်လာခဲ့ကြသည်။ လေယာဉ်ချိန်မှာ (၉) နာရီဖြစ်သော်လည်း နောက်ကျတတ်သော အိန္ဒိယအချိန်ကြောင့် (၉) နာရီ လေဆိပ်ရောက်သော်လည်း တစ်နာရီကျော်ကျော်မျှ စောင့်ကြိုခဲ့ကြရသည်။ (၁၀) နာရီကျော်တွင် ယေယာဉ်ဆိုက်လာခဲ့သည်။ လေယာဉ်ရောက်လျှင်ရောက်ခြင်း မြန်မာပြည်မှ V.I.P နှင့် ယိုးဒယားမှ V.I.P များကို အသီးသီးကြိုဆိုရန် လေယာဉ်နားထိ ခေါ်ယူခဲ့သည်။ စာရေးသူတို့ဘက်မှ စာရေးသူ၊ သံအမတ်ကြီး ဥက္ကဋ္ဌကြီး ဦးအေးနှင့် ဆရာဝန်တဦး ပါရှိခဲ့သည်။ ကျန်လူများမှာ ပန်းကုံးကိုယ်စီနှင့် စောင့်နေခဲ့ကြသည်။

(၁၁) နာရီမထိုးမီ သံအမတ်နှင့်အဖွဲ့သည် ဆရာတော်ကြီးများကို ပင့်ဆောင်ပြီး ဟော်တယ်ရှိရာသို့ ခရီးဆက်ခဲ့ကြသည်။ ဟော်တယ်မှာ ဆရာတော်ကြီးများနှင့် ဧည့်သည်တော်ကြီးများကို ဆွမ်းကျွေးပြီး ကျန်ပရိသတ်များကို ပူရီနှင့်အာလူးဟင်းစသော ဟင်းလျာများကို လမ်းတွင်ကျွေးမွေးကြသည်။ တစ်နာရီမထိုးမီ ဟာဂျီပူရ်သို့ရောက်သည်။ စာရေးသူမှာ ရှေ့မှကြိုတင်ပြီး နောက်ကားများထက် ၂ မိုင်ကျော် ၃ မိုင်အလွန်မှ ကြိုတင်ပြေးနေရပါသည်။ လမ်းခရီးတွင် ကြိုဆိုနေကြသော ပရိတ်သတ်များကို အဆင်ပြေပြေနှင့် ကြိုဆိုကြရန် စီစဉ်ပေးရသည်။

နိုင်ငံတော်အလံ တလူလူဖြင့် ကားလေးစီးနှင့် ဘတ်စ်ကားတစီးသည် ဘီဟာပြည်နယ်မှ မိုင်ပေါင်း ၂၀၀ ခန့်ကို ဖြတ်ကျော်ပြီး ကုသိနာရုံသို့ ဦးတည်ခဲ့သည်။ ညနေ (၄) နာရီခန့်တွင် ဘီဟာနယ်အဆုံးတွင် ဗုဒ္ဓဆမာဂျ်မှ ကြိုဆိုခဲ့သည်။ ထိုမှ ခရီးဆက်ခဲ့ရာ ယူပီပြည်နယ်အဝင် ဆရာတော်ကြီးတပါးက သာသနာပြု





ဆရာတော်က သာသနာပြုဆိုတာ ဒီလိုဖြစ်ရမှာပေါ့။ ဒါမှ ဒို့ဗမာဘုန်းကြီးကွဟု အာမေဋိတ် ထွက်ခဲ့ရသည်။ ညနေ (၅) နာရီခွဲခန့်တွင် ဆိုက်ရောက်သည်။ ဘင်ခရာအတီးအမှုတ်ဖြင့် ကြိုဆိုကြသည်။ ပါလာသမျှသော ပရိသတ်အပေါင်းအတွက် မူဆလင်တဦးက ပြိနိုယာနီခေါ် ကြက်သားဒန်ပေါက်ထုပ်ဖြင့်လည်းကောင်း အချိုယာမကာဖြင့်လည်းကောင်း ကျွေးမွေးကြိုဆိုကြသည်။

.ကုသိနာရုံမှ ၄ မိုင်ခန့်အလိုတွင် ကား၊ မော်တော်ဆိုင်ကယ်အစီး (၁၅၀) ခန့်နှင့် ဂျစ်ကား၊ မာရုတီးကား စသည်ဖြင့် ကားပေါင်းများစွာ အတီးအမှုတ်များဖြင့် ကြိုဆိုလာကြသည်။ နယ်ရှင်နယ်ဟိုက်ဝေး (၂၈) ကို တော်တော် အဝေးမှပင် ပိတ်ထားရပြီးဖြစ်သည်။ ဗုဒ္ဓဒီဂရီကောလိပ်ကျောင်းကြီးတွင် ည (၇) နာရီခန့် ရောက်လာသည်။ ကောလိပ်မှ ဆရာ၊ ဆရာမများ ကျောင်းသားကျောင်းသူများကလည်း လှိုက်လှဲစွာ ကြိုဆိုကြသည်။ တစ်မိုင်သာသာခရီးသည် တလမ်းလုံး ပြည့်နှက်နေသည်။ ပုလိပ်များမှာလည်း တော်တော်အလုပ်ရှုပ်ခဲ့ရသည်။ ဗုဒ္ဓဒီဂရီကောလိပ်ကြီးနှင့် ဗုဒ္ဓအင်တာကောလိပ်ကော်မတီဝင် ဆရာတော်ကို လေးစားသောအားဖြင့် ကုသိနာရုံ တမြို့လုံး ဗုဒ္ဓတရားတော် အောင်ပါစေဟူသော ကြွေးကြော်သံကြီးသည် ကုသိနာရုံသာမက အနီးအနားဝန်းကျင်တွင် ကောင်းကင်ကွဲလုမတတ် ပေါ်ထွက်လာခဲ့သည်။

နိုင်ငံခြားတွင် မြန်မာအလံတော်နှင့် မြန်မာ့ရွှေထီးတော်သည် ပါဝင်ခဲ့ရပါသည်။ ကုသိနာရုံမဟာသုခံဒဒ ချမ်းသာကြီးစေတီတော်သည် မြန်မာယဉ်ကျေးမှု၊ မြန်မာ့ဂုဏ်ဆောင်နှင့် မဏ္ဍပ်ရင်ပြင်တခုလုံး မြန်မာမှုဖြင့် ဝင့်ထည်နေချေပြီ။ မြန်မာနိုင်ငံတော်အလံတော်သည် ပတ္တနားမြို့မှ ကုသိနာရုံထိ ကီလိုမီတာ (၃၅၀) ခန့်ကို ခန့်ညားထယ်ဝါစွာဖြင့် တလူလူလွှင့်၍ ခရီးဆက်ခဲ့ခြင်းဖြစ်ပါသတည်း။ ကားပေါ်တွင် နိုင်ငံတော် ဩဝါဒစရိယဆရာတော်ကြီးများ မြန်မာသံအမတ်ကြီးနှင့် မြန်မာ့ V.I.P များ လိုက်ပါလာခဲ့ကြသည်။

ဟရိဗလ–ကုသိနာရုံ



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဝန်

ဟရိဗလ၊ ကုသိနာရုံ

စာရေးသူသည် လွန်ခဲ့သော (၁၉၉၆) ခုနှစ် ဘန်ကောက်လေဆိပ်တွင် အမေရိကန်မှပြန်လာသော ပညာတော်သင်တချို့နှင့် တွေ့ခဲ့ဖူးပါသည်။ (၃၊ ၄) ဦးမှာ စင်္ကာပူမှပြန်လာသူများ ဖြစ်ကြသည်။ (၂၊ ၃) ဦးမှာ အမေရိကန်မှ တိုက်ရိုက်ပြန်လာသူများဖြစ်သည်။ သူတို့အချင်းချင်း တွေ့ပိုက်ရုံမျှဖြင့် ပတ်ဝန်းကျင်တခုလုံး ဆူညံအောင် ပြောဆိုနေကြသည်။ တစ်ခြားနိုင်ငံများမှ ခရီးသည်များကို လုံးဝဂရုမစိုက်ကြပါ။ ပညာတော်သင် အိမ်ပြန်ဆရာဝန်များ ဖြစ်ကြသည်။ စာရေးသူသည်လည်း မြန်မာပြည်ဘွားတဦးဖြစ်၍ သူတို့ကို ကြည့်ရသောအားဖြင့် ရက်ကိုးရက်ကန်း ဖြစ်နေမိသည်။ သူတို့တနာရီသာသာခန့် ဘေးပတ်ဝန်းကျင်ကို အရေးမစိုက်ဘဲ ပြောဆိုနေကြသည်။ သူတို့နှင့် စကားစမြီတော့ ပြောဆိုခွင့် မရခဲ့ပါ။ ဆက်လက်၍လေယာဉ်ထွက်ချိန်နီး၍ ထွက်ခွာခဲ့ရပါသည်။

ကုသိနာရုံစည်ပင်သာယာရေးတွင် အစိုးရအဖွဲ့ဝင်အမှုထမ်းများနှင့် စာရေးသူလည်း ပါဝင်ခဲ့ပါသည်။ ကုသိနာရုံ ခရိုင်ဖြစ်မြောက်စေရန် ဝိုင်းဝန်းကူညီရာ နယ်ပိုင်၊ ခရိုင်ဝန်အားလုံးနှင့် မိတ်ဆွေလိုလို ဆက်ဆံခဲ့ရပါသည်။ ခရိုင်ဝန်





မှာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်မာယာဝတီကို အထူးကြောက်ရသည်။ ဒေါ်မာယာဝတီသည် တိုင်းမင်းကြီး ခရိုင်ဝန်စသည့် အထက်အရာရှိများကို နေရာမကျ ဖြစ်ခဲ့ရာက လူပုံအလယ်တွင် အရှက်တကွဲဖြစ်အောင် ဆူပူတတ်ပါသည်။ နေရာတကာတွင် ဆူပူတတ်၍ ကုသိနာရုံမှ နယ်ပိုင်ခရိုင်ဝန်များ အမှားမရှိအောင် စီးစစ်၊ စစ်ဆေးသော်လည်း စိတ်ထဲတွင် မသိုးမသန့် ဖြစ်နေတတ်ကြပါသည်။ ကုသိနာရုံခရိုင်မှာ (၂၂၊ ၅၊ ၉၇) ခုနေ့ ချမ်းသာကြီးစေတီတော် ပန္နက်ရိုက်၊ အုပ်မြစ်စိုက်သော နေ့ထူးနေ့မြတ်တွင် ခရိုင်အဖြစ် ကြော်ငြာခဲ့ခြင်းဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ်မှာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ်ပြီး ရဟန်းသံဃာများကို လေးစားသောမိန်းမ တဦးဖြစ်သည်။ စာရေးသူနှင့်လည်း တော်တော် ခင်မင်မှုရှိကြသည်။ သို့ဖြစ်၍လည်း ခရိုင်ဝန် နယ်ပိုင်၊ S.P များက စာရေးသူအား သူတို့ အမှားကို မတွေ့ရှိနိုင်စေရန် ကြိုတင်ကာကွယ်မေးလေ့ ရှိတတ်ကြသည်။

ကုသိနာရုံမြို့တွင် စည်ပင်သာယာရေးရုံးကြီး အုပ်မြစ်ချရန် လာခဲ့သော အချိန်ကဖြစ်သည်။ တစ်နေ့လုံး ဓါတ်ချုပ်ဆီးချုပ်ဖြစ်၍ အုပ်မြစ်ချပွဲအပြီးတွင် စာရေးသူမှာ ဗိုက်အောင့်ရောဂါ ဖြစ်ခဲ့ရတော့သည်။ ပထမ မိမိကျောင်းမှ ဆရာဝန်နှင့် စစ်ဆေးခဲ့သည်။ သူက ဂလူးကို့စ် သုံးလုံးသွင်းပေးခဲ့ပြီးပါပြီ။ သို့သော် မသက်သာပါ။ ပထမနေ့ ညနေ (၂) နာရီကျော်ကျော်မှ ဆေးသွင်းခဲ့ရာ ဒုတိယနေ့ (၁) နာရီ ကျော်ပါပြီ။ ဗိုက်မှပူ၍လာခဲ့သည်။ ဆီးလည်းမသွားခဲ့။ ဝမ်းလည်းမသွားခဲ့။ အခံရခက်ပါသည်။ ညနေ (၃) နာရီခန့်တွင် ဆေးရုံသို့ သွားကြပါသည်။ လူနာအသဲအသံ ဖြစ်နေလေ ဆရာဝန်အဖို့ကောင်းလေဖြစ်တတ်သော ယခုကာလတွင် ခံရသူအဖို့ အတော့်ကို အခံရခက်ပါသည်။ ဆရာဝန်နှင့်တွေ့ဆုံပြီး A.C အခန်းတခုသို့ တင်ပို့ခဲ့သည်။ တပည့်သုံးလေးဦးနှင့် တညလုံး ဂလူကို့စ်သွင်း၍ ထားပါသည်။ ကုသိနာရုံမှ ခရိုင်ဝန်နှင့် ဂေါ်ရခပူရ်တိုင်းမြို့မှ City မဂျီစရိတ်တို့ထံမှ ခဏခဏ သတင်းမေးလာနေကြပါသည်။ ချက်ချင်းနေမကောင်း၍ ချက်ချင်းခံစားရသော ဝေဒနာဖြစ်၍ တော်တော့ကို အခံရခက်ပါသည်။ နောက်တနေ့ တပည့်နန္ဒရဟန်းနှင့် တီကေရာယ်တို့နှင့်အတူ အနီးကပ်ဆေးရုံသို့ ပြောင်းလာခဲ့ရသည်။ ခြေထောက်နှင့်သွားနိုင်ဖို့ လုံးဝမဖြစ်နိုင်ခဲ့ပါ။ တွန်းလှည်းနှင့် တွန်း၍ သွားခဲ့ရပါသည်။ ထိုဆေးရုံရောက်တော့ ဆရာဝန်မနှင့် သိကျွမ်းခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုအလုပ်လုပ်ရသော စာရေးသူမှာ တခါတခါ နေမကောင်းသူများကို လည်း ဆေးရုံတင်ခဲ့ပေါင်းများလှသည်။ ဤဆရာဝန်မနှင့် လူနာအပ်သွားစဉ်က သိခဲ့ဘူးသည်။ ဟာ့၊ ဘာဘာဂျီး တကယ်လို့များ ဗိုက်ခွဲရပါက ဒုက္ခပါဘဲဟု မျက်စိမျက်နှာပျက်သွားသည်။ အလတြာဆောင်းနှင့် ကြည့်သည်။ (၂၀၊ ၂၅) မိနစ်ခန့် သေသေချာချာကြည့်သည်။ သူ့အနားတွင် ကွန်ပျူတာနှင့် ဆရာဝန်မလေးတဦးက သူပြောသမျှကို မှတ်ချက် ရေးသည်။ (၁၅) မိနစ်အကြာတွင် ဆရာဝန်မက "ဘာဘာဂျီး၊ ကောက္ကာဘတ်နဟိန်း–ဆဲ့ဗ်အချားဟိုက်" ဟုပြောလိုက်သည်။ ဆရာတော် ကိစ္စမရှိဘူး၊ အားလုံးကောင်းပါတယ်တဲ့။ စာရေးသူမှာ ချက်ချင်း သက်သာသွားသလို ဖြစ်သွားရသည်။ ပထမတော့ ဆရာဝန်မက စာရေးသူနှင့် မတွေ့မီ နင်တို့ဆရာကို လိုအပ်၍ ခွဲစိတ်ကုသပါက ပိုက်ဆံပေးနိုင်ပါ့မလားဟု မေးခဲ့ရာ T.K Roy က ငါတို့ဆရာ ဘာမှတ်သလဲ။ နင်တို့ဆေးရုံတခုလုံး ဝယ်လိုကလည်း ဝယ်နိုင်သည်ဟု ပြောလိုက်ခဲ့သည်ဟု သိရသည်။ စာရေးသူနှင့်တွေ့မှ ဆရာတော်တပည့်က ဒီလိုပြောသည်ဟု ပြောပြသည်။ ဆရာဝန်မက စကားချိုချိုသာသာ ပြောလိုက်ရုံမျှဖြင့် လူနာမှာ တဝက်သက်သာ သလိုဖြစ်ခဲ့ရသည်။

လူနာသည် ဆရာဝန်ပေါ်မှာ မူတည်ပါသည်။ ငွေရေးကြေးရေးကို မကြည့်ဘဲ ဆက်ဆံမှုအပြည့်အဝဖြင့် ဆက်ဆံခဲ့ပါလျှင် သေနိုင်သောလူနာသည် ပင်လျှင် ကောင်းနိုင်သောအခြေအနေသို့ ရောက်တတ်ပါသည်။ နောက်တနေ့တွင် စာရေးသူမှာ ဓါတ်ရောဆီးရော သွားခဲ့ပါသည်။ လူကောင်းပကတိလို ဖြစ်သွားခဲ့ရပါသည်။ မဟာသုခံဒ ချမ်းသာကြီးစေတီတော် ဘိီးတင်ပွဲ အခန်းအနားကိုလည်း ကျင်းပနိုင်ခဲ့သည်။ အားလုံးအဆင်ပြေခဲ့သည်။ ရောဂါသည် ရောဂါသာဖြစ်သည်။ ဆေးမစားလျှင် ရောဂါထတတ်သည်။ စာရေးသူမှာ အလုပ်များ၍ ဆေးမစားမိခဲ့ပါ။ (၃၊ ၄) ရက် ဆေးမစားဘဲ နေခဲ့သဖြင့် ၆၊ ၃၊ ၂၀၀၁ ရက်နေ့ ရောဂါထခဲ့သည်။ အပေါ်သွေးက ၁၈၀ ရှိခဲ့သည်။ အောက်သွေး ၁၃၀ ရှိခဲ့သည်။ တခါမျှမကြုံခဲ့ဘူး။ ည (၁၁) နာရီခန့်တွင် ဘယ်ဘက်ခေါင်းတခြမ်းလုံးကို စူးနှင့်ထိုးဆွသလို ခံစားခဲ့ရသည်။ ညတွင်းချင်း ဆရာဝန်ခေါ်ရသည်။ အနားတွင် ပဏ္ဍိတသာမဏေ ရှိသည်။ သူမှတဆင့် ဦးပဥ္စင်းနန္ဒရတန်းကို ခေါ်ခဲ့သည်။ ကားလွှတ်၍ ဆရာဝန်ခေါ်ရသည်။ ဆေးသုံးလုံးထိုးသည်။ စားဆေးပေး





ခဲ့သည်။ သတိပြန်လည်ရလာ ခဲ့သည်။ နောက်တနေ့ ဂေါရခပူရ်သို့သွား၍ ဆရာဝန်ကြီး KK Kapur နှင့်တွေ့ခဲ့သည်။ ဆရာဝန်က သေချာစွာ စစ်ဆေးခဲ့သည်။ တိုင်းဆေးရုံမှ ဆရာဝန်ကြီးနှင့် တွေ့ဆုံခဲ့ရသည်။ သေချာစွာ စစ်ဆေးခဲ့ရသည်။ အနားယူပါဟု အကြံပေးခဲ့သည်။ အနားယူရန် ကိုရီးယားသို့ တစ်လတိတိ ခရီးထွက်ခဲ့သည်။ ဆရာဝန်နှင့်လည်း တွေ့ဆုံခဲ့ရသည်။ ကိုးရီးယား ဆရာဝန်ထံသို့ ရောက်ခဲ့သည်။ ဘာသာစကားလုံးဝနားမလည်ပါ။ ကိုးရီးယားလိုသာပြောသည်။ သို့သော်-သူ၏ဆက်ဆံမှုသည် ဖေါ်ရွေမှုရှိသည်၊ ပြုစုမှုသည် ခံရသူအဖို့ ကြည်နူးခြင်းကို ခံစားရစေသည်။ ဆေးရုံကိုရောက်သည်။ ရောက်လျှင် ရောက်ချင်း ပထမ သွေးစစ်သည်။ ငါးမိနစ်ခန့်တွင် သွေးရောနှလုံးခုံတာရော စစ်ဆေးသည်။ ထိုမှ ရှေ့ခန်းဆက်ရသည်။ ရောက်လျှင်ရောက်ချင်း ပထမ သွေးစစ်သည်။ ဆယ်မိနစ်ခန့်တွင် ဓါတ်မှန်ရိုက်လိုက်သည်။ ရှေ့ခန်းသို့ ဆက်ရသည်။ ရှစ်မိနစ်ခန့် အတြာဆောင်းလုပ်လိုက်သည်။ သွေးစစ်ဆေးသည်။ ဆီးစစ်ဆေးသည်။ အာလုံး တနာရီခန့်ကြာသည်။ ဝင်ပေါက်မှ တခန်းပြီးတခန်း လှည့်ခဲ့ရသည်။ နောက်ဆုံးဆရာဝန်ကြီး အခန်းထဲရောက်သွားခဲ့သည်။ ချက်ချင်း ရောဂါအခြေအနေ ပြောပြခဲ့သည်။ အချိန်လည်းမကုန်ခဲ့။ ဆရာဝန်၏ဆက်ဆံမှုမှာ ပြေပြေပြစ်ပြစ်နှင့် လာသမျှလူများကို စိတ်ရှည်လက်ရှည် စစ်ဆေးသည်။ ဝေဒနာခံစားရသူများမှာ စိတ်တိုတတ်သည်။ ရောဂါကြောင့် ခံစားရမှု ဝေဒနာအတွက် စိတ်မရှည်တတ်ကြပါ။ ဆရာဝန်ကသာ စိတ်ရှည်ရှည်နှင့် ဆက်ဆံခဲ့နိုင်ပါလျှင် ရောဂါတဝက် ပျောက်သွားတတ်သည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတွင်ကား ဆရာဝန်များ ပိုက်ဆံကိုဘဲ ဦးစားပေးတတ်ကြသည်။ ပိုက်ဆံရှိသူကို ဦးစားပေးတတ်သည်။ ယိုးဒယား၊ ကိုးရီးယား၊ ဂျပန်နိုင်ငံများတွင် ရဟန်းတော်များနှင့် ရောဂါပြင်းပြသူကို ဦးစားပေး၍ ကုပေးတတ်သည်။ ကိုးရီးယားဆရာဝန်၏ ဖေါ်ရွေမှုကြောင့် စာရေးသူမှာ ချက်ချင်း ရောဂါပျောက်ခဲ့ရသည်။ ဆေးနည်းပေးသည်။ ရောဂါနှင့်ဆေး ညီအောင်ပေးတတ်သည်။ ကစ်ပတ်အတွင်းရောဂါ ပျောက်ခဲ့ရသည်။ အိန္ဒိယတွင်တော့ ရောဂါထက်ဆေးကများသည်။ ဆေးစားပြီး ရောဂါတိုးတတ်သည်။ ဆရာဝန်မှာ ရောက်ဂါ ပျောက်ဖို့ထက် ဆေးရောင်း



www.burmeseclassic.com

www.burmeseclassic.com



ရဖို့က အရေးကြီးသည်။ လူနာများမှာ ဆေးများများစားရ၍ ရောဂါဝင်တတ်သည်။

စာရေးသူ ကိုးရီးယားမှအပြန် မြန်မာပြည်သို့ ဝင်ခဲ့သည်။ ဗိုက်ညာဘက်အောက်နားတွင် နဲနဲကလေး အောင့်နေခဲ့သည်။ အူအတက်ပေါက်သည်ဟုပြောခဲ့သည်။ တပတ်စောင့်ရမည်ဟုပြောသည်။ လေးရက် အစာမစားဘဲ နေခဲ့ရသည်။ ယာဂုသောက်ရသည်။ လေးရက်အကြာ ဆေးရုံသို့ ပြန်သွားခဲ့ရသည်။ လူနာများတပုံကြီး ရောက်နေကြသည်။ ဆရာဝန်မရောက်လာသေး။ ဆရာဝန်ရောက်လာတော့ လူနာများကို စစ်ဆေးပေးသည်။ ဆရာဝန်မှာ လူနာကို အရေးမစိုက်ပါ။ လူနာများကို အော်ငေါက်နေတာကိုလည်း ကြားခဲ့ရသည်။ လူနာမှာ ဆရာဝန်အပေါ် မှုတည်သည်။ ဆရာဝန်က ချော့မော့ပြောလေ လူနာမှာ ရောဂါပျောက်လေဖြစ်သည်။ လူနာကို ငေါက်လိုက်တော့ လူနာမှာ ပထမကတည်းက ဝေဒနာ ခံစားနေရသူဖြစ်၍ စိတ်မရှည်တတ်ကြပါ။ ရောဂါ ပိုသွားတတ်သည်။ စာရေးသူတို့ရောဂါမှာ သွေးတိုးရောဂါဖြစ်နေ၍ စိတ်တိုလျှင် ရောဂါတိုးတတ်သည်။ အိန္ဒိယနိုင်ငံ ဂေါရခပူရ်မြို့တွင် ပံချာပီဆရာဝန် KK ကပူးရ်ဆိုသူရှိသည်။ စာရေးသူနှင့် တော်တော်ခင်ကြသည်။ လူနာက သူ့ကို စကားခတ်မာမာပြောခဲ့လျှင် သူကရပ်ထားခဲ့ပြီး အခန်းထဲလာပြီး ဆေးတံသောက်၍ ငါးမိနစ်ခန့် အနားယူသည်။ ပြီးလျှင် ပြန်စစ်ဆေးတတ်သည်။ နှလုံးရောဂါ အထူးကုဆရာဝန်ဖြစ်သည်။ ဂေါရခပူရ် ဆေးတက္ကသိုလ်တွင် ကထိက လုပ်နေသူလည်းဖြစ်သည်။ အဖ ဆရာဝန်၊ သား ဆရာဝန်၊ သမီး ဆရာဝန်၊ သမက် ဆရာဝန်နှင့် သမက်ရဲ့ အဖေအမေများလည်း ဆရာဝန်များ ဖြစ်ကြသည်။ စိတ်ရှည်ရှည် ထားတတ်သည်။ လူနာ တနေ့တနေ့ ရာပေါင်းများစွာ ရောက်ကြသည်။ ကောင်း၍လာကြသည်။ လာ၍လူနာကောင်းသည်။ လူနာတို့၏ တဆင့်စကားဖြင့် လူနာများ အဆက်မပြတ် လာကြသည်။ ပံချာပီဖြစ်သော်လည်း ဘာသာရေးသမားကို ဦးစားပေးကုသည်။ ဆေးခနှင့်ဆရာဝန်ခ မယူသည့်အပြင် စာရေးသူကို တစ်လတစ်ကြိမ် အမြဲတန်းခေါ်ယူပြီး ဆေးအခမဲ့ စစ်ပေးလေ့ရှိသည်။ ဆရာဝန်ကတော်ကလည်း ဆေးကုသလျှင် စားသောက်စရာဆေး၊ နဝကမ္မလည်း လှူတတ်သည်။ ဘာသာရေးဦးစားပေး၍လည်း ဆရာဝန်မှာ တနေ့တခြား တိုးတက်နေဆဲ





ဖြစ်သည်။ စိတ်ရှည်သည်။ ကောင်းကောင်းစစ်ဆေးသည်။ ဆေးနဲနဲ ပေးသည်။ ရောဂါကို သိအောင်ရှာသည်။ ပြီးမှ ဆေးပေးသည်။ လူနာများများကောင်းသည်။ နာမည်ကြီးသည်။

ဆရာဝန်များ ထိုကဲ့သို့ဖြစ်လျှင် ပိုကောင်းပါသည်။ မြန်မာပြည်မှ ဆရာဝန်မှာ ပိုက်ဆံဘက်လိုက်တတ်ကြသည်။ စေတနာကောင်းနှင့်ကုလျှင် ရောဂါပျောက်သည်။ လူနာများများလာတတ်သည်။

ဟရိဗလ၊ ကုသိနာရုံ






www.burmeseclassic.com

www.burmeseclassic.com





အိန္ဒိယထိပ်သီးညီလာခံတွင် စာရေးသူနှင့်
ယိုးဒယားမှ ဆရာတော် နှစ်ပါး



ရဟန်းမယ်တော် ဒေါ်သဇင်မြင့်အောင်၊
ရဟန်းမယ်တော် ဒေါ်သန်းတင်တို့ နှင့်
စာရေးသူ ဟရိဗလ ကုသိနာရုံ





# မိန့်မကြီးတစ်ယောက်

ဟရိဗလ၊ ကုသိနာရုံ

စာရေးသူသည် (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို မြန်မာနိုင်ငံတွင် လက်ခံရရှိပြီးနောက် အိန္ဒိယသို့ ပြန်ရောက်လာခဲ့သည်။ ကုသိနာရုံ သာသနာရေး၊ သာသနာတော်ထွန်းကားရေး၊ ကျောင်းတည်တံ့တိုးတက်ရေး၊ မြန်မာ့ယဉ်ကျေးမှုလက်ရာ နိုင်ငံခြားတိုင်းတပါးတွင် ထွန်းကားပေါ်ပေါက်လာရေး စသည်များကို ရည်ရွယ်ပြီး ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားတိုးတက် တည်တံ့ပြန့်ပွါးစေရန်အတွက် နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဦးဝဏ္ဏာသိရီ အကျိုးတော်ဆောင်ချုပ် ဆရာတော်ကြီးအား ချဉ်းကပ်ပူဇော်ပြီး လျှောက်ထားခဲ့မိသည်။ ရရှိသော နဝကမ္မဝတ္ထုများကိုလည်း မိမိကိုယ်တိုင် ယူမသွားခဲ့ပဲ သာသနာတော်နှင့် ပတ်သက်သော သာသနာရေးဝန်ကြီးဌာန လက်အောက်တွင် အပ်နှံထားခဲ့ရန် ဆန္ဒရှိကြောင်းလျှောက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးမှာ စာရေးသူ၏စိတ်နေသဘောထားကို ချီးကျူးပြီး ကုသိနာရုံ ထေရဝါဒသာသနာ စည်ပင်သာယာရေး အဖွဲ့ငယ်တစ်ခုကို ဖွဲ့စည်းပြီး ဦးကြာဦးအေးနှင့် သာသနာရေးဌာနမှ ပုဂ္ဂိုလ်တစ်ချို့ ပါဝင်စေပြီး နဝကမ္မဝတ္ထုများကို အပ်နှံစေခဲ့ပါသည်။ စာရေးသူမှာ ပထမ ကုသိနာရုံ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူကတည်းက ရုံးတော်တွင် တရားစွဲဆိုခံရခြင်း၊ ကုသိနာရုံနှင့် ဗာရာဏသီ မိဂဒါဝုန်ဌာနများတွင် ဖြစ်နေခဲ့သော တရားများကို စွမ်းစွမ်းတမံ ကြိုးစားဖြေရှင်းမှုကြောင့် အနိုင်ရရှိခဲ့သဖြင့် တစ်ဖက်မှပုဂ္ဂိုလ်များ အခဲမကြေ ဖြစ်နေကြသည်။ တရားပေါင်း (၈) ခု ကုသိနာရုံတွင် အနိုင်ရရှိခဲ့ပါသည်။ ဗာရာဏသီ၊ မိဂဒါဝုန်အမှုများ မြေသိမ်းခံရသောအမှုများ ဆရာတော် ဦးကိတ္တိမကို စွဲဆိုခဲ့သောတရားများနှင့် ပြည်နှင်ဒဏ်ပေးခဲ့သော အမှုများကို နိုင်ငံတော်အစိုးရ ဒေလီသို့ သွားရောက်ပြီး ဒေလီကွန်ဂရက်ဝန်ကြီး ပထမ ကုသိနာရုံ ဆရာတော်ကြီး၏တပည့်အရင်း ဗုဒ္ဓပြိယမောရ်ယ စီးပွားရေး ဝန်ကြီးနှင့် ဆွေးနွေးပြီး ဖြေရှင်းနိုင်ခဲ့သည်။ ဥပဒေကို လေ့လာခဲ့ရသည်။ ဥပဒေတချို့က ကိုယ့်ဘက်ပါခဲ့သော်လည်း ဥပဒေတချို့မှာ ကိုယ့်ဘက်မပါနိုင်သော ဥပဒေများလည်း ပါတတ်ရာ ဗုဒ္ဓသာသနာတော်ကြီးနှင့် မြန်မာသာသနိက အဆောက်အဦးများ ဝတ္ထုကမြေများအတွက် ကိုယ့်ကိုကိုယ်စတေးလိုက်ရပါတော့သည်။ အိန္ဒိယတိုင်းရင်းသားအဖြစ် မိမိကိုယ်ကို ခံယူလိုက်ပြီး ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ကြီး ဦးကိတ္တိမကိုပါ တိုင်းရင်းသား ခံယူနိုင်အောင် ကြိုးစားလိုက်ရပါတော့သည်။

မြန်မာနိုင်ငံမှ လှူဒါန်းခဲ့သော နဝကမ္မဝတ္ထုများကိုလည်း စည်းကမ်းတကျ ရှိစေရန်အလို့ငှာ နဝကမ္မဝတ္ထုများကို သာသနာရေးဝန်ကြီးဌာနတွင် အပ်ထားခဲ့ခြင်း ဖြစ်ပါသည်။ ကုသိနာရုံတွင် ပထမဆုံး ကျေးဇူးတော်ရှင် ကမ္ဘာ့ သာသနာပြု ဆရာတော်ဘုရားကြီး ကျောင်းဆောင်တော်စီမံကိန်း ဗုဒ္ဓရေကန်တော်စီမံကိန်း၊ ကျောင်းဆောင်များ ဖြစ်မြောက်လာစေရန်စီမံကိန်း၊ စာသင်ကျောင်းတိုးတက်လာစေရန် ဆေးရုံစီမံကိန်းနှင့် စေတီတော်တည်ဆောက်ရေး စီမံကိန်းများ စသည့်ဗုဒ္ဓသာသနာတော် ထွန်းကားတည်တံ့ပြန့်ပွားရေး စီမံကိန်းများ စတင်လုပ်ရ ပါတော့သည်။





ဤကဲ့သို့ ပြုလုပ်ရာတွင် ရှေးဟောင်းဌာနကို မြှောက်မြှောက်ပေးပြီး သင်္ကန်းဝတ်ပုဏ္ဏားဒေဝရှိ ဥပါဒယာယခေါ် ဗုဒ္ဓမိတ်ကြောင့် အစစ နေရာများတွင် အနှောင့်အယှက် ပေးတတ်ပါသည်။ တိုင်းရင်းသား နိုင်ငံခြားသားစသည့် ခွဲခြားပြီး နိုင်ငံတော်အစိုးရနှင့်လည်းကောင်း၊ အန္ဒိယဗုဒ္ဓဘာသာများနှင့်လည်းကောင်း၊ ကျောင်းသားများနှင့်လည်းကောင်း ခိုက်ရန်ဖြစ်ပွားစေရန် အမျိုးမျိုး ဖန်တီးပေးကြပါသည်။ ကုသိနာရုံစေတီတော်ကြီး ကိစ္စနှင့်လည်းကောင်း ပထမ ကုသိနာရုံတွင် ကူညီပေးခဲ့သော အိန္ဒိယဆရာတော်ကြီး အရိုးဂူကိစ္စနှင့်လည်းကောင်း အနှောင့်အယှက်ပေးခဲ့ပါသည်။ ကျောင်းဆောင် ဆောက်လုပ်တိုင်း ရေကန်တူးတိုင်း တစ်မျိုးမဟုတ်တစ်မျိုး အနှောင့်အယှက်ပေးခဲ့သည်ချည်း ဖြစ်ပါသည်။

ကုသိနာရုံဘိက္ခုသံဃာတော် အသင်းကြီးကိုလည်း အနှောင့်အယှက်ပေးသေးသည်။ သို့သော် ဘာပဲလုပ်လုပ် မကောင်းသော စိတ်နေစိတ်ထားနှင့် လုပ်ဆောင်ခဲ့သောကြောင့် သူ၏နောက်သို့ မလိုက်ခဲ့ကြပါ။ စာရေးသူနောက်သို့သာ လိုက်ခဲ့ကြပါသည်။ (၁၉၁၉) ခုနှစ်မှ စတင်ကျင်းပခဲ့သော ဗုဒ္ဓဇယန္တိပွဲတော်ကိုလည်း သူ့နေရာတွင် ကျင်းပရန် အစိုးရဌာနအရာရှိများနှင့် တိုင်ပင်၍ ကြိုးစားခဲ့သည်။ သို့သော် မအောင်မြင်ခဲ့ပါ။ ဤအနှောင့်အယှက် အတွေ့အကြုံများကြောင့် စာရေးသူသည် ကျောင်းပိုင်ဝတ္ထုကမြေ ဧက (၄၀) နှင့် (၁၁) ဒီဆီမီလ်ပ်ရှိသော မြေကွက်လပ်ကြီးတွင် (၃၁) ဘုံ ချမ်းသာကြီးစေတီတော် တည်ထားရန် စာရေးသူ မရှိသည့်နောက်ပိုင်းတွင် သာသနိကမြေကို ကုလားများ မသိမ်းရန် ရည်ရွယ်ပြီး ပထမ မြေသန့်ခြင်း၊ ပန္နရိုက်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ ဒကာ၊ ဒကာမများနှင့် သက်ဆိုင်သူ ကော်မတီဝင်များ ဗေဒင်အခါပေးပညာရှင်များပါ တက်ရောက်ခဲ့ကြပါသည်။ ထိုပွဲသို့ တက်ရောက်လာခဲ့ရာ၌ ကာလကတ္တားမှ ပတ္တနားသို့ လာရောက်ကြရာတွင် လေယာဉ်လက်မှတ် အခက်အခဲကြောင့် သက်ဆိုင်သူများထဲမှ သုံးလေးဦးအတွက် လေယာဉ်လက်မှတ် မရခဲ့ပါ။ လက်မှတ်မရ၍ ကားငယ်တစ်စီးဖြင့် လာခဲ့ရပါသည်။ သို့သော် ပထမပေးထားသော အခါတော်အရ ထိုအချိန်တိတိကို မရောက်နိုင်ခဲ့ကြပါ။ စာရေးသူသည် ပန္နက်ရိုက်မည့်နေရာကို အလုပ်သမားနှစ်ဦးနှင့် တစ်ည



www.burmeseclassic.com

www.burmeseclassic.com



လုံး မလျှော်ကြီး ထိုးခဲ့သည်။ လမ်းတွင် ဖုံမထစေရန် ရေစက်ကြီးများဖြင့် ရေများပက်ဖျန်းခဲ့ရပါသည်။ ဤမျှလောက်ကြီးကျယ်သောအလုပ်ကို တစ်ဦးတည်းလုပ်သည်ဆိုလျှင် ဘယ်လိုမျှယုံကြည်နိုင်စရာ မရှိခဲ့ပါ။ စိတ်ကောင်းရှိသူကို နတ်ကောင်းမသည်ဟု ကြားဖူးပါသည်။ တစ်ကယ့်ကို ဟုတ်နိုင်ပါသည်။

(၃၁)ဘုံ ချမ်းသာကြီးစေတီတော် ပန္နက်ရိုက်ပွဲလုပ်ခဲ့ကြပါသည်။ အရေးကြီးသောပုဂ္ဂိုလ်များမှာ ညနေ (၃)နာရီခန့်တွင် ရောက်လာခဲ့ကြပါသည်။ ပန္နရိုက်ပွဲကို ဆယ်နာရီဆယ်မိနစ်တွင် စတင်ပါသည်။ ဗုဒ္ဓသာသနာပြုအဖွဲ့မှ နာယကပုဂ္ဂိုလ်ကြီးတစ်ဦး ဦးဆောင်၍လုပ်ခဲ့ခြင်းဖြစ်ပါသည်။ တစ်ဖန် နောက်တစ်နေ့တီဗီမှာပါစေရန်အလို့ငှာ ဒုတိယအကြိမ်ပြန်၍ ပန္နက်ရိုက်ပွဲပြုလုပ်ရသည်။ ဘုရားတည်ဖူးသူပုဂ္ဂိုလ်များကို ပန္နက်နှစ်ခါရိုက်သည့်အတွက် ပန္နက်ကျိုးသည်ဟု ပြောကြသည်။ ဦးဆောင်သည့်ပုဂ္ဂိုလ်များကို သေဆုံးနိုင်သည်အထိ ဒုက္ခရောက်တတ်သည်ဟု ပြောကြသည်။ သို့သော် အလုပ်သမားဦးဆောင်သူ ကုသိနာရုံဆရာတော်၏တပည့် ကျဆမန်းဘာဘာ မျက်မှန်တပ်ဘုန်းကြီး (ဘိက္ခုသိလာပြကာဆ်) ကိုခေတ်လျှောအော့အန်ပြီး တစ်ညလုံး ဆေးရုံတင်၍ အောက်ဆီဂျင် သွင်းပေးခြင်း ခံခဲ့ရသည်။ နောက်တစ်နေ့ ဒကာ၊ ဒကာမများ စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ (၃၁)ဘုံ ချမ်းသာကြီးအခါပေးခဲ့သော အခါပေးပုဂ္ဂိုလ် ဦးဆောင်ကြသော ကမ္ဘာ့သာသနာပြုအဖွဲ့ ခေါင်းဆောင်ကြီးများကိုပင် ချမ်းသာခြင်းမပေးနိုင်ခဲ့၍ စာရေးသူမှာ ဘုရားတည်ခြင်း အလုပ်အတွက် စိုးရိမ်ကြောင့်ကြမှုများစွာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း အသိပေးအပ်ရပါသည်။ **ဌာပနာရန်** လှူဒါန်းသောပစ္စည်းများကိုလည်း ချိပ်ပိတ်၍ထားခဲ့ ရပါတော့သည်။

ဤကဲ့သို့ ရပ်ဆိုင်းထားချိန်တွင် တစ်ဘက်မှလည်း သင့်တော်တတ်သိနားလည်သော လုပ်ကိုင်ဖူးသော ဘုရားတည်ဖူးသော သေသေချာချာ အခါပေးဖူးသော ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရပါတော့သည်။ ဤသို့ စောင့်ရင်း စောင့်ရင်းနှင့် ပထမနေရာကိုထားပြီး ကျောင်းအရှေ့ဘက် မြေတစ်ဧကကျော်ကျော်ရှိ ကွင်းကြီးကို ဒုတိယအကြိမ် ဘုရားတည်ရန် ရွေးချယ်ရပါတော့သည်။ ဒကာ၊ ဒကာမ၊ ဆရာသမားများ၏ သဘောတူချက်အရ ရွေးချယ်ပြီး ထိုမြေတွင် ပထမအကြိမ် သံဃာတော်ကိုးပါးနှင့် မြေသန့်မင်္ဂလာ လုပ်ကြပါသည်။





ဒုတိယအကြိမ် သစ်ပင်အချို့ကို ခုတ်လှဲမြေညှိပြီး သံဃာတော် (၁၈) ပါးတို့ဖြင့် မြေသန့်လုပ်ပါသည်။ တတိယအကြိမ် ထိုမြေတွင်ပင် သံဃာတော် ၂၇ ပါးတို့ဖြင့် မြေသန့်လုပ်ကြပါသည်။ မြေသန့်လုပ်ကြသော ဆရာတော်များသည်လည်း ဝတ်ကျေတန်းကျေမဟုတ်ဘဲ သံဝေဇနိယလေးဌာနတွင် အပါအဝင်ဖြစ်သော နေရာမြတ်နေရာထူးဖြစ်၍ စိတ်ဝင်တစားကုသိုလ်ပွားစေရန် အားသန်စိတ်မာန်ထား၍ ပရိတ်တော်အားလုံး ရွက်ဖတ်သရဇ္ဈာယ်ကြ ကမ္မဝါစာများ ရွက်ဖတ်သရဇ္ဈာယ်ကြပါသည်။

ပထမအလယ်ဗဟိုတွင် သံဃာတော်များစု၍ ရွတ်ဖတ်ကြပါသည်။ ဒုတိယ တနင်္ဂနွေထောင့်၊ တနင်္လာထောင့်၊ အင်္ဂါထောင့်စသည့်အရပ် (၈) မျက်နှာတွင် သူ့နေရာနှင့်သူ ရွက်ဖတ်သရဇ္ဈာယ်ကြပါသည်။ ဤပွဲဖြစ်မြောက်စေရန် ရဟန်းမယ်တော်ကျောင်းဒကာမကြီး ရွှေရတု ဒေါ်သန်းတင်ကလည်း စေတနာကောင်းမွန်စွာဖြင့် ဖျော်ရည် ယာမကာ ဆွမ်းကွမ်းစသည်တို့ဖြင့် ပူဇော်ဆက်ကပ် ကျွေးမွေးလှူဒါန်းပါသည်။ ညဘက်တွင် ဆွမ်းကွမ်း စီစဉ်နေကြရာ တပည့်လေးငါးဦးနှင့် ရဟန်းမယ်တော်ဒေါ်သန်းတင်တို့အဖွဲ့ကို တစ်ခါတစ်ခါ ကုလားစကား နားမလယ်မှုကြောင့် စာရေးသူက ကြပ်မတ်ခဲ့ရသည်လည်း ရှိခဲ့ဖူးသည်။ ဤသို့ကြပ်မတ်ကြည့်ရှုရန်အသွား မိန်းမတစ်ယောက်ကို မြင်တွေ့မိပါသည်။ ယင်းအကြောင်းကိုသိနိုင်ရန် စာရေးသူ ဆွမ်းစားကျောင်း အနေအထားကို သိထားသင့်ရန် ပြောပြရဦးမည်။ ဆွမ်းစားကျောင်း မီးဖိုချောင် နောက်ဘက်တွင် လမ်းမကြီးတစ်ခု ရှိပါသည်။ နောက်ဘက်တွင် ဆွမ်းစားကျောင်း (နောက်ဘက်) အရပ်အားဖြင့် အရှေ့ဘက်တွင် ကမ္မဋ္ဌာန်းကျောင်းလေးတစ်ဆောင် ရှိပါသည်။ ကမ္မဋ္ဌာန်းကျောင်းကလေးကိုသွားသော လမ်းမကြီးမှာ(၈)ပေကျော်ကျော်ခန့် ရှိပါသည်။ ကျောင်းတိုက်ကြီး၏ အရှေ့ဘက်မြေကွက်ကြီးကို နှစ်ခြမ်းခွဲထားသလို မှတ်ထင်ရပါသည်။ တောင်ဘက်အခြမ်းတွင် သစ်ပင်ဥယာဉ်များ ရှိပါသည်။ မြောက်ဘက်အခြမ်းအတွင် လယ်ကွက်တကွက် ရှိပါသည်။ ကွက်တိကွက်ကြား သရက်ပင်၊ မာလကာပင်၊ ပေါ်ပြူလာပင်နှင့် သပြေပင်များရှိပါသည်။ ၄င်းကွက်တွင် မြေသန့်လုပ်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေသန့်တတိယအကြိမ် လုပ်ခဲ့သောနေ့တွင် ည လသာသာတွင် လာသောသူသည် ဆွမ်းစားကျောင်းသို့အသွား ကမ္ဗောဒန်းကျောင်းကလေးဘက်မှ ဖြူဖြူဝဝ အသက်အားဖြင့် (၄၀) ခန့်မှန်းရသော မိန်းမကြီးတဦး ရှေ့ဘက်မှ အနောက်ဘက် ဆွမ်းချက်ဆောင်ဘက်သို့ လာနေတာ တွေ့ရသည်။ သို့သော် သတိမထားမိခဲ့။ ရိုးရိုးမိန်းမတစ်ဦး ဟုသာထင်ခဲ့သည်။ အလုပ်ကိစ္စ တစ်ခုခုကြောင့်လာသည်ဟု ထင်ခဲ့ပါသည်။ နောက်ဘက်စူးစူး လာခဲ့ပြီးနောက် တဖန် ပြန် ပြန်၍ ထွက်သွားခဲ့ပါသည်။ တဖန်ရှေ့သို့ (အနောက်ဘက်) ပြန်၍တိုးလာခဲ့ရာ စာရေးသူမှာ ကြက်သီးမွေးညှင်းများပင် ထလာမိပါသည်။ သေချာစွာ စူးစူးစိုက်စိုက် ကြည့်မိပါသည်။ ထို့နောက် အရှေ့အရပ် ကမ္ဗောဒန်းကျောင်း ရှိရာဘက်သို့ ထွက်သွားခဲ့ပါသည်။ နောက်တစ်နေ့ တစ်ဖန် ထိုမိန်းမကြီးသည် ထိုအရပ်မှ ပြန်လာခဲ့သည်။ စကားလည်းမပြောပါ။ လာရောက်ပြီး ကြည့်ရှုစစ်ဆေးသလိုကြည့်ပြီး လာသောလမ်းဘက်သို့မပြန်ဘဲ သံဃာတော်(၂၇)ပါး တို့ဖြင့် မြေသန့်လုပ်သောနေရာသို့ ဦးတည်၍ထွက်သွားပါသည်။ ထိုနေရာ ရောက်တော့ မိန်းမကြီးမှာ ပျောက်ကွယ်သွားပါတော့သည်။ အံ့သြစရာကြီးတခုပါကလားဟု မှတ်ချက်ချမိသည်။ နောက်တရက် စာရေးသူ၏ညှော်ခန်းတွင် ပထမ ကုလားထိုင်များ ဆိုဖါများ ထားသည်။ အနောက်ဘက်မှ ဝင်တံခါးတစ်ပေါက်နှင့် တောင်ဘက်ဆွမ်းစားခန်းသို့ဝင်သော တံခါးတစ်ပေါက်၊ အိပ်ခန်းသို့ဝင်သော တံခါးတစ်ပေါက်အပြင် ရေချိုးခန်းသို့ဝင်သော တံခါးတစ်ပေါက်စသည့် အဝင်အထွက်တံခါးပေါက် လေးပေါက်အပြင် အရှေ့ဘက်မျက်နှာတွင် လေသာပြတင်းပေါက် သုံးပေလေးပေ တံခါးပြတင်းပေါက် ၂ ခုလည်း ရှိပါသည်။ ဆွမ်းစားခန်းဘက်သို့ဝင်သောတံခါးပေါက် အရှေ့ဘက်နံရံနားတွင် ဘီရိုတစ်လုံးလည်း ရှိပါသည်။ ဘီရိုနှင့်ကပ်လျက် လေသာပြတင်းကို ကျောခိုင်း၍ ဦးသန်းထွန်း ပရိဘောဂမှ လှူဒါန်းသော သစ်သားပက်လက်ကုလားထိုင်တစ်လုံး ရှိပါသည်။

တတိယမ္ပိ သုံးကြိမ်မြောက်လည်း ထိုမိန်းမကြီးမှာ အရှေ့အရပ် စာရေးသူ၏ကျောဘက်မှ လေသာပြတင်းပေါက်တွင် ထောင်များတွင် မနက်ညနေ တလာဆီး လုပ်သလို ဒုတ်တံကြီးနှင့် တလာဆီး လုပ်ပါတော့သည်။ ဂလောက်ဂလောက်သံနှင့် ပထမသံဇကာ သံပန်းကိုဆွဲခြစ်ပြီးလုပ်နေရာ ထိုမိန်းမကြီးကို





ပင် တွေ့ရပါတော့သည်။ သုံးရက်သုံးကြိမ်သုံးခါ ဇက်တိုက်လုပ်ပြီးနောက် မမြင်ရတော့ပါ။ မပြတော့ပါ။ သိကျွမ်းကြသော ပုဂ္ဂိုလ်တစ်ချို့က ၄င်းနေရာတွင် ဉစ္စာစောင့် ရှိသည်ဟုသာ ပြောခဲ့ကြပါတော့သည်။ ထိုမန်းမကြီးအတွက် ချော့မော့ပြီး အိမ်ကလေးတစ်လုံး သင့်တော်ရာနေရာတွင် ဆောက်လုပ်ပြီး နေရာတစ်ခုပေးပါဟုလည်း အကြံပေးကြပါသည်။ စာရေးသူမှာ သတိမထားခဲ့ပါ။ မြေသန့်ကလည်း လုပ်ပြီးပါပြီ။ ကွဲနေကြသော ဒကာ၊ ဒကာမများကိုလည်း စေ့စပ်ခဲ့ပြီးပါပြီ။ စေတီတော်အတွက် အိန္ဒိယဘက်မှ အဆင်ပြေစေရန် ပြည်နယ်ဝန်ကြီးချုပ်နှင့် သွားရောက်တွေ့ဆုံခဲ့သည်။ စေတီတော်နေရာတွင် အုတ်မြစ်စီ အခန်းအနားတစ်ခု လုပ်လျှင်ကောင်းမည်။ ကုသိနာရုံကို တောင်းရိုပ်မြို့နယ်နေရာမှ ခရိုင်အဆင့်အတန်းသို့ ရောက်ရှိရန် တောင်းဆိုမည်ဟု ဆုံးဖြတ်ချက်ချပြီး (၂၂၊ ၅၊ ၁၉၉၇) ခုကဆုန်လပြည့် ဗုဒ္ဓနေ့တွင် စီစဉ်ခဲ့ရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်မာယာဝတီ လာနိုးနိုး လာနိုးနိုးနှင့် စာအလာကို မျှော်နေခဲ့ကြရသည်။ နှုတ်နှင့်တော့ ကတိပေးပြီးသား ဖြစ်ပါသည်။ သို့သော် စာနှင့်သက်သေသာဓက မရရှိသေးပါ။ (၁၅၊ ၅၊ ၁၉၉၇) ခုနှစ်ညနေ ခုနစ်နာရီခန့်တွင် မြေလာ၍တိုင်းကြပါသည်။ ရုတ်ရုတ် ရုတ်ရုတ်နှင့် လူများလာကြသွားကြသံကို ကိုယ်တိုင်ကြားရပါသည်။ ထူးခြားသောအချက်တစ်ခုမှာ မိန်းမကြီးလာသောအချိန်မှာလည်း ညနေ (၇-၈) နာရီခန့် ဖြစ်ပါသည်။ သုံးရက်၊ သုံးကြိမ်၊ သုံးခါလုံးလုံး ထိုအချိန်တွင် လာခဲ့ပါသည်။ မြေတိုင်းသော အချိန်သည်လည်း ထိုအချိန်တွင် ဖြစ်ပါသည်။ (၁၈၊ ၅၊ ၁၉၉၇) ခုရက်နေ့ ခရိုင် S.P ထံမှ အုပ်ခဲနှစ်သိန်း လာရောက်လှူဒါန်းသွားပါသည်။ ၄င်းကပင် ကုသိနာရုံမြန်မာကျောင်းမြောက်ဘက်တံခါး ဂိတ်မှနေ၍ တောင်ဘက်တံခါးဂိတ်ထိ "ယူ" ပုံသဏ္ဌာန် အုပ်ခဲခင်းလမ်းကလေးတစ်ခုကို ညတွင်းချင်း အပြီးလုပ်ပေးခဲ့ပါသည်။ မြေသန့်လုပ်သောနေရာသို့ ရောက်ရှိရန် ခြေလှမ်း (၅၀) ခန့်မှာ မြေသားလမ်းကလေးဖြစ်သည်။ ထိုနေရာသို့ သွားရောက်ရန် အုပ်ခဲမခင်းခဲ့ပါ။ ဒေါ်မာယာဝတီလာမည့်နေ့ရက်သို့ မရောက်မီ အစမ်းလေ့ကျင့်ခြင်းသဘောဖြင့် ကားအစီး (၄၀) ခန့်နှင့် ထွက်လိုက်ဝင်လိုက် လုပ်ခဲ့ကြပါသည်။ တိုင်းမင်းကြီးခရိုင်ဝန်၊ နယ်ပိုင် ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



အရာရှိများ ပါဝင်ကြပါသည်။ ဌာနပေါင်းစုံမှ အရာရှိများလည်း ပါဝင်ကြပါသည်။ ရိုဟာဆလ် လုပ်ကြသည်။

အရှေ့ဘက်လမ်း ကိုက် (၅၀) ဘက်သို့ မသွားကြပါ။ ဟိုနေရာသည် မလုံခြုံသော နေရာဖြစ်သည်။ ဒီအနားမှာဘဲ အုပ်စီအခမ်းအနား လုပ်ကြပါမည် ဟုလည်းကောင်း၊ ထိုမြေသည် ဆရာတော်မြေ မဟုတ်ကြောင်း ပြောကြပါသည်။ တော်တော့ကို ထူးဆန်းလှပါသည်။ စာရေးသူမှာ အံ့သြမဆုံးအောင် ဖြစ်ရပါသည်။ တဖြည်းဖြည်း အချိန်က နီးလာခဲ့ပါပြီ။ ကဆုန်လပြည့်နေ့ (၂၂၊ ၅၊ ၁၉၉၇)ခုနေ့သို့ ရောက်လာခဲ့ပါပြီ။ V.I.P မိုက်စကားပြော အသံချဲ့စက် အလုံး(၃၀)ခန့် ကုသိနာရုံမှ ကဆီယာသွား လမ်းထိလည်းကောင်း၊ မြန်မာကျောင်းမှ ရေကြည်တော်သောက်သုံးရာ နေရာထိလည်းကောင်း၊ လေဆိပ်မှ ကုသိနာရုံ မြန်မာကျောင်းဝင်းအထိ လုံခြုံမှုအတွက် အင်ကြင်းသား တိုင်ကြီးများဖြင့် ကာကွယ်ထားပါသည်။ နေရာတကာ ပုလိပ်များ၊ ကုသိနာရုံ မြန်မာကျောင်း ပတ်ဝန်းကျင် ကျောင်းပေါ် ကျောင်းအောက်များတွင် နေရာတကာ စုံထောက် အရပ်သား အရပ်အဝတ်စားနှင့်၊ ပုလိပ်၊ ပုလိပ်ဝတ်စုံနှင့် ပုလိပ်များ စီစဉ်ချထားရပါသည်။ လက္ခနောင်းမှ ဟယ်လီကော်ပတာဖြင့် လာရောက်မည်၊ လေဆိပ်မှ ကုသိနာရုံ မြန်မာကျောင်းသို့ ၁၀နာရီ ၁၀မိနစ်တွင်ရောက်မည်။ မိနစ်နှစ်ဆယ်ခန့် အခမ်းအနားအစီအစဉ်တွင်နေမည် စသည့်အစီအစဉ် ရောက်လာခဲ့ပါသည်။ ကုသိနာရုံ မြန်မာကျောင်းဝင်းအတွင်းရှိ မဏ္ဍပ်ကြီးတွင် လူတစ်သိန်းကျော်ဆန့်အောင် အစိုးရက စီစဉ်ထားပါသည်။ ကုသိနာရုံမှ ဗာရာဏသီသွားသော **အာဂျာမဂရ်** ခရိုင်မှလာ၍ မဏ္ဍပ်ထိုးလာကြသည်။ မဏ္ဍပ်ကြီးတွင် V.I.P နေထိုင်နိုင်ရန် စပါယ်ရှယ်အခန်း၊ အိပ်သား၊ ရေချိုးခန်း၊ တယ်လီဖုန်း၊ အနားယူခန်းစသည် အားလုံးပါရှိသည်။ ကုသိနာရုံ မြန်မာကျောင်းမှလည်း မေတ္တာပို့ မြန်မာသီချင်းများ ဘာသာရေးတေးသီချင်းများ၊ အောင်ကြပါစေ၊ အောင်ပါစေဆိုသော တေးသီချင်းများဖြင့် ကြိုဆိုတီးမှုတ်ရန် စီစဉ်ထားရာ လေဆိပ်မှ ကောင်းကောင်း မွန်မွန် ကြားနိုင်ပါသည်။ ကုသိနာရုံလေဆိပ်မှာ ကုသိနာရုံ မြန်မာကျောင်းသို့ သုံးမိုင်သာသာခန့်သာ ဝေးပါသည်။





(၁၉၉၇) ခု မေလ ၂၂ ရက်နေ့ ကဆုန်လပြည့်နေ့ မနက်ဆယ်နာရီ ဆယ်မိနစ်တွင် ကားအစီး (၄၀) ခန့် တစီစီနှင့် မြန်မာကျောင်းဝင်းထဲသို့ ဝင်လာကြပါသည်။ (၇) စီးမြောက်ကားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်မာယာဝတီ ပါဝင်ပါသည်။ သူ့ရှေ့ကကားတွင်လည်းကောင်း၊ သူ့နောက်ကကားတွင်လည်း ကောင်း ဘလက်ကက်ဖို့ဆ်ခေါ်သော အဝတ်နက်ဝတ်သော စတိန်းကန်းကိုင် လက်နက်ကိုင်ပုလိပ်များ ခုန်ဆင်းပြီးမှ ဒေါ်မာယာဝတီ အလယ်ကားမှ ဆင်းခဲ့ပါသည်။ လမ်းဝတွင်ရပ်နေသော ကုသိနာရုံ ဘိက္ခုသံဃာကြီး၏ အထွေထွေ အတွင်းရေးမှူး **ဘဒ္ဒန္တ** ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ) က ကားပေါ်မှအဆင်း ကြို၍ မဏ္ဍပ်ထဲသို့ ဦးဆောင်လာသည်။ ဆရာတော်က ရှေ့မှ ဒေါ်မာယာဝတီက နောက်နားမှ ပါလာခဲ့ပါသည်။ သူ့နောက်မှ ပါတီဥက္ကဋ္ဌကြီး ဆာဟာဗ်ကာဆီးရာမ်လည်း ပါလာသည်။ ပထမ မာယာဝတီနှင့်အဖွဲ့ကို ကုသိနာရုံ ဆရာတော်က ငါးပါးသီလပေးပြီး ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးပါသည်။ ထို့နောက် ရွှေအုပ်ခဲ၊ ငွေအုပ်ခဲစသော ရတနာကိုးပါး အုပ်ခဲများကို ကိုးခဲတိတိ အုတ်မြစ်စီ အခမ်းအနား လုပ်ကြပါသည်။ မြန်မာပြည်မှ ရဟန်းမယ်တော် ရွှေရတု ဒေါ်သန်းတင်က တစ်ဘက်ရွှေရောင်တထည် လက်ဆောင်ပေးပြီး ပြဒါးလုံး လက်စွပ်တကွင်းကို မာယာဝတီ၏လက်တွင် ဝတ်ဆင်ပေးလိုက်ပါသည်။ ကုသိနာရုံ ဘိက္ခု သံဃာအသင်းကြီး၏ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တော်ရ၊ လုမ္ဗိဏီဆရာတော် အနုရုဒ္ဓါက လုမ္ဗိဏီပုံတော်တစ်ခု၊ ဗုဒ္ဓဂါယာ ဘုရားကော်မတီဝင် ဆရာတော်တစ်ပါးက ဗုဒ္ဓဂါယာ ပုံတော်တစ်ခု၊ ဗာရာဏသီ ဆရာတော် ဦးသောဘနက မိဂဒါဝုန်ဓမ္မစကြာပုံတော်တစ်ခု၊ ကုသိနာရုံမှ ဘိက္ခုဆီးလ်ပြကာဆ်မှ ကုသိနာရုံပုံတော်တစ်ခု၊ သာဝတ္ထိမှ ဆရာတော်တပည့် ဘိက္ခုဆီးလ်ရတနာက သာဝတ္ထိပုံတော်တစ်ခု၊ သင်္ကဿနဂိုလ်ရ်မှ ရှင်နန္ဒရတနာက သင်္ကဿနဂိုလ်ရ် ပုံတော်တစ်ခုနှင့် မြန်မာပြည်မှ ရွှေတိဂုံ စေတီတော်ပုံတစ်ခု၊ ကျိုက်ထီးရိုးပုံတော်တစ်ခုနှင့် မဟာမြတ်မုနိပုံတော်တစ်ခုစီကို ကုသိနာရုံ ဘိက္ခုသံဃာအသင်း ဆရာတော်များက လက်ဆောင်အဖြစ် ချီးမြှောက်ကြပါသည်။ ပုံတော်များမှာ တကယ့်သမိုင်းဝင်ပုံတော်များဖြစ်၍ ကုသိနာရုံ ဆရာတော်က တစ်ခုစီ တစ်ခုစီ ရှင်းပြပြီး ပေးပါသည်။



www.burmeseclassic.com


သံဝေဇနိယလေးဌာနပုံတော်များ အဝိဇဟိတပုံတော်များနှင့် သမိုင်းဝင် မြန်မာပုံတော်များကို လက်ခံပြီးနောက် ကုသိနာရုံဆရာတော်က ပြည်နယ်ဝန်ကြီးချုပ်အား ကြွရောက်လာကြသော လူထုပရိသတ်ကြီးကို နှုတ်ဆက်မိန့်ခွန်းပြောရန် မေတ္တာရပ်ခံခဲ့သည်။ ဤကဲ့သို့ မေတ္တာရပ်ခံရခြင်းမှာ ပထမစီစဉ်ကြသည့်အတိုင်း ကုသိနာရုံကို ခရိုင်အဆင့်လုပ်ပေးရန် အစီအစဉ်အရ တောင်းဆိုခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးသမားတစ်ဦးဖြစ်၍ သိန်းကျော်ရောက်နေကြသော လူထုပရိသတ်ထဲတွင် ဗုဒ္ဓဘာသာဝင်များထက် ဟိန္ဒူဘာသာဝင်များများပါ၍လည်းကောင်း ခရိုင်လုပ်ပေးရန် ပြောဆိုမည့်အစီအစဉ်ကို မပြောသေးရန် ပါတီဥက္ကဋ္ဌကြီးက တားမြစ်ပုံရပါသည်။ သို့ဖြစ်၍ ဆရာတော် တပည့်တော် နောက်နေရာများကိုလည်း သွားရမည့်ဖြစ်၍ အလုပ်များပါသည်။ အလုပ်များပါသည်ဟုသာ ပြောနေတော့သည်။ သို့သော် ကုသိနာရုံဆရာတော်၏ မေတ္တာရပ်ခံမှု လူထုပရိသတ်ကြီး၏ တောင်းဆိုမှုကြောင့် ခုနစ်မိနစ်ခန့် တိုတိုတုတ်တုတ် အကျဉ်းချုံး၍ ပြောသွားပါသည်။ ဗုဒ္ဓနေ့ဖြစ်ကြောင်း ဗုဒ္ဓတရားတော်သည် လူမျိုးဇာတ်မခွဲခြားဘဲ ဗဟုဇနဟိတာယသုခါယအတွက် ကောင်းမွန်ကြောင်း စသည်တို့ကိုပြောဆိုပြီး အသောကပင် နှစ်ပင်စိုက်၍ ကုသိနာရုံမှ ခရီးဆက်ထွက်သွားပါသည်။

ညဆယ်နာရီခန့်တွင် ဝန်ကြီးအစည်းအဝေးခေါ်ပြီး ကုသိနာရုံကို မဟာသုခံဒ ချမ်းသာကြီးစေတီတော် အုတ်မြစ်စီအခန်းအနားလုပ်ခဲ့သော (၁၉၉၇) ခု မေလ (၂၂) ရက်နေ့ ကဆုန်လပြည့် ကြာသပတေးနေ့တွင် ကုသိနာရုံကို ခရိုင်အဖြစ် သတ်မှတ်လိုက်ကြောင်း သတင်းစာကြီးများတွင် ပါလာခဲ့ရာ ကုသိနာရုံ ဆရာတော်အဖို့ကတော့ "ဗိတံမေအောင်ပြီ" ဟု ကြုံးဝါးလိုက်ရပါတော့သတည်း။

ဟရိဗလ၊ ကုသိနာရုံ







ကျိုင်းတုံသို့ရောက်ခဲ့စဉ်က ကျိုင်းတုံမြို့နယ်တွင် တည်ရှိသော ကမ္ဘာအေးဘုရားနှင့် ကျိုင်းတုံမှ တကာတကာမများနှင့် အမှတ်တရဓါတ်ပုံ

www.burmeseclassic.com



# သာသနာပြုပွဲတော်

## နာဂရိပ္ပုမြို့

**ဟရိဗလ၊ ကုသိနာရုံ**

“သာသနာပြု” ဆိုသော စကားလုံးသည် အလွန်ယဉ်ကျေးသော စကားလုံး၊ အလွန်လှပသော စကားလုံးတစ်လုံးဖြစ်သည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့က လူပေါင်းခြောက်သိန်းခန့်ကို ဗုဒ္ဓဘာသာသို့ ဆရာတော်ဦးစန္ဒြမုဏိက သွတ်သွင်းပေးခဲ့သည်။ အလွန်ဝမ်းမြောက်ခဲ့ကြသည်။ ကြားကတည်းက နားဝင်ချိုခဲ့သည်။ လူခြောက်သိန်းတဲ့။ ခြောက်သိန်းဆိုသော စကားလုံးမှာလည်း လှသည်။ သို့သော် အက္ခရာအရံနှစ်လုံးသာဖြစ်သည်။ ဂဏန်းအရေအတွက်အရ ဆိုပါလျှင်တော့ ကုလားလို ဘာဗရေဘာ……… ဟု အာမေဋိတ်သံထွက်လောက်အောင် များပြားသော ဂဏန်းအက္ခရာဖြစ်သည်။ တစ်ချို့တစ်ချို့က ဟာ – ဒီဘုန်းကြီးလုပ်တာ မဟုတ်ပါဘူးကွာဟု ပြောဆိုတာလည်း ကြားခဲ့ရဖူးသည်။ စာရေးသူမှာ ထိုအချိန်က ရဟန်းဖြစ်ရုံသာ ရှိသေးသည်။ ကုသိနာရုံဆရာတော်ကြီးကို ပြုစုရုံမျှ ပြုစုလိုက်ခဲ့ရသည်။ သတင်းစာမှာပါလာတော့ “ဟာ





……… တို့ဆရာတော် တော်တော့ကို သတ္တိရှိပါ ကလား” ဟု ဂုဏ်ယူမိခဲ့သည်။ ဝမ်းမြောက်မိခဲ့သည်။ ထိုအချိန်က ဆရာတော်ကြီးကို မြန်မာပြည်မှ ဒကာ၊ ဒကာမများ မေးလျှောက်ခဲ့ဖူးကြသည်။ “ဆရာတော်ဘုရား ဆရာတော် မရှိသည့်နောက်ပိုင်းတွင် ကုသိနာရုံကို ဘယ်သူများကို လွှဲအပ်ပါ့မလဲဘုရား” ဟု လျှောက်ခဲ့ကြသည်။ ဆရာတော်ကြီးက ခပ်အေးအေးပဲ “ငါ့မှာ ဟိုမှာတပည့်အများကြီးရှိသည်” ဟု ပြန်ဖြေခဲ့သည်။ တပည့်ရှိသည် ဆိုသည်မှာ ဆရာတော်ကြီးထံတွင် ကုလားတပည့်များနှင့် နီပေါတပည့်များရှိကြသည်။ သီလရှင်များရှိခဲ့ကြသည်။ ဆရာတော်ကြီး ပြန်သွားခဲ့သည့် ပထမလာခဲ့စဉ်က မြန်မာလိုလို၊ ကုလားလိုလို လာခဲ့သည်။ ထိုစဉ်က ဆရာတော်ကြီးမှာ မြန်မာဟူ၍လည်း မပြောနိုင်၊ ကုလားဟူ၍လည်း မပြောနိုင်ခဲ့ပါ။ လွတ်လပ်ရေး မရမီကတည်းက အိန္ဒိယတွင်နေခဲ့၍ မွေးရပ်မြေမှာ မြန်မာဖြစ်သော်လည်း သဟဇာတအရပ်မှာကား အိန္ဒိယနိုင်ငံ ကုသိနာရုံပင် ဖြစ်နေခဲ့သည်။ ကုသိနာရုံတွင် နှစ်ပေါင်း (၇၀) နီးပါးခန့် နေခဲ့ပြီးဖြစ်သည်။ မြန်မာပြည်သို့ ဆဋ္ဌမသံဂါယနာတင် ကြွရောက်လာခဲ့သည်။ အပြန်ကျတော့ မြန်မာပတ်စ်ပို့ လုပ်ပေးလိုက်ရသည်။ မြန်မာပြည် ဆဋ္ဌမသံဂါယနာတင်ပွဲတွင် ဟိန္ဒီဘာသာလို ဩဝါဒပေးခဲ့ပါသည်။ ထိုဩဝါဒကြောင့် အိန္ဒိယ ဥပဒေပြုဝန်ကြီး ဒေါက်တာအမ္ဗေဒကာရ်နှင့် စကားပြောမိခဲ့သည်။ နီပေါပြည်တွင် တစ်နိုင်ငံလုံးထေရဝါဒ ရဟန်းများနှင့် သီလရှင်များ ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့သည်။

ပညာရှိတစ်ဦးဦးကို မိမိဘက်သို့ညွှတ်အောင် ပြောဟောမည့်တာဝန်မှာ သေးငယ်သော တာဝန်မဟုတ်ပါ။ ခုတော့ လူခြောက်သိန်းတွင် ပညာရှိများစွာ ပါဝင်နိုင်သည်။ အိန္ဒိယတွင် အိန္ဒိယတိုင်းရင်းသား ရဟန်းတော်များ၊ သီဟိုဠ်ရဟန်းတော်များ၊ ဂျပန်ရဟန်းတော်များ၊ ထိုင်းရဟန်းတော်များနှင့် မဟာယာနရဟန်းတော် လာမားများရှိကြသည်။ အိန္ဒိယတွင် သာသနာပြုနေကြသော မြန်မာရဟန်းတော်များကို မိန်းမလိုလို ယောကျ်ားလိုလို ယောကျ်ားဟု လုံးဝမပြောနိုင်သော ပုဂ္ဂိုလ်တစ်ချို့၏ မျက်စိတွင် မဟာယာနသာသနာ ပြုနေကြသည်ဟု စွပ်စွဲခဲ့သည်။ ပြောဟောနေသည်။ မတော်မတရား ထင်သလို သာသနာပြုနေခဲ့သည်။ စင်စစ်မှာ အိန္ဒိယနိုင်ငံသည် ဇာတ်များသောနိုင်ငံဖြစ်သည်။ ဇာတ်များ



www.burmeseclassic.com

www.burmeseclassic.com



သည့်အားလျော်စွာ ဇာတ်ကြီးက ဇာတ်ငယ်များကို နှိပ်ချကြတတ်သည်။ လှူလျှင်နတ်ပြည်ရောက်သည် ဆိုသည့်စကားကို ဇာတ်နိမ့်များက လုံးဝမယုံကြည်တတ်ကြပါ။ ဇာတ်ကြီးများက သူတို့ကို တစ်ချို့နေရာတွင် ပုဏ္ဏားကိုပင်လျှင် ဒေဝတာဟု သုံးထားတတ်ကြရာ ဒေဝတာနတ် ဆိုသည့်စကားကို ဇာတ်ငယ်များက မလိုလားကြပါ။ မဟာယာန ဗုဒ္ဓဘာသာထဲတွင် နတ်များများ ပါဝင်တတ်သည်။ မြန်မာပြည်တွင် နတ်ကိုကိုးကွယ်ကြသော နတ်ကတော်များ ကဲ့သို့ပင်ဖြစ်သည်။ ဇတ်ကြီးများ၏ နတ်တို့ကို တင်ကြသောလှူကြသော အလှူပစ္စည်းများကို "ဒေဝတာပြဆာဒ်" ဟုခေါ်ပြီး သုံးစွဲစားသောက်တတ်ကြသည်။ ဇတ်ငယ်များမှာ မနှစ်သက်ဘဲ လုပ်တတ်ကြရသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာသို့ သက်ဝင်ကြသော လူအများစုမှာ ဇာတ်ကြီးများ၏ နှိမ်ချမှု၊ မတော်မတရား ညှင်းဆဲမှု၊ အတင်းအလှူခံမှု၊ လာဘ်ပေးလာဘ်ယူမှု၊ လာဘ်ပေး၍ မတော်မတရားတစ်ဘက်သား နစ်နာအောင် လုပ်ကြံမှု စသည်တို့ကြောင့် ဇာတ်ကြီးများအောက်တွင် မနေလိုကြ၍ ဗုဒ္ဓဘာသာသို့ ဝင်လာခဲ့ကြပါသည်။

မြန်မာပြည်တွင်လည်း ဗုဒ္ဓသာသနာပြုလုပ်ငန်းကို လုပ်ဆောင်၍နေကြသော နာမည်ကျော်ပုဂ္ဂိုလ်ကြီးတချို့က အထက်ပါဇာတ်ကြီးဝါဒ ပုဏ္ဏားနည်းစနစ်များကို လုပ်ဆောင်တတ်ပြီး သူတို့ဝါဒအရ တစ်ဘက်သားကို သူတို့ကျင့်ထုံးနည်းလမ်းအရ စွပ်စွဲကာ မဟာယာန လုပ်နေကြသည်ဟု တစ်ဘက်သားကို စွပ်စွဲတတ်ကြသည်နှင့်တူသည်။ ဘာသာရေး၊ သာသနာရေးဘက်တွင် ဤကဲ့သို့ ပြုမူနေသူ မဟာယာနပုဂ္ဂိုလ်များ မျက်စိတွင် တစ်ဘက်သားကို မဟာယာန ဖြစ်ခဲ့သည်မှာ မဆန်းကျယ်လှပါ။ ဤနတ်များကို ကိုးကွယ်သော နတ်ရုပ်များများ ရှိတတ်သော မဟာယာနဗုဒ္ဓဘာသာ၊ ကာလီမယ်တော်လည်ပင်းတွင် လူခေါင်းများများဆွဲထားသော ရုပ်ပွားတော်များရှိသော မဟာယာနကို ဒေဝတာဟု ကိုယ့်ကိုယ်ကို ပြောနေကြသော ဗြဟ္မဏပုဏ္ဏားတို့ကို အလွန်ပင် မုန်းတီးတတ်ကြပါသည်။ သို့ဖြစ်၍ ယခုအိန္ဒိယတွင် သာသနာပြုနေကြသောလူများသည် မဟာယာန သာသနာပြုနေကြသည် ဆိုသော မိမိစိတ်ဓါတ်ထဲတွင် ကိန်းအောင်းနေသော ပုဏ္ဏားယုတ်စိတ် မွေးနေသော၊ နေရာတကာ လာဘ်ပေးလာဘ်ယူ လုပ်တတ်





သော၊ မိန်းမများလို ယောက်ျားကလေးများကို ပို၍ခင်မင်တတ်သော ပုဂ္ဂိုလ်တစ်ချို့၏ မဟာယာန သာသနာပြုစကားမှာ လုံးဝမဟုတ်နိုင်ခဲ့ပါ။

ဆရာတော်ဦးစန္ဒြာမဏိသည် ကုသိနာရုံတွင် နှစ်ပေါင်းများစွာ သီတင်းသုံး နေထိုင်ခဲ့ပြီး ပုဏ္ဏားများကို မတွန်းလှန်နိုင်ခဲ့ပါ။ စာရေးသူသည် (၁၉၇၂) ခုနှစ် ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူပြီးနောက် (၂၉၊ ၅၊ ၇၂) နေ့မှစ၍ တရားမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုနှစ်ပင်လျှင် (၁၄၊ ၁၀၊ ၇၂) ခုနှစ် နာဂပူရ်မြို့တော်တွင် မဟာဝိဇယ ဒဆမီပွဲတော်ကြီးသို့ တက်ရောက်ခဲ့ရပါသည်။ မဟာဝိဇယဒဆမီ၏ နာမည်ရင်းမှာ သိရိဓမ္မာသောကမင်းကြီး၏ ဗုဒ္ဓဘာသာသို့ ဝင်ရောက်သော နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။ ၎င်းနေ့ထူးနေ့မြတ်ကို အကြောင်းပြုပြီး (၁၄၊ ၁၀၊ ၅၆) ခုနှစ်နာဂပူရ်မြို့တွင် ဗုဒ္ဓဘာသာဝင်ပွဲ လုပ်ခဲ့ကြသည်မှာလည်း သိရိဓမ္မာသောကမင်းကြီး၏နည်းကို အတုယူပြီး လူပေါင်း ခြောက်သိန်းခန့် ဗုဒ္ဓဘာသာဝင်ပွဲကြီးကို မဟာဝိဇယဒဆမီနေ့ သတ်မှတ်ခဲ့ကြပါသည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြပါသည်။

ဆရာတော်ကြီး၏ ဘဝနတ်ထံ ပျံလွန်မူသောနေ့မှစ၍ တရားပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရသော စာရေးသူမှာ မျက်နှာငယ်ငယ်နှင့် နေထိုင်ခဲ့ရပါသည်။ ကျောင်းတွင် အတူနေထိုင်ကြသော တပည့်တပန်းများနှင့်လည်းကောင်း၊ ကျောင်းဆရာကြီးငယ်များနှင့်လည်းကောင်း၊ ကျောင်းရှိ ရဟန်းပုဂ္ဂိုလ်တို့နှင့်လည်း ကောင်း အခွဲခံခဲ့ရပါသည်။ နေ့စဉ် နေ့တိုင်း လေးဆယ်ကျော် ငါးဆယ်နီးပါးမျှသော ပုဏ္ဏားလုလင်ငယ်မှစ၍ လူကြီးပိုင်းထိ စုဝေးလာတတ်ကြပြီး အားငယ်နေသူ စာရေးသူအား **"ဘာဘာဂျီး ဟမ်းအိုက်ဆာကရဲ့ဂဲ ဝိုဂ်ဆာကရဲ့ဂဲ"** စသည့်စကားလုံးပေါင်း ကုဋေကုဋာအသင်္ချေသော ကြိုက်လုံး မြှောက်လုံး ပေါက်လုံးများဖြင့် စာရေးသူ အလုပ်မဖြစ်လာအောင် စာရေးသူ ဦးနှောက်ခြောက်ချားအောင် ပြုလုပ်ခဲ့ကြပါသေးသည်။ စာရေးသူမှာ အားငယ်သောဘဝ ရောက်နေ၍ အားပေးရန်လာကြသော ပုဏ္ဏားများကို တကယ့်တကယ် ကူညီကြမည့်ပုဂ္ဂိုလ်များ မှတ်ခဲ့ပြီး လ္ဘက်နှင့်နမကိန်းခေါ် အချိုစားစရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့မိသည်။ တစ်ရက်တစ်ရက်ကို လ္ဘက်ရည်တစ်ခွက် ဆယ်ပြားမျှသာဖြစ်သော်လည်း တစ်နေ့တနေ့ကို ငါးကျပ်တစ်ဆယ် ကုန်ခဲ့ရပေါင်းများခဲ့ပါပြီ။ တရားရုံး ရင်ဆိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ငွေမရှိသည့်အထဲ တစ်ရက်တစ်ရက် ငါးကျပ်တစ်ဆယ်ငွေ ဘယ်မှ ရပါအံ့နည်း။ တရား တစ်ပတ်တစ်ပတ်ကျလာလျှင် ငွေနှစ်ရာကျပ်ခန့်ကုန်ပါသည်။ ဆရာတော်ကြီး ပုံ့လွန်တော်မူစဉ် ကျောင်းတွင် လေးဆယ့်ရှစ်ကျပ်သာ ဘဏ်စာအုပ်၌ ရှိနေပါသည်။ စာရေးသူဘက်မှ စဉ်းစား၍သာ ကြည့်ကြစမ်းပါ။ မစားနိုင်မသောက်နိုင် ဖြစ်ခဲ့ရပါသည်။ တရားတွင် တရားရက်ချိန်း ကျရောက်လာခဲ့ပါက ငွေနှစ်ရာလိုပါသည်။ ကဆီယာမှ သူဌေးမတစ်ဦး အနာရ်ကလီ ဆိုသူထံမှ ကျောင်းဆရာတစ်ဦး၏ မိတ်ဆက်ပေးမှုကြောင့် တနေ့ကို တစ်ရာကျပ်ယူလျှင် နှစ်ကျပ်အတိုးပေးရသည်။ နှစ်ရာယူက လေးကျပ်အတိုးပေး၍ တရားကို ဖြေရှင်းပေးရပါသည်။ ဒီအထဲ ပုဏ္ဏားများက ဝင်ရောက်စွက်ဖက်၍ အနှောင့်အယှက်များ ပေးနေခဲ့ပြန်ရာ "မှသားမပါလက်ာမချော" ဆိုသော ဝါရင်းဒုတ်ကြီးကို သုံးရပါတော့သည်။ သုံးနည်းက ဒီလိုပါ။ ကျောင်းတွင်အလုပ် လုပ်နေသော အသက်ဆယ့်ငါးနှစ်ခန့် ကုလားလေးတစ်ယောက် ရှိပါသည်။ သူ့ကို ပထမနေ့ကပင် သူအလုပ်မပြန်မီကတည်းပင် ပြောရပါသည်။ "ဟရိရာမ် ကလ်ကောဉ်အာယဂါ တဗ်ဗ် ဗိုးလ်ဒို့ ဘာဘာဂျီးဒေဝရိယာဂယာဟိုက်" "ဟေး ဟရိရာမ် နက်ဖြန် တစ်စုံတစ်ယောက်လာခဲ့လျှင် ပြောလိုက်နော်၊ ဆရာတော်ဒေဝရိယာသွားတယ်လို့" တစ်ခါတစ်လေ ဒေဝရိယာ၊ တစ်ခါတစ်လေ ဂေါရခပူရ်လို့ ပြောရပါသည်။ ကြိုတင်၍ ပထမနေ့က ပြောရခြင်းမှာလည်း ကိုယ်ကလွဲလို့ ကိုယ့်ဒူးကိုပင် မယုံရသော အန္ဒိယနိုင်ငံတွင် ကြိုတင်လုပ်ရခြင်း ဖြစ်ပါသည်။ မရှိဘူး ပြောလိုက်ဆိုလျှင် ရှိသည် ဟုပြောတတ်ပါသည်။

စာရေးသူမှာ တစ်ခါတစ်ရံမှ မနေထိုင်ဖူးသော နေရာတစ်ခုကိုရွေးပြီး တံခါးနှစ်ပေါက်ရှိသောနေရာလည်း ဖြစ်ရမည်။ တံခါးတစ်ပေါက်ကိုဖွင့်ပြီး တံခါးတစ်ပေါက်မှ ပြန်ထွက်ခဲ့သည်။ အထဲတွင် တစ်ပါးထဲ ပုဏ္ဏားရန်မှ လွတ်မြောက်အောင် ကြံမိကြံရာ ကြံခဲ့ရပါသည်။ လုပ်မိလုပ်ရာ လုပ်ခဲ့ရပါသည်။ အခန်းတွင် ပုဏ္ဏားတို့၏ "အိုက်ဆာကရဲ့ဂဲ ဝိုက်ဆာကရဲ့ဂဲ" စသည့် ဖြည့်ပေးတော့မည့် စာရေးသူ၏ အလိုဆန္ဒအားလုံး အထုပ်ကြီးကို လက်မခံခဲ့တော့ဘဲ "အတ္တဟိ အတ္တနော နာထော" ဟူသော ရှင်တော်မြတ်ဘုရား၏ ဩဝါဒကြီးကို အမှီသဟဲပြုပြီး စဉ်းစဉ်းစားစားလုပ်ကိုင်ရင်း ခြောက်လအတွင်း တရားနှစ်ခု သုံးခုကို ဖြတ်တောက်နိုင်ခဲ့ပါသည်။ ရှုံးမှအနိုင်ရခဲ့သည်။





ဝိုင်းဝန်း၍ တစ်နယ်လုံးမှ နိုင်ငံခြားသားဆိုပြီး ခွဲလုံးကြီးနှင့် ဖိထားခဲ့ရာမှ တိုးရင်း တွန်းရင်း လိမ့်ရင်းနှင့် စာရေးသူ အသက်ရှူစရာ ရခဲ့ပါသည်။ တွန်းထွက်ရင်းထွက်ရင်း စာရေးသူ အခက်အခဲပေါင်းစုံမှ လွတ်မြောက်ခဲ့ရပါသည်။ သတိထားကြရပါမည်။ လူ့သဘာဝတရားသည် အလွန်ကြောက်စရာ ကောင်းလှပါသည်။ နိမ့်ကျသော အချိန်အခါတွင် အားလုံးက မမေးကြပါ။ မကူညီကြပါ။ မျက်နှာငယ်ငယ်ကလေးနှင့် နေခဲ့ရပါသည်။ ယခုတရား သုံးလေးခုနိုင်လာမှ တဖြည်းတဖြည်း ဆက်ဆံပေါင်းသင်းခဲ့ကြပါသည်။ ကျောင်းတွင် နေကြသော ရဟန်းသုံးလေးပါးပါ အားနည်းနေသောအချိန်တွင် ဥပေက္ခာပြုခဲ့ကြပါသည်။ တရားဆိုသောအချိန်အခါက နှစ်ဖွဲ့ကွဲနေကြသော ကျောင်းကြီးတွင် စာရေးသူဘက်က မပါခဲ့ကြပါ။ ငါတို့ဟာ ကြားနေကြမည်ဟု ဆိုခဲ့ကြသည်။ တနေ့တွင် ကြားနေမည်ဆိုသူတို့အား စာရေးသူက ဝက်သားကြိုက်၍ ချဉ်ပေါင်ဟင်းနှင့် ကျွဲသူကို ဘက်မလိုက်ဘဲ ဝက်သားနှင့် ကျွဲသူဘက်သို့ အားဆွဲသော ဆရာတော်တစ်ပါးပုံကို ပြောပြပြီး ငါ့ဘက် မလာရင်လဲနေ ကိစ္စမရှိဟု ပြောဘူးသည်။ နောက်ဆုံး စာရေးသူတရားနိုင်မှ အားလုံးပြန်၍လာခဲ့ကြသည်။ ဤကဲ့သို့ ဖြစ်နေချိန်တွင် စားရေးသူအား (၁၄၊ ၁၀၊ ၇၂) ခုနေ့ နာဂပူရ်မြို့မှပင် ဖိတ်ပါတော့သည်။ ကုသိနာရုံမှ ဗာရာဏသီ၊ ဗာရာဏသီမှ နာဂပူရ်သို့ ရထားစီးရပါသည်။ ရထားတွင် မဟာရဆတြပြည်နယ်ဝင်လျှင်ဝင်ချင်း မီးရထားမှ အလုပ်သမားများ လာရောက်၍ လှက်ရည်နှင့် စားစရာသောက်စရာ လာကပ်ကြပါတော့သည်။ ဤတာရ်ဆီဘူတာရောက်သော် ဘူတာရုံမှစ၍ နေရာတကာ ကြိုဆိုကြသည်။ လိမ္မော်သီးနှင့် တခြားသီးနှံများလည်း ဆက်ကပ်ကြပါတော့သည်။ သူတို့နှင့်တွေ့ရမှ တစ်စတစ်စ နှလုံးပူဆွေးသောကမှ ကင်းလွတ်ခဲ့ရပါသည်။

ကာမတိဘူတာရောက်သော် ဘူတာရုံမှ တယ်လီဖုန်းနှင့်ဆက်ရန်ပြော၍ ဘူတာသို့ဆင်းပြီး နာဂပူရ်သို့ ဖုန်းဆက်ခဲ့ရပါသေးသည်။ နာဂါပူရ်ရောက်တော့ ကြီးမားလှသော လူအုပ်ကြီးမှ ကြိုဆိုကြပါသည်။ ကလေးလူကြီးနှင့် ရဟန်းကိုယ်ရင်၊ ဒကာ ဒကာမ၊ လူမျိုးစုံ လာရောက်ကြပါသည်။ စာရေးသူအား



www.burmeseclassic.com

www.burmeseclassic.com



ကားကြီးကားငယ်ဖြင့် ခေါင်းဆောင်ပြီး နာဂပူရ်မြို့တောင်ဘက်နားတွင် တည်ရှိသော **ဒိကချာဘူမိ** အမည်ရှိသော နေရာကြီးသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုနေရာသို့ မိုးလင်းသည်နှင့်တစ်ပြိုင်နက် ရေမိုးချိုးခဲ့သည်။ ရေချိုးပြီးမှ ငါးနာရီခွဲခန့်တွင် ကားတစ်စီးဖြင့် နာဂပူရ်မြို့တော်ထဲသို့ ဝင်ခဲ့ကြသည်။ သန့်ပြန့်ခမ်းနားသော အိမ်တစ်ဆောင်တွင် ပထမကြိုတင် ရောက်နေကြသော သံဃာတော်များနှင့်အတူ မနက်စာ ဘုန်းပေးရသည်။ ပရိတ်တရားတော် ဟောကြားပြီးနောက် ၄င်းကားငယ်ဖြင့်ပင် နာဂပူရ်မြို့တော်၏မြောက်ဘက် အစွန်ဆုံး ရပ်ကွက်တခုသို့ ပင့်ဆောင်လာခဲ့သည်။ စာရေးသူနှင့်အတူ နာမည်ကျော် စာရေးဆရာကြီး ဒေါက်တာအာနန္ဒာကောသလ္လာမှာ ပန်ချာပီလူမျိုးဖြစ်၍ ဒေါက်တာ **ဆာ ဝိဂီမေဓင်္ကရ်** မှာ မရာထီလူမျိုးများဖြစ်ကြပါသည်။ နှစ်ပါးလုံး နာမည်ရစာရေးဆရာများ ဖြစ်ကြပါသည်။ ယခုခေတ်မှီ ဗုဒ္ဓဘာသာပညာရှိ စာရေးဆရာများအထဲတွင် နည်းမည်ကျော် စာရေးဆရာများ ဖြစ်ကြပါသည်။ ဆရာတော်ကြီး၏ တပည့်များထဲမှ ကမ္ဘာကျော်ဗုဒ္ဓစာပေပညာရှင် ရာဟုလာသံကစ္စည်းသည် အိန္ဒိယဗုဒ္ဓဘာသာစာပေ စာရေးဆရာများတွင် နံပါတ်တစ်မှပါ၍ ဒေါက်တာအာနန္ဒာကောသလ္လာမှ ဒုတိယနေရာက ယူထားခဲ့သူ ဖြစ်ပါသည်။ ပိဋကတ်သုံးပုံ ဘာသာပြန် ခေါင်းဆောင် **ဂျဂဒိဆ်ကဿပ**မှာ တတိယအနေနှင့် လိုက်ခဲ့ပြီး ဒေါက်တာ ဓမ္မရက္ခိတမှာ စတုတ္ထအနေနှင့် လိုက်ပါသည်။ **ဂျဂဒိဆ်ကဿပ**မှာ အိန္ဒိယသမတ ရာဇေန္ဒြပြဆာဒ်တို့နှင့် ကျောင်းနေဘက် သူငယ်ချင်းများဖြစ်ပြီး ဇတ်တူလည်းဖြစ်ကြပါသည်။ ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူချိန်တွင် အာနန္ဒာ ကောသလ္လာနှင့် ဒေါက်တာဓမ္မရက္ခိတတို့မှာ ရှိနေဆဲဖြစ်ပါသည်။ တစ်ဘက်မှာ ချီးမွန်းမြှောက်စားတတ်ကြပြီး တဘက်မှလည်း နှိမ့်ချတတ်ပါသည်။

ပုဏ္ဏားများ၏လိမ်လည်လှည့်စားမှုကြောင့် စာရေးသူ ဓမ္မရက္ခိတမှာ တရားသာ သူ့လက်မှတ်ဖြင့်ရေးထိုး စွဲဆိုခဲ့သော်လည်း တစ်နေ့မှလည်း တရားရုံးတော်ရှေ့သို့ မတက်ရောက်ခဲ့ပါ။ ပညာရှိအချင်းချင်း ဆရာတပည့် အချင်းချင်း နှိမ်ချလိုသည့်အနေဖြင့် စာရေးသူအား ဒေါက်တာအာနန္ဒကောသလ္လာက စာရေးသူအား အစစအရာရာ အကူညီပေးပြီး ချီးမြှောက်ခဲ့သော်လည်း တစ်ဘက်သား ဒေါက်တာဓမ္မရက္ခိတကို သူ၏လုပ်ပုံကိုင်ပုံများ ပုဏ္ဏားများ ထိုးဆွ





ပေးမှုဖြင့် တရားဆိုခဲ့သည်ကို ရှုံ့ချကဲ့ရဲ့ခဲ့သူလည်း ဖြစ်ပါသည်။ စာရေးသူတို့ နာဂပူရ်မြို့၏ မြောက်ဘက်အစွန်ဆုံးနေရာသို့ ရောက်ချိန်တွင် ထိုရပ်ကွက်မှ လူပေါင်းများစွာ ကြိုဆိုကြပါသည်။ ထိုနေရာတွင်လည်း အဖျော်ယမကာတို့ဖြင့် ဧည့်ခံကျွေးမွေးကြပြီး လူ(၄၊ ၅) ရာခန့်ဖြင့် ခရီးထွက်ခဲ့ကြပါသည်။ ရပ်ကွက်တစ်ခုမှ ရပ်ကွက်တခုသို့ ခြေလျှင်လျှောက်ခဲ့ရာ ငါးခုမြောက်ရောက် ရပ်ကွက်တွင် အတီးမှုတ်မျိုးစုံနှင့် ကားကြီးကားငယ် နွားလှည်း၊ မြင်းရထား၊ မော်တော်ဆိုင်ကယ်စသည့် ယာဉ်ပေါင်းစုံဖြင့် လူသုံးသောင်းကျော်ခန့် လူအုပ်ကြီးကို တွေ့ရပါသည်။ မြန်မာပြည်သင်္ကြန်တွင် ကားများကို ဆင်ယင်းထားသကဲ့သို့ ကားကြီးကားငယ်တို့ကိုလည်း ဆင်ယင်ထားပါသည်။ အလယ်ဗဟို တည့်တည့်တွင် ဆင်ယင်ထားသော လော်လီကားကြီးတွင် ထိုင်စရာ၊ အိပ်စရာ၊ အနားယူစရာများဖြင့် စီစဉ်ထားပြီး စာရေးသူအား ၄င်းလော်လီကားကြီးပေါ်သို့ တက်ရောက်စေခဲ့ပါသည်။ စာရေးသူမှာ ပထမဆုံးကားပေါ်သို့တက်ပြီး ဒေါက်တာအာနန္ဒကောသလ္လာနှင့် ဒေါက်တာ **ဆာဝင်ဂီမေဒက်ရ်**တို့နှင့်အတူ ကားပေါ်တွင် ခင်းကျင်းပြသထားသော ကုသိနာရုံ ဆရာတော်ကြီး၏ ပုံတော်နှင့်အတူ ကုသိနာရုံမှ ယူဆောင်သွားခဲ့သော အရိုးပြာတော်များကိုထည့်ထားသော စေတီကလပ်လေးကို ခေါင်းပေါ်တင်၍ ပရိတ်ရွက်ခါ ခရီးဆက်ကြပါသည်။ နာဂပူရ်မှာ ဗုဒ္ဓဘာသာလမ်းဆုံများကို တစ်ခုပြီးတစ်ခု ဖြတ်သန်းခဲ့ပါသည်။ စာရေးသူတို့မှာလည်း ဆွမ်းကိုကားပေါ်တွင် စားခဲ့ရပါသည်။ မနက်ငါးနာရီ မထိုးမီကစ၍ ထပြီးရေမိုးချိုးကာ လိုက်ပါလာခဲ့ရသော စာရေးသူမှာ လမ်းလျှောက်ရင်း လမ်းလျှောက်ရင်း ချွေးတပြိုင်းပြိုင်း ကျနေပါသည်။ နာဂပူရ်မြို့၏ ရာသီဥတု အခြေအနေမှာလည်း ပူအိုက်သောရာသီဥတုဖြစ်ရာ စာရေးသူအဖို့ မနေတတ်မထိုင်တတ်အောင် ပူအိုက်လွန်းပါသည်။

နာဂပူရ်မြို့ကြီးတွင် (၁၉၅၆) ခုအောက်တိုဘာလ (၁၄) ရက်နေ့မှ ကျင်းပလာခဲ့သော ဤပွဲတော်သည် (၁၇) နှစ်မြောက် ပွဲတော်ဖြစ်ပါသည်။ မဟာရဆတြပြည်နယ် တစ်ပြည်လုံးမှ ယောကျ်ားမိန်းမ ကလေးလူငယ်အားလုံး တက်ရောက်ကြသော ဗုဒ္ဓဘာသာတို့၏ အကြီးဆုံးပွဲဆိုပါက မှားနိုင်မည်မဟုတ်ပါ။ အောက်တိုဘာလ (၁၃) ရက်နေ့ နေ့လည်ပိုင်းမှစ၍ ဒိတ်ချာဘူမိမြေကွက်လပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်တွင် ဆိုင်ခန်းများ ကျင်းပကြပြီး (၁၄) ရက်နေ့ တစ်နေ့လုံး ဘုရားဖူး သွားလာလှုပ်ရှားနေကြပါသည်။ ထိုနေ့တွင်လည်း နာဂပူရ်မြို့တစ်ခြမ်းရောက် ချိန်တွင် လူဦးရေမှာ ကိုးသိန်းမှ ဆယ်သိန်းခန့် ပါနေပါသည်။ လမ်းမကြီးတစ်ခုလုံး အသွားမှတစ်ပါး အပြန်လူမရှိနိုင်ခဲ့ပါ။ လူအုပ်ကြီးမှာ တရွေ့ရွေ့ တရွေ့ရွေ့ ပုရွက်ဆိတ်တွေသွားနေသလို သွားနေကြပါသည်။ ဒိတ်ချာဘူမိမရောက်မီ တစ်ဖါလုံသာသာခန့် ရောက်ချိန်တွင် ကားများနှင့်ပြုပြင်စီမံထားသောကားများ မဝင်နိုင်တော့ပါ။ ထိုနေရာမှ ခြေလျှင်လျှောက်ရ ပါတော့သည်။ လူအုပ်ကြီးမှာ ဆယ့်ငါးသိန်းခန့် ရှိနေပါပြီ။ လိုက်သွားသည့်ပုဂ္ဂိုလ်အပြင် ပထမကတည်းက ၄င်းကွင်းကြီးတွင်လည်း နောက်ဖက်တွင် ဇတ်ရုံကြီးကို ကာရံထားသော တရား ဟောပြောပွဲ စင်တစ်ခုကိုလည်း စီစဉ်ထားပါသည်။ ထိုနေရာတွင်လည်း အရေ အတွက် ခန့်မှန်းမရအောင် များပြားလှပါသည်။ ဒီဘက်ပွဲတော်တွင်လည်း တစ် ကွင်းလုံး မိန်းမယောကျ်ားတို့ဖြင့် ပြည့်ကျပ်နေပါသည်။ စာရေးသူမှာ ပွဲတော် ကွင်းကြီးမရောက်မီ တစ်ဖါလုံခန့်ကပင် ခြေလျှင်လျှောက်လာခဲ့ကြရာ ပွဲတော် ကွင်းစသည့်နေရာအထိ လာခဲ့ရပါသည်။ ပွဲတော်ကွင်းသို့ ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် လူအုပ်ကြီးထဲသို့ ဝင်နိုင်ရန်မှာ မလွယ်ကူလှတော့ပါ။ ယောကျ်ား များကို ကျော်လွှား၍ လာခဲ့နိုင်သော်လည်း ဗုဒ္ဓဘာသာ မြန်မာရဟန်းတော် တစ်ပါးအနေနှင့် မိန်းမများကို ကျော်လွှားနိုင်မည့်အရေးမှာ မလွယ်ကူသော အလုပ်ဖြစ်ပါသည်။ စာရေးသူ မိန်းမအုပ်ကြီးနားရောက်တော့ ရှေ့သို့ တစ်ဖဝါး မျှ မတိုးဝံ့နိုင်ခဲ့တော့ပါ။ နောက်တော်ပါးမှ လိုက်ပါလာခဲ့ကြသော ဘော်လန်တီယာ အုပ်စုမှ စာရေးသူအား မချီပြီးလျှင် ပွဲတော်အလယ်ရှိ မဏ္ဍပ်ကြီးထဲ့သို့ လာခဲ့ ရပါတော့သည်။ ထိုနေ့ လူအုပ်ကြီးမှာ နှစ်ဆယ့်ငါးသိန်းထက် နည်းမည်မထင်ပါ။ လေ့လာသူများသည်ပင် တစ်သိန်းကျော် ရှိပါလိမ့်မည်။ အထူးသဖြင့် အိန္ဒိယတွင် မတော်မတရား ပြောဟောရှုံ့ချတတ်သော ဓလေ့ရှိပါ၍ သူတို့ ရှုံ့ချမှုမှ လွတ် အောင်လည်း စီစဉ်ကြပါသည်။ စာရေးသူအား ဘာသာပြောင်းစေမည့် ပွဲတော် တွင် ပထမကတည်းက ဗုဒ္ဓဘာသာသို့ ဝင်ရောက်ပြီးသော ပုဂ္ဂိုလ်များလည်း ပါခဲ့ပါသည်။ လူအုပ်ကြီးကို ခွဲခြား၍ မရနိုင်တော့ပါ။ အားလုံးထိုင်ကြပါဆိုပြီး





ပွဲတော်ကြီးကို အုပ်ထိန်းနိုင်ရန် အသံချဲ့စက်ကြီးနှင့် အော်လိုက်ပါသည်။ နည်း နည်းငြိမ်သက်သွားပြီးမှ အသံချဲ့စက်ဖြင့် ထပ်မံ၍ စကားစလိုက်ပါသည်။

အသံချဲ့စက်ကိုင်သူမှာ စာရေးသူအား ကြွရောက်လာကြသော လူတို့ နှင့် မိတ်ဆက်လိုက်သည်မှာ ယခုစင်ပေါ်တွင် ရောက်နေသူမှာ မြန်မာပြည်သား ရဟန်းတော်တစ်ပါးဖြစ်ကြောင်း ဒေါက်တာအမ္ဗေဒကာရ်၏ ဆရာတူညီ တစ် ဦးဖြစ်ကြောင်းနှင့် ယခုသူ့ထံမှ ငါးပါးသီလခံယူပြီး ဗုဒ္ဓဘာသာ ဝင်ကြမည်ဖြစ် ကြောင်း အသံချဲ့စက်မိုက်ကိုကိုင်သူကပင် “ဩကာသ၊ ဒွရတ္တယေန၊ ကတံသဗ္ဗံ၊ အပရာဓံ၊ ခမထ၊ မေဘန္တေ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ၊ သုံးကြိမ် တိုင်ပေးလိုက်ပါသည်။ ကောင်းကင်ကွဲလုမတတ်သော လူအုပ်ကြီး၏အသံမှာ ကမ္ဘာလောကကြီး တစ်ခု လုံးကို ပဲ့တင်ဟီးသွားခဲ့ရပါသည်။ ငါးပါးသီလ ခံယူပြီးနောက် ဗုဒ္ဓဘာသာတို့ ကျင့်စဉ် (၂၂) ပါးကို ခေါင်းဆောင်တစ်ပါးက ထပ်၍တိုင်ပေးပါသည်။ (၁၉၇၂) ခုနှစ်အောက်တိုဘာလ (၁၄) ရက်နေ့ မဟာဝိဇယဒဆမီ နေ့ကြီးတွင် လူပေါင်း ဆယ့်ငါးသိန်းကျော် ဗုဒ္ဓဘာသာတရားထဲသို့ ဝင်ရောက်ခဲ့ကြပါသည်။ ပြောရုံမျှ ဖြင့်သာ ဆယ့်ငါးသိန်းလွယ်လွယ် ကလေးပြောခဲ့သော်လည်း စင်စစ်မှာ ဆယ့်ငါး သိန်းသည် နှစ်ဆယ့်ငါးသိန်းဖြစ်၍ တော်တော်အံ့ဩထူးဆန်းခဲ့ပါသည်။

စာရေးသူသည် ငါးပါးသီလပေးပြီးနောက် တိုတိုကျဉ်းကျဉ်း တရား ဟောခဲ့ပါသည်။ စာရေးသူ ဟောသောတရားမှာ ဆရာတော်ကြီးသည် မြန်မာ ပြည်သား ရဟန်းတော်တစ်ပါး ဖြစ်ခဲ့သည်။ မြန်မာပြည်သည် ကမ္ဘာတွင် ထင်ထင် ရှားရှားကိုးကွယ်ကြသော ဘာသာကြီးလေးပါးရှိသည့်အထဲမှာ ဗုဒ္ဓဘာသာဝင် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံသည်သာလျှင် ထေရ်ဝါဒ အစဉ်အဆက် ကြီးပွားထွန်းကားနေသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း မြတ်စွာဘုရားသခင်၏ ပိဋ ကတ်သုံးပုံတရားတော် အစစ်အမှန်သည် မြန်မာပြည်တွင်ရှိကြောင်း အဘိဓမ္မာ တရား၏ ခက်ခဲနက်နဲပုံနှင့် ကမ္ဘာတစ်ခုလုံးတွင် ကျော်ကြားနေသော ဗုဒ္ဓအဘိ ဓမ္မာသည် ကျန်ဘာသာကြီးများ၊ အဘိဓမ္မာ ဆရာတော်ကြီးများ၏ အဘိဓမ္မာ ထက် မှန်မြတ်ကြောင်းနှင့် ၄င်းအဘိဓမ္မာကို ထိန်းသိမ်းထားနိုင်ခဲ့သော မြန်မာ ပြည်မှ ဆရာတော်ကြီးများ အစဉ်အဆက် ထိမ်းသိမ်းလာခဲ့၍သာ ထင်ထင်ရှား ရှား ရှိခဲ့ကြောင်းနှင့် ပညာရှင်တစ်ယောက်ဖြစ်သော ဥပဒေပြု ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



အမ္ဗေဒကာရ်သည်လည်း သူ့ဆရာ ရွေးကောက်ခဲ့ရာတွင် မြန်မာပြည်သား ဆရာတော်ကြီးတပါးကို ရွေးကောက်၍ ဆရာတင်မြှောက်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း စာရေးသူမှာ (၁၉၆၃) ခုနှစ်က ဆရာတော်ကြီးခေါ်၍ လာခဲ့ရကြောင်း ပထမတော့ ဗုဒ္ဓဘုရားရှင်သည် အိန္ဒိယတွင် ပွင့်တော်မူခဲ့ရာ စာရေးသူအနေနှင့် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာများများ ရှိမည်ဟု ထင်ခဲ့ကြောင်း ဆရာတော်ကြီးသည် (၁၉၅၄) ခုနှစ်က မြန်မာပြည်သို့ နောက်ဆုံးကြွရောက်ချိန်တွင် မြန်မာပြည်မှ တပည့်ဒကာ၊ ဒကာမများ၏ မေးမြန်းလျှောက်ထားချက်ကို ဖြေကြားခဲ့ရာတွင် ငါ့မှာ အိန္ဒိယတွင် တပည့်တပန်းများများရှိကြောင်း မြန်မာပြည်မှ တပည့်မရှိသော်လည်း အိန္ဒိယလူမျိုး တပည့်များသည်ပင်လျှင် မိမိအရိပ်အာဝါသကို ထိန်းသိမ်းပြီး ငါးကြင်းဆီနှင့် ငါးကြင်းသားကို ကြော်သွားမည်ဖြစ်ကြောင်း မိန့်မြွက်ခဲ့ပါသည်။ သို့သော် နှစ်ပေါင်းကိုးနှစ်အတွင်း ဖြစ်ပေါ်လာခဲ့သော အနိစ္စတရားအရ ဆရာတော်ကြီး အားကိုးအားထားပြုခဲ့သော တပည့်များမှာ အားကိုးအားထားမရခဲ့ကြောင်း အိန္ဒိယပြည်သားတပည့်များ ဒေါက်တာ ဒီဂရီရ တပည့်များ ရှိခဲ့သော်လည်း အားကိုးအားထား မရှိခဲ့ကြောင်းနှင့် ပြန်၍ မြန်မာပြည်မှ တပည့်များကိုသာ အားကိုးအားထား ရယူရန် ခေါ်ခဲ့ရကြောင်း စာရေးသူအနေနှင့် ယခုလို ဖြစ်ရသည့်အတွက် အထူးဝမ်းနည်းမိကြောင်း စာရေးသူ လာရောက်ပြီး ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ် ပြုစုဆည်းကပ်ဝတ်ကြီးဝတ်ငယ် ပြုခဲ့ရကြောင်း စာရေးသူ လက်ချောင်းကလေးသည် ဆရာတော်ကြီး သက်တော်ထင်ရှား ရှိနေစဉ်တောအတွင်း သိမ်မွေ့နူးညံ့စွာ ဆီလိမ်းပေးခဲ့ခြင်း၊ နှိပ်နယ်ပေးခဲ့ရခြင်းကို ပြုခဲ့ရကြောင်း၊ သို့သော် နောက်ဆုံးမေလ (၈) ရက်နေ့ နံနက်ကိုးနာရီ လေးဆယ့်ငါးမိနစ်တွင် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့ချိန်တွင် ကျုပ်၏လက်ကလေးဟာ အလွန်တရာ ကြမ်းတမ်းရိုင်းစိုင်းခဲ့သော အပြုအမူကို ပြုခဲ့ရကြောင်း အနိစ္စသဘောတရားကို မလွန်ဆန်နိုင်ဘဲ ဒီလက်ကလေးများဖြင့်ပင် ဆရာတော်၏ ကိုယ်ခန္ဓာကြီးကို ရေချိုးပေးခဲ့ပြီး နောက်ဆုံး **အန္တိမရျာပန** အတွက် ကိုယ်ပေါ်တွင် ထောပတ်များ လိမ်းကျံပေးခဲ့ရကြောင်းနှင့် ဒီလက်များကို ဖြတ်တောက်လိုက်ချင်ကြောင်း ဆရာတော်ကြီး ရှိခဲ့စဉ်က ဆရာတော်ကြီးအား လုပ်ကျွေးပြုစုသူဆိုပြီး စာရေးသူအား တစ်နိုင်ငံလုံး ဗုဒ္ဓ





ဘာသာ သာသနာပြုသူပုဂ္ဂိုလ်ကြီးကို ဆည်းကပ်လုပ်ကျွေးသူဟု တစ်ကမ္ဘာလုံးက ဗုဒ္ဓဘာသာသာသာများ လေးစားကြသော်လည်း ယခု စာရေးသူဟာ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ် အလောင်းတော်ကို နောက်ဆုံးမီးရှို့သဂြိုလ်ရမည့် ပုဂ္ဂိုလ်တဦး ဖြစ်ခဲ့ခြင်းကြောင့် ထင်ရကြောင်း ယခု အားလုံးက ဥပေက္ခာပြုထားကြကြောင်း စာရေးသူမှာ ရုံးတော်တွင် တရားစွဲဆိုသည်အထိ ခံခဲ့ရကြောင်းနှင့် စာရေးသူ၏ ခံစားရချက်များကို စိကာပတ်ကုံး ဟောပြခဲ့ရာ ပွဲတော်တစ်ခုလုံးမှ မိန်းမများ မျက်ရည်နှင့်မျက်ခွက် ဖြစ်ခဲ့ရပါသည်။ လူအများဆုံး ဗုဒ္ဓဝင်ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း မှတ်တမ်းတင်ရပါသည်။

ဟရိဗလ၊ ကုသိနာရုံ

အသက်ကလေးရှည်စေလို ထာဝရကုသိုလ်
လှူကြဦးနော်
ကမ္ဘာ့သာသနာပြု ဆရာတော် စန္ဒြမဏိ
ဆေးပေးခန်းနှင့်ဆေးရုံ

*ငွေပဒေသာပင်*

*မြန်မာ* – *၁၀၀၀၀ ကျပ်၊*
*အိန္ဒိယ* – *၄၅၀ ရူပီး၊*
*ဒေါ်လာ* – *၁၀ ဒေါ်လာ၊*

၀၉၁, ၉၄၁၅၃၁၂၅၇၇
၀၉၁, ၉၉၁၈၆၈၅၃၈၈
၀၉၁, ၉၄၅၀၆၈၈၄၁၅

ဘဒ္ဒန္တ ဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တရက်ဆိတ်တီး



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ဝင်စားစရာ ဗာရာဏသီမှ တရားတစ်ခု

ဟရိဗလ၊ ကုသိနာရုံ

ဗာရာဏသီ........ မင်းမသိ ဖြဟ္မဒတ္တ၊ ပြည်မသိ ဗာရာဏသီဟု ရှေးလူကြီးများ ဆိုလေ့ရှိကြသည်။ ဗာရာဏသီကား ရှေးအကျဆုံး မြို့တော်တည်း။ ဇာတ်တော်များများတွင် ဗာရာဏသီပြည်နှင့် ဗြဟ္မဒတ္တမင်း အကြောင်းကို ဖတ်ရှုနိုင်သည်။ ဗာရာဏသီမြို့မှာ **ဝါန်ရ+သီသ=**မြောက်ဦးခေါင်းနှင့် တူသောကြောင့် မြို့တည်ပုံ အခြေအနေမှာ ဘုရားအလောင်းတော် မြောက်ဦးခေါင်းနှင့် တူသောကြောင့် ဗာရာဏသီဟု ခေါ်သည် ဟူ၍လည်းကောင်း၊ **ဝရဏမြစ်ငယ်နှင့်** ဂင်္ဂါမြစ်ကမ်းပါးတွင် တည်ရှိသော၊ ကက်ဆီးဃာတ်အကြားတွင် တည်ရှိသောကြောင့် လည်းကောင်း၊ ဗာရာဏသီဟုခေါ်သည်ဟု ရေးသားထားခဲ့ကြသည်ကို ဖတ်ရှုတွေ့သိရသည်။ ဤမြို့သို့ ကမ္ဘာလှည့်ဘုရားဖူးများ၊ ဗုဒ္ဓဘာသာ ဘုရားဖူးများ၊ ဟိန္ဒူဘာသာဝင်များ အမြဲမပြတ်လာ ရောက်လေ့ရှိကြသည်။ ရံဖန်ရံခါမြို့တော်ကြီး စည်ကားသိုက်မြိုက်သော်လည်း၊ ရံဖန်ရံခါ ဆိတ်ဆိတ်သုံးသုံး ဖြစ်ခဲ့သည်။ မြတ်စွာဘုရား ပဉ္စဝဂ္ဂီ ငါးဦးကို တရားဟောခဲ့သော နေရာဌာနဖြစ်၍လည်း ဗုဒ္ဓဘာသာများ၏ "သံဝေဇနိယ" နှင့် "အဝိဇဟိတ" နေရာထူးတစ်ခုလည်း ဖြစ်ပါသည်။ အိန္ဒိယတွင် ဗုဒ္ဓဘာသာဝင်များ ဆိတ်သုန်းနေခဲ့ရာမှ ပထမဆုံး ဆရာတော်





ဦးစန္ဒြာမဏိက မြန်မာပြည်မှ သွားရောက်၍ ဘာသနာပြု ကျောင်း၊ ဇရပ် တည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။ ပြီးနောက် ဗုဒ္ဓသာသနာတော် အစွန့်ရှည်စေရန် ကြိုးပမ်းခဲ့သည်။ ကုသိနာရုံတွင် ၁၈၉၅ ခုနှစ်တွင် ဝတ္တကမြေ ဝယ်ယူပြီး ကျောင်းဆောက်ခဲ့သည်။ ကုသိနာရုံတွင် ကျောင်းပြီးသည့်နောက်ပိုင်းတွင် မိဂဒါဝုန်၌ ဆောက်ခဲ့သည်။

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်သို့ ဟသ်ာတခရိုင်၊ မယ်ဇလီကုန်းမြို့အနီး ပျဉ်းမကုန်းရွာက ဦးစန္ဒောဘာသကို ပင့်ဖိတ်ပြီး ဇီးပင်ကြီးရွာတွင် ကျောင်းထိုင်ပင့်ခဲ့ကြသည်။ ဆရာတော် ဦးစန္ဒောဘာသမှာ အသက်ကလည်းငယ်၊ ပညာလည်း သင်လိုကြောင်း ပြောပြသဖြင့် ဇီးပင်ကြီးရွာမှ ဒကာ၊ ဒကာမများက စုပေါင်း၍ နဝကမ္မပစ္စည်းထောက်ပံ့၍ မဇ္ဈိမဒေသသို့ ပညာတော်သင် လွှတ်ကြသည်။ ထိုစဉ်က အိန္ဒိယတွင် ဗုဒ္ဓဘာသာ ရဟန်းတော်များ မရှိသလောက် ဖြစ်နေခဲ့သည်။ နေရေး၊ ထိုင်ရေးမှာလည်း ကျောင်းကံနေရပ်မရှိ၍ အလွန်နေထိုင်ရခက်ခဲလှသည်။ ဤအခက်အခဲကို ကျော်လွှားနိုင်ရန် ဇီးပင်ကြီးရွာမှ ဒကာညီအစ်ကိုသုံးဦး အစ်ကိုကြီး ဦးမြဒိုးအောင်၊ အစ်ကိုလတ် ဦးမြထွန်းနှင့်၊ ညီအငယ် ဦးမြခိုင်တို့က ကမကထပြုပြီး မိဂဒါဝုန်တွင် မြေတစ်ကွက်ကို ရယူခဲ့ကြပါသည်။ မြေကိုရယူရန်မှာ အလွန်ခဲယဉ်းပါသည်။ ဗာရာဏသီဘုရင်ကို အိန္ဒိယတိုင်းရင်းသား၊ ဆရာတော် မဟာဝီရမှတဆင့် မေတ္တာရပ်ခံခဲ့သည်။ ဆရာတော်ကြီးအား စာရေးဆရာကြီး **အာကျရ်ယ်ရာမကျန္တရာဆုကုလ်** ဆိုသူကလည်း ကူညီထောက်ပံ့ပေးပါသည်။ ဤသို့ဖြင့် ဆရာတော်ဦးစန္ဒြာမဏိသည် ကျောင်းမြေကွက် ရရှိခဲ့သည်။ ကျောင်းမြေကွက်ကို ရသည့်နှင့်တပြိုင်နက် ဇီးပင်ကြီးရွာသား ဒကာညီအစ်ကိုသုံးဦးတို့အား အကြောင်းကြားခဲ့သည်။ ထိုဒကာတို့က မြေလှူရန် ကတိပေးခဲ့သည့်အတိုင်း မြေလှူကြပါသည်။ အလတ်ဖြစ်သူ ဦးမြထွန်းသည် မြန်မာအမျိုးသားများထဲမှ မိဂဒါဝုန်တွင် ဒုတိယကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ၄င်းတို့ညီအစ်ကိုသုံးဦးသည် ဇီးပင်ကြီးရွာတွင်လည်း မိဂဒါဝုန်ကျောင်းဆောက်လုပ်ရေး ရံပုံငွေရရှိစေရန် ရည်သန်၍မြေနေရာ တစ်ခုကိုပါ လှူဒါန်းထားခဲ့ကြသေးသည်။ ၄င်းမြေမှရရှိသော သီးနှံများကို ဘူးသီးတောင်၊ မောင်းတော



www.burmeseclassic.com

www.burmeseclassic.com



တဆင့် မီးရထားဖြင့် အိန္ဒိယပြည် မဇ္ဈိမဒေသသို့ သယ်ယူပို့ဆောင် လှူဒါန်းခဲ့ကြပါသည်။

မြန်မာပြည်နေရာဌာန အသီးသီးမှ ဘုရားဖူးဒကာ၊ ဒကာမများလည်း ဘုရားဖူးသွားခဲ့ကြရာ ဓမ္မစက္က ဝိဟာရသိမ်တော်နှင့် စာကြည့်တိုက်များပါ တိုးတက်လာခဲ့ပါသည်။ ဤကျောင်းကို အမှီပြု၍ ဆရာတော် ဦးစန္ဒြာမဏိ၏ တူတော်အရင်းဖြစ်သူ ဦးကိတ္တိမသည်လည်း ဆရာတော်ကြီး၏လက်ရာကို ခံယူ၍ ထိုကျောင်းကြီးကို တိုးတက်စေခဲ့ပါသည်။ ဆရာတော် ဦးကိတ္တိမမှာ ပညာတော်သည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ဘာသာ၊ သာသနာရေးနှင့်အတူ လူမှုရေး၊ ပညာရေး အပြင် စာပေရေးသားမှု၊ ဘာသာပြန်စာပေများ ပြုစုမှုကိုလည်း ပြုစုခဲ့ပါသည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ပြုလုပ်ခဲ့သေးသည်။ ဆရာတော်သည် ဤကယ်ဆယ်ရေး လုပ်ကိုင်ပေးမှုကြောင့် ကမ္ဘာကျော် အလှူဒါနရှင် **ဘီရ်လာသူဌေးကြီး**နှင့် ခင်မင်ရင်းနှီးခဲ့တော့သည်။ ဟိန္ဒူဘာသာရေးဆိုင်ရာ စာပေများကို မြန်မာလို ပြန်ဆိုပေးခဲ့မှုကြောင့်လည်း ပိုမိုရင်းနှီးခဲ့ပါသည်။ ဆရာတော်ဦးကိတ္တိမသည် **ဆတျာရ်ထ်ပြကာဆ်**နှင့် **ဗာလမီကီရာမာယာန** ကျမ်းကြီးများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါသည်။

ဆရာတော်၏ စွမ်းစွမ်းတမန် ရွက်ဆောင်မှုများကြောင့် **ဘီရ်လာသူ**ဌေးသည် ဗာရာဏသီမြို့လယ်တွင် ကျောင်းဆောက်ရန် အိန္ဒိယရူပီးငွေ တစ်သောင်းသုံးထောင်ကို လှူဒါန်းခဲ့သည်။ ၄င်းငွေဖြင့် ပထမဆုံး ဗိဒ္យာပီးထ် လမ်းမကြီးတွင် မြေတစ်ကွက် ဝယ်ယူခဲ့သည်။ မြေမှာ သုံးဒေါင့်ရှိနေသဖြင့် မိမိအနားတွင် ရှိနေသောမြေကို တစ်သောင်းလေးထောင်ပေး၍ ထပ်မံဝယ်ယူလိုက်ည်။ အားလုံးမြေမှာ နှစ်သောင်းခုနှစ်ထောင်ခန့် တန်ဘိုးရှိပါသည်။ ရုံးတွင် လွှဲပြောင်းခ၊ ရေးသားခအားလုံး နှစ်ထောင်ကျော် ပေးခဲ့ရပါသည်။ ထိုမြေတွင် ဘင်္ဂလားအဝကျွန်းမှ ဒကာ၊ ဒကာမတို့က ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဤသို့ ဇရပ်ဆောက်၍ ပြီးသည်နှင့်တပြိုင်နက် ဗာရာဏသီမြို့တွင် ဆေးရုံကြီးတစ်ခုနှင့် ဆေးကောလိပ်တစ်ခု ဆောက်လုပ်ရန် ဒေလီဝန်ကြီးဌာနမှ အမိန့်ကျရောက်လာခဲ့ရာ ဆရာတော်ဘုရား ဝယ်ထားသော မြေနှင့်တကွ ကျန်မြေအားလုံးကို အစိုးရက သိမ်းပါတော့သည်။ ဆရာတော်မှာ ညတွင်းချင်း ကုသိနာရုံမှ





ဘုရားဆင်းထုတော်တစ်ဆူပင့်ပြီး ဘုရားကျောင်းဖြစ်ကြောင်း တင်ပြခဲ့ရသည်။ နိုင်ငံတကာသို့လည်း ကျောင်းကိုမဖျက်ရန် ကြိုတင်စာရေး တောင်းဆိုခဲ့သည်။ ဗုဒ္ဓဘာသာအသင်းများမှ တောင်းဆိုခဲ့၍ နောက်ဆုံးမြေကို မသိမ်းတော့ဘဲ ကျန်ရစ်ခဲ့သည်။

၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်ထိ ဆဋ္ဌသံဂါယနာတင် ပွဲတော်သို့ အိန္ဒိယသံဃာတော်များ တက်ရောက်လာခဲ့ကြရာ ဆာဦးသွင်မိသားစုတို့က ဓမ္မာရုံကြီးဆောက်လုပ်ခဲ့စဉ်ကလည်း အမျိုးမျိုးသော အနှောက်အယှက်များဖြင့် တွေ့ကြုံခဲ့ရသည်။ ဓမ္မာရုံနောက်ဘက်တွင် မြေလပ်တစ်ကွက်ရှိခဲ့ရာ ၄င်းမြေကွက်နှင့် မိဂဒါဝုန် မြန်မာကျောင်းတိုက်ကြီး အတွင်းရှိ မြေကွက်လပ်ထဲမှ တစ်ချို့ကိုပါ အစိုးရက သိမ်းယူရန် အမိန့်ထုတ်ခဲ့သည်။ ၄င်းအမိန့်ကျရောက်လာခဲ့ပြီးနောက် ဆရာတော်ဦးကိတ္တိမသည် ရုံးတော်တွင် လျှောက်လဲ အယူခံဝင်ခဲ့သည်။ သို့သော် ပထမလက်ရှိအတိုင်း နေ့စဉ်ရက်ချိန်းပေး၍သာ အချိန်ကုန်ခဲ့သည်။ ဗာရာဏသီ မိဂဒါဝုန်ရှိ ဆရာတော်ကြီး၏ တပည့်များမှာ တရားကို စောင့်ကြည့်နေခဲ့ကြရာ ရက်ချိန်းကိုယူ၍သာ တရားကြည့်တရားတွေ့ တရားရင်ဆိုင်နေခဲ့ကြပါ၍ လုံးဝမထူးခြားခဲ့ပါ။ တဖြည်းဖြည်းနှင့် တရားမှာ ဗာရာဏသီမှ ရှုံး၍ အထက်ရုံး လက္ခနောင်း ယူပီပြည်နယ် မြို့တော်သို့ ရောက်သွားခဲ့ပြီ ဖြစ်ကြောင်းသိရသည်။ သို့ဖြစ်၍ ဆရာတော်ကြီးသည် စာရေးသူထံသို့ တပည့်တစ်ဦးကို ရူပီး ၈၀၀ နှင့်လွှတ်ခဲ့သည်။ ငွေနှစ်ရာမှာ ပို့လာသူ အသွားအပြန် စရိတ်ဖြစ်ပြီး ကျန်ခြောက်ရာမှာ တရားရင်ဆိုင်ရန် ဖြစ်သည်။ စာရေးသူသည် လက္ခနောင်းသို့ သွားရောက်ပြီး **ဂျဝါဟာရ်ဘဝန်း**ကြီး၏ ဆယ့်လေးထပ်တွင်ရှိသော မြေသိမ်းရုံးခန်းသို့ ရောက်သွားခဲ့သည်။ ၄င်းရုံးရှေ့တွင် လူများရှုတ်ရှုတ်သဲသဲ ဖြစ်နေခဲ့ရာ လူတစ်ဦးအား မေးခဲ့သည်။ ထိုလူက အရာရှိများ အစည်းအဝေး ထိုင်နေကြကြောင်း၊ ဘာကိစ္စနှင့်လာကြောင်း ပြန်မေးပါသည်။ စာရေးသူကလည်း ဗာရာဏသီတွင် ဆရာတော်ကြီးတရားမှာ ရှုံးသွားပြီဖြစ်၍ လက္ခနောင်း ရောက်နေသည်ဆိုရာ မှန်မ မှန် မေးမြန်းရသည်။ အမေးခံရသူ၏နာမည်မှာ **ပြဟလာဒ် ဆရိဝါဆတဝါ** ဖြစ်ကြောင်း ဗာရာဏသီမှ ဖြစ်ကြောင်းနှင့် ရုံးကိစ္စနှင့် လာရကြောင်း တရားရှုံးသွားသည် ဆိုသည်မှာ မဟုတ်မှန်ကြောင်းနှင့် သူသည်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဒီတရားကို ကိုင်ရကြောင်းပြောပါသည်။ ဗာရာဏသီလာ၍ သူနှင့် ဆက်သွယ်ရန် ပြောခဲ့သည်။ ဆရာတော်ကြီးအား ပြောဆိုသောသူမှာ လိမ်လည်သူဖြစ်ကြောင်း သိရသည်။ ဆရာတော်ကြီး၏ ဗာရာဏသီ တပည့်တို့မှာလည်း တရားကို ကြည့်ကြသည်။ ကြည့်ရုံကြည့်ကြသည်။ ဘာလုပ်ရမည် ဆိုတာကို ဆက်လက်မလုပ်ကြ။ စာရေးသူသည် ဆရာတော်ကြီးပေးလိုက်သော ငွေ ၈၀၀ ရူပီးငွေထဲမှ ၂၀၀ ကို ၄င်းကုလားအား ပေးလိုက်ပြီး ကျန် ၆၀၀ ကို ယူထားလိုက်သည်။ ယူပီပြည်နယ် လက္ခနောင်းမြို့တော်မှ ပြန်လာပြီးနောက် ကုသိနာရုံသို့ ရောက်ခဲ့သည်။ ၄င်းမှတဆင့် ဗာရာဏသီသို့ လာခဲ့ရသည်။ တရားအခြေအနေကို လေ့လာခဲ့ရသည်။ တရားရုံးတွင် အလုပ်လုပ်ကြသောသူများနှင့် အကျွမ်းတဝင်ဖြစ်စေရန် လူယုံ ရှာရတော့သည်။ ၄ ထပ်တိုက်ကြီးတွင် တစ်ခန်းဝင် တခန်းထွက်နှင့် လူယုံ ရှာခဲ့ရသည်။ မတွေ့ခဲ့။ နောက်ဆုံး အောက်ရုံးခြံဝတွင် လက်ဘက်ရည်ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ ၄င်းလက်ဘက်ရည်ဆိုင်နားတွင် မတ်တပ်ရပ်နေ၍ သွားလာနေသူတိုင်းကို အကဲခတ်နေမိသည်။ ရုံးမှ အလုပ်သမားများနှင့် ရုံးလာသူများသည် ၄င်းလက်ဘက်ရည်ဆိုင်၌ ထိုင်လျှက် **"ဟဲ့ယာဒစ်ဂျီး၊ အေ့က်ကါပ် ကျားယ်ဒေးဒိုး"** 'ဟု ပြောဆိုပြီး တစ်ယောက်စီ တစ်ယောက်စီ လက်ဘက်ရည် တောင်းသောက်နေသည်ကို တွေ့ရသည်။ စာရေးသူလည်း လူများနည်းတူပင် **"ဟေ့ယာဒစ် ဂျီးအေ့က်ကါပ်ကျားယ်ဒေးဒိုး"** ဟု ပြောပြီး လက်ဘက်ရည်တစ်ခွက် မှာသောက်လိုက်သည်။ လက်ဘက်ရည် သောက်နေရင်း "ယာဒစ်ဂျီးနှင့်ပင် စကားလက်ဆုံကျလျှက် နေရပ်လိပ်စာများကို မေးမြန်းခဲ့ရာ ယာဒစ်ဂျီးမှာ စာရေးသူတို့နေထိုင်သော ကုသိနာရုံနှင့် မနီးမဝေးလှသော **ဒေဝရိယာ** ခရိုင်မှ လာရောက်၍ အလုပ် လုပ်နေသူဖြစ်သည်။ ညဘက်တွင်ရုံး၌ ဒရဝမ်လုပ်၍ နေ့ဘက်တွင် လက်ဘက်ရည် ရောင်းနေသူဖြစ်သည်။ ယာဒစ်ဂျီး ဟူသောစကားလုံးမှာ လူနာမည် မဟုတ်ပါ။ ဇာတ်နာမည်ဖြစ်သည်။ နွားကျောင်းသား လူမျိုးဇာတ်ထဲမှ ဖြစ်သည်။ ဒေဝရိယာခရိုင်မှဖြစ်ကြောင်းနှင့် ဒီရုံးမှာ တရားတစ်ခု ရှိနေကြောင်းနှင့် စာရေးစာချီ အရာရှိတစ်ဦးရှိက မိတ်ဆက်ပေးရန် ပြောလိုက်မိသည်။ ယာဒစ်ဂျီးကလည်း ဒေဝရိယာခရိုင်မှ အရာရှိတယောက်အကြောင်းနှင့် ၄င်းပုဂ္ဂိုလ်ကို မေးစရာမလိုကြောင်း မြင်ရုံမျှဖြင့် သိနိုင်ကြောင်း ပြောပြခဲ့သည်။ သူ့နဖူးပေါ်တွင်





ဆေးနီများ သုတ်ထားကြောင်း ဆေးနီပေါ်တွင် သနပ်ခါးအဖြူသုတ်ထားကြောင်း ဆံပင်အရှည် ထားရှိကြောင်း၊ ကွမ်းများများ စားတတ်ကြောင်း ပြောပြသည်။ စာရေးသူလည်း နာမည်နှင့်တကွ မေးမြန်းပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ ထွက်လာခဲ့သည်။ နောက်တစ်နေ့ ၄င်းနဖူးတွင် အဖြူကြောင်းသုံးကြောင်း ပါသူကို လိုက်ရှာခဲ့ရာ တွေ့ပါတော့သည်။ သူ့အား ကျောင်းသို့ ခေါ်ယူလာခဲ့သည်။ ကျောင်းနှင့်ရုံးမှာ ၂ ဖါလုံသာဝေးပါသည်။ ကျောင်းသို့ ရောက်လာပြီး ဆရာတော်ကြီးနှင့်လည်း မိတ်ဆက်ပေးခဲ့သည်။ သူ့ရှေ့တွင် ဆရာတော်ကြီးတကယ့်ကိုယ့်ဆရာသမား ပညာရှိဘုန်းကြီးဖြစ်ကြောင်း စာရေးဆရာတစ်ဦးဖြစ်ကြောင်းနှင့် ဆရာတော်ကြီး၏ ဂုဏ်သိက္ခာများကို တစ်ပဲရှိက တစ်ကျပ်ရှိသည့် အခြေအနေထိဖြစ်အောင် ရှိရှိသေသေ မိမိက လုပ်ပြခဲ့သည်။ မိမိလုပ်ပြမှသူကလည်း မိမိကဲ့သို့ပင် ရိုသေလေးစားခဲ့သည်။ ဆရာတော်ကြီးနှင့် မိတ်ဆက်ခဲ့ပြီး ဧည့်ခန်းဆောင်သို့ ခေါ်ယူလာခဲ့သည်။ ဧည့်ခန်းတွင် **ကမ္ပါကိုလာ** နှင့် စားသောက်စရာမျိုးစုံ သူကြိုက်တတ်သောကွမ်းပါ မှာထားခဲ့သည်။ စားသောက်စရာများကို ကျွေးမွေးရင်း စာရေးသူက စကားစခဲ့သည်။ သူ့နာမည်မှာ ဗိပိန်းတိဝါရိ ဖြစ်သည်။ ဗိပိန်းမှာ နာမည်ဖြစ်ပြီး တိဝါရိမှာ ဇာတ်ဖြစ်သည်။ ပုဏ္ဏားလူမျိုးဖြစ်သည်။

တိဝါရိဂျီ ခင်ဗျားနှင့်တွေ့ရတာ သိပ်ဝမ်းမြောက်သည်။ ခင်ဗျားသည် ဘာသာရေးကို လိုက်စားသည့် သူတစ်ယောက်ဖြစ်သည်။ ခင်ဗျားကလည်း ကျုပ်ကိုကြည့်သောအားဖြင့် သိနိုင်သည်။ ကျုပ်လဲ ဘာသာရေးကို လိုက်စားသူ တစ်ဦးဖြစ်ကြောင်း ခင်ဗျားကို နဖူးမှာ အနီနှင့် အဖြူကိုတွေ့၍ သိရသလို ကျုပ်ကိုလည်း သင်္ကန်းဝါကာသာ ယဗဆတြကိုမြင်၍ သိနိုင်သည်။ ဘာသာရေးကို လိုက်စားသူအချင်းချင်းဆိုတော့ ခင်ဗျားမှာ ကိစ္စဝိစ္စရှိလျှင် ကျုပ်က ကူညီရမည်။ ကျုပ်မှာလဲ ကိစ္စဝိစ္စရှိလျှင် ဘာသာရေးအချင်းချင်းဖြစ်၍ ခင်ဗျားကလဲ ကျုပ်ကို ကူညီရမည်။ ဒါဟာ လူ့သဘာဝ လူ့သဘောတရားဖြစ်သည်။ အခု ကျုပ်ဟာ ကုသိနာရုံက လာခဲ့ရသည်။ ကျုပ်ဆရာတော်ကြီးဟာ အသက်ကလည်းကြီးပြီ ဟိုဟိုဒီဒီလဲ မသွားနိုင်ဘူး၊ ဒါနှင့် ခင်ဗျားတို့ရုံးတွင် ဖြစ်နေသော တရားအတွက် ကျုပ်ကို ခေါ်ခဲ့သည်။ ကျုပ်တို့ဟာ ဘုန်းကြီးဖြစ်၍ လူ့သဘာဝ လူ့တရား အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို မသိ၊ လူများကတော့ ဒီအဆောက်အဦးများ ဒီမြေများဟာ ဒီဘုန်းကြီးဘဲ ပိုင်ဆိုင်သည်။ ဘုန်းကြီးဟာ သူဌေးဖြစ်သည်။ ဒီဘုန်းကြီးကို လုပ်လိုက်လျှင်တော့ ငွေများများ ရကောင်းပါရဲ့ဟု စိတ်ကူးပြီး အင်စပတ်တော်များက လုပ်လိုက်ပုံရသည်။ တိဝါရီဂျီး ဆရာတော်ကြီးရောကျုပ်ပါ ဒီအဆောက်အဦးများကို ပိုင်ဆိုင်မှု မဟုတ်ပါ။ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များက မြေဝယ်ယူပြီး ကျောင်းကန် စရပ်များ ဆောက်လုပ်ခဲ့ကြသည်။ ဘုရားဖူး ကမ္ဘာလှည့်ခရီးသည်များ စိတ်ချလက်ချ တည်းခိုနိုင်ရန် စီစဉ်ထားခဲ့ကြသည်။ ရောင်းချ၍လည်းမရ၊ ပေး၍လည်းမရပါ။ စင်စစ်ပြောရမည်ဆိုလျှင် ကျုပ်တို့ဟာ ဒရဝမ်တစ်ဦးကဲ့သို့ စောင့်နေရသူများသာဖြစ်သည်။ ခင်ဗျားတို့ရုံးမှ လုပ်သောဥပဒေသည် ခင်ဗျားတို့ ကောင်းကောင်းသိကြသည်။ ဒီလိုဖြစ်လာခဲ့လျှင် ဒီလိုလုပ်ရမည်။ ဒီလိုလုပ်က ပြေပျောက်နိုင်သည်ဆိုတာ ရုံးတွင်လုပ်နေသော ရုံးဗျာတာ ရုံးစေကပင် သိကြသည်။ သို့ဖြစ်၍ ကျုပ်ကိုကူညီပါ။ ကူညီတဲ့အတွက် မေဟနတာနာ ခေါ် လုပ်အားပေးခ ကူညီပါမည်။ ဒီအလုပ်ကို ဘယ်လိုလုပ်က ရမည်ဆိုတာကို ကျုပ်လဲ သိသည်။ သို့သော် ရုံးမှ ပုဂ္ဂိုလ်တစ်ဦးဦးပါမှသာ ရနိုင်သည်။ ကျုပ်တစ်ဦးထဲ လုပ်က မှားယွင်းနိုင်သည်ဟု သွယ်ကာပတ်ကာ ပုဏ္ဏားကို ပုဏ္ဏားဉာဏ်နှင့်ဘဲ လုပ်လိုက်ခဲ့သည်။ စာရေးသူသည် ရန်ကုန်တွင် ပညာသင်ကြားခဲ့စဉ်က ဥပါယ် ၄မျိုး အဘိဓါန်ကျမ်းတွင် သင်ခဲ့ရသည့် သာမ၊ ဒါန၊ ဘေဒ၊ ဒဏ္ဍာကို ကောင်းကောင်း နားလည်မိခဲ့သည်။ သူ့ကိုလည်း ကိုယ့်ဘက်အရ ဆွဲခဲ့သည်။

ဗိပိန်းတိဝါရီမှာ စာရေးသူဘက်သို့ ဖဝ ရာခိုင်နှုန်း ပါခဲ့ပါပြီ။ ဒီလိုနှင့် တစ်နေ့တစ်နေ့ သူ့ကိုဆွယ်ခဲ့သည်။ ပေးခဲ့သည်။ ကျွေးမွေးခဲ့သည် ရက်သတ္တတစ်ပတ်ခန့် တွေ့ဆုံရင်း တကယ့်မိတ်ကောင်းဆွေကောင်း တစ်ယောက်လိုဖြစ်ခဲ့ပြီးမှ ရုံးတွင်ရှိနေသော ဆရာတော်ကြီး၏ တရားဖိုင်တွဲကြီးကို ရူပီးငွေ (၃၀) ပေး၍ ထုတ်ခဲ့ကြသည်။ ၎င်းဖိုင်တွဲကြီးမှ ကျောင်းတိုက်အခြေအနေ ဆာဦးသွင်ကျောင်းတိုက်မြေနှင့် မိဂဒါဝုန် မြန်မာကျောင်းမြေများကို ပုံဆွဲပြထားသော မြေပုံစာရွက်ကို ထုတ်ယူခဲ့ကြသည်။ မြေပုံစာရွက်ကို ရရှိပြီးနောက် စာရေးသူက ၎င်းတိဝါရီဂျီးကို ခေတ္တခဏ ခွါခဲ့သည်။ သူ့အား ကိုယ်လုပ်မည့် အလုပ်တွင် မစွက်ဖက်ဖို့ ကိုယ်လုပ်ပြီးမှ တွေ့ဆုံကြရန်ဆိုပြီး ဗာရာဏသီမှ ကုသိနာရုံသို့





ထွက်ခွာလာခဲ့သည်။ ဘာသာရေးဥပဒေများကို လေ့လာပြီးနောက် ကျောင်းမှ လုပ်သင့်သည့် လုပ်ဘွယ်ကိစ္စများကို လုပ်ပြီးကျောင်းတွင် အမြဲခိုင်းစေထားသော မန်ရုန်ဆရာနှစ်ဦးနှင့် လုပ်ဖေါ်ကိုင်ဘက် အလုပ်သမားသုံးဦးကို ခေါ်ယူပြီး ဗာရာဏသီသို့ ပြန်ခဲ့သည်။ ဗာရာဏသီတွင် ဆာဦးသွင်ဓမ္မာရုံနောက်ဘက် မြေလွတ်ပေါ်တွင် လုပ်သင့်သည့်ကိစ္စဝိစ္စများကို ညတွင်းချင်း ပြီးအောင်လုပ်ပြီး ထိုလုပ်သော နေရာများကို ရှေးဟောင်းဌာနများလို ပြုပြင်မွမ်းမံခဲ့ပြီး ဗိပိန်းတိဝါရီထံသို့ သွားခဲ့သည်။ သူ့အားပြခဲ့သည်။ သူကလည်း စာရေးသူအား ချီးကျူးခဲ့သည်။ နေရာများကို တိုင်းတာပြီး ဖိုင်ထဲမှထုတ်ထားခဲ့သော ပထမပုံကို ဖျက်ဆီးပစ်ခါ အသစ်ပုံတစ်ခုကို ဆွဲကြပါတော့သည်။ ပုံဆွဲခ ၂၀၀ ပေးခဲ့ရသည်။ ပြီးမှ စာရေးသူအား ခဂျူရီးကာလိုနီတွင် နေထိုင်သော အရာရှိ ဘီးရ်ဘဒြဆုကလာနှင့် တွေ့ဆုံရန်ပြောခဲ့သည်။ စာရွက်စာတမ်းကိုလည်း ရုံးတွင် သေသေချာချာ ထားရှိပြီးဖြစ်သည်။

တိဝါရီဂျီးက ဘာဘာဂျီး၊ ခဂျူရီးကာလိုနီကို သွားပါ။ ဟိုရောက်ခဲ့လျှင် အခန်းနံပါတ် ၃ တွင် အထက်နာမည်ပါ အရာရှိ ရှိသည်။ တံခါးကိုခေါက်လိုက်။ တံခါးခေါက်လျှင် အသက် ၁၄ နှစ်အရွယ် မိန်းကလေး ထွက်လာလိမ့်မည်။ ဘယ်သူ့ကို ရှာသလဲ မေးလိမ့်မည်။ ဘယ်ကလာသလဲဟု မေးလိမ့်မည်။ ပြီးတော့သူ့အဖေကို ပြောလိမ့်မည်။ ဒေဝရီယာက လာကြောင်းပြောပါ။ သူ ဒေဝရီမှာ နေခဲ့ဘူးသည့် အိုင်အေအက်ဆ် **(I.A.S)** အရာရှိ တစ်ယောက်ဖြစ်သည်။ စာရွက်စာတမ်းကိုလည်း ယူသွားပါ။ ဒီလိုဒီလိုပြောပါ စသည် ညွှန်းပြလိုက်သည်။ စာရေးသူ မနက် ၉ နာရီခန့် သွားသည်။ ဗိပိန်းတိဝါရီ ပြောသလိုပင် တစ်ခုပြီးတခု အားလုံး ဇာတ်တိုက်ထားသလို တွေ့ရသည်။ အရာရှိနှင့် တွေ့သည်။ စာရွက်စာတမ်းကိုပြသည်။ အရာရှိမှာ မိဂဒါဝုန်ရှိ မြန်မာကျောင်းမြေပုံနှင့် ဆရာတော်ဦးကိတ္တိမ ကျောင်းနားတွင် ပိုနေသောမြေပုံကိုလည်းကောင်း ကျောင်းတိုက်ရှေ့ရှိ လမ်းမြေ၊ မြေပိုနောက်နားတွင် တံထားကလေးအနီးရှိမြေတွင် အတင်းဆောက်လုပ်ထားသော အိမ် စသည်တို့ကို တစ်ခုပြီးတခု ပြောပြသွားသည်။ စာရေးသူမှာလည်း လွန်ခဲ့သော ၁၉၀၅ ခုနှစ်က မြေဝယ်ချိန်၊ ၁၉၀၈ ခုနှစ်က မြေဝယ်ချိန်၊ ၁၉၀၈ ခုနှစ်က ကျောင်းတိုက်စ၍ ဆောက်သောအချိန်နှင့် ၁၉၁၀



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် ကျောင်းတိုက်ပြီးဆုံးအချိန်နှင့် ကျောင်းတိုက် ပြုပြင်ဆောက်လုပ်သောအချိန်တွင် သစ်သားတံခါးမကြီးများကို ပြုလုပ်သောလက်သမားများကို ပေးထားသောမြေ စသည်အားလုံးကို ပြောပြခဲ့သည်။ ပြီးနောက် ပိုနေသောအချိန်များကို အလကားမထားဘဲ တစ်ဆက်တည်း ပြောသွားခဲ့သည်။ အရာရှိကလည်း ပြတ်ပြတ်သားသား ဖြေရှင်းခဲ့သည်။ စာရေးသူကလည်း မရတော့ပြီဟု မှန်းထားသောမြေကို မလိုတော့ကြောင်းနှင့် တရားပြန်၍ဖြစ်ပါက ငွေသာကုန်၍ အကျိုးမရှိသည်များကိုသိသဖြင့် မလိုတော့ကြောင့် ပြောပြခဲ့သည်။ ဆရာတော်ဦးကိတ္တိမအားလည်း လျှောက်ထားလျှင် သဘောတူမည့်အခြေအနေများကို ချင့်ချိန်၍ ပြောခဲ့ရသည်။ တရားသူကြီးက အာလုံး ဘာသာရေးကိစ္စဖြစ်၍ လုပ်ပေးမည်ဖြစ်ကြောင်းနှင့် နောင်ကို ဒီကိစ္စနှင့် စကားပြောလိုက အိပ်သို့မလာဘဲ ရုံးတွင်သာ ပြောဆိုတိုင်ပင်နိုင်ကြောင်း အိမ်သို့လာလျှင် မတော်မတရား လုပ်တတ်သူများက အထင်သေးအမြင်သေး လုပ်တတ်ကြောင်းကို ပြောခဲ့သည်။ ဆရာတော်ဦးကိတ္တိမအားလည်း ပြောပြလျှောက်ထားခဲ့သည်။ အားလုံး သဘောတူခဲ့သည်။

တရားမှာ စာရေးသူ သဘောကျဖြစ်ခဲ့ပါပြီ။ ရှေ့နေနှင့် တိုင်ပင်၍ မိဂဒါဝုန်က မြေပို ၄ ကဏ္ဍရော ဆီဂရာ ဆာဦးသွင်ကျောင်းမှ မြေပို ၁၆ ကဏ္ဍကိုပါ အားလုံး တိတိကျကျရှိအောင် စာရွက်များ လုပ်ပါတော့သည်။ မိဂဒါဝုန်မြေမှာ တရားဖြစ်နေစဉ်က မိဂဒါဝုန်မြေ တစ်ကဏ္ဍကို ၆ သောင်းခန့် ရှိပါသည်။ ဆာဦးသွင်ကျောင်း ဗာရာဏသီမှမြေမှာ တစ်ကဏ္ဍကို ၃ သိန်းခွဲကျော်ရှိပါသည်။ အားလုံး ကာလတန်ဘိုးမှာ မိဂဒါဝုန်မှ ၂သိန်းခွဲခန့်ရှိပြီး ဆာဦးသွင်ကျောင်း၊ ဗာရာဏသီ ဆီဂရာကျောင်းမြေ၏ တန်ဘိုးမှာ ၅၆ သိန်းကျော် တန်ဖိုးရှိပါသည်။ နှစ်နေရာလုံး တရားရှုံးသွားပါက ၅၈ သိန်းခွဲခန့် ဆုံးရှုံးရပါတော့မည်။ စာရေးသူသည် ရှေ့နေနှင့် တိုင်ပင်ပြီး စာရွက်စာတမ်းများကို သေသေသပ်သပ်ပြုလုပ်ပြီး တရားရုံးတော်သို့ ချဉ်းကပ်ပါတော့သည်။ အချိန်ပြည့်လုပ်အားပေးခါ တရားကို စပါတော့သည်။ တရားဖြစ်နေစဉ်အတွင်းတွင် မြန်မာပြည်မှ ဘုရားဖူးများနဲ့ရော ယိုးဒယား ဘုရားဖူးများပါ ရောက်ရှိလာတတ်ကြရာ တရားရက်ချိန်းနေ့တိုင်း မဆုံမိဘို့ ကြိုးစားရပါတော့သည်။ နီပေါမှ သိက္ခာထပ် ရဟန်းအမတက္ကသိုလ်မှ ကတိကဒေါက်တာ **ဆုဆီလာ**နှင့် သူ့တူ၊ သူ့မြေးနှင့် သူ့ယောက်မ





တို့ ရောက်လာခဲ့ကြရာ ဗာရာဏသီ၊ မိဂဒါဝုန်၊ ဗုဒ္ဓဂယာ၊ ရာဇဂြိုလ်၊ ပဋ္ဌနာကျောင်းများတွင် ပရိက္ခရာ ရှစ်ပါးလှူဒါန်းရန် လျှောက်ထားပါသည်။ ပရိက္ခရာရှစ်ပါးလှူဒါန်းခဲ့ပါလျှင် မြတ်စွာဘုရား ပွင့်တော်မူပါက **ဟေဝိဘိက္ခုနှင့် ဟေဝိဘိက္ခုနီ** အခေါ်ခံရမည်၊ ပရိက္ခရာရှစ်ပါး လှူလိုကြောင်း လျှောက်ထားခဲ့သည်။ ကုသိနာရုံတွင် နီပေါ ကျောင်းဆောင် ဆောက်လုပ်သူ ဒကာမကလည်းဖြစ်ပြန်ရာ ပစ္စည်းလေးပါး ထောက်ပံ့ပြီး သိက္ခာထပ် ရဟန်းအမကလည်းဖြစ်ခဲ့ရာ သူ့အလိုကို လိုက်ရပါတော့မည်။ ဤအချိန်သည်ကား အလွန်အေးသော ဇန်နဝါရီလဖြစ်ပါသည်။ ၁၂ ရက်နေ့ ရုံးချိန်းလည်း ရှိနေပါသည်။ သူတို့မှာလည်း တူဖြစ်သူမှာ အမေကို လိုက်ပို့သူဖြစ်ပြီး အလုပ်မအားကြောင်း ပြောပါသည်။ လူဦးရေများသော အိန္ဒိယနိုင်ငံတွင် မီးရထားလက်မှတ်မှာ လိုတိုင်းမရသော အချိန်လည်းဖြစ်ပါသည်။ မလွှဲမရှောင်သာဘဲ သူတို့လေးဦးကိုခေါ်ဆောင်ပြီး ဗုဒ္ဓဂယာလာခဲ့ရသည်။ ဗုဒ္ဓဂယာ ဗေါဓိပင်အောက်တွင် ပရိက္ခရာ (၈)ပါး လှူပါသည်။ ထိုမှ ရာဇဂြိုလ် ထွက်ခဲ့သည်။ ပဋ္ဌနာရောက်ခဲ့သည်။ နေရာတိုင်း ပရိက္ခရာ (၈) ပါးလှူဒါန်းခဲ့ပါသည်။ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရာဇဂြိုလ်၊ ပဋ္ဌနားမှ ခရီးထွက်ခဲ့ရာ ဘတ်(စ်)ကားဖြင့် ဆီဝန်းကို ဖြတ်ကျော်ခါ ကုသိနာရုံလာခဲ့ရသည်။ ကုသိနာရုံတွင် တရားနှင့်ဆိုင်သော စာရွက်စာတမ်းကို ယူရမည်ဖြစ်သည်။ ဇန်နဝါရီလ (၁၂) ရက်နေ့ ဗာရာဏာသီသို့ ပြန်လည်ရောက်ရှိရမည် ဖြစ်ပါသည်။ စာရေးသူနှင့် ဘုရားဖူးအဖွဲ့ ပဋ္ဌနာမှ စထွက်ခဲ့ရာ မဟာတမဂန္ဓီသေ ဟုခေါ်သော ကံထားကြီးအလွန်တွင် ကားဘီး ပေါက်ပါတော့သည်။ ဘီးပေါက်သောနေရာတွင် လှက်ရည်ပင် ဝယ်မရသော နေရာဖြစ်သည်။ ဗိုလ်ကလည်းဆာ၊ ရင်ထဲမှာလည်းပူ၊ ဗာရာဏသီတွင် ရင်ဆိုင်ရမည့်တရားအတွက် ရင်ထဲမှာလည်းပူ ရင်တွင်းတတုတ်တတုတ် ဖြစ်နေခဲ့ရသည်။ ထိုနေရာတွင် ကားဘီးလဲခဲ့ရာ နေ့လည် တစ်နာရီခန့် ပြီးခဲ့သည့် ဆွမ်းစားရရန်ကားဝေးသည်။

ထိုမှခရီးဆက်ခဲ့သည်။ ဆီးဝန်းမရောက်မီ ရထားသံကြိုး ကြားလိုက်ရသည်။ စာရေးသူသည် ဘတ်စ်ကားကိုရပ်ပြီး ခရီးသည်များကို ခေါ်ယူခါ ဆိုက်ကားသုံးစီးငှါးပြီး ဘူတာရုံရှိရာသို့ အပြေးအလွှား ပြေးခဲ့ရသည်။ အချိန်မှာ (၅) နာရီခန့် ရှိပြီဖြစ်သည်။ (၅) နာရီသာဆိုရသည် ဆောင်းတွင်းကာလဖြစ်၍ ချောင်



www.burmeseclassic.com

www.burmeseclassic.com



နေပါပြီ။ ဘုတာရုံရောက်သည်နှင့် ရထားကလည်း ဘုတာရုံမှ ထွက်စပြုပါတော့သည်။ အထုတ်များကိုဆွဲပြီး ရထားပေါ်တက်နိုင်ရန် နီးရာတွဲကို လိုက်ဆွဲရပါတော့သည်။

ဒီအထဲ အထုပ်က ပြွတ်ကျပြန်ရာ ဟိုတစ်ခုဒီတစ်ခု ပစ္စည်းများ ကြဲဖြန့်နေပါတော့သည်။ လက်မှတ်လည်း ဘယ်နေရာယူရမည် မသိတော့ပါ။ စမ်းတဝါးဝါးနှင့် ရထားပေါ်တက်မိခဲ့သည်။ ဆီးဝန်းနှင့် ဒေဝရိယာ လမ်းစရိတ်မှာ (၈) ရူပီးသာ ပေးရပါတော့သည်။ သို့သော် ဒီရထားသည် မူဇဖါရ်ပူရ်မှ ဒေလီသွားသော ဂျယန္တိဂျနတာ အမြန်ရထားဖြစ်ပါသည်။ အနည်းဆုံး ကီလိုမီတာ (၁၀၀)သွားမှသာ ရထားလက်မှတ် ရပါသည်။ စာရေးသူတို့အား လက်မှတ် မရနိုင်ပါ။

စာရေးသူမှာ မောပန်းနေပြီဖြစ်၊ ခုံလွတ်တစ်ခုံတွင် ထိုင်ချရုံသာရှိသေးသည်။ ရထားလက်မှတ်စစ်က လာပါတော့သည်။ လက်မှတ်လည်း မပါခဲ့ ဗိုက်ကလည်းဆာဆာ စိတ်ကလည်းပူရသည်။ စာရေးသူ လက်မှတ်စစ်အား ထိုင်စေပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် စကားစလိုက်သည်။ ကိုယ်ကမှားနေပြီး မိန်းမနှစ်ယောက်နှင့် ဒကာနှစ်ယောက် ပါပါသည်။ လက်မှတ်မပါလို့ ဖမ်းလဲခံရပါတော့မည်။ တီတီဘာဘူဂျီး ခဏနားပါအုံး။ ပြေးလာရလို့ မောလာပါတယ်ဟု စကားပလ္လင်ခံပြီး အအေးပုလင်း ခြောက်လုံးဝယ်ပြီး တီတီကိုတစ်လုံးနှင့် ကျန်ငါးလုံးကို တစ်လုံးစီ ဖေါက်သောက်လိုက်ကြပါသည်။

တီတီဘာဘူ ကျုပ်တို့ဟာဒီနေ့ ရာဇဂြိုလ်က ထွက်လာခဲ့ကြပါတယ်။ လမ်းမှာကား ဘီးပေါက်လို့ ဒုက္ခပေါင်းစုံနဲ့ တွေ့ခဲ့ရပါတယ်။ ကျုပ်တို့ကိုကြည့်ရင် ခင်ဗျားသိနိုင်ပါသည်။ ကျုပ်တို့ဟာ နိုင်ငံခြားသားများ ဖြစ်ကြပါတယ်။ ရထားလက်မှတ်ခိုးစီးမယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ သို့သော် ကျုပ်တို့လက်မှတ်မပါပါဘူး။ ခင်ဗျားတွေ့တဲ့အတိုင်း ဖြုန်းဖြုန်းဒိုင်းဒိုင်းနဲ့ လာခဲ့ရတယ်။ အချိန်မရ၍ ရထားလက်မှတ် မဝယ်ခဲ့ရပါ။ ဘယ်နေရာမှာ ရထားလက်မှတ်ရောင်းတယ်ဆိုတာလည်း မသိခဲ့ရပါ။ ဗိဟာနယ်မှာ ကြမ်းတမ်းရိုင်းစိုင်းသောနေရာဖြစ်၍ တစ်ညတာ တည်းခို၍လည်း မဖြစ်နိုင်ပါ။ ဒါကြောင့် ကုသိနာရုံကို အရောက်သွားရမည်ဖြစ်ပါတယ်ဟု စီကာပတ်ကုံး စကားရှည်ပြောပြီး သူ့ကို ကိုယ့်ဘက်ပါအောင် ဆွယ်ပါတော့သည်။ တီတီဘာဘူမှာလည်း ခေါင်းတညိတ်ညိတ်နှင့်





လက်ခံ၍ စာရေးသူအလိုကို လိုက်ပါတော့သည်။ မီးရထားလက်မှတ်မှာ ပထမတန်းကပင် ဖြစ်သော်ငြားလည်း အကွာအဝေးတို၍ လက်မှတ်ရောင်းပိုင်ခွင့် မရှိခဲ့ပါ။ ကီလိုမီတာ (၁၀၀) စီးမှသာ လက်မှတ်ရောင်းပိုင်ခွင့်ရှိသည်ဟု ပြောပါသည်။ တီတီဘာဘူက ငွေလည်းမယူခဲ့။ လက်မှတ်မပေးခဲ့သည့်အပြင် ဒေဝရိယာ ဘုတာရောက်တော့ ဂိတ်ထိရောက်အောင် လိုက်ပို့မိတ်ဆက်ပေးသည်။ ဂိတ်တွင် စောင့်နေသူမှာတော့ စာရေးသူနှင့် ဆယ်တန်း၊ ဆယ့်နှစ်တန်း သင်တုန်းက ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ သူကပင် ပြန်၍လိုက်ပို့သူ တီတီအား "ဟာဗျာ ကျုပ်ကပဲ မိတ်ဆက်ရမှာ ခင်ဗျားကပြောင်းပြန်ကြီး လုပ်နေပါပြီ။ ကျုပ်တို့ငယ်ငယ်ကတည်းက အတူတူစာသင်ဘက်ပါ" ဟု ရယ်ရယ် မောမောနှင့် ပြောလိုက်သည်။ စာရေးသူမှာ နီပေါမှ ဒကာ၊ ဒကာမကြီးများကို ခေါ်ယူပြီး ဂိတ်အပြင်ဘက်သို့ ထွက်ခဲ့ကြသည်။ ဂိတ်အပြင်ဘက်တွင် ကားလိုက်ရှာခဲ့ရာ တစ်စီးမှလည်း မတွေ့ခဲ့ပါဘူး။ ဒါနှင့် လမ်းဆုံးထိလိုက်လာပြီး ကားတစ်စီးအသွားအပြန် ရူပီးငွေ (၁၀၀) နှင့် ငှားရသည်။ ပစ္စည်းပစ္စယများကိုသယ်ပြီး ကုသိနာရုံသို့ ချောမောစွာ ထွက်လာခဲ့ကြပါသည်။ ကုသိနာရုံသို့ ည (၁၀) နာရီခန့်တွင် ရောက်ခဲ့ပါသည်။

ကုသိနာရုံရောက်လျှင် အနားမယူရဘဲ အခန်းထဲဝင်ပြီး တရားအတွက် စာရွက်စာတမ်း လိုက်ရှာရပါသည်။ (၁၁) နာရီခန့်တွင် စာရွက်များအသင့်ယူပြီး ချက်ချင်း ဗာရဏသီသို့သွားရန် စီစဉ်ရပါသည်။ အသင့်စောင့်နေသော ဒေဝရိယာဘုတာမှ ပါလာသောကားပေါ် တက်လိုက်သည်။ ကားဘေးတွင် ဒရိုင်ဘာနှင့်အတူ စပါယ်ယာတစ်ယောက်လည်း ပါပါသည်။ ကုသိနာရုံမှ ကဆိယာသို့ ထွက်ခဲ့သည်။ ကားတွင် ဆီးနည်းနေခဲ့ရာ ဆိုင်တစ်ဆိုင်ပြီးတစ်ဆိုင် ဆီလိုက်ရှာခဲ့သည်။ ဆီမရခဲ့။ ထိုမှ တရ်ကူလဝါခေါ် မြို့ကလေးတွင် ရမလားဟုဆို၍ ရှေ့ဆက်မောင်းပါတော့သည်။ ထိုမှလည်း မရခဲ့ပါ။ ကားကို ရှေ့ဆက်မောင်းခဲ့ရာ ကုသိနာရုံမှ (၁၈) ကီလိုမီတာ ဒေဝရိယာမှလည်း ၁၈ ကီလိုမီတာ ကြားတည့်တည့်ရောက်ချိန်တွင် ဆီလုံးဝကုန်သွားပါပြီ။ လူသူမနီးသောနေရာ ကန်ကျန်းပူးရ်အမည်ရှိသောနေရာတွင် ရပ်ပါတော့သည်။ ဇန်နဝါရီ အလွန်အေးသောရာသီ၊ လူသူမနီးသောနေရာ၊ အဝတ်အစား လုံလုံလောက်လောက် မပါရှိသောအချိန်



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူမှာ စဉ်းစားမရလောက်အောင် ပူပင်သောက ရောက်ရပါသည်။ နက်ဖြန် တရားရုံးချိန်း ဆယ်နာရီခန့် ရုံးဖွင့်ချိန် ဗာရာဏသီသို့ ရောက်ရမည်ဖြစ်သည်။ ဒေဝရိယာမှ ဗာရာဏသီ အမြန်ရထားဖြင့် ငါးနာရီကျော် ခြောက်နာရီခန့် သွားရမည်။ အနှေးရထားဖြင့် ခုနစ်နာရီ ရှစ်နာရီခန့်သွားရမည်ဖြစ်သည်။ ငါးနာရီကျော်ခန့်တွင် ရထားကို မှီရမည်ဖြစ်ပြီး လမ်းခုလပ်တွင် ဟိုမရောက်သည်မရောက်နှင့် အချိန်လုနေရသော အချိန်တွင် ကားဆိုက်ကုန်သွားခဲ့သည်။ အလွန်အေးသော ရာသီဥတုဒဏ်ကတစ်မျိုး။ စိုးရိမ်ကြောင့်ကြရသော သောကကြီးဒဏ်ကတစ်ဖုံ စာရေးသူကို ဒုက္ခပေးပါတော့သည်။ ဤမျှလောက်အေးသော ရာသီဥတုတွင် စာရေးသူမှာ ချွေးတပြိုက်ပြိုက်နှင့် ခံစားနေရပါသည်။ ကားကြီးကားငယ် အသွားအလာ ပြတ်ချိန်လည်းဖြစ်သည်။ ကားတစ်စီး တစ်လေလာခဲ့လျှင် ပြေးလိုက်ရကောင်းရဲ့။ သို့သော် အလွန်အေးသော ရာသီဥတုဒဏ်ကြောင့် တံခါးပင်မဖွင့်ခဲကြ။ ညနှစ်နာရီခန့်တွင် ကားကြီးတစ်စီး လာနေသည်ကို တွေ့လိုက်ရသည်။ ကားကြီးမှာ လော်လီကားကြီးဖြစ်သည်။ တဖြည်းဖြည်းသွားလေရာ ဒရိုင်ဘာနှင့်စပါယ်ယာတို့က ပြေး၍ရပ်ခိုင်းကြသည်။ ရင်မှာတဒုတ်ဒုတ်နှင့် မီးရထားကြီးမောင်းနေသော အသံကဲ့သို့ပင် မှတ်ထင်ရသည်။ ကားကြီးတဖြည်းဖြည်း ရပ်လိုက်ပြီ။ ဝမ်းသာလုံးကြီးနှင့် ကားရှိရာသို့ ပြေးလိုက်မိသည်။ ဒရိုင်ဘာနှင့်စပယ်ယာမှာ ကားတွင်တွယ်၍ပါနေရာ ကားကြီးမရပ်လျှင် မဖြစ်တော့ပါ။ ကားကြီး ရပ်လိုက်ပါသည်။ ကားရှေ့တွင် ဒရိုင်ဘာနှင့်အတူ လူမိန်းမယောကျ်ားဆယ့်သုံးယောက် ထိုင်နေကြပြီး ဒရိုင်ဘာက ရှေ့ဘက်တွင် ထိုင်ရန်နေရာမရှိကြောင်း၊ လိုက်လိုက နောက်ဘက်တွင်လိုက်နိုင်ကြောင်း ယူပီပြည်နယ်အနောက်ပိုင်း ဘာသာစကားဖြင့် ပြောလိုက်သည်။ စာရေးသူမှာ မသွားမဖြစ်သောအလုပ်ဖြစ်၍ သူခွင့်ပြုသည့်နောက်ဘက်တွင် နေရာတစ်ခု ယူလိုက်သည်။ ကားပေါ်တွယ်တက်သွားရာ လော်လီကားကြီးပေါ်တွင် စက္ကူတာသုံးစီး၊ ဆိုင်ကယ်သုံးစီး၊ ဆိထည့်သော ဒရင်းစည်ကြီးနှစ်လုံးနှင့် သေတ္တာရှည်ကြီးတစ်ခု လူနှစ်ယောက်လည်း ထိုင်နေသည်ကို တွေ့လိုက်သည်။ စာရေးသူ လော်လီကားပေါ်ရောက်ရှိပြီး ထိုင်ရန်နေရာရှာခဲ့ရာ သေတ္တာရှည်ကြီးကို တွေ့လိုက်ရသည်။ သေတ္တာရှည်ကြီးပေါ်သို့ထိုင်ရန် အချိန်ယူလိုက်ရာ လူနှစ်ယောက်က ဟိုး ........





ဟိုး ........ ဟိုး ........ ဟု အော်လိုက်ကြသည်။ စာရေးသူ ရပ်လိုက်သည်။ "ကယားဟိုက်" ဘာလဲ ဟုမေးလိုက်ရာ ထိုင်နေသူတစ်ဦးက သေတ္တာကြီးဟာ ရိုးရိုး သေတ္တာကြီးမဟုတ်ဘဲ လူသေအလောင်း ထည့်ထားသော သေတ္တာတစ်လုံးဖြစ်ကြောင်း ပြောပြခဲ့သည်။ ဒေလီမြို့မှ အလောင်းကို ယူလာခဲ့ကြောင်း၊ ဒေလီမြို့တွင် ဓါတ်မီးဌာနၡ အလုပ်လုပ်ရာမှ ဓါတ်လိုက်၍ သေဆုံးသွားခဲ့ရာ သူ၏ဇာတိရပ် ဆ.လာမ်းပူရ်သို့ ဓါတ်မီးဌာန လော်လီကားဖြင့် ယူလာခဲ့ရကြောင်း ပြောပြခဲ့သည်။ စာရေးသူသည် ဤလော်လီကားဖြင့်ပင် ဒေဝရိယာသို့ လိုက်ပါသွားခဲ့သည်။

အလွန်အေးလွန်းလှသော ဇန်နဝါရီလ ဆယ့်တစ်ရက်နှင့် ဆယ့်နှစ်ရက်နေ့ညဖြစ်သည်။ ဆီးနှင်းကျနေ၍ ရှေ့မှာ ဘာတစ်ခုကိုမျှ မမြင်ရသောညကြီး၊ လော်လီကားကြီး တဖြည်းဖြည်း မောင်းနေသည်။ ကားရှေ့ပိုင်းတွင် ဒရိုင်ဘာမှာ အေးလွန်းအားကြီး၍ အလုံပိတ်ထားခဲ့ရသည်။ ဒေဝရိယာသို့ မနက်သုံးနာရီကျော်ခန့် ရောက်သွားခဲ့ပါသည်။ ကုသိနာရုံဘက်မှဝင်သော ကားလမ်းဘက်မှ မီးရထားလမ်းကို ဖြတ်၍ဝင်ရသော လမ်းမကြီးရှိသည်။ မီးရထားသံလမ်း ဖြတ်သည်နှင့်တပြိုင်နက် စာရေးသူ ရပ်တန့်ရန်အော်လိုက်သည်။ သို့သော် ဒရိုင်ဘာမှာ အလုံပိတ်ထား၍ ကြားပုံမရပါ။ ကားကြီးမှာ ဆက်၍မောင်းနေပါတော့သည်။ ပထမကတည်းက ဒေဝရိယာရောက်လျှင်ဆင်းမည်ဟု ပြောထားသောကြောင့် ဒရိုင်ဘာက သတိရပုံရသည်။ ကားသည် ဒေဝရိယာမြို့ကိုဖြတ်ကျော်ပြီး လူသူကင်းမဲ့သောနေရာ ထောင်ကြီးအနီးသို့ရောက်မှ ရပ်လိုက်သည်။ စာရေးသူ ခပ်သုတ်သုတ်ကလေး ခုန်ဆင်းလိုက်သည်။ အောက်ရောက်သည်နှင့်တပြိုင်နက် လော်လီကားကြီးမှာ ရှေ့ဆက်ထွက်ခွာသွားခဲ့တော့သည်။ စာရေးသူ လာလမ်းအတိုင်း ခြေလျင်ဖြင့် လျှောက်လာခဲ့သည်။ ရထားမမှီမှာစိုး၍ ခပ်သုတ်သုတ်ကလေး ခြေလှမ်းကြဲကြဲဖြင့် လာခဲ့မိသည်။ တစ်မိုင်ကျော်ကျော်ခန့်အရောက် ဘတ်(စ်)ကားဂိတ်သို့ရောက်သည်။ ဘူတာရုံနှင့် တစ်မိုင်ကျော်ကျော် ဝေးပါသေးသည်။ ဘတ်(စ်)ကားဂိတ်မှ လန်ချားတစ်စီးကိုခေါ်ယူပြီး ဘူတာရုံရှိရာသို့ သုတ်ခြေတင်ခဲ့ရသည်။ စာရေးသူ ဘူတာရုံသို့ရောက်သည်။ ရထားလက်မှတ်ယူရသည်။ ရထားလက်မှတ်ယူသူများမှာ တန်းစီနေကြသည်။ လူဦးရေများသော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတိုင်းမှာ ဘယ်နေရာသွားသွား တန်းစီရသည်။ မနက်စာစားချိန်၊ နေ့လည်စာစားချိန်၊ ဘုတာရုံမှဆင်းချိန်၊ စသည့် အချိန်များတွင် တန်းစီ၍ယူကြသည်။ မီးရထားက တဝီဝီနှင့် အသံကြီး အော်လိုက်သည်။ ရင်ထဲမှာကား မီးရထားသံနှင့် မီးရထားမောင်းနေသော စက်သံထက်ကြီးမားသော ရင်ခုန်သံကို ကြားနေရသည်။ ဒီရထားမှာသာ ကျန်ရစ်ခဲ့တော့ တရားရက်ချိန်းတွင် ဒုက္ခရောက်ရတော့မည်။ အလွန်အရေးကြီးသော အချိန်ဖြစ်သည်။ လက်မှတ်ယူပြီး မီးရထားရှိရာသို့ ပြေးရပါတော့သည်။ ရထားမှာ အမြန်ရထားဖြစ်သည်။ ဂေါရပူရ်မြို့မှ အေလာဟာဘာဒ်သို့သွားသော ပူရ်ဘန်းကျလ် အမြန်ရထားဖြစ်သည်။ ရထားတွင်လည်း လူပြည့်ကျပ်နေပါတော့သည်။ တဖြည်းဖြည်း ရှေ့သို့တိုးဝင်ပြီး နေရာယူလိုက်သည်။

ဇန်နဝါရီလ ဆယ်ရက်နေ့က ရာဇဂြိုလ်မှ မနက်လေးနာရီထပြီး ဘီဟာရ်ဆရိဖ် လာခဲ့ရသည်။ ထိုမှပတ္တာနာ၊ ပတ္တာနာမှ ဆီဝန်းသို့ ရောက်လာခဲ့သည်။ လမ်းတွင်ကားပျက်၍ အစာရေစာ ပြတ်ခဲ့ရသည်။ ဆီဝန်းမှ ရထားလုစီးခဲ့ရသည်။ ဒေဝရိယာရောက်သည်။ ဒေဝရိယာမှ ကားငှားပြီး ကုသိနာရုံ လာခဲ့ရသည့်လမ်းတွင် ဆီကုန်၍ ဒုက္ခရောက်ခဲ့ရသည်။ နေ့ရောညပါ တစ်မှေးမှ မအိပ်ခဲ့ရ၊ အနားမယူခဲ့ရပါ။ ရထားပေါ်ရောက်ချိန်တွင် နာရီပေါင်းငါးဆယ် ကျော်လာခဲ့ရပြီး ရထားမောင်းသံကြီးနှင့်အတူ စာရေးသူ၏ရင်မှ ခုန်နေသော အသံကြီးမှာလည်း ရထားမောင်းနေသလို တဂျုန်ဂျုန်းနှင့် ပြေးနေခဲ့သည်။ စိတ်ထဲမှလည်း ဆယ်နာရီ ရုံးဖွင့်ချိန် ဗာရာဏသီသို့ ရောက်မှရောက်ပါမလား။ စာရွက်စာတမ်းများ တရားသူကြီးကို ပြမှပြနိုင်ပါ့မလားဟုသော အတွေးလုံးကြီးက ပြင်းပြနေခဲ့သည်။ လူကတော့ ရထားပေါ်မှာရှိသည်။ သို့သော် စိတ်က ဗာရဏာသီသို့ ရောက်သွားခဲ့ပြီး အမြန်ရထားကို ဒို့ထက် မြန်စေချင်လှသည်။ ရထားသည် ဆရာဂျူးမြစ်ကြီးကို ဖြတ်ကူးခဲ့သည်။ ဣန္ဒရာဘူတာ၊ မအုဘူတာများတွင်ရပ်ပြီး ခရီးသည်များ ဆင်းကြ၊ တက်ကြနှင့် ယယ်ယယ်တုံးက ဘဝသံသရာကားတွင် ရုပ်ရှင်မင်းသမီး မေသစ်ကို သတိရမိသည်။ သူများတကာ ဆင်းကြ တက်ကြ၊ စားကြသောက်ကြ ကိုယ့်မှာကား ဘာတစ်ခုမှမစားနိုင်ခဲ့။ ဗာရာဏသီ၊ ဗာရာဏသီ၊ ဗာရာဏသီ တရားရုံးမှ သီရိဘိရ်ာဘဒြဆုကလာ တရားသူကြီးကိုဘဲ





မြင်နေမိသည်။ **ကျပရာဆီက** "ဦးကိတ္တိမာ ဘနာမ်ဆရ်ကာရ်" ဟူသော ပုကာရ်သံကိုဘဲ ကြားယောင်နေမိသည်။ စိတ်ထဲမှာလည်း မှီပါ့မလားနှင့် လားပေါင်းများစွာ ဝင်ရောက်နေသည်။ တဖြည်းဖြည်းနှင့် မီးရထား **စာရနာဆ်** ခေါ် မိဂဒါဝုန်ဘူတာသို့ ရောက်လာသည်။ ဘူတာရုံမှ မိဂဒါဝုန် ဓမ္မိကစေတီတော်နှင့် မူလကန္ဓကုဋ္ဌိပိဟာရကို မြင်လိုက်ရသည်။ စိတ်ထဲမှာ အာရုံပြု၍ တရားကိုမှီပါစေ၊ တရားကိုမှီပါစေဟု ဆုတောင်းမိသည်။

ဗာရာဏသီတွင် ဇန်နဝါရီလ ဆယ့်နှစ်ရက်နေ့ ဆောင်းတွင်း မိုးတဖြောက်ဖြောက် ရွာနေသည်။ စာရေးသူ၏ ဒုက္ခကို သိ၍လားပင်မသိ ရာသီဥတုကလည်း စာရေးသူကဲ့သို့ပင် ထုံထိုင်းမှုံမှိုင်းသော အခြေအနေဖြင့် ကြုံရသည်။ ရထားကအမြန်ရထားဖြစ်၍ မိဂဒါဝုန်ဘူတာရုံတွင် မရပ်ပါ။ ဗာရာဏသီ စီးတီးဘူတာတွင် ခဏရပ်ပြီး ထွက်လာခဲ့သည်။ ဗာရာဏသီ ကန့်တ်ဘူတာသို့ နေ့လည်ဆယ့်နှစ်နာရီကျော်ကျော်တွင် ရပ်ခဲ့သည်။ စာရေးသူမှာ မိုးမှန်းလေမှန်းမသိခဲ့၊ ရထားမှပြေးဆင်းလာခဲ့ပါသည်။ ရရာလန်ချားတစ်စီးကို စီးပြီး ဆီကရာကျောင်းရှိရာသို့ သုတ်ခြေတင်ခဲ့ပါသည်။ ဘူတာနှင့်ကျောင်းမှာ တစ်မိုင်ခန့် ဝေးပါသည်။ ရုံးမှာ ကျောင်းနှင့်နှစ်ဖါလုံခန့် ဝေးပါသည်။ စာရေးသူသည် ကျောင်းသို့မဝင်ခဲ့ဘဲ ရုံးရှိရာသို့ ဆက်တိုက်ထွက်သွားမိသည်။ မိုးရွာနေ၍ ရုံးတွင် ထင်သလောက် တရားလိုများ တရားခံများနှင့် ရှေ့နေများကို မတွေ့ခဲ့ရပါ။ စာရေးသူ လန်ချားသမားကို ပိုက်ဆံပေးပြီး ရုံးထဲသို့ ပြေးဝင်သွားမိသည်။ တရားသူကြီးမှာ ရိုးသားဖြောင့်မှန်သော တရားသူကြီးဖြစ်၍ တစ်ယောက်ထဲ ရုံးထဲတွင် ဖယောင်းတိုင်မီးနှင့် အလုပ်လုပ်နေသည်။ ထိုနေ့ မိုးရွာ၍ မီးလည်းမလာပါ။ ရင်ထဲမှာ တဒုတ်ဒုတ်နှင့် အပြင်မှကြည့်နေမိသည်။ တရားသူကြီးသည် အမှုများကို တစ်ခုစီတစ်ခုစီကြည့်ပြီး ဆုံးဖြတ်ချက် ရေးနေခြင်းဖြစ်သည်။ စာရေးသူကို တွေ့လိုက်တော့ ဆရာတော် ဒီလောက်အေးတဲ့အချိန်မှာ ဘာကြောင့်လာရသလဲ၊ ဆရာတော်မလာလဲ ရပါတယ်လို့ပြောသည်။ စာရေးသူမှာကား အမှု၏နောက်ဆုံးနေ့ဆိုတော့ မိုးရွာနေတာ၊ ချမ်းတာအေးတာကို ဘာမျှဂရုမစိုက်ခဲ့မိပါ။ အပူဇောချွေးက တပြိုင်ပြိုင် ကျနေသည်ဖြစ်သည်။ ထိုနေ့ တရားသူကြီးက အမှုကို အနိုင်ပေးလိုက်ပါသည်။ ဝမ်းမြောက်ဝမ်းသာနှင့် အချိုခဲတစ်ထုတ်ယူကာ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ပြန်လာသည်။ ဆရာတော်ကြီးမှာလည်း တပည့်တော် မလာ၍ ပူဆွေးသောက ဖြစ်နေတုံးဖြစ်သည်။ ဟော့ကောင် ဒီနေ့ တရားနေ့ကွာ သွားသွား၊ ခပ်မြန်မြန်သွားဟု စာရေးသူအား ပြောသည်။ ဆရာတော်တရားသည် တပည့်တော် တရားဘဲဖြစ်ပါသည်ဘုရားဟု လျှောက်ထားခဲ့ရသည်။ ကိုယ်တာဝန်ယူတားသော အလုပ်မှန်သမျှ ငွေရောလူရော ကိုယ့်ပစ္စည်းကိုယ့်အလုပ်ဟုမှတ်ပြီး လုပ်ခဲ့၍လည်း တရားမှာ နိုင်ခဲ့ရသည်။ စာရေးသူမှာ အချိုထုတ်ကို ဆရာတော်ရှေ့တွင် ချထားပြီး တရားနိုင်သွားပြီဖြစ်ကြောင်းပြောမှ ဝမ်းသာသွားသည်။ အကယ်၍များ တရားသာမနိုင်ခဲ့ရင် စာရေးသူ ဘယ်လိုဖြစ်သွားမည်မသိခဲ့။ တရားနိုင်သော်လည်း အငြိမ်မနေရသေး။ ကျောင်းကြီးကို ဆေးသုတ်ရမည့်အလုပ်က ရှိသေး၍ ရက်သတ္တပတ်ခန့် ကိစ္စပြီးအောင် ဆောင်ရွက်ရပြန်သည်။ ပြီးမှသာ ကုသိနာရုံသို့ ပြန်ခဲ့ရသည်။

ရုံးမှာတော့ တရားနိုင်ခဲ့ပါပြီ။ လိုအပ်သည့် စာရွက်စာတမ်းများကိုယူရန် ဖိုင်ကြီးကို ရှာရပါတော့သည်။ ဖိုင်ရှာမတွေ့တော့ပါ။ မေးမြန်းကြည့်ရာ အစိုးရရှေ့နေ ယူထားကြောင်း သိရသည်။ သို့ဖြစ်ရာ ပထမဆုံးတွေ့သော နဖူးမှာ အရေးသုံးကြောင်းပါသော ပုဏ္ဏားလူမျိုး ဝိဖိန်းတိဝါရိကိုပြန်၍ ကပ်ရပြန်ပါသည်။ အစိုးရရှေ့နေ နေသောနေရာကို လိုက်ရှာပြီး သူ့အိမ်သို့ သွားခဲ့ရသည်။ စက်တင်ဘာလ ဆယ့်ငါးရက်နေ့ (၁၉၈၃) ခုနှစ်ဖြစ်သည်။ ညနေ ခုနစ်နာရီခန့်ဖြစ်သည်။ စာရေးသူနှင့် ပိပိန်း တိဝါရိတို့၏ လန်ချားတစ်စီးနှင့် ဗာရာဏသီ **ချောက်** ရပ်ကွက်သို့ သွားကြသည်။ မိုးကလည်း သည်းထန်စွာ ရွာသွန်းနေသည်။ ရှေ့နေအိမ်ကို လိုက်ရှာကြသည်။ ရှေ့နေအစ်ကိုမှာ ဗာရဏာသီမြို့မ ပါလီမာန် အမတ်တစ်ဦးဖြစ်သည်။ ပထမ အစ်ကိုနှင့် တွေ့ကြသည်။ ရှေ့နေနှင့် တွေ့လိုကြောင်း ပြောပြရသည်။ ရှေ့နေကို အစ်ကိုဖြစ်သူက လှမ်းခေါ်လိုက်သည်။ ရှေ့နေမှာ ကလေးတစ်ယောက်ကဲ့သို့ ပြေးဆင်းလာခဲ့သည်။ သူ့အသက်မှာ (၄၅) နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အမတ်ဖြစ်သူအစ်ကိုက ဆရာတော်နှင့် မိတ်ဆက်ပေးသည်။ ဆရာတော်မှာလည်း စာရေးသူ၏ဆရာဖြစ်ကြောင်း အသက်ရွယ်ကကြီး၍ စာရေးသူကိုယ်တိုင် အလွန်တရာဝေးသော နေရာမှလာ၍ အမှုကိုကြည့်ရကြောင်း ပြောပြသည်။ အမှုကို ခပ်မြန်မြန် ပြီးဆုံးလိုကြောင်း





ပြောပြခဲ့သည်။ တရားတွင် ဘာများလုပ်စရာရှိကြောင်း မေးမြန်းခဲ့ရာ အစိုးရရှေ့နေက အများကြီးရှိသေးကြောင်း မြို့ကြီးပြကြီးတွင် နေရသည်ဖြစ်၍ အစိုးရလခနှင့် မမျှတကြောင်း အမှုရမှသာ သူတို့အတွက် အဆင်ပြေကြောင်းနှင့် ဘုန်းကြီးတို့မှာ နိုင်ငံခြားသားများဖြစ်၍ နိုင်ငံခြားမှ ငွေကြေးများရရန် အကြောင်းရှိကြောင်းနှင့် ယခုတရားတွင် အနည်းဆုံး ငွေသုံးသောင်းပေးမှသာ တရားငြိမ်းအေးနိုင်မည်ဖြစ်ကြောင်း ပြောပြသည်။ စာရေးသူကလည်း ဒီတရားမှာ ဘာသာရေးတရားဖြစ်၍ ခွင့်လွှတ်လိမ့်မည်ဖြစ်ကြောင်း ဘာသာရေးနှင့်ပတ်သက်သူကို လွှတ်သင့်ကြောင်း ပြောပြခဲ့သည်။ ရှေ့နေမှာ သူ့ရပေါက်ကိုသာတွေးပြီး ငါတို့မှာ အိမ်ယာတည်ထောင်လူ့ဘောင်သားဖြစ်ကြောင်း ရဟန်းများနှင့်မတူကြောင်း၊ ရဟန်းများမှာ ကိစ္စမရှိသော်လည်း လူများအတွက်မှာ လိုအပ်ကြောင်းပြောသည်။ စာရေးသူကလည်း ဒီကျောင်းဒီမြေသည် ဆရာတော်တို့အပိုင် မဟုတ်ကြောင်း လှူသူဒကာ၊ ဒကာမများသာပိုင်ကြောင်း သာသနာအတွက် လှူထားခြင်းဖြစ်ကြောင်း ဆရာတော်တို့မှာ ကျောင်းကန်ကိုစောင့်ရှောက်သူ ဒရဝန်နှင့်သာတူကြောင်း ဆရာတော်တို့မှာ ပေးနိုင်ခွင့်လှူပိုင်ခွင့်မရှိကြောင်း၊ စကားနိုင်လုသလို ပြောနေရသည်။ နောက် ရှေ့နေကပြောသည်။ ငါ့နေရာမှာ ဆရာတော်ဖြစ်ခဲ့လျှင် ဘယ်လိုလုပ်မလဲ ဟုမေးမြန်းသည်။ စာရေးသူကလည်း စာရေးသူမှာ ဗုဒ္ဓဘာသာ ရဟန်းတပါးဖြစ်၍ ခင်ဗျားနေရာမှာ ငါသာဖြစ်မည်ဆိုလျှင် ချက်ခြင်းပေးလွှတ်လိုက်မည်ဖြစ်ကြောင်း ပြောသည်။ ရှေ့နေက တကယ်လားလို့မေးသည်။ စာရေးသူကလည်း တကယ်ပင်ဖြစ်ကြောင်း ပြောမိသည်။ ရှေ့နေမှာ သူ့အိမ်ပေါ်သို့ ပြေးတက်သွားပြီး တရားနှင့်ပတ်သက်သော ဖိုင်တွဲကြီးကို ယူခဲ့သည်။ စာရေးသူ၏ရှေ့တွင် ၄င်းဖိုင်ကြီးကို ပစ်ချလိုက်သည်။ စာရေးသူ ဖိုင်တွဲကို သေချာစွာကြည့်လိုက်သည်။ တရားသူကြီး ဆုံးဖြတ်ချက်ချထားသော နေရာ၏ဘေးနားတွင် အင်္ဂလိပ်လို (Seen) ဆိမ်းန်ဟုရေးပြီး ဗိန္ဒုနှစ်လုံးပေါက်ပြီး အတန်းငယ်တစ်ခု ဆွဲထားသည်။ ပြီးနောက် “ကဲ ဆရာတော်ပြောပါ ဘာလုပ်ရမလဲ” တဲ့ စာရေးသူက အော်၍ဖတ်လိုက်သည်။ (S.E.E.N) ဆိမ်းန်မာနေးဒေခ်ကျူးကာဟိုက်န = (S.E.E.N) ဆိုတာ ကြည့်ပြီးပြီလို့ ပြောတယ်မဟုတ်လား။ သူက ဟုတ်တယ်ဟု ပြောလိုက်သည်။ ဒီလိုဆိုတော့ ကဲ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ။ သူက ဆရာတော်ပြောလေ တဲ့။ ဆရာတော်က ကဲကဲခင်ဗျားရေး ဟိန္ဒီလို ကျုပ်ပြောမယ်။ ရေးနော် – ဟု ပြောလိုက်သည်။ (S.E.E.N) **မာနေဒေခ်ကျူးကားဟိုက်၊ "ဤဆ်ဖိုင်းလ်မယ်အာဂေးကောဤကရ၀ါဤကနေကာဂျူးရတ်တ်နဟိန်းဟိုက်"** ကဲ လက်မှတ်ထိုး ဆိုပြီး စာရေးသူရှေ့တွင် ချလိုက်သည်။ စာရေးသူရှေ့တွင်ပင် သူ လက်မှတ်ရေးထိုးလိုက်သည်။ ပြီးနောက် ကဲကဲငါ့အလုပ်တော့ပြီးပြီ။ ဆရာတော် အလုပ်ပဲကျန်ပါပြီတဲ့။ ထိုနေ့က ဘာတွေလုပ်ရမလဲ ဟုမေးမြန်းပြန်ရာ ဆရာတော်ဖြစ်၍ ပြဆာဒ်လိုအပ်သည်ဟု ပြောပြန်ပါသည်။ ဘယ်လောက်လိုသလဲဟု မေးမြန်းပြန်ရာ အနည်းဆုံး တစ်သောင်းခန့်လိုသည်ဟု ပြန်ပြောပါသည်။

စာရေးသူ၏အိတ်တွင်ကား ကုသိနာရုံမှ လာခဲ့စဉ်က ရထားလက်မှတ်အပြင် ငွေ(၈၀၀) ခန့်သာ ပါလာခဲ့သည်။ ထိုအထဲမှ (၄၀၀) ကို ဆရာတော်အတွက် စားစရာများနှင့် ဆေးဝယ်ပြီး ဆရာတော်ကို ကပ်လိုက်ပါသည်။ (၄၀၀) သာကျန်ပါတော့သည်။ ဆရာတော်ကြီးနှင့် တိုင်ပင်ကြည့်ဦးမည်ဆိုပြီး ရှက်ကိုးရှက်ကန်းနှင့် ကုလားဥာဏ်ကို မမှီခဲ့ပါ။ ကလန်ကဆန်လုပ်၍လည်း ဒီကုလားဒုက္ခပေးတတ်သည်။ ဒါနှင့် ကျောင်းသို့ ပြန်လာခဲ့ရပါသည်။ ကျောင်းရောက်တော့ ဆရာတော်ကြီးအား လျှောက်ထားခဲ့ရာ မင်းကြိုက်သလိုသာလုပ်ပါဟု ပြောခဲ့သည်။ ဆရာတော်ကြီးအား ရှေ့ဆက်၍လည်း မပြောရဲတော့ပါ။ ကိုယ့်ထဲမှာလည်း ငွေလုံလုံလောက်လောက် မရှိတော့ပါ။ နောက်တစ်နေ့ ဗိပိန်းတိဝါရိကို ခေါ်ယူပြီး ရှေနေအိမ်သို့ သွားခဲ့ကြသည်။ မသွားမီ ဘင်္ဂါလီမိထာဤ အကောင်းစားအချိုမလိုင်ခဲ တစ်ထုပ်ကို (၃၅) ကျပ်ပေး၍ မှာလိုက်သည်။ စာအိပ်တွင် ငွေတစ်ချို့ကိုထည့်ပြီး လန်ချားစီး၍ ရှေနေအိမ်သို့ ထွက်ခဲ့ကြသည်။ မိုးကလည်း သည်းထန်စွာ ရွာနေခဲ့သည်။ လန်ချားနှင့် ရှေနေအိမ်ရောက်အောင် မသွားနိုင်ခဲ့။ လမ်းပေါ်တွင် တဟူးဟူးနှင့် ရေစီးနေခဲ့ရာ လန်ချားမှဆင်း၍ ခြေလျှင်သွားခဲ့ရသည်။ ဖါလုံဝက်ခန့်အရောက်တွင် မိန်းမကြီးတစ်ဦးနှင့် ခြောက်နှစ်အရွယ် ကလေးမလေးတစ်ဦး ရှေနေအိမ်ဘက်မှ ခြေလျှင်လျှောက်လာနေသည်ကို တွေ့ရသည်။ မိန်းကလေးက စာရေးသူအား **"ကျိနာဘာဘာ……. ကျိနာဘာဘာ ……. ပါပါနဟိန်းဟိုက်၊** တရုတ်ဆရာတော်၊ တရုတ်ဆရာတော် ဖေဖေ





မရှိဘူး၊" တဲ့။ စာရေးသူက မေးလိုက်သည်။ "တုမ္ဟာရာပါပါ ကဟာန်းဂယာဟိုက်။ မင်းအဖေ ဘယ်သွားလဲ" မိန်းကလေးက **"ဆီတလာမာဤ ကေမန္တိရ်မေးဂယာဟိုက်"** ဆီတလာနတ်ကွန်းရှိရာသို့ သွားနေသည်။ စာရေးသူနှင့် ဗိပိန်းန်တိဝါရိတို့သည် ပြန်လှည့်ပြီး ကျောင်းလမ်းဆုံးမှ ဗိဆွနာထ်ဂလီရှိရာသို့ ဆင်းခဲ့ကြသည်။ ထိုမှ ရှေ့သို့လာခဲ့ရာ ဆီတလာမာဤနတ်ကွန်းသို့ ရောက်ပါတော့သည်။ နတ်ကွန်းတွင် နတ်ရုပ်ရှိရာနေရာနှင့် အနံ့အပြား နေရာလပ်များတွင် လူတော်တော်များများထိုင်၍ ပူဇော်ပသနေကြသည်။ စာရေးသူသည် နတ်ရုပ်ရှိရာသို့သွားပြီး ဈေးမှဝယ်ယူခဲ့သော ဘင်္ဂါလီအချိုမုန့်များနှင့် ကုသိနာရုံ ဘိက္ခုသံဃရိက်နှိပ်ထားသော စာအိပ်အတွင်းတွင် ငွေ(၂၀၀)ထည့်ပြီး အလုံပိတ်ထားခဲ့သည်။ နှစ်ခုလုံးကို နတ်ရုပ်အနားတွင် လှည့်လယ်သွားလာနေသော ဆာဒူးတစ်ဦးကို ပေးလိုက်သည်။ ကဲ..ဆာဒူး ဒီအချိုကို ရုပ်ပွါးတော်ဆီမှာ ထည့်ထားလိုက်၊ တင်ထားလိုက်ပါ။ ကျုပ်တောင်းမှပေးပါဟု ပြောပြီးပေးလိုက်သည်။ ၎င်းနောက် ရှေနေရှိရာ နေရာသို့သွားသည်။ ရှေနေမှာ ပညာတတ် အစိုးရရှေ့နေတစ်ဦးဖြစ်သော်လည်း သူဝတ်ထားသည့်အဝတ်မှာ လန်ကွတ်တီတစ်ခုသာဝတ်ထားခဲ့သည်။ လက်တွင် ဒေါ့လကျိခေါ် ပန်းအမွှေးတိုင် ဖယောင်းတိုင်များထည့်သောတောင်းကလေးတစ်ခုနှင့် ၎င်းတောင်းကလေးပေါ်တွင် ကမ္ဘဝါလိုလိုစာအုပ်လေးတစ်ခုလည်းပါသည်။ စာအုပ်ကလေးကိုဖွင့်ပြီး မြေကြီးပေါ်မှာထိုင်၍ ပါးစပ်မှ တတွတ်တွတ်နှင့် ရွတ်ဖတ်ပူဇော်နေသည်ကို တွေ့ရသည်။ စာရေးသူနှင့် ဗိပိန်းန်းတိဝါရိတို့မှာလည်း သူ့အနားတွင်ထိုင်ပြီး မျက်စိမှိတ်၍ ထိုင်လိုက်ကြသည်။ တစ်နာရီသာသာခန့်ထိ ပူဇော်ခဲ့ပြီး ဗြုန်းခနဲထကာ ရှေနေသည် လာလာသမျှသောပုဂ္ဂိုလ် မိန်းမ၊ ယောကျာ်းအားလုံးတို့အား ညွှန်ပြ၍ ဒီဘုန်းကြီးဟာ ဗုဒ္ဓဘာသာအသင်းကြီးမှ ဥက္ကဋ္ဌဖြစ် သည်။ ကျုပ်နှင့်တွေ့ဆုံရန် လာခဲ့သည်ဟု ခဏခဏ အဖန်ဖန် အထပ်ထပ် လာလာသမျှသောပုဂ္ဂိုလ်များကို ကြွားကြွား ဝါဝါ ပြောနေသည်။ ပြီးမှ နတ်ကွန်းရုပ်ပွားတော်ရှိရာသို့ ထွက်သွားသည်။ စာရေးသူတို့မှာလည်း သူ့နောက်မှ လိုက်သွားခဲ့ကြသည်။ သူ နတ်ရုပ်ပွားတော်ရှေ့နားတွင် လက်အုပ်ချီလျှက် မတ်တပ်ရပ်၍ ဆုတောင်းနေသည်။ ထိုအချိန်တွင် စာရေးသူအနားတွင် လျှောက်လှည့်ပတ်နေသော ဆာဒူးဘာဘာကိုခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ဟော့…… ဆာဒူး ကျုပ်ပေးထားတဲ့ပြဆာဒ်ခေါ် မလိုင်ခဲထုပ်ကိုပေးပါတော့” ဆာဒူးမှာ စာရေးသူ တင်ထားခဲ့သော အထုပ်ကိုပေးသည်။ စာအိတ်လည်းပါသည်။ စာရေးသူကိုယ်တိုင် အထုတ်ငယ်ကိုဖွင့်ပြီး အထဲမှအချိုခဲသုံးလေးခဲကို ထုတ်ယူပြီး ဆာဒူးကို ပေးလိုက်သည်။ ကျန်တစ်ထုတ်နဲ့ စာအိပ်ကို မတ်တပ်ရပ်နေသော လက်အုပ်ချီ၍ တတွတ်တွတ်ရွတ်နေသော အစိုးရရှေနေ လက်ထဲသို့ ထည့်ပေးလိုက်သည်။ နောက်ပြီး စာရေးသူက “ဝကီးလ်ဆာဟာဗ် ယေးအာပကာပရ်ဆာဒ်ဟိုက် အာပက္ကုဆ်ဒေဝတာကို ဗဟုတမန်နတေးဟိုက်။ ဣုဆလီးယေအာပကေ့ ဒေဝတာကာပြဆာဒ်ဒီယာဟိုက် အာပကိုဗဟုတဖလ်မီလေးဂါ” ရှေ့နေကြီးမှာ အထုပ်ကလေးကို လက်ခံလိုက်သည်။ စာရေးသူက “ရှေ့နေကြီး ဒါဟာ ခင်ဗျားအတွက် ပြဆာဒ်ဘဲဖြစ်သည်။ ပရ်ဆာဒ်ဆိုတာ နဲတယ်များတယ် မဟုတ်ဘူး။ ခင်ဗျားယုံကြည်သလို အသုံးချပါ”ဟုပြောပြီး ပေးလိုက်သည်။ ငွေသုံးသောင်း တောင်းနေခဲ့သော ရှေ့နေကြီးသည် ငွေသုံးသောင်းမှ တစ်သောင်းဖြစ်နေခဲ့သည်။ တစ်သောင်းမှ ပရ်ဆာဒ်တောင်းခဲ့သည်။ စာရေးသူမှာ လိမ္မာပါးနပ်စွာဖြင့် ဘင်္ဂါလီမီထာအီ (၁၅) ရူပီးတန်နှင့်ငွေနှစ်ရာပေးခဲ့ပြီး ဗာရာဏသီတရားကြီးကို ရင်ဆိုင်ခဲ့ရသည်။ ၄င်းအစိုးရရှေ့နေမှာ ပရ်ဆာဒ် လိုချင်သည်ဟု လှည့်ခဲ့သည်။ စာရေးသူသည်လည်း သူ့ကိုပေးရပါတော့မည်။ ပရ်ဆာဒ် ဆိုသည်မှာ ဘုရားရှင်ထံတွင် တင်လှူခဲ့သော ပစ္စည်းတခုခုကို ဆိုလိုသည်။ ရသေ့ရဟန်းများထံမှ စွန့်ကြဲသောပစ္စည်း စားစရာမှစ၍ တစ်ခုခု စွန့်ကြဲသောပစ္စည်းကို ဆိုလိုသည်။ ပထမတော့ သူဌေးဟုပြောခဲ့သည်။ ကျောင်းကန်ပစ္စည်း အဆောက်အဦးများကိုမြင်၍ ငွေသုံးသောင်း တောင်းခဲ့သည်။ စာရေးသူကလည်း ဒီပစ္စည်းများမှာ ရဟန်းသံဃာများ မပိုင်ဆိုင်ကြောင်း၊ လှူဒါန်းသောဒကာ၊ ဒကာမများကသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တန့်ထွန်းကား တိုးတက်ပြန့်ပွားရန်အတွက်သာဖြစ်သည့် လှူဒါန်းသော ပစ္စည်းများကို စောင့်နေရသော ဒရဝန်များသာဖြစ်ကြောင်း လှည့်ပတ်ပြောဆိုခဲ့သည်။ တဖန်ရှေ့နေက သူတို့ဟာလည်း ဘာသာသာသနာကို ယုံကြည်အားထားသော ပုဂ္ဂိုလ်များဖြစ်ကြောင်းကို တကယ့်တကယ်ပြလို၍။ ဆီတလာမာဤခေါ်သော ဗာရာဏသီတွင် ဆုတောင်းပြည့်သူတို့ ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ် ကိုးကွယ်ကြသော နတ်





ကွန်းသို့သွား၍ ကိုယ်တိုးလုံးဟု ဆိုရသလောက် ကိုယ်တွင် လန်ကွတ်တီ အသားကပ် အဝတ်ကိုဝတ်ပြီး ကြည်ညိုပူဇော်ဘွယ်ရာပစ္စည်း ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပန်း၊ ဆီနှင့်ထွန်းသော ဒီယားဆီမီးခွက်နှင့် နဖူးတွင် သုတ်သော နံ့သာဆီတိုင် ဆိန္ဒူစသော ပစ္စည်းမျိုးစုံနှင့် စာရေးသူအား လုပ်ပြခဲ့သည်။

စာရေးသူသည် တစ်သောင်းထိ နောက်ဆုံးပရ်ဆာဒ်အဖြစ် တောင်းနေခဲ့ရာ ကြံဖန်၍ နည်းနိုင်သမျှနည်းအောင် ကြံခဲ့ရသည်။ မပေးဘဲတော့မရ ဆိုသည်ကိုလည်း စာရေးသူကသိခဲ့သည်။ သူလုပ်ပြခဲ့သလို ကိုယ်ကလည်း သူတို့ဘာသာကို လေးစားကြောင်းနှင့် ဘာသာကိုးကွယ်သူအချင်းချင်း တစ်ဦးကိုတစ်ဦးအချင်းချင်း ရိုင်းပင်းကူညီရမည်ကိုလည်း စာရေးသူက ပြောပြခဲ့ဘူးပြီးပါပြီ။ သို့သော် ပုဏ္ဏားဉာဏ်သည် အလွန်ကြောက်စရာကောင်းပါသည်။ အိန္ဒိယရာဇဝင်တွင် နာမည်ကျော်ကြားခဲ့သော ကျနကယပုဏ္ဏားကြီးသည် သူ့ကို မရိုမသေ မလေးမစားလုပ်ခဲ့သော နန္ဒဝံဆ်ဘုရင်မျိုးနွယ်တစ်ခုလုံးကို ပျောက်ဆုံးအောင် လုပ်ခဲ့ကြဖူးသည်။ သူနှင့် ဆန့်ကျင်ဘက်လုပ်၍တော့မကောင်း။ ချိုချိုသာသာနှင့် အနိုင်ရလျှင်ကောင်းမည်ဟု ကြံဆခဲ့ပါသည်။ သူလည်သလို ကိုယ်ကလည်း တစ်ဘက်မှ လှည့်ရပါတော့သည်။ သူလှည့်ခဲ့သလို ကိုယ်ကလည်း အခံသဘောမျိုးဖြင့် လှည့်ခဲ့ရာ ယခုတော့ သုံးသောင်းမှနေ၍ နောက်ဆုံး (၂၃၅) ကျပ်နှင့်ဆုံးမည့်အခြေအနေသို့ ရောက်ခဲ့ရပါပြီ။ သို့သော် နောက်ပုဏ္ဏားတစ်ဦး ကျန်ပါသေးသည်။ သူသည် စာရေးသူအား အစမှ ယခုအခြေအနေထိရောက်အောင် ကူညီခဲ့သူဖြစ်ပါသည်။ စာရေးသူ ပထမဆုံးဆွေမျိုး စပ်ခဲ့သောသူ တစ်ဦးဖြစ်ပါသည်။ ကိုယ့်အကြံဉာဏ်ကိုလည်း တစ်ချို့တစ်ဝက်ကို သိခဲ့သူ တွေ့ခဲ့သူလည်းဖြစ်ပါသည်။ အစကတည်းက နည်းလမ်းဥပဒေဆိုသည်မှာ နည်းလမ်းဥပဒေလုပ်သူ၊ နည်းလမ်း ဥပဒေကိုစောင့်ထိန်းစေသောသူ၊ နည်းလမ်းဥပဒေကို ဆုံးဖြတ်စေသော တရားရုံးတွင်လုပ်သူ တရားသူကြီးများက လွဲစေလိုက လွဲနိုင်ရနိုင်သည်ဖြစ်၍ ရုံးမှပုဂ္ဂိုလ်များနှင့် တိုင်ပင်မှ ဖြစ်မည်ဆိုပြီး လိုက်ရှာခဲ့ရာ ဗိပိန်းနိတိဝါရီခေါ်သော ပုဏ္ဏားတစ်ဦးကို တွေ့ရသည်။ ဗေဒ၊ သာမ၊ ဒါန၊ ဒါဏ္ဍ ဥပါယ်လေးမျိုးဖြင့် အနိုင်ရအောင်လည်းလုပ်ခဲ့ရရာ ၄င်းတိဝါရီပုဏ္ဏားကိုလည်း တစ်ခုခုတော့ပေးရမည်။ ချီးမြှင့်ရအုံးမည် မဟုတ်ပါလား။ ကကြီးရေ “က”မှစ၍ ယခု “အ”



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်ပါတော့မည်။ ကြားလမ်းခရီးတွင် သူ့ထံမှ ဗာရာဏသီတရားကြီးကို အောင်နိုင်ရန်အတွက် နည်းမျိုးစုံကို သိခဲ့ရသည်။ သူ့ကို ထမင်းကျွေး ဖျော်ရည်ယမကာ တိုက်ကျွေးရုံမှတစ်ပါး ဘာတစ်ခုမျှ မပေးခဲ့သေးပါ။ စာရေးသူမှာတော့ ကုသိနာရုံမှ တရားရုံးချိန်တိုင်း နောက်ပိုင်းကိုလာခဲ့ရရာ လူကလည်းပင်ပန်း၊ စိတ်ကလည်းပင်ပန်း၊ ငွေကြေးကလည်း ကုန်ခမ်းရပါသည်။ ဒီအထဲ ဆရာတော်ကြီး ကျေနပ်အောင်လည်း လုပ်ခဲ့ရပါသည်။ တရားလိုက်ကြည့်သူများ ကျေနပ်အောင်ဟု ယခုရေးသားခဲ့ရာ အလွန်တူးဆန်းသော စကားတစ်ရပ်ဖြစ်ပါသည်။ စာဖတ်သူများ ရှင်းလင်းအောင် ဥပမာတစ်ခုထဲပြပါမည်။ မြန်မာပြည်မှ သွားရောက်သာသနာပြုနေသော နည်းမည်ကျော် ဆရာတော်ကြီးတပါးက ကုသနာရုံကို အတုခိုးပြီး ငါလည်း ကုလားကလေးမွေးချင်သည်၊ ငါလည်း စာသင်ကျောင်းမန်နေဂျာ လုပ်ချင်သည်ဟု လုပ်ခဲ့ရာ နောက်ဆုံး ၄င်းကုလားက ဆရာတော်ကြီးကို လူယုံဒုက္ခပေးခြင်း ခံခဲ့ရသည်။ သူ့တပည့်ကပင် နောက်လူများနှင့်ပေါင်း၍ မတော်မတရား လုပ်ခဲ့သည်။ နောက်ဆုံး တရားတပေါင်ဖြစ်ခဲ့သည်။ တရားဖြစ်တော့ တရားရုံးသွားခ တစ်ဆယ်ဆိုလျှင် နှစ်ဆယ့်ငါးကျပ် ဆရာတော်ထံမှ တောင်းယူခဲ့သည်။ နှစ်ဆယ့်ငါးကျပ်ဆိုလျှင် ငါးဆယ်ကျပ် တောင်းယူခဲ့သည်။ နောက်ဆုံး ၄င်းတပည့်မှာ ဆရာတော်ကို ဒုက္ခပေး၍ အသေဆိုးနှင့် သေခဲ့ရဘူးပါသည်။ ဆရာတော်တို့တရားတွင်လည်း ဤကဲ့သို့ ဆရာတော်ကြီး အရိုက်အရာကို ထိန်းသိမ်းရမည့်ပုဂ္ဂိုလ်များက ဆရာတော်ကြီး ကျွေးတာကိုစားပြီး ဆရာတော်ကြီး အရိပ်အာဝါသကို ခံယူရင်းနှင့် ဒီအဘိုးကြီးဟာ သိပ်ကပ်စေးနဲသည်။ ဒီလိုမှမယူလျှင် ဘယ်လိုယူမလဲဟု ကိုယ့်အကျင့်ကို သူများကို ပြောသည်အထိ ပြောခဲ့ဘူးပါသည်။ ဆေးဝယ်ရာတွင်လည်းကောင်း၊ စားသောက်ပစ္စည်းဝယ်ရာတွင်လည်းကောင်း၊ အသုံးအဆောင်ပစ္စည်း ဝယ်ရာတွင်လည်းကောင်း၊ ယူတတ်ခဲ့ကြသည်ကို ဆရာတော်ကြီးက သိသည်။ လူငယ်တွေကတော့ ဒီအဘိုးကြီးဟာ ဂြိုဟ်တုခေတ်ကို မမှီဘူး၊ မသိဘူး ဟုထင်ကြသည်။ သို့သော် ဒီအဘိုးကြီးဟာ နွားလှည်းခေတ်မှစ၍ ယခုဂြိုလ်တုခေတ်အထိ မှီခဲ့သူပါလား ဆိုတာကို မသိခဲ့ကြဘူး။ သူတို့သည်သာလျှင် လူလည်ဟု မှတ်ထင်ခဲ့ကြသည်။ ဆရာတော်ကြီးက ခဏခဏပြောတတ်သည်။ မင်းတို့တပည့်တွေဟာ ပုဏ္ဏားတွေ၊





ပုဏ္ဏားတွေဟု ပြောတတ်သည်။ ပုဏ္ဏားဆိုသည်မှာ ဟိန္ဒူလူမျိုးတို့၏ ဘာသာရေး ခေါင်းဆောင်ဖြစ်သည်။ စားတာသောက်တာမှအစ အသွားအလာ ခရီးစရိတ်မှာဖြစ်ဖြစ်၊ ဘာသာရေးဘက်မှဖြစ်ဖြစ် အတိုးချ၍ ယူတတ်သော ပုဂ္ဂိုလ်ကိုခေါ်ကြသည်။ သို့သော် ဘာသာရေး ခေါင်းဆောင်ဖြစ်သော်လည်း လူများတကာ အရှိအသေကို မခံစားရ။ လူများတကာတို့၏ ချီးမွမ်းခြင်း မခံတတ်ရပါ။ သူများတကာကတော့ အမြဲ အထင်သေးအမြင်သေး ခံရတတ်ပါသည်။

ဗာရာဏာသီမှ တရားမှာလည်း ဆရာတော်ကြီး ယုံကြည်ခြင်းကို မခံခဲ့ရပါ။ သို့ဖြစ်၍ စာရေးသူကို ခေါ်ခဲ့ခြင်းဖြစ်သည်။ ဗိပိန်တိဝါရီ ပေးရပါမည်။ တရားကို နိုင်ပြီးနောက် ဆရာတော်ကြီးအား လျှောက်ထားခဲ့ကြသည်။ စာရေးသူမှာ ငွေကြေးမှာလည်း နည်းပါးခဲ့၍ ကုသိနာရုံသို့ပြန်ရန် လျှောက်ထားခဲ့ရသည်။ ဗိပိန်းကိုလည်း ဆရာတော်ကြီးက ဆုပေးမည်။ မေဟနတာနာ ပေးမည်ဖြစ်ကြောင်း ပြောခဲ့ရသည်။ သူကတော့ ရေဒီယိုတစ်လုံး တောင်းခဲ့သည်။ ဆရာတော်ကလည်း ပေးမည်ဆို၍ စာရေးသူ ပြန်ခဲ့ရသည်။ တာရှည်လည်း မနေနိုင်ရခြင်းမှာ မြန်မာပြည်မှဘုရားဖူး လာရောက်သူများကြောင့်လည်းဖြစ်သည်။ ဆရာတော်ကြီးက ဗိပိန်းန်ကိုပေးရန်အတွက် တူးအိန်ဝန်ခေါ် ရေဒီယိုကက်ဆက်တစ်လုံးကို ဝယ်ရန်သွားခဲ့ရာ (၂၅၀၀၀) မှ (၃၀၀၀၀) ခန့် ပေးရမည်ထင်ခဲ့သော်လည်း တစ်ထောင်ကျော်သာပေးရ၍ ဆရာတော်ကြီးမှာ တစ်လုံးအစား နှစ်လုံးဝယ်၍ စာရေးသူနှင့် ဗိပိန်းန်ကို တစ်လုံးစီ ဆုချခဲ့သည်။ ဗာရာဏသီတရား အောင်မြင်မှုအတွက် စာရေးသူ ဝင်ရောက်ခဲ့ရ၍ ဟိုခေတ်ဟိုအချိန်ကာလတန်ဘိုးမှာ (၅၈) သိန်းခန့် တန်ဘိုးရှိခဲ့သည်။ ယခုကာလတန်ဘိုးမှာ (၄၅၄) သိန်းကျော် တန်ဘိုးရှိပါသည်။ လုံးပန်းခဲ့ရခြင်း ကိုယ့်အိတ်မှ ငွေကြေးစိုက်၍ ကုန်ကျခဲ့ရခြင်းမှာ တော်တော်ကို ကျေးဇူးရှိခဲ့သည်။ စာရေးသူသာ မဝင်ရောက်ခဲ့ပါလျှင် ထိုမျှတန်ဘိုး ကြီးမားလှသော သာသနာအဆောက်အဦးကြီးများ ပျက်စီးဆုံးရှုံးခဲ့နိုင်စရာသာ ရှိခဲ့သည်။

ဇန်နဝါရီလ (၁၁) ရက်နေ့ညနှင့် (၁၂) ရက်နေ့တစ်နေ့လုံး ခံစားခဲ့ရ သောဒုက္ခကိုတော့ စာရေးသူအဖို့ တစ်သက်တာ မမေ့နိုင်ခဲ့ပါ။ သာသနာပြုလို သောစိတ်ဓါတ်ရှိသူ ရဟန်းငယ်တို့အားလည်း စာရေးသူကဲ့သို့ ခံနိုင်ရည် ရှိပါစေသို့



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းမိသည်။ ကမ္ဘာတွင် မြန်မာများကို သာသနာပြုရာတွင်လည်း လူတကာ့လူ၊ ရှင်တကာ့ရှင်၊ ရဟန်းတကာ့ရဟန်းကောင်း ဖြစ်နိုင်ကြပါစေဟု ဆုတောင်းမိသည်။ တစ်ကိုယ်ကောင်းဆန်၊ တစ်မျိုးကောင်းဆန်၊ တစ်ခွေကောင်းဆန်သော အလေ့အကျင့်ကို ဖျောက်နိုင်ကြပါစေ။ မြန်မာရဟန်းတော်များ ဘာသာခြား စာပေများ တတ်ကျွမ်းနိုင်ကြပါစေ။ အစား၊ အနေ၊ အပြော၊ အဆိုနှင့် သူတစ်ဖက်သားအပေါ် သည်းခံမှု ရှိနိုင်ကြပါစေ၊ အမှန်တရားမှာသာ သည်းခံ၍ အမှားတရားကို သတ္တိရှိရှိနှင့် ရင်ဆိုင်နိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါသည်။

ဟရိဗလ၊ ကုသိနာရုံ








# အင်္ဂုလိမာလ ရှာခမ်း
## "အင်္ဂုလိမာလ် ကီးတလာ့ဆ်မေ"

ဟရိဗလ၊ ကုသိနာရုံ

ဤသတင်းခေါင်းစဉ်တစ်ခုကို အိန္ဒိယနိုင်ငံတွင် အများဆုံးထုတ်ဝေသော "ဒိုက်နိုက်ကဲဂျာဂရဏ်" သတင်းစာကြီးတွင် ပါလာခဲ့ပါသည်။ အင်္ဂုလိမာလ်ကို အိန္ဒိယနိုင်ငံသားများက (ဒါကု) ဓါးပြ ဟုခေါ်ဝေါ်သုံးစွဲခဲ့ကြပါသည်။ ဓါးပြနှင့်ပတ်သက်ခဲ့သည်။ အင်္ဂုလိမာလကို ရှင်တော်မြတ်ဘုရားက တရားရေအေးတိုက်ကျွေးတော်မူခဲ့ပြီး လူကောင်းတစ်ဦး ရဟန်းကောင်းတစ်ပါးသာမက အရိယာနွယ်ဝင် သူတော်စင်တစ်ပါး ဖြစ်လာသည်အထိ ကြိုးစားခဲ့ပါသည်။ ဤခေါင်းစဉ်ပါ သတင်းတွင် ကမ္ဘာဗုဒ္ဓသာသနာပြု ရဟန်းတော်တစ်ပါးက ဘိဟာပြည်နယ်နှင့် ယူပီပြည်နယ် နယ်စပ်တွင် ဆိုးသွမ်းနေကြသော ပြန်ပေးဆွဲသမား၊ ဓါးပြဂိုဏ်ပါတီဝင်များကို သူတို့၏မကောင်းမှု ဒုစရိုက်မှ လွတ်မြောက်ပြီး လူကောင်းတစ်ဦး ဖြစ်လာစေရန် ကြိုးစားမှုသတင်းဖြစ်၍ ဗုဒ္ဓဘာသာ ရဟန်းတော်တပါးက ဓါးပြ အင်္ဂုလိမာလ ရှာခမ်းဟု ဟိန္ဒီဘာသာဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၁၉၉၁–၁၉၉၂ ခုနှစ်များက ကုသိနာရုံတွင် နယ်ရှင်နယ်ယူသည် ပရိဂျတ်မှ ဒေါက်တာအက်ဆ် အနန်နဆုဘာရာဝ် ဦးစီးပြီး လူငယ်ပွဲတော် ၂ ခု ကျင်းပခဲ့ပါသည်။ ပထမပွဲတော်တွင် ကုသိနာရုံ မြန်မာကျောင်းဝင်းအတွင်းရှိ မြကန်သာရေကန်ကြီးတစ်ခုကို တူးဖေါ်ခဲ့ကြပါသည်။ မြန်မာကျောင်း ကုသိနာရုံသည်



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယရှိ ဗုဒ္ဓဘာသာကျောင်းများတွင် ရှေးအကျဆုံးသော ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ ဤကျောင်းကို ပထမဆုံး ကမ္ဘာ့ဗုဒ္ဓဘာသာ သာသနာပြု ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိသည် ကုလားဆရာတော်ကြီး မဟာဝီရ ဆရာတော်ကို ဦးတည်ပြီး ရခိုင်ဒကာပွဲစားကြီး ဦးချိုဇာရှိ၏ နဝကမ္မအလှူဖြင့် ၁၈၉၅ ခုနှစ် မြေဝယ်ယူပြီး ၁၈၉၈ ခုနှစ် စတင်ကျောင်းဆောက်ခဲ့ပါသည်။ ၁၉၀၂ ခုနှစ်တွင် မဟာပရိနိဗ္ဗာနဓမ္မသာလာခေါ် ကျောင်းတော်ကြီး ပြီးစီးခဲ့ပါသည်။ ကျောင်းတော်ကြီး ပြီးစီးပြီးနောက် ၁၉၂၆ ခုနှစ် မာထကုဝါးရဲ ရေကြည်တော်သောက်သုံးသော နေရာတွင် ကျောင်းကလေးတစ်ကျောင်း ၁၉၂၆ ခုနှစ်တွင် မဟာပရိနိဗ္ဗာန စေတီတော်တို့ကို မြန်မာပြည် ဟင်္သာတ ခရိုင်မှ ဒကာမ၊ ဒကာများ၏ နဝကမ္မလှူဒါန်းငွေဖြင့် ပြုပြင်မွမ်းမံ ဆောက်လုပ်ခဲ့ပါသည်။ တဖန် ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်ထိ ရှေးဟောင်းသုတေသန မဟာပရိနိဗ္ဗာန ကျောင်းတော်ကြီးကို မြန်မာပြည်မှ ဝန်ကြီးချုပ် ဒကာတော်ဦးနုနှင့် အိန္ဒိယဝန်ကြီးချုပ် ပဏ္ဍိတ်ဂျဝါဟာရ်လာလ်နေရူးဂိုးမှတဆင့် ရှေးဟောင်းသုတေသနဌာနကို အကြံပြုပြီး အသစ်ပြုပြင်နိုင်ခဲ့ပါသည်။ ဤကဲ့သို့ ရှေးဟောင်းသုတေသနဌာနပိုင် ကျောင်းတော်၊ စေတီတော် ရုပ်ပွားတော်များကို ရှေးဟောင်းသုတေသနဥပဒေအရ ပြုပြင်နိုင်ခွင့်မရှိခဲ့ပါ။ သို့သော် ဆရာတော်ကြီး၏ ဦးနှောက်ဉာဏ်ကြောင့် အပြစ်မတင် ပြုပြင်နိုင်ခဲ့သည်သာမက ဆရာတော်ကြီး၏ ပြုပြင်စီစဉ်နိုင်မှုကြောင့် မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာများကို ကမ္ဘာ့ဗုဒ္ဓဘာသာများက လေးစားခြင်းကို ခံခဲ့ရပါသည်။ ဒုတိယအနေဖြင့် မိဂဒါဝုန်ကျောင်းကိုလည်း ပြုပြင်နိုင်ခဲ့ပါသည်။ ထို့အပြင် သာဝတ္ထိကျောင်း ဗလရာမ်ပူရ်ကျောင်းများ ဆောက်လုပ်ခဲ့စဉ်ကလည်း မြန်မာဗုဒ္ဓဘာသာများအဖို့ နာမည်ကောင်း ရရှိခဲ့ပါသည်။

ယခုခေတ် လွတ်လပ်ရေးရပြီးနောက် ရှေးဟောင်းသုတေသနဌာနတွင် ဥပဒေအမျိုးမျိုး ပြောင်းလဲလာခဲ့ရာ ရှေးဟောင်းသုတေသနနှင့် အနီးဆုံးဖြစ်သော ဤနေရာများ၊ ဤကျောင်းများတွင် မိမိတို့လုပ်ချင်သလို လုပ်၍မရတော့ပါ။ ကုသိနာရုံကျောင်းတွင်လည်း ကျောင်း၏အနောက်တောင်ဘက်တွင် မြေတစ်ကွက် ရှိပါသည်။ ထိုမြေမှာ ရိုးရိုးမြေထက် သုံးပေခန့်နိမ့်ပါသည်။ ထိုမြေတွင် စပါး





ကျူး ကြံစိုက်၍လည်း မရပါ။ မျောက်များကဖျက်ပါသည်။ ရှေးဟောင်းသုတေသန ဥယာဉ်တွင် မျောက်ပေါင်း ၈၀ မှ ၁၀၀ ခန့်ထိ လှည့်လည်ကျက်စားကြပါသည်။ ထိုမြေတွင် အဆောက်ဦးဆောက်၍လည်း မဖြစ်နိုင်ပါ။ ရှေးဟောင်းသုတေသနဌာနမှ တားကြပါသည်။ ရှေးဟောင်းသုတေသနဌာနမှ ယနေ့တိုင် လျော်ကြေးမပေးဘဲ သိမ်းထားသောမြေ ၁၂ ကေတ္တအပြင် ဒီမြေကိုပါ သိမ်းမှာစိုးရိမ်ရပါသည်။ ဒါကြောင့် အကြံကုန် ဂဠုန်ဆားချက်သဘောမျိုးဖြင့် ဤမြေကွက်တွင် ရေကန်တခု ပြုလုပ်ရန် ကြံဆခဲ့ရသည်။ ပထမဆုံး ထိုမြေကွက်တွင် ဗုဒ္ဓဆရာဂရုခေါ် မြကန်သာ တူးရန် စီစဉ်သည်နှင့်တပြိုင်နက် ရှေးဟောင်းသုတေသနဌာနမှ တားကြပါတော့သည်။ ထိုအရာရှိနှစ်ဦးကို ချော့မော့ပြောဆိုသော်လည်း မရတော့ပါ။ ထို့ကြောင့် စာရေးသူသည် နယ်ရှင်နယ်ယုသ်ပြိုဂျက်ဌာနနှင့် ဆက်သွယ်၍ အိန္ဒိနိုင်ငံတစ်ခုလုံးမှ ကျောင်းသားကျောင်းသူ ၁၆၄ ဦးကို ဖိတ်ခေါ်ပြီး လူငယ်ပွဲတော် ကျင်းပခဲ့ပါသည်။ ထိုပွဲတော်သို့ ကုသိနာရုံမှ M.P ယခုရှေးဟောင်း သုတေသနဝန်ကြီး (ဒေလီ) ကိုပါ လူငယ်ပွဲတော် ဖွင့်လှစ်ရန် ဖိတ်ခဲ့ပါသည်။ ပွဲတော်စသည်နှင့် တပြိုင်နက် မြန်မာကျောင်းဝင်းတွင် လူထုစည်းဝေးပွဲကြီးတခု ဖြစ်ပါသည်။

ဝန်ကြီးမိန့်ခွန်းပြောကြားပြီးနောက် ကုသိနာရုံ ယခုလက်ရှိဆရာတော်က မြကန်သာ တူးမည့်နေရာကို ဝန်ကြီးအားဖိတ်ခေါ်ပြီး –ဝန်ကြီးမင်း ပဏ္ဍျားဂျီ၊ ကုသိနာရုံသည် ကမ္ဘာတစ်ခုလုံးမှ လာရောက်ကြသော ဘုရားဖူးဌာနကြီးတစ်ခုဖြစ်သည်။ ဤနေရာတွင် လူများစိတ်ဝင်စားရန်အတွက် ရေကန်တခုလည်း လိုအပ်ပါသည်။ ဒီခလေးများ တူးဖေါ်ကြပါမည်။ ဝန်ကြီးမင်း အစပထမ မင်္ဂလာအနေဖြင့် ဒီပေါက်တူးကိုယူပြီး ပေါက်လိုက်ပါက ခလေးများအတွက် မင်္ဂလာရှိစွာဖြင့် တူးဖေါ်ကြပါလိမ့်မည်။

ရှေးဟောင်းသုတေသနာဌာဆိုင်ရာဝန်ကြီး သိရိရာဇမံဂလ် ပဏ္ဍျားဂျီးက –ဆရာတော်ဉာဏိဿရ ဆရာတော်ဉာဏိဿရ သိပ်လည်တယ်နော်။ ငါ အိမ်၊ ငါ့လယ်မှာမှ တခါမျှမြေကို မပေါက်ဖူးဘူး။ အခုမှ လူပုံအလယ်တွင် ငါ့ကိုပေါက်ခိုင်းသည်။ မပေါက်ရင်လဲ ကဲ့ရဲ့ကြတော့မည်။ ယူခဲ့ဟုဆိုပြီး ပေါက်တူးကိုယူကာ တချက်ပေါက်လိုက်ပါတော့သည်။ ပြီးမှ ထိုရေကံတူးပွဲ ၁၀ ရက်တို



www.burmeseclassic.com

www.burmeseclassic.com



တိ ကျင်းပခဲ့ကြသည်။ ရှေးဟောင်းသုတေသနဌာနမှ ဝန်ကြီးကိုယ်တိုင် တူးဖော်ခဲ့၍ လာ၍ကန့်ကွက်သူ မရှိခဲ့တော့ပါ။ အောင်အောင်မြင်မြင် တူးဖော်ခဲ့ကြပါသည်။ လူပေါင်း ၁၆၄ ဦးမှာ ကစားခုံစားအပြင် ရေကန်တူး စာပေလေ့လာခြင်းဖြင့် ၁၀ ရက်တွင် ၃ ပေနိမ့်သောနေရာမှ နောက် ၂ ပေခန့် တူးခဲ့ကြပါသည်။ အလျားပေ ၁၅၀ အနံ ၁၀၀ ပေ ရှိပါသည်။ ထိုပွဲတော်တွင် စားသောက်ကျွေးမွေးရသည့်အပြင် ပြီးဆုံးသောနေ့ စာရေးတန် မဲနှိက်ပွဲတစ်ခုကိုလည်း ပြုလုပ်ခဲ့ပါသည်။ လာသမျှ ကျောင်းသား၊ ကျောင်းသူများအား ဗလာမပါသော စာရေးတန် မဲနှိုက်ခဲ့ကြရာ ကုသိနာရုံဆရာတော်နှင့် ကုသိနာရုံကို တနိုင်ငံလုံးမှ ကျောင်းသူကျောင်းသားများ မေ့မရ ဖြစ်ခဲ့ကြရပါသည်။ နောက်တစ်နှစ်တွင် တဖန် လှူငယ်ပွဲတော်ကျင်းပရန် တောင်းဆိုခဲ့ကြပါသည်။ ထိုပွဲတော်တွင် အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ဘူတန်၊ ဘင်္ဂလားဒေ့(ရှ်)၊ ပါကိစ္စတန်၊ မြန်မာပြည်မှ လူငယ်များပါဝင်ခဲ့ကြပါသည်။ လူငယ်ပေါင်း ၆၄၀ ကျော် တက်ရောက်ခဲ့ကြပါသည်။ ကုသိနာရုံ အနီးအပါးမှ လူငယ်များကို ပြန်လွှတ်ခဲ့ရပါသည်။ ဤပွဲတော်တွင် ၂ ပေမှ ၃ ပေမှ နောက် ၃ ပေရှိသော ရေကန်ကို တူးဖော်ခဲ့ကြရပါသည်။ ရေကန်ကိုလည်း ထောင့်များကိုညှိ၍ ၄ ထောင့်ကန် အရှေ့အနောက်တောင်မြောက်ညီသော ရေကန်ကောင်းတစ်ခုအဖြစ်သို့ ရောက်ခဲ့ရပါသည်။ ရေကန်လမ်းစသည် လူမှုရေးဌာနများကို လုပ်ရင်းလုပ်ရင်းနှင့် ကုသိနာရုံနယ်နှင့်စပ်နေသော ဘီဟာပြည်နယ်စပ်တွင် ဆူပူသောင်းကျန်းနေကြသော ဒါးမြများ ပြန်ပေးဆွဲသမားများကို အလင်းဝင်စေရန် အာသာဖြစ်လာခဲ့ရာမှ **ဘီဟာပြည်နယ် ဘဂဟာနယ်နှင့် စပ်နေသောမြို့ကလေးတမြို့တွင် နယ်ရှင်နယ်ယှသ်ပြိုဂျတ်လူငယ်ပွဲတော်တစ်ခု** ကျင်းပခဲ့ရာ စာရေးသူအားလည်း ဖိတ်ခဲ့ပါသည်။ ထိုပွဲတော်သို့ ကုသိနာရုံမှ ကဆိယာ – ပဒရောက်နာ – နေဘူးဝါနောင်ရုံဂိယာ– ချီတောက်နီသို့ ကားကလေးဖြင့် သွားခဲ့ကြသည်။ ချီတောက်နီတွင် နာရာယနီမြစ်ကြီးကို လှေနှင့်ကူးပြီးဆိုမှ ဘဂဟာနယ် ဘီဟာပြည်နယ်ထဲသို့ ဝင်ခဲ့ကြပါသည်။ ဒီနယ်တစ်ခုလုံးမှာ အလွန်ဆိုးပါသည်။ ဘဂဟာနှင့် ရာမ်နဂရ်မှာ ၁၀ မိုင်ကျော်ကျော် ဝေးပါသည်။ သို့သော် ကားလမ်းမရှိပါ။ ကားလမ်းမှာ ဘဂဟာမှ လောင်ရီယာနန်ဒန်းကိုပတ်ပြီး ရာမ်နဂရ်သို့ သွားရပါသည်။ ၆၄ မိုင်ခန့်ဝေးပါသည်။





မနက်စောစော ကုသိနာရုံမှ ထွက်သွားခဲ့ရာ ညနေ ၃ နာရီခန့်တွင် ရာမ်နဂရ်ရောက်သွားခဲ့ပါသည်။ ညနေငါးနာရီကျော်ကျော်ခန့်တွင် အိမ်တိုင်း အိမ်တိုင်း တံခါးပိတ်၍ တလမ်းလုံး ဆိတ်ငြိမ်သွားပါတော့သည်။ ဈေးလည်းပိတ်သွားသည်။ ကြံစက်ရုံအလုပ်သမားများလည်း သွားလာမှုမရှိတော့ပါ။ ဘီဟာပြည်နယ်တွင် လူကြီးလူကောင်းဟု ခေါ်ကြသော သူဌေးများက ဆင်းရဲသားများကို နှိမ်တတ်ကြပါသည်။ စာရေးသူတို့မှာလည်း ဇရပ်ကြီးတခုတွင် အေးအေးဆေးဆေး အနားယူကြရပါတော့သည်။ ထိုနေ့ မဒျပြဒေဆ်ပြည်နယ်မှ အလင်းဝင်ဒါးမြဗိုလ် ၂ ဦးနှင့် ဘီဟာပြည်နယ်မှ အလင်းဝင် ဂေါ်ရခါး၊ ယာဒဂ်ဆိုသူနှင့် တွေ့ဆုံးခဲ့ရသည်။ ထိုနေ့ည တစ်ညလုံးနှင့် နောက်နေ့တစ်နေ့လုံး ဆွေးနွေးတိုင်ပင်ကြပြီး စာရေးသူတောင်းဆိုသော ကုသိနာရုံခရိုင်နှင့် ဘီဟာပြည်နယ် နီပေါနယ်စပ်တို့တွင် သောင်းကျန်းနေကြသော ဓါးပြများ၊ ပြန်ပေးဆွဲသမားများ၊ **ဂျံဂလ်** ပါတီဝင်များနှင့် နိုင်ငံတော်သစ်တော ကြိမ်တောများကို ဖျက်ဆီးနေကြသော လူဆိုးများကို အလင်းဝင်ရန်ပင်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဘီဟာပြည်နယ်အစိုးရ၊ ယူပီပြည်နယ်အစိုးရနှင့် နီပေါအစိုးရတို့ တူညီသောဆန္ဒရှိမှသာ ဖြစ်ပါလိမ့်မည်။

အများသဘောတူအရ စာရေးသူအား နီပေါအစိုးရ နီပေါရှိ ဗုဒ္ဓဘာသာဝင်များ၏ဆန္ဒကို ရယူရန် နီပေါပြည်သို့သွားရောက်ရန်နှင့် နီပေါပြည်တွင် နယ်ရှင်နယ်ယှသ်ပြို့ဂရမ်တစ်ခုဖြစ်နိုင်ရန် နီပေါပြည်သို့သွားရောက်ရန် တိုင်ပင်ကြပါသည်။ ထိုနောက်စာရေးသူအား နီပေါသို့သွားရန် စီစဉ်ကြပါတော့သည်။ စာရေးသူသည် နောက်တစ်နေ့ ရာမ်နဂရ်မှ လောင်ရီယား၊ နန်ဒန်းမှတဆင့် ဘဂဟာသို့ ထွက်လာခဲ့သည်။ စာရေးသူနှင့်အတူ ဒရိုင်ဘာ ဆီတာရာမ်၊ ကျောင်းသားခေါင်းဆောင် ဒိနေ့ဆ်ယာဒဝ်၊ သတင်းထောက် ရာဇန္ဒြဆရ်မာတို့လည်း ပါကြသည်။ ဘဂဟာမှ နီပေါ၊ ဘီဟာနယ်မြို့ကလေး ဘိုင်ဆာလောတန် (နယူးဒေလီ) သို့ ၁၀ နာရီခန့် ရောက်သွားခဲ့သည်။ ဆွမ်းစားချိန် နီးလာပြီဖြစ်၍ ဟော်တယ်ကောင်းတစ်ခုခုကိုရှာရန် ပြောလိုက်သည်။ ပြီးမှသတိရ၍ ဒီမြို့ကလေးတွင် တပည့်တစ်ဦးရှိသည်။ သူ့နာမည် မောတီးလာလ် ဟုခေါ်သည်။ သူနှင့်တွေ့လျှင် ကောင်းသောဟော်တယ်ကို သူကသိမည်။ ကောင်းကောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကြရမည်။ ကဲ မော်တီလာလ်ကို လိုက်ရှာကြဟု ပြောလိုက်ရာ သူတို့ ၃ ဦး ထွက်သွားခဲ့ကြသည်။ ခဏလေးအကြာတွင် မောတီးလာလ် ဆိုင်ကယ်စီး၍ စာရေးသူ၏ရပ်ထားသော ကားနားသို့ ရောက်လာခဲ့သည်။ စာရေးသူက ဟေ့- မော်တကူး ဟေ့-မော်တကူး ဟုအော်လိုက်သည်။ မော်တီးလာလ်ဆိုသူမှာ တော်တော်ဝသည်။ ဒါနှင့်သူ့ကို ကုသိနာရုံတွင် နေခဲ့စဉ်ကပင် မော်တကူးဟု ခေါ်ခဲ့သည်။ မော်တီးလာဟ်မှာ စာရေးသူကို တွေ့လိုက်သည်နှင့်တပြိုင်နက် ဂုရု ဂျီး၊ ဂုရုဂျီးဟု အော်ပြီး ပြေးလာခဲ့သည်။ ထိုနောက် ခြေထောက်ကိုကိုင်ပြီး ပါလာ ဂါတာနီ ဂုရုဂျီးဟု ရှိခိုးကန်တော့လိုက်သည်။ တပည့်များလည်း စုရောက်လာ ကြသည်။ ဆွမ်းစားရန် စကားစလိုက်သည်။ ဟော်တယ်တစ်ခုသို့ သွားရောက် ပြီး ဆွမ်းစားကြသည်။ ဟော်တယ်ပိုင်ရှင်အား လူ ၄ ဦးစားသောက်ခ ပိုက်ဆံ ပေးရာ မယူတော့ပါ။ မော်တီးလာလ်က ပေးပြီးပြီဟု သိရသည်။

ဆွမ်းစားပြီးနောက် မော်တီးလာလ်ကို မေးလိုက်သည်။ ဒီမြို့နှင့် မြို့နယ်တဝိုက်တွင် ဂျဂလ်ပါတီဝင်များ ဓါးပြများ ပြန်ပေးဆွဲသမားများ ရှိကြသည်၊ တွေ့နိုင်မလား။ မော်တီလာလ်က တွေ့နိုင်ကြောင်းပြောခဲ့ရာ စာရေးသူက မနေ့က လုံးဝအိပ်မပျော်ခဲ့ကြောင်း နေ့လည်တစ်နာရီ အနားယူရန်နှင့် ဂျဂလ်ပါတီဝင်များ၊ ဓါးပြများ၊ ပြန်ပေးဆွဲသမားများနှင့်လည်း တွေ့လိုကြောင်း ပြောပြခဲ့သည်။ ပြီး နောက် ကားပေါ်တွင် ထိုင်လိုက်ကြသည်။ စာရေးသူမှာ အမ္ဗေဆာဒါကားတွင် နောက်ခုံ၌ တယောက်တည်း ထိုင်လေ့ရှိသည်။ ရှေ့ဘက်တွင် ကိုယ်ရံတော်ပုလိပ် ၂ ဦးနှင့် ဒရိုင်ဘာ ထိုင်တတ်ကြသည်။ ထိုနေ့ကား ဒါးမြ၊ ပြန်ပေးဆွဲသမား၊ ဂျဂလ်ပါတီဝင်အစိုးရနှင့် ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များ နေရာသို့ သွားရမည်ဖြစ်၍ ကျောင်းမှထွက်ကတည်းက ပုလိပ်များနှင့် သေနပ်များကို ယူမသွားခဲ့။ ခေါ်မ သွားခဲ့ပါ။ သာသနာပြုရာတွင် သတ္တိလည်းရှိရပါလိမ့်မည်။ ကျောင်းမှထွက်က တည်းက ဒရိုင်ဘာဆီတာရာမ်၊ ကျောင်းသားခေါင်းဆောင် ဒိနေ့ဆ်ယာဒ်နှင့် သတင်းထောက် ရာဇန္ဒြဆရ်မာတို့ ပါကြသည်။ သူတို့ ၃ ဦးရှေ့မှ ထိုင်ကြပါ သည်။ ထိုနေ့တွင်ကား ဆွမ်းစားပြီးနောက် ဆွမ်းတကာတပည့် မော်တီလာလ်ကို ပါ အတူခေါ်လာခဲ့ရာ နောက်ဘက်ထိုင်ခုံတွင် တိုင်ခိုင်းခဲ့သည်။ တောရွာ တော မြို့ကို နယ်စပ်တွင်ဖြစ်၍ ခေတ်မီဆင်ယင်ထားပြီး ဒီနီပေါနယ်စပ်မြို့ ဟိန္ဒူကုလား





များ၏ ရေချိုးရာ မြစ်သုံးမြစ်ဆုံးသည်။ တြိဗေဏီခေါ် ရေချိုးဆိပ်ဖြစ်၍ ထိုနယ်စပ်ဒေသမှ လူများက နယူးဒေလီမြို့ဟု ခေါ်ဆိုခဲ့ကြသည်။ နယူးဒေလီခေါ် တိုင်ဆာ့လောတန်းမြို့ကလေးမှ ထွက်လာခဲ့ကြပြီးနောက် အိန္ဒိယ၊ ဘီဟာနယ် စပ်မှ နီပေါပြည်နှင့် စပ်လျှက်ရှိသော တူးမြောင်းကြီးကို ဖြတ်ကူးလိုက်ကြပါသည်။ မော်တီးလာလ်က ဆရာတော် (ဂုရုဂျီး) နီပေါဘက်တွင် အိပ်စရာ နားစရာ နေရာ ကောင်းရနိုင်သည်။ ဘီဟာပြည်နယ်ဘက်မှာတော့ ဝန်ကြီးလာနေ၍ အားလုံးကို ရီဇက်ဗ် လုပ်ထားသည်။ စာရေးသူတို့၏ ကားကလေးသည် တူးမြောင်းကြီးကို ဖြတ်ကျော်ပြီးသည်နှင့်တပြိုင်နက် နီပေါပြည်ဘက်သို့ ထိုးဝင်လာခဲ့ပါတော့သည်။ နီပေါဘက်တွင် အိန္ဒိယထက် ဆင်းရဲသည်ဟု ထင်ရသော်လည်း လူနေပုံရပ်ကွက်၊ တည်ဆောက်ထားပုံ သေသေသပ်သပ်ရှိသည်။ ပေါင်းသင်းဆက်ဆံရေး ပြေပြစ် ကြသည်။ ဖော်ရွယ်မှုရှိကြသည်။ အိန္ဒိယသားများလို တဘက်သားကို အထင်မ သေးတတ်ကြပါ။ ကားကလေးမှာ တဖြည်းဖြည်း ပြေးနေသည်။ စာရေးသူက မေးလိုက်သည်။ မော်တီးလာလ် ငါတို့ အခုဘယ်သွားနေတာလဲ။ သူကပြန်ပြီး စာရေးသူအား မေးလိုက်သည်။ ဂုရုဂျီး ဆရာတော်က ပြန်ပေးဆွဲသမား၊ ဓါးပြ များ ဂျဂလ်ပါတီဝင်များနှင့် တွေ့လိုသည်ဆို —အဲအဲ ဟုတ်ပြီ ဟုတ်ပြီ သွား သွားပြောမှ ဒရိုင်ဘာ ဆက်လက်မောင်းနေခဲ့သည်။ ပထမတော့ ဓါးပြများနှင့် တွေ့မည်။ ပြန်ပေးဆွဲသမားများနှင့်တွေ့မည်။ ဂျဂလ်ပါတီဝင်(နိုင်ငံတော် ပုန်ကန် ပြီး သစ်၊ ကြိမ်များကို ခိုးရောင်း၊ ခိုးဝယ် လုပ်ကြသူများ) နှင့် တွေ့ကြမည်ဟု ဆိုခဲ့သော်လည်း တကယ့်တကယ်ကျလာတော့ ရင်ထဲတွင်တဒုတ်ဒုတ် ဖြစ်မိလာ ခဲ့သည်။ စာရေးသူတွင် အမ္ဗေဆတာ ကားတစ်စီးပါသည်။ နီပေါပြည်ထိ ခရီး ဆက်ရမည်ဖြစ်ရာ ငွေကြေးလည်း ပြည့်ပြည့်စုံစုံပါသည်။ စကားပြတ်သွားပြီ။ စဉ်း စားဝေဖန်လာမိရင်း ရင်ခုံသံက ပိုမြန်လာခဲ့သည်။ ပြန်ပေးဆွဲသမားများ၊ ဓါးပြ များ၊ ဂျဂလ်ပါတီဝင်များအကြောင်းကို သတင်းစာများတွင် ခဏခဏ ဘတ်ဖူး ခဲ့သည်။ လူပြန်ပေးဆွဲ၊ ပစ္စည်းပြန်ပေးဆွဲကြသည် ပုဂ္ဂိုလ်တစ်စု နိုင်ငံတော်အစိုးရ ၏ အဖိုးတန်သစ်တောကြီးများကို မတော်မတရား ခုတ်ရောင်းကြသော ပုဂ္ဂိုလ် တစ်စု၊ နိုင်ငံတော်အစိုးရပိုင် ကြိမ်တောကြီးများကို ခုတ်ရောင်းကြသော ပုဂ္ဂိုလ် တစ်စု၊ ပစ္စည်းပေါကြွယ်ဝသူ၊ တဘက်သားကို နှိပ်စက်ကြသောသူများကို ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှလူများက ငွေပေးပြီးသတ်ဖြတ်လိုက လုပ်ကြံလိုက အလွယ်ကလေး လုပ်ကြံတတ်သူများနေရာသို့ သွားနေကြသည်။ စာရေးသူကားမှာ ကားဟောင်းဖြစ်သော်လည်း အိန္ဒိယငွေ ၄သိန်းကျော် တန်ပါသည်။

ငါ့ကိုများ ပြန်ပေးဆွဲပြီး ကားကလေးကိုလွှတ်ခါ ငွေတောင်းတတ်သည်။ သို့မဟုတ် ကားကလေးကိုဆွဲပြီး ငါ့ကိုလွှတ်ခါ ငွေတောင်းတတ်သည်။ ကားနှင့်ငါ့ကို ပြန်ပေးဆွဲပြီး တပည့်များကိုလွှတ်ခါ ငွေတောင်းတတ်သည် စသည် စသည် အတွေးသမုဒ္ဒရာထဲ မျောနေခဲ့မိသည်။ အတွေးနှင့်အတူ ရင်ထဲမှာလည်း တဒုတ်ဒုတ်နှင့် ရင်ခုံသံကြီးက တဖြည်းဖြည်း ကြီးလာခဲ့သည်။ ဘိုင်ဆာ့လောတန်ဟော်တယ်တွင် ဆွမ်းစားနေချိန်၌ စာရေးသူက မောတီးလာလ်ကို မေးခဲ့သည်။ မောတီးလာလ်၊ ဒီနယ်တွင် ဂျဲဂလ်ပါတီဝင်များ ရှိကြသည်ဟု ကြားဖူးသည်။ သူတို့နှင့် တွေ့နိုင်မည်လား?၊ မော်တီလာလ်က ဖြေခဲ့သည်။ ဂုရုဂျီး ဆရာတော်ကောင်းကင်ပေါ်က လကမ္ဘာကိုတောင်မှ လူများ တက်ရောက်နေကြသေးတာဘဲ။ လူလောကထဲမှာတော့ ဘာလိုလိုလုပ်လျှင် ရမှာဘဲမဟုတ်လား? ဟု ဖြေခဲ့သည်။ ခုသွားနေကြတဲ့ခရီးကတော့ လကမ္ဘာ တက်နေတာထက် ခက်ခဲနေပုံရတယ်ဟော့ မောတီလာလ်ဟု စာရေးသူက ပြန်ပြောလိုက်သည်။ သွားရင်းသွားရင်း အတွေးသံသရာ လည်နေခဲ့သည်။

ဂျဲဂလ်ပါတီတဲ့ တောအစိုးရအဖွဲ့လို့ ဆိုရမှာပေါ့။ သူတို့ ဘယ်လိုနေထိုင်ကြသည်၊ သားသမီး၊ မယားများနှင့် အတူနေထိုင်ကြသလား? ဓါးပြဟု ဘာကြောင့်ခေါ်ကြသနည်း? ပြန်ပေးဆွဲသမားများဟု ဘာကြောင့်ခေါ်ကြသနည်း? သူတို့ နေထိုင် စားသောက်ကြတာကား ဘယ်လိုပါလိမ့်ဟု အတွေးသံသရာကြီးထဲ ရောက်နေစဉ် ကားကလေးသည် ရွာကလေးတစ်ရွာသို့ ဝင်ခဲ့သည်။ အိမ်ရာအိုးအိမ် သန့်သန့်ပြန့်ပြန့် တစ်ထပ်တိုက်ကလေးများ၊ သန့်သန့်ပြန့်ပြန့် သက်ကယ်တဲကလေးများရှိသည်။ လမ်းကွေ့တခုရောက်တော့ မော်တီလာလ်က ကားသမားကို ရပ်ခိုင်းလိုက်သည်။ ကားမှာ အချိန်နှင့်မောင်းနေခဲ့ရာ လမ်းကွေ့တစ်ခုနားတွင် ဝါးတစ်လုံးကို ကပ်လျက်ချည်ထားခဲ့သောနေရာသို့ ရောက်သွားခဲ့သည်။ ခြံကာထားသလို လုပ်ထားသည်။ ကားနှင့်ဖြစ်စေ မော်တော်ဆိုင်ကယ်နှင့်ဖြစ်စေ လာခဲ့ပါလျှင် သူတို့ဘက်သို့ ချက်ချင်း မရောက်နိုင်အောင် စီစဉ်ထား





သည်။ ဒရဝန်တယောက် အမြဲတန်းရှိနေသည်။ အချက်ပေးလိုက်တာနှင့် သူတို့လုံလုံခြုံခြုံ ထွက်ပြေးနိုင်ရန် စီစဉ်ထားပုံရသည်။ ကားကို အချိန်သတ်ပြီး တဖြည်းဖြည်း ပြန်ဆုတ်ပြီးမှ သူတို့လမ်းထဲသို့ တဖြည်းဖြည်း ဝင်လို့ရသည်။ လမ်းနှင့်ကပ်လျက် တစ်ထပ်တိုက်ကလေးတစ်လုံးကို ညွှန်ပြလိုက်သည်။ ဆရာတော်ဟိုတိုက်ဟာ ရာမ်ကျန္ဒရဆိုတဲ့ ဓါးပြဗိုလ် အိမ်ဖြစ်သည်ဟု မော်တီလာလ်က ညွှန်ပြလိုက်သည်။ ကားရှေ့ဆက်မောင်းလာခဲ့ရာ သန့်သန့်ပြန့်ပြန့် အိမ်ကလေးတစ်ခုရှေ့တွင် ရပ်လိုက်သည်။

အရပ်အမောင်း သိပ်မမြင့်လှသောပုဂ္ဂိုလ်တစ်ဦးက မော်တီလာလ်နှင့် လာတွေ့ပြီး လက်ဆွဲနုတ်ဆက်ခဲ့သည်။ သူ့ကို တိဝါရီဂျီ၊ တိဝါရီဂျီဟု ခေါ်ကြသည်။ အသားကညိုညို၊ ပုပု၊ ဝဝဖြစ်သည်။ မော်တီလာလ်နှင့် စကားပြောကြပြီး စာရေးသူဘက်သို့လှည့်ပြီး လက်အုပ်ချီခါ ခြေထောက်သို့ လက်ကိုထားပြီး "မဟာရာဂျ်ဂျီး ပါလာဂါတာနီး" ဆရာတော်ဘုရား ခြေတော် ဦးခိုက်ကန်တော့ပါတယ်ဘုရား။ ဓါးပြနှင့် လုံးဝမတူပါ။ ပြန်ပေးဆွဲ သမားနှင့် လုံးဝမတူပါ။ တော်တော်ကို ယဉ်ကျေးလှပါသည်။ "အာဂျာယေး၊ အာဂျာယေး" ကြွပါကြွပါဟုပြောပြီး ရှေ့မှသွားနေသည်။ စာရေးသူတို့ ရောက်နေသော ရွာကလေးမှာ တစ်ထပ်တိုက်များများရှိသော ရပ်ကွက်တစ်ခုဖြစ်သည်။ တိုက်ရှေ့နားတွင် မော်တော်ဆိုင်ကယ်လေးစီး စက်ဘီးဆိုင်ကယ် ဆယ့်ငါးစီးရှိသည်။ ကွင်းပြင်တွင် လယ်ထွန်စက်ပစ္စည်းတင် ဆွဲလှည်းတစ်ခုလည်းရှိသည်။ တိဝါရီဂျီးဆိုသူ ဦးဆောင်၍ မြောက်ဘက်သို့ ဗရာမ်ဒါရှိနေသော တိုက်ကလေးတစ်လုံးထဲသို့ ခေါ်သွားခဲ့သည်၊ ဗရာမ်ဒါတွင် အသက် ၁၇ နှစ်ခန့်လူငယ်တဦး ဓါတ်မီးပူတိုက် ကိရိယာဖြင့် မီးပူတိုက်နေသည်။ ဗရာမ်ဒါအနောက်ဘက်နားတွင် ကုလားထိုင် ၃ လုံးရှိသည်။ တောင်ဘက်နားတွင် လူငယ်က ကုလားထိုင်တလုံးတွင်ထိုင်၍ စားပွဲပေါ် အဝတ်တပုံကြီးကို စုပုံထားပြီး မီးပူတိုက်နေသည်။ အရှေ့ဘက်နားတွင် ဗရာမ်ဒါပေါ်၌ ကြိုးကုတင်တစ်လုံး ခင်းထားသည်။ ကြိုးကုတင်နောက်ဘက်တွင် သက်ကယ်မိုး ဗရာမ်ဒါလိုလို အကာမရှိသော နေရာတစ်ခုရှိသည်။ မီးပူတိုက်နေသော လူငယ်၏ နောက်ဘက်နားတွင် အထဲသို့ဝင်သော တစ်ခါးမကြီး ၂ ခုရှိသည်။ စာရေးသူအား အနောက်ဘက်နားတွင်ရှိသော ကုလားထိုင် ၃ လုံးအနက် အလယ်ကုလား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တွင် သပ်သပ်ယတ်ယတ်ရှိသော အိပ်ရာခင်းတစ်ခုကို ခင်းပေးပြီး ထိုင်ရန် နေရာပေးလိုက်သည်။ မော်တီးလာလ်၊ ရာဇန္ဒြဆရ်မာ ကျောင်းသားခေါင်းဆောင် ဒိနေ့ယာဒဝ်ဆ်နှင့် ဒရိုင်ဘာ ဆီးတာရာမ်တို့ကို တန်းစီ၍ကြိုးကုတင်ပေါ်တွင် ထိုင်ခွင့်ပြုလိုက်သည်။

ချက်ချင်း လှက်ရည် ဖျော်ခိုင်းလိုက်သည်။ သံပုရာရည်နှင့် ဖျော်ထားသော ဆလတ်ပတ်ဖျော်ရည်တစ်ပုံး ယူလာခဲ့သည်။ ပထမ စာရေးသူအား ဖျော်ရည်တိုက်ပြီး တပည့်များကိုလည်း ၃-၄ ခွက် ဖျော်ရည်တိုက်သည်။ ပြီးမှ တိဝါရီဆိုသူက စာရေးသူဘယ်ဘက်ရှိ ကုလားထိုင်ပေါ် ထိုင်လိုက်သည်။ လာရခြင်းအကြောင်းကို မေးသည်။ စာရေးသူက ကုသိနာရုံခရိုင် ဘီဟာပြည်နယ်စပ် နီပေါပြည်နယ်စပ်တွင် နာမည်ကြီးနေသော လောဟာဆိန်းဟ်နှင့် တွေ့လိုကြောင်း ပြောပြခဲ့သည်။ လောဟာဆိန်းဟ်ဆိုသူမှာ ဘီဟာပြည်နယ်စပ် ယူပီပြည် နယ်စပ်ခရိုင်များနှင့် နီပေါပြည်တွင် နာမည်ကြီး လူဆိုးတစ်ဦး နိုင်ငံတော်အစိုးရမှ အသေရရ၊ အရှင်ရရ ဆုငွေ ၅၀၀၀၀ ရူပီးငွေ ပေးမည်ဟု ကြော်ငြာထားသူတစ်ဦးဖြစ်သည်။ ပထမ ရှေတော်ပြေး တိဝါရီဆိုသူမှာလည်း ပုဏ္ဏားလူမျိုး တိဝါရီဇာတ်ထဲမှ မဟုတ်ဘဲ မလ္လာဟ်ခေါ် ငါးဖမ်း၊ လှေမောင်းသူ လူမျိုးဖြစ်သည်။ အထူးသဖြင့် ကုသိနာရုံခရိုင် မြောက်ပိုင်းတွင် မကောင်းမှုဒုစရိုက်ကို လုပ်နေကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထိုနယ်တွင် လောဟာဆိန်းမ်၊ ရာမ်ကျန္ဒြဆိန်းဟ်၊ ရာမ်ယာဆီး၊ မူရာရီပဟာလဝန်း၊ မုနာ၊ အလာဝုဒ္ဒိန်စသည့် နာမည်ကြီး ဆုကြော်ငြာထားသူ ခါးပြဗိုလ် တော်တော်များများရှိသည်။ စာရေးသူပိုင် ဝတ္တက မြေလယ် ဧက ၂၅ ဧကကိုလည်း အတင်းသိမ်းယူရန် အလာဝုဒ္ဒိန်ဆိုသူ မူဆလင်လူမိုက်က ကြော်ငြာခဲ့ဘူးသည်။ မတော်မတရား လုပ်နေကြသူတို့၏ ရာဇဝင်ကို သိလို၍ သူတို့၏ မကောင်းမှု ဒုစရိုက်ဘဝမှ လွတ်မြောက်ရေးကို ပြုပြင်လိုသောဆန္ဒဖြင့် အသက်စည်းစိမ်းကို မခါနမထားဘဲ သာသနာပြု ဆရာတော် တစ်ပါးအနေဖြင့် သူတို့နှင့် တွေ့ဆုံရန် သွားခဲ့ခြင်းဖြစ်သည်။

တိဝါရီဆိုသူနှင့် အလ္လာပသလ္လာပစကား ပြောကြားနေကြပြီး တိဝါရီဆိုသူ၏ ညွှဝတ်ကိုလက်ခံသည့် အနေဖြင့် လှက်ရည်၊ ဘယာကျော်၊ စာကလေးချီးကျော်များ စားသောက်နေခဲ့ကြသည်၊ တမင်းကျွေးရန်လည်း ဖိတ်ပါသေး





သည်။ သို့သော် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများမှာ နေ့လည် ၁၂ နာရီကျော်လျှင် မစားရကြောင်း ဘိုင်ဆာလောတန်မှ စားပြီးလာခဲ့ကြောင်း ကျေးဇူးတင်ကြောင်း ပြောကြားနေကြသည်။ ဆက်ဆံပုံ ညှော်ခံကျွေးမွေး နေကြပုံများမှာ ခါးပြများနှင့် လုံးဝမတူပါ။ သူတို့၏ ကျင့်ပုံလုပ်ပုံများကြောင့် ခါးပြခေါ်နေကြမည်မှာ သေချာသည်။ သမုဒ်နေကြသည်မှာ သေချာသည်။ သူတို့၏ ဆရ်ဒါရ်ခေါင်းဆောင် လောဟာဆိန်းဟ်မှာ အိပ်နေသည်ဟု ပထမကတည်းက ပြောကြားထားပြီးဖြစ်သည်။ ဆရာတော်လာ၍ သတင်းပို့ထားပြီးဖြစ်ကြောင်း သိရသည်။ စာရေးသူနှင့်ပါလာခဲ့သူ ၃ ဦး မော်တီးလာလ်တို့အား လောဟာဆန်းဟ်၏ လူများနှစ်ဆယ်ခန့်က တဦးစီ ဝိုင်းထားခဲ့ကြသည်။ သူတို့၏အလုပ်မှာ မသိမသာ မသိမသာ ဝိုင်း၍ကြည့်ကြသလို ဝိုင်းထားကြပါပြီ။ စာရေးသူအားလည်း တိဝါရီနှင့် မီးပူတိုက်ခလေးက တဖက်တချက် ဝိုင်းထားခဲ့ကြပါပြီ။ မသိမသာနှင့် ဝိုင်းထားကြပြီးမှ ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လောဟာဆိန်းဟ် အိပ်နေသည်ဟုပြောသော အခန်းတံခါးပွင့်လာခဲ့သည်။ ခလေးချီ၍ ထွက်လာသောသူကို စာရေးသူက လောဟာဆန်းဟု ထင်မိခဲ့သည်။ သို့သော် သူမဟုတ်ပါ။ တံခါးပွင့်သောအခါ အသံပြင်းပြင်း ဖွင့်ခဲ့သည်။ ခလေးချီ၍ ထွက်လာခဲ့သော ပုဂ္ဂိုလ်သည်လည်း ပထမ စာရေးသူ၏တပည့်များကို ဝိုင်းထားသော ပုဂ္ဂိုလ်များဘေးနားတွင် ရပ်လိုက်သည်။ လိမ်မာယဉ်ကျေးစွာ ဆက်ဆံပြောဆိုနေသော ပုဂ္ဂိုလ်မှာ လောဟာဆိန်းဟ်၏တပည့်ကျော် တိဝါရီ ဆိုသူပင်ဖြစ်သည်။

၁၂ နာရီ ၁၅ မိနစ်ခန့်တွင် တံခါးမကြီးအသံကျယ်ကျယ်နှင့် ဒုက်ယအကြိမ် ဖွင့်လိုက်သည်။ အသက် ၃၀ ကျော် ၃၅ နှစ်ခန့် ရှိမည်ထင်ရသော လူရွယ်တစ်ဦး ထွက်လာခဲ့သည်။ ထိုလူငယ်သည် ထွက်လာသည်နှင့်တပြိုင်နက် တိဝါရီဆိုသူ စာရေးသူ၏ဘေးနားတွင် ထိုင်နေသောပုဂ္ဂိုလ်မှာ ပြုံးခနဲထလိုက်သည်။ ထိုနောက် မောတီးလာလ်ကို ခေါ်ယူပြီး အပြင်ဘက်သို့ ထွက်သွားခဲ့ပြီး ၃ ယောက်သား စကားပြောနေကြသည်။ မော်တီးလာလ်ကိုလည်း လက်ဆွဲနှုတ်ဆက်လိုက်သည်။ တိုးတိုးတိတ်တိတ် စကားပြောပြီး စာရေးသူရှိရာဘက်သို့ လာခဲ့ကြသည်။ မောတီလာလ်က "ဆာရ်ဒါရ်ဂျီး၊ ယေးဟာမာရာ ဂုရုဂျီး ဟိုက်ပရ်မာကေရဟာနေဝါလာဟိုက်၊ ဟမ်လောဂ် ကုသိနဂရ်မေ ရဟာတဲ ဆမယအား



www.burmeseclassic.com

www.burmeseclassic.com



ပကေ ပါဆ်ရဟာကရ်ပရ်တဲ ဟိုက် စသည် စသည်ပြောပြီး မိတ်ဆက်ပေးလိုက်သည်။ မြန်မာလိုကတော့ ဆရ်ဒါးဂျီး ဗိုလ်ကြီး ဒီပုဂ္ဂိုလ်ဟာ ကျုနုပ်တို့၏ ဆရာတော်တစ်ပါးဖြစ်သည်။ မြနာမာပြည်ကဖြစ်တယ်။ ကုသိနာရုံမှာ စာသင်ခဲ့စဉ်က ကျုနုပ်တို့ဟာ ဆရာတော်ဆီမှာဘဲ နေထိုင်စားသောက်ပြီး စာသင်ခဲ့ကြပါတယ် ဟု မိတ်ဆက်စကား ပြောခဲ့သည်။ စကားမှာ တော်တော်ရှည်ရှည်ပြောပြီး မိတ်ဆက်ခဲ့ပါသည်။ ပုဏ္ဏားများနှင့် မဟုတ်မခံ တိုက်ခိုက်ရပုံများပါ ပါခဲ့သည်။

စာရေးသူအားလည်း ဒီပုဂ္ဂိုလ်ဟာ လောဟာဆိန်းဟ် ဖြစ်ကြောင်း၊ သနားဂရုဏာရှိသူတစ်ဦးဖြစ်ကြောင်း ဆင်းရဲသူဆင်းရဲသားများကို အမြဲကြည့်ရှုထောက်ပန့်လေ့ရှိကြောင်း စသည်ဖြင့် နှစ်ဦးနှစ်ဘက်လုံး မိတ်ဆက်စကား ပြောလိုက်သည်။ လောဟာဆိန်းဟ်မှာ စာရေးသူ၏ ခြေထောက်ကိုကိုင်ပြီး "ဂုရုဂျီး ပါလ်လဂါတာနိ" ဆရာတော်ခြေကို ဦးခိုက်ပါတယ်" ဟုကန်တော့လိုက်ပါသည်။ ထိုနောက် စာရေးသူ၏အနားတွင် လပ်နေသော ကုလားထိုင်ပေါ်တွင် ယဉ်ယဉ်ကျေးကျေး ထိုင်ချလိုက်သည်။ စာရေးသူက တွေ့ရတာဝမ်းသာကြောင်း ဓါးပြဗိုလ်ဟု သမုတ်ထားကြသော ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ရတာ မလွယ်ကူကြောင်း အထင်သေးအမြင်သေး ဖြစ်ရုံသာမက နိုင်ငံတော်လုံခြုံရေးဘက်မှာလည်း ဖမ်းဆီးနိုင်ကြောင်း စသည်ဖြင့် စကားပလ္လင်ခံပြီး ဘီဟာပြည်နယ် ရာမ်နဂရ်မြို့တွင် ဆုဘာရာရ်ဂျီး စုဝေးပြီးကျင်းပခဲ့သော လူငယ်ပွဲတော်သို့ အလင်းဝင်ဓါးပြ ၂ ဦး နှင့် အလင်းမဝင်သေးသော ဓါးပြ ၃ ဦး တက်ရောက်ခဲ့ကြောင်း ရာမ်နဂရ်မြို့ အနီးအနားမှ ဂေါရခါးယာဒဝ်ဆိုသူ ဓါးပြတစ်ဦး အလင်းဝင်ခဲ့ကြောင်းနှင့် မဟာတောဆိုသူ ထာရုလူမျိုးနှစ်ဦးလည်း အလင်းဝင်ခဲ့ကြောင်း စသည်သတင်းများကို သိမသိ မေးမြန်းခဲ့ရာ အားလုံးကိုသိရကြောင်း ပြောခဲ့သည်။ စာရေးသူက ဘယ်ကသိကြောင်း တဖန်မေးခဲ့ရာ သူတို့မှာ တစ်လတစ်ကြိမ် ဟာဂျီးရီး ပေးရသည်။ နီးစပ်သော သူတို့နယ်ပယ် ဂုလိပ်ဌာန (နီပေါပြည်ထဲမှ) သို့ သွားရောက်ပြီး သူတို့ကောင်းကောင်း မွန်မွန်လုပ်စားနေကြကြောင်း စသည် စသည် သတင်းပေး (ဟာဂျီးရီး) ရသည်။ တစ်လတွင် သတ်မှတ်ထားသော နှုံးစရိတ်လည်း ပေးရကြောင်း ပြောပြခဲ့သည်။





စာရေးသူက ဆက်လက်၍ ဗုဒ္ဓတရားတော်တွင် ပထမဆုံး လူ့ကျင့်ဝတ် လူတို့လိုက်နာကြရမည့် တရားငါးခုကို လိုက်နာကျင့်သုံးသူတိုင်းကို ဒုက္ခမဖြစ်တတ်ကြောင်း လိုက်နာသူကျင့်သုံးသူကို ထိုတရားဓမ္မကလည်း ပြန်လည်စောင့်ရှောက်တတ်ကြောင်း "ဓမ္မောဟဝေ ရက္ခတိတိ ဓမ္မစာရီ" စကားရှိကြောင်း ဆိုးသည်၊ မိုက်သည်၊ လူသည်၊ တိုက်သည် ဆိုသည့်စကားကို ကြားသူတိုင်းက မနှစ်သက်ကြောင်း။ ကောင်းသည်၊ လိမ္မာသည်၊ တော်သည်၊ ပေးသည်၊ လှူသည် စသည်စကားများမှာ ကောင်းမွန်ကြောင်း၊ လူတိုင်းက နှစ်သက်သဘောကျကြောင်း၊ ပါရမီဆယ်ပါးအကြောင်းကို အကျယ်တဝင့် ပြောဟောပြခဲ့သည်။ အင်္ဂုလိမာလမှာ လူကောင်းတစ်ယောက် ဖြစ်သော်လည်း ပတ်ဝန်းကျင်က ဖန်တီးပေးမှုကြောင့် လူဆိုးလူမိုက်ဘဝသို့ ရောက်သွားခဲ့ရသည်။ လူတိုင်း လူတိုင်းတွင် အမှားလည်းရှိကြောင်း၊ အမှန်လည်းရှိကြောင်း၊ အမှားများများရှိသူကို လူဆိုးလူမိုက်ဟု သမုဒ်တတ်ကြပြီး အမှန်တရား များများရှိသူကို လူတော်လူကောင်းဟု ခေါ်ဝေါ်သမုတ်တတ်ကြကြောင်း အမှားကိုအမှားဟု ဝန်ခံတတ်သူသည် လူကောင်း တဦး ဖြစ်နိုင်ကြောင်း မှားလျက် မှားသည်ဟု သိပါလျက်သားနှင့် မှန်သည်ဟု ဆက်လက်လုပ်ကိုင်နေသူသည်သာလျှင် လူဆိုးလူမိုက် ဖြစ်တတ်ကြောင်း မှားသည်ဟု သိသောနေ့မှစ၍ ပြုပြင်မည်ဟု စိတ်ထဲမှာ ရှိလာခဲ့လျှင် ပြုပြင်သင့်ကြောင်း လျှာရှည်ရှည်နှင့် မရပ်တန်း ပြောဟောခဲ့ပါတော့သည်။ သူ၏ကိုယ်ရေးရာဇဝင်ကို မေးကြည့်ရာ လောဟာဆိန်းဟ်က သူတို့မိသားစုမှာ ကုသိနာရုံခရိုင်တွင် နေထိုင်ကြကြောင်း ဆင်းရဲကြကြောင်း အလုပ်ရှာရန် ပံဂျာပ်ပြည်နယ်သို့ ခရီးထွက်ခဲ့ကြောင်း ပညာမတတ်၍ ပထမ ကားမောင်းပညာ သင်ခဲ့ရကြောင်း၊ ကားမောင်းတတ်လာတော့ သူဌေးတစ်ဦးအိမ်တွင် ကားမောင်းအလုပ်ကို လုပ်ခဲ့ရကြောင်း တစ်လလျှင် ရူပီး ၈၀၀ (ရှစ်ရာ) အပြင် အဝတ်အစား နေထိုင်ရန် နေရာများ သူဌေးကပေးကြောင်း၊ တစ်အိမ်သားလုံးက ဆွေမျိုးတစ်ဦးလို ရင်းရင်းနှီးနှီး ဆက်ဆံတတ်ကြကြောင်း သူကလည်း ဒရိုင်ဘာအလုပ်နှင့်အတူ သူတို့ခိုင်းသမျှ အလုပ်များကို လုပ်ပေးရကြောင်း ညရောနေ့ပါ လိုလျှင်လိုသလို သူဌေးမိသားစုတို့နှင့်အတူ နေရတတ်ကြောင်း၊ ကိုယ့်ရပ်ကိုယ့်ရွာ မိဘဆွေမျိုးကဲ့သို့ အားကိုးခဲ့ရကြောင်း၊ တခါတရံ သူတို့နှင့်အတူ အိပ်ရကြောင်း သူဌေးမိ



www.burmeseclassic.com

www.burmeseclassic.com



သားစုနှင့် ၈ နှစ်တိတိ နေခဲ့ရကြောင်း ငွေကိုလည်း သူဌေးထံတွင် ထားခဲ့ကြောင်း ငွေစုမိပြီးမှ မိဘများကိုကန်တော့ရန်နှင့် ဆွေမျိုးများကိုတွေ့ရန်၊ ရပ်ရွာကိုလေ့လာရန် ပြန်လာခဲ့သည်။ ရပ်ရွာရောက်သည်နှင့်တပြိုင်နက် မိမိ၏ပြောင်းလဲမှု ပညာမတတ်သော်လည်း အပြောအဆိုအနေအထိုင်စသည်မှာ ပညာတတ်ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ပြောင်းလဲနေကြောင်း ဝတ်ပုံစားပုံနေထိုင်ပုံမှာ ဆင်းရဲသားတစ်ဦးကဲ့သို့ မဟုတ်တော့ဘဲ အတော့်ကို အဆင့်တန်းမြင့်နေကြောင်းတို့ကြောင့် ရပ်ရွာမှလူများ ဇာတ်ကြီးများက ကုဿာမစ္ဆေရဖြစ်ခါ စားဝတ်နေမှုတွင် မနာလိုမလိုလားမှုများ ဖြစ်လာကြောင်း ပုလိပ်ဌာနာများတွင် မတော်မတရား တိုင်ကြားခဲ့ကြောင်း ထို့ပြင် မိမိတို့ဆွေမျိုးသားချင်းများနှင့် ရန်ဖြစ်အောင် လုပ်ဆောင်ပေးခဲ့ကြကြောင်း သူ့ကို ကူညီရန် ခဏခဏ လာပြောကြကြောင်း ရန်မဖြစ်ဘဲနှင့် ရန်ဖြစ်သည်၊ သူ့ဘက်မှကူညီမည်စသည်မှာ မဟုတ်မမှန်ဘဲ ဖြစ်နေ၍ မလုပ်သင့်ကြောင်း ပြောခဲ့ရာမှ နောက်ဆုံးတွင် သူ့၏ဆွေမျိုးတစ်ဦးကို တိုက်တွန်းပြီး လေ့ခိုးမှုဖြင့် စွပ်စွဲပြီး ပုလိပ်ဌာန တိုင်ခဲ့သည်။ ပုလိပ်ကဖမ်းပြီး သူ့ကို ခရိုင်ထောင်ထဲသို့ ပို့ခဲ့သည်။ ဒီအကြံသည် ပုဏ္ဏားတို့၏ အကြံဖြစ်ကြသည်။ (ဤနေရာတွင် စာဘတ်သူတို့အား ကိုယ်တိုင်ခံစားရခဲ့သော အဖြစ်အပျက်ကို ကြားညှပ်ရေးပါမည်။ စာရေးသူအားလည်း ကုသိနာရုံဆရာတော်ကြီး ပျံလွန်ပြီးနောက် ၈၊ ၅၊ ၁၉၇၂ ခုနှစ် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်။ ၁၆၊ ၅၊ ၇၂ ခုနေ့ ဆရာတော်ကြီး၏တပည့် ကုလားဆရာတော်တစ်ပါး ရောက်လာခဲ့သည်။ သူသည်ပင်လျှင် စာရေးသူတို့အား စပွန်စာပေး၍ ခေါ်ယူခဲ့သူဖြစ်သည်။ သူ့ကို ထိုးပေးတိုက်ပေးကြသည်။ ၂၀၊ ၅၊ ၇၂ ခုနှစ်သံဃာဒါန လုပ်ခဲ့သည်။ လူပေါင်း ၅ ထောင်ကျော် ဖြ ထောင်ခန့်ကို ကျွေးမွေးခဲ့ရသည်။ ၂၉၊ ၅၊ ၇၂ ခုနှစ်တွင် ကုသိနာရုံကျောင်းရှိ မြေစာရင်းရှိနေသော ဝတ္တကမြေနေရာတိုင်းတွင် တရားရုံး ၈ ခု၌ တရားစွဲဆိုခဲ့သည်။ ကျောင်းတိုက်ပျက်စီးအောင် မနေနိုင်အောင် ကျောင်းပိုင်ပစ္စည်းများ ဆုံးရှုံးအောင် မတော်မတရား လုပ်ခဲ့ကြသေးသည်။ တရားမှာ ပိုက်ဆံရှိမှနိုင်သည်။ လိုက်နိုင်မှနိုင်သည်။ မှန်လည်းမှန်ရမည်။ စာရေးသူမှာ တရုံးပြီးတရုံး နေ့စဉ်လိုလို လိုက်ခဲ့ရသည်။ ဆတျမေဝဇာယတေ အမှန်သည် အမှန်ဖြစ်၍ အားလုံးနိုင်ခဲ့သည်။ နောက်ဆုံး ရှုံတော့ လူငှား၍ သတ်ခိုင်းပါသေး





သည်။ သူ့အားလည်း ကိုယ်ချင်းစာမိသည်။ ထောင်ထဲတွင် နှစ်နှစ်ကျော်နေခဲ့ရသည်။ အပြစ်မရှိတော့ ပြန်လွှတ်ခဲ့သည်။ ထောင်တွင် လူကောင်းများ မရှိကြပါ။ ထောင်ရောက်တော့ မကောင်းမှုလုပ်ငန်း မကောင်းမှု လုပ်သူတို့၏ စကားများကိုသာ ကြားခဲ့ရသည်။ လောဟာဆိန်းဟ်မှာ ပုဏ္ဏားများကို မခစား၍ဖြစ်သည်။ အခမဲ့မလုပ်၍ ဖြစ်ခဲ့ရသည်။ ပုဏ္ဏားများနှင့် နီးနီးကပ်ကပ်မနေဘဲ ဝေးဝေးနေခဲ့မှုကြောင့် ထောင်သို့ရောက်ခဲ့ရသည်။ သူတို့ဆီမှ ငွေကြေး၊ သူတို့ဆီမှ အကြံဉာဏ်မယူဘဲ နေခဲ့သည်။ ဖြစ်သမျှအကြောင်းကို ကိုယ်တိုင်ဆုံးဖြတ်၊ ကိုယ်တိုင်လုပ်ကြံခဲ့သည်၊ ဤသည်ကို မကြေနပ်ကြသော ပုဏ္ဏားများက ထောင်မှလွှတ်လာပြီး နောက်တဖန် ပုလိပ်ကိုအမျိုးမျိုး တိုင်ခဲ့ကြသည်။ ထိုနေ့သည် လောဟာဆိန်းဟ်ကို စိတ်ရှုပ်လွန်း၍ ရုပ်ရှင်ကြည့်ရန် ရုပ်ရှင်ရုံသို့ သွားခဲ့သည်။ ပုလိပ်များ လောဟာဆိန်းဟ်ကို အိမ်တွင် လိုက်၍ရှာခဲ့ကြသည်။ အိမ်မှပြောပြချက်အရ ရုပ်ရှင်ရုံသို့သွားပြီး ပုလိပ်များ ဝိုင်းထားခဲ့ကြသည်။ ရုပ်ရှင်ရုံထဲသို့ ပုလိပ်များဖြိုးဖြိုးဖိုင်းဖိုင်းနှင့်ဝင်ပြီး ဒါးပြ၊ ဒါးပြ ဖမ်းကြ၊ ဆီးကြဟု အော်လိုက်ကြသည်။ တကဲ့ဒါးပြဆိုက ထွက်ပြေးမည်မှာ သေချာသည်။ သို့သော် လောဟာဆိန်းဟ်မှာ ဒါးပြမဟုတ်ပေ။ ငြိမ်ငြိမ်ကလေး တခြားသူများကဲ့သို့ နေလိုက်သည်။ ပြန်ပြီး ရုပ်ရှင်ပြသည်။ မှောင်ထဲ သူ့မိတ်ဆွေ ကွမ်းယာဆိုင်သမားက လာပြောခဲ့သည်။ မင်းခုကတည်းက အိမ်သို့တိတ်တိတ်ကလေးပြန်သွား၊ မဟုတ်ရင် မင်းကို ဖမ်းမည်။ ရိုက်ကြမည်။ မတော်မတရား လုပ်ကြံတတ်သည်ဟု သတိလာပေးသည်။

လောဟာဆိန်းဟ်မှာ တိတ်တိတ်ကလေး ရုပ်ရှင်ရုံမှ ထွက်လာခဲ့ပြီး နီပေါနယ်စပ်သို့ ထွက်ပြေးလာခဲ့ရကြောင်း ဝမ်းနည်းပက်လက် သူ့ရာဇဝင်ကို ပြောပြခဲ့သည်။ ဤလောဟာဆိန်းဟ်ကဲ့သို့ပင် ဇာတ်ကြီးများရန်ကို မလွန်ဆန်နိုင်ပြီး ဒါးပြဖြစ်နေကြသူ အိန္ဒိယတွင် မြောက်များစွာ ရှိကြပါလိမ့်မည်။ ဒီရောက်တော့ သမုဒ္ဒရာဝမ်းတထွာကလေးအတွက် ပြန်ပေးဆွဲရသည်။ ဓါးပြတိုက်ရသည်။ နိုင်ငံတော်၏သစ်တောများကို ခုတ်ရောင်းရသည်။ စာရေးသူက ဆက်မေးခဲ့သည်။ ပြန်ပြေးဆွဲတိုင်း ပိုက်ဆံချက်ချင်းရသလား၊ မင်းတို့လူတွေဟာ ကပ်စိန့်ကြသည်။ ဘယ်လိုလုပ်ရသလဲ။ ပြန်ပေးဆွဲ၍ယူလာခဲ့သူကို ပျော်အောင်ထား၍



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစားကောင်းကျွေးရသည်။ ချော့ရသည်။ ပိုက်ဆံမပေးချင်လျှင် ပေးချင်လာအောင် ကြံဆရသည်။ တချို့မှာ ပြန်ပေးဆွဲခံရသူ ခလေးမရှိက ဝေစုများများရမည်ဖြစ်ပြီး မပေးလိုကြ။ ဒီလိုခလေးများကိုလည်း လူ့ကျင့်ဝတ်အရ လွှတ်ပေးခဲ့ရသည်။ တချို့ကလည်း ၅ သောင်းတောင်းတာ ၂ သောင်းယူရန် ပြောလျှင်လည်း လွှတ်ပေးရသည်။ စသည်ဖြင့် ပြန်ပေးဆွဲရာဇဝင်ကို စိတ်ရှည်ရှည်နှင့် ရှင်းပြခဲ့ပါသည်။ ယခု ဘယ်လိုလုပ်ကိုင် စားသောက်နေကြသလဲဟု မေးခဲ့ရာ နိုင်ငံတော် သစ်တောကြီးများ၊ ကြိမ်တောကြီးများ၊ ရှားတောများကိုခုတ်၍ အလုပ်သမား ရာပေါင်းများစွာနှင့် လုပ်၍ အသက်မွေးဝမ်းကြောင်းလုပ်ရသည်။

စာရေးသူက လူမကြိုက်၊ နတ်မကြိုက်သော အလုပ်များဖြစ်၍ တနေ့နေ့ ဒုက္ခရစေနိုင်ကြောင်း သူများကို ဒုက္ခပေးလျှင် ကိုယ့်ကိုလည်း ဒုက္ခရစေနိုင်ကြောင်း ဒီအလုပ်ကိုမလုပ်ဘဲ အစိုးရထံ အလင်းဝင်ကြစေလိုကြောင်းနှင့် အစိုးရက ပြစ်မှုရှိလျှင် ပြစ်မှုရှိသလို ဒါဏ်ပေးတတ်ကြောင်း ရသင့်ရထိုက်သော အခွင့်အရေးများကို ရယူနိုင်စေရန် သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် ဗဟိုအစိုးရထံသို့ ဝင်ရောက်၍ တောင်းဆိုပေးမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ဘီဟာပြည်နယ်တွင် အလင်းဝင်ခဲ့ကြသော ဂေါ်ရခါးယာဒဝ်နှင့် ထာရူလူမျိုး ၂ ဦး အလင်းဝင်ခဲ့ကြသည်ကို စနဲနာပြီးမှသာ အလင်းဝင်မည်ဖြစ်ကြောင်း သူတို့ထံသို့ သူတို့လို အနှိပ်စက်ခံခဲ့ပြီး လူပေါင်းများစွာကို သတ်ဖြတ်ပြီးနောက်ဆုံး အလင်းဝင်ခဲ့သူ ဖူးလန်းဒေဝီ M.P ထံမှလည်း သူတို့ထံ အလင်းဝင်ကြရန် စာများရောက်ရှိနေကြောင်း ပြောပြခဲ့သည်။ စာရေးသူတို့အားလည်း ထမင်းစားရန် တောင်းပန်ခဲ့သည်။ သူတို့ထမင်းစားချိန်မှာ ၂ နာရီကျော်မှ စားတတ်ကြသည်။ စာရေးသူမှာလည်း မိမိဂတိပေးခဲ့သည့်အတိုင်း ဒီနေ့ ကတ္တမန္ဒူသို့ ရောက်အောင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် တောင်းတောင်းပန်ပန်နှင့် ခရီးဆက်ခဲ့ရသည်။ စာရေးသူမှာ ကုသိနာရုံခရိုင် ဂေါ်ပါလ်ခရိုင်၊ ဘီဟာနယ် အနောက်မြောက်ဘက်နှင့် နီပေါနယ်စပ်တွင် ဆိုးသွမ်းနေကြသော လူငယ်များကို အလင်းဝင်နိုင်စေရန် ကြိုးစားပြီးနောက် နောက်ထပ် လူငယ်ပွဲတော်ကို ကုသိနာရုံခရိုင်တွင် ကျင်းပရန် ကတ္တမန္ဒူသို့ ထွက်ခွာခဲ့ရသည်။ သူတို့ထံမှ အပြန်တွင်လည်း ရင်တဒိတ်ဒိတ်နှင့် ပြန်ခဲ့ရသည်။ သူတို့မှာ လူမိုက်အလုပ် လုပ်နေကြသော်လည်း စည်းကမ်းရှိ





ပါသည်။ စာရေးသူ၏တပည့်များကို ဝိုင်းထားကြပုံ၊ စာရေးသူအားလည်း ဝိုင်းထားပုံမှာ တကယ်လိုများ မတော်မတရား လုပ်ခဲ့ပါလျှင် လုပ်ကြံရန် အသင့်လုပ်ထားခဲ့ကြပါသည်။ စာရေးသူသည် ဘိုင်ဆာ့လောတန် ဘတ်စ်ကားဆိပ်မှ ညနေ ၅ နာရီခန့်တွင် ဘက်စကားစီးခဲ့ရသည်။ နောက်တနေ့ ကတ္တမန္ဒူသို့ ရောက်ခဲ့သည်။ ၁၃၊ ဖ၊ ၉၆ ရက်နေ့ထုတ် "ဒိုက်နိုက်က်ဂျာဂရဏ်" သတင်းစာတွင် အောက်ပါခေါင်းစဉ်ကို ဘတ်လိုက်ရပါတော့သည်။ ဗုဒ္ဓဘာသာရဟန်းတပါးက ခါးပြများနှင့် တွေ့ဆုံတရားဟောခဲ့သည်ကို အင်္ဂလိမာလကီတလာဆ်မေ အင်္ဂုလိမာလကိုရှာခန်းဟု သတင်းခေါင်းစဉ်ဖြင့် ပါလာခဲ့သည်။ မကောင်းမှု လုပ်သူများသည် မကောင်းမှုကို ခံစားရတတ်သည်။ လောဟာဆိန်းဟ် ခမျာမှာလည်း နောက်ဆုံး ပုလိပ်များနှင့်ရင်ဆိုင်ရပြီး ဘဝတပါးသို့ အချိန်မဆန့် ပြောင်းသွားခဲ့ရပါတော့သည်။ ဒီလိုဖြစ်ခဲ့ရခြင်းမှာ ပထမဆုံး အလာဝုဒ္ဒိန်ဆိုသူ မူဆလင်ခါးပြက နွားကျောင်းသားလူမျိုး ခါးပြတချို့ကို သတ်ပစ်ခဲ့သည်။ သူတို့သည် မူဆလင် မိန်းခလေးများကို မတော်မတရားပြုကျင့်ခဲ့သည်အတွက် သတ်ပစ်လိုက်ခဲ့သည်။ လောဟာဆိန်းဟ်မှာ ဟိန္ဒူခါးပြဖြစ်၍ မူဆလင်ခါးပြဗိုလ် အလာဝုဒ္ဒိန်ကို ထမင်းစားဖိတ်ပြီး အရက်များများ တိုက်ခဲ့သည်။ အမဲလိုက်ရန် လိမ်ခေါ်ခဲ့သည်။ အလာဝုဒ္ဒိန်တပည့်တချို့ကို လောဟာဆိန်းဟ်နေရာတွင် ထားခဲ့ပြီး သေနပ်သံ ကြားပါက ပါသူတို့ကို ပစ်သတ်လိုက်ရန် မှာထားခဲ့သည်။ အမဲလိုက်ရာတွင် မထမလောဟာဆိန်းဟ်က အလာဝုဒ္ဒိန်ကို ရှေ့တင်ပြီး သမင်တကောင်ကို ပစ်သတ်လိုက်သည်။ လည်ပင်းလှီးရန်သွားခိုင်းရာ လည်ပင်းလှီးနေချိန်တွင် ပစ်သတ် လိုက်သည်။ သေနပ်သံကြားသဖြင့် အလာဝုဒ္ဒိန်တပည့် ၃–၄ ဦးကိုလည်း တပြိုင်နက်ထဲ ပစ်သတ်ခဲ့ကြသည်။ ထိုအကုသိုလ်ကြောင့် အလာဝုဒ္ဒိန်လူများက အစိုးရထံသတင်းပေးခါ လောဟာဆိန်းဟ်နှင့် သူ့တပည့် တိဝါရီဆိုသူနှင့် ကျန်တပည့်တဦးကို ပစ်သတ်ခြင်းခံခဲ့ရသည်။ မကောင်းမှုလုပ်သူသည် တနေ့ မကောင်းမှုအလုပ်ဖြင့် ဘဝဆုံးရတတ်သည်။

ဟရိဗလ၊ ကုသိနာရုံ



www.burmeseclassic.com

www.burmeseclassic.com





# မုသားမပါ လင်္ကာမချော

ဟရိဗလ၊ ကုသိနာရုံ

အထက်ပါစကားသည် မြန်မာတို့၏ စကားပုံတစ်ခုဖြစ်သည်။ ဗုဒ္ဓဘာသာများအနေနှင့် မုသားမပြောရန် မိဘဆရာသမားများက ဆိုဆုံးမခဲ့ကြသည်။ အိန္ဒိယနိုင်ငံတွင် မုသားမပါ လင်္ကာမချော စကားပုံသည် တော်တော်အရေးပါလှပါသည်။ မုသားမပြောပါက နေထိုင်ရန် အလွန်ခဲယဉ်းပါသည်။ အမှန်အတိုင်းပြောပါက ဘာတစ်ခုမျှလုပ်၍မရနိုင်ပါ။ လာဘ်လာဘကို မက်မောကြသော ဒီနိုင်ငံသားများသည် နေရာတကာ လောဘကြီးပြီး တောင်းတတ်ပါသည်။ ပထမ ကုသိနာရုံဆရာတော်ကြီး ရှိစဉ်ကလည်း ဤကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု ယူဆပါသည်။ တောင်းတတ်သူများမှာ တောင်းတာကတစ်မျိုး၊ ချေးငှားတာက တစ်မျိုးရှိတတ်ကြပါသည်။ သူတို့တောင်းတိုင်း၊ ချေးတိုင်းပေးပါက မိမိအလုပ် တစ်ခုမျှလုပ်၍ ရမည်မဟုတ်ပါ။ ဆင်းရဲသားများ တောင်းယူခြင်း ချေးငှား





ခြင်းက ကိစ္စမရှိပါ။ သို့သော် သူဌေးသူကြွယ်များကလည်း တောင်းယူရန် ချေးယူရန် ဝန်မလေးကြပါ။

လွန်ခဲ့သော သုံးလေးနှစ်ခန့်က လူတစ်ဦး စာရေးသူထံသို့ ရောက်လာခဲ့ပါသည်။ ကုသိနာရုံ ဘုရားကြီးဘက်မှ လာခဲ့သည်။ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော စာပေများ လိုချင်ကြောင်း ပြောပြခဲ့ပါသည်။ စာဖတ်တတ်ကြောင်းကိုလည်း ပြောပြ၍ စာရေးသူ စာအုပ်ငယ်များ ပေးလိုက်ပါသည်။ စာအုပ်တစ်အုပ်မှာ ၁၅ ရူပီး တန်ဖြစ်၍ မပေးနိုင်ခဲ့ပါ။ တောင်းသူက သူသည် အလွန်ဆင်းရဲ၍ ဒီစာအုပ်ကို မဝယ်နိုင်ကြောင်း ပြောပြပါသည်။ ခဏခဏ ပေကပ်ပေကပ်နှင့် တောင်းနေတော့ ပေးလိုက်မိသည်။ စာရေးသူနှင့် စကားပြောဆိုနေကြစဉ်ပင် နောက်ထပ်ကုလားတစ်ယောက် ရောက်လာခဲ့ပါသည်။ သူဟာ ဘယ်သူလဲလို့ မေးလိုက်တော့ သူ့ဒရိုင်ဘာဖြစ်ကြောင်း ပြောပြခဲ့သည်။ တကယ့်ဆင်းရဲသည်ဟု ပြောသောသူတွင် ဒရိုင်ဘာရှိသည် ကားလည်းရှိတတ်ကြသည်၊ အလှူခံရဲတတ်ကြသည်၊ တောင်းရဲတတ်ကြသည်။ မုသားသုံးတတ်မှသာ လင်္ကာချောသလို နေရာတကာ လူဝင်ဆန့်တတ်ပါသည်။ ကုသိနာရုံ မြန်မာကျောင်းသည် အိန္ဒိယတွင် ပထမဦးဆုံးကျောင်းဖြစ်၍ ရှေ့ဟောင်းဌာနနှင့် အနီးကပ်ဆုံးနေရာဖြစ်၍ ခဏခဏ ဒုက္ခပေးတတ်သည်။ ဘာဘဲလုပ်လုပ် ဒုက္ခပေးတတ်သည်။ ရေကန် တူးခဲ့သည် ဒုက္ခပေးသည်။ ကျောင်းဆောက်သည် ဒုက္ခပေးသည်။ ဆေးရုံဆောက်သည် ဒုက္ခပေးသည်။ အခမ်းဆောက်သည် ဒုက္ခပေးသည်။ ဒုက္ခပေးတိုင်း စာရေးသူလည်း လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်ခဲ့ပါသည်။ ကုသိနာရုံတွင် လုပ်သမျှ မနာလိုတတ်သော လူတစ်စုရှိသည်။ သူတို့မှာ ရှေးဟောင်းက မတားမြစ်မီ သူတို့က တားရန် စာတိုစာရှည်ရေးတတ်သည်။ ကုသိနာရုံ ရောက်ဘူးသူတိုင်း တွေ့ကြမည်။ ဆွမ်းစားကျောင်း ဟောခမ်းမကြီး ပထမဟောခမ်းမှာ လူလေးဆယ်ခန့်သာ စားနိုင်ကြသည်။ ယခုအခမ်း ဆောက်ခဲ့ရာ လူ ၁၀၀ ကျော် စားနိုင်ကြသည်။ ရှေ့ ဟောင်းမှ တားတာက တစ်မျိုး၊ စည်ပင်က တားတာကတစ်မျိုး အလွန်စိတ်ရှုပ်ရသည်။ တခါတခါ တကာမများက လှူထားခဲ့သည့် ဒီကိစ္စတစ်ခုကို လုပ်လာပါ၊ မလုပ်ဖြစ်ကြပါ။ တားတာနှင့်ဘဲ အချိန်ကုန်ခဲ့ရသည်။ ဒီလိုအဖြစ်မျိုး တော်တော်ကြုံဖူးခဲ့ရသည်။ တကာတကာမများကို စိတ်ကြည်နပ်



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ရသည်က တစ်မျိုး၊ တစ်ဘက်မှ အရာရှိများနှင့် ပြေလည်အောင် စီစဉ်ရသည်ကတစ်မျိုးကြောင့် တော်တော် စိတ်ပင်ပန်းခဲ့ရသည်။ ပထမဆွမ်းစား ကျောင်းဟောတွင် လူမဆန့်၍ နောက်ထပ်ဟောတစ်ခု ထပ်ဆောက်ခဲ့ကြရသည်။ ဟောမှာ လူတစ်ရာကျော်ခန့် စားသောက်နိုင်သော ဟောဖြစ်သည်။ ဟောကို ဆောက်လုပ်ချိန် တွင် တစ်စုံတစ်ဦးသူကိုမျှ ဝင်ခွင့်မပေးခဲ့ပါ။ သင်္ကန်းဝတ် ဣဿာ မိစ္ဆေရ တပုံကြီးရှိသူ ကုလားများက ဟိုဘက်ကလှည့်ကြည့် ဒီဘက်ကလှည့်ကြည့်ခဲ့ကြသည်။ တစ်ဘက်မှ နယ်ပိုင်ဘက်ကလည်း ဘယ်ဘက်က ရပေါက်ရှိမှာလဲ အမြဲစုံစမ်းနေခဲ့ကြရာ တစ်နေ့ လာတားခဲ့သည်။ ငွေလိုချင်၍ လာခဲ့ကြသည်။ စာရေးသူ မှာ နောက်တစ်ဆောင် နှစ်ထပ်ကျောင်း ဆောက်ရအုံးမည်ဖြစ်၍ ချော့မော့ကာ နဲနဲပါးပါး အစာကျွေးလိုက်ရသည်။ စားရတာနှင့် ပြန်သွားခဲ့၍ ပါသည်။ နှစ်ထပ် ကျောင်းဆောက်ရန် အားလုံးက အဆင်သင့် ဖြစ်နေချိန်ဖြစ်သည်။ ပါမစ်လည်း ရယူထားပြီးဖြစ်သည်။ စကားခံရှည်နေလျှင် ဒုက္ခပေးတတ်၍ နဲနဲကျွေးလိုက်ရသည်။ သို့သော် သရဲကိုကြောက်၍ အစာကျွေးမိလျှင် ၎င်းသရဲဟာ ခဏခဏ သွားဖြဲ၍ လာတောင်းစားတတ်သည်။ တကယ့်ကို ဟုတ်ပါသည်။ စားလိုက်ရတော့ နောက်ထပ်စားသူများက ဟိုတိုင်ဒီတိုင် တိုင်ပြီးစားရန် ကြိုးစားခဲ့ကြသည်။ နှစ်ထပ်တိုက်ကျောင်းမှာ လေးဘက်လေးတန် ပတ်ရံကာထားသော မြေလွတ်တစ်ခုတွင် ဆောက်ရမည်ဖြစ်သည်။ အနောက်ဘက်တွင် ပရိနိဗ္ဗာနစမ္မသာလာ ကျောင်းတော်ကြီး၊ တောင်ဘက်တွင် ဆရာတော် ဦးစန္ဒြမဏိ အရိုးဂူစေတီ ကျောင်း၊ အရှေ့တောင်ဘက်တွင် ဆရာတော် ဦးစန္ဒြမဏိ တည်းခိုဆောင်ကြီးနှင့် မြောက်ဘက်တွင် သိမ်တော်ကြီးရှိသည်။ အလယ်တွင် ဆောက်ရမည်ဖြစ်သည်။

ကျောင်း စဆောက်ကြပါတော့သည်။ လာ၍မတားပါ၊ ကျောင်းဆောက်ပြီးမှ တားမရ၍ ဆူပရိန်ကုတ် တရားရုံးကြီးတွင် တရားဆိုခဲ့ပါသည်။ သူတို့လည်သလို ကိုယ့်ဘက်မှလည်း လည်ရပါတော့သည်။ ရှေ့ဟောင်းဘက်မှ အရာရှိများကိုချော့၍ စီစဉ်ရပါတော့သည်။ တကယ့်ကို သူတို့က တိုင်ခဲ့လျှင် အလုပ်ကိစ္စ အဆင်မပြေနိုင်ပါ။ ရှေ့ဟောင်းဌာနမှ မတိုင်ခဲ့ပါ။ နှစ်ထပ်ကျောင်းကြီး ဆောက်လို့ပြီးဆုံးသွားခဲ့ပါ၍ ပါမစ်လည်း ရရှိခဲ့ပါသည်။ ကျောင်းကြီးမှာ ဆောက်၍ ပြီးဆုံးပြီးခါမှ မနာလိုသူတစ်စုက ဒေလီမြို့တော်တွင် အိန္ဒိယနိုင်ငံ၏ အထက်ဆုံး တရားရုံးချုပ် ဆူပရိန်ကုတ်တွင် လူနာမည်သာရှိ၍ ပုဂ္ဂိုလ်မရှိသော တရားတစ်ခု စွဲဆိုခဲ့ပါတော့သည်။ သူတို့ တရားဆိုလိုက်ရာတွင် စာရေးသူအဘို့ ကိစ္စမရှိသော်လည်း ရှေ့ဟောင်းဌာန ပုဂ္ဂိုလ်များအတွက် တာဝန်ရှိပါတော့သည်။ နယ်ပိုင်ထံမှ ထောက်ခံစာပါဖိတ်ရခဲ့ပါသည်။ ရှေ့ဟောင်းဌာနမှ ပါမစ်စာ ဘာမျှမယူခဲ့၍ သူတို့ကလည်း မကန့်ကွက်ခဲ့ဖြစ်ခဲ့ရာ ယခု ဆူပရိန်ကုတ်မှ တရားဆိုရာမှ သူတို့ကလည်း အမည်မတတ် သက်သေဆိုရန် စာရေးသူဘက်မှ ပါလာခဲ့ရပါတော့သည်။

ဤဉာဏဝါသကျောင်းတော်ကြီးသည် ၁၉၃၆ ခုနှစ်ကတည်းက ဆောက်သော ကျောင်းတစ်ဆောင်ဖြစ်သည်။ ဆရာတော် ဦးဉာဏိဿရမှ ကျောင်းဆောင်ကို ပြုပြင်မှုသာဖြစ်သည်ဟု မုသားမသုံးပါက လင်္ကာမချောတော့မည်ဖြစ်၍ မုသားသုံးလိုက်ရသည်။ စာရေးသူအားတော့ လုံးဝစစ်ဆေးမေးမြန်းခြင်း မပြုခဲ့တော့ပါ။ အထက်ရုံးချုပ်မှ ပယ်ချခဲ့ပြီး အောက်ရုံးသို့ ရောက်လာခဲ့ရာ ရုံးနှင့်ပတ်သက်လာပြီဖြစ်၍ မလိုလားအပ်သော အခြေအနေများသို့ ရောက်နိုင်သဖြင့် ဟိုက်ကုတ်မှတဆင့် စစ်ဆေးရေးဘုတ်အဖွဲ့ လေးဦးကော်မတီမှ ဦးဆောင်သူ မြို့အုပ်က တိတ်တိတ်ကလေး လာတွေ့မည်၊ တိတ်တိတ်ကလေး လာတွေ့မည်ဟု ခဏခဏ ဖုန်းဆက်ပါတော့သည်။ စာရေးသူကလည်း လာတွေ့ပါမည်ဟု ပြန်ဖြေခဲ့ရာ ပြည်ထောင်စုနေ့ ကိစ္စနှင့် တခြားသော ရုံးကိစ္စများကြောင့် လာတွေ့မဖြစ်ခဲ့ပါ။ တစ်နေ့ မပြောမဆို မြို့အုပ်မင်း လာခဲ့ပါသည်။ စစ်ဆေးရေးအဖွဲ့မှ တာဝန်ခံ ဥက္ကဋ္ဌဖြစ်သည်။ ဘာဘာဂျီး ဒီနှစ်ထပ်ကျောင်းကတော့ ကိစ္စပြေငြိမ်းသွားခဲ့ပေမဲ့ ရေကန်ရှိကျောင်းတော်၊ ဆေးရုံ၊ ဆေးပေးခန်းနှင့် ဆရာတော် ဦးစန္ဒြမဏိ တည်းခိုဆောင်များကိုလည်း တခုခုလုပ်ရပါတော့မည်။ တာဝန်ရှိပုဂ္ဂိုလ်များပါ နိူးဆော်ခဲ့ကြရာ မုသားမပါ လင်္ကာမချော စကားပုံအရ လုံးလုံးလျားလျားကြီး လင်္ကာချောအောင် လုပ်ရပါတော့မည်။ ရေကန်ကျောင်း အလှူရှင်များမှာ နေ့စွဲနှင့်တကွ လှူထားကြ၍ ရေကန်ရှိဘုရားကျောင်းတွင် ကျောင်းထဲနေရာတစ်ခုတွင် ဟိန္ဒီဘာသာဖြင့် ကျောက်ပြားထွင်း၍ ဤကျောင်းကို ဘယ်နေ့ ဘယ်ရက်က ဘယ်ပုဂ္ဂိုလ်က အုတ်မြစ်ချခဲ့သည်ဟူ၍၎င်း ဆေးပေးခန်းကို







www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ဘယ်ရက်က အုတ်မြစ်ချခဲ့သည်ဟူ၍၄င်း ဆရာတော်ဦးစန္ဒြမဏိ တည်းခိုခမ်းကို ဘယ်နေ့ဘယ်ရက်က အုတ်မြစ်ချက်ခဲ့သည်ဟူ၍၄င်း ကျောက်စာထွင်း၍ ကပ်ရပါတော့သည်။ ရှေးဟောင်းဌာနမှ လှူခဲ့သော မတော်မတရားသော အလုပ်ကို သူတို့ပင်လျှင် မတော်မတရားလုပ်၍ သူတို့ဘက်သို့သာ ဥပဒေကငြိနေပါသည်။ ဥပဒေငြိမှ ဟိုလိုက်ဖမ်းဆွဲ ဒီလိုက်ဖမ်းဆွဲနှင့် ဖြစ်ခဲ့ကြရာ တပ်ထားသော ကျောက်စာများတွင် ဗုဒ္ဓသက္ကရာဇ်၊ အင်္ဂလိပ်သက္ကရာဇ်နှင့် ဟိန္ဒီသက္ကရာဇ်များကိုပါ မတော်မတရားသိမ်း၍ ဆွဲထည့်နေပါတော့သည်။ ထို့ပြင် ယခုအသစ်ဆောက်၍ ၁၄၊ ၁၁၊ ၀၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ဉာဏာဝါသကျောင်းဆောင်သစ်ကိုလည်း ဟိန္ဒီဘာသာဖြင့် ဤဆ်ဝိဟာရ်ဘိုဗိုက်ဆာခ် ပူရ်ဏီမာကေဒိန် ၄၊ ၅၊ ၁၉၃၆– ခု ပရမ်ပူဂျ် ဂုရုဂျီး သိရိ ဦးစန္ဒြမဏိ မဟာဆထာဗီရ်နေဆီးလာနယာဆ်ကီးယား ဤကျောင်းနှစ်ထပ်ကျောင်းတော်ကြီးကို ကဆုန်လပြည့် ဗုဒ္ဓနေ့ ၄၊ ၅၊ ၁၉၃၆ ခု၊ တနင်္လာနေ့တွင် ပူဇော်ထိုက်ပူဇော်အပ်သော သိရိဦးစန္ဒြမဏိ မဟာထေရ်က အုတ်မြစ်ချခဲ့ပါသည်ဟု ရေးကပ်ပြီး မှသားပါမှ လင်္ကာချောအောင် ရေးကပ်လိုက်ရပါတော့သတည်း။



ပိဋကတ်သုံးပုံ တရားတော်များကို မြန်မာနိုင်ငံမှ ဆရာအဆက်ဆက် ထိမ်းသိမ်းထားခဲ့သည့်အတွက် မြန်မာဗုဒ္ဓဘာသာများကို ကမ္ဘာကအထင်ကြီးခဲ့သည်။

**ကမ္ဘာနှင့်ဆက်ဆံနိုင်အောင် အဘိဓမ္မာတရားဟောပြောနိုင်ရန် ရိပ်သာကျောင်းဖွင့်ထားသည်**

ကြွရောက်ကြပါ　　စုံစမ်းကြပါ　　လေ့လာကြပါ

မဟာဗောဓိ ဓမ္မရိပ်သာကျောင်း၊ ဗုဒ္ဓဂယာ

၀၉၁, ၉၉၃၄၀၆၃၁၈　　၀၆၃၁, ၂၂၀၁၁၂၀၈






# ဆရာတော်ဦးစန္ဒြမဏိ
## နှင့်
## ဒေါက်တာအမ္ဗေဒကာရ်

ဟရိဗလ၊ ကုသိနာရုံ

ဒေါက်တာအမ္ဗေဒကာရ်သည် ၁၉၃၅ ခုနှစ်ကတည်းကပင် ဘာသာပြောင်းရန် စဉ်းစားခဲ့သည်။ ငါသည် ဟိန္ဒူဘာသာ ကိုးကွယ်သော မိဘနှစ်ပါးမှ မွေးဖွားခဲ့သည်။ သို့သော် ယခုအခါ ငါ့စိတ်၊ ငါ့သဘောအတိုင်း ဟိန္ဒူဘာသာအဖြစ်နဲ့တော့ မသေတော့ဘူးဟု ကြွေးကြော်ခဲ့သည်။ ထိုသို့ ကြွေးကြော်သံကို ကြားရသောအခါ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များ၊ မူဆလင်ဘာသာရေးခေါင်းဆောင်များ လာရောက်မဲဆွယ်ခဲ့ကြပါသည်။ သို့သော် ဤဘာသာများသည် အိန္ဒိယနိုင်ငံမှ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော ဘာသာများ မဟုတ်ကြသဖြင့် စိတ်မဝင်စားခဲ့ပေ။ ဆိခ်ဘာသာရေးခေါင်းဆောင်များ လာရောက်မဲဆွယ်ကြသည်။ ထိုဆိခ်ဘာသာများနှင့်ပူးပေါင်းကာ ဘုံဘေမြို့တွင် မြေတစ်ကွက် ဝယ်ယူပြီး သိဒ္ဓတ္ထကောလိပ်ကျောင်းတစ်ခု တည်ထောင်ကြသည်။ ပညာသင်နေသော ကျောင်းသားများအား ရှေ့ဆက်၍ ပညာသင်ရန် ထောက်ပံ့ပေးကြသည်။

ဒေါက်တာအမ္ဗေဒကာရ်၏ အကြိုက်ဆုံးဘာသာမှာ ဗုဒ္ဓဘာသာပင်ဖြစ်သည်။ ထိုအချိန်မှာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာရဟန်းတော်များ အလွန်နည်းပါးခဲ့သည်။ အိန္ဒိယတောင်ပိုင်းတွင် သီဟိုဠ်ရဟန်းတော်တစ်ချို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂါလီရဟန်းတော်တစ်ချို့သာ ရှိခဲ့သည်။ အိန္ဒိယမြောက်ပိုင်းတွင် မြန်မာရဟန်းတော်များ ရှိခဲ့သည်။ မြန်မာရဟန်းတော်များထဲတွင် ဒေသခံ ကုလားစကားကို ကျွမ်းကျင်ပြောဆိုနိုင်သောပုဂ္ဂိုလ် အလွန်နည်းပါးသည်။ သို့ဖြစ်၍ သာသနာပြု လုပ်ငန်းများတွင် ထင်ထင်ရှားရှား ပါဝင်နိုင်မှု မရှိကြသေးပေ။

ဒေါက်တာအမ္ဗဒကာရ်သည်လည်း ပညာတတ်တစ်ဦးဖြစ်၍ ဆရာကောင်း ရှာနေသောအချိန်တွင် လူတိုင်းကို ဆရာမတင်ရဲ၊ ဆရာ မတော်ရဲသော အချိန်ပင်ဖြစ်သည်။ ၁၉၅၀ –ခုနှစ်တွင် မဟာဗောဓိအသင်းမှဖိတ်၍ သီဟိုဠ်နိုင်ငံသို့ ရောက်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် မဟာဗောဓိအသင်းမှပင် ဖိတ်ကြား၍ နယူးဒေလီ ဗုဒ္ဓဇယန္တိ ပွဲတော်သို့ တက်ရောက်ခဲ့သည်။ “ဗုဒ္ဓဇယန္တိ”ဟူသော စကားလုံးကို မည်သူစတင် တီထွင်ခဲ့သည်ကို ဆန်းစစ်လိုက်ရှာခဲ့သည်။ သီဟိုဠ်ရဟန်းတော်များသည် ဒေါက်တာအမ္ဗေဒကာရ်ကို ဗုဒ္ဓဘာသာဘက်သို့ ပါဝင်လာအောင် ဆွယ်ခဲ့ကြသည်။ ဤသို့ဖြင့် ဗုဒ္ဓစာပေများကို စတင်၍ လေ့လာဖတ်ရှုကြည့်သည်။ သို့သော် သီဟိုဠ်ရဟန်းတော်များ၏ နေပုံ၊ ထိုင်ပုံကို သဘောမကျပေ။ ဗုဒ္ဓတရားတော်များကို လေ့လာရာတွင် ဗုဒ္ဓသားတော်များဖြစ်သော ရဟန်းတော်များ၏ ကျင့်ဝတ်များကိုပါ လေ့လာထားခဲ့ရာ ရဟန်းတော်ကျင့်ဝတ်နှင့် မညီညွတ်သော ရဟန်းများကို လုံးဝ မကြည်ညို မလေးစားခဲ့ပေ။ သို့သော် ဗုဒ္ဓဘာသာကို စိတ်ဝင်စားပြီး ဗုဒ္ဓဘာသာဘက်သို့ ဦးတည်နေသောအချိန် ဖြစ်သည်။

၁၉၅၄–ခုနှစ် မြန်မာနိုင်ငံတွင် ဆဋ္ဌသံဂါယနာတင်ရန်အတွက် စီစဉ်နေကြသည်။ သတင်းစာ၊ ရေဒီယို၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် အဆက်မပြတ် ဖော်ပြနေသောအချိန် ဖြစ်သည်။ မြန်မာနိုင်ငံတော်အစိုးရက ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာများကို ပင့်ဖိတ်နေသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် အိန္ဒိယ၌ မြန်မာရဟန်းတော်များ၊ သီဟိုဠ်ရဟန်းတော်များ၊ အိန္ဒိယသား ရဟန်းတော်များကို စုပေါင်း၍ အိန္ဒိယသံဃာနာယက ဟုဆိုရမည့် သံဃာအစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြပါသည်။ ထိုသံဃာ့နာယကအဖွဲ့၏ ဦးဆောင်မှုအောက်တွင် မြန်မာရဟန်းတော်များ သွားလာလှုပ်ရှားနေကြသည်။ မြန်မာနိုင်ငံမှ တကာ၊ တကာမများသည်လည်း အိန္ဒိယသို့ မကြာခဏဆိုသလို ဘုရားဖူးလာရောက်ကြသည်။





အလှူအတန်းများ လှူဒါန်းကြသည်။ ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏ၊ လူမျိုးခွဲခြားမှု လုံးဝမရှိကြသေးပေ။ သာဝတ္ထိဆရာတော်မှာ ဝါတော်အကြီးဆုံး ဆရာတော်ဖြစ်သည်။ ကုသိနာရုံဆရာတော်သည် အသက်ကြီးသော်လည်း ဝါတော်ငယ်သည်။ ဗာရာဏသီတက္ကသိုလ်နှင့် သက္ကဋတက္ကသိုလ်တို့တွင် မြန်မာရဟန်းတော်များသာ ကြီးကဲသြဇာရှိခဲ့ကြသည်။ မိဂဒါဝုန်ဆရာတော်ကြီး၏ ထောက်ခံစာတစ်ခုပါခဲ့လျှင် ဗိလာရသူဌေးကြီးမှ ကျောင်းသားရဟန်းတော်တစ်ပါးကို ပညာရေးထောက်ပံ့ငွေအဖြစ် ၁၅ ရူပီး လှူဒါန်းလေ့ရှိသည်။ သံဃာတော်များအချင်းချင်း အလွန်ပင် သမဂ္ဂသမောဒါန ရှိကြသောအချိန်ဖြစ်သည်။

မြန်မာနိုင်ငံမှ ဆဋ္ဌသံဂါယနာအတွက် အိန္ဒိယရှိ ရဟန်းတော်များကို ပင့်ဖိတ်ခဲ့ရာ မြန်မာရဟန်းတော်များပါဝင်သော ဘာရတီယ ဗုဒ္ဓသံဃာ့အဖွဲ့ကို ပင့်ဖိတ်ခဲ့သည်။ ဤသံဃာ့နာယက အဖွဲ့အစည်းမှ ဦးဆောင်၍ အိန္ဒိယနိုင်ငံရှိ ရဟန်းတော်များအားလုံးကို စာရင်းယူခဲ့သည်။ အိန္ဒိယသံဃာတော်များ စီစဉ်ချထားရေးအတွက် ကုသိနာရုံဆရာတော်ကြီး၏ တပည့် ဘဒ္ဒန္တ ဗုဒ္ဓရက္ခိတကို တာဝန်ပေးအပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတော်သည် အိန္ဒိယနှင့် အလွန်ချစ်ကြည်ရင်းနှီးသော ကာလဖြစ်သည်။ ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးချုပ် သီရိဂျာဝါဟာလာလ်နေရူးမှာ ညီအစ်ကိုကဲ့သို့ ခင်မင်ရင်းနှီးကြသည်။ သမ္မတကြီး ဦးဘဦးနှင့် အိန္ဒိယနိုင်ငံ သမ္မတ ဒေါက်တာရာဇျိန္ဒြာပရာဆာဒ်တို့သည်လည်း အလွန်ခင်မင် ရင်းနှီးကြသည်။ ယူပီပြည်နယ်ရှိ မြန်မာကျောင်းများတွင် လိုအပ်သလို အိန္ဒိယအစိုးရက ကူညီခဲ့သည်။ ကုသိနာရုံရှိ ရှေ့ဟောင်း မဟာပရိနိဗ္ဗာန်ကျောင်းကြီးမှာ ဂူတစ်လုံးကဲ့သို့ ဖြစ်နေသည်။ ဘုရားကြီးရှိရာ ဂူကျောင်းအတွင်းတွင် ထိုင်၍ရှိခိုးပူဇော်ရန် နေရာမရှိခဲ့ပေ။ ဝန်ကြီးချုပ်ဦးနုနှင့် ကုသိနာရုံ ဆရာတော်ကြီး၏ အကြံပြုချက်အရ ရှေးဟောင်းဘုရားကြီး၏ဂူကျောင်းကို ဖျက်၍ ယခုကျောင်းကြီးကို ပြုပြင်ဆောက်လုပ်ခဲ့သည်မှာလည်း ရှေးဟောင်းသုတေသန၏ ဥပဒေကို ကျော်လွန်၍ လုပ်ဆောင်အနိုင်ရခဲ့ခြင်းပင်ဖြစ်သည်။ ဒေါက်တာအမ္ဗေဒကာရ် သည် ထိုအချိန်က ဥပဒေတရားရေးရာဝန်ကြီးတစ်ဦး ဖြစ်သည်။ ဗုဒ္ဓဘာသာကို အထူးလေးစားကြည်ညိုသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အပြင် ဆရာကောင်း ရှာနေသော အချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့အရပ်ရပ်မှ ဗုဒ္ဓဘာသာခေါင်းဆောင် ရဟန်းတော်များနှင့် ဒါယကာများကို မြန်မာနိုင်ငံသို့ ပင့်ဖိတ်ခဲ့ရာတွင် ဒေါက်တာအမ္ဗေဒကာရ်လည်း တစ်ဦး အပါအဝင်ဖြစ်သည်။ အိန္ဒိယ၊ မြန်မာချစ်ကြည်ရေး အထူးစွဲမြဲသော အချိန်ဖြစ်၍ ဆဋ္ဌသံဂါယနာတင်ပွဲတော်သို့ အိန္ဒိယနိုင်ငံမှ ဝန်ကြီးများနှင့် သူဌေးသူကြွယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ရဟန်းတော်များအဖွဲ့မှလည်း ဘာရတီယ ဗုဒ္ဓသံဃာ့အသင်းကြီး တစ်ခုလုံး တက်ရောက်ခဲ့ကြသည်။ ထိုဆဋ္ဌသံဂါယနာတင်ပွဲတော်တွင် ချစ်ကြည်ရေးစွဲမြဲနေကြ၍လည်းကောင်း၊ ဗုဒ္ဓဘာသာ စတင်ပေါ်ထွန်းရာ ဒေသဖြစ်၍လည်းကောင်း၊ ပထမဆုံးအနေဖြင့် အိန္ဒိယကို ဟောပြောရန် ရွေးချယ်ခဲ့ကြသည်။ ဘာရတီယသံဃာ့အဖွဲ့မှလည်း ဟောပြောရန် သင့်တော်မည့်ပုဂ္ဂိုလ်များကို စုဝေးကာရွေးချယ်ကြသည်။ ယခုကြွလာကြသော ရဟန်းတော်များသည် အိန္ဒိယဘာသာစကားဖြင့်သာ ဟောပြောကြရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ဥက္ကဋ္ဌဆရာတော်ကြီးမှာ ဟိန္ဒီဘာသာကို ကျွမ်းကျင်စွာ မပြောနိုင်သဖြင့် ဒုတိယဥက္ကဋ္ဌဆရာတော်ဖြစ်သော ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိကို ဘာရတီယသံဃာ့အဖွဲ့မှ ရွေးချယ်ခဲ့ကြသည်။ ဆရာတော်ဦးစန္ဒြမဏိသည် တစ်ရာရီခွဲကျော် ဟိန္ဒီ၊ သက္ကဋရောသော ဘာသာစကားဖြင့် ဟောပြောခဲ့သည်။ မိဂဒါဝုန် ဆရာတော်ကြီး ဦးကိတ္တိမမှ မြန်မာလို ဘာသာပြန်၍ ရှင်းပြခဲ့သည်။ ဤပွဲတော်တွင် ပုဂ္ဂိုလ်တစ်ဦးအား ၁၀ မိနစ်ခန့်သာ ဟောပြောရန် သတ်မှတ်ထားခဲ့သော်လည်း စကားစုံစေစပ်စေရန်နှင့် ဘာသာပြန်ဟောပြောရာတွင် အချိန်ယူရသောကြောင့် ၁နာရီ ၃၀ မိနစ်ထိ ကြာခဲ့သည်။ ဒေါက်တာအမ္ဗေဒကာရ်မှာ ဆရာရှာသောအချိန်ဖြစ်၍ ထိုစည်းဝေးပွဲတွင် သူ ကြံဆစဉ်းစားခဲ့သည်။ ၁၀ မိနစ်ဟောရမည့်အချိန်ကို ၁နာရီ ၃၀ မိနစ် ဟောပြောခဲ့သည်။ ဤမျှကြာသောအချိန်တွင် ဆရာတော်ကြီး၏ ဟောပြောမှုကို အပ်ကျလျှင်ပင်ကြားအောင် တိတ်ဆိတ်စွာ နားထောင်နေခဲ့ကြသည်။ တစ်စုံတစ်ဦးမှလည်း ဝေဖန်ပြောဆိုခြင်း မရှိသည်ကို ထောက်ဆပြီး ဤဆရာတော်ကြီးသည် အသက်ကြီးပြီး ဥပဓိရုပ်လည်း အလွန်ခန့်ညားကာ ပညာရှိဆန်ဆန် ဟောပြောခဲ့သည်။ သက္ကဋ ဘာသာစကား များများပါရှိသည့် ဟိန္ဒီစကားကို ကျွမ်းကျင်တတ်မြောက်သော





ဟကယ့်ပညာရှိတစ်ဦးဖြစ်သည်။ ဆရာတစ်ဆူအဖြစ် သတ်မှတ်ရန် သင့်တော်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ အစည်းအဝေးပွဲ ပြီးလျှင်ပြီးချင်း ဆရာတော် သီတင်းသုံးရာနေရာသို့ ချဉ်းကပ်ပြီး ဆရာတော်၏ နေရပ်လိပ်စာနှင့် ဆရာတော်ကြီးအား အကြောင်းစုံကို မေးမြန်းလျှောက်ထားခဲ့သည်။ အိန္ဒိယသို့ ပြန်ရောက်လျှင် ဆရာတော်ကြီးအား တွေ့ဆုံရန် လျှောက်ထားခဲ့သည်။

တဖန် နီပေါနိုင်ငံတွင် တတိယအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ စည်းဝေးပွဲကြီးကို ကျင်းပခဲ့ရာ ဒေါက်တာအမ္ဗေဒကာရ်လည်း တက်ရောက်ခဲ့သည်။ နီပေါမှ ဟိန္ဒူဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များက အိန္ဒိယမှ တရားရေးဝန်ကြီး ဒေါက်တာအမ္ဗေဒကာရ်သည် ဇာတ်နိမ့်ဖြစ်၍ ပဆုပတိနာထဘုရားကို ဝင်ရောက်ပါက အားလုံးအခြေအနေ ဆိုးကုန်မည်ကိုသိ၍ မေးမြန်းခဲ့ကြသည်။ ဗုဒ္ဓဘာသာများ မေးရသည်က ဟိန္ဒူများက ပဆုပတိနာထဘုရားသို့သွားပြီး မဝင်နဲ့ဟု တားမြစ်ခဲ့လျှင် ဗုဒ္ဓဘာသာဝင်များအတွက် မျက်နှာငယ်၊ အားငယ်စရာ ဖြစ်မည်ကို စိုးရိမ်ကြသဖြင့် မေးခဲ့ကြသည်။ နှစ်ဘက်လုံးမေးသော မေးခွန်းကို ဤသို့ ဖြေခဲ့သည်။ ပဆုပတိဟူသောအမည်၏ အဓိပ္ပါယ်ကို စဉ်းစားကြည့်လျှင် ပဆု–တိရစ္ဆာန်၊ ပတိ–အရှင်သခင်၊ တိရစ္ဆာန်၏အရှင်သခင်အား ငါလူသားတစ်ယောက်အနေနဲ့ သွားရောက်ဖူးစရာမလိုဟု ဖြေလိုက်သည်။

ထိုပွဲတော်တွင် ကုသိနာရုံဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြသည်။ နီပေါဘုရင်နှင့်တကွ လာသမျှသော ပရိသတ်အားလုံး ဆရာတော်ကြီးအား ရှိခိုးပူဇော်ကြသည်။ ဤသို့ ဆရာတော်ဦးစန္ဒြမဏိအား ဒုတိယအကြိမ် တွေ့ပြီးနောက် ဒေါက်တာအမ္ဗေဒကာရ်သည် ဗုဒ္ဓဘာသာသို့ ဝင်ရောက်ရန်နှင့် ဝင်ရောက်လာသောအခါတွင်လည်း ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိထံတွင် သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ခံယူရန် ဆုံးဖြတ်ခဲ့ကြသည်။ နီပေါမှအပြန်တွင် ကုသိနာရုံမှ လှည့်ဝင်ပြီး အောက်တိုဘာလ ၁၄ ရက်၊ ၁၉၅၆–ခုနှစ်၊ တနင်္ဂနွေနေ့ ၁၃၁၈–ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် နာဂပူရ်မြို့၌ ဗုဒ္ဓဘာသာဝင်ရန် ဆုံးဖြတ်လျှောက်ထားခဲ့သည်။

နာဂပူရ်မြို့သည် ဟိန္ဒူဘာသာဝင်များ၏ အသင်းအဖွဲ့ဖြစ်သော ရာဆတြိယဆွယံဆေဝဆံဃ၏ ဌာနချုပ်တည်ရာ အိန္ဒိယတစ်နိုင်ငံလုံး၏ အလယ်ဗဟို



www.burmeseclassic.com

www.burmeseclassic.com




ဌာနမြို့ကြီးဖြစ်ပြီး နာဂမည်သော ဗုဒ္ဓဘာသာဝင်များနေထိုင်ခဲ့သော နေရာဖြစ်၍ နာဂပူရ်မြို့ကို ရွေးချယ်ခဲ့သည်။ အောက်တိုဘာလဆယ့်လေးရက်ကို ရွေးချယ်ရခြင်းမှာ ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခဲ့သော ဂိုန်းဘာသာဝင် သီရိဓမ္မသောကမင်းကြီးသည် ကလိင်္ဂတိုင်းကို စစ်နိုင်၍ ပြန်ရောက်သော နေ့ထူးနေ့မြတ်ဖြစ်၍ ရွေးချယ်ခဲ့သည်။ ၎င်းအပြင် တနင်္ဂနွေနေ့ ရုံးပိတ်ရက်လည်းဖြစ်နေပြန်သည်။ ဤသို့ အဘက်ဘက်မှ သင့်လျော်သော နေ့ထူးနေ့မြတ်ကောင်းဖြစ်၍ ထိုနေ့ရက်ကို ရွေးချယ်ခဲ့သည်ဟု သိရသည်။

နာဂပူရ်မြို့ ဗုဒ္ဓဘာသာဝင်ပွဲတော်ကြီးသို့ အိန္ဒိယတစ်နိုင်ငံလုံးမှ ဇာတ်မရွေး လူမျိုးပေါင်းစုံ ဗုဒ္ဓဘာသာ ဝင်ရောက်ရန် စုပေါင်းရောက်လာကြသည်မှာ ၆ သိန်းကျော်ခဲ့သည်။ ထိုဗုဒ္ဓဘာသာသွင်းပွဲတွင် ရဟန်းတော်သုံးပါး၊ ဆရာတော်ကြီးနှင့်အတူ ပါဝင်ခဲ့သည်။ ဘဒ္ဒန္တ သံဃာရတနာ (သီဟိုဠ်)၊ ဘဒ္ဒန္တ ပညာနန္ဒ (သီဟိုဠ်)၊ ဘဒ္ဒန္တ သုမေဓ (အိန္ဒိယ) တို့ဖြစ်ကြသည်။ မဟာဗောဓိအသင်းကြီး၏ အထွေထွေအတွင်းရေးမှူး ဒေဝပြိယဗလီဆိန်းလည်း ထိုဗုဒ္ဓဘာသာဝင်ပွဲသို့ တက်ရောက်ခဲ့သည်၊

ဆရာတော်ကြီး ဦးစန္ဒြမဏိမှာ သက်တော် ၈၀ ကျော်နေပြီးဖြစ်၍ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်တို့တွင် အခက်အခဲကြောင့် ဆရာတော်ကြီးအား ပြုစုလုပ်ကျွေးရန်အတွက် ဂျာမန်ခေါ်သော ကပ္ပိယတစ်ဦး ခေါ်သွားခဲ့သည်။ ထိုဂျာမန်သည် နာဂပူရ်မြို့ကိုရောက်လျှင် ဆရာတော်ကြီးအား ဂရုမစိုက်တော့ဘဲ ကိုယ့်ကိစ္စနှင့်ကိုယ် အချိန်ကုန်နေခဲ့သည်။ နာဂပူရ်မှ တကာ၊ တကာမများသည် ၁၂ နာရီကျော်လျှင် ဆွမ်းမစားရတော့ပေဟု မသိကြသဖြင့် သံဃာတော်များအား ၂ နာရီအချိန်တွင် ဆွမ်းကပ်ကြသည်။ ဆရာတော်ကြီးသည် ဝိကာလဖြစ်နေ၍ ဆွမ်းမစားဘဲ နေခဲ့သည်။ ဆရာတော်ကြီး ဆွမ်းမစားသည်မှာ ငါးအသားဟင်းမပါ၍ မစားဟု တစ်ချို့က ထင်ခဲ့ကြသည်။ ဆရာတော်ကြီးမှာ ပြုစုရန်ပါလာသော ဂျာမန်၏ ပေါ့ဆမှု၊ ဂရုမစိုက်မှုတို့ကြောင့် ဆွမ်းတစ်စ်ထပ်မစားဘဲ နေခဲ့ရသည်။ ဤသက်ကြီးပြီး အင်အားနည်းပါးနေသော ကာလဖြစ်၍ ဆွမ်းတစ်စ်ထပ် မစားလိုက်ရမှုဖြင့် အလွန်နွမ်းလျက် ပင်ပန်းနေပုံရသည်။







ဒေါက်တာ အမ်ဘေဒကာ ဗုဒ္ဓဘာသာဝင်ပွဲ အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ နာဂပူရ်မြို့ အနီးအနားတွင် သွားလာလှုပ်ရှားခဲ့ရ၍ ကျောင်းပြန်ရောက်သောအခါ အားနည်းပြီး ကြိုးကုတင်ဖြင့် ကျောင်းသို့ ပင့်ခဲ့ရသည်။ အောက်တိုဘာလ ၁၄ ရက်၊ တနင်္ဂနွေနေ့သည် နာဂပူရ်မြို့၌ အနယ်နယ်အရပ်ရပ်မှ လူများဖြင့် စည်ကားနေသည်။ ဒေါက်တာအမ္ဗေဒကာရ်၏ ဇနီးမောင်နှံနှင့် ပရိသတ် ၆ သိန်းကျော်တို့အား ဆရာတော်ကြီးမှ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလကို တစ်ပြိုင်တည်း ခံယူစေသည်။ ဒေါက်တာအမ္ဗေဒကာရ်နှင့် ပရိသတ်အပေါင်းတို့က ယနေ့မှစ၍ ဟိန္ဒူဘာသာအရ ကိုးကွယ်ခဲ့သော မဟာသျှိဝ၊ မဟာဗြဟ္မာ၊ မဟာဝိဿနိုးတို့ကို မကိုးကွယ်တော့ပါဟု သစ္စာပြုကြသည်။ ခရစ်ယာန်သာသနာပြု ပုဂ္ဂိုလ်များက အားကျ၍ မေးကြသည်။ ကျွန်ုပ်တို့သည် စားဝတ်နေရေး၊ ဆေးဝါးကုသရေးတို့ကို ထောက်ပံ့ပေးပြီး သာသနာပြုနေကြသော်လည်း ဤမျှအရေအတွက်ရှိသော လူထုကြီးကို ဆွဲဆောင်မှုမပြုနိုင်ခဲ့။ ဒီဆရာတော်ကြီး ဘယ်လိုမန္တန်များနှင့် ဆွဲဆောင်ခဲ့သနည်းဟု မေးခဲ့ကြသည်ကို သိရသည်။ စင်စစ်မှာ ဆရာတော်ဦးစန္ဒြမဏိနှင့် ဒေါက်တာအမ္ဗေဒကာရ်တို့သည် ပညာဂုဏ်၊ ပညာသွေးဖြင့်သာ တစ်ဦးကို တစ်ဦး လေးစားယုံကြည်လျက် ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာခဲ့သည်ဟု မှတ်ချက်ချရပေလိမ့်မည်။

ကျန်းမာရွှင်လန်းကြပါစေ - - - - -။

ဟရိဗလ၊ ကုသိနာရုံ

*မှတ်ချက်။ ။ ဆရာတော်ဦးစန္ဒြမဏိ ဖေါင်းဒေးရှင်းမှ ၁၃၆၆-ခု၊ ကဆုန်လ (၈၊ ၅၊ ၂၀၀၄) အတွင်းထုတ်ဝေဖြန့်ချိခဲ့သော မဇ္ဈိမအလင်းရောင် မဂ္ဂဇင်း (အမှတ် ၂) မှ ဆောင်းပါးကို ပြန်လည်ဖေါ်ပြခြင်းဖြစ်သည်။*





# မိဂဒါဝုန် ဦးကိတ္တိမာ

ပါရဂူ

ယခုတစ်ခေါက် အိန္ဒိယအရောက်တွင် မိမိနှင့်ခင်မင်ရင်းနှီးသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးနှစ်ပါးကို ပြန်လည် တွေ့ဆုံရလေသည်။

၁၉၅၀ ပြည့်နှစ်ဝန်းကျင်တစ်ဝိုက် အိန္ဒိယနိုင်ငံ၌ ပညာသင်ကြားနေစဉ်ကာလအတွင်း တွေ့ဆုံသိကျွမ်းခွင့်ရသော ပုဂ္ဂိုလ်များအနက် စာပေပညာ ထူးချွန်သူများဖြစ်သဖြင့် မိမိ၏ အမှတ်သညာပိတ်ကားတွင် စွဲထင်နေသော၊ မိမိနှင့်လည်း အဆက်မပြတ် ဆက်သွယ်မှုရှိလာခဲ့သော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးနှစ်ပါး ရှိလေသည်။ ထိုဘုန်းတော်ကြီးနှစ်ပါးအနက် တစ်ပါးမှာ အိန္ဒိယအမျိုးသားဖြစ်ပြီး ကျန်တစ်ပါးမှာ မြန်မာအမျိုးသား ဖြစ်လေသည်။ ထိုနှစ်ပါးလုံးကို ယခုတစ်ကြိမ် အိန္ဒိယအရောက်တွင် တွေ့ဆုံဖူးမျှော်ခွင့် ရခဲ့လေသည်။ ထိုဘုန်းတော်ကြီးနှစ်ပါးသည် မိမိတို့ အိန္ဒိယတွင် ပညာသင်ကြားနေစဉ်ကာလ အသက်အရွယ် ပျိုတုန်း၊ ရွယ်တုန်းပင် ရှိကြသော်လည်း ယခုတစ်ကြိမ် ပြန်အတွေ့၌မူ သူတို့၏အရွယ်သည် ရှစ်ဆယ်ကျော်နေကြပြီ။ သူတို့၏အရွယ်ကိုကြည့်လျက် မိမိ၏အရွယ်လည်း ထိုပညာသင်ချိန်ကထက် အသက်သုံးဆယ် တိုးလာပြီဆိုသည်ကို သတိထားမိလေသည်။


ထိုဘုန်းတော်ကြီးနှစ်ပါးအနက် တစ်ပါးမှာ အိန္ဒိယအမျိုးသားဘုန်းတော်ကြီး ဘိက္ခုအာနန္ဒာ ကောသလ္လာယန ဖြစ်သည်။ ပြန်လည်ဆန်းသစ်လာသော



www.burmeseclassic.com

www.burmeseclassic.com





ဗုဒ္ဓဂယာ ဗုဒ္ဓပုပ္ပတ္တိကထာကို ရေးသားခဲ့သည့်
မိဂဒါဝုန် ဆရာတော် ဦးကိတ္တိမာ





အိန္ဒိယဗုဒ္ဓဘာသာလောက၌ 'တြိကတုတ်' ဟု ဆိုရလောက်အောင် ပြန်လည်ဆန်းသစ်လာသော အိန္ဒိယဗုဒ္ဓဘာသာလောကကို ပူးတွဲဦးဆောင်သည့် ရဟန်းတော်သုံးပါးရှိလေသည်။ ယင်းတို့ကား ရာဟုလာ သံကိစ္စာယန၊ ကဿပ၊ အာနန္ဒာကောသလ္လာယနတို့ဖြစ်ကြသည်။ ယင်းတို့အနက် ရာဟုလာ သံကိစ္စာယန (ရာဟုလာ သံကိစ္စည်း)၊ နှင့် ဘိက္ခုကဿပ နှစ်ဦးတို့သည် ကွယ်လွန်သွားကြပြီ။ ယခုအထိ အသက်မသေသေးဘဲ သက်တော်ရှည်အဖြစ်နဲ့ ကျန်နေသူမှာ ဘိက္ခုအာနန္ဒာ ကောသလ္လာယန ဖြစ်လေသည်။

ဘိက္ခုအာနန္ဒာ ကောသလ္လာယနနှင့် ရံဖန်ရံခါ စာချင်း အဆက်အသွယ်ရှိသော်လည်း လူချင်းမတွေ့ရသည်မှာ အနှစ်သုံးဆယ်လောက်ရှိသွားပြီ။ ၈၀ ပြည့်နှစ် အိန္ဒိယသွားတုန်းကလည်း သူနှင့် မတွေ့ခဲ့ရ။ အသက်အရွယ် ကောင်းစဉ်က တစ်နေရာတည်းတွင် အတည်တကျမနေဘဲ ရဟန်းသံဃာ၏ ကျင့်ဝတ်တစ်ခုဖြစ်သော 'စာရိကာ' ကျင့်ဝတ်အရ အမြဲတမ်း သွားလာလှုပ်ရှားနေခဲ့သော်လည်း ယခု ဇရာပိုင်းရောက်သောအခါ အာနန္ဒာ ကောသလ္လာယနသည် အိန္ဒိယနိုင်ငံ နာဂပူရ်မြို့၌ အခြေချနေလာခဲ့သည်။ ယခု အသက်ရှစ်ဆယ်ကျော်အရွယ်၌ပင် သူခြေထောက်တွင်ပါသော 'ဗွေ'ကို မထိန်းနိုင်သေးပေ။ အိန္ဒိယပြည်အတွင်း မြို့များကိုမူ ကိစ္စရှိက သွားတုန်း၊ လာတုန်းပင် ရှိသေးသည်။ အီဂတ်ပူရီမြို့ နိုင်ငံတကာ ဝိပဿနာအကယ်ဒမီတွင် ကျွန်တော်တို့ ရှိနေခိုက် ဝိပဿနာဆီမိနာ အပြီးသတ်နေ့၌ ဘိက္ခုအာနန္ဒာ ကောသလ္လာယန ရောက်လာသည်။ ဤတွင် မိမိအလွန်တွေ့ချင်နေသော မိတ်ဟောင်းဆွေဟောင်း၊ အသိအကျွမ်းဟောင်းနှင့် ပြန်လည် ဆုံဆည်းရလေသည်။

နောက်ဘုန်းတော်ကြီးတစ်ပါးမှာ မိဂဒါဝုန် ဦးကိတ္တိမာဖြစ်သည်။ ဦးကိတ္တိမာကိုမူ ၈၀ ပြည့်နှစ် အိန္ဒိယသွားစဉ်ကတည်းက တစ်ကြိမ် တွေ့ခဲ့သေးသည်။ ထိုအချိန်ကမူ ဆရာတော်သည် မိမိတို့နှင့် စတင် အသိအကျွမ်းဖြစ်စဉ်က သီတင်းသုံးသော မိဂဒါဝုန်တွင် မဟုတ်တော့ဘဲ ဗာရာဏသီမြို့ထဲက သူကျောင်းတွင် ပြောင်းရွှေ့နေထိုင်သည်ကို တွေ့ခဲ့ရသည်။ ဗာရာဏသီမြို့ထဲတွင် မြန်မာကျောင်း သုံးကျောင်းရှိသည်။ ပထမကျောင်းမှာမူ ယိုယွင်းပျက်စီးနေပြီး ကျောင်းတွင် ရဟန်းသံဃာလည်း မရှိတော့ပြီဖြစ်၍ ကျောင်းနှင့်ကျောင်းနေရာကို ရှောင်း



www.burmeseclassic.com

www.burmeseclassic.com



ချလျက် ထိုမှရသည့်ငွေဖြင့် ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းထဲ၌ ကျောင်းအသစ်တစ်ဆောင် ဆောက်လုပ်ထားလိုက်လေသည်။ ဒုတိယကျောင်းမှာ ဦးကိတ္တိမာကြီးမှူးဆောက်လုပ်သော ကျောင်းဖြစ်သည်။ တတိယကျောင်းကား ဆရာတော်ဦးနန္ဒဝံသကျောင်းဖြစ်သည်။ ယခု ဘုရားဖူးများ အများဆုံး တည်းခိုသော ကျောင်းမှာ ထိုတတိယကျောင်းဖြစ်သည်။

ဦးကိတ္တိမာ၏ကျောင်းမှာ တောက်တောက်ပြောင်မရှိလှ။ သူနေသည့် နေရာပင်လျှင် အခန်းကျဉ်းကလေးဖြစ်သည်။ သူနေသည့် အခန်းထဲ၌ စာအုပ်စာတမ်းတစ်ချို့မှတစ်ပါး ဘာအဆောင်အယောင်မှ မတွေ့ရပေ။ ဆရာတော်ကိုယ်တိုင်မှာ ဖြစ်သလိုနေတတ်သော ပုဂ္ဂိုလ်ဖြစ်သည်။ နှစ်ပေါင်းသုံးဆယ်လောက်ကြာမှ ပြန်လည်တွေ့ဆုံရခြင်းဖြစ်၍ ရေးနှောင်းဖြစ်များ ပြောမဝနိုင်ဖြစ်ခဲ့ရသည်။ ဆရာတော်သည် စာပေကျမ်းဂန် အလွန်ဝါသနာပါသည်။ စာကိုလည်း အဆက်မပြတ်ရေးသည်။ သူ မြန်မာလို ရေးသားထားသည့် စာမူများ စာအုပ်အဖြစ် ရောက်ရှိရေးအတွက် စိတ်အားထက်သန်နေသည်။ သူ ကျောင်းမှ ကျွန်တော်ပြန်ရောက်သောအခါ သူ့ဓာတ်ပုံကို ရိုက်ယူလာခဲ့သည်။

ဦးကိတ္တိမာနှင့် ကျွန်တော်တို့ စတင်သိကျွမ်းသည်မှာ ၁၉၄၇–ခုနှစ်လောက်က ဖြစ်သည်။ ၁၉၄၇–ခုနှစ်၊ မေလ ကျွန်တော်တို့ ဗာရာဏသီ ရောက်သွားသောအခါ တက္ကသိုလ်များ နွေရာသီပိတ်ချိန်နှင့် ကြုံနေ၍ တက္ကသိုလ်တွင် တန်းမနေရသေးဘဲ မိဂဒါဝုန် မဟာဗောဓိအသင်း ဗိရာလာဓမ္မသာလာ၌ နှစ်လလောက် စောင့်ဆိုင်းနေရသည်။ ထိုအချိန်အတွင်း ဦးကိတ္တိမာနှင့် အသိအကျွမ်း ဖြစ်ရသည်။ ထိုအချိန်က ဦးကိတ္တိမာသည် မိဂဒါဝုန်ရှိ မြန်မာကျောင်းတိုက်၏ ဦးစီးနာယက ဖြစ်လေသည်။ ဦးကိတ္တိမာနှင့် နေ့ရပေါင်းများစွာ တရင်းတနှီး ဆက်ဆံလာခဲ့ရသော်လည်း အပြင်ပန်းဆက်ဆံမှုအရ သူ့အကြောင်းကို သိရုံမှတစ်ပါး သူ့နောက်ကြောင်းနှင့် သူ့သမိုင်းကိုမူ စကားစပ်ခြင်း မရှိခဲ့သဖြင့် မသိခဲ့ရပေ။ ယခု သူ့အကြောင်း ရေးမည်ကြံသောအခါ သူ့အကြောင်း ရေးထားသော စာတိုပေစကို ရှာရသည်။ ဤတွင် သူ၏တပည့် ဒေါက်တာ ဓမ္မရက္ခိတ ရေးထားသော သူ့အတ္ထုပ္ပတ္တိတိုကလေးကို ရှားရှားပါးပါး သွားတွေ့သည်။ ထိုအတ္ထုပ္ပတ္တိတိုကလေးမှ သူ့အကြောင်း သဲလွန်စသိရသည်။





ဦးကိတ္တိမာကို ၁၉၀၃–ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် စစ်တွေခရိုင် ရုပ်ချောင်းကျေးရွာ၌ မွေးဖွားသည်။ ငယ်မည်မှာ အောင်ကျောင်ခိုင် ဖြစ်သည်။ မိဘနှစ်ပါးမှာ ဦးကြာထွန်းနှင့် ဒေါ် နှင်းညိုတို့ဖြစ်ကြ၏။ ငယ်စဉ်က အတန်းကျောင်းတွင် ပညာသင်ကြားပြီးနောက် ၁၉၂၀–ပြည့်နှစ်၊ ၁၇ နှစ်သားအရွယ်၌ အဘိုးတော်သူ ဆရာတော် ဦးစန္ဒိမာထံ၌ ရှင်သာမဏေ ဝတ်သည်။ ဆရာတော် ဦးစန္ဒိမာသည် ရှင်သာမဏေဘွဲ့အမည်ကို ရှင်ကိတ္တိမာ ဟူ၍ မှည့်ပေးလိုက်လေသည်။

ရှင်ကိတ္တိမာသည် ၁၉၂၁–ခုနှစ်၊ အသက် ၁၈ နှစ် အရွယ်တွင် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားလေသည်။ ထိုအချိန်က အိန္ဒိယနိုင်ငံ ကုသိနာရုံ၌ ဆရာတော်ဦးစန္ဒြမဏိ သီတင်းသုံး နေထိုင်လက်ရှိသည်။ ဦးစန္ဒြမဏိသည် ရှင်ကိတ္တိမာ၏ ဦးကြီးဖြစ်သည်။ သူ၏ ဦးကြီး ဦးစန္ဒြမဏိထံ၌ တစ်နှစ်ကျော်သည်အထိ ဟိန္ဒီဘာသာ သင်ယူသည်။ ထိုနောက် ဗလရာမ်ပူနှင့် လက္ခနောင်းမြို့တို့တွင် နှစ်နှစ်ခန့်နေသည်။ တတိယနှစ်တွင် ဟရိဒွါရရှိ ‘ဂုရုကုလ’ ကျောင်းသို့သွား၍ ပညာသင်သည်။ ထို့နောက် လာဟိုးမြို့ ‘ဝေဒိက အာရှရမ်’ ကျောင်း၌ ပညာသင်ပြီး ကုသိနာရုံသို့ ပြန်လာသည်။

ရဟန်းခံမည့်အရွယ် ရောက်လာသောအခါ ရှင်ကိတ္တိမာသည် မြန်မာနိုင်ငံသို့ ပြန်လာသည်။ ထိုအချိန်က အိန္ဒိယနိုင်ငံ၌ သိမ်လည်းမရှိသေးပေ။ ဥပသမ္ပဒကံ ဆောင်ရန်အတွက် ရဟန်းဦးရေလည်း အလုံအလောက် မရှိသေးပေ။ ထို့ကြောင့် ရှင်ကိတ္တိမာသည် စစ်တွေမြို့သို့ ပြန်လာပြီး ၁၉၂၄–ခုနှစ်၌ စစ်တွေမြို့ စန္ဒိမာရာမကျောင်းတိုက်၌ ရဟန်းခံလေသည်။ ရဟန်းခံပြီး ဆယ်ရက်အကြာတွင် အိန္ဒိယနိုင်ငံသို ပြန်သွားသည်။ ထိုနောက် ဂေါရခပူမြို့၌ ‘အာရယ ဆမာ့ဂျ်’ အသင်းတိုက်၌ ဆွာမိပရမာနန္ဒနှင့်အတူ နေထိုင်သည်။ ဆွာမိပရမာနန္ဒသည် နာမည်ကျော် ကျမ်းပြုဆရာ တစ်ဦးဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း နေဖူးသည်။ ရဟန်းဘောင်သို့ပင် ခေတ္တဝင်ရောက်ဖူးသည်။

ဦးကိတ္တိမာသည် ဂေါရခပူ၌ အချိန်အတန်ကြာ နေထိုင်ပြီးသောအခါ ဗာရာဏသီမြို့တွင် ပြောင်းရွှေ့နေထိုင်ပြီး ဟိန္ဒီ၊ သက္ကတ၊ အင်္ဂလိပ် ဘာသာတို့ကို ဆတက်ထမ်းပိုးတိုးတက်၍ သင်ကြားလေ့လာသည်။ ထိုအချိန်၌ မိဂဒါဝုန် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်တွင် အုပ်ချုပ်သူ မရှိ၍ ဦးစန္ဒြမဏိက ဦးကိတ္တိမာအား မိဂဒါဝုန် မြန်မာကျောင်းတိုက်၌ အုပ်ချုပ်ရန် တာဝန်ပေးအပ်သဖြင့် ဦးကိတ္တိမာသည် ၁၉၂၈–ခုနှစ်မှစ၍ မိဂဒါဝုန် မြန်မာကျောင်းတိုက်၌ တာဝန်ခံအုပ်ချုပ်သူအဖြစ်ဖြင့် နေထိုင်သီတင်းသုံးလာခဲ့လေသည်။ အဆောက်အအုံများ တိုးတက်များပြားလာခဲ့လေသည်။ ဦးကိတ္တိမာသည် စောစောပိုင်းက အိန္ဒိယနိုင်ငံတွင် ရှိနေကြသော ရဟန်းသံဃာတော်များ၏ အခြေအနေကို အားမရသဖြင့် တစ်နေရာ၌ "ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် အိန္ဒိယနိုင်ငံကို အမြင့်မြတ်ဆုံး နေရာထူး၊ နေရာမြတ်အဖြစ် ထင်မှတ်ယူဆကြ၏။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း ထောင်နှင့်ချီပြီး ဘုရားဖူးများသည် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်လျက် အိန္ဒိယနိုင်ငံသို့ လာရောက်ကြသည်။ ယင်းတို့၏ ရည်ရွယ်ချက်မှာ နတ်ရွာနိဗ္ဗာန် ရရှိရေးဖြစ်၏။ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ဗာရာဏသီ စသည်တို့၌ ရှိနေကြသော ရဟန်းသံဃာတော် လေးငါးပါးတို့မှာလည်း သက္ကတနှင့် ဟိန္ဒီ သင်ကြားရန် ရောက်လာကြသူများဖြစ်၏။ တစ်ခြား သာသနာပြုများကဲ့သို့ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် လာရောက်ကြသူများ မဟုတ်ပေ။ ပညာသင်ကြားရန်နှင့် ဘုရားဖူးရန် လာရောက်ကြသူများသာ ဖြစ်ကြ၏" ဟူ၍ သူ့အယူအဆကို ရေးသားဖော်ပြထားပေသည်။

သူကိုယ်တိုင်မှာမူ ထိုမျှလောက်နှင့် တင်းတိမ်အားရမနေပေ။ စွမ်းနိုင်သမျှ ဗုဒ္ဓသာသနာ ပြန့်ပွားရေးကို ကြိုးပမ်းအားထုတ်သည်။ အိန္ဒိယအမျိုးသားများထဲက သာသနာတော်အတွက် အလားအလာရှိသူများကို အားပေးအားမြှောက် ပြုလုပ်သည်။ ကျမ်းပေါင်းများစွာကို ရေးသားပြုစုသွားခဲ့သော နာမည်ကျော် အိန္ဒိယအမျိုးသား ရဟန်းတော် ဘိက္ခုဓမ္မရက္ခိတသည် ဦးကိတ္တိမာ၏ မြေတောင်မြှောက်ပေးချက်အရ သီးပွင့်လာသော အသီးအပွင့်ဖြစ်သည်။

ကုသိနာရုံနှင့် မိဂဒါဝုန်ရှိ မြန်မာကျောင်းတိုက်များ စည်ပင်တိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ခဲ့သည်။ ကုသိနာရုံရှိ ဦးစန္ဒြမဏိအခမဲ့စာသင်ကျောင်း အဆောက်အအုံကို ကြီးမှူးဆောက်လုပ်ခဲ့သည်။ မိဂဒါဝုန် မြန်မာကျောင်းအတွင်း၌ သိမ်၊ စာကြည့်ပိဋကတ်တိုက်၊ ဓမ္မစက္ကကျောင်းများ ဖြစ်မြောက်ရေးအတွက် လုံးပန်းခဲ့သည်။ ဗာရာဏသီမြို့အတွင်း၌ ဗိရလာသူဌေး





ကြီး၏ အလှူငွေကို မ တည်လျက် မြန်မာကျောင်းတိုက်တစ်ဆောင် ဆောက်လုပ်သည်။

ဦးကိတ္တိမာ၏ အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ချက်များသည် မြန်မာပြည်တွင်းနှင့်လည်း မကင်းပေ။ ယခုခေတ် မြန်မာနိုင်ငံ၌ ရှိနေသော အမျိုးသမီး ကယ်ဆယ်ရေးအဖွဲ့များသည် ဦးကိတ္တိမာ၏ ဆောင်ရွက်ချက်များမှ မွေးဖွားပေါ်ပေါက်လာသည်ဟူ၍ဆိုလျှင် မှားမည်မထင်ပေ။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ရန်ကုန်ရောက်ခိုက် ဦးကိတ္တိမာသည် အမျိုးသမီးအဖွဲ့များအား ဆော်ဩလျက် 'အမျိုးသမီး ကယ်ဆယ်ရေးစခန်း' တစ်ခု ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့လေသည်။ ဦးကိတ္တိမာသည် တခြား ဘာသာတရားများ အပေါ်၌လည်း ကိုယ်ချင်းစာနာမှုရှိသည်။ သို့သော် တစ်ခြားဘာသာတရား တစ်ခုခုက ဗုဒ္ဓဘာသာကို ထိပါးလာလျှင်မူ ဗုဒ္ဓဘာသာဘက်မှ ရဲရဲဝံ့ဝံ့ ပြန်လည်တုန့်ပြန်လေ့ရှိသည်။ သူ၏ ယင်းကဲ့သို့သော ဆောင်ရွက်ချက်များသည် စစ်ကြိုခေတ် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ လှုပ်ရှားမှုများနှင့် မျက်ခြေမပြတ်သူတိုင်း အသိဖြစ်သည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီက ဗာရာဏသီတွင် အကြောင်းအရာတစ်ခု ဖြစ်ပျက်ခဲ့သည်။ ရာဟုလာ သံကစ္စည်း တတိယအကြိမ် တိဗက်မှ ပြန်လာသောအခါ ဗာရာဏသီရှိ "ကာသိဝိဒျာပိဌ" တက္ကသိုလ်ကျောင်းတော်ကြီးမှ ရာဟုလာ သံကစ္စည်းအား "မဟာပဏ္ဍိတ" ဘွဲ့ပေးပြီး ချီးကျူးဂုဏ်ပြုသည်။ ထိုအခမ်းအနား၌ ရာဟုလာသံကစ္စည်းက မိန့်ခွန်းပြောသည်။ ထိုမိန့်ခွန်းနှင့် ပတ်သက်၍ ဣန္ဒိယာရမန်သျှာစာတရီ ဆိုသူ ပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဘာသာကို ဆန့်ကျင်ပြရည်ပြုလေသည်။ ဦးကိတ္တိမာသည် ချက်ချင်းစာတမ်းတစ်စောင်ရေးပြီး ထိုပုဂ္ဂိုလ်အား တုံ့ပြန်လိုက်လေသည်။ ထိုပုဂ္ဂိုလ်သည် နာမည်ကျော် ဗုဒ္ဓဘာသာပညာရှင် ကောသမ္ဗီကို ခေါ်လာခဲ့ပြီး ဦးကိတ္တိမာအား ဝန်ချတောင်းပန်ရလေသည်။

ဦးကိတ္တိမာသည် တစ်ဘက်က ဗာရာဏသီနှင့် မိဂဒါဝုန်၌ မြန်မာကျောင်းများ တစ်ဆောင်ပြီးတစ်ဆောင် ဖြစ်မြောက်ရေးနှင့် ဗုဒ္ဓဘာသာ ပြန့်ပွားရေးများကို ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဘက်မှာလည်း စာပေကျမ်းဂန်များကို ပြုစုရေးသားနေလေသည်။ အိန္ဒိယနိုင်ငံ၌ လူပုဂ္ဂိုလ်အရလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



စာပေပညာနှင့် ပတ်သက်၍လည်းကောင်း မြန်မာလူမျိုးထဲက လေးစားသမှု အပြုခံရဆုံး ပုဂ္ဂိုလ်တစ်ဦးကို ပြပါဆိုလျှင် ဦးကိတ္တိမာကိုပင် ပြရပေလိမ့်မည်။ သူ ရေးသားပြုစုခဲ့သည့် ကျမ်းဂန်များထဲက မဟာဗောဓိပ္ပတ္တိကထာ၊ သစ္စတ္ထပကာသကျမ်း၊ ရာမယဏကျမ်းများသည် ကျမ်းကြီးကျမ်းခိုင်များ ဖြစ်ကြ၏။ ဒုတိယကမ္ဘာစစ်မတိုင်မီ မဟာဗောဓိစေတီ ဗုဒ္ဓဘာသာဝင်တို့၏လက်ထဲ ပြန်ရောက်ရေးအတွက် တိုက်ပွဲပြင်းထန်နေစဉ်ကာလအတွင်း၌ "မဟာဗောဓိပ္ပတ္တိကထာ"ကို ရေးသားပြုစုသည်။ ဦးကိတ္တိမာ၏ "မဟာဗောဓိပ္ပတ္တိကထာ"သည် မဟာဗောဓိစေတီအတွက် တိုက်ပွဲဝင်နေကြသော ဗုဒ္ဓဘာသာဝင်များအား တပ်လှန့်ပေးလိုက်သလို ဖြစ်သွားသည်။ "မဟာဗောဓိပ္ပတ္တိကထာ" ၌ ဘကြီးတော်၏ ကျောက်စာနှင့် မင်းတုန်းမင်း၏ ကျောက်စာတို့ကို ခဲခဲယဉ်းယဉ်း ကူးယူဖော်ပြထားသည်။ မြန်မာနိုင်ငံ ဟိန္ဒူဗုဟိုအဖွဲ့ချုပ်မှ ထုတ်ဝေသော ဝါလာမိကိ၏ မူရင်းရာမာယဏသက္ကတ မြန်မာပြန်ခုနစ်တွဲသည် ဦးကိတ္တိမာ၏ ကြိုးပမ်းအားထုတ်ချက်ဖြစ်သည်။

ဦးကိတ္တိမာသည် သူရိယနှင့် တိုးတက်ရေးဆောင်းပါးကအစ ကျမ်းစာပေါင်း ၂၀ နီးပါးမျှ ရေးသားပြုစုထားသည်။ ထိုကျမ်းများထဲ၌ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးဘက်စုံ ပါဝင်သည်။ ပိဋကတ်တော်ထဲမှ တစ်ချို့သုတ်များ၏

ထိုမျှမ်းများထဲ၌

နိုင်ငံရေး

စီးပွားရေး

ဘာသာရေး

ဘက်စုံပါဝင်သည်။

ဟိန္ဒီဘာသာပြန်များနှင့် ပင်ကိုယ်ရေး ဟိန္ဒီစာအုပ်တစ်အုပ်ကိုလည်း ရေးသားပြုစထားသည်။ သို့သော်လည်း သူ၏ကျမ်းစာများအနက် ပုံနှိပ်ပြီးစာအုပ်များထက် ပုံမနှိပ်ရသေးသော စာမူများက ပိုများသည်။ ဦးကိတ္တိမာသည် မြန်မာဘာသာဖြင့် ရေးထားသော စာမူ လေးငါးခု ကျွန်တော့်ထံ ပို့ထားသည်။ ရိုက်နှိပ်ပိုင်ခွင့်ကိုလည်း ကျွန်တော့်အား လုံးဝလွှဲအပ်ထားသည်။ သို့သော်လည်း သူ၏စာမူများ စာအုပ်ဖြစ်မလာကြ။ သူက သူ၏ကြိုးပမ်းချက်များကို တစ်အုပ်





ပြီးတစ်အုပ် စာအုပ်အဖြစ်နှင့် မြင်ချင်သည်။ မြန်မာနိုင်ငံမှာ အကြောင်းပေါင်းစုံမှ စာမူတစ်ခု စာအုပ်ဘဝ ရောက်ရသည်။ ထို့ကြောင့် သူ၏စာမူများ စာအုပ်ဖြစ်မြောက်ရေးအတွက် နှောင့်နှေးကြန့်ကြာနေသည်။ ထိုအချက်နှင့်စပ်လျဉ်းပြီး ကျွန်တော့်ထံပေးသည့် (၄၊ ၁၂၊ ၈၆) နေ့စွဲနှင့် သူ၏စာထဲတွင် ဦးကိတ္တိမာသည် အကြီးအကျယ် ညည်းထားလေသည်။

(၂၃၊ ၄၊ ၈၇) နေ့က ဆရာတော်ဦးကိတ္တိမာ ပျံလွန်တော်မူသွားသည်။ နှစ်ရက်သုံးရက်အကြာတွင် ထိုသတင်း ကျွန်တော်တို့ထံ ရောက်လာသည်။ ကျွန်တော် သူ့ကို နောက်ဆုံးတွေ့ခဲ့သည့်အချိန်နှင့် ပျံလွန်တော်မူသည့်အချိန်မှာ သုံးလလောက်သာ ကွာသည်။ ဆရာတော်သည် လွန်ခဲ့သည့် သုံးလေးနှစ်ခန့်၊ လန်ချားနှင့် တိုက်မိပြီးသည့်အချိန်မှစ၍ ခြေကျိုးသွားသည့်အပြင် လူလည်းကောင်းကောင်း မကျန်းမာတော့ပေ။ သို့သော်လည်း မကျန်းမာသည့်ကြားထဲက မြန်မာလက်နှိပ်စက်တစ်လုံးဖြင့် စာများကို ရေးသားပြုစုနေလေသည်။ ကျွန်တော်က ဆရာတော်အား တစ်ခြားစာများ ရေးသားမည့်အစား အိန္ဒိယပြည်စရောက်ကတည်းက အတွေ့အကြုံများကို ရေးစမ်းပါဟု လျှောက်ထားသည်။ သူက ရေးမည်ဟု ပြောသည်။ နဂိုက ရေးလက်စလည်း ရှိသည်ဟု ဆိုသည်။ ယခု သူပျံလွန်တော်မူသွားပြီး အကယ်၍သာ သူ၏အတ္ထုပ္ပတ္တိ ပြည့်ပြည့်စုံစုံ ရေးသားပြုစုသွားပါက ထိုကိုယ်ရေးအတ္ထုပ္ပတ္တိသည် အိန္ဒိယနှောင်းခေတ် သာသနာ့သမိုင်းအတွက် အထူးကျေးဇူးများမည့် စာတစ်စောင်၊ ပေတစ်ဖွဲ့ ဖြစ်လာဖို့ ရှိလေသည်။

ပါရဂူ

*မှတ်ချက်။ ။ ဆရာတော်ဦးစန္ဒြမဏိ ပေါင်းဒေးရှင်းမှ ၁၃၆၆–ခု၊ ကဆုန်လ (၈၊ ၅၊ ၂၀၀၄) အတွင်းထုတ်ဝေဖြန့်ချိခဲ့သော မဇ္ဈိမအလင်းရောင် မဂ္ဂဇင်း (အမှတ် ၂) မှ ဆောင်းပါးကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။*



www.burmeseclassic.com

www.burmeseclassic.com



# ကုသိနာရုံ ဗုဒ္ဓဇယန္တီပွဲတော်

မင်းသျှင်သူ

မှတ်မိပါသေးသည် - - - -

ကျွန်ုပ်သည် ၁၉၉၈-ခုနှစ်က အိန္ဒိယနိုင်ငံသို့ ဘုရားဖူးရောက်ခဲ့ပါသည်။ ရာသီဥတုအချိန်အခါကား အအေးဓါတ်ကလည်း မပြင်းထန်၊ အပူဓါတ်ကလည်း မဆင်းသေးသော အေးမြနွေးထွေးလှသည့် နွေဦးရာသီ "မတ်လ" ဆန်းခါစ အချိန်ဖြစ်ပါသည်။

မတ်လ တစ်ရက်နေ့တွင် ရန်ကုန်မှ ထွက်ခွာလာခဲ့ရာ ရှေ့ဦးစွာ "ကာလကတ္တား"သို့ ရောက်ခဲ့ပါသည်။ ကာလကတ္တားမှတစ်ဆင့် 'ပတ္တနာ၊ နာလန္ဒ၊ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ သာဝတ္ထိ၊ ပိပရာဝါ၊ လုမ္ဗိနီ' တို့ကို လှည့်လည် ဘုရားဖူးခဲ့ပြီးနောက် မတ်လ ၁၄ ရက်နေ့မှာ 'ကုသိနာရုံ' သို့ ရောက်ခဲ့ပါသည်။

ကုသိနာရုံသည် အိန္ဒိယနိုင်ငံတွင် ယူပီပြည်နယ်၌ တည်ရှိပြီး အိန္ဒိယ တိုင်းရင်းသားတို့က 'ကုရှီနဂါရ်' ဟု ခေါ်ကြပါသည်။ 'ကုရှီနဂါရ်' ခေါ် ကုသိနာရုံ သည် မြတ်ဗုဒ္ဓဘုရားရှင် မဟာပရိနိဗ္ဗာန်ပြုတော်မူရာ 'သံဝေဇနိယ'ဌာနတစ်ခု ဖြစ်ကြောင်းနှင့် နိုင်ငံအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့မှာ ဘုရားဖူး လာ ရောက်လေ့ ရှိကြပါသည်။





ကျွန်ုပ်သည်လည်း အိန္ဒိယနိုင်ငံရှိ 'သာသနိက ဘုရားဖူးဌာန' များသို့ လှည့်လည်ဘုရားဖူးခဲ့ပြီးနောက် ကုသိနာရုံ၌ အနားယူလျက် အိန္ဒိယနိုင်ငံ ဗုဒ္ဓ ဘာသာအကြောင်း လေ့လာနေစဉ်မှာ 'ကုသိနာရုံ ဗုဒ္ဓဇယန္တီ' ပွဲတော်နှင့် ကြုံ ကြိုက်ခဲ့ရပါသည်။ ကိုယ်တိုင်လည်း ပါဝင်ဆောင်ရွက်ခဲ့ရပါသည်။

'ဗုဒ္ဓဇယန္တီ' ပွဲတော်ကို အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ကျင်းပလေ့ရှိကြပါသည်။ ရှေးအခါက ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ 'က ဆုန်ညောင်ရေသွန်း' ပွဲတော်ကို ကျင်းပကြပါသည်။ သာသနာတော် နှစ် (၂၅၀၀) ပြည့်သောနှစ်ကစပြီး 'ဗုဒ္ဓဇယန္တီ' အမည်ဖြင့် ပြောင်းလဲကျင်းပကြသည်ဟု သိခဲ့ရပါသည်။

(ကဆုန်လပြည့်နေ့၌ မြတ်ဗုဒ္ဓဘုရားရှင်သည် လေးအင်သော သစ္စာ တရားတို့ကို သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သောကြောင့် ကဆုန်လပြည့်နေ့ကို 'ဗုဒ္ဓနေ့' ဟု သတ်မှတ်ကြပါသည်။ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ 'ကဆုန်ညောင်ရေသွန်း' ပွဲတော်ကို ကျင်းပလေ့ရှိကြပါသည်။ ကဆုန်ညောင်ရေ သွန်းခြင်းသည် ကဆုန်လပြည့်နေ့မှာ ဘုရားပွင့်တော်မူရာ 'မဟာဗောဓိညောင် ပင်' ကို ရေစင်သွန်းလောင်းခြင်း ဖြစ်ပါသည်။

'ကဆုန်ညောင်ရေသွန်း' ခြင်းအမှုသည် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် ဝင် စံတော်မူသည့် ကဆုန်လပြည့်နေ့ကပင် စတင်ပေါ်ပေါက်လာခဲ့ကြောင်း မှတ်သား ဖူးပါသည်။ AD (၆) ရာစုမှာ အိန္ဒိယနိုင်ငံသို့ ဘုရားဖူးရောက်ခဲ့သော တရုတ် ရဟန်းတော် ဟူယဆန်၏ မှတ်တမ်းတွင် ဝဇီရာသန ပလ္လင်ပေါ်ရှိ ဗောဓိပင် ဆို သည်မှာ ညောင်ပင်အစစ်ဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရားသည် ဤအပင်အောက် ၌ပင် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်သည်ကိုအကြောင်းပြု၍ 'သမ္မာ သမ္ဗောဓိ' ပင်ဟူ၍လည်း ခေါ်ကြသည်။ အခွံအခေါက်အရောင်မှာ ဝါနုဖြူရော်၍ အရွက်အခက်မှာကား စိမ်းညိုသောအရောင်ရှိသည်။ နွေဖြစ်စေ၊ ဆောင်းဖြစ်စေ အရွက်များ မှည့်ရင့်ကြွေကျခြင်းမရှိဘဲ တစ်နှစ်ပတ်လုံး ပကတိ ပြောင်လက် တောက်ပစွာ တည်ရှိလေသည်။ သို့သော် - - - -

ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့၌ကား အရွက်များ ညှိုး နွမ်းကြွေကျ၍ မကြာမီ ရှေ့နည်းအတိုင်း ပြန်လည်စိမ်းစိုလာခဲ့လေသည်။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



(ပရိနိဗ္ဗာန်စံသော) အခါကာလ၌ အပြည်ပြည်မှ မင်းစိုးရာဇာများနှင့် စေတနာထက်သန်သူများ ထောင်သောင်းမက မဖိတ်မခေါ်ဘဲ အလိုလိုလာရောက်ကြလျက် ဗောဓိပင်၏ အမြစ်တို့ကို အမွှေးနံ့သာတို့ဖြင့် ထုံအပ်သော ရေ၊ နို့တို့နှင့် ဆေးကြောသွန်းလောင်းကာ ပန်းနံ့သာ၊ ဆီမီး၊ တူရိယာ အသီးသီးဖြင့် အကြီးအကျယ် ပူဇော်ဖူးလေသည် စသည်ဖြင့် 'မိဂဒါဝုန် ဆရာတော်အသျှင်ကိတ္တိမာ' မဟာထေရ်မြတ်က သူရေးသားခဲ့သော 'မဟာဗောဓိပ္ပတ္တိကထာ' ကျမ်း၌ တင်ပြထားပါသောကြောင့် 'ကဆုန်ညောင်ရေသွန်း' ပွဲတော်သည် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည့် ကဆုန်လပြည့်နေ့ကပင် စတင်ပေါ်ပေါက်လာကြောင်း မှတ်သားမိပါသည်။

ကုသိနာရုံ၌ ကဆုန်ညောင်ရေသွန်းပွဲတော် ပေါ်ပေါက်လာသည်မှာ ၁၉၂၄–ခုနှစ်မှာ စတင်ပေါ်ပေါက်လာသည်ဟု ဆိုပါသည်။ 'ကုသိနာရုံ' ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိနာရုံ မြန်မာကျောင်း ဆရာတော် 'သီရိဘဒ္ဒန္တ စန္ဒြမဏိ' အရှင်သူမြတ်၏ အိန္ဒိယသာသနာပြုလုပ်ငန်း တစ်စိတ်တစ်ဒေသ လုပ်ငန်းဖြစ်ပါသည်။

'သီရိဘဒ္ဒန္တ စန္ဒြမဏိ' အရှင်သူမြတ်သည် (၁၉၀၃) ခုနှစ်ကပင် ကုသိနာရုံသို့ ကြွရောက်လာပြီး ကုသိနာရုံ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆရာတော် 'အသျှင် မဟာဝီရ' နှင့်အတူ တွဲဖက်ကာ အိန္ဒိယသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ပါသည်။ ၁၉၂၈ ခုနှစ်မှာ 'အသျှင် မဟာဝီရ' ဆရာတော် ပျံလွန်တော်မူသောအခါ ကုသိနာရုံဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း၏ ပဓာနနာယက ကျောင်းထိုင်ဆရာတော်အဖြစ်သို့ ရောက်ရှိလာကာ ကျောင်းကိုလည်း 'ကုသိနာရုံ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်း' ဟု အမည်ပြောင်းလဲလျက် ကုသိနာရုံကို အခြေပြုပြီး အိန္ဒိယပြည်လုံးအနှံ့ သာသနာပြုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ရာ 'ကုသိနာရုံ ကဆုန်ညောင်ရေသွန်း' ပွဲသည်လည်း ထိုအရှင်သူမြတ်၏ သာသနာပြုလုပ်ငန်း တစ်စိတ်တစ်ဒေသဖြစ်ကြောင်း သိမှတ်ခဲ့ရပါသည်။

၁၉၂၄ ခုနှစ်တွင် သီရိဘဒ္ဒန္တစန္ဒြမဏိအရှင်သူမြတ် ကုသိနာရုံ ကဆုန်ညောင်ရေသွန်းပွဲတော် စီစဉ်ပုံမှာ 'ကဆုန်လပြည့်နေ့မှ နယုန်လပြည့်နေ့ထိ တစ်





လလုံးလုံး ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပမည်။ အိန္ဒိယနိုင်ငံအတွင်းရှိ ဆရာတော် သံဃာတော်တို့အား ဖိတ်ကြားမည်။

သိမ်ကျောင်းအထက်ရှိ ကြေးဆင်းထုဘုရား ရုပ်ပွားတော်ကို ရောင်တော်ဖွင့်လျက် အဆန်းတကြည်ပြုလုပ်ထားသော ပန်းရထားပေါ်သို့ ပင့်ဆောင်ရမည်။ ယင်းပန်းရထားကို ဆင်နှစ်စီး၊ သုံးစီး သို့မဟုတ် ရသလောက်သောဆင်များနှင့် ပရိသတ်အပေါင်းတို့က ကုသိနာရုံမှ တစ်မိုင်ကျော် ကွာဝေးသော 'ကာဆီယာမြို့' မူလတန်းကျောင်းဝင်းအတွင်းသို့ ပင့်ဆောင်လျက် အပူဇော်ခံမည်။

ယင်းကတစ်ဖန် ည ၈ နာရီအချိန်တွင် ကုသိနာရုံကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင်မည်။ ကဆုန်လပြည့်နေ့၌ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်မည်။

ထို့နောက် တစ်လလုံးလုံး ပွဲကျင်းပမည်။ ဤအစီအစဉ်ကို အိန္ဒိယတစ်ပြည်လုံးသို့ ကြေငြာလိုက်သည်။ အစိုးရဝန်ကြီးများ၊ မြို့နယ်ရှိ ထင်ရှားသော ပုဂ္ဂိုလ်ကြီးတို့အား ဖိတ်မန္တကပြုပြီး ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပခွင့် ပွဲမိန့်ရရန်အတွက် 'ဒေဝရိယာမြို့' ဆိုင်ရာ နယ်ပိုင်ထံ မေတ္တာရပ်ခံစာတင်ခဲ့ရာ အုပ်ချုပ်ရေးဖက်ဆိုင်ရာတို့က နယ်အချို့တို့၌ ကာလဝမ်းရောဂါ ဖြစ်နေသည်ဟု အကြောင်းပြလျက် ပွဲမိန့်မပေးသည်ကို နည်းပရိယာယ်အမျိုးမျိုးဖြင့် လှည့်ပတ်၍ အကြိမ်ကြိမ်အဖန်ဖန် မေတ္တာရပ်ခံမှသာ ပွဲမိန့်ရသောကြောင့် ကုသိနာရုံ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့ရသည်ဟု သိခဲ့ရပါသည်။ ကုသိနာရုံ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၉၂၄ ခုနှစ်မှ အစပြု၍ နှစ်စဉ်မပျက် ကျင်းပလာရာ ၁၉၅၆ ခုနှစ်သို့ ရောက်သောအခါ သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်နှင့် ကြုံကြိုက်လာပါသည်။ ထိုနှစ်ကို 'ဗုဒ္ဓဇယန္တီ' နှစ်ဟု သတ်မှတ်ကြကာ ဗုဒ္ဓဘာသာနိုင်ငံတိုင်းမှာ ကဆုန်လပြည့် ဗုဒ္ဓနေ့၌ 'ဗုဒ္ဓဇယန္တီ' ပွဲတော်ကို ကျင်းပကြရာ အိန္ဒိယနိုင်ငံအစိုးရမှလည်း နိုင်ငံအရပ်ရပ်၌ 'ဗုဒ္ဓဇယန္တီ' ပွဲတော်ကို ကျင်းပပေးလေသည်။

ကုသိနာရုံမှာ နှစ်စဉ်ကျင်းပမြဲဖြစ်သော 'ကဆုန်ညောင်ရေသွန်း' ပွဲတော်မှ ပြောင်းလဲပြီး 'ဗုဒ္ဓဇယန္တီ' ပွဲတော်အသွင်ဖြင့် ကျင်းပခဲ့သည်ဟု သိရှိရပါသည်။ ကုသိနာရုံဆရာတော် သီရိဘဒ္ဒန္တစန္ဒြမဏိ အရှင်သူမြတ်သည် 'ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com



ဇယန္တီ’ ပွဲတော်ကို နှစ်စဉ်မပျက် ဆက်လက်ကျင်းပလာခဲ့ပါသည်။ ထိုဆရာတော်ကြီး ဘဝနတ်ကျောင်း ကိန်းအောင်းစံမြန်းတော်မူသောအခါ လက်ရှိဆရာတော် ‘ဘဒ္ဒန္တ ဉာဏိဿရ’ မထေရ်မြတ်က ဆရာတော်ကြီး၏ အမွေကို ဆက်ခံကာ ကျင်းပလာခဲ့ပါသည်။

ကျွန်ုပ်တို့ရောက်ရှိနေသော ၁၉၉၈ ခုနှစ်မှာလည်း ‘ကုသိနာရုံ ဗုဒ္ဓဇ ယန္တီ’ ပွဲတော် ကျင်းပရက်နှင့် ကြုံကြိုက်ခဲ့ပါသည်။ ‘ဗုဒ္ဓဇယန္တီ’ ပွဲတော် ကျင်းပသောနေ့ကို မြန်မာတို့က ကဆုန်လပြည့်နေ့ဟု ခေါ်ကြပြီး အိန္ဒိယမှာတော့ ‘ဗိုက်ဆာခပူရဏီမာ’ နေ့ဟု ခေါ်ကြပါသည်။ ‘ဗုဒ္ဓဇယန္တီ’ ပွဲတော် ကျင်းပသောနေ့သည် မြန်မာနှင့် အိန္ဒိယ ဒေသန္တရစံတော်ချိန် ကွာခြားမှုကြောင့် တစ်နေ့တည်းမှာ မကျတတ်ပါ။ ထိုနှစ် မေလ ၁၀ ရက်နေ့မှာ အိန္ဒိယ ‘ဗိုက်ဆာခပူရဏီမာ’နေ့ ဖြစ်သည်ကို တွေ့ခဲ့ရပါသည်။

၁၉၉၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ညနေ ၄ နာရီ အချိန်မှာ ကုသိနာရုံ ‘ဗုဒ္ဓဇယန္တီ’ပွဲတော်၌ ပါဝင်ဆောင်ရွက်တော်မူပါဟု ကုသိနာရုံဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက ပင့်လျှောက်လာသောကြောင့် လိုက်ပါသွားခဲ့ရာ ‘ဂုရုဘူမိ’ အဆောက်အဦးရှေ့ ကွင်းပြင်ကျယ်၌ ရဟန်းပရိသတ် လူပရိသတ်များ စုရုံးနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်သည် ရှေ့ဆုံးမှရပ်ပြီး နောက်မှာတော့ ရဟန်းတော်များက စီတန်းကာ ရပ်ကြရသည်။ ရဟန်းတော်များနောက်မှ ယောကျ်ားကြီးများက သာသနာ့အလံတော်များကို ကိုင်ဆောင်လျက် ရပ်ကြသည်။

ညနေ ၄နာရီတိတိအချိန်တွင် ကျယ်လောင်သော မီးပြောက်အိုးဖောက်သံပေးလျက် အချက်ပေးလိုက်သောအခါ ‘မဟာပရိနိဗ္ဗာန်ဉယျာဉ်’တော်ထဲသို့ ဖြည်းညှင်းစွာ လျှောက်လှမ်းလျက် ဝင်ကြရသည်။ ကျွန်ုပ်ကား ရှေ့ဆုံး၊ ကျွန်ုပ်နောက်မှ သံဃာတော်များ၊ သံဃာတော်များနောက်မှ စီစဉ်ထားသည့်အတိုင်း သာသနာ့အလံကို ယောကျ်ားကြီးများ၊ နောက်မှာတော့ ဆွမ်းတော်ကပ်လှူဖွယ်ရာ မုန့်ပဲသရေစာများကို ထည့်ယူလာသော ဇန်းများကို ရွက်လျက် မိန်းမပျိုများ လိုက်ကြရသည်။ သူတို့နောက်မှကား သာသနာ့အလံကလေးကို ကိုင်ဆောင်ထားသော ယောကျ်ားကလေးများက လိုက်ကြရပြီး မိန်းကလေးများမှာကား ညောင်ရေအိုးများကို ရွက်ကာ လိုက်ကြရသည်။ သူတို့နောက်





မှာ အိန္ဒိယအမျိုးသား ဒူရိယာဝိုင်းက တီးမှုတ်လျက် လိုက်ကြရသည်။ နောက်ဆုံးမှာ အရပ်သားလူကြီးလူရွယ်များက စီတန်းလျက် လိုက်ကြရသည်။ ကျောင်းသူ ကျောင်းသားကလေးများ၏ ‘ဗုဒ္ဓဂျယန္တီကီး ဂျယဟေး’ ကြွေးကြော်သံသည်ကား ‘မဟာပရိနိဗ္ဗာန’ ဉယျာဉ်တစ်ခုလုံးမှာ ပဲ့တင်သံ ညံဟီးနေပါသည်။

ကျွန်ုပ်တို့သည် မဟာပရိနိဗ္ဗာန ဉယျာဉ်တော်ကို လက်ျာရစ်လှည့်ပတ်လျက် လျှောက်လာကြပြီး ‘မဟာပရိနိဗ္ဗာန ရုပ်ပွားတော်’ တန်ဆောင်အတွင်းသို့ ဝင်ကြရပါသည်။ သံဃာတော်များမှာ ရုပ်ပွားတော်မြတ်၏ ဦးခေါင်းရင်းဖက်၌ ထိုင်ကြပြီး လူပရိသတ်များမှာ ရုပ်ပွားတော်မြတ်ကို ဝိုင်းပတ်လျက် ထိုင်ကြရသည်။ ဆွမ်းတော်၊ ပန်းတော်၊ ညောင်ရေအိုးများကို ရုပ်ပွားတော်မြတ်၏ရှေ့၌ တန်းစီကာ ချထားကြသည်။ ဆီမီးတိုင် အမွှေးနံ့သာတိုင်များကိုလည်း ထွန်းညှိကြပါသည်။ ကုသိနာရုံဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက ဘုရားဂုဏ်တော်တစ်ပုဒ်ကို တိုင်ပေးသောအခါ အားလုံးညီညီညာညာ လိုက်ဆိုကြလျက် ဘုရားဝတ်ပြုသည်ကို တွေ့မြင်ခဲ့ရပါသည်။

သံဃာတော်များက ပရိတ်တရားတော်မြတ်ကို ရွတ်ဖတ်ပေးတော်မူကြပါသည်။ ပြီးလျှင် ကျောင်းဆရာတစ်ဦးက ဆုတောင်းစာတစ်ပုဒ်ကို ရွတ်ဆိုပေးသည်။ ကျောင်းသူကျောင်းသားများကလည်း သံပြိုင်ရွတ်ဆိုကာ ဆုတောင်းကြပြီး ဘုရားဝတ်ပြုခြင်းကို အဆုံးသတ်ကြသည်ကို တွေ့ခဲ့ရပါသည်။

ဝတ်ပြုပြီးသောအခါ တန်ဆောင်တော်အတွင်းမှ ထွက်လာကြပြီး တန်ဆောင်တော်ရှေ့ ရင်ပြင်တော်၌ ငြိမ်သက်စွာ ထိုင်ကြရသည်။ တန်ဆောင်ရင်ပြင်တော်နှင့် အနီးအနား ဉယျာဉ်တော် ပတ်ဝန်းကျင်တွင် ပရိသတ်များ ပြည့်ကြပ်နေပါသည်။ ပရိသတ်များမှာ သံဃာတော်များဘက်သို့ မျက်နှာမူကာ လက်အုပ်ချီလျက် ရှိကြပါသည်။ ကျွန်ုပ်သည်လည်း ရောက်တုန်းရောက်ခိုက် ကြုံတုန်းကြုံခိုက်အခါမှာ ‘တတ်သမျှ မှတ်သမျှသော ဟိန္ဒီဘာသာစကား’ အနည်းငယ်မျှဖြင့် ဗုဒ္ဓဇယန္တီတရား ဟောကြားခဲ့ရသည်။ တရားဆုံးသောအခါ သာဓု သုံးကြိမ်ခေါ်ကြပြီး “ ဗုဒ္ဓဂျယန္တီ ကီးဂျယဟေး” ကြွေးကြော်ကာ အဆုံးသတ်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနေ့ 'ဗိဆာခပူရဏိမာ' မေလ ၁၁ ရက်နေ့ နံနက်စောစောကပင် ကျောင်းဝင်းအတွင်း၌ ပရိသတ်များဖြင့် စည်ကားနေပါပြီ။ ညနေ ဘုရားလှည့်ရန် ဘုရားကျောင်းဆောင်ကို ဆင်ယင်နေပါသည်။ ကြေးဆင်းတုတော်တစ်ဆူကို ရောင်တော်ဖွင့်ပြီး ကျောင်းဆောင်ထဲ၌ ပင့်ဆောင်ထားပါသည်။ ကျောင်းဆောင်တော်ကို 'ထရပ်ကား' တစ်စီးဖြင့်ဆွဲရန် စီစဉ်ထားပါသည်။ ဆင်လေးကောင် ရောက်လာကာ 'ထရပ်ကား'ရှေ့၌ နေရာချပေးထားပါသည်။ ပရိသတ်တို့မှာလည်း တစစတိုးပွားလာကာ ကျောင်းဝင်းနှင့် ဥယျာဉ်တော်ပါ နေရာမလပ် ကြိတ်ကြိတ်တိုးနေကြပါသည်။ ကြက်ပျံမကျ စည်ကားလှသည်ဟု ဆိုရပေမည်။

ညနေ ၄ နာရီထိုးရန် ၅ မိနစ်အလိုတွင် ပထမမီးပြောက်အိုး ဖောက်လိုက်သောအခါ ကျွန်ုပ်နှင့် ထိုင်းအမျိုးသား ဆရာတော်တစ်ပါးမှာ ဘုရားကျောင်းဆောင်ပေါ်သို့တက်ကာ ရုပ်ပွားတော်ရှေ့၌ ထိုင်ရသည်။ ကျွန်ုပ်တို့ ရှေ့အောက်အနိမ့်တစ်နေရာမှာ ရဟန်းငယ်နှစ်ပါးက ထိုင်ကြရသည်။ ရုပ်ပွားတော်ရှေ့၌ မုန့်ခြောက်များ၊ သကြားလုံးများ၊ ပန်းပွင့်ပန်းခိုင်များနှင့် ဆီမီးနံ့သာတိုင်များကို ပူဇော်ထားသည်။ ဆီမီးပူဇော်ရန် ကြေးအိုးကြီးတစ်လုံးတွင် သဲမုန့်များ ထည့်လျက် ချထားသည်။ 'ထရပ်ကား'ရှေ့ရှိ ဆင်များပေါ်တွင် ဆင်တစ်စီးပေါ်တွင် ရဟန်းတော်တစ်ပါးစီစီးလျက် လိုက်ကြရသည်။

ကုသိနာရုံဆရာတော်တို့ရှေ့မှာ လူအုပ်ကြီးတစ်စုက သာသနာ့အလံကို ကိုယ်စီကိုင်လျက် လိုက်ကြရသည်။ သူတို့ရှေ့မှာ ရဲအရာရှိနှစ်ဦးက လမ်းရှင်းပေးကြပါသည်။ အလံကိုင်သူများ၏ လက်ဝဲလက်ယာတွင် တူရိယာဝိုင်းသမားတို့က ညိမ့်ညောင်းသာယာစွာ တီးမှုတ်ကြလျက် လိုက်လာကြပါသည်။ ကျောင်းဆောင်တော်နောက်ကတော့ အရပ်သား ယောကျ်ား မိန်းမ လူကြီး လူငယ်တို့မှာ တန်းစီလျက် လိုက်ကြရပါသည်။

၄ နာရီတိတိမှာ မီးပြောက်အိုးဖောက်၍ အချက်ပေးသည်နှင့်တပြိုင်နက် ဘုရားလှည့်လှည်ပွဲ စတင်ထွက်ခွာကြရပါသည်။ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်းမှ မဟာပရိနိဗ္ဗာန ဥယျာဉ်တော်သို့ မြောက်ဖက်တံခါးမုခ်မှ ဝင်ရောက်ကာ ဥယျာဉ်တော်ကို လက်ျာရစ်လှည့်လျက် မဟာပရိနိဗ္ဗာန ရုပ်ပွားတော်မြတ်ကို ဦးတင်လျက် အနောက်တံခါးမှထွက်ကာ မဟာပရိနိဗ္ဗာနလမ်းထဲ





သို့ ရောက်လာကြသည်။ မဟာပရိနိဗ္ဗာန လမ်းအတိုင်း "မကုဋဗန္ဓ" ပုထိုးတော်ရှိရာဖက်သို့ လှည့်လည်လာခဲ့ကြပါသည်။ ၄င်းမှတဖန် ပြန်လှည့်ကာ "မာထကုဝ" အနီးမှ ဖြတ်သန်းလျက် "ပန်းချ်ဆီလီ" လမ်းမဖက်သို့ လှည့်လည်ခဲ့ကြပါသည်။ "ပန်းချ်ဆီလီ" လမ်းမအတိုင်း လျှောက်လာကြပြီး "ဗုဒ္ဓဒွါရ်" သို့ ရောက်သောအခါ "မဟာပရိနိဗ္ဗာန" လမ်းသို့ လှည့်ဝင်ကြပြီး ကျောင်းသို့ ပြန်ရောက်ကြပါသည်။

လမ်းမပေါ်တွင် ဘုရားလှည့်လည်ကြစဉ်အခါ နေရာများစွာမှ လူများသည် ဘုရားပူဇော်ရန် ထွက်လာကြခြင်းကြောင့် ဘုရားကျောင်းဆောင်တော်ကို အကြိမ်များစွာ ရပ်တန့်ပေးခဲ့ရပါသည်။ ဘုရားပူဇော်မည့်သူတို့မှာ တစ်ယောက်စီ ဖြည်းညှင်းသာယာစွာ ကျောင်းဆောင်တော်ထက်သို့ တက်ရောက်ကြပြီး မိမိတို့သံဃာနှစ်ပါး၏ ခြေဖမိုးကို ဦးတိုက်ကာ ရှိခိုးကြပါသည်။

(ခြေတော်အစုံ၊ ကြပဒုံကို၊ ခိုလှုံကာဦးတိုက်လျက်၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏) ဆိုသည့်စာဆိုနှင့်အညီ ဟိန္ဒီအမျိုးသား အမျိုးသမီးတို့၏ ရှိခိုးခြင်းကို ခံခဲ့ရဖူးပါသည်။

ဘုရားပူဇော်သူတို့မှာ ကျွန်ုပ်တို့ကို ရှိခိုးကြပြီးနောက် ယူဆောင်လာသော ဖယောင်းဆီမီး အမွှေးတိုင်များကို ထွန်းညှိကာ ဆုတောင်းစာများကို ရွတ်ဆိုဆုတောင်းကြပါသည်။ ကျွန်ုပ်တို့ကလည်း "သုခိရဟိုး ဆန္တိရဟိုး" ဆိုကာ ဆုပေးကြရပါသည်။

ကျောင်းဝင်းထဲသို့ရောက်သောအခါ ဆင်ယင်ခင်းကျင်းထားသော မဏ္ဍပ်တွင်းသို့ဝင်ကာ နေရာယူကြရပါသည်။ မဏ္ဍပ်ထဲတွင် အစိုးရဝန်ကြီးများ၊ အမှုထမ်းအရာထမ်းများ၊ အရပ်သားလူကြီးလူကောင်းများကို စနစ်တကျ နေရာချပေးထားသည်ကို တွေ့ရပ်သည်။ ကျောင်းဆရာ ကျောင်းဆရာမများနှင့် ကျောင်းသူကျောင်းသားတို့မှာလည်း သူ့နေရာနှင့်သူ ငြိမ်သက်စွာ နေရာယူနေကြသည်ကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်ခဲ့ရပါသည်။

မဏ္ဍပ်ထိပ်တွင် ဘုရားကျောင်းဆောင်တစ်ခု ဆင်ယင်ထားပြီး ရုပ်ပွားတော်များရှေ့တွင် ဆီမီးတိုင်များကို စိုက်ထူထားပါသည်။ ကျွန်ုပ်သည် ဆီမီးတိုင်များကို ထွန်းညှိပေးကာ "နမောတဿ" သုံးကြိမ် ရွတ်ဆိုလျက် အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်လှစ်ပေးပါသည်။ ကျောင်းသားကျောင်းသူတစ်စုက ဘုရားဂုဏ်တော်ပုဒ်များကို သံပြိုင်ရွတ်ဆိုကာ ပူဇော်ကြပါသည်။ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက ကျောင်းသားကျောင်းသူများ ရွတ်ဆိုခဲ့ကြသည့် ကဗျာ၏ အဓိပ္ပါယ်ကို ပရိသတ်တို့အား ပြောပြသည်။ ထို့နောက် ကျောင်းသူပျိုမယ်တစ်စုတို့က ယိမ်းအကဖြင့် ဘုရားပူဇော်ပေးကြပါသည်။ ကျောင်းဆရာတစ်ဦး ကျောင်းဆရာမတစ်ဦးတို့ကလည်း နှံ့ညောင်းသာယာလှသော ဂီတသံနှောလျက် ကဗျာများကို ရွတ်ဆိုပူဇော်ကာ ဘုရားဝတ်ပြုပူဇော်ခြင်းကို အဆုံးသတ်ကြပါသည်။

ဘုရားဝတ်ပြုပူဇော်ကြသောအခါ "ဗုဒ္ဓဇယန္တီ" ပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်းသော ဟောပြောပွဲများကို ဆက်လက်ကျင်းပကြရာ ည ဆယ်နာရီခန့်တွင် ပြီးဆုံးကြပါသည်။ အခမ်းအနားပြီးဆုံးသောအခါ "မျက်လှည့်ပွဲ၊ ဂီတပြိုင်ပွဲ၊ အငြိမ့်ပွဲများဖြင့် ပျော်ပွဲရွှင်ပွဲများကို မိုးလင်းသည်အထိ ကျင်းပကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

ဤကဲ့သို့ အိန္ဒိယနိုင်ငံ ကုသိနာရုံမြန်မာကျောင်းတိုက်အတွင်း၌ အိန္ဒိယသာသနာပြုဆရာတော် သီရိဘဒ္ဒန္တ စန္ဒြမဏိ လက်ထက်မှစ၍ ယခုလက်ရှိ ဆရာတော် ဘဒ္ဒန္တဉာဏိဿရ လက်ထက်တိုင်အောင် နှစ်စဉ်မပျက် ကျင်းပလာခဲ့သော ဗုဒ္ဓဇယန္တီပွဲတော်ကို အကျွန်ုပ် အိန္ဒိယသို့ ဘုရားဖူးရောက်ခဲ့စဉ်က သေချာကျနမျက်တွေ့မြင်ရ၍ ဝမ်းသာပီတိဖြစ်ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မင်းသျှင်သူ

*မှတ်ချက်။ ။ ဆရာတော်ဦးစန္ဒြမဏိ ပေါင်းဒေးရှင်းမှ ၁၃၆၆–ခု၊ ကဆုန်လ (၈၊ ၅၊ ၂၀၀၄) အတွင်းထုတ်ဝေဖြန့်ချိခဲ့သော မဇ္ဈိမအလင်းရောင် မဂ္ဂဇင်း (အမှတ် ၂) မှ ဆောင်းပါးကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။*





# အင်္ဂလိပ်မာလသုတ် အကျိုးကျေးဇူး

ဟရိဗလ၊ ကုသိနာရုံ

စာရေးသူသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိအား ဆည်းကပ်ရင်း ပထမဆုံး ဟိန္ဒီဘာသာစကားကို က–ခ မှစ၍ ကလေးများနှင့် သင်ခဲ့ရသည်။ ၁၉၈၆ ခုနှစ် ယူပီပြည်နယ် ဘုတ်အဖွဲ့မှကျင်းပသော ၁၀ တန်းစာမေးပွဲ၊ ၁၉၇၀ ခုနှစ် ကျင်းပသော ၁၂ တန်းစာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၂ တန်းတွင် ပညာအတူသင်ယူခဲ့စဉ်က အတန်းတူ အိန္ဒိယအမျိုးသား "ဆုဘာဆ်ဒူးဘေး" ဆိုသူနှင့် သိကျွမ်းခဲ့သည်။ သူက စာရေးသူအား သူ့ကို စာရေးသူ၏တပည့်လုပ်ပေးရန် ခဏခဏပြောတတ်သည်။ ကျောင်းမှ ၁၂ တန်းကျ၍ ထွက်သွားခဲ့သည်။ ၎င်းသည် ဆင်းရဲသော မိသားစုမှဖြစ်သည်။

ကျောင်းမှထွက်သွားပြီးနောက်တစ်နေ့တွင် မမျှော်လင့်ဘဲ ကျွန်ုပ်ရှိသော ကုသိနာရုံသို့ ရောက်လာခဲ့သည်။ စာရေးသူမှာ ပညာရေးကတစ်ဖက်၊ ဆရာတော်ကြီးကို ပြုစုစောင့်ရှောက်မှုကတစ်ဖက်၊ ကျောင်းဝတ္တကမြေများကို



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယလူမျိုးများလက်ထဲမှ အရယူပြီး လယ်လုပ်ရမှုကတစ်ဖက်နှင့် အမြဲတစေ အလုပ်များနေတတ်သည်။ ထိုနေ့ "ဆုဘာဆ်ဒူးဘေး" လာချိန်တွင် အလုပ်သမား တစ်ဒါဇင်ခန့်နှင့် အာလူးဖော်နေသော နေ့တစ်နေ့ဖြစ်သည်။ "ဆုဘာဆ်ဒူးဘေး" က စာရေးသူအား ဘာဘာကြီး – ဂေါ်ရီခပူရ် (မြို့အမည်) ခဏလိုက်ခဲ့ပေးပါ။ သူ့မိန်းမ နေမကောင်း၍ ဆေးရုံသွားမည်။ သူ့မိန်းမအား တပည့်မ လုပ်ပေး ရန်ဖြစ်သည်ဟုပြော၍ စာရေးသူ သူတို့နှင့် ဂေါ်ရီခပူရ်မြို့သို့ လိုက်ပါလာခဲ့ရသည်။

ဟိန္ဒူပုဏ္ဏားများ၏ အယူအဆအရ ဆရာလုပ်သူထံတွင် မန္တန်မယူရ သေးဘဲ သေသွားခဲ့လျှင် ငရဲဘုံသို့ရောက်ရမည် အယူရှိကြသည်။ "ဆုဘာဆ် ဒူးဘေး" က စာရေးသူထံမှ သူ့ဇနီးအတွက် မန္တန်ယူမည်ဟု ဆုံးဖြတ်၍ စာ ရေးသူကို လာခေါ်ခြင်းဖြစ်သည်။ ဟိန္ဒူဘာသာဝင် ပုဏ္ဏားလူမျိုးတို့၏ ထုံးစံ မှာ ဆရာတစ်ဦးထံမှ မန္တန်ယူရသည်။ ကလေးဘဝ၌ဖြစ်စေ၊ ဇနေဥခေါ် ကြိုးဝါ ဝတ်ပေးသောအချိန် (မြန်မာလို ရှင်ပြုသည့်သဘောမျိုး ကြိုးဝါဝတ်ပေးခြင်း) မင်္ဂလာဆောင်သော အချိန်ဖြစ်စေ မန္တန်သင်ပေးရသောဓလေ့ ရှိပါသည်။ "ဆု ဘာဆ်ဒူးဘေး" မှာ ယခုအချိန်ထိ လင်မယားနှစ်ဦးလုံး ဆရာမန္တန် မယူရသေး ပါ။ သို့ဖြစ်၍ မန္တန်ယူရန် သူ့မိန်းမ သေခါနီးဖြစ်နေ၍ စာရေးသူအား မန္တန်ပေး ရန် လာခေါ်ခြင်းဖြစ်သည်။

စာရေးသူက ကားရှေ့ပိုင်းတွင်ထိုင်၍ နောက်ဘက်တွင် ဆုဘာဆ်ဒူး ဘေး၊ သူ့အမေနှင့် သူ့မိန်းမ "ဆန္တိ" တို့ ပါလာကြသည်။ ကုသိနာရုံမှထွက်၍ ဟာတာမြို့ငယ်အလွန်တွင် ဆုဘာဆ်ဒူးဘေးမိန်းမ၏ ကြို့ထိုးသံ ပြင်းပြင်းကြား လိုက်ရ၍ စာရေးသူ လှည့်ကြည့်မိပါသည်။ ပထမတော့ သတိမထားခဲ့မိ။ ဆု ဘာဆ်ဒူးဘေး မိခင်၏ရင်ခွင်ထက်တွင် သူ့မိန်းမ "ဆန္တိ" က မှီ၍ထိုင်နေသည်။ ပါးစပ်တွင် ဖွန်းတစ်လက်ကိုက်၍ ဆုဘာဆ်ဒူးဘေးမိခင်၏ လက်ထဲတွင် ရေအိုး ငယ်တစ်လုံး ပါလာသည်။ နောက်ဖွန်းတစ်ချောင်းဖြင့် ကိုက်ထားသော ဖွန်းပေါ် တွင် ခဏခဏ ရေထည့်ပေးနေသည်ကို တွေ့ရသည်။ စာရေးသူက အဘယ် ကြောင့် ဖွန်းကို ပါးစပ်ထဲထည့်၍ ရေခဏခဏ ထည့်ပေးနေရသလဲဟု မေးရာ ခဏခဏ မေးစေ့စေ့သွားပြီး တစ်ကိုယ်လုံး လှုပ်မရအောင် ကောက်ကွေးသွား၍





သွား ဖြင့် လျှာကို ကိုက်မိမည်စိုး၍၊ ရေကိုလည်း ခဏခဏတောင်း၍ တိုက်နေ ရပါသည်ဟု ဖြေသည်။

ကားမှာလည်း ကုသိနာရုံမှ ၁၈ ကီလိုမီတာ အကွာခန့်တွင် ရောက် နေပြီဖြစ်သည်။ စာရေးသူက ကားကို ရုတ်တရက်ရပ်ခိုင်းပြီး ရေခွက်နှင့် ဖွန်းနှစ် ချောင်းကို မြေကြီးနှင့် တိုက်ဆေးခိုင်းပြီး ရေအသန့်နှင့် ဆေးခိုင်သည်။ ၄င်းနောက် ရေခွက်ကိုယူ၍ အသံမကြားအောင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ ဂုဏ်တော်များကို သုံးကြိမ်စီ ရွတ်သည်။ ၄င်းနောက် အင်္ဂုလိမာလသုတ်ကို သုံး ကြိမ်ရွတ်ပြီး အသံကျယ်ကျယ်နှင့် ဥုံဖွဟုရွတ်ပြီး ဆုဘာဆ်လက်ထဲသို့ ထည့်ပေး ပြီး အားလုံးကြားအောင် ဟိန္ဒီဘာသာဖြင့် " ဆုဘာဆ် ဒီရေကို ငါ မန္တန်နှင့် ရွတ်ဖတ်သရဇ္ဈာယ်လိုက်ပြီ၊ ခပ်မြန်မြန် မင်းမိန်းမကိုတိုက်၊ ဒီရေကုန်တာနှင့် မင်းမိန်းမ ရောဂါပျောက်ကွယ်သွားမယ်" ဟု ပြောလိုက်သည်။ ဆုဘာဆ်မိန်းမ ကို သူတို့မိသားစုထဲမှ မနာလိုခဲ့ကြ၍ သူ့ကို ပယောဂနှင့် လုပ်ထားခဲ့ကြသည်ဟု ပြောသည်။ ပထမပဋိသန္ဓေမှာ နှစ်လအတွင်း ပျက်ကျသွားသည်။ ဒုတိယတစ် ခါ လေးလနှင့် ပျက်ကျသည်။ တတိယအကြိမ်း ခြောက်လနှင့် ပျက်ကျသည်။ ယခုတစ်ခါတော့ ကိုယ်ဝန် ပျက်ကျပြီးမကြာမီ မေးခိုင်ရောဂါရခဲ့သည်။ ဆေးရုံတွင် တစ်လကျော်ကျော်ကု၍ အိမ်ရောက်ပြီး သုံးရက်မြောက်တွင် ရောဂါပြန်ပေါ် ခဲ့သည်။ ဆရာဝန်များက ဆေးကု၍ မရနိုင်ကြောင်းပြောသည်။ မိဘများကလည်း ငွေကြေးထပ်မကုန်စေရန် တားခဲ့သည်။

ဆုဘာဆ်မှာကား ဇနီးဖြစ်၍ ငွေကြေးဘယ်လောက်ကုန်ကုန် ကုမည် ဟု ဆုံးဖြတ်ကာ စာရေးသူထံမှဖြစ်စေ၊ ငွေလိုက ခဏယူ၍ ဖြစ်အောင်ဆေးကု မည်ဟု ဆုံးဖြတ်ထားခဲ့သည်။ ဆုဘာဆ်မှာ ကျောင်းနေစဉ်ကတည်းက သူ့ကို တပည့်လုပ်ပေးရန် ခဏခဏပြောခဲ့သည်။ စာရေးသူကို လာခေါ်တော့ ငွေကြေး အကြောင်း လုံးဝမပြောခဲ့ပါ။ မန္တန်ပေးရန်သာ အကြိမ်ကြိမ်တောင်းပန်၍ လာ ခဲ့ခြင်းဖြစ်သည်။ ကားမှာလည်း ဖြည်းဖြည်းမောင်းနေသည်။ ကုသိနာရုံနှင့် ဂေါ်ရီခပူရ်မှာ ၅၁ ကီလိုမီတာဝေးသည်။ စာရေးသူမှာ ဒီရေကုန်လျှင် ရောဂါ ပျောက်တော့မည်ဟု သူတို့အားလုံး စိတ်ဓာတ်ပြောင်းအောင် ခဏခဏပြော ပေးနေသည်။ ရေမှာ ကုသိနာရုံမှ ၃၅ ကီလိုမီတာ အကွာတွင် ကုန်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြို့ထိုးခြင်းရော၊ တစ်ကိုယ်လုံး တောင့်တင်းနေခြင်းတို့မှာလည်း ပျောက်သွားပြီး ဂေါ်ရ်ခပူရ် ဆေးရုံသို့ ရောက်သွားခဲ့ပါပြီ။ စာရေးသူတို့၏ သာသနာပြု ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေးဖြစ်စေ၊ လူမှုရေး၊ သာရေး၊ နာရေးတွင်ဖြစ်စေ ပါဝင်နေကြရသည်ဖြစ်၍ ၄င်းဆေးရုံကို မကြာခဏ လူနာပို့ရင်း ရောက်ဖူးခဲ့သည်။ ဆေးရုံမှပုဂ္ဂိုလ်များနှင့် သိကျွမ်းနေခဲ့ပြီးဖြစ်သည်။ စာရေးသူ ကွန်ပေါင်ဒါကို လိုက်ရှာခေါ်ယူခဲ့ပြီး ကားပေါ်မှလူနာကို ချသောအခါ သူ့ခြေထောက်နှင့်သူ လမ်းလျှောက်သွားနိုင်သော အခြေအနေသို့ ရောက်လာခဲ့ပါသည်။ သူမက ခေါင်းမြီးခြုံထားပြီး စာရေးသူနားသို့ ကပ်လာပြီး သူတို့ဘာသာသကားနှင့် "ဂုရုကြီး (ဆရာ) ကျွန်မကိုမန္တန် မြန်မြန်သင်ပေးပါ။ မန္တန်မသင်ရဘဲ သေသွားလျှင် ငရဲကျရပါလိမ့်မယ်" ဟုပြောရာ စာရေးသူမှ "နင်မသေတော့ဘူး၊ ငါ့မန္တန်နှင့် ကောင်းသွားပြီ" ဟု အားပေးစကား ပြောကြားခဲ့သည်။ ဆေးရုံမှ ဆရာဝန်မအား မိမိတပည့်၏ ဇနီးဖြစ်၍ သေသေချာချာ ဂရုစိုက်ပေးရန် မေတ္တာရပ်ခံခဲ့သည်။

ထို့နောက် ဆုဘာဆ်၏ဇနီး "ဆန္တိ"ကို ကျေနပ်စေရန် လူနာခုတင်ပေါ်မှ ဆင်းခိုင်းကာ သေသည့်သည်ထိုင်သော ထိုင်ခုံပေါ်တွင် ထိုင်ခိုင်းပြီး စာရေးသူက ခုတင်ပေါ်မှာထိုင်ပြီး သရဏဂုဏ်သုံးပါးနှင့် ငါးပါးသီလကို ပေးခဲ့သည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များရွတ်ပြီး မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပေးခဲ့သည်။ လူနာမှာတော့ စာရေးသူ၏မန္တန်အဖြစ် ရွတ်ပေးသော အင်္ဂုလိမာလသုတ်ဖြင့် သက်သာပျောက်ကင်းနေသော်လည်း ဘာသာရေးပုဂ္ဂိုလ်တိုင်း တဇွတ်ထိုးလုပ်၍မရသော လောကဓာတ်ပညာများကလည်း ရှိသေးသည်။ မေးခိုင်ရောဂါပိုးအတွက် ကုသရန် ဆေးလိုသေးသည် မဟုတ်ပါလား။ မေးခိုင်ရောဂါ မှာ ပိုးကြောင့်ဖြစ်တတ်သည်၊ ပိုးမသေပါက ပြန်၍ဒုက္ခပေးတတ်သည်၊ ပိုးသတ်ရန် ဆေးလိုပါသေးသည်။ ထို့ကြောင့် ဆရာတပည့်နှစ်ယောက် သူတို့ကို ဆေးရုံတွင် ထားခဲ့ပြီး ဆေးဝယ်ရန် ဆိုက်ကားတစ်စီးဖြင့် ဘောက်ကဆီးပူရ်လမ်းသို့ ရောက်လာခဲ့သည်။ ဤတွင် ရှေ့မှစစ်သားတစ်ယောက် မောင်းလာသော ဖီးယက်ကားသည် စာရေးသူတို့ဆိုက်ကားနှင့် တိုက်မိပါတော့သည်။ စာရေးသူမှာ ကား ကိုကျော်၍ လမ်းဘေးနားတွင် ကျသွားခဲ့ပြီး





ဆုဘာဆ်မှာ ကားနံဘေးတွင် ကျသွားခဲ့သည်။ ဆိုက်ကားသမားမှာ ညာဘက်ခြေသလုံးရိုး ကျိုးသွားခဲ့သည်။ စစ်သားမှာ သူ့အမှားဖြစ်သော်လည်း ဆိုက်ကားသမားကို ဆဲဆိုပြီး ထွက်သွားရာ စာရေးသူတို့မှာ အယိအခိုက်မရှိကြ၍ ဆိုက်ကားသမားကို အခြားဆိုက်ကား တစ်ခုမှာ တင်ပေးပြီး ဆေးရုံသို့ ပို့ခဲ့ရသည်။ ပြီးမှ မေးခိုင်ရောဂါပျောက်ဆေး ဝယ်ယူခဲ့ရသည်။

ဆုဘာဆ်၏ဇနီး ဆန္တိလည်း မေးခိုင်ရောဂါ ပျောက်ကင်းခဲ့ပါပြီ။ ကျွန်ုပ်သည်လည်း သူတို့ဇနီးမောင်နှံနှစ်ဦးစလုံး၏ ဆရာဖြစ်လာခဲ့ပါပြီ။ တစ်နေ့ ကျွန်ုပ်ကို သူတို့အိမ်သို့ ပင့်ဖိတ်ကြသည်။ ဆုဘာဆ်က အိမ်ထဲမဝင်မီ ခြေထောက်ကို ပွတ်တိုက်ပြီး ဆေးပေးခဲ့ပါသည်။ ပြီးမှ ၄င်းနှင့်အတူ သူတို့နေသောအခန်းသို့ သွားသည်။ အပြင်မှဝင်သွား၍ အထဲတွင် ဘာတွေများ ရှိနေမှန်း မျက်စိပြာသွားသဖြင့် မမြင်ရပါ။ အခန်းတံခါးကို ကျော်ဝင်သည်နှင့်တပြိုင်နက် တစ်စုံတစ်ဦးက ညာဘက်ခြေထောက်ကို ဆွဲကိုင်လိုက်သဖြင့် ရုတ်တရက်လန့်သွားမိသည်။ ခြေထောက်ကို ပြန်ရုပ်သိမ်းပြီး နောက်တစ်လှမ်း ဆုတ်လိုက်သည်။ ဆုဘာဆ်ကိုမေးမှ သူ့မိန်းမဆန္တိက ခြေထောက်ကို ရေဆေးလို၍ဟုပြောကာ ထမင်းစားပန်းကန်ကြီးတွင် ရေထည့်ထားပြီး ညာခြေထောက်ကို သေသေချာချာ သူမ၏ထမင်းစားပန်းကန်ထဲတွင် ပွတ်တိုက်ဆေးသည်။ ပြီးလျှင် ထိုပန်းကန်ကို တစ်နေရာတွင်ထားပြီး ဆွမ်း၊ အာလူးဟင်း၊ ပဲဟင်း၊ ခရမ်းချဉ်သီး၊ မုလာဥ၊ ငရုတ်သီးစိမ်းတို့ဖြင့် သေသေသပ်သပ် ဆွမ်းကပ်ကြသည်။ ဆွမ်းမစားမီ ဆွမ်းကို လက်အုပ်ချီ၍ ဆွမ်းပစ္စဝေက္ခဏာကို ဖြည်းဖြည်းဆိုပြီးမှ စားခဲ့သည်။ ဆွမ်းစားပြီးလျှင် လက်ဆေးရေထည့်ရန် ပထမခြေဆေးရည် ထည့်ထားသော ပန်းကန်ကို တောင်းရာ ဆန္တိက "ဒါဟာ တပည့်တော်မအတွက်ပါ၊ ဆရာ၏ခြေဆေးရည်ကို သောက်ကြရသည်" တဲ့။ စာရေးသူမှာ ထိုအချိန်ထိ ဘာမှဆက်မပြောဘဲ သူပေးသော နောက်ပန်းကန်တစ်ခုတွင် လက်ဆေးပြီး သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ပေးခဲ့သည်။ ထို့နောက် ဘာသာရေး၊ လူမှုရေးနှင့် ပတ်သက်သောတရားများကို ကုလားလို ဟောရင်း ကာလာမသုတ်ကို ဟောပြောပြသခဲ့သည်။ ပညာတတ်သူတိုင်း ဘာသာရေးဆရာသမား ဟောတိုင်း ကာလာမသုတ်ကို မှီငြမ်းပြီး မှသာ ယုံကြည်သင့်ကြောင်း ပြောပြခဲ့သည်။ ပြီးမှ လူတစ်ဦးတွင် ခြေထောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ နေရာတကာ နင်းရ၍ မသန့်ရှင်းကြောင်း ခြေထောက်ဆေးသောရေကို သောက်မည်ပြောရာ ရောဂါပိုးများ ရှိနိုင်၊ မရှိနိုင်ဆိုသည်မှာ မသိနိုင်ကြောင်း၊ အတုမြင် အတတ်သင်ဆိုသကဲ့သို့ နောက်လိုက်ဆွေမျိုးများ ဤကဲ့သို့ လုပ်မည်ဆိုလျှင် ရောဂါပိုးများ ကူးစက်တတ်ကြောင်းကို ရှင်းပြပြောဆိုခဲ့ပါသည်။ ဆရာဆိုသည်မှာ ကောင်းရာကိုသာ ညွှန်ပြသွန်သင်ရမည် မဟုတ်ပါလော့။

ကုသိနာရုံမြို့မှ လေးမိုင်ခန့်ဝေးသော ဆဗေယာရွာမှ ပုဏ္ဏားမိသားစု ဆုဘာဆ်ဒူးဘေးနှင့် ဇနီးဆန္တိတို့မှာ ယခုဆိုလျှင် သားနှစ်ယောက်၊ သမီးတစ်ယောက် ရှိခဲ့ကြပြီဖြစ်ပါသည်။ ဆုဘာဆ်ကို အုတ်ဖုတ်သောဖိုတစ်ခုတွင် စာရေးအရာရအောင် လုပ်ပေးခဲ့ပါသည်။ သားကြီးမှာ ရှေ့နေပညာ သင်ယူပြီး ရှေ့နေအလုပ် လုပ်နေပါသည်။ ဒုတိယသားမှာ စကားမပြောတတ်ရှာပေ။ သမီးလေးမှာလည်း တော်တော် အရွယ်ရောက်လာခဲ့ပြီဖြစ်ပါသည်။ ဆန္တိလည်း သူများခြေထောက်ကို ဆေး၍ကျလာသောရေများကို မသောက်တော့ပါ။

သူတို့၏ မှားယွင်းစွာ ယူဆနေကြသော စိတ်ခါတ်တို့ကို အင်္ဂလိမာလသုတ် ပရိတ်တော်နှင့် ဘုရား၊ တရား၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပျောက်အောင်လုပ်ခဲ့ရပါ၍ စာရေးသူအဖို့ သာသနာပြုလမ်းကြောင်းပေါ်မှ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုအဖြစ် မှတ်တမ်းပြုထားရပါတော့သည်။

သဗ္ဗေသတ္တာ ဘဝန္တု သုခိတ္တာ။

*မှတ်ချက်။ ။ ၁၃၆၇-ခု၊ တန်ဆောင်မုန်း နတ်တော် (၂၀၀၅ခုနှစ် ဒီဇင်ဘာလ) အတွင်းထုတ်ဝေဖြန့်ချိခဲ့သော မဏိဇောတ ဘာသာရေး မဂ္ဂဇင်း (အတွဲ ၃-အမှတ် ၂) မှ ဆောင်းပါးကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။*

ဟရိဗလ၊ ကုသိနာရုံ





# ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး
# မြန်မာနိုင်ငံ
# ဗုဒ္ဓဘာသာ ပညာပေးရေး
# (တင်ပြခွင့်မရခဲ့သော စာတမ်းတစ်ခု)

(စာတမ်းပြုစုတင်ပြသူ)

အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဉာဏိဿရ (ဥက္ကဋ္ဌ)
ကုသိနာရုံ ဘိက္ခုသံဃကုသိနာရုံ
ဒုတိယဥက္ကဋ္ဌ ပရဒေသီသံဃနာယက၊
အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံဃာ့နာယက ရဟန်းတော်များအဖွဲ့

ဗုဒ္ဓဘာသာ ပညာရေးအပေါ် ကျွန်ုပ်က စာတမ်းဖတ်ပြလိုပါသည်။ ယနေ့မှစ၍ လွန်ခဲ့သောနှစ်ပေါင်း ၅၄ နှစ်က အလွန်ရှိသေအပ်သော ကျွန်ုပ်၏ ဆရာသခင် ကျေးဇူးရှင် ပထမကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိသည် ဤကမ္ဘာအေး သာသနာ့လှိုင်ဂူကြီး၌ စာတမ်းတစ်ခု ဟောပြောခဲ့ဘူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဆရာတော်ကြီး ဟောပြောချိန်တွင် ကမ္ဘာ့အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များ၊ ရဟန်းပရိသတ်၊ လူပရိသတ်များအပြင် အိန္ဒိယနိုင်ငံမှ ဝန်ကြီးတစ်ဖွဲ့လုံးလိုလိုပင် ဤနေရာ၌ စုရုံးရောက်ရှိနေကြပါသည်။

ထိုဝန်ကြီးအဖွဲ့တွင် အိန္ဒိယနိုင်ငံ၏ တိုင်းပြုပြည်ပြု ဥပဒေရေးဆွဲခဲ့သူ တရားရေးဝန်ကြီး ဒေါက်တာ အမ္ဗေဒကာရ်လည်း ပါရှိနားထောင်ခဲ့ဘူးပါသည်။ ထိုဝန်ကြီး ဒေါက်တာ အမ္ဗေဒကာရ်သည် ၁၉၃၅ ခုနှစ်မှ ဗုဒ္ဓဘာသာသို့ ဝင်ရောက်မည်ဟု ကြိမ်းဝါးထားခဲ့သော်လည်း ဆရာကောင်းတစ်ဦးမျှ စိတ်ကြိုက်မတွေ့ခဲ့၍ ဗုဒ္ဓဘာသာသို့ မဝင်ဖြစ်ခဲ့ပါ။ ဆရာတော်ကြီးက စာတမ်းတစ်စောင်တင်သွင်းဖတ်ပြပြီးနောက် ချက်ချင်းပင် ဗုဒ္ဓဘာသာသို့ ဝင်ရောက်ရန် "ဆရာကောင်းတွေ့ပြီ" ဟု ယုံကြည်ဆုံးဖြတ်ပြီး ဆရာတော်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။ အိန္ဒိယသို့ ပြန်လည်ရောက်ရှိကြပြီးနောက် ဗုဒ္ဓဘာသာဝင်ပွဲကြီးတစ်ခုကို ၁၄၊ ၁၀၊ ၁၉၅၆ ခုနှစ်တွင် ပြုလုပ်ခဲ့ကြပါသည်။ ဒေါက်တာ အမ္ဗေဒကာရ်သည် လူပေါင်းခြောက်သိန်းကျော်နှင့်အတူ ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခဲ့ပါသည်။ ထိုနေ့ကို ဗုဒ္ဓဘာသာဝင်များအတွက် ရွှေအက္ခရာဖြင့်ရေးမှတ်ထားသင့်သောနေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ခဲ့ပါသည်။ ထိုနေ့မှစ၍ အိန္ဒိယတစ်ပြည်လုံးတစ်ပြည်လုံးတွင် ဗုဒ္ဓဘာသာဝင်များ တိုးတက်များပြားလာခဲ့ပါသည်။ ထိုနေ့ (ဗုဒ္ဓဘာသာဝင်သောနေ့) မှ ၅၂ ရက်အကြာ ဒီဇင်ဘာလ ၆ ရက်နေ့တွင် မ မျှော်လင့်ဘဲ အနိစ္စရောက်ခဲ့ပါသည်။ ဤကဲ့သို့ပင် ကျွန်ုပ်၏ဆရာသခင် ကျေးဇူးရှင်ဆရာတော်ဦးဥန္ဒမဏိထေရ်မြတ်မဟာသည်လည်း ၈၊ ၅၊ ၁၉၇၂ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်စံမြန်းခဲ့ပါသည်။

ထို့နောက် ဆရာတပည့်နှစ်ဦး မရှိသည့်နောက် ၁၄၊ ၁၀၊ ၁၉၇၂ နေ့တွင် လူပေါင်း ၂၅ သိန်းခန့်က ဆရာတော်၏ သရီရကို ဖူးမျှော်ရန်အလို့ငှာ ကျွန်ုပ်အား နာဂပူရ်မြို့သို့ ပင့်ဖိတ်ခဲ့ပါသည်။ ထိုပွဲတော်တွင် လူပေါင်း ၁၀ သိန်းခန့် ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခဲ့ပါသည်။ ဤကဲ့သို့ပင် ထိုနေ့မှစ၍ လူဦးရေ ၇၀၀၀၊ ၈၀၀၀ ခန့် နှစ်စဉ် ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခဲ့ကြပါသည်။ ၁၉၊ ၉၊ ၈၉ နေ့ အာဂရာမြို့တွင် လူပေါင်း ၅ သိန်းခန့်၊ မိရာကောထိဘာဇာရ်ကွင်းကြီးတွင် ၁၄၊ ၂၊ ၁၉၉၃ နေ့၊ ကုသိနာရုံမြန်မာကျောင်းဝင်းအတွင်း၌ လူပေါင်းတစ်သိန်းကျော်





ဗုဒ္ဓဘာသာဝင် ၂၆၀ ကျော်၊ ဒုလ္လဘ သာမဏေများ ၃၃ ပါး ဒုလ္လဘရဟန်းတော်များအဖြစ်သို့ သွတ်သွင်းချီးမြှောက်နိုင်ခဲ့သည်။ ၆၊ ၁၂၊ ၁၉၉၃ နေ့၌ ဂန္ဓိမိုက်ဒန်းပတ္တနာမြို့တွင် လူ၆ပေါင်းသုံးသိန်း၊ ၁၄၊ ၁၀၊ ၁၉၉၀ နေ့၌ ပေါက္ခရာယန်းမြို့ငယ်တွင် လူပေါင်းသုံးသိန်း၊ ၁၄၊ ၁၀၊ ၉၂ နေ့၌ ပေါက္ခရာယန်းမြို့ ကန်နပူရ်တွင် လူပေါင်းသုံးသိန်း၊ ၁၉၉၁ ခု ပေါက္ခရာယန်းမြို့နယ် ကန်နပူရ် ဒေဟာတ်ခရိုင်တွင် လူပေါင်းသုံးသိန်းကျော်တို့အား ဗုဒ္ဓဘာသာသို့ သွတ်သွင်းချီးမြှောက်နိုင်ခဲ့ပါသည်။ ဤကဲ့သို့ပင် အိန္ဒိယနိုင်ငံ ယူပီပြည်နယ်တွင် နဂရ်မဟာပါလိကာဟုခေါ်သည့် မြို့တော်လက္ခနောင်း၊ ဗာရာဏသီ၊ အေလာဟာဘာဒ်၊ ကန်နပူရ်၊ အာဂရာ၊ ဂေါရပူ၊ စသည့်မြို့များတွင် နှစ်စဉ်နှစ်တိုင်း လူဦးရေ ရှစ်ထောင်မှ သောင်းဂဏန်း၊ သိန်းဂဏန်းအထိ ဗုဒ္ဓဘာသာသို့ ဝင်ရောက်သွတ်သွင်းနိုင်ခဲ့ပါသည်။

ဤကဲ့သို့ပင် သံဝေဇနီယဋ္ဌာနများဖြစ်သော လုမ္ဗိဏီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ သင်္ကဿနဂိုရ်၊ သာဝတ္ထိမြို့များတွင်လည်း ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခဲ့ကြသည့် လူပုဂ္ဂိုလ်များလည်း ရှိကြပါသည်။ ထို့အတူ အိန္ဒိယနိုင်ငံ ဗဟိုမြို့တော်ဖြစ်သော နယူးဒေလီ၊ ဗီဟာပြည်နယ်၊ ပံဂျာဗ်ပြည်နယ်၊ ဂုဂျာရတ်ပြည်နယ်၊ မဟာရဆရာပြည်နယ်၊ ရာဇဆထန်ပြည်နယ်၊ ဟရိယာနာပြည်နယ် စသောပြည်နယ်ပေါင်း မြောက်များစွာတို့တွင် အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့ စုပေါင်းအနေဖြင့်ဖြစ်စေ နှစ်စဉ်ဝင်ရောက်နေကြပါသည်။

ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခြင်းကို ဗုဒ္ဓဒိက္ခာဟုခေါ်ပါသည်။ ဒိက္ခာပေးပြီးနောက် သူတို့၏ စားဝတ်နေရေးအတွက် ဘိက္ခုလည်း လိုအပ်ပါသည်။ ဘိက္ခုကိုလည်း ဆရာတော်၏ ကုသိနာရုံ ဘိက္ခုသံဃအနေဖြင့် ထိုက်သင့်သည့်အားလျော်စွာ ကျွေးမွေးလှူဒါန်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၈–၇၉ ခုနှစ်ကဆိုလျှင် ကုသိနာရုံ ဘိက္ခုသံဃကြီးမှ ရဟန်း ကိုရင် ၄၉ ပါးအထိ ကျွေးမွေးပြုစုလှူဒါန်းနိုင်ခဲ့ပါသည်။

ဘိက္ခုပြီးနောက် ဒိက္ခာဗုဒ္ဓဘာသာပညာရေး အထူးလိုအပ်ပါသည်။ Buddhist Education ကိုလည်း အထူးလိုအပ်ပါသည်။ လူများကို ဒိက္ခာပေးပြီးနောက် သောင်ပြင်မှာ လွှတ်ထားခဲ့သလို လွှတ်ထားခဲ့မည်ဆိုလျှင် သာမဏေများ၊ ရဟန်းတော်များကိုလည်း ထိုနည်းတူစွာ လွှတ်ထားခဲ့မည်ဆိုလျှင် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်မရှိရုံသာမက တန်ဘိုးရှိလှသော ဗုဒ္ဓတရားတော်၊ ဆိုဆုံးမခဲ့သော ဝိနည်းတော်များ၊ သုတ်ကျမ်းများ၊ အဘိဓမ္မာကျမ်းများ ရှိသည်ဟူ၍ သိကြမည် မဟုတ်ပါ။ မနေတတ်၊ မစားတတ်၊ မသွားတတ်ဘဲ ဗုဒ္ဓတရား၏တန်ဘိုးကိုလည်း သိကြမည်မဟုတ်ပါ။ ထို့ကြောင့် ထိုသူတို့အတွက် ဗုဒ္ဓဘာသာ ပညာရေးစနစ် တစ်ခု လုပ်ပေးနိုင်မည်ဆိုလျှင် အထူးသင့်လျော်ပါမည်။ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြီးခဲ့သော လူပုဂ္ဂိုလ်များ၊ ရဟန်းများနှင့် သာမဏေများတို့ကို သူတို့နှင့် သင့်လျော်သော ဗုဒ္ဓဘာသာပညာရေးတစ်ခု သွတ်သွင်းသင်ကြားပေးမည်ဆိုပါက အလွန်သင့်တော်ပါလိမ့်မည်။

ကျွန်ုပ်အနေဖြင့် ဆရာတော်ဘုရားကြီး၏ခြေရာကို မမှီနိုင်သည့်တိုင် အောင် သင့်တော်သော တတ်သမျှမှတ်သမျှသော ပညာဖြင့် ကြိုးစားသင်ပြနေ ခဲ့ပါသည်။ ပထမတော့ တစ်ပါးတည်းဖြစ်ပါသည်။ ယခုလက်ရှိတွင် ကုသိနာရုံ၌ ယိုးဒယား၊ ဂျပန်၊ ကိုးရီးယားကျောင်းများ တိုးပွားလာခဲ့ရာ ကျွန်ုပ်အဖို့ အနည်း ငယ် အမှီသဟဲ ဖြစ်ခဲ့ရပါသည်။ ဤဗုဒ္ဓဘာသာဝင်များကို သင်ကြားပေးနိုင်ရန် ကျွန်ုပ်တို့၏ ကုသိနာရုံတွင် အစဉ်အမြဲ ကြိုးစားနေခဲ့ပါသည်။ ကြိုးစားသော်လည်း အဘက်ဘက်မှ နည်းမျိုးစုံအနှောက်အယှက်များ မကြာခဏ ဝင်ရောက်တတ် သဖြင့် ထင်သလောက် မအောင်မြင်နိုင်ခဲ့ပါ။

ဗုဒ္ဓဘာသာ ပညာရေးစနစ်သည် အလွန်နက်နဲသိမ်မွေ့ပါသည်။ ရှင် တော်မြတ်ဘုရားသည် ခရစ်မပေါ်မီ ၆ ရာစုမှ စတင်ခဲ့ရာ၊ ပထမဦးဆုံး ရဟန်း ၅ ပါးမှ စတင်ပြီး ယသသတို့သားနှင့် သူ၏တောမိတ်ဆွေ၊ မြို့မိတ်ဆွေ ၅၇ ဦး၊ ပေါင်း ၆၃ ဦးကို တရားဒေသနာ ဟောတော်မူခဲ့ပြီးနောက် သူတို့အား ဒေသစာရီ ကြွချီစေတော်မူကာ အိန္ဒိယနိုင်ငံ တစ်ခုလုံးတွင် လှည့်လည်ဟောကြားတော်မူခဲ့ပြီး မဟာပရိနိဗ္ဗာန် စံမြန်းတော်မူပါသည်။

ထို့နောက် သုဘဒ္ဒါကို အကြောင်းပြုပြီး ပထမသင်္ဂါယနာ သံဃာ ၅၀၀ ဖြင့် ရာဇဂြိုလ်တွင် တင်ခဲ့ပါသည်။ ထို့နောက် ဝေသာလီတွင် သံဃာတော် ၇၀၀ ဖြင့် ဒုတိ ယသင်္ဂါယနာ တင်ခဲ့ပါသည်။ ထိုအချိန်က ဓမ္မဝိနယကို ဦးစားပေးခဲ့ သည်။ ထို့နောက် သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင် တတိယသင်္ဂါယ နာကို တင်တော်မူခဲ့ပါသည်။ ထိုအချိန်အထိ ရဟန်းတော်များတွင် အလေ့ဇိရ





ဟန်းတော် များ များပြားလာခဲ့၍ ရဟန်း ၁၀၀၀ အတွက် ရဟန်းပေါင်း ၆၀၀၀၀ ကို အ ဝတ်ဖြူ လဲခဲ့ရပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ဗုဒ္ဓဘာသာ ပညာရေး အားနည်းခဲ့၍ဖြစ်ပါသည်။

သို့ပါ၍ ဗုဒ္ဓဘာသာ ပညာပေးရေးစနစ်ကောင်းတစ်ခုကို နိုင်ငံပေါင်းစုံ မှ စုပေါင်းပြီး ပြုလုပ်သင့်သည်ဟု ကျွန်ုပ်အနေဖြင့် စဉ်းစားမိပြီး ကုသိနာရုံတွင် ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်များ တိုးတက်များပြားလာလျက်ရှိသည့် အိန္ဒိယနိုင်ငံ အချက်အချာ ဗဟိုတစ်ခုဖြစ်သော နာဂပူရ်မြို့တွင်ဖြစ်စေ ပြုလုပ်သင့်သည်ဟု အကြံပြုလိုပါ သည်။ ထိုကဲ့သို့ ပြုလုပ်မည်ဆိုပါက ကျွန်ုပ်တို့ပိုင်ဆိုင်သော ကုသိနာရုံ ဘိက္ခုသံ ဃပိုင် မြေဧက ၄၀ နီးပါးတွင် ဗုဒ္ဓဘာသာကောလိပ်ကျောင်းကြီးတစ်ခု ဖြစ်စေ ချင်ပါသည်။

ကုသိနာရုံ ဘိက္ခုသံဃအသင်းကြီးကို စတင်ထူထောင်ခဲ့သူ၊ အလွန်ပု ဇော်ထိုက် ရှိသေထိုက်သော ဆရာတော်ဦးစန္ဒြမဏိသည် စီးပွားရေးမပါဘဲ “ဦး စန္ဒြမဏိ အလွတ်ပညာသင်ကျောင်း” တစ်ခုကို ၁၉၁၉ ခုနှစ်က ပြုလုပ်နိုင်ခဲ့ပါ သည်။ ထိုမှတစ်ဆင့်တက်၍ “မဟာဝီရဆရာတော် အလယ်တန်းကျောင်း” “ဗုဒ္ဓ ကောလိပ်” “ဗုဒ္ဓအင်တာမီဒီယံတ်ကောလိပ်”၊ ယခု “ဗုဒ္ဓဘွဲ့လွန် ဒီဂရီကော လိပ်” အထိပြုလုပ်နိုင်ခဲ့ပါသည်။ ပထမတွင် ကာလဒေသအလျောက် ဆရာ တော်ကြီးတစ်ပါးတည်း အုပ်ချုပ်နိုင်ခဲ့သော်လည်း ယခုခေတ်တွင် ကော်မတီဖွဲ့၍ အုပ်ထိန်းထားခဲ့ပါသည်။ ထိုကော်မတီတွင် ဗုဒ္ဓဘာသာဝင် အနေဖြင့် ကျွန်ုပ်တစ် ပါးတည်းသာ ပါဝင်နိုင်ခဲ့ပါသည်။ ကော်မတီတွင် လူပေါင်း ၂၀ ခန့် ရှိနေခဲ့ရာ ကျွန်ုပ်တစ်ဦးတည်းအနေဖြင့် ထင်သလောက်မဖြစ်နိုင်ခဲ့ပါ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာ ပညာရေးကို တိုးတက်ချီးမြှောက်နိုင်စေရန် ကု သိနာရုံတွင်ဖြစ်စေ၊ နာဂပူရ်မြို့တွင်ဖြစ်စေ ပြုလုပ်ရန် လိုအပ်နေပါသည်။ နာဂ ပူရ်မြို့တွင်လည်း ဦးစန္ဒြမဏိထရုတ်ဆ်စတီးဖြစ်သော ကျွန်ုပ်အား စေတနာရှင် တစ်ဦးက ဝတ္ထုကမြေ ၁၃ ဧကကို လှူဒါန်းထားရှိပြီးဖြစ်ပါသည်။ ထိုနေရာတွင် လိုအပ်သော ဗုဒ္ဓဘာသာ ပညာရေးကောလိပ်ကို ပြုလုပ်ပါက အောင်မြင်လိမ့် မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ အထူးသဖြင့် နာဂပူရ်မြို့သည် ဗုဒ္ဓဘာသာ ဝင်တို့ နေထိုင်ကြသော နေရာထူးတစ်ခုဖြစ်၍ ထိုနေရာတွင် ဗုဒ္ဓဘာသာ ပညာ



www.burmeseclassic.com

www.burmeseclassic.com



ရေးနှင့်ပတ်သက်သော ကောလိပ်တစ်ခု ရှင်ငယ် ရဟန်းငယ်များပညာရေး၊ မိန်းကလေးများအတွက် တခြားသီးသန့် တစ်ခုဖြစ်နိုင်ပါက အထူးသင့်တော်လိမ့်မည်ဟု ယူဆပါသည်။ ထိုနေရာနှစ်ခုလုံးအတွက် မြေနေရာသီးသန့်ဝယ်ယူရန် မလိုအပ်တော့ပါ။ ဗုဒ္ဓဘာသာ သာသနာအတွက် သင့်တော်သော ကော်မတီတစ်ခု ဖွဲ့စည်းပြီး ပြုလုပ်သင့်သည်ဟု ယူဆပါသည်။ အိန္ဒိယနိုင်ငံတွင် သံဃေဇနိယ လေးဌာနနှင့် အဝိဇဟိတ လေးဌာန ရှိနေရာ ဗုဒ္ဓဘာသာဝင်များကလည်း ကူညီလိမ့်မည်ဟု အထူးယုံကြည်ပါသည်။ ကျွန်ုပ်အနေဖြင့် ယခုကဲ့သို့ တင်ပြရခြင်းမှာ ကိုယ့်ပြည် ကိုယ့်ရွာ ကိုယ့်ဌာနဟု သဘောမထားဘဲ ဗုဒ္ဓဘာသာဝင်အများစု၏ ကောင်းကျိုးကို ရည်ရွယ်၍ တင်ပြရခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည် ဤစာတမ်းကို အင်္ဂလိပ်လိုပြောခြင်း၊ ရေးသားခြင်းလည်း ပြုနိုင်ပါသည်။ အထူးသဖြင့် ဟိန္ဒီဘာသာကို ဘာကြောင့်ပြောရသနည်း။ ကမ္ဘာ့အလယ်တွင် အင်္ဂလိပ်လိုပယ်ပြီး ဟိန္ဒီဘာသာ တတ်ကျွမ်းသူ မြောက်များစွာ ရှိကြပါသည်။ ဟိန္ဒီဘာသာကို တချို့က ဗုဒ္ဓမွေးဖွားသောနိုင်ငံမှ ပြောဆိုသောစကားဖြစ်၍ ဟိန္ဒီဘာသာကို အထူးလေးစားကြပါသည်။ ကျွန်ုပ်၏ဆရာသခင် ကျေးဇူးရှင်သည်လည်း ၁၉၅၄ ခုနှစ်က ဤနေရာတွင် ဟိန္ဒီဘာသာဖြင့် ဟောပြောခဲ့ပါသည်။ ထို့ကြောင့်လည်း အိန္ဒိယနိုင်ငံတွင် ဒေါက်တာ အမ္ဗေဒကာရ်နှင့် လူပေါင်း ခြောက်သိန်းခန့် တပြိုင်နက် ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခဲ့ကြသည်။

ကျွန်ုပ်တို့ မြန်မာပြည်တွင်လည်း အိန္ဒိယလူမျိုး အများစုနေထိုင်သော နိုင်ငံဖြစ်၍ ဝိပဿနာတရားများ ကျင့်ကြံအားထုတ်သူ များပြားလာနေကြပါသည်။ သူတို့သည် ကောင်းမြတ်သော မြတ်စွာဘုရား၏ တရားတော်များကို လိုက်နာကြသော်လည်း ရှေးရိုးရာဖြစ်သော အစဉ်အဆက် ပရံပရာဝါဒကို လိုက်နာယူခဲ့ကြသောဆနာတန်းတရားများကို မစွန့်လွှတ်နိုင်သေးပါ။ သူတို့၏ ပုရောဟိတ်များ ပုဏ္ဏားများ၏စကားများကို နားထောင်ပြီး တရားတော်ကို သိလျက်သားနှင့် အယူသီးနေကြဆဲဖြစ်ပါသည်။ ထိုသူတို့ နားလည်စေရန်အလို့ငှာလည်း ဟိန္ဒီဘာသာဖြင့် ဟောပြောရန် ရည်ရွယ်ခဲ့ပါသည်။ ကောင်းသော အကျင့် ကောင်းသောစာရိတ္တတို့ကို လိုက်နာပြီး ဗုဒ္ဓ၏ဘာသာတရား ပညာရေးဘက်ကို လိုက်နာပါက (ဆကျမေဝဇာယတေ) ဆိုသကဲ့သို့ "အမှန်တရားကို





လိုက်နာခြင်းသည် အောင်မြင်မှုတစ်ခုဖြစ်သည်" ဆိုသော ဆောင်ပုဒ်အရလည်း ကျွန်ုပ်အနေဖြင့် ဟိန္ဒီဘာသာဖြင့်သာ ပြောလိုက်ရပါသည်။ ဒေါက်တာအမ္ဗေဒကာရ်ကဲ့သို့ ပညာရှိ လူတော်လူကောင်း လူစွမ်းကောင်းများ ပေါ်ထွက်နိုင်ကြပါစေဟုလည်း ဆုတောင်းပါသည်။ ဗုဒ္ဓဒိက္ခာမှ ဘိက္ခု၊ ထိုမှ ဗုဒ္ဓဆိက္ခာကို လူတိုင်းလူတိုင်း လိုက်နာကြ၊ ကျင့်ကြံကြပါဟု အကြံပြုရင်း ဤစာတမ်းဖတ်ကြားတင်ပြခြင်းကို နိဂုံးချုပ်အပ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဉာဏိဿရ (ဥက္ကဋ္ဌ)
ကုသိနာရုံ ဘိက္ခုသံဃကုသိနာရုံ
ဒုတိယဥက္ကဋ္ဌ ပရဒေသီသံဃနာယက၊
အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့

ဘုရားဖူးများ လိုလားတောင်းတအပ်သော ဌာနကြီး
ကမ္ဘာကျော် ဝေသာလီပြည်
ကူဋာဂါရဝိဟာရ မြန်မာကျောင်း
တည်ဆောက်နေသည်
စုံစမ်းဆက်သွယ်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



# ကုသိနာရုံ နယ်ပိုင်ထံမှ နို့တစ် တစ်စောင်

ဟရိဗလ၊ ကုသိနာရုံ

ဒီဇင်ဘာ ၁၀ ရက်နေ့စွဲဖြင့် စာရေးသူထံ ကုသိနာရုံမှ နို့တစ် တစ်စောင် ရောက်လာခဲ့သည်။ နို့တစ်စာတွင် အဗိုက်ခ်နိရ်မာရ်ကို ဖျက်သိမ်းမည်။ နံပါတ် (၁) ရေကန်ထဲတွင်ရှိနေသော ဘုရားကျောင်း။ နံပါတ် (၂) ဆရာတော်ဦးစန္ဒြမဏိ တည်းခိုခန်းများ နောက်ဘက်စွမ်းတွင် အိမ်သာခမ်းများပါရှိခဲ့သည်။ နို့တစ်သည် ၂၀၊ ၁၂၊ ၂၀၀၅ ရက်စွဲဖြင့်ပေးခဲ့သည်။ စာရေးသူထံသို့ ၂၁၊ ၁၂၊ ၂၀၀၅ ရက်နေ့ ရရှိခဲ့သည်။ ၂၅ ရက်အတွင်း ကိုယ့်စရိတ်နှင့် ဖျက်သိမ်းပေးရမည်။ သို့မဟုတ် အစိုးရမှဖျက်သိမ်းပါက ဖျက်သိမ်းပေးခ စရိတ်ပေးရမည်ဟု ပါရှိခဲ့ပါသည်။ တကဲ့ရင်ခုန်စရာ ကိစ္စတစ်ခု မမျှော်လင့်ဘဲ ပေါ်လာခဲ့သည်။ ချက်ချင်းလာတွေ့ ရန်လည်း မှာကြားခဲ့သည်။ အစိုးရအာဏာပိုင်များဖြစ်သည်။ မတွေ့က မသင့် တော်တော့ပါ။ ဒါနှင့်နယ်ပိုင်ရှိရာ နယ်ပိုင်နေထိုင်သော ပဒရောက်နာမြို့သို့ ထွက် ခွာသည်။ ကုသိနာရုံမှ ကီလိုမီတာ ၃၀ ဝေးသည်။ စာရေးသူနှင့် တပည့်ဖြစ်သူ ရာမ်နဂိနာကိုလည်း ခေါ်လာခဲ့သည်။ စာရေးသူတို့သည် ကုသိနာရုံမှ ၇ နာရီ ခန့် ထွက်ခွာလာခဲ့ရာ နယ်ပိုင်အိမ်သို့ မရောက်မီ ခရိုင်ဝန်ရုံးများ အိမ်များကို ကျော်၍ ထွက်ခဲ့ကြသည်။ ၇း ၄၀ နာရီခန့်တွင် နယ်ပိုင်ကားနှင့် ပက်ပင်းတွေ့ ပါတော့သည်။ စာရေးသူနှင့်အဖွဲ့သည် ရှေ့မဆက်တော့ဘဲ နယ်ပိုင်နောက်သို့





ပြန်လိုက်လာခဲ့ကြသည်။ နယ်ပိုင်မှာ ပုဏ္ဏားတစ်ဦးဖြစ်သည်။ နယ်ပိုင်သည် ခရိုင်ဝန်အိမ်သို့ဝင်ရာ စာရေးသူတို့လည်း သူ့နောက်မှ လိုက်ဝင်ခဲ့ကြပါသည်။ ခရိုင်ဝန်ဂိတ်ဝတွင် ရပ်လျက်စောင့်နေခဲ့သည်။ စာရေးသူနှင့် တွေ့တော့ နာမစ ကေား လုပ်သည်။ ပြီးတော့ ချိုချိုသာသာနှင့် ဟိုက်ကုတ်ကိုသွားရန် ပြောခဲ့သည်။ တစ်ဖက်မှ မီးတုတ် တစ်ဖက်မှရေ လုပ်တတ်သော ပုဏ္ဏားလူမျိုးဖြစ်သည်။ ခဏ တွေ့ပြီး ချက်ချင်းပြန်လာခဲ့သည်။ စာရေးသူမှာ ရက်ကလည်းမရှိတော့ပြီဖြစ်၍ အကြံတောင်းခဲ့ရသည်။ တရားသူကြီးက ဒီအောက်ရုံးတွင် နယ်ပိုင်ပေးသော နို့တစ်စ်ကိုတားရန် အကြံပြုပြီး ကဆိယာမှ သူ့အောက်မုံဆပ်ဗ် တရားသူကြီး အငယ်စားကို အမိန့်ပေးလိုက်သည်။ ဆရာတော်တရားဆိုလျှင် ချက်ချင်း စတေး ပေးလိုက်ဟု အမိန့်ပေးခဲ့သည်။

မုံဆပ်ဗ်တရားသူကြီးက အစိုးရဘက်မှဖြစ်၍ နို့တစ်ပေးရဦးမည်ဟုပြောရာ နို့တစ်မပေးဘဲ စတေးပေးလိုက်ပါ၊ ဤတရားဟာ ဟိုက်ကုတ်တရားဖြစ်၍ ဟိုက်ကုတ်တွင်သာ စတေးယူရမည်။ ယခုတော့ ဘုရားကျောင်းကို ၂၅ ရက် နေ့နောက်ဆုံးထား၍ ဖျက်ရမည်ဟု အမိန့်ပေးထားသော နို့တစ်စ်ကို တနည်း နည်းနှင့် ရက်ရှည်ရအောင် ထားရမည်ဖြစ်သည်။ စာရေးသူသည် ကိုယ့်ရှေ့နေ ထံသို့ သွားခဲ့ရသည်။ ရှေ့နေများ စာရွက်စာတမ်းများ စီစဉ်ခဲ့ပြီး နောက်တစ် နေ့ ရုံးပိတ်ရက် ဖြစ်နေခဲ့ရာ ပဒရောက်နာခရိုင် တရားသူကြီးရုံး အောက်ရုံး တွင် ဖိုင်တွဲအပ်လိုက်သည်။ အခြေအနေက တဖန်ပူရပြန်သည်။ ဖိုင်အပ်လိုက် သောနေ့တွင် ထိုတရားသူကြီး ခွင့်ယူလိုက်သည်။ နောက်သူ့ရုံးတွင် နောက်တ ရားသူကြီးက ဝင်ရောက်ထိုင်ခဲ့ရာ မသိနားမလည်၍ နယ်ပိုင်ရုံးမှ စာရွက်စာ တမ်းများကို ပေ့ဆ်လုပ်ရန် အမိန့်ပေးပြီး ရက်ချိန်းပေးလိုက်သည်။ ထိုနေ့မှာ ၂၃၊ ၁၂၊ ၂၀၀၅ ခုရက်နေ့ဖြစ်သည်။ ဒီလိုနှင့် ရက်ကလည်း နီးနေပါတော့သည်။ ၂၄၊ ၁၂၊ ၂၀၀၅ ရက်နေ့ နှစ်ဘက်သောရှေ့နေများ ချေပပြောဆိုပြီး ၄၊ ၁၊ ၂၀၀၆ ရက်နေ့သို့ ရက်ချိန်းပေးလိုက်သည်။ ရက်ချိန်းပေးသောနေ့တွင် နှစ်ဘက်သော ရှေ့နေများ အတိုက်ဆိုင် ငြင်းခုံပြောဆိုကြသည်။ ပြီးတော့ ၆ ရက်နေ့ထိ စတေး ပေးလိုက်ပါသည်။ ၆ ရက်နေ့တွင် စတေးကိုဖြတ်ချလိုက်ပါပြီး ချက်ချင်းအထက် ရုံးသို့ အယူခံဝင်ရပါသည်။ ထိုအယူခံဝင်ပြီး ခရိုင်တရားသူကြီးထံသို့ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ချိန် ၈၊ ၁၊ ၂၀၀၆ ရက်နေ့ တနင်္ဂနွေနေ့တွင် နယ်ပိုင်သည် သူ့အလုပ်သမား ၆၀ ကျော်ကို စုဆောင်းလျက် ကုသိနာရုံမြန်မာကျောင်းခြံအတွင်း ရောက်နေ၍ရှိသော ဘုရားကျောင်းနှင့် ဆေးပေးခန်းကို ချိုးဖျက်ရန် လူစုလူဝေးလုပ်နေသည်ဟု သိကြရသော အလုပ်သမားထဲမှ ပုဂ္ဂိုလ်တချို့နှင့် မြို့နယ်အရွေးခံ မြူနီစီပယ်လူကြီး ကုသိနာရုံ ဆရာတော်၏တပည့် ကြိဆနာကသိ၍ ချက်ချင်းဘယ်လိုကာကွယ်ကြရန် စီစဉ်ကြရပါတော့သည်။ စာရေးသူလည်း သက်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ ရပ်ကွက်အသင်းအဖွဲ့များအားလုံးကို အကြောင်းကြားလိုက်ပါတော့သည်။ အနီးအနားမှ စာရေးသူနှင့် ခင်မင်ရင်းနှီးကြသော ပုဂ္ဂိုလ်များ လက်နက်မျိုးစုံနှင့် လာရောက်ခဲ့ကြသည်။ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ကျောင်း၌ လူပေါင်းတော်တော်များ လာရောက်ခဲ့ကြသည်။

ဤသို့ဖြင့် နယ်ပိုင်ကိုလည်း သတင်းပြန့်နှံ့သွားပုံရပါသည်။ နယ်ပိုင်ကျောင်းသို့မလာရဲတော့ပါ။ ၉ ရက်နေ့ ခရိုင်တရားသူကြီးရုံးတွင် တရားပေ့ဆ်လုပ်ပါသည်။ နှစ်ဘက်လုံးမှ ရှေ့နေများ ချေပပြောဆိုကြပါသည်။ တရားသူကြီးမှာ ခရိုင်တွင် အကြီးဆုံးတရားသူကြီးဖြစ်၍ သေချာစွာ စေ့စေ့စပ်စပ် ကြည့်ရှုနားထောင်ပြီး နယ်ပိုင်ပေးသော နို့တစ်စ်ကိုပါယ်ဖျက်လိုက်သည်။ အထက်ရုံးမှ အထက်ရုံးမှဟု ခြိမ်းခြောက်ပြီး ငွေတောင်းလိုသော နယ်ပိုင်သည် ခရိုင်ဝန်မှ စစ်ဆေးရန် ပေးသောအမိန့်ကို တိတ်တိတ်ကလေး နယ်ပိုင်အောက်မှ မြို့အုပ်လက်ထောက် မြို့အုပ်မြေတိုင်းစာရေးနှင့် ရှေ့ဟောင်းဌာနမှ အရာရှိတစ်ဦးကိုထည့်၍ စစ်ဆေးလိုက်သည်။ ခရိုင်တရားသူကြီးက တဘက်သတ်စစ်ဆေးသော ကော်မီတီကိုဖျက်ပြီး နောက်ထပ်အသစ် စစ်ဆေးရန် အမိန့်ချပေးလိုက်ပါသည်။ ထို့ပြင် စစ်ဆေးနေသောအချိန် ၁၅ ရက်အတွင်း ဘာတခုမျှမလုပ်ရဟုလည်း အမိန့်ပေးလိုက်ပါသည်။ ထိုအမိန့်ကို ရပြီးနောက် စာရေးသူသည်။ ကျောက်ဘဲကြီး အဖိုးကြီးနှင့်အတူ အေလာဟာဘာဒ် အထက်ရုံးသို့သွားရန် စီစဉ်ကြပါတော့သည်။ ဒီနိုင်ငံတွင် ပုဏ္ဏားများ ကြီးစိုးနေကြရာ မနာလိုသူတို့ကိုင်း၊ သူတို့ထက် သာလွန်သောသူတို့ကိုင်း၊ ငွေညှစ်ယူလိုသော အချိန်တွင်ငှင်း မတော်မတရား လုပ်ချင်ရာ လုပ်တတ်ကြပါသည်။ စာရေးသူမှာလည်း သူတို့ကိုကျော်လွှားပြီး တစ်ခုပြီးတစ်ခုသာလွန်နေခဲ့ရာ အစစအရာရာ မနာလိုခဲ့ကြပါ။ ငွေတောင်းလို၍လည်း





…ဖက်မှ မတော်မတရား တရားတစ်ခု စွဲဆိုခဲ့ကြသည်။ ဆူပရိန်းကုတ် ဒေလီမြို့…တွင်ဖြစ်သည်။ တစ်ပြည်လုံး၏ အကြီးဆုံးသောရုံးတွင် စွဲဆိုခဲ့ကြသည်။ ထိုအချိန်က ဥက္ကာဝံသကျောင်းဆောင် ဆောက်နေဆဲအချိန်ဖြစ်ခဲ့သည်။ ကျောင်းသည် လှလည်းလှပါသည်၊ ခိုင်လည်းခိုင်ပါသည်၊ တကယ့်အင်ဂျင်နီယာမတစ်ဦးလို ကိုယ့်အိမ်ကိုဆောက်သကဲ့သို့ ကိုယ့်စိတ်သဘောနှင့် ကိုယ့်လက်ထဲမှာ ငွေကိုထား၍ ဆောက်ခဲ့သည်။ ကောင်းသမျှအကောင်းဆုံး ပစ္စည်းများကို ဝယ်ယူခဲ့သည်။ တခြားလူတွေ ဘာဘဲပြောပြော အရေးမစိုက်ခဲ့ပါ။ တစ်ဆိုင်မှ ယူနေသောပစ္စည်းများ မယူတော့ဘဲ တခြားဆိုင်တွင် ယူခဲ့ကြသည်။ ဤဆိုင်သမားများ စိတ်ဆိုးမှုလည်း နည်းနည်းပါပုံရသည်။ နောက်ဆုံးကျောင်းဆောင် ဆေးရောင်သုတ်နေသောအချိန်တွင်၊ ဆေးရောင်ကလည်း သုတ်ပြီးပါပြီ၊ တကဲ့လှသောကျောင်းဆောင်ဖြစ်ပြီး ရှေ့ဟောင်းဌာနမှ အရာရှိကလာပြောသည်။ ဆရာတော်အတွက် တော်တော်အခက်အခဲဖြစ်တတ်သည်ဟု လာပြောခဲ့သည်။ အလုပ်ကိုဆက်၍ လုပ်ခဲ့ကြသည်။ နောက်ဆုံးကျောင်းဆောင် ပြီးစီးခဲ့ပါပြီး ဥက္ကာဝံသစံကျောင်းတော်ဟု နာမည်ပေးခဲ့သည်။ လုပ်သောရက်စွဲများကိုလည်း ဖျက်ခဲ့ရပါသည်။

ဒေလီမြို့ရှိ ဆူပရိန်းကုတ်တွင် စွဲဆိုခဲ့သော တရားသည် ဂျန်းဟိတယာဂျိကာဟုခေါ်သည်။ ကုသိနာရုံတွင် ဦးဥက္ကာသရသည်။ မတော်မတရား ကျောင်းဆောက်နေသည်၊ ဒီကျောင်းကို ချက်ဆီးပေးပါဟု ဆိုထားသည်။ တရားသူကြီးက ဦးဥက္ကာသရ မတော်မတရား ဆောက်သည်ဟုဆိုခဲ့ပါလျှင် ထိုနယ်ကွင် အစိုးရအရာရှိ ခရိုင်ဝန်နယ်ပိုင်ရှိသည်။ ရှေ့ဟောင်းသုတေသနဌာနရှိသည်။ ကြားလူကဆိုစရာအကြောင်း မရှိဘူးဟု ပါယ်ချလိုက်ခဲ့သည်။ တရားဆိုသူမှာ ဆုဒရ်ဆန်ပြဆာဒ်ဗောဒ် မူဆာ၍ပြဆာဒ်ဗောဒ် ဆိုသူဖြစ်သည်။ သူ့နေရပ်လိပ်စာမှာ ဘီတောက်လီဘာဘူရှာ ဘီတောက်လီဈေး ဂေါ်ရခပူရ်ဖြစ်သည်။ ယခုနေရပ်လိပ်စာမှာ နီမာဂါဒေ ဘုရားကျောင်းလမ်း ကုသိနာရုံ ဟူ၍၎င်း၊ စာပေးစာယူလိပ်စာမှာ ဆုဒရ်ဆန်းပြဆာဒ်ဗောဒ် မူဆာ၍ပြဆာဒ်ဗောဒ် ဆိုသူ၏သား ဗွီပိသိန်မှတဆင့် ဆန့်တ်ပေါ်လ်ကျောင်းမောဂလ်ပူရ် ဂေါ်ရခပူရ်ဟုရေးသားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ကုသနာရုံမှ နီဂေါဒေဘုရားကျောင်းလမ်းဟု လိပ်စာအမှား တတ်ထားကတည်းက လုပ်ကြံသောသူတစ်ဦးဖြစ်မည်ဟု ယူဆပြီး ဂေါရခပူရ်မှ ဗုဒ္ဓဘာသာများကို စုံစမ်းခိုင်းခဲ့သည်။ ဂေါရခပူရ်မှ ဗုဒ္ဓဘာသာ ပုလိပ်မင်းကြီး သိရိဝေဂျေယ်ကုမာရ် D.I.G ကို စုံစမ်းခိုင်းခဲ့သည်။ တကယ်ပင် လူမရှိခဲ့ပါ လုပ်ကြံ၍ မတော်မတရားဆိုသော တရားပင်ဖြစ်သည်။ နယ်ပိုင်တို့ဌာနမှ နို့တစ်စ် စာရောက်ပြီးမှ သူတို့သည် အထက်ရုံးမှလာသည် အထက်ရုံးမှလာသည်ဟု ခြောက်လုံးပစ်ပြီး ငွေတောင်းရန် ကြံခဲ့ကြသည်။ အထက်ရုံးမှ ခရိုင်ဝန်ကို တိုင်ထားသော အခြေအနေကို စုံစမ်းပေးပါဟု ရေးသားခဲ့သည်ကို ခရိုင်ဝန်မှနယ်ပိုင်ကို စာပေး၍ မှန်ကန်သောကော်မတီဖွဲ့၍ စုံစမ်းပါဆိုသည်ကို နယ်ပိုင်သည် သူ့အောက်မှ သုံးလေးဦးနှင့် စုံစမ်းခဲ့သည်ဟု ပြောဆိုခဲ့သည်။ စုံစမ်းရာတွင် စာရေးသူအား မစုံစမ်းခဲ့ဘဲ ကျောင်းဖျက်ရန် နို့တစ်စ် ပေးခဲ့သည်။ ၈၊ ၁၊ ၂၀၀၆ ရက်နေ့က အလုပ်သမား ၆၀ ဆယ်ကျော်စုဝေးပြီး ကျောင်းဖျက်ရန် လာမည်ဟု ကြံဆခဲ့ကြသည်။နောက်ဆုံး ၄င်းအမိန့်ကို ပယ်ဖျက်ရန် ရုံးကိုရောက်ခဲ့ရာမှ တဆင့်တဆင့်နှင့် ယခု အေလာဟာဘာဒ် သို့ထိ ရောက်လာခဲ့သည်။ ခရိုင်ဝန်ကြီးထံမှ အမိန့်စာကို ရရှိပြီးနောက် D.I.G နှင့်လည်း တွေ့ခဲ့ကြသည်။ စာပို့သော လိပ်စာဖြင့် ဖွိုပီဆိန်းကိုလည်း စာနှင့်တဖုံ တယ်လီဖုန်းနှင့်တတန် ပုလိပ်များမှတဆင့် မေးမြန်းစုံစမ်းခဲ့ကြရာ တကယ်ပင်မတွေ့ခဲ့ကြပါ။ စာရေးသူတို့ ဖွိုပီဆိန်းကို ဖုမန်းဆက်ခဲ့ရာ ဖုန်းမှာခဏခဏ ပြတ်နေခဲ့သည်။ တခါတခါ အတန်းထဲတွင် စာပြနေသည်၊ တခါတခါ နောက်မှ ဆက်ပါဟု၄င်း၊ တနင်္လာနေ့မှာ ဆက်ပါဟု၄င်း ပြောခဲ့သည်။ စာရေးသူမှာ စိတ်မရှည်တော့ပါ ရုံးကလည်းခဏခဏ ပိတ်ရက်များရှိနေပါသည်။

စာရေးသူတို့အဖွဲ့တွင် စာရေးသူရယ်၊ တပည့်တစ်ဦးရယ်၊ ရှေ့နေတစ်ယောက်ရယ်၊ အဖိုးကြီးရယ် ကုသိနာရုံမှ ထွက်လာခဲ့ကြသည်။ တဖန် D.I.G တို့နှင့်တွေ့ကြသည်။ လူကိုတဖန်စုံစမ်းရန် ပြောကြားခဲ့ပြီး အေလာဟာဘာဒ်သို့ ရောက်လာခဲ့ကြသည်။ အေလာဟာဘာဒ်မှာ တိုက်ရိုက်သွားပါက ကျောက်နပူရ်ဖြတ်၍သွားရသည်။ လမ်းကောင်းပါ။ ကုသိနာရုံမှ ဂေါရခပူရ်မှ အာဂျမဂရ် ဗာရာနသီ ၂၆၄ ကီလိုမီတာဝေးပါသည်။ ဗာရာနသီမှ သက်သာ ဦးနန္ဒက





ဆွမ်းချက်၍ စောင့်နေခဲ့သည်။ စာရေးသူတို့သည် လေယာဉ်ကဲ့သို့မြန်သောတာတာဝိကတာကားနှင့် အမြန်လာခဲ့သည်။ လမ်းလည်းတော်တော်ကို ကောင်းပါသည်။ ၁၀ နာရီခွဲခန့် ဗာရာနသီသို့ရောက်ကြသည်။ လမ်းမှဖုန်နှင့် သုံးလေးကြိမ် ဆက်ထားပြီးဖြစ်၍ ရောက်လျှင်ရောက်ချင်း ဆွမ်းထိုင်စားရုံသာရှိသည်။ ဆွမ်းစားပြီးနောက် ချက်ချင်း အေလာဟာဘာဒ်သို့ ထွက်လာခဲ့ကြသည်။ ကီလိုမီတာ တစ်ရာ့အစိတ်ခန့်ဝေးပါသည်။ ညနေ ၄ နာရီကျော်ကျော်တွင် ရောက်ရှိလာခဲ့ကြသည်။ အေလာဟာဘာဒ်တွင်ကုန်ဗ်မေလာမာဃဲ့မေလာ ကျင်းပလျက်ရှိသည်။ ဂင်္ဂါ၊ ယမုနာ၊ သူရဿတီ သုံးမြစ်ဆုံသောနေရာ တရိဗေဏီဌာနတွင် ထောင်သောင်းများစွာ တဲကုတ်ရွက်ထည်တဲများ ထိုးထားကြသည်။ လူလည်းတော်တော်များများ ရှိနေပါသည်။ စာရေးသူတို့သည် တိုက်ရိုက် ဘူတာရှေ့တွင် ရှိနေသော ရွာယက်လ်ဟော်တယ်သို့ လာရောက်ခဲ့ကြသည်။ ဟော်တယ်တွင် အခန့်ကြီး ၂ ခန်းယူပြီးနောက် ရှေ့နေထံသွားခဲ့ကြသည်။ ကုသိနာရုံခရိုင်မှ စာရေးသူ၏ရှေ့နေငယ်မှာ သူ့ယောက္ခမဆုံးနေ၍ နိုက်နီတာလ်သို့ ရောက်နေခဲ့သည်။ သူ့ညီနှင့်သာ တွေ့ကြရသည်။ သူ့ညီကိုခေါ်ယူပြီး စာရေးသူ၏ ရှေ့နေကြီးနှင့် သွားတွေ့ခဲ့ကြသည်။ သို့သော် ဖိုင်ကို သေသေချာချာ မချင်းပြတတ်ပါ။ တရားကိစ္စနှင့်ပါတ်သက်၍ ရှေ့နေကြီးထံတွင် ပြည့်လျှံနေကြသည်။ ရှေ့နေများလည်းပါကြသည်။ စာရေးသူ၏ရှေ့နေငယ်မှာ သေချာစွာမချင်းပြနိုင်ခဲ့ပါ။ သို့ဖြစ်ပါ၍ ပြန်လာခဲ့ပါသည်။ ရွာယလ်ဟော်တယ်သို့ ရောက်လာခဲ့ကြသည်။ ညအိပ်ကြပါတော့သည်။ အေလာဟာဘာဒ်၏ အအေးသည် တော်တော်အေးပါသည်။ မနက်မိုးလင်း ၁၁၊ ၁၊ ၂၀၀၆ ရက်နေ့သတင်းစာဝယ်ရန် ဒရိုင်ဘာကို လွှတ်လိုက်ကြသည်။ ဒီနေ့ဟိုက်ကုတ်သွားရပါမည်။ ဒရိုင်ဘာ ၇ နာရီခန့်မှ ထွက်သွားခဲ့ရာ ပေါ်မလာတော့ပါ။ ၈နာရီ ၉ နာရီ ၁၀ နာရီ ကျော်လာခဲ့ပါပြီ၊ ဟော်တယ်သို့ အဖိုးကြီးကျောက်ဘဲ၏ မြေးနှစ်ဦးလည်း တက္ကသိုလ်မှလာ၍ သူ့အဖိုးနှင့်တွေ့ရန် ရောက်နေခဲ့ကြသည်။ ဦးနန္ဒနှင့် အဖိုးကြီးမြေးများ လိုက်ရှာခဲ့ကြသည်။ မီးရထားဘူတာသို့ လိုက်၍ရှာခဲ့ကြရာ မတွေ့ခဲ့ကြပါ။ အဖိုးကြီးကို တဖန်လိုက်ရှာရန် လွှတ်လိုက်သည်။ ဘူတာရုံသို့သွား၍ရှာခဲ့ကြသည်။ မတွေ့၍ ပြန်ထွက်လာခဲ့ကြရာ မီးရထားဘူတာရုံအကျဉ်ခမ်းမှ လက်ကြီး၂ ချောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com



တနေ့ကိုအလုပ်လုပ်ပါက **Rs** ၅၀ ရကြသည်။ ဘုရားကျောင်းတွင် နေထိုင်ပါက တနေ့ကို ဟိုကလှူ ဒီကလှူနှင့် ဘုရားဖူးချိန်တွင် ဒီပဋ္ဌင်းကတော့ သိပ်ဆင်းရဲနေသည်ဟုထင်ပြီး လှူကြသည်။ ငရဲကိုမကြောက်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ သင်္ကန်းကို ကိုယ်တိုင်ဝတ်ထားခဲ့ကြသည်။ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ သာဝတ္ထိ၊ လုမ္ဗိဏီစသော ဘုရားဌာနများတွင် အလှူခံနေကြသောသူများဖြစ်သည်။ အထူးသတိ ထားသင့်ကြသည်။ နောက်တစ်ခုက ဘုရားဖူး **Guide** လမ်းညွှန်လုပ်သူ အိန္ဒိယတိုင်းရင်းသားများ ရှိတတ်ကြသည်။ ဘုရားသွားကြသည်၊ ကျောင်းသွားကြသည်၊ ငါဘယ်ကအဖွဲ့ကို ခေါ်လာခဲ့မည် လှူလျှင် ၁၀ ရာခိုင်နှုန်း ပေးရမည် ၂၅ ရာခိုင်နှုန်း ပေးရမည် စသည်ဖြင့် ခေါ်လာတတ်သည်။ ဘုရားဖူးများမှာ မသိကြပါ ဟာဒီပုဂ္ဂိုလ်ဟာ တကယ်သာသနာပြု လုပ်နေသည်၊ ဒီပုဂ္ဂိုလ်မှာ စာသင်ကျောင်းဖွင့်ထားသည် လှူကြပါဟုပြောသည်။ လှူလျှင် ၁၀ နှုန်း၊ ၂၅နှုန်း ပေးရသည်။ ဂျပန်၊ ကိုးရီးယား၊ ထိုင်ဝန်များကို လှည့်လည်၍ ခေါ်ယူလာတတ်ကြသည်။ ကုသိနာရုံတွင် ဘုရားဌာနများကိုပယ်၍ စာသင်ကျောင်းများမှ မန်နေဂျာဆိုသူ အမျိုးသမီးများကပါ အလှူခံတတ်ကြသည်။ ဘုရားဖူးသမားကိုဆွယ်ပြီး အလှူခံတတ်ကြသည်။ ဒီလိုလုပ်သူများကို ပုဏ္ဏားများများ ပါဝင်တတ်ကြသည်။ ပုဏ္ဏားများက ရာခိုင်နှုန်းဖြင့် ငှားထားသော အမျိုးသမီးများကလေးများ ပါဝင်တတ်ကြသည်။ ဒီလိုမကောင်းမှုများကို မလုပ်ကြရန် ပြောဆိုမှုကြောင်းလည်း ကုလားများစု၍ ရန်လုပ်တတ်ကြသည်။ ကုသိနာရုံ မြန်မာကျောင်းကို နို့တစ်စ်ပေးကြသည်။ ဒီမတော်မတရားလုပ်နေသော ပုဂ္ဂိုလ်များမှလည်း ပါတတ်ပါသည်။ ပုဏ္ဏားအချင်းချင်း ဘယ်လောက်ဘဲ ယုတ်မာသောအလုပ်ကို လုပ်ပါစေ နောက်ပုဏ္ဏားများက ကူညီရှင်းပင်းတတ်ကြပါသည်။ တရားမှန်မှန်လုပ်ပါက အားလုံးအဆင်ပြေနိုင်ပါသည်။ ယခုနို့တစ်စ်ပေးခြင်းသည် အရာရှိပုဏ္ဏားများကပင် ပါဝင်လုပ်တတ်ခြင်းဖြစ်သည်။

သူတော်ကောင်းတရားထွန်းကားပါစေ



www.burmeseclassic.com